PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာစရိုး

ပထမပိုင်း

ဦးသန့်ရေးသည်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာစရိုး

ပဌမပိုင်း

ရေးသူ - ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

အမှောင်ခွင်းချိုအသင်းဆောင်ဖြာ
မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ပြည့်တော်သာခရီး

ပဌမပိုင်း

ရေးသူ - ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ပဌမနှိပ်ခြင်း ၁၉၆၁ ခု

အချို့ စာမျက်နှာများ အနည်းငယ် ပါးနေသည်ကို သည်းခံပေးကြပါရန် ကြိုတင်အသိပေး မေတ္တာရပ်ခံပါသည်။

စာပေဗိမာန်ပုံနှိပ်တိုက်၊ ၃၆၁ မြည်လမ်းတွင်ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

စကားပလ္လင်

မြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့မှ စ၍ အချုပ်အချာ အာဏာပိုင်နိုင်ငံဖြစ်လာခဲ့သော်လည်း၊လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ် တော်လှန်ရေးကဏ္ဍ၊ နိုင်ငံရေး ဒီရေလှိုင်းကြီးများကို ပြန်လည်သုံးသပ်လျက် ပြုစုရေး သားထားသော ကျမ်းတစောင်တဖွဲ့မျှ မရှိသေးသည့်အတွက် ၁၉၅၄ ခုနှစ်အတွင်းက နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ယခုစာရေးသူအား ပစ္စုပ္ပန် မြန်မာနိုင်ငံသမိုင်း သတော သက်ရောက် သော ဗမာ့ကြူးပမ်းမှု ကျမ်းတစောင်ကို ရေးသားပြုစုရန် ညွှန်ကြားခဲ့လေသည်။

ထိုသို့ညွှန်ကြားထားချက်အရ၊ကိုးကားဖွယ် စာရွက်စာတမ်းများ၊ ပုံနှိပ်ပြီး စာအုပ်များ၊ မိန့်ခွန်းများ၊အစီရင်ခံစာများကို ရနိုင်သမျှ စုဆောင်းပြီးလျှင် အလုပ်မှ အားလပ်သည့် အချိန် များတွင် အထက်ဖော်ပြပါ အချက်အလက်များအထိုင်း၊ ဤ(ပြည်တော်သာခရီး) အမည်ရှိ ကျမ်းကို ပြုစုရေးသားခဲ့၏။ ၁၉၅၄ ခု အလယ်လောက်တွင် ပဌမတွဲကို ရေးသားပြုစုပြီးရာ၊ ဝန်ကြီးချုပ်၏ ဆန္ဒအရ၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တော်လှန်ရေး ဆောင်ရွက်မှု လုပ်ငန်းကြီး များတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြသော နိုင်ငံရေး ခေါင်းဆောင်ကြီးအချို့နှင့် စစ်ဖက် ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်ကြီးအချို့အား စာမူကို တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြရာတွင် အရေး အသားနှင့် စပ်လျဉ်း၍သော်၎င်း၊ အချက်အလက်နှင့် စပ်လျဉ်း၍သော်၎င်း အဖိုးတန်သော အကြံဉာဏ်များ ပေးကြသော ဝန်ကြီး ဦးဝင်းမောင်(ယခု နိုင်ငံတော် သမ္မတကြီး)၊ ဝန်ကြီး ဦးကျော်ငြိမ်း၊ ဝန်ကြီး သခင်တင်၊ ဝန်ကြီး ဦးတင်၊ ဝန်ကြီး ဦးခင်မောင်လတ်၊ ဝန်ကြီး ဦးထွန်းဝင်း၊ ဝန်ကြီးသခင်သာခင်၊ ဝန်ကြီး ဗိုလ်မင်းခေါင် အစရှိသည့် ပုဂ္ဂိုလ်ကြီးများအား အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ထို့နောက် ၁၉၅၄ ခု နောက်လများနှင့် ၁၉၅၅ ခုနှစ်အတွင်း၌ စာရေးသူသည် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတကာလှည့်လည်ရာတွင် လိုက်ပါရပြီးနောက် ပြန်လည်ရောက်ရှိလာသော အခါ ဆက်လက်ရေးသားခဲ့ရာ၊ ဒုတိယတွဲကို ၁၉၅၆ ခုနှစ်အတွင်း ရေးသားပြီးစီးလေသည်။ ထို့နောက်တတိယတွဲကို ဆက်လက်ရေးသားနေစဉ်ပင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖြစ်၊ နိုင်ငံတော်အစိုးရက ရှေ့ပြောင်းအမှုထမ်းစေခဲ့ ၏။ ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းများကိုဂင်း၊ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဟောပြောခြင်း

ပြည်တော်သာခရီး

အသံလွှင့်ခြင်း စသည်တို့ကိုလုံး ဆောင်ရွက်နေရခိုက်တွင်၊ အားလပ်သည့်အခါများ၌ ဆက်လက်ခရီးသားခဲ့ရာ၊ ၁၉၅၈ ခုနှစ်မကုန်မီ တတိယတွဲကို ရေးသားပြီးစီးလေသည်။

ဤ (ပြည်တော်သာခရီး) အမည်ရှိသော ကျမ်းကို ပြုစုရေးသားရာ၌၊ ဗမာ့ကြိုးပမ်းမှုလုပ်ငန်းကြီးတရပ်လုံးကို တိတိကျကျ ပြည့်ပြည့်စုံစုံ တင်ပြရန် မဖြစ်နိုင်သည်ကို ဝန်ခံပါသည်။ ထိုသို့ပြည့်စုံစွာ ပြုစုနိုင်ရန်အတွက် နိုင်ငံကြီးများတွင် တွေ့နိုင်သော စာပေစုဆောင်းမှု ဌာနများ၊ မဘိကာဘာဝ်၍ ရှာဖွေရန် လွယ်ကူသည့် ခေတ်စာကြည့်တိုက် စသည်များ၊ ဌာနအသီးအသီးနှင့် မပြတ်ဆက်သွယ်၍ အချက်အလက် ဖလှယ်မှုများ၊ ဝိုင်းဝန်းကူညီ ရှာဖွေပေးမည့် သုတေသီများ အပြည့်အစုံနှင့် ဆောင်ရွက်ပါမှသာလျှင် ပြီးမြောက်အောင်မြင်နိုင်မည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။ ထို့ကြောင့် ဤကျမ်းတွင် အကြောင်းအရာများ အပိုအလိုရှိခဲ့သော်၊ အချက်အလက်များပေါ် တွင်မှီ၍ အဓိပ္ပါယ်ကောက်ရာ၌ ချုတ်ယွင်းခဲ့သော်၊ စာရေးသူ၏တာဝန် လုံးလုံးသာဖြစ်ပါသည်။

ဤကျမ်းကိုပြုစုရာ၌ တခုတည်းသော အာသီသမှာ၊ ဗမာ့ကြိုးပမ်းမှု လုပ်ငန်းကြီးကို မပို မလို မြန်မာပြည်သူလူထုကြီးရှေ့မှောက်သို့ တင်ပြရန်သာ ဖြစ်ပါသည်။ ထိုသို့သော ကြိုးပမ်းမှုကြီး၏ အာနိသင်ကို ကောင်းစွာ သဘောပေါက်ကြလျက်၊ ဗမာ့ပန်းတိုင်ကိုလည်း မျက်ခြည်မပြတ်ကြည့်ရှုနိုင်ကြပါရန်ရည်ရွယ်ချက်ရှိပါသည်။ ထိုသို့ကြိုးပမ်းမှု၏ အကျိုးအာနိသင်ကိုလုံး၊ ပန်းတိုင်၏ သဘာဝကိုလုံး ကောင်းစွာ သဘောပေါက်နိုင်ကြလျှင်၊ စည်းလုံးမှု၏ အင်အားနှင့် မှန်ကန်သောဝါဒ၏ ဆွဲဆောင်မှု အင်အားတို့ကို သဘောပေါက်နိုင်ကြပေမည်။ ဤကျမ်းကို ဖတ်ရှုသူဘို့သည် ထို့အပြင် သဘောပေါက်လာကြလျှင်၊ စာရေးသူ၏ အဓိက ရည်ရွယ်ချက်သည် ပြည့်ဝ အောင်မြင်မည် ဖြစ်ပါသည်။

မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသတည်း။

မောင်သန့်

ကမ္ဘာ့ကုလသမဂ္ဂ
နယူးယောက်မြို့
၁၉၅၈-ခု ဒီဇင်ဘာလ ၂၂-ရက်

မာတိကာ

ခေါင်းစဉ်		စာမျက်နှာ
(က)	ဗမာ့လွတ်လပ်ရေး ဆုံးရှုံးခြင်း	၇
	ဥရောပတွင် ဓနရှင်ဝါဒနှင့် နယ်ချဲ့စံနစ် ပေါ်ပေါက်ခြင်း	၇
	အင်္ဂလိပ်နှင့် မြင်သစ်လွန်ပွဲ	၁၁
	ပါတော်မူနှင့် တော်လှန်ရေးများ	၁၂
(ခ)	မြိတိသျှ အုပ်ချုပ်ရေး	၁၆
	အိန္ဒိယ နိုင်ငံသို့ သွတ်သွင်းခြင်း	၁၆
	ဇမင်္ဂလမင်္ဂတို့ ပြုပြင်ရေး စီမံကိန်း	၁၇
	၁၉၁၉ ခု အုပ်ချုပ်ရေး အက်ဥပဒေ	၁၉
	ဒိုင်အာကီစံနစ်	၂၁
	၁၉၃၅ ခု အုပ်ချုပ်ရေး အက်ဥပဒေ	၂၃
	အောက်လွှတ်တော် ဖွဲ့စည်းပုံ	၂၇
	ရင်ဒေစာရင်း	၃၂
	သုံးဌေစာရင်း	၃၃
(ဂ)	ဂျပန်ဒဏ်အောက် ဗမာနိုင်ငံ	၃၆
	ရဲဘော်သုံးကျိပ်	၃၆
	စစ်နှင့်မြန်မာနိုင်ငံ	၄၀
	ဒွေရည်စိမ် လှုတ်လပ်ရေး	၄၄
	အုပ်ချုပ်ရေး (ပဌမပိုင်း)	၄၈
	ဗမာနိုင်ငံတော် အဓိပတိ အရှင်မင်းကြီး	၅၂
	နိုင်ငံတော် အဓိပတိ၏ သစ္စာတော်	၅၂
	အုပ်ချုပ်ရေး (ဒုတိယပိုင်း)	၅၂
	စီးပွါးရေး အခြေအနေ	၅၈

ခေါင်းစဉ် စာမျက်နှာ

(ဃ) ဖဆပလ ပေါ်ပေါက်လာခြင်း ၆၁

ဂျပန်ခေတ်က မျိုးစေ့ ၆၁

ဖဆ၁လ အဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်များ ၆၂

တော်လှန်ရေး အစီအစဉ် ၆၅

အောင်လံတော် ၆၆

တော်လှန်ရေး ၆၇

(င) ဖဆပလ အဖွဲ့ချုပ်၏ ဝါဒနှင့် လတ်တလော စီစဉ်ချက် ၇၃

ဗမာပြည် အမျိုးသား တပ်ဦး ၇၃

နေသူရိန် ညီလာခံကြီး ၇၅

ကန့်ကွန်ဖရင့် ၇၈

ဖဆပလနှင့် နိုင်ငံရေး အာဏာ ၈၁

(စ) မြန်မာနိုင်ငံတော်အတွက် စစ်ပြီး ဗြိတိသျှစီမံကိန်း ၈၄

ဗြိတိသျှ အစိုးရ၏ ကျေညာချက် ၈၄

ပြည်သူ့တပ်ဦး ဖဆပလ ၈၉

ရာထူးလက်ခံခြင်း ၉၃

(ဆ) အောင်ဆန်း-အက်တလီ စာချုပ်.... .... ၉၈

စာချုပ်၏ သဘော ၉၈

စာချုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အမြင် ၁၀၀

တိုင်းပြည်ပြု လှတ်တော် ၁၀၃

ပဏာမ ညီလာခံကြီး ၁၀၅

အင်္ဂါလက္ခဏာများ ၁၀၇

လုပ်ကြံမှုကြီး ၁၁၀

ဝန်ကြီးချုပ် သခင်နု၏ အသံလွှင့် မိန့်ခွန်း ၁၁၁

လွှတ်လပ်ရေးအတွက် ပြင်ဆင်ခြင်း ၁၁၆

နု-အက်တလီစာချုပ် ၁၁၉

ခေါင်းစဉ် စာမျက်နှာ

ရှင်းလင်းချက် ၁၂၀

ကြေးမြီကိစ္စ ၁၂၄

အမျိုးသား ကြေးမြီစာရင်း ၁၂၇

လွှတ်လပ်ရေးနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း ၁၂၈

ဆုံးဖြတ် အတည်ပြုသော အဆိုများ ၁၂၉

အဆိုအမှတ် (၁)

အင်္ဂလိပ် ဗမာ လွှတ်လပ်ရေး စာချုပ် ၁၂၉

အဆိုအမှတ် (၂)

နိုင်ငံတကာ့ရေးရာ အဆို ၁၂၉

အဆိုအမှတ် (၃)

ပြန်လည်ထူထောင်ရေး အဆို ၁၂၉

အဆိုအမှတ် (၄)

ပြည်ထောင်စု တိုင်းရင်းသား ညီညွတ်ရေး အဆို ၁၃၀

အဆိုအမှတ် (၅)

စီးပွါးရေး စီမံကိန်းနှင့် စက်မှုလက်မှု ထူထောင်ရေးအဆို ၁၃၁

အဆိုအမှတ် (၆)

တောင်သူလယ်သမားများအရေး အဆို ၁၃၁

အခြိန်တို လုပ်ကိုင်သွားရန် လုပ်ငန်းများ ၁၃၂

အဆိုအမှတ် (၇)

ကာကွယ်ရေးအဆို ၁၃၃

အဆိုအမှတ် (၈)

လွှတ်လပ်ရေး တိုက်ပွဲတွင် ကျဆုံးသူများနှင့် အလုပ် မလုပ်နိုင်အောင်

ဒဏ်ရာရသူများအား လျော်ကြေးပေးရေး အဆို ၁၃၄

အဆိုအမှတ် (၉)

အလုပ်သမားအရေးအဆို ၁၃၅

အဆိုအမှတ် (၁၀)

လာဘ်ပေးလာဘ်ယူနှင့် အာဏာ အလွဲသုံးစားပြုမှု ပပျောက်စေရေးအဆို ၁၃၇

ခေါင်းစဉ် စာမျက်နှာ

ကချင်ပြည်နယ် ၁၇၃
ကချင်ပြည်နယ် အစိုးရ ၁၇၃
ကရင်ပြည်နယ် ၁၇၄
ကယားပြည်နယ် ၁၇၅
ကယားပြည်နယ် အစိုးရ ၁၇၆
ချင်းဝိသေသတိုင်း ၁၇၆

(ည) တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏နောင်ရေး ၁၇၈

နိုင်ငံတော်၏ တာဝန် ၁၇၈
တောင်သူလယ်သမားများအတွက် စီမံချက်များ ၁၇၉
အလုပ်သမားများအတွက် စီမံချက်များ ၁၈၃
ပြင်ဆင်ချက် အက်ဥပဒေများ ၁၈၄

(တ) ပြည်ထောင်စုတိုင်းရင်းသားများ ၁၈၉

ရှမ်း ၁၈၉
နေထိုင်သည့်ဒေသနှင့် လူဦးရေ ၁၉၀
အုပ်ချုပ်ရေး ၁၉၀
ပဒေသရာဇ်ကောင်စီ ၁၉၃
နယ်ခြံတို့၏ သွေးခွဲမှု ၁၉၃
စစ်ပြီးခေတ် ၁၉၄
ကရင် ၁၉၇
စစ်ပြီးခေတ် ၂၀၁
ချင်း ၂၀၂
ကယား (ကရင်နီ) ၂၁၀
စစ်ပြီးခေတ်တွင် သွေးစည်းကြခြင်း ၂၁၃
ကချင် ၂၁၄
စစ်ပြီးခေတ်တွင် သွေးစည်းကြခြင်း ၂၁၉
မြန်မာနိုင်ငံ တိုင်းရင်းသားများနှင့် ပြည်ထောင်စု စိတ်ဓာတ် ၂၂၃

ခေါင်းစဉ် စာမျက်နှာ

အဆိုအမှတ် (၁၁)
ငြိမ်ဝပ် ပိပြားရေးကို နှောင့်ယှက် ဖျက်ဆီးသော အင်အားစုများကို
ရှုံ့ချရေး အဆို ၁၃၇
အဆိုအမှတ် (၁၂)
အမျိုးသမီးအဆို ၁၃၇
အဆိုအမှတ် (၁၃)
ဖဆပလ စည်းရုံးရေးအဆို ၁၃၈
အဆိုအမှတ် (၁၄)
ပညာရေးအဆို ၁၃၉

(၈) ရွှေတော်ပြေး လုပ်ငန်းများ ၁၄၁

ပြန်လည် ထူထောင်ရေး ၁၄၁
တောင်သူလယ်သမားများအတွက် ၁၄၅
အခြား လုပ်ငန်းများ ၁၅၁

(၈၂) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ၁၅၈

နောက်ကြောင်းပြန်ရသော် ၁၅၈
အခြေခံ ဥပဒေ၏ သဘော ၁၆၂
နိုင်ငံတော် အစိုးရ ဖွဲ့စည်းပုံ ၁၆၅
ပြည်ထောင်စု ပါလီမန် ၁၆၆
ပြည်သူ့လွှတ်တော် ၁၆၇
လူမျိုးစု လွှတ်တော် ၁၆၈
နိုင်ငံတော် ရှေနေချုပ် ၁၆၉
နိုင်ငံတော် စာရင်းစစ်ချုပ် ၁၆၉
ပြည်ထောင်စု တရားစီရင်ရေး ၁၇၀
ပြည်နယ်များ ၁၇၁
ရှမ်းပြည်နယ် ၁၇၁
ရှမ်းပြည်နယ် အစိုးရ ၁၇၂

ခေါင်းစဉ် စာမျက်နှာ

ဒုတိယ ကမ္ဘာစစ်ကြီး အပြီးဌ တိုင်းရင်းသားများ သွေးစည်းမှု ၂၂၆
ပင်လုံညီလာခံကြီး ၂၂၆
ဒုတိယ ပင်လုံညီလာခံ ၂၂၇

(ထ) ကြွယ်ဝလှသည့် ဗမာပြည် ၂၃၀

စိုက်ပျိုးရေး အင်အား ၂၃၁
သစ်တောအင်အား ၂၃၄
မြေတွင်း သေတ္တုအင်အား ၂၃၈
ကျောက်ချဉ်၊ ပယင်း၊ ဆနောက်စိမ်း၊ ကျောက်ဂွမ်း၊ ဗားရိုက်စ်၊ ဗောက်ဆိုက်၊ ကြွပ်၊ အဆောက်အအုံနှင့် လမ်းခင်းကျောက်များ၊ ဗတ်ဆော့လ်ကျောက် (ချော်နက်)၊ ကရိုမိုက်၊ ကျောက်မီးသွေး၊ ကိုဗော့၊ ကိုလမ်ဗိုက်၊ ကြေးနီ၊ ကုရွန်း၊ ကျောက်မျက်ရတနာများ၊ ဥဿဖယား၊ ပတ္တမြား၊ ရွှေ၊ ခဲပုပ်၊ ဂျစ်ပဆမ်၊ သံ၊ သံဒိုက်ကျောက်၊ ကျောက်စိမ်း၊ မြေစေး၊ ဒွေနှင့်ခဲ၊ မင်ဂင်းနိစ်၊ ပြဒါး၊ လဆွဲး၊ မိုလစ်ဒီနမ်၊ မိုနာဇိုက်၊ နစ်ကဲလ်၊ မြေနီ၊ ဆီကျောက်လွှာ၊ ရေနံနှင့် ရေနံဒွေ၊ ပလက်တီနမ် (ရွှေဖြူ)၊ ဆား၊ ယမ်းစိမ်း၊ ဆိုဒါ၊ ကန့်ကူဆံ၊ ကန့်၊ ခဲမဖြူနှင့် တန်စတန် (ဝူးဖရန်)၊ သွပ် ၂၄၁-၂၅၃

(ဒ) လွတ်လပ်ပြီ ၂၅၄

လွတ်လပ်ရေးအောင်ပွဲ အခမ်းအနား ၂၅၄
ဝန်ကြီးချုပ် သခင်နု၏ လွတ်လပ်ရေးနေ့ မိန့်ခွန်း ၂၅၉
သစ္စာအဓိဋ္ဌာန် ကိုးချက် ၂၆၃

က။ ဗမာ့လွတ်လပ်ရေးဆုံးရှုံးခြင်း

ဥရောပတွင် ဓနရှင်ဝါဒနှင့် နယ်ချဲ့စံနစ်ပေါ် ပေါက်ခြင်း

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ အတွင်း ကမ္ဘာ့သမိုင်းတလျှောက်တွင် ကြီးနိုင် ငယ် ညှဉ်းဆဲဝါဒ (ဝါ) အင်အားကောင်းသော နိုင်ငံများက အင်အားချည့်နဲ့သော နိုင်ငံများကို မတရား သိမ်းပိုက်၍ စိုးမိုးအုပ်ချုပ်သောဝါဒ ထွန်းကားခဲ့သည်ကို တွေ့ရပေသည်။ ထိုကဲ့သို့ တနိုင်ငံက တနိုင်ငံကို ကျူးကျော် စော်ကား၍ သိမ်းပိုက်ထားသောဝါဒကို နိုင်ငံရေး ဝေါဟာရ စကားဖြင့် 'နယ်ချဲ့ ဝါဒ' ဟုခေါ် ဆိုကြလေသည်။

နယ်ချဲ့ဝါဒ၏ အကြောင်းရင်းကြီးများ အများအပြား ရှိကြသည့် အနက် အဓိက အကြောင်းရင်းကြီးများမှာ ဓနရှင် ဝါဒနှင့် ကမ္ဘာပေါ် ရှိ တိုင်းပြည် အသီးအသီးတို့၏ ဆုကြုံနိမ့်မြင့် အဆင့် အတန်း မညီသော ကွဲပြားခြားနားမှုများပင် ဖြစ်ပေသည်။ ဓနရှင်ဝါဒကို အလွယ်ကူဆုံးသောစကားဖြင့် ဖော်ပြရလျှင် ကုန်ကို ထုတ်လုပ်ရာ၌ လူအများ အကျိုးရှိစွာ စားသုံးရန် အတွက် ထုတ်လုပ်ခြင်း မဟုတ်ဘဲ အမြတ်ထွက်ရန် အတွက် ထုတ်လုပ်သော စီးပွါးရေး စံနစ်ကို ခေါ် ဝေါ် ခြင်း ဖြစ်လေသည်။ ဓနရှင် ဝါဒနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များကို နောက် အခန်းများတွင် ဆက်လက် ဖော်ပြပေအုံ့။

ခရစ်သက္ကရာဇ် ၁၈ ရာစုနှစ် ခေတ်သည် ဗြိတိန်နိုင်ငံ၌ စက်မှု ပညာများ စတင် ထွန်းကားလာသော ခေတ်ဖြစ်သဖြင့် ရှေးအခါက လက်ဖြင့်လုပ်ကိုင်ရသော လုပ်ငန်း အများအပြားကို စက်ဖြင့် ပြုလုပ်လာလေရာ ကုန်ပစ္စည်းများ ပိုမိုထွက်ခြင်း၊ ကုန်ထုတ်လုပ်သူ ဓနရှင် လူတန်းစားတို့သည် ကုန်ပစ္စည်းများ ရောင်းချရန် စျေး ရှာခြင်း စသည်တို့ကို တွေ့ရပေသည်။ ထိုသို့ စျေးရှာရင်းပင် နယ်ချဲ့ စံနစ်သည် ကပ်၍ ပါလာခဲ့၏။ အိန္ဒိယ နိုင်ငံ၊ မြန်မာနိုင်ငံ စသော တိုင်းပြည်များကို ဗြိတိသျှတို့ကသိမ်းပိုက်ယူရာတွင် အစပဌမ၌ ကုန်ပစ္စည်း ရောင်းဝယ်ရေး အတွက် သာဖြစ်၍ ထိုနိုင်ငံများမှ ကုန်ကြမ်းများကို ရသလောက်ယူပြီးလျှင် ထိုနိုင်ငံများသို့ ကုန်ချောများကို တတ်နိုင်သလောက် ပြန်လည် ရောင်းချရရန် ရည်ရွယ်ခဲ့လေသည်။ မြန်မာနိုင်ငံကဲ့သို့ သဘာဝပစ္စည်း ကြွယ်ဝလှသော နိုင်ငံမျိုးကို ဗြိတိန်သည်

သိမ်းပိုက်နိုင်ခဲ့ရာ ယင်းသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ပဋမတန်း နိုင်ငံကြီး တနိုင်ငံ ဖြစ်လာခဲ့ပေသည်။

ဗြိတိန်က မြန်မာနိုင်ငံကို သိမ်းယူခြင်းနှင့် စပ်လျဉ်း၍ မရေးလျှင် မဖြစ်သော ရွှေတော်ပြေး ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီမှာ အရှေ့အိန္ဒိယ ကုမ္ပဏီ ပင် ဖြစ်၏။ ထိုကုမ္ပဏီကို ၁၅၉၉ ခုနှစ်တွင် စတင် တည်ထောင်စဉ်က သေးငယ်သော ကုမ္ပဏီ ကလေးဖြစ်၍ မှတည်ငွေ ရွှေဒင်္ဂါးပေါင် ၃,၀၀၀ မျှသာရှိ၏။ သို့ရာတွင် အိန္ဒိယ နိုင်ငံနှင့်တဦးတည်းကူးသန်းရောင်းဝယ်ခွင့်ရသည့်စာချုပ်တော် ပေးအပ်ခြင်းခံခဲ့ရရာ အလွန်ကြီးကျယ်သော ကုမ္ပဏီကြီးဖြစ်လာပေသည်။ ထိုကုမ္ပဏီသည်စီးပွါးရေး အာဏာသာလျှင်မက တဖြည်းဖြည်း နိုင်ငံရေးအာဏာကိုပါရရှိလာပြီးနောက် အိန္ဒိယ နိုင်ငံတွင် အာဏာ အကန့်အသတ်မရှိသော အုပ်ချုပ်သူ ဖြစ်လာခဲ့လေသည်။

ခရစ်သက္ကရာဇ် ၁၇၃၃ ခုနှစ် ဘကြီးတော် လက်ထက်တွင် ထိုကုမ္ပဏီကို ဗြိတိသျှ အစိုးရက တဦးတည်း ကူးသန်းရောင်းဝယ်ခွင့် မပြုတော့ဘဲ မည်သူ မဆို လုတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်ခွင့် ပြုလိုက်လေသည်။ သို့ပင် လုတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ကို ပေးလိုက်သော်လည်း အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးတွင်မူကား အရှေ့အိန္ဒိယကုမ္ပဏီကပင်လျှင် ဆက်လက်၍ ခြယ်လှယ်လျက်ရှိ၏။ ခရစ် သက္ကရာဇ် ၁၈၅၈ ခုနှစ်ကျမှသာလျှင် ထိုကုမ္ပဏီ၏ နိုင်ငံ အုပ်ချုပ်မှု အခွင့် အာဏာများကို ဗြိတိသျှ အစိုးရက ရုပ်သိမ်းလိုက်ပြီးနောက် ဗြိတိသျှ ဘုရင်သည် အိန္ဒိယနိုင်ငံကို တိုက်ရိုက် အုပ်စိုးပေသည်။ ထိုနှစ်တွင်ပင် မြန်မာ တနိုင်ငံလုံးကို ဗြိတိသျှ အစိုးရက သိမ်းယူလိုက်၏။

အထက်တွင် ဆိုခဲ့သည့် အတိုင်း အမြတ်ထုတ်၍ စီးပွါးရှာလိုသော ဓနရှင် စံနစ်မှ ပေါက်ပွါးလာသော နယ်ချဲ့ဘီလူးသည် ဥရောပ နိုင်ငံ အများကို ဖမ်းစားလျက်ရှိရာ ထိုခေတ်တွင် ဗြိတိန်နှင့် ပြင်ဆင်တို့သည် အကြီးအကျယ် နယ်ချဲ့ စစ်ပွဲကြီးများကို တိုက်ခိုက် ဆင်နွှဲခဲ့ကြရလေသည်။ ဗြိတိန်သည် အိန္ဒိယဘွင် ခြေကုတ်ရပြီးနောက် အရှေ့ဖက်သို့လှမ်းမြှောင်၍ ကြည့်၏။ ပြင်သစ်သည် ယိုးဒယားပြည် အရှေ့ဖက်ရှိ ယခု အင်ဒိုချိုင်းနားခေါ်သော အာနမ်၊ တုန်ကင်၊ ကမ္ဘောဇ နယ်ပယ် ဒေသများတွင် ခြေကုတ်ယူကြလေသည်။ ထိုကဲ့သို့ ဥရောပမှ ပေါက်ဖွားလာသော နယ်ချဲ့ စံနစ်ကြီးသည် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသို့လည်း ကူးစက်၍ လာလေရာ အကြောင်း အမျိုးမျိုးပြု၍ ဗြိတိသျှ နယ်ချဲ့သည် မြန်မာမင်းတို့နှင့် သုံးကြိမ် တိုင် တိုင် စစ်မက် ဆင်နွှဲခဲ့လေသည်။

၁။ East India Company

ပဋမ အကြိမ်တွင် ရခိုင်ပြည် နတ်မြစ်ဝ ဒေသတွင်ရှိသည့် ရှင်မဖြူကျွန်းကို ယိုးမယ်ဖွဲ့၍ ဘကြီးတော် လက်ထက်တွင် အင်္ဂလိပ် မြန်မာ ပဋမစစ်ပွဲ ဖြစ်၏။ ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ် အထိ ၂ နှစ်မျှ တိုက်ခိုက်ကြပြီးနောက် လက်နက် အင်အား လူအင်အား မမျှတသဖြင့် မြန်မာတို့က အရေးနိမ့်ခဲ့လေသည်။ ရန်ကုပ်စာချုပ်အရ မြန်မာမင်းက အင်္ဂလိပ် ကုမ္ပဏီ အစိုးရအား အောက်ပါအချက်များကို လိုက်လျောခဲ့ရလေသည်။

(၁) အာသံပြည်၊ အက္ကပတ်ပြည်တို့ကို မြန်မာ ဘုရင်မင်းက စိုးပိုင်ခြင်း မရှိစေရ။

(၂) အင်္ဂလိပ်တို့ တိုက်ခိုက်အောင်မြင်သော ရခိုင်နယ်ကို မြန်မာ ဘုရင်မင်းက အစိုးအပိုင် မရှိစေရ။

(၃) သံလွင်မြစ် အရှေ့ဖက် အပါအဝင်ဖြစ်သော တနင်္သာရီနယ်ကို အင်္ဂလိပ် မင်းအား အပိုင်ပေးရမည်။

(၄) စစ်စရိတ်အနက် အခြို့အဝက် ပြေစေခြင်းငှါ မြန်မာဘုရင်က ငွေဒင်္ဂါး ပြားရေ တကုဋေပေးရမည်။

(၅) ယိုးဒယားနိုင်ငံကို အင်္ဂလိပ်မင်း၏ မဟာမိတ် နိုင်ငံဟူ၍ မြန်မာက အသိအမှတ်ပြုရမည်။

အထက်ပါ အင်္ဂလိပ် မြန်မာ ပဋမ စစ်ပွဲတွင် ထူးချွန်စွာ မြန်မာ့ဂုဏ်ကို ဆောင်ခဲ့ကြသော စစ်သူကြီးများအနက် ဗိုလ်မူး ဝန်ကြီး မဟာဗန္ဓုလနှင့် မြဝတီဝန်ကြီး ဦးစတို့လည်း ပါဝင်ပေသည်။ ထိုအခါက အင်္ဂလန်နိုင်ငံတွင် စိုးစံလျက်ရှိသော မင်းကား စတုတ္ထဂျေ့ဘုရင် ဖြစ်၏။

ပုဂံမင်းလက်ထက် ခရစ်သက္ကရာဇ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲ ဖြစ်ပွါးလေသည်။ လက်နက်အင်အား မမျှတသော မြန်မာတို့သည် အရှုံး ပေးရပြန်၏။ ထိုနှစ် ဒီဇင်္ဘာလ ၂၀ ရက်နေ့တွင် အောက်မြန်မာပြည် ဖြစ်သော ပဲခူးနယ်ကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်ကြောင်း ကျေညာလေသည်။

သီပေါမင်းလက်ထက် ခရစ် သက္ကရာဇ် ၁၈၅၅ ခုနှစ်တွင် အင်္ဂလိပ် မြန်မာ တတိယ အကြိမ် စစ်ဖြစ်ပြန်ရာ ရှမ်းပြည်နယ်များနှင့် တကွ အထက် မြန်မာပြည် အားလုံးကို အင်္ဂလိပ်တို့ သိမ်းယူ သွားလေသည်။

အထက်တွင် ဖော်ပြခဲ့သော နယ်ချဲ့ စံနစ်သည် အင်္ဂလိပ် မြန်မာ စစ်ပွဲများနှင့် ဆက်စပ်လျက်ရှိကြောင်းကို ဤတတိယ စစ်ပွဲတွင် ပိုမိုထင်ရှားစွာ သိသာနိုင်ပေသည်။ အင်္ဂလိပ် လူမျိုး နိုင်ငံ သမိုင်းဆရာများ ပြုစု ရေးသားကြသော မြန်မာ

နိုင်ငံ သမိုင်းစာအုပ်များတွင် ပြသကြသော အကြောင်းများမှာ –

(၁) အင်္ဂလိပ် အမျိုးသားများအား မြန်မာ ဘုရင်နှင့် မြန်မာ အရာရှိများက ညှဉ်းပန်းခြင်း၊

(၂) အင်္ဂလိပ် အမျိုးသားများအား ရက်စက်စွာ သတ်ဖြတ်ခြင်း၊

(၃) ဘုံဘောဘားမား သစ်မှု ပေါ် ပေါက်ခြင်း၊

စသော အကြောင်းများလည်း ပါရှိလေသည်။ သို့ရာတွင် စစ်ဖြစ်ရာ၌ အများအား ဖြင့် အကြောင်း ၂ မျိုး ရှိတတ်လေသည်။ ပဌမအကြောင်းမှာ ဂျတ်တရက် ပေါ် ပေါက်လာသော အပေါ်ယံ သာမည အကြောင်းနှင့် ဒုတိယ အကြောင်းမှာ စာကယ့် အဖြစ်အပျက် အကြောင်းခံဖြစ်လေသည်။

အင်္ဂလိပ်နှင့် ပြင်သစ်လွန်ပွဲ

ထိုစဉ် အခါက မြန်မာ အစိုးရသည် အထက် မြန်မာပြည်ကိုသာလျှင် စိုးမိုး အုပ်ချုပ်လျက် ရှိရာ နိုင်ငံခြား ဆက်ဆံရေးတွင် အင်္ဂလိပ်ထက် ပြင်သစ်နှင့် အီတလီ နိုင်ငံများကို ပိုမို၍ ရင်းနှီးစွာ ဆက်ဆံသည်ကို တွေ့ရလေသည်။ ၁၈၇၃ ခုနှစ်တွင် မြန်မာ အစိုးရသည် ပြင်သစ်နှင့် အင်္ဂလိပ် နိုင်ငံများသို့ သံတမန်များ စေလွှတ်ခဲ့၏။ ထိုသို့ စေလွှတ်သော ရည်ရွယ်ချက်မှာ စက်မှု လက်မှု လုပ်ငန်းများကို ကြည့်ရှု နားလည်ရန်နှင့် ထိုနိုင်ငံများနှင့် မဟာမိတ် ပြုလုပ်ရန် ဖြစ်၍ ကူးသန်း ရောင်းဝယ်မှု နှင့် ဆိုင်သော အလုပ်ကြီး အကိုင်ကြီးများကိုလည်း နားလည် မှတ်သားရန်အတွက် ဖြစ်လေသည်။ ၁၈၇၄ ခုနှစ်တွင် ပြင်သစ်သံကိုယ်စားလှယ် တဦးသည် မန္တလေး မြို့တွင် လာရောက် နေထိုင်၏။ မြန်မာအစိုးရ လက်အောက်ဘွင် ပြင်သစ်လူမျိုး အင်ဂျင်နီယာ စက်ဆရာများ၊ ပိုးမွေးတတ်သူများ၊ ဘဏ္ဍာရေးအတိုင်ပင်ခံများ လာရောက် အမှုထမ်းသည်ကိုလည်း တွေ့ရ၏။ မြန်မာ ပုလိပ်အဖွဲ့နှင့် စစ်တပ်ကို လည်း အီတလီနှင့် ပြင်သစ် အရာရှိတို့ကသာ ဖွဲ့စည်း ပေးကြသည်။ ဤအချက်များ ကို ထောက်၍ မြန်မာ အစိုးရသည် ပြင်သစ်ကို ဗြိတိသျှထက် ပို၍ အခွင့်အရေး ပေးသည်မှာ သိသာ၏။

ထိုမျှသာ မကသေး၊ ပြင်သစ်တို့သည် မိမိတို့ ပိုင်သော တုန်ကင်နယ်မှ ရှမ်းပြည် ကို ဖြတ်၍ မန္တလေးနှင့် မီးရထားလမ်း ဖောက်လုပ်ရန် စေ့စပ် လာကြရာ မြန်မာ အစိုးရက သဘောတူညီလိုက် လေသည်။ မီးရထားလမ်းကို ဖောက်လုပ်ရာ၌ ပြင် သစ်တို့က စရိတ် အကုန်အကျ ခံကြ၍ နှစ်ပေါင်း ၇၀ အသုံး ပြုပြီးနောက် မြန်မာ

အစိုးရသို့ ပေးအပ်ရန် ဖြစ်လေသည်။ ထို့အပြင် မန္တလေး၌ ပြင်သစ်တို့က ဘဏ် တိုက် တတိုက်ဖွင့်ပြီးလျှင် ထိုဘဏ်တိုက်သည် ကျောက်တွင်း လုပ်ငန်းနှင့် ရှမ်းပြည် လက်ဖက်လုပ်ငန်းကို တဦးတည်းပိုင် သဘောနှင့် ဆောင်ရွက်ရန်လည်း အစီ အစဉ် ပြုလုပ် ကြလေသည်။ ဤအချက်များကြောင့် ဗြိတိသျှ အစိုးရသည် မြန်မာ နိုင်ငံ အတွက် ပိုမို၍ စိတ်မချဖြစ်လာ၏။ အထူးသဖြင့် ပြင်သစ်တို့မှာ သူတို့၏ နယ်ချဲ့ ရေးပြိုင်ဖက် ရန်သူလည်း ဖြစ်သည်တကြောင်း၊ ပြင်သစ်တို့မှာ အာနန်၊ တုန်ကင် တို့မှ အခြေစိုက်၍ တဖြည်းဖြည်း ယိုးဒယားဖက်သို့ နယ်ချဲ့ကာ အင်အား ကောင်း လာသည်လည်း စာကြောင်း၊ ဤအကြောင်း များကြောင့် အထက် မြန်မာပြည် တွင်လည်း ပြင်သစ်တို့အခြေ စိုက်မိမည်ကို နယ်စပ်တွင် စိုးမိုးအုပ်ချုပ်လျက် ရှိသော ဗြိတိသျှတို့က နာလိုနိုင်ကြမည် မဟုတ်ပေ။

ဤကဲ့သို့သော အခြေအနေတွင် ဗြိတိသျှ အရင်းရှင်တို့ ပိုင်သော ဘုံဘောဘား မားသစ်ကုမ္ပဏီနှင့် မြန်မာ နိုင်ငံအစိုးရတို့ အရှုပ်အရှင်း ဖြစ်ပေါ် လာခဲ့ လေသည်။ ဖြစ်ပေါ် လာပုံကား ဤသို့တည်း။ ဘုံဘောဘားမား သစ်ကုမ္ပဏီသည် ၂ နှစ်အတွင်း သစ်လုံးရေ ဂဝ,ဝစဝ (ရှစ်သောင်းတိတိ) ထုတ်သွားသည်ကို ၃၀,ဝဝဝ (သုံးသောင်း တိတိ) ထုတ်သည်ဟု ၅ဝ,ဝဝဝ (ငါးသောင်း ဟိတိ) ကို ထိန်ချန်ကာ စာရင်း ပြခဲ့သည်ဟု မြန်မာအစိုးရက ထိုကုမ္ပဏီအား ငွေ ၂ သန်း ၃ သိန်း ဒဏ်ရိုက်လေ သည်။ ထိုကုမ္ပဏီသည် ဒဏ်မဆောင်ဘဲ အိန္ဒိယနိုင်ငံဘုရင်ခံချုပ်အား တိုင်ကြား၏။ ဘုရင်ခံချုပ်က မိမိစေလွှတ်သော အရေးပိုင်ကို တဦးတည်း ခုံတင်၍ ဆုံးဖြတ်ရန် အမိန့်ချ မှာခဲ့လေသည်။ ဗြိတိသျှနှင့် မြန်မာ ဖြစ်ပွါးသော အရေးတွင် ဗြိတိသျှ တို့က ခန့်ထားသော အရေးပိုင် တဦးတည်းကသာ ဆုံးဖြတ်ပါမူ တရားသဖြင့် ဖြစ်နိုင်မည် မဟုတ်၊ နှစ်နိုင်ငံ၏ မဟာမိတ်ဖြစ်သော အခြား နိုင်ငံတခုက ခုံပြု၍ ဆုံးဖြတ်စေလိုသည်ဟု မြန်မာအစိုးရက ဗြိတိသျှအစိုးရအား အကြောင်း ကြား လိုက်လေသည်။

သို့ရာတွင် ဗြိတိသျှ အစိုးရသည် မြန်မာနိုင်ငံ အထက်ပိုင်းကို တိုက်ခိုက် သိမ်းယူ ရန် ဆုံးဖြတ်ပြီးဖြစ်ရာ အကယ်၍ အချိန်မှီ မသိမ်းယူလိုက်ပါက အခြားနယ်ချဲ့နိုင်ငံ တခု ဖြစ်သော ပြင်သစ်တို့က သိမ်းမည်မှာ မလွဲပေ။ ထို့ကြောင့် မြန်မာ အစိုးရ၏ အကြောင်းကြားစာကို ရရှိသောအခါ အိန္ဒိယ ဘုရင်ခံချုပ်သည် နောက်ဆုံး ရာဇသံကို ပို့လိုက်၏။ ရာဇသံ၏ အချုပ်သဘောမှာ သစ်မှုကို ဗြိတိသျှ အရေးပိုင် နှင့် မြန်မာအရာရှိတို့က ဆုံးဖြတ် ရမည်၊ သစ်မှု စစ်ဆေးနေစဉ်တွင် ဗြိတိသျှ အရေးပိုင်ကို ကာကွယ်စောင့်ရှောက်ရန် ဗြိတိသျှတပ်တပ်ကို မန္တလေးတွင် ချ

ထားမည်။ မြန်မာ နိုင်ငံ၏ နိုင်ငံခြား ဆက်သွယ်ရေးကို ဗြိတိသျှတို့ လက်သို့ အပ်ရ မည်။ ဤရာဇသံကို ၇ ရက်အတွင်း အကြောင်း မပြန်လျှင် မိမိတို့ဆီသာဘော အတိုင်း ပြုလုပ်မည်ဟု နောက်ဆုံး သတိပေးခဲ့ လေသည်။

ဤကဲ့သို့ လက်နက်အားကိုးနှင့် မြန်မာနိုင်ငံ အစိုးရအား အမိန့်ပေးသော အခါ မြန်မာနိုင်ငံ အစိုးရက မိမိတို့သည် သစ်မှုကို လျော်ပစ်မည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံ၏ နိုင်ငံခြားဆက်သွယ်ရေးကိစ္စ ချုပ်ချယ်ခြင်းကိုမူ အခြားနိုင်ငံ တခုခုက ဆုံးဖြတ်ပေးစေလိုကြောင်းနှင့် ပြန်ကြား ပါသော်လည်း ၁၈၅၅ ခုနှစ်နိုဝင်ဘာလ အတွင်း၌ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို စစ်ကျေညာ၍ တတိယ နယ်ချဲ့စစ်ကို ဆင်နွှဲခဲ့ကြလေသည်။

အထက်ပါ အချက်များကို ထောက်၍ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို တိုက် ခိုက်သော အကြောင်းရင်းမှာ ရုတ်တရက် ပေါ်ပေါက်လာသော သာမည အဖြစ် အပျက်များကြောင့် မဟုတ်ဘဲ ထိုအခါက ဥရောပတိုက်ဘင် အလှန် ခေတ်စား ခဲ့သော နယ်ချဲ့စံနစ်၏ မလွဲသာမရှောင်သာသော အကျိုးကြီးတရပ်ပင် ဖြစ်လေ သည်။ ထိုယူဆချက် မှန်ကန်ကြောင်းကို ဗြိတိသျှ အမျိုးသားများ လွတ်လပ်စွာ ရေးသား ပြုစုခဲ့သော ရာဇဝင်ကျမ်းများက သက်သေ ခံလျက်ရှိ၏။ သာဓက ပြရလျှင် ဝင်စတန်ချာချီ ရေးသော "လော့ဒ်ရန်ဒေါ်ဖ်ချာချီ၏ အတ္ထုပ္ပတ္တိ" စာ အုပ်တွင် မြန်မာနိုင်ငံ၌ ပြင်သစ်များ ဩဇာအာဏာ ကြီးထွားလာသည့် အတွက် အရေးတကြီး ဗြိတိသျှက တိုက်ခိုက် သိမ်းယူလိုက်ရကြောင်းကို ဖော်ပြထားလေ သည်။ လော့ဒ်ချာချီမှာ ထိုအခါက ဗြိတိသျှ အစိုးရအဖွဲ့ဝင် အိန္ဒိယ နိုင်ငံရေး ဆိုင်ရာ ဝန်ကြီး ဖြစ်လေသည်။ ထိုမှ တပါး "ဂျော့ရီချ" ရေးသော "အင်္ဂလန်ပြည်၏ မိတ်ဆွေများ" စာအုပ်တွင်လည်း ထိုကဲ့သို့ပင် ပြင်သစ်များ ဝင်လာသောကြောင့် မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်တို့က သိမ်းယူလိုက်ရကြောင်း အတည့်အလင်း ရှင်းလင်းစွာ ဖော်ပြထားလေသည်။

ပါတော်မူနှင့် တော်လှန်ရေးများ

၁၈၅၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက်နေ့တွင် အင်္ဂလိပ်အရာရှိတို့သည် သီပေါမင်း မိဖုရားနှစ်ပါးနှင့် အခြို့မူးမတ်ကြီးများကိုပါ ဖမ်းယူသွား၍ ရန်ကုန်မှ တဆင့် မဒရပ်၊ ယင်းမှ ဘုံဘိုင် နယ် ရတနာဂိရိမြို့သို့ ဆောင်ယူ သွား ကြလေသည်။ ဤသို့သော အဖြစ်အပျက်

များဖြင့် မြန်မာနိုင်ငံ တဝှန်းလုံးသည် ဗြိတိသျှ အစိုးရ၏ လက်အောက်သို့ ကျ ရောက် ခဲ့ရလေသည်။

ထိုနေ့မှစ၍ မြန်မာတို့သည် ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သူည သုဉ်းသုံးဝခေတ် ကြီးနှင့် ရင်ဆိုင်ခဲ့ရ၏။ ထိုနှစ်တွင် မြန်မာ နိုင်ငံသည် 'အသျင် ကေရီဘုရင်မကြီး'၏ အလိုတော်အရ အိန္ဒိယဘုရင်ခံချုပ်နှင့် ဂေါ်ဝနာဂျင်နရယ်မင်းကြီးက အခါအား လျော်စွာ အထူးခန့်အပ်သော အမှုထမ်း အရာထမ်းတို့ဖြင့် စီစဉ်အုပ်ချုပ်မည်။ အသျင် ကေရီ ဘုရင်မကြီး၏အာဏာစက် ကျရောက်ရာ နယ်ပယ်များတွင် အကျုံး ဝင်သော နယ်ပယ် တခု အဖြစ် ပြောင်းလဲ ကျရောက် လာရလေတော့သည်။ ထိုစဉ်အခါက ဗြိတိသျှ နိုင်ငံတွင် ဝိတိုရိယဘုရင်မ အုပ်စိုးလျက် ရှိ၏။

လက်နက် အင်အားချင်း မမျှသဖြင့် အရှုံးပေးလိုက်ကြရသော်လည်း မြန်မာ တို့သည် အံကြိတ်၍သာ ခံကြရာ စိတ်တွင် ကား အနိုင်မခံ အရှုံးမပေး ကြချေ။ ဆုံးရှုံးသွားသော လွတ်လပ်ရေးကိုသာ ပြန်လည်၍ အရယူရန် အမျိုးမျိုး အဖုံဖုံ ကြိုးစား ခဲ့ကြလေသည်။ အနှံ့ အပြားပင် တော်လှန်ရေး တိုက်ပွဲများ ကိုလည်း ဆင်နွှဲခဲ့ကြ၏။ သို့ရာတွင် အခြေအနေအရ စည်းကမ်းတကျ ဖွဲ့စည်း တော်လှန်ရန် မှာ မဖြစ်နိုင်ခဲ့ချေ။ နိုင်ငံနှံ့ အဝှန်း ဟာကွဲတပြားစီ တော်လှန်နေကြသော တော်လှန်ရေး အင်အားစုတို့ကို စုစည်း ပေးနိုင်မည့် ခေါင်းဆောင်ကိုလည်း မရရှာ ကြ။ သို့တိုင်အောင် မြန်မာ နိုင်ငံ မျိုးချစ် ပုဂ္ဂိုလ်တို့သည် သင့်ရာ သင့်ရာ အဖွဲ့ အစည်းငယ်များ ဖွဲ့စည်း၍ အသီးအသီး တတပ် တပိုလ်ပြုကာ မကြောက် မ၍၊ မတွန့်မဆုတ် ကြီးစွာသောသူရသတ္တိဖြင့် တော်လှန် တိုက်ခိုက် ခဲ့ကြလေသည်။ ထိုတော်လှန်ရေး စစ်ပွဲကို နှစ်ပရိစ္ဆေဒ ကြာရှည်စွာပင် ဆက်လက် ကြိုးပမ်း တိုက် ခိုက်ကြရ၏။ တော်လှန်ရေးအဖွဲ့များသည် ဗြိတိသျှ တပ်စခန်းများကို မကြာ ခဏ တိုက်ခိုက်မောင်းနှင် ပစ်လိုက်ပြီးနောက် အချို့ မြို့များကိုပင် စီမံအုပ်ချုပ် နိုင်ခဲ့ကြ ၏။ လူထုကြီးကလည်း မြန်မာသူရဲကောင်းတို့အား ဝမ်းသာ အားရ ကြိုဆို ကြ၏။ ရက်ရောစွာ အကူအညီ ပေးကြ၏။ တော်လှန်ရာတွင် အခက်အခဲနှင့် ကြုံကြိုက် သည့်အခါများ၌ လူထုကြီးသည် ပြောက်ကျားသူရဲကောင်းတို့အား လျှို့ဝှက်ထား ကြ၏။ ဤနည်းဖြင့် နိုင်ငံကို သိမ်းယူထားသော စစ်တပ်များမှာ နေ့မအား ည မအား တစိုးရိမ်ရိမ် တကြောင့်ကြကြနေကြရလျက် တခါက တော်လှန်ရေး မြန်မာ သူရဲကောင်းတို့အား ယှဉ်ပြိုင် တိုက်ခိုက်ရန် မေဂျာ ဂျင်နရယ် ၂ ယောက်၊ ဗရီဂေး ဒီးယား ဂျင်နရယ် ၆ ယောက်တို့ ကွပ်ကဲအုပ်ချုပ်လာသော စစ်သား သုံးသောင်း နှစ်ထောင်ပါ တပ်ကြီးများကိုပင် စစ်မြေပြင်သို့ ဧရတူး လေသည်။

ထိုကဲ့သို့ ရင်ကို မြေကတုတ် လုပ်၍ အရိုးကြေကြေ အရေစုတ်စုတ် အနှိုင်မခံ အရှုံးမပေးဟူသော သန္ဓိဋ္ဌာန်ဖြင့် အဆက်မပြတ် တော်လှန်ခဲ့ နေကြသော ခေတ်ကြီးတွင် ဗိုလ်မင်းရောင် အစရှိသည့် တော်လှန်ရေး ဗိုလ်ချုပ်ကြီးများသည် ထင်ရှား ကျော်ကြားလာခဲ့ကြသည်။ မြန်မာ နိုင်ငံ အလယ်ပိုင်းတွင် ဖြိတိသျှ တပ်များသည် ဗိုလ်မင်းရောင်၏ အမည်ကို အထူး ကြောက်ရွံ့ခဲ့ကြလေသည်။ ဒုတိယ ကမ္ဘာ စစ်ကြီးနှင့်ငင်း၊ ပြည်ထောင်စု လွတ်လပ်ရေးနှင့်ငင်း ဆက်စပ် လျက်ရှိသည့် ဗမာ့အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ကား အထက် ဖော်ပြပါ မြန်မာသူရဲကောင်းကြီး ဗိုလ်မင်းရောင်မှ ဆင်းသက်လာသော ပုဂ္ဂိုလ် ဖြစ်သည်မှာ မြန်မာ့သမိုင်းတွင် ထူးခြား မှတ်သားဖွယ်ရာ ကောင်းသော အခြင်းအရာတရပ် ဖြစ်လေသည်။

ဖြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၆၆ ခု ဇန္နဝါရီလ ၁ ရက်နေ့ထုတ် ဖြိတိသျှ အိမ်နှံပြန်တမ်းတွင် "မြန်မာပြည်၌ ငြိမ်းချမ်း သာယာပါပြီ၊ မူလနဂိုနေအတိုင်း ငြိမ်ဝပ်ပိပြားပါပြီ" ဟု ထည့်သွင်း ကျေညာခဲ့သော်လည်း ဖုံးဖိ၍ မရနိုင်သော အရပ်ဆိုးကွက်ကြီးများ ပေါ်ပေါက် လာခဲ့သည်ကို ဖြိတိသျှ လူမျိုးများ၏ မှတ်တမ်း စာအုပ်များ၌ပင် တွေ့ရ လေသည်။ သက်သေတခုကို ပြရလျှင် မန္တလေးရှေ့မြို့တော်သို့ ဘုရင်ခံချုပ်ရောက်လာသည့်အခါ မြန်မာနိုင်ငံ လွှတ်တော် မူထမ်းရာထမ်း ပဂ္ဂိုလ်ကြီးတို့သည် ခက်ထန်တင်းမာသော မျက်နှာဖြင့် နေကြ၍ ဩဘာစာလည်း မဆက်၊ အခမ်းအနားတွင်လည်း မပါဝင်၊ဘုရင်ခံချုပ် မျက်မှောက်၌ ဖိနပ်မချွတ်ဘဲနေကြသည်။ ထိုကဲ့သို့မြန်မာတို့၏အပြုအမူသည် အဓိပ္ပါယ်ပေါ်လွင်လှပေ၏။ နိုင်ငံကို အဓမ္မသိမ်းသူတို့အား "လှေခွက်သာကျန်စေ၊အလံမလဲစေရ" ဟူသော မြန်မာ့စိတ်ဓာတ်ကို ထင်ရှားစွာ ပြသလိုက်ခြင်း ဖြစ်ပေသည်။

ထိုစဉ်အခါက မြန်မာ့ တော်လှန်ရေး ခေါင်းဆောင် ကြီးတို့သည် ရှိသမျှသော လက်နက်များကိုစုဆောင်း၍ ရသမျှသော လူအင်အားနှင့် တိုက်ပွဲများ ဆင်နွှဲခဲ့ကြသော်လည်း တစုတရုံးတည်း စုပေါင်း ပေးနိုင်မည့် ခေါင်းဆောင်လည်း မရှိ၊ တော်လှန်ရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာအောင် ဗဟိုမှလှုံ့ဆော်ပေးမည့် သူလည်း မရှိ၊ မျော်လင့်ချက် ပန်းတိုင်လည်း မရှိ၊ စိုးမိုး အုပ်ချုပ် မင်းလုပ်လျက် ရှိကြသော ဖြိတိသျှ တို့၏ လက်နက်အင်အား ကလည်း ကြီးမားလှ သဖြင့် ၅ နှစ်ကျော် ၆ နှစ်အတွင်းသို့ ရောက်သောအခါ တိုင်းပြည်သည် ငြိမ်ဝပ်ပိပြားစရှိလာသည်ကို တွေ့နိုင်ပေသည်။ မြန်မာတို့သည် ကံသာအမိ ကံသာအဖ ဟူသော တရားကိုသာ သဘောပိုက်ကာ "ပြန်လေတော့ ငှက်ခါး၊ နားခါမှ သိစေမည်" ဟု

တော်လှန်ရေးကို ခေတ္တမျှ စွန့်လွှတ် လိုက်ကြလေသည်။ သို့သော် ထိုစွန့်လွှတ်ခြင်းကား အပြီးတိုင် စွန့်လွှတ်ခြင်းမျိုးမဟုတ်၊ စစ်ပန်း၍ ခေတ္တရပ်နားသော ယာယီ စွန့်လွှတ်ခြင်းမျိုးသာ ဖြစ်ပေ၏။ ၁၈၉၅ ခုနှစ်သို့ ရောက်သော အခါ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းမှု ရရှိပြီဟု ဆိုနိုင်ပေသည်။ သို့ရာတွင် တော်လှန်ရေး မုန်တိုင်းကြီးသည် ငြိမ်သက်သွားခြင်းသာ ဖြစ်၏။ ပြေပျောက် သွားခြင်း မဟုတ်၊ တနေ့တွင် မလွဲကောန် ပေါ် ပေါက် လာရမည်။ ဗမာ့လွတ်လပ်ရေး တိုက်ပွဲကြီး အတွက် ငုံလင့် လျက်သာ ရှိကြလေသည်။

ခ။ မြိတ်သျှအုပ်ချုပ်ရေး

အိန္ဒိယနိုင်ငံသို့ သွတ်သွင်းခြင်း

သီပေါဘုရင် ပါတော် မူသည်မှ စ၍ ခရစ်သက္ကရာဇ် ၁၈၉၇ ခုနှစ် အထိ မြန်မာနိုင်ငံကို ခြို(ပ်) ကော်မစ်ရှင်နာ ခေါ် မဟာမင်းကြီး တဦးက အုပ်ချုပ် လေသည်။ မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ ဥပဒေစည်းကမ်း များကို အိန္ဒိယ အစိုးရ ဥပဒေပြု လွှတ်တော်က ပြဋ္ဌာန်းပေး၏။ ၁၈၉၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ အပါအဝင်နယ်တနယ်အဖြစ်သတ်မှတ်၍ လက်ဖတင်နှင်ဂေါ် ဝနာခေါ် ဒုတိယဘုရင်ခံတဦးက အုပ်ချုပ်လေသည်။ အိန္ဒိယ ဥပဒေပြု အဖွဲ့က ပြုလုပ် ပြဋ္ဌာန်းထားသော ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီအက်ဥပဒေပုဒ်မ ၄၉ အရ၊ ၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ဥပဒေပြု အဖွဲ့တခုကို ဖွဲ့စည်းလိုက်၏။ ထိုအဖွဲ့တွင် အမတ် ၉ ယောက် ပါဝင်ရာ အားလုံးကို ဒုတိယ ဘုရင်ခံက ခန့်အပ်ထား လေသည်။ ထိုဥပဒေပြု အဖွဲ့၏ အာဏာမှာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်း သာယာ၍ ချောမောပြေပြစ်စွာ စီရင်အုပ်ချုပ် နိုင်ရေး အတွက် ဥပဒေများ ပြုလုပ် ပြဋ္ဌာန်းရခြင်းသာ ဖြစ်လေသည်။ ထိုဥပဒေပြု အဖွဲ့၏ ဆောင်ရွက်သော လုပ်ငန်း များအနက် ၁၈၉၈ ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြု လိုက်သော မြန်မာနိုင်ငံ မျူနီစီပယ် အက်ဥပဒေသည် မှတ်သား ဖွယ်ရာ ဖြစ်လေသည်။ ထိုအက်ဥပဒေအရ မျူနီစီပယ် ကော်မတီများ ဖွဲ့စည်းရာ၌ ရွေးကောက်တင်မြှောက်သော လူကြီး အချို့ ပါဝင်လာသည်ကို တွေ့ရ ပေသည်။ သို့ရာတွင် ထိုမျူနီစီပယ် အက်ဥပဒေသည် အိန္ဒိယနိုင်ငံပြည်နယ်များရှိ မျူနီစီပယ် အက်ဥပဒေများနှင့်နှိုင်းယှဉ်လိုက်လျှင် နှစ်ပေါင်း ၂၀ ခန့်နောက်ကျလျက်ရှိသည်ကို တွေ့နိုင်ပေသည်။ အုပ်ချုပ်ရေး၌လည်း တရားဌာနနှင့် အုပ်ချုပ်ရေး ဌာနတို့ ခွဲခြားသတ်မှတ် ထားခြင်းမရှိဘဲ တဦးတယောက်တည်းက သာလျှင် ထိုလုပ်ငန်း ၂ မျိုးကို ပူးပေါင်း ဆောင်ရွက်သည်ကို တွေ့ရပေသည်။ ထိုမျှသာမကသေး၊ ထိုအခါက ရှိခဲ့သော ဥပဒေပြုအဖွဲ့သည် ငွေရေး ကြေးရေးနှင့် စပ်လျဉ်း၍ မည်သို့မျှ ဆုံးဖြတ် ပြဋ္ဌာန်းနိုင်ခွင့်မရှိဘဲ ဗတ်ဂျက်ရန်ပုံငွေ စာရင်းများနှင့် စပ်လျဉ်း၍လည်း မည်သို့မျှ ဝေဖန် နိုင်ခွင့် မရှိပေ။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ဥပဒေပြု အဖွဲ့၌ မေးခွန်းများပင် မမေး နိုင်ပေ။

မော်လေမင်တိုပြုပြင်ရေး စီမံကိန်း

ထိုအထိုင်း ၁၀ နှစ်ကျော်ကျော် အုပ်ချုပ် လာပြီးနောက် ၁၉၀၉ ခုနှစ်တွင် "မော်လေမင်တို ပြုပြင်ရေး စီမံကိန်း" ဟူသော စီမံကိန်းတခု ပေါ် ပေါက်လာ၏။ ထိုစီမံကိန်း အရ ဥပဒေပြု အဖွဲ့ကို တိုးချဲ့ လိုက်လေသည်။ အမတ်ဦးရေကို ၁၅ ယောက်အထိ တိုးချဲ့ လိုက်၍ ၁၄ ယောက်ကို ဒုတိယ ဘုရင်ခံ၏ သဘော အတိုင်း ရွေးချယ် ခန့်ထား ပြီးလျှင် ကျန်တဦးကို မူကား ဥရောပတိုက်သား များသာလျှင် ပါဝင်သော ကုန်သည်ကြီးများ အသင်းက ရွေးကောက် တင်မြှောက် လေသည်။ ထို ၁၅ ယောက် ပါဝင်သော ဥပဒေပြု အဖွဲ့တွင် ဥရောပတိုက်သား များချည်းသာ ဖြစ်သော အရာရှိ ၆ ဦးနှင့် အရာရှိမဟုတ်သူ ၉ ဦး ပါဝင်၏။ အရာရှိမဟုတ်သူ ၉ ဦး အနက် မြန်မာ ၃ ဦး၊ အိန္ဒိယ တိုင်းသား ၂ ဦး၊ ဥရောပတိုက်သား ၂ ဦး၊ တရုပ် အမျိုးသား ၁ ဦးနှင့် ရှမ်းစော်ဘွား ၁ ဦးပါဝင်သည်။ ထို ၁၅ ဦးအပြင် အကြောင်းကိစ္စ အလျောက် အထူးကျွမ်းကျင်သူ အဖြစ်ဖြင့် ပုဂ္ဂိုလ် ၂ ဦးကို ဒုတိယ ဘုရင်ခံက ခန့်ထား နိုင်ခွင့် ရှိလေသေးသည်။ ထိုဥပဒေပြု အဖွဲ့သည် ရှေးက ဖွဲ့စည်းထားသော အဖွဲ့ထက် သာသောအချက်ကား အခြားမဟုတ်၊ နှစ်စဉ် ဝင်ငွေ ထွက်ငွေ ဗဟိုရန်ပုံငွေ စာရင်း အင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခွင့်ရှိ လာသည်။ ဥပဒေပြု အဖွဲ့ အစည်း အဝေးများတွင် မေးခွန်းများ မေးနိုင်ခွင့်ကိုလည်း ရရှိလေသည်။ သို့ရာတွင် ဗဟိုရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခြင်းကိုမူကား ခွင့်ပြုမထားပေ။

ထိုကဲ့သို့ပင် မော်လေမင်တို ပြုပြင်ရေး စီမံကိန်းသည် ယခင်အစဉ် အလာထက် အနည်းငယ် ပိုမိုကောင်းမွန်လာသည်ဟု ဆိုနိုင်သော်လည်း မြန်မာနိုင်ငံ အုပ်ချုပ်ရေးသည် အိန္ဒိယ နိုင်ငံရှိ အခြား ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် နှိုင်းစာလျှင် များစွာ အောက်တန်း ကျနေသေးသည်ကို တွေ့နိုင်ပေသည်။ ပမာအားဖြင့် ဇော်ပြရသော် ဘုံဘိုင်ပြည် ဥပဒေပြု လွှတ်တော် အမတ် ဦးရေကို ၄၈ ယောက်အထိ တိုးမြှင့်ထိုက်ရာ ယင်းတို့အနက် ၂၁ ဦးကို ပြည်သူလူထုက ရွေးကောက် တင်မြှောက် ရလေသည်။ ပန်ဂျပ်ပြည်တွင် ဥပဒေပြု အမတ် ဦးရေကို ၂၈ ယောက်အထိ တိုးမြှင့် လိုက်၍ ၁၁ ယောက်ကို ပြည်သူ လူထုက ရွေးကောက် တင်မြှောက် ရလေသည်။ မြန်မာ နိုင်ငံတွင် မူကား အမတ်ဦးရေ ၁၇ ယောက် ရှိသည့်အနက် ၂ ယောက်သာ လျှင် ရွေးကောက်တင်မြှောက်ခြင်းဖြင့် အမတ်ဖြစ်လာသည်။ သို့ရာတွင် ထိုရွေးကောက် တင်မြှောက်ခြင်း စံနစ်မှာ ပြည်သူ လူထုက ရွေးကောက်ခြင်း မဟုတ်ဘဲ

ဥရောပတိုက်သား များသော ပါဝင် ဖွဲ့စည်းထားသော မြန်မာ နိုင်ငံ ကုန်သည်ကြီး များအသင်းနှင့် ရန်ကုန်မြို့ စီးပွါးကုန်သွယ်ရေးအသင်းများမှ တဦးစီ ရွေးကောက် တင်မြှောက်ခြင်း ဖြစ်လေသည်။ ထိုကြောင့် ထိုစဉ်အခါက ဥပဒေပြု လွှတ်တော် တွင် တိုင်းပြည်လူထုက မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက် ထားသော ကိုယ်စား လှယ် တဦးတယောက်မျှ မပါရှိပေ၊ မြန်မာ ပါဝင်သော အိန္ဒိယနိုင်ငံ တနိုင်ငံလုံး အတွက် ဗဟိုဥပဒေပြု လွှတ်တော်တွင်လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ် တဦး သာလျှင် စေလွှတ်ခွင့် ရခဲ့လေသည်။ အခြား ပြည်နယ်များမှာမူကား ၂ ယောက် ၃ ယောက်စသည်ဖြင့် ကိုယ်စားလှယ် ဦးရေ ပိုမိုရရှိ ကြလေ၏။

၁၉၁၅ ခုနှစ်တွင် ဒုတိယ ဘုရင်ခံက ရွေးကောက် ခန့်ထားသော အမတ်ဦးရေ ကို ၁၄ ဦးမှ ၁၅ ဦးသို့ တိုးမြှင့်လိုက်၍ ရွေးကောက် တင်မြှောက်သော အမတ် ဦးရေ ကိုလည်း ၁ ယောက်မှ ၂ ယောက်သို့ တိုးမြှင့် လိုက်၏။ ၁၉၁၅ ခုနှစ်တွင် အတည် ပြုသော အိန္ဒိယကောင်စီ အက်ဥပဒေအရ ဥပဒေပြု မင်းတိုင်ပင် အမတ် ဦးရေကို ၂၈ ယောက်သို့ တိုးမြှင့်လိုက်ပြန်လေသည်။ ဒုတိယဘုရင်ခံသည် ဥပဒေပြု အဖွဲ့တွင် ဥက္ကဋ္ဌ အဖြစ်နှင့်ပင် ဆောင်ရွက် ရလေသည်။ အမတ်ပေါင်း ၂၈ ယောက်အနက် ဥရောပတိုက်သားများသာပါသော မြန်မာကုန်သည်ကြီးများ အသင်းမှ ကိုယ်စား လှယ်တယောက်၊ ဥရောပတိုက်သားများသာပါသော ရန်ကုန်မြို့ စီးပွါးကုန်သွယ် ရေးအသင်းမှ ကိုယ်စားလှယ်တယောက် ထပ်မံပါရှိ၍ ကျန် ၂၆ ယောက်မှာ ဒုတိယ ဘုရင်ခံက မိမိ၏ သဘောအတိုင်း အိန္ဒိယ ဘုရင်ခံချုပ်ကြီး၏ အမိန့်ကို နာယူ၍ ခန့်ထားသူများ ဖြစ်လေသည်။ ထိုသို့ ခန့်ထားသူများအနက် အစိုးရ အရာရှိ ဦးရေမှာ ၁၂ ယောက်ထက် မပိုစေရဟု ဥပဒေဖြင့် ကန့်သတ်ထားသည်။ ကျန် အမတ် ၁၄ ယောက်တွင် မြန်မာလူမျိုး ၉ ယောက်၊ ကုလားနှင့် တရုပ် ၃ ယောက် အခြားလူမျိုး ၂ ယောက် ဖြစ်လေသည်။ ဥပဒေပြုရာ၌ အထူး ကျွမ်းကျင်သူ ၂ ယောက်ထက် မများသောသူများကိုလည်း ယခင်ကကဲ့သို့ပင် ဒုတိယ ဘုရင်ခံ ကခန့်ထားနိုင်လေသေးသည်။ ထိုဥပဒေပြု အဖွဲ့ဝင်တို့၏ သက်တမ်းမှာ ၃ နှစ် ဖြစ်လေ သည်။

ထိုအချိန် အခါတွင် ပဌမ ကမ္ဘာစစ်ကြီး ဖြစ်ပွါးလျက်ရှိရာ ၁၉၁၅ ခု၊ ၁၉၁၆ ခု နှင့် ၁၉၁၇ ခု နှစ်ဦးအထိ ဗြိတိန်နှင့် မဟာမိတ် နိုင်ငံများသည် စစ်ရေး နိမ့်လျက် ရှိလေသည်။ ဂျာမနီသည် စစ်ပွဲအများဘဉ်ပင် အောင်ပွဲများ ရလျက်ရှိရာ ဗြိတိန်၊ ပြင်သစ် စသော ကိုလိုနီ လက်ကိုင်ရှိသည့် နိုင်ငံများသည် စစ်အောင် နိုင်ရေး အ တွက် လက်အောက်ခံ နိုင်ငံများ၏ အကူအညီကို အများဆုံး ရရှိရန် နည်းအမျိုးမျိုး

ဖြင့် ကြိုးပမ်း ကြရလေသည်။ ထိုသို့ အကူအညီ အများဆုံး ရရှိနိုင်ရန် အတွက် လက်အောက်ခံ နိုင်ငံများ ကျေနပ် လောက်အောင် ကတိကဝတ် ပြုကြသည်ကို လည်း စတင်တွေ့ရှိ နိုင်ပေသည်။ ဗြိတိသျှ အစိုးရ အဖွဲ့ဝင် အိန္ဒိယ နိုင်ငံဆိုင်ရာ ဝန် ကြီး မစ္စတာ မွန်တေဂူသည် ၁၉၁၇ ခု ဩဂုတ်လ ၂၀ ရက်နေ့တွင် ဗြိတိသျှပါလီမန် လွှတ်တော်၌ အရေး ကြီးသော ကျေညာချက် တရပ်ကို ထုတ်ပြန် လိုက်၏။ ထို ကျေညာချက်မှာ အခြားမဟုတ်၊ မြန်မာပြည်အပါအဝင် အိန္ဒိယနိုင်ငံသည် ဗြိတိသျှ အင်ပါယာအတွင်း၌ တဖြည်းဖြည်း ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိစေမည်ဟူသော ကျေညာချက်ပင် ဖြစ်လေသည်။ လွှတ်လပ်ရေးအတွက် စိတ်စောလျက်ရှိကြသော မြန်မာ လူထုသည် ထိုကျေညာချက် အတွက် အနည်းငယ် အားတက်လာကြ၏။ သို့ရာတွင် မြန်မာလူမျိုးများ လိုလားတောင့်တသော လွှတ်လပ်ရေးအစစ် အမှန်ကို ဗြိတိသျှတို့သည် မည်သည့်နည်းနှင့်မျှ အလွယ်တကူ ပေးမည်မဟုတ် ဟူ၍လည်း တထစ်ချ မှတ်ယူ ကြလေသည်။

၁၉၁၉ ခု အုပ်ချုပ်ရေး အက်ဥပဒေ

ပဌမ ကမ္ဘာစစ်ကြီးသည် ၁၉၁၈ ခုနှစ်တွင် ပြီးဆုံး၍ ၁၉၁၉ ခုနှစ်တွင် အိန္ဒိယ နိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေဟူသော ဥပဒေ တရပ်ကို ဗြိတိသျှ ပါလီမန်တွင် တင်သွင်းခဲ့ လေသည်။ ထိုဥပဒေအရ အိန္ဒိယပြည်သူ ပြည်သား များသည် နိုင်ငံရေး အခွင့် အာဏာများကို အနည်းငယ် တိုးတက်ရရှိ ကြမည် ဖြစ်၏။ သို့ရာတွင် ထူး ဆန်းသော အချက်ကား ထိုဥပဒေတွင် မြန်မာပြည်ကို ချန်လှပ် ထားခဲ့ခြင်း ဖြစ် လေသည်။ လွှတ်လပ်ရေးဆန္ဒ ပြင်းပြကြသော မြန်မာလူမျိုးတို့သည် ထိုကဲ့သို့ ချန်လှပ်ထားသည်ကို အပြင်း အထန် ကန့်ကွက် ကြ၏။ မြန်မာတို့သည် အိန္ဒိယနှင့် အင်္ဂလန်ပြည်များသို့ပင် ကိုယ်စားလှယ်များ စေလွှတ်၍ အရေးဆိုခဲ့ ကြသည်။ ပြည်တွင်းဘဉ်လည်း အမျိုးမျိုးသော နည်းတို့ဖြင့် အနှံ့ အပြား ကန့်ကွက် ကြလေ သည်။ ထိုကဲ့သို့ အိန္ဒိယ နိုင်ငံရေး အခွင့်အရေးများ ပိုမို ပေးအပ်လျက် မြန်မာပြည် ကို ချန်လှပ် ထားလိုက်ခြင်းသည် မြန်မာတို့၏ ငြိမ်သက်လျက် ရှိသော မျိုးချစ် စိတ်ဓာတ်ကို အသစ်တဖန် ပြန်လည်၍ ပြင်းထန် လာစေရန် နှိုးဆွပေးလိုက်ခြင်း ပင် ဖြစ်၏။ ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်သော ရန်ကုန် တက္ကသိုလ် သပိတ် အရေးတော်ပုံကြီးသည် အဓိက အားဖြင့် ပညာရေး တော်လှန်မှုကြီးပင် ဖြစ်သော် လည်း နိုင်ငံရေး စိတ်ဓာတ်များ တက်ကြွလာခြင်း၏ သာဓက တရပ် ဖြစ်ပေသည်။

ထိုအချိန်တွင် ဗြိတိသျှ ပါလီမန်၌ မွန်တေဂူ ချမ်းစ်ဖို့ထံ စီမံကိန်းခေါ် အိန္ဒိယ ပြည်အုပ်ချုပ်ရေး ဥပဒေ တရပ်ကို ဗြိတိသျှ ပါလီမန်က ပြဋ္ဌာန်း အတည်ပြုလိုက်လေသည်။ ထိုဥပဒေကို ၁၉၂၁ ခုနှစ်တွင် အိန္ဒိယ နိုင်ငံ၌ အတည်ပြုလိုက်သော်လည်း မြန်မာ ပြည်ကိုမူကား ချန်လှပ်၍ ထားခဲ့၏။ ထိုသို့ ချန်လှပ် ထားချိန်တွင် မြန်မာပြည်၌ နိုင်ငံရေး စိတ်ဓာတ်များလည်း ပိုမို ရင့်သန် လာသည်ကို တွေ့မြင်ရလေသည်။ ထိုအခါက စံနစ်တကျဖွဲ့စည်း တည်ထောင် ထားသော နိုင်ငံရေး ပါတီ မရှိသော်လည်း ဝိုင် အမ် ဘီ အေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းသည် နိုင်ငံကောင်းစားရေး အတွက် ထထ ကြွကြွ ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရလေသည်။ မြန်မာလူမျိုးများသည် နိုင်ငံရေးမျက်စိ ပွင့်လင်းလာသည်နှင့် အမျှ ဝိုင်အမ် ဘီအေ အသင်းသည်လည်း နိုင်ငံရေး ကိစ္စများကိုပင် ဆောင်ရွက်စပြုသည်ကို တွေ့ရပေသည်။ ၁၉၁၉ ခုနှစ်တွင် အထက်ဖော်ပြပါ မွန်တေဂူ ချမ်းစ်ဖို့ထံ စီမံကိန်းကို ဗြိတိသျှ ပါလီမန်က အတည်ပြု လိုက်သော အခါ ဝိုင်အမ်ဘီအေ အသင်းသည် အင်္ဂလန်ပြည်သို့ ကိုယ်စားလှယ် အဖွဲ့တဖွဲ့စေလွှတ်၍ ထိုစီမံကိန်း အတွင်း၌ မြန်မာပြည် ပါဝင်နိုင်ရန်အတွက် အရေးဆို ခဲ့လေသည်။

ထိုအချိန်တွင် ဝိုင်အမ် ဘီ အေ အသင်း၌ လူကြီးဂိုဏ်းလူငယ်ဂိုဏ်းဟူ၍ ၂ဂိုဏ်းကွဲထွက် လာခဲ့ရာ လူငယ်ဂိုဏ်း၏ လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံကို မွန်တေဂူ ချမ်းစ်ဖို့ထံ စီမံကိန်း အတွင်း၌ အကျုံးဝင်စေ၍ မြန်မာလူမျိုးတို့သည် တဖြည်းဖြည်း နိုင်ငံရေး အာဏာကို တိုးတက်ရရှိပြီးလျှင် နောက်ဆုံး၌ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေးရသော နိုင်ငံတနိုင်ငံအဖြစ် ဗြိတိသျှ ဓနသဟာယအတွင်း၌ ပါဝင်ရန် ဖြစ်လေသည်။ လူကြီးဂိုဏ်း၏ ရည်ရွယ်ချက်မှာ ထိုစဉ် အခါက ဒုတိယ ဘုရင်ခံ ဆာရယ် ဂျီနယ်ကရက်ဒေါက်က ရေးဆွဲစီမံထားသော စီမံကိန်းအရ အုပ်ချုပ်သည်ကို လက်ခံရန် ဖြစ်လေသည်။ တိုင်းပြည် လူထုသည် လူကြီးဂိုဏ်း၏ ဝါဒကို လက်မခံ သဖြင့် လူငယ်ဂိုဏ်းသည် အရေးပါသော နိုင်ငံရေး ပါတီ တခု ဖြစ်လာ ခဲ့လေသည်။ ၁၉၂၀ ခုနှစ်တွင် ဝိုင်အမ်ဘီအေ အသင်းမှ လူငယ်ဂိုဏ်းခေါင်းဆောင်များသည် ဂျီစီဘီအေ ခေါ် နိုင်ငံရေး အသင်းအဖွဲ့ အားလုံးကို ပေါင်းစည်းလျက် နိုင်ငံရေး ညီလာခံကြီး တခုကို ခေါ်ယူ ကျင်းပနိုင်ခဲ့လေသည်။ ထို့နောက် ဂျီစီဘီအေမှ တဖန် ၂၁ ဦးပါတီ နှင့် လှိုင် ပု ကျော် ပါတီဟူ၍ ၂ သင်းကွဲပြီးလျှင် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ဝါဒများကို တိုင်းပြည်သို့ အသီး အသီး ကျေညာ ကြပြန်လေသည်။

ဗြိတိသျှ ပါလီမန်က ပြဋ္ဌာန်း အတည်ပြုလိုက်သော မွန်တေဂူ ချမ်းစ်ဖို့ထံ စီမံကိန်းကို ၁၉၂၃ ခုနှစ်တွင် မြန်မာပြည်နှင့် သက်ဆိုင် စေသည်ဟု ဗြိတိသျှ အစိုးရ

က ကျေညာ လိုက်၏။ ထိုဥပဒေ စီမံကိန်း အရ မြန်မာပြည်သည် ယခင်ကကဲ့သို့ ဒုတိယ ဘုရင်ခံအုပ်ချုပ်သော ပြည်နယ် မဟုတ်တော့ဘဲ ဘုရင်ခံ အုပ်ချုပ်သော ပြည်နယ် ဖြစ်လာ၏။ ဥပဒေသစ် အရ မြန်မာ နိုင်ငံ ဥပဒေပြု အဖွဲ့ဝင် အမတ်နေရာ ပေါင်း ၁၀၃ နေရာအထိ တိုးခဲ့လိုက်၏။ ထို ၁၀၃ ယောက်အနက် မဲဆန္ဒပေးခွင့်ရသူ ၂ သန်းလောက်က ရွေးကောက် တင်မြှောက်ရသော အမတ်ဦးရေသည် ၈၀ ဖြစ်၍ ဘုရင်ခံ၏ သဘော အတိုင်း ခန့်ထားသော အမတ်ဦးရေ ၂၁ ဦး ဖြစ်လေသည်။ ရာထူး အားလျော်စွာ ဝင်ရောက် ဆောင်ရွက် ရသူ အမတ် ဦးရေမှာ ၂ ယောက် ဖြစ်လေသည်။ ဘုရင်ခံက ရွေးချယ် ခန့်ထားသော အမတ်များ အနက် အစိုးရ အမှုထမ်း ဦးရေမှာ ၁၄ ယောက်ထက် မပိုရချေ။ ရွေးကောက် တင်မြှောက်သော အမတ် ၈၀ အနက် ၂၂ ယောက်မှာ မြို့ကြီး ၈ မြို့အတွက် ဖြစ်လေသည်။ ယင်းတို့ အနက် ၈ ယောက်မှာ ကုလားလူမျိုးများ အတွက် ဖြစ်၏။ ကျေးလက် နယ်များမှ ရွေးကောက်တင်မြှောက် ရသော အမတ် ၄၉ ယောက်အနက် ၅ ယောက်မှာ ကရင် အမျိုးသားများ အတွက် ဖြစ်လေသည်။ ကျန် ၉ ယောက်မှာ ဥရောပ တိုက်သား အတွက် တယောက်၊ အင်္ဂလိပ်ကပြားများအတွက် တယောက်၊ ဥရောပတိုက်သား များသာ ပါဝင်သော ကုန်သည် ကြီးပျားအသင်းပှ ၂ ယောက်၊ တရုပ် ကုန်သည်ကြီးများ အသင်းမှ တယောက်၊ ကုလားကုန်သည်ကြီးများ အသင်းမှ တယောက်၊ မြန်မာ ကုန်သည်ကြီးများ အသင်းမှ တယောက်၊ ဥရောပတိုက်သားများသာ ပါဝင်သော ရန်ကုန်မြို့ စီးပွါး ကုန်သွယ်ရေး အဖွဲ့မှ တယောက်၊ ရန်ကုန် တက္ကသိုလ်မှ တယောက် ဖြစ်လေသည်။

ဒိုင်အာကီ စံနစ်

အထက်ပါ အုပ်ချုပ်ရေး စံနစ်ဖြင့် ၁၉၂၁ ခုနှစ်တွင် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရာ ထိုစံနစ်ကို 'ဒိုင်အာကီ' စံနစ်ဟု အခွျိုက ခေါ်ဝေါ်ကြလေသည်။ ဒိုင်အာကီဆိုသော သိုးဆောင်းတို့၏ စကားအဓိပ္ပါယ်မှာ ၂ ခြမ်းခွဲ၍ အုပ်ချုပ်သော စံနစ်ကို ဆိုလိုသည်။ အဓိပ္ပါယ်ကား ဌာနများကို အင်္ဂလိပ် ကိုယ်စား ဘုရင်ခံက တခြမ်း၊ မြန်မာလူထုက ရွေးကောက် တင်မြှောက်သော အမတ်များက တခြမ်း ခွဲ၍ အုပ်ချုပ်သည်ဟု ဆိုလေသည်။ အမှန်မှာ ဒိုင်အာကီဟူသော ဝေါဟာရသည် မှားယွင်း နေပေသည်။ အဘယ်ကြောင့် ဆိုသော် စီမံ အုပ်ချုပ် ရသော ဌာန ဦးရေသည် ထိုအခါက ၁၀၂ ခု ရှိသည့် အနက် ရွေး

ကောက်တင်မြောက် ထားသော အမတ်များက ဝင်ရောက် စွက်ဖက်နိုင်သောဌာန များမှာ ၂၂ ခုသာ ရှိလေသည်။ ထို့မျှသာမကသေး၊ အမတ်များ ရွေးကောက်ရာ၌ လည်း အရွယ်ရောက်သူတိုင်း မဲဆန္ဒပေး၍ ရွေးကောက်ခြင်း မဟုတ်ဘဲ ပစ္စည်း အတော်အတန် ရှိသူ လူလတ်တန်းစားနှင့် အထက်တန်းစား တို့ကသာလျှင် ဒရွေး ကောက် နိုင်သော ကျဉ်းမြောင်းလှသည့် မဲဆန္ဒပေးသော စံနှစ်အရ ရွေးကောက် တင်မြောက်ခြင်းသာဖြစ်၏။ ထိုအခါက မြန်မာနိုင်ငံတွင် လူဦးရေ ၁၂ သန်းကျော် ခန့် ရှိသည့်အနက် မဲဆန္ဒ ပေးနိုင်သော လူဦးရေမှာ ၂ သန်းကျော်မျှသာ ရှိလေ သည်။ သို့ရာတွင် ထိုစဉ် အခါက အိန္ဒိယ နိုင်ငံရှိ ပြည်နယ်များ၌ မဲဆန္ဒပေး နိုင်သော လူဦးရေနှင့် နှိုင်းစာလျှင် မြန်မာနိုင်ငံက အချိုးအစား အနည်းငယ် ပိုမို များပြား သည်ကို တွေ့ရ ပေသည်။ အုပ်ချုပ် ရသောဌာနပေါင်း ၁၀၂ ဌာန ရှိသည့်အနက် မီးရထား၊ စာတိုက်၊ ဆိပ်ကမ်း၊ အကောက်တော်ခွန်အစရှိသည့် ၄၇ ဌာနကို မြန်မာ နိုင်ငံက မည်ကဲ့သို့မျှ ဝင်ရောက်စွက်ဖက်နိုင်ခွင့် မရှိဘဲ အိန္ဒိယဗဟိုအစိုးရက ဒေလီမြို့ မှနေ၍ အုပ်ချုပ်၏။ ကျန် ၅၅ ဌာနရှိသည့် အနက် ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ ပြည် ထဲရေး စသော အရေးကြီးသည့် ဌာန ၃၃ ခုကို ဘုရင်ခံက သိမ်းပိုက် အုပ်ချုပ်လျက် ရှိလေသည်။ ပညာရေးနှင့် သစ်တောရေး အပါအဝင် ကျန် ၂၂ ဌာနကိုသာ လျှင် လွှဲပြောင်းပေးသော ဌာနများ ဟူ၍ အမည်တပ်ပြီးလျှင် မြန်မာ နိုင်ငံ ဥပဒေပြု အဖွဲ့က အုပ်ချုပ်ရလေသည်။ ဘုရင်ခံက သိမ်းပိုက်ထားသော ၃၃ ဌာနကို အုပ်ချုပ်ရန် အတွက် ဘုရင်ခံ၏ သဘော အတိုင်း ခန့်ထားသော အမှုဆောင် အဖွဲ့ ဝင် ခေါ်သည့် ဝန်ကြီး နှစ်ဦးက အုပ်ချုပ်ဆောင်ရွက်၍ ကျန်လွှဲပြောင်းပေးသော ဌာန ၂၂ ဌာနကို အုပ်ချုပ် ဆောင်ရွက်ရန် အတွက် ဥပဒေပြု အဖွဲ့ဝင် ရွေးကောက် တင်မြောက်ထားသော အမတ်များထဲမှ ဘုရင်ခံ သဘောကျမည့် အမတ် ၂ ဦး ကို ဝန်ကြီးများ အဖြစ် ခန့်ထား၍ အုပ်ချုပ် စေသည်။ ထိုဝန်ကြီးတို့မှာ လခ ငါးထောင်စီရကြသဖြင့် ထိုစဉ် အခါက ခေါ်ရန် လွယ်ကူစေခြင်းငှါ ငါးထောင်စား များဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အုပ်ချုပ်မှု ဌာန ၁၀၂ ခုရှိသည့် အနက် ၂၂ ခုကိုသာလျှင် ရွေးကောက်တင်မြောက်လိုက်သော အမတ်များက စီမံအုပ်ချုပ် ရလေရာ ထိုအုပ်ချုပ်နည်းစံနှစ်မျိုးကို ဒိုင်အာကီဟူ၍ ခေါ်ဝေါ်ခဲ့သည်မှာ မမှန် ပေ။ တနည်းအားဖြင့် ဆိုသော် ဌာန ငါးပုံ တပုံသာလျှင် ပြည်သူ့ အမတ်များက အုပ်ချုပ်ရခြင်း ဖြစ်ပေသည်။ ပြည်သူ့ အမတ်ဟူ၍ ခေါ်ဆိုလိုက်ရသော်လည်း အရွယ်ရောက်သူတိုင်း မဲဆန္ဒပေး၍ ရွေးကောက် တင်မြောက်ရသော တကယ့်လူထု

အမတ် ဖြစ်သည်ဟူ၍ ပြောနိုင်ရန် ခဲယဉ်း၏။ အခွန်ပေးသော သူများ၊ အိမ်လခ ပေးသော သူများ၊ လခစားများသာလျှင် မဲဆန္ဒ ပေးနိုင်ကြသည်။ ထို့ကဲ့သို့ ၂၂ ဌာနဟူသော လွှဲပြောင်းပေးထားသည့် ဌာနများကို ရွေးကောက် တင်မြောက် ထားသည့် အမတ်များက စီမံခန့်ခွဲ ရသည်ဟု ဆိုစေကာမူ ဘုရင်ခံတွင် 'ဗီတို' ခေါ် ပယ်ဖျက်နိုင်သော အာဏာရှိ၏။ ထို့မျှသာ မကသေး၊ ဥပဒေပြု လွှတ်တော်က ပြဋ္ဌာန်းခြင်း မပြုသော ကိစ္စ အရပ်ရပ်ကိုပင် ဘုရင်ခံ၏ သဘောအတိုင်း ပြဋ္ဌာန်း နိုင်ခွင့်ရှိ၏။ ထို့ကြောင့် ထိုအုပ်ချုပ်ရေးသည် ယခင်က အုပ်ချုပ်ရေးများနှင့် နှိုင်းစာလျှင် အတော်အသင့် တိုးတက်ကောင်းမွန်လာသည်ဟု ဆိုနိုင်သော်လည်း မည်မည်ရရ ပြောပထောက်သော နိုင်ငံရေး အာဏာကို လူထုသည်မရရှိခဲ့ပေ။ ထို ကြောင့် မျိုးချစ်နိုင်ငံ ခေါင်းဆောင်တို့သည် ဒိုင်အာကီ အုပ်ချုပ်ရေး စံနှစ်ကို မကျေနပ်ဘဲ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေး အတွက် ဆက်လက်၍ အရေးဆိုကြပြန် လေသည်။

ဒိုင်အာကီ အုပ်ချုပ်ရေး စံနှစ်အရ ပြည်သူ လူထု၏ လက်ထဲသို့ နိုင်ငံရေး အာဏာမရောက်သည်မှာ မှန်သော်လည်း ဒီစတြိတ်ကောင်စီခေါ် လူထုကိုယ်စား လှယ်များက အုပ်ချုပ်ရသည့် ခရိုင်ကောင်စီများ ပေါ်ပေါက်လာခြင်းကား မှတ် သား ဖွယ်ရာ ဖြစ်ပေသည်။ အိန္ဒိယတွင် ထိုဒီစတြိတ်ကောင်စီများကို နှစ်ပေါင်း ၄၀ ခန့် စောလျှင် တွေ့မြင်ကြရသော်လည်း မြန်မာနိုင်ငံတွင်မူကား ၁၉၂၁ ခုနှစ်က ပြဋ္ဌာန်း အတည်ပြုလိုက်သော ကျေးလက် ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေ အရသာလျှင် ပေါ်ပေါက်လာခဲ့၏။ ထိုဒီစတြိတ်ကောင်စီများသည် ကျေးလက် အုပ်ချုပ်ရေးတွင် များစွာ အခွင့် အာဏာ မရရှိကြသော်လည်း ရွေးကောက်တင်မြောက်သောနည်း ဖြင့် အချို့သော ကိစ္စရပ်များကို အုပ်ချုပ်ခွင့် ရသည့် အတွက် ကိုယ်ပိုင် အုပ်ချုပ် ရေးတွင် ထိုင်းပြည်လူထုသည် အလေ့ အကျင့် စတင်၍ ရရှိကြလေသည်။

၁၉၃၇ ခု အုပ်ချုပ်ရေး အက် ဥပဒေ

၁၉၂၀ ခုနှစ်ကျော်လောက်မှစ၍ မြန်မာနိုင်ငံ နိုင်ငံရေး လှုပ်ရှားမှုများသည် ပိုမို ပြင်းထန် လာခဲ့လေသည်။ နိုင်ငံရေး ပါတီများသည် ကိုယ်ပိုင် အုပ်ချုပ်ရေးကို တောင်းဆိုလာကြ၏။ သို့ရာတွင် ထိုစဉ် အခါက မြန်မာနိုင်ငံ တမျိုးသားလုံးအား တိကျပြတ်သားသော နိုင်ငံရေးဝါဒနှင့် နိုင်ငံရေး လမ်းစဉ်ကို ပြ၍ အမျိုးသား အင် အားကို စုစည်းပေးနိုင်သော နိုင်ငံရေးအဖွဲ့အစည်းများ မရှိခဲ့ပေ။ အိန္ဒိယ ကွန်ဂရက်

၁၉၃၁ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ အတွက် သီးသန့် မျက်နှာစုံညီ ဆွေးနွေးပွဲ တရပ်ကို လန်ဒန်မြို့၌ ကျင်းပပြန်လေသည်။ ထိုဆွေးနွေးပွဲတွင် မြန်မာ နိုင်ငံမှ ကိုယ်စားလှယ် ၂၄ ဦးနှင့် ဖြိတိသျှ ကိုယ်စားလှယ် ၉ ဦးတို့ တက်ရောက်ကြ၏။ ထိုဆွေးနွေးပွဲတွင် ခဲ့ရေးနှင့် အနာဂတ် အုပ်ချုပ်ရေးတို့ကို ထပ်မံ စဉ်းစားကြရပြန်၏။ ခဲ့ရေး တံ့ရေးနှင့် စပ်လျဉ်း၍ အသေးစိတ် စဉ်းစားကြပြီးနောက် ထိုပြဿနာကို မဲပေးခြင်းအားဖြင့် မြန်မာနိုင်ငံသားတို့အား ဆုံးဖြတ်ခွင့်ပြုစေရန် သဘောတူညီခဲ့ကြလေသည်။ ခဲ့ရေးတံ့ရေး ပြဿနာသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား နိုင်ငံရေးတွင် ပိုမိုစိတ်ဝင်စား လာစေခဲ့၏။ ရွေးကောက်ပွဲများကို ၁၉၃၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ကျင်းပလေသည်။ ယင်းမှာ ဥပဒေပြု လွှတ်တော်၏ သာမန် ရွေးကောက်ပွဲပင် ဖြစ်သော်လည်း ခဲ့ရေး တံ့ရေး ပြဿနာကို အဓိကထား၍ ကျင်းပခြင်း ဖြစ်လေသည်။ ခဲ့ရေး သမားတို့၏ ဝါဒမှာ မြန်မာနိုင်ငံကို အိန္ဒိယမှ ချက်ခြင်းခဲ့၍ ကိုယ်ပိုင် အုပ်ချုပ်ရေး အတွက် ဆက်လက် စကားဆိုရန် ဖြစ်လေသည်။ တံ့ရေး သမားတို့၏ ဝါဒမှာ မြန်မာ နိုင်ငံကို အိန္ဒိယနိုင်ငံနှင့် ဒိုမီနီယံ အဆင့်အတန်းသို့ရောက်သည် အထိသာ ယာယီတံ့လိုခြင်း ဖြစ်လေသည်။ ထိုသို့ ယာယီအားဖြင့်တံ့လိုသော ဆန္ဒကို ဖြိတိသျှအစိုးရက လိုက်လျောရန်သဘောမတူ ခဲ့သဖြင့် လူထု၏ဆန္ဒကိုယူ၍ ခဲ့မည် တံ့မည်ဟူသော ပြဿနာကို ယတိပြတ်ဆုံးဖြတ် စေခြင်း ဖြစ်လေသည်။

ရွေးကောက်ပွဲများ ပြီးစီးသော အခါတွင် တံ့ရေး အမတ် ဦးရေက ပိုမိုများပြားလေသည်။ သို့ရာတွင် ဥပဒေပြု လွှတ်တော် စတင် ကျင်းပသော ၁၉၃၃ ခုနှစ် ဇွန်လ အစည်းအဝေးတွင် ခဲ့ရေး တံ့ရေး ပြဿနာမှာ ဥပဒေပြုလွှတ်တော်တွင် ထပ်မံပေါ်ပေါက်လာပြန်သော်လည်း အတိအကျ ဆုံးဖြတ်ချက်ကို မပြုလုပ်နိုင်ကြပေ။ ဤပြဿနာမှာ မြန်မာနိုင်ငံ အတွက် လွှတ်တော်က ယတိပြတ် အဆုံး အဖြတ် မပေးနိုင်ဟု ဆို၍ ဖြိတိသျှ ပါလီမန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် မှ ၁၄ ဦးစီ ပါဝင်သော တံ့ဖက်ကော်မီတီအား ဆုံးဖြတ်ရန် တာဝန် လွှဲလိုက်သော အခါ ထိုကော်မီတီသည် ခဲ့ရေးကို ဆုံးဖြတ်လိုက်၏။ ထိုကော်မီတီ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့၏ အနာဂတ် အုပ်ချုပ်ရေး အကြံပေးချက်များ ပါဝင်၍ ယင်းတို့ကို မူတည်ကာ ၁၉၃၅ ခု အိန္ဒိယ နိုင်ငံဥပဒေနှင့် ၁၉၃၅ ခု မြန်မာ နိုင်ငံ ဥပဒေတို့ ပေါ် ပေါက်လာခဲ့လေသည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပေါ် ပေါက်ခဲ့သော ရန်ကုန်တက္ကသိုလ် သပိတ်နှင့် စပ်လျဉ်း၍ အထက်တွင် အနည်းငယ် ဖော်ပြပြီး ဖြစ်ပေသည်။ ပြင်း

ခေါင်းဆောင်၍ လွှတ်လပ်ရေးလှုပ်ရှားမှုများ ပိုမိုး၍ ပြင်းထန်လာကြောင်းကို တွေ့ရ၏။ ထိုအခါတွင် ဖြိတိသျှ အစိုးရသည် မြန်မာနိုင်ငံကို အိန္ဒိယမှ ခဲ့ထုတ်၍ သီးခြား ပြည်နယ် ပြုလုပ်ပေးရန် စတင်စီမံလေသည်။ မြန်မာနိုင်ငံ၌ ခဲ့ရေး တံ့ရေး ပြဿနာနှင့် စပ်လျဉ်း၍ နိုင်ငံရေး အယူအဆ ၂ ဂိုဏ်းကွဲလေသည်။ ထိုကဲ့သို့ ခဲ့ခြားသော အယူအဆကြောင့်ပင်လျှင် နိုင်ငံရေးခေါင်းဆောင်များသည် နယ်လှည့်၍နိုင်ငံရေး တရားပွဲများကျင်းပပြုလုပ်ကြလေရာ လူထုသည်ပိုမိုနိုးကြား ထကြွလာလေသည်။

မြန်မာနိုင်ငံ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ အတည်တကျ စုံစမ်း မေးမြန်းရန် ဖြိတိသျှ အစိုးရသည် ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်သော ကော်မရှင် အဖွဲ့တဖွဲ့ကို ၁၉၂၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့၏။ ထိုအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ရန် အမတ် ၇ ဦး ပါဝင်သော မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ဥပဒေပြု လွှတ်တော်က ဖွဲ့စည်းပေးရလေသည်။ ရည်ရွယ်ချက်မှာ လုံးဝ တာဝန်ရှိသော အုပ်ချုပ်ရေးသစ် အတွက် လက်တလော လိုအပ်သော ကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ဖြစ်လေသည်။ထိုအဖွဲ့သည်၎င်း၊ ဖြိတိသျှအစိုးရက စေလွှတ်သော ဆိုင်မွန် ကော်မရှင်သည်၎င်း မြန်မာပြည် အနာဂတ်အုပ်ချုပ်ရေးအတွက် သီးခြားအစီရင်ခံစာများကို ရေးသား တင်ပြကြရလေသည်။ မှတ်သားဖွယ် ကောင်းသော အချက် တရပ်မှာ အစီရင်ခံစာ ၂ ခုလုံးသည် မြန်မာနိုင်ငံကို အိန္ဒိယမှ ခဲ့ထုတ်ရန် ထောက်ခံသည်ကို တွေ့ရ၏။ ၁၉၂၉ ခု ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ ဥပဒေပြု လွှတ်တော်က မြန်မာနိုင်ငံအား အိန္ဒိယမှ ခဲ့ထုတ်ရန် အဆိုကို မဲမခဲရဘဲနှင့် ဆုံးဖြတ်အတည်ပြုလိုက်လေသည်။ဆိုင်မွန် ကော်မရှင်၏ ခဲ့ရေးထောက်ခံချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အစိုးရ၏ သဘောကို ဖြိတိသျှ အစိုးရက မေးမြန်းသော အခါတွင် လည်း မြန်မာနိုင်ငံ အစိုးရက ခဲ့ခွါရေးကို ထပ်မံ၍ ထောက်ခံ ပြန်လေသည်။

အိန္ဒိယမှ ခဲ့ခွါရေးနှင့် အုပ်ချုပ်ရေး အသစ် ပြဋ္ဌာန်းနိုင်ရန် အတွက် ၁၉၃၀ ခုနှစ်တွင် ပဌမမျက်နှာစုံညီ အစည်းအဝေး တရပ်ကို လန်ဒန်မြို့တွင် ကျင်းပရာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြလေသည်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်များ တက်ရောက်ရခြင်းမှာ သီးခြားတက်ရောက်ခြင်း မဟုတ်ဘဲ အိန္ဒိယ ကိုယ်စားလှယ် အဖွဲ့တွင် ပါဝင်သူများ အဖြစ် တက်ရောက်ရခြင်း ဖြစ်လေသည်။ ထိုမျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆိုင်ရာ အဖွဲ့ခဲ့ တခုကို ဖွဲ့စည်းပေး၍ ထိုအဖွဲ့က မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းရလေသည်။ ထိုအဖွဲ့ခဲ့သည် ခဲ့ရေးကို ထောက်ခံ၍ ခဲ့ရေးနှင့် စပ်လျဉ်း၍ ပေါ် ပေါက်လာမည့် အချက်များကို ဖော်ပြသည့် အစီရင်ခံစာကို တင်သွင်းခဲ့၏။

အောက်လွှတ်တော်ဖွဲ့စည်းပုံ

ခရိုင် ၃၂ ခုမှ ကျေးလက် အမတ်များ	၇၇ ယောက်
မြို့ကြီး ၈ မြို့မှ မြို့မ အမတ်များ	၁၄ ယောက်
ခရိုင် ၇ ခုမှ ကရင်အမတ်များ	၁၂ ယောက်
မြို့ကြီး ၅ မြို့မှ ကုလား အမတ်များ	၈ ယောက်
အင်္ဂလိပ် မြန်မာ ကပြားအမတ်	၂ ယောက်
ဥရောပတိုက်သားအမတ်	၃ ယောက်
မြန်မာ အလုပ်သမား အမတ်	၂ ယောက်
ကုလားအလုပ်သမားအမတ်	၂ ယောက်
မြန်မာလူမျိုး ကုန်သည်ကြီးများ အသင်းမှ	၁ ယောက်
ကုလားလူမျိုး ကုန်သည်ကြီးများ အသင်းမှ	၂ ယောက်
ဥရောပတိုက်သား ကုန်သည်ကြီးများ အသင်းမှ	၅ ယောက်
တရုပ်လူမျိုး ကုန်သည်ကြီးများ အသင်းမှ	၁ ယောက်
ချစ်တီးယား အသင်းမှ	၁ ယောက်
ဥရောပတိုက်သားများ စီးပွါးကုန်သွယ်ရေး အသင်းမှ	၁ ယောက်
ရန်ကုန် တက္ကသိုလ် အဖွဲ့မှ	၁ ယောက်
စုစုပေါင်း	၁၃၂ ယောက်

အထက်ပါ စာရင်းကို လူဦးရေ အလိုက် ပြန်လည် ဆန်းစစ်ပါက အောက်ပါ အမျိုးအစား အတိုင်း ပါဝင်သည်ကို တွေ့နိုင်ပေမည်။

လမျိုး	အရေအတွက်	ရာခိုင်နှုန်း	လူဦးရေ ရာခိုင်နှုန်း
မြန်မာ	၉၀	၂၂	၈၂
ကရင်	၁၂	၉	၉
အိန္ဒိယ	၁၃	၉	၈
တရုပ်	၁	၁	၁
အင်္ဂလိပ်ကပြား	၂	၂	၁
ဥရောပတိုက်သား	၉	၇	၁

ထန်သော အမျိုးသား စိတ်ဓာတ်ကို စတင်ပျိုးထောင်ပေးသူတို့မှာ ထိုတက္ကသိုလ် သပိတ်ခေါင်းဆောင်များ ဖြစ်ကြသည်မှာ ထင်ရှား၏။ ထိုစဉ်အခါက တက္ကသိုလ် ကျောင်းသားတို့သည် တက္ကသိုလ် ဥပဒေနှင့် ပညာ သင်ကြားရေး စံနစ်ကို မနှစ်သက်၍ သပိတ်မှောက်ကြသည်။ ထိုသပိတ်သည် နိုင်ငံတွင်းရှိ စာသင်ကျောင်း အားလုံးသို့ ပံ့နှံ့သွားကာ တနိုင်ငံလုံးပင် တုန်လှုပ် သွားခဲ့လေသည်။ ထိုသပိတ်မှောက် အရေးပုံကြီးသည် တိုးတက်ကောင်းမွန်သော အုပ်ချုပ်မှု ရရှိရေးအတွက် နိုင်ငံခေါင်းဆောင်များ အရေးဆိုခြင်းကို များစွာအားပေးခဲ့၏။ ထိုသပိတ်ကြောင့် ပင်လျှင်နိုင်ငံအတွင်း၌ အမျိုးသားကျောင်းများ အနှံ့အပြား ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ထိုအမျိုးသားကျောင်းများသည်ပင် အမျိုးသားစိတ်ဓာတ်ကို ပိုမိုခိုင်မြဲအောင်မြေတောင် မြှောက်ပေးသည့် အင်အားစုကြီးများ ဖြစ်လာလေတော့သည်။

နိုင်ငံရေးနှင့် စပ်လျဉ်း၍ ကျောင်းသားများ အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက်ကြသည်မှာ ထိုအချိန်သာမက ၁၉၃၆ ခု နှစ်၌တကြိမ်၊ ၁၉၃၈ ခုနှစ်က တကြိမ် တက္ကသိုလ် ပညာသင်ကြားရေးနှင့် တက္ကသိုလ် ဥပဒေ ပြောင်းလဲရေးတို့ကို မူတည်၍ သပိတ်မှောက်ခဲ့ကြ၏။ ထိုစဉ် အခါက တက္ကသိုလ် ကျောင်းသား သမဂ္ဂသည် ကျောင်းသားတို့၏ နိုင်ငံရေးလမ်းပြ ဖြစ်ခဲ့လေသည်။ ကျောင်းသားအရေးပုံများတွင် ခေါင်းဆောင်များ ဖြစ်ခဲ့ကြသော ဗိုလ်ချုပ် အောင်ဆန်း၊ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးရာရှစ်၊ ဦးထွန်းဝင်း၊ ဗိုလ်ခင်မောင်ကလေး စသည့် ပဂ္ဂိုလ်များသည် နောက်ခေတ်တွင် နိုင်ငံ၏ ခေါင်းဆောင်ကြီးများ ဖြစ်လာကြမည်ကို ထိုစဉ်အခါက သတိပြုမိသူ အလွန်ပင် နည်းပါးပေလိမ့်မည်။

၁၉၃၅ ခုနှစ်တွင် ဖြိတိသျှ ပါလီမန်က မြန်မာနိုင်ငံအတွက် အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေသစ် တခုကို ပြဋ္ဌာန်းလိုက်ရာ ထိုအုပ်ချုပ်ရေး စံနစ်သစ် အတိုင်း မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်လိုက်၍ ၁၉၃၆ ခုနှစ် မကုန်မီ လွှတ်တော်ရွေးကောက်ပွဲများကျင်းပလေသည်။ ထိုဥပဒေသစ် အရ ရွေးကဲ့ ရှိခဲ့သော ဒိုင်အာကီ အုပ်ချုပ်ရေး စံနစ်သည် ကျယ်ပြန့်လာ၍ ၉၁ ဌာန အုပ်ချုပ်ရေးဟု အသိအမှတ် ပြုခြင်း ခံရသော အုပ်ချုပ်ရေးသစ်ကို စတင် အကောင် အထည် ဖော်လိုက်သည်။ ထို အုပ်ချုပ်ရေးသစ် အရ မြန်မာ နိုင်ငံတွင် အထက် လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ ဥပဒေပြု အဖွဲ့ ၂ ဖွဲ့ ပေါ် ပေါက်လာ၏။ အောက်လွှတ်တော်တွင် ၅ နှစ်တကြိမ် ရွေးကောက်တင်မြှောက်သော အမတ်ပေါင်း ၁၃၂ ယောက် ပါဝင်လေရာ ယင်းတို့မှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်လေသည်။

အထက်ပါ ဇယားကိုကြည့်လျှင် မြန်မာနိုင်ငံ တိုင်းရင်းသားများသည် အားလုံးသော လူဦးရေ၏ ၈၂ ရာခိုင်နှုန်းရှိသော်လည်း အောက်လွှတ်တော်တွင် ယင်းတို့ ရွေးကောက် တင်မြှောက်သော ကိုယ်စားလှယ်ရာခိုင်နှုန်းမှာ ၇၂ သာရှိသည်ကို တွေ့ရပေလိမ့်မည်။ ဥရောပ တိုက်သား များမှာ လူဦးရေအားလုံး၏ ၁ ရာခိုင်နှုန်း မျှသာ ရှိသော်လည်း အောက်လွှတ်တော်တွင် ယင်းတို့၏ ကိုယ်စားလှယ် အမတ်ဦးရေမှာ ၇ ရာခိုင်နှုန်းမျှ အရွေးခံရသည်ကို ထောက်၍ ယင်းတို့သည် မည်မျှ ရသင့်ရထိုက်သော အချိုးအစားထက် ပိုမိုရရှိသည်ကို တွေ့နိုင်ပေမည်။

ဒိုင်အာကီ စံနစ် အတွက် ရွေးကောက်ပွဲများ ကျင်းပစဉ်က မဲဆန္ဒ ပေးနိုင်သူ လူဦးရေမှာ နှစ်သန်းကျော်ရှိ၍ ယင်းတို့အနက် မိန်းမဦးရေမှာ တသိန်း နှစ်သောင်း ငါးထောင် (၁၂၅,၀၀၀)ပါဝင်ခဲ့ပေသည်။ နောက်ဆုံးကျင်းပသော ရွေးကောက်ပွဲများတွင်မူကား မဲဆန္ဒပေးနိုင်သူ လူဦးရေ နှစ်သန်း ခုနစ်သိန်း ငါးသောင်း (၂၇,၅၀,၀၀၀) ခန့် ဖြစ်လာ၍ ယင်းတို့အနက် အမျိုးသမီး ဦးရေမှာ ခြောက်သိန်း (၆,၀၀,၀၀၀) ခန့် ဖြစ်လာလေသည်။ မဲဆန္ဒပေးနိုင်ရန်အတွက် အရည်အချင်းများကိုလည်း ကန့်သတ် ထားသည်ကို တွေ့နိုင် ပေသည်။ အမြတ်တော်ကြီး ပေးဆောင်သူ၊ သို့မဟုတ် သုံးနှစ်ဆက်၍ လူခွန်တော် သို့မဟုတ် သဿမေဓအခွန်တော်၊ သို့မဟုတ် မြေခွန်တော် ၅ ကျပ် (ငါးကျပ်) ပေးဆောင်သော သူတို့သာလျှင် မဲဆန္ဒပေးနိုင်ခွင့်ရကာ မြို့နေလူထုအတွက်မူကား မျှူနီစီပယ်ခွန်ပေးရသော သူများသာလျှင် မဲဆန္ဒပေးခွင့် ရရှိကြလေသည်။

အောက်လွှတ်တော် အမတ် အရွေးခံသူတို့သည် အသက် ၂၅ နှစ်ထက် မငယ်စေရဟူသော ဥပဒေ ပြဋ္ဌာန်းချက်ကိုလည်း တွေ့ရပေသည်။

အထက် လွှတ်တော်ကို 'ဆီးနိတ်' ဟု ခေါ်၍ အမတ်ပေါင်း ၃၆ ယောက်ရှိလေသည်။ ၎င်းတို့အတွက် ၁၈ ယောက်ကို ဘုရင်ခံက ရွေးချယ်ခန့်ထား၍ ကျန် ၁၈ ယောက်ကို အောက်လွှတ်တော် အမတ်များက ရွေးကောက် တင်မြှောက်ရလေသည်။ အထက် လွှတ်တော်သို့ အရွေးခံနိုင်ရန်အတွက် အမတ်လောင်းဖြစ်သူသည် အသက် ၃၅ နှစ်ထက် မငယ်စေရဘဲ ယင်းတို့သည် ထိုအသက် အပိုင်းအခြားက ကျော်လွန်၍ တနှစ်လျှင် ဝင်ငွေ တသောင်း နှစ်ထောင်ကျပ် (၁၂,၀၀၀) ပေါ်တွင် အမြတ်တော်ကြေးပေးရသူ၊ သို့မဟုတ် အောက်မြန်မာပြည်တွင် မြေခွန် တထောင်ကျပ် (၁,၀၀၀) ပေးရသူ၊ သို့မဟုတ် အထက်မြန်မာ နိုင်ငံတွင် မြေခွန်ငါးရာ (၅၀၀) ပေးရသူ၊ သို့မဟုတ် ပင်စင်ရ အစိုးရ အရာရှိကြီးများ ဖြစ်သူ၊ သို့မဟုတ် ဗြိတိသျှ အစိုးရက ပေးအပ်ချီးမြှင့်သော ဘွဲ့ထူးတခုခု ရသော သူများသာလျှင် အမတ်

အဖြစ် အရွေးခံနိုင်၏။ အောက်လွှတ်တော်၏သက်တမ်းသည် ငါးနှစ်ဖြစ်လေသည်။ အထက် လွှတ်တော်၏ သက်တမ်းသည် ၇ နှစ် ဖြစ်စေရမည်ဟု ပြဋ္ဌာန်း ထား၏။ မည်သူမဆို လွှတ်တော် ၂ ရပ်၏ အမတ်အဖြစ် မဆောင်ရွက်နိုင်စေရဟူ၍လည်း ပြဋ္ဌာန်းထား၍ အစိုးရဖွဲ့စည်းရာ၌ ဝန်ကြီးများသည် လွှတ်တော် ၂ ရပ်စလုံး တွင် စကားပြောနိုင်ခွင့် ရှိသော်လည်း မဲပေးရာ၌ ယင်းတို့ ပါဝင်သော လွှတ်တော်တွင်သာ မဲပေးနိုင်ခွင့် ရှိလေသည်။

အုပ်ချုပ်ရေးသစ်အရ ဘုရင်ခံအား ကူညီ အကြံဉာဏ် ပေးရန် အစိုးရ အဖွဲ့ တဖွဲ့ကို ဖွဲ့စည်း ထားလေသည်။ ထိုအခါက ဝန်ကြီးများကို ဝန်ကြီးချုပ်ဟူ၍ ခေါ်ဝေါ်ကြ၏။ အုပ်ချုပ်ရေး ဌာနပေါင်း ၁၀ ခု ရှိသည့်အနက် ဘူမိဗေဒ၊ တိုင်းထွာရေးကဲ့သို့သော ၄ ဌာနကို အိန္ဒိယ ဗဟိုအစိုးရက ဆက်လက် အုပ်ချုပ်ထား၍ မြန်မာ နိုင်ငံသို့ ၉၈ ဌာန လွှဲပြောင်းပေးလိုက်သည်ကို တွေ့ရ၏။ ထိုသို့ လွှဲပြောင်း ပေးလိုက်သော ၉၈ ဌာနအနက် ဘုရင်ခံ၏ သဘောအတိုင်း ဆုံးဖြတ် စီမံရမည့် ဌာနများမှာ ကာကွယ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေး၊ ဒေရေး ကြေးရေး ဆိုင်ရာ အရေး၊သီးသန့်ခရစ်ယန် ဘာသာ သာသနာရေး စသော ၇ ဌာနဖြစ်၍ လွှတ်တော် ၂ ရပ်သို့ လွှဲပြောင်း ပေးလိုက်သော ဌာနပေါင်းမှာ ၉၁ ဌာန ဖြစ်လေသည်။ ထို့ကြောင့် ၁၉၃၇ ခု ဧပြီလ ၁ ရက်နေ့မှ စတင်၍ အတည်ပြုလိုက်သော အုပ်ချုပ်ရေးကို ၉၁ ဌာန အုပ်ချုပ်ရေးဟူ၍လည်း ခေါ်ဝေါ် ကြလေသည်။ အုပ်ချုပ်ရေးသစ်အရ ဝန်ကြီးချုပ်များကို ၁၀ ဦးအထိ ခန့်ထား နိုင်သည်ဟု ဆိုထားသော်လည်း အစ ပဌမဘုင် နန်းရင်းဝန် ခေါ် အမတ်ချုပ်ကြီး အပါအဝင် စန်ကြီးချုပ် ၆ ဦးသာလျှင် ခန့်ထား ဆောင်ရွက်လေသည်။ ဝန်ကြီးချုပ်များကို အထက်လွှတ်တော်မှ ဖြစ်စေ၊ အောက်လွှတ်တော်မှ ဖြစ်စေ ခန့်ထား နိုင်၍ လွှတ်တော် ၂ ရပ်လုံးမှာ ပင် စကားပြောခွင့် ရကြသည်။ သို့ရာတွင် မိမိမူလပါဝင်သော လွှတ်တော်၌သာလျှင် မဲဆန္ဒပေးခွင့် ရကြသည်။ ဘုရင်ခံ၏ သဘော အတိုင်း ဆုံးဖြတ် စီမံ ရမည့် ဌာန ၇ ခုအတွက် ယင်းအား ကူညီရန် ၃ ယောက်ထက် မမျှားသော အမှုဆောင် အရာရှိချုပ်များ ခန့်ထား နိုင်လေသည်။ ထိုမျှသာ မကသေး၊ ဘုရင်ခံအား ကူညီ အကြံဉာဏ် ပေးရန် ဘဏ္ဍာရေး အတိုင်ပင်ခံ အရာရှိ တယောက်ကိုလည်း ခန့်ထား နိုင်လေသည်။ ထို့ပြင် အုပ်ချုပ်ရေးသစ် အရ အစိုးရ ရွှေနေချုပ်ကြီး တယောက်ကိုလည်း ခန့်ထား နိုင်လေသည်။

အုပ်ချုပ်ရေး သစ်အရ ပါလီမန် ရွေးကောက်ပွဲများကို ၁၉၃၆ ခုနှစ် မကုန်မီ ကျင်းပရာ တိုင်းသူ ပြည်သားများသည် ထိုရွေးကောက်ပွဲ များတွင် ရွေးကထက်

ပိုမိုစိတ်ဝင်စား လာကြသည်ကိုတွေ့ရပေသည်။ အောက်လွှတ်တော် အတွက်သတ်မှတ် ထားသော ၁၃၂ နေရာတွင် ဝင်ရောက် အရွေးခံသူပေါင်းမှာ ၆၀၀ နီးပါးခန့် ရှိလေသည်။ ယင်းတို့အနက် ၁၄ ဦးမှာယှဉ်ပြိုင်သူ မရှိဘဲအရွေးခံကြရ၍ကျန်နေရာများတွင် ယှဉ်ပြိုင် အရွေးခံ ကြရလေသည်။ ဝင်ရောက် အရွေးခံသော နိုင်ငံရေး ပါတီများလည်း ရွေးကထက် ပိုမိုများပြားလာ၍ စာရင်းအရ ပါတီ ၈ ခုထက် မနည်း ပေါ် ပေါက်လာ၏။ ရွေးကောက်ပွဲဝင်သူ အမတ်လောင်း ၂၀၀ ခန့်မှာ မည်သည့်ပါတီကိုမျှ မဝင်ဘဲ တသီးပုဂ္ဂလအမတ်လောင်းများ အဖြစ် အရွေးခံကြ၏။

ထိုကဲ့သို့ပင် နိုင်ငံရေး ပါတီ အများအပြား ပေါ် ပေါက် လာကြသော်လည်း ထင်ရှားသော ပါတီများမှာ ၄-၅ ခုလောက်သာရှိလေသည်။ ယင်းတို့မှာ ဦးဘဖေခေါင်းဆောင်သော ငါးပွင့်ဆိုင် ပါတီ၊ ဒေါက်တာ ဘမော် ခေါင်းဆောင်သော ဆင်းရဲသား ပါတီနှင့် ဦးချစ်လှိုင် ခေါင်းဆောင်သော ဝံသာနုပါတီ၊ ဆာဂျေအေ မောင်ကြီး ခေါင်းဆောင်သော ရွှေတောင်ကြားပါတီနှင့် ဒို့ဗမာအစည်းအရုံးတို့သည် ထင်ရှားသော ပါတီများ ဖြစ်ကြ၏။ ရွေးကောက်ပွဲ စာရင်းများ ကျေညာသောအခါ ဦးဘဖေ ခေါင်းဆောင်သော ငါးပွင့်ဆိုင်ပါတီက အမတ် ၄၀ ကျော်ရရှိ၍ ဒေါက်တာ ဘမော်၏ ပါတီက ၁၆ ယောက်၊ ဦးချစ်လှိုင်၏ ပါတီက ၁၂ ယောက်၊ တို့ဗမာ အစည်းအရုံးမှ ၃ ယောက်နှင့် ဖေဖီယင်ပါတီမှ ၁ ယောက်ရရှိကြ၍ အမတ် ၂၀ ခန့်မှာ တသီးပုဂ္ဂလများ ဖြစ်ကြလေသည်။ ကျန်အမတ်များမှာ မြန်မာ မဟုတ်သော လူမျိုးစုအမတ်များ ဖြစ်ကြ၍ မည်သည့် နိုင်ငံရေး ပါတီကိုမျှ ဝင်ရောက်ခြင်း မပြုကြချေ။

ပါလီမန် ထုံးတမ်း စဉ်လာအရ ဘုရင်ခံသည် အမတ်ဦးရေ အများဆုံး ရရှိသော ငါးပွင့်ဆိုင် ပါတီခေါင်းဆောင် ဦးဘဖေအား အစိုးရဖွဲ့စည်းရန် တာဝန် ပေးအပ်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ဦးဘဖေသည် အစိုးရ မဖွဲ့စည်း နိုင်ခဲ့ပေ။ ထိုနောက် ဒေါက်တာ ဘမော်ပါတီ၊ ဦးချစ်လှိုင် ပါတီ၊ ကရင် အမျိုးသား အမတ်များနှင့် ငါးပွင့်ဆိုင် ပါတီမှ ခွဲထွက်လာသော အမတ်အချို့တို့သည် ပူးပေါင်းကြပြီးနောက် အစိုးရဖွဲ့ရန် ကြိုးစား ကြလေသည်။ ထိုကဲ့သို့ စုပေါင်း ထားသော အင်အားစုသို့ အိန္ဒိယအမျိုးသား အမတ်များလည်း ပါဝင်လာရာ ဘုရင်ခံသည် ဒေါက်တာဘမော်အား အစိုးရဖွဲ့ရန် တာဝန် ပေးအပ်လိုက်၏။ ဒေါက်တာ ဘမော်သည် ချက်ခြင်းပင် ဝန်ကြီးများ၏ နာမည်စာရင်းကို တင်သွင်း လိုက်လေသည်။ အထက်ပါ အကြောင်းများကြောင့် အိန္ဒိယမှ ခွဲထုတ်ပြီးသော မြန်မာနိုင်ငံတွင် ဒေါက်တာဘမော်သည် ပဌမဆုံး နန်းရင်းဝန် ဖြစ်လာ လေသည်။

၁၉၃၇ ခုနှစ်မှ စ၍ကျွပ်တို့ဝင်ရောက် တိုက်ခိုက်ကြသော ၁၉၄၂ ခုနှစ်ဖေဖော်ဝါရီလ အထိ မြန်မာ နိုင်ငံကို အထက်တွင် ဖော်ပြခဲ့သော အုပ်ချုပ်ရေး စံနှစ်သစ်အရ အုပ်ချုပ် ခဲ့ရာ ရွေးကာ ရှိခဲ့သော ဒို့ဗမာကို အုပ်ချုပ်ရေး စံနစ်ထက် အနည်းငယ် ပိုမို ကောင်းမွန်လာသော်လည်း မြန်မာ နိုင်ငံသားတို့ မျှော်မှန်းတောင့်တခဲ့ကြသော ကိုယ်ပိုင် အုပ်ချုပ်ရေး စံနစ်နှင့် များစွာ ဝေးကွာ လှသေးသည်ကို နိုင်ငံခေါင်းဆောင်တို့သည် တွေ့ကြရလေသည်။ ပမာအားဖြင့် ဖော်ပြရသော် ဘုရင်ခံက သိမ်းပိုက်ထားသော ၇ ဌာနမှာ အရေးအကြီးဆုံး ရေသောက်မြစ် ဌာနကြီးများ ဖြစ်ကြ၍ ကာကွယ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေး၊ ဥဒေရေး ကြေးရေး၊ သီးသန့် ထားသော နယ်ပယ်များ အုပ်ချုပ်ရေး စသည်တို့တွင် ပြည်သူ လူထုက မည်ကဲ့သို့မျှ ဝင်ရောက် စွက်ဖက် ပြောနိုင်ခွင့် မရှိကြချေ။ မြန်မာ နိုင်ငံသားများ ဖြစ်ကြသော ရှမ်း၊ ချင်း၊ ကချင်၊ကယား စသော တောင်ပေါ် သားများ၏ ကံကြမ္မာကို ဘုရင်ခံကသာ ဖန်တီးလျက်ရှိ၏။ တမြေတည်းနေ တရေတည်းသောက်ကြရသော မြေပြင်သားများသည် ညီအစ်ကို မောင်နှစ်မများဖြစ်ကြသော တောင်ပေါ် သားများနှင့် ဆက်ဆံခွင့် လုံးဝ မရရှိခဲ့ပေ။ နယ်ခြဲ စံနစ်မှ ပေါက်ဖွားလာခဲ့သော သွေးကွဲစံနစ်သည် မြန်မာနိုင်ငံ၌ အတော်အောင်မြင် ခဲ့သည်ဟု ဆိုရမှာ၏။ တဦးနှင့်တဦး ဆက်ဆံမှု မရှိသည်သာမကသေး၊ စာပေအရေးအသားကိုပင် သီးခြား တီထွင်၍ သွေးကွဲမှုများ ပေါ် ပေါက်အောင် ဖန်တီးပေး ခဲ့၏။ ကျဉ်းမြောင်းသော လူမျိုးရေး စိတ်ဓာတ်များ ပေါ် ပေါက် လာသည်ကိုလည်း တွေ့ရပေသည်။ 'ဗမာကွ'၊ 'ရှမ်းကွ'၊ 'ချင်းကွ'၊ 'ကရင်ကွ' အစရှိသော ဝါဒမျိုးစေ့များကို နယ်ခြဲ ဘီလူးသည် အောင်မြင်စွာ ချပေး နိုင်ခဲ့သည်ကို တွေ့ရလေသည်။

ထိုကဲ့သို့ပင် နယ်ခြဲက သွေးခွဲစံနစ်ကို အောင်မြင်စွာ အသုံးချခဲ့ကြသော်လည်း မြန်မာ လူမျိုးတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ထိုက်တန်ကြောင်းကို ရသမျှသော အခွင့်အရေးကို အသုံးပြု၍ ပြသနိုင်ခဲ့ ကြလေသည်။ အိန္ဒိယပြည်နယ်များတွင် အစိုးရအဖွဲ့ တခုနှင့် တခု အကြားတွင် အုပ်ချုပ်ရေး ရပ်ဆိုင်းမှုများ ဖြစ်ပွါး ခဲ့ဘူး၏။ မြန်မာ နိုင်ငံတွင်မူကား ထိုကဲ့သို့ အုပ်ချုပ်ရေး အဆက်ပြတ်သွားသည် ဟူ၍ မရှိ ခဲ့ဘူးပေ။ မြန်မာနိုင်ငံ အစိုးရ အဖွဲ့ဝင်များသည် အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေနှင့် အညီ ချောမော ပြေပြစ်စွာ တိုင်းပြည်ကို အုပ်ချုပ် သွားနိုင်ခဲ့၏။ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ် အထိ ငါးနှစ်မျှသော ကာလအတွင်း ဥပဒေပေါင်း များစွာကို ပြဋ္ဌာန်း နိုင်ခဲ့ ကြ၏။ အထူးသဖြင့် ဘဏ္ဍာရေးကို ဂရုစိုက်၍ ထိန်းသိမ်း စီမံသွားခဲ့ကြရာ အိန္ဒိယနိုင်ငံနှင့် ခွဲခွါပြီးနောက် ငါးနှစ် အကြာတွင် နိုင်ငံ၏ ဘဏ္ဍာရေး

အခြေအနေသည် သိသိ သာသာ ကြီး တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရလေသည်။

ထို့စဉ် အခါက ဗတ်ဂျက်ခေါ် ဝင်ငွေ သုံးငွေ စာရင်းကို ကြည့်လျှင် အဝင်နှင့် အထွက် မျှတနိုင်သလောက် မျှတအောင် အသုံးပြုခဲ့သည်ကို တွေ့ရ၏။ သို့ရာတွင်ကိုလိုနီနိုင်ငံများ၌ လိုက်နာကျင့်သုံး ခဲ့သော စံနစ်အတိုင်းပင် အမျိုးသား တိုးတက်ရေး လုပ်ငန်းများ ဖြစ်သော ပညာရေး၊ ကျန်းမာရေး စသည့် ထာကယ့် တိုင်းပြည်ပြုလုပ်ငန်းများအတွက် တော်ရုံ တန်ရုံမျှသာ သုံးစွဲထားသည်ကိုတွေ့ရပေသည်။

၁၉၃၇-၃၈ ခုနှစ် အဘွက် မြန်မာ နိုင်ငံ၏ ရငွေ သုံးငွေ စာရင်းကို အောက်တွင် ဖော်ပြ လိုက်ပါသည်။

ရငွေစာရင်း

	ရငွေစာရင်း	သိန်းပေါင်း
၁	မြေခွန်တော်	၅၀၀
၂	ယစ်မျိုး	၈၈
၃	တံဆိပ်ခေါင်းများ	၃၈
၄	သစ်တောများ	၁၃၇
၅	အကောက်တော်နှင့် ယစ်မျိုး အခွန်တော်	၄၇၆
၆	အမြတ်တော်ကြေး	၁၄၉
၇	ဆားခွန်	၄၅
၈	အခြား အခွန်တော်များ	၁၃၁
	စုစုပေါင်း	၁၅၇၄

သုံးငွေစာရင်း

	သုံးငွေများ	သိန်းပေါင်း
၁	လယ်ယာများ အတွက်	၅၆
၂	ယစ်မျိုး အတွက်	၁၉
၃	သစ်တောများ အတွက်	၆၀
၄	အထွေထွေ စီရင် အုပ်ချုပ်မှု	၁၁၂
၅	တရား စီရင်ရေး	၅၅
၆	အကျဉ်းထောင်များ	၃၂
၇	ရဲအဖွဲ့	၁၅၃
၈	ပညာရေး	၈၅
၉	ကျန်းမာရေး	၅၆
၁၀	ပြည်သူ့ လုပ်ငန်းများ	၁၂၄
၁၁	ပင်စင်လစာများ	၁၀၄
၁၂	ကာကွယ်ရေး	၁၈၇
၁၃	ကြွေးမြီများ	၁၈၀
၁၄	အခြား ကုန်ကျငွေများ	၁၉၈
	စုစုပေါင်း	၁၄၂၁

အထက်ပါ စာရင်းကို ကြည့်လျှင် ထိုစဉ်အခါက အစိုးရသည် ဝင်ငွေနှင့် ထွက်ငွေများကို မျှတနိုင်သလောက် မျှတအောင် စီမံသည်ကို တွေ့ရ၍ ပညာရေး၊ ကျန်းမာရေး အစရှိသော တကယ် တိုင်းပြု ပြည်ပြု ဌာနများကို သုံးသင့်သလောက် မသုံးဘဲ တိုင်းပြည် ငြိမ်ဝပ် ပိပြားရေး အတွက်လောက်သာ အထူး ဂရုပြု၍ သုံးစွဲသည်ကို တွေ့နိုင်ပေသည်။

၁၉၃၉ ခုနှစ်တွင် ဥရောပတိုက်၌ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွါး ပေါ် ပေါက်၍ လာခဲ့၏။ ၁၉၄၁ ခု ဒီဇင်ဘာလ ဂ ရက်နေ့တွင် ဂျပန်သည် ဂျာမနီနှင့် အီတလီနိုင်ငံများဖက်မှ ပါဝင်၍ စစ်ပွဲဆင်နွှဲရာ အာရှတိုက်တွင် စစ်မီးကြီး တောက်လောင်ခဲ့လေသည်။ ဂျပန်သည် ကမ္ဘာစစ်ကြီးတွင် ပါဝင် ဆင်နွှဲသည်နှင့် တပြိုင်နက်

မြန်မာ နိုင်ငံသည် စစ်တလင်းနှင့် များစွာနီးကပ်လျက် လာလေရာ လွတ်လပ်ရေးအတွက်အရေးဆိုရန်အခွင့်ကောင်း ရရှိပြီဟု သဘောပေါက်ကြလျက် နိုင်ငံရေးလုပ်ငန်း များသည် ပိုမိုပြင်းထန် လာလေသည်။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေသည် မြန်မာတို့၏ နိုင်ငံရေး လိုအင်ဆန္ဒ ပြည့်ဝခြင်း မရှိခဲ့ပေ။ နိုင်ငံရေး ပါတီအားလုံးလိုလိုပင် ထိုအုပ်ချုပ်ရေး စည်းမျဉ်းအရ ရရှိသော နိုင်ငံရေး အာဏာထက် ပိုမိုကောင်းမွန်၍ ပြည့်စုံသော နိုင်ငံရေး အာဏာမျိုးကိုသာ တည်တည်တည့်တည်း စိတ်အား ထက်သန်စွာ တောင့်တခဲ့ ကြလေသည်။ ထိုကြောင့်ပင် ကိုယ်ပိုင် အုပ်ချုပ်ရေးကို ပေးလော့ဟူသော တောင်းဆိုသံကြီးသည် ရှေးကထက် ကျယ်လောင်စွာ ပေါ်ပေါက် လာရုံမျှမက နိုင်ငံတဝှန်းတွင် တာမီး ပမာ လျင်မြန်စွာ ပျံ့နှံ့ လာလေသည်။

ထိုအချိန်တွင် နိုင်ငံရေး နယ်ပယ်ထဲသို့ ခြေစုံ ပစ်၍ ဝင်လာကြသော လူငယ်လူလတ်များ ပေါ်ပေါက် လာကြလေသည်။ နုနယ်ပျိုမျစ်သော အရွယ်များ ဖြစ်ကြသည့် အလျောက် နိုင်ငံလွတ်လပ်ရေး အတွက် ကမ္ဘာစစ်ပွဲကြီးတွင် စိတ်ပါလက်ပါ တပ်ပေါင်းဖွဲ့၍ ပါဝင်ဆင်နွှဲကြသည်။ ထိုသို့ ပါဝင်ဆင်နွှဲသည့် အတွက် စစ်ပြီးစီးသည့် အခါ ဗြိတိသျှ အစိုးရက လွတ်လပ်ရေးကို ပေးရန် ကတိပြုရမည် ဟူသော တောင်းဆိုချက်များကို ပြုလုပ်ကြလျက် ထိုကဲ့သို့သော ကတိကို မရရှိပါက ဗြိတိသျှ စစ်ဆင်ရေးတွင် ကူညီ ပါဝင် ကြမည် မဟုတ်ဟု အတည့်အလင်း အရေးဆိုကြ၏။ ဗြိတိသျှ နယ်ခဲ့သည် ထိုသို့တက်ကြွလာသော မြန်မာတို့၏လွတ်လပ်ရေး စိတ်ဓာတ်ကို အကဲခတ်မှားခဲ့၏။ ထိုအသံများသည် ဆူဆူ ပူပူ ပြုလိုသော လူငယ်လူရွယ် တစုတို့၏ အသံကောင်းဟစ်ခြင်းမျှသာ ဖြစ်သည်ဟု ယူဆခဲ့ ကြ၏။ ထိုသို့ ရဲရဲတောက် အရေးဆိုသော ခေါင်းဆောင်သစ် များကို ထောင်သွင်း အကျဉ်းချထား လိုက်၏။ ယခု လွတ်လပ်သော ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက် နေကြသော အစိုးရအဖွဲ့ဝင်များ အနက် ထိုစဉ် အခါက ဗြိတိသျှတို့က ထောင်သွင်း အကျဉ်း ချထားသော နိုင်ငံရေး ခေါင်းဆောင် အများပင် ပါဝင် ကြလေသည်။ ကမ္ဘာ့ အခြေအနေ အရ အာရှအခြေ အနေကို အကဲခတ်မိသူ လူငယ် လူရွယ်တစုသည် ရုပ်ဖျက်ကာ ဂျပန်နိုင်ငံသို့ သွားရောက်ကြ၍ စစ်ပညာများကို သင်ယူ ကြလေသည်။ သူတို့၏ ရိုးသားသော ထင်မြင်ချက်မှာ အာရှတိုက်ရှိ ကိုလိုနီ နယ်ခဲ့ စံနစ်ဖြင့် အလူးအလဲခံနေကြရသော နိုင်ငံများအား ကယ်ဆယ်မည့် နိုင်ငံမှာ ဂျပန်နိုင်ငံပင်ဖြစ်သည်။ ဂျပန်သည်လည်း ဗြိတိသျှ နယ်ခဲ့ကို စစ်ဆင်နွှဲ လျက်ရှိရာ ဂျပန်၏အကူအညီဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးကို

အရယူမည်ဟု သန္နိဋ္ဌာန် ပြုကြလေသည်။ ထိုကဲ့သို့ ဂျပန်နိုင်ငံသို့ သွားရောက် ကြသော ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် ရဲဘော် သုံးကျိပ်တို့သည် "အာရှတိုက်သားများ လွတ်လပ် ရမည်" ဟူသော ကြေးကြော်သံဖြင့် ဒီရေအလား ချီတက်လာကြသော ဂျပန် တပ်မတော်ကြီးများနှင့်အတူ မြန်မာ နိုင်ငံသို့ ဝင်ရောက် လာကြလေ၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

၈။ ဂျပန်လက်အောက်ဗမာနိုင်ငံ

ရဲဘော်သုံးကျိပ်

ရဲဘော် သုံးကျိပ် ဟူသော စကား လေးလုံးသည် မြန်မာ နိုင်ငံသမိုင်းတွင် အစဉ်ထာဝရ ဥဒါန်း တွင်ရစ်မည့် စကားကြီး လေးလုံး ဖြစ်ပေသည်။ ကိုလိုနီ စံနစ် လက်အောက်မှ လွတ်မြောက်ရန် ဆန္ဒ ပြင်းပြကြသည့် မြန်မာလူမျိုးတို့သည် ဥရောပ တိုက်၌ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွါးသည်နှင့် တပြိုင်နက်၊ အခွင့်ကောင်းကြီးတခု ရရှိကြပြီဟု သတိ ပြုမိကြ၏။ စစ်သည် လူတို့၏ အကြီးဆုံး အန္တရာယ် ဖြစ်သော်လည်း ဒုတိယ ကမ္ဘာစစ်ကြီးကို အကြောင်း ပြု၍ လွတ်လပ်ရေး ပန်းတိုင်သို့ မမှီတ် မသုံ ချီတက်ကြတော့မည်ဟု ဗမာ့ တော်လှန်ရေး ခေါင်းဆောင်တို့သည် သန္နိဋ္ဌာန် ပြုကြ၏။

ထိုစဉ် အခါက ဂျပန်သည် အာရှတိုက်၏ ခေါင်းဆောင် ဖြစ်သည်ဟု အသိအမှတ် ပြုခြင်းခံ ရလေသည်။ ၁၉၀၅ ခုနှစ်တွင် အာရှနိုင်ငံ ဖြစ်သော ဂျပန်က ဥရောပ လက်နက် နိုင်ငံဖြစ်သော ရုရှားကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့ သဖြင့် မလှတ်လပ်သေးသော အာရှ နိုင်ငံအများကပင် ဂျပန်ကို အားထားသော စိတ်ဖြင့် မျှော်ကိုး ယုံကြည် ခဲ့ကြ၏။ ဂျပန်သည်လည်း ထိုသို့ အာရှ နိုင်ငံများ၏ အားထား ချက်ကို အခွင့်ကောင်း ယူလျက် အာရှတိုက်သည် အာရှတိုက်သားများအဖို့ ဟူသော ကြွေးကြော်သံဖြင့် မက်လုံး ပြခဲ့၏။

ဥရောပတိုက်တွင် နာဇီ ဂျာမန်နှင့် ဖက်ဆစ် အီတလီတို့ကတဖက် ဗြိတိသျှနှင့် မဟာမိတ် နိုင်ငံများကတဖက် ဒုတိယ စစ်ပွဲကြီးကို ဆင်နွှဲလျက်ရှိရာ ဂျပန်သည် ၂ နှစ်ကျော် ကာလပတ်လုံး စစ်အင်အားကို အကြီး အကျယ် မွေးမြူပြီးနောက် ၁၉၄၁ ခု ဒီဇင်ဘာလ ဂ ရက်နေ့တွင် ဂျာမန်နှင့် အီတလီတို့ဖက်မှ ဝင်ရောက် တိုက်ခိုက်လေသည်။ ထိုနေ့၌ပင် ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ပါးလ်ဟာဗား အမေရိကန် ရေတပ်ကို တိုက်ခိုက် ချေမှုန်းပြီးနောက် ဂျပန်သည် စစ်ဦးကို တောင်ဖက်နှင့် အနောက်ဖက်သို့ လှည့်၍ တအားကုန် ဆင်နွှဲ တိုက်ခိုက် လေသည်။

ကိုလိုနီ စံနစ်ဆိုးကို ရွံမုန်းလျက် ရှိသော မြန်မာ မျိုးချစ်လူငယ်တစုသည် ဂျပန် စစ်မကျေညာမီကပင် ဂျပန်၏ အကူအညီဖြင့် နှစ်ပေါင်း ၁၀၀ ခန့် ဆုံးရှုံး

လျက်ရှိသော ဗမာ့လွတ်လပ်ရေးကြီးကို ပြန်လည် အရယူမည်ဟု သန္နိဋ္ဌာန် ပြုကြ၍ ဗြိတိသျှ အာဏာပိုင် များ၏ မျက်စိ အောက်က အပျောက်ခံ၍ တိတ်တဆိတ် ဂျပန် နိုင်ငံသို့ သွားရောက်ခဲ့ ကြလေသည်။ ထိုသို့ သွားရောက်ရန် စတင်စီစဉ် သူမှာ ဗမာ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းခေါ် ဗိုလ်တေဇ ဖြစ်၏။

၁၉၄၀ ပြည့်နှစ် အောက်တိုဘာလ အတွင်းတွင် သခင်အောင်ဆန်းသည် သခင်လှမြိုင်ခေါ် ရဲဘော်တဦးနှင့်အတူ တိတ်တဆိတ် ဂျပန် နိုင်ငံသို့ ထွက်ခွါသွားခဲ့၏။ ဂျပန် နိုင်ငံတွင် ဗမာ့လွတ်လပ်ရေး အတွက် လျှို့ဝှက် ဆွေးနွေး တိုင်ပင်ကြပြီးနောက် သခင်အောင်ဆန်းသည် ၁၉၄၁ ခု မတ်လ အတွင်း၌ တိတ်တဆိတ် မြန်မာနိုင်ငံသို့ ပြန်လည်လာခဲ့ လေသည်။ ထိုနောက် စိတ်သဘောချင်း ကိုက်ညီသော ရဲဘော်တစုနှင့်လျှို့ဝှက်စွာ တွေ့ဆုံ ဆွေးနွေးပြီးလျှင် တော်လှန်ရေးလုပ်ငန်းကြီးအတွက် အစီအစဉ်များကို အထူး လျှို့ဝှက်စွာ ပြုလုပ်၍ သခင်အောင်ဆန်းသည် ရန်ကုန်မှ ဂျပန်သင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ ဒုတိယ အကြိမ် ထွက်ခွါ သွားလေသည်။ သခင် အောင်ဆန်း၏ စီစဉ်ချက် အရ ရဲဘော် သုံးကျိပ်ဟု အမည်တွင်မည့် မြန်မာ့ အာဇာနည် လူငယ်များသည် စစ်ပညာ သင်ကြားရန် အတွက် အသုတ် ၄ သုတ် ခွဲ၍ ဂျပန်ပြည်သို့ သွားရောက် ခဲ့ကြ၏။ ပဌမ အသုတ်တွင် သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အေးမောင် (ဗိုလ်မိုး)၊ သခင် ဗကျမ်း (ဗိုလ်လရောင်)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့သည် သခင်အောင်ဆန်းနှင့် အတူ တပါတည်းလိုက် သွားကြ၏။ ဒုတိယ အသုတ်တွင် ကိုရွှေ (ဗိုလ်ကျော်ဇော)၊ သခင် ထွန်းရွှေ (ဗိုလ်လင်းယုန်)၊သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)၊သခင်တင်အေး (ဗိုလ်ဖုန်းမြင့်)၊ သခင် သန်းတင် (ဗိုလ်မြဒင်)၊သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်စိုး (ဗိုလ်မြင့်အောင်) တို့သည် သင်္ဘောနှင့် ဂျပန်နိုင်ငံသို့ ထပ်မံ လိုက်သွား ကြပြန်၏။ တတိယ အသုတ်တွင် ကိုလှမောင် (ဗိုလ်ဇေယျ)၊သခင် စံမြ (ဗိုလ်တောက်ထိန်)၊ သခင် ခင်မောင်ဦး (ဗိုလ်တာရာ) တို့သည် ထပ်မံလိုက်သွား ကြပြန်သည်။ စတုတ္ထအသုတ်တွင် သခင်စံလှ (ဗိုလ်အောင်)၊သခင် မောင်မောင် (ဗိုလ်ဥာဏ) ဗိုလ်လှ (ဗိုလ်မင်းရောင်) သခင် သန်းညွန့် (ဗိုလ်ဇင်ယော်)၊သခင်ထွန်းအုပ်၊ သခင် ရှမောင် (ဗိုလ်နေဝင်း)၊သခင် ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်ဌေး (ဗိုလ်စောအောင်)၊သခင်သစ် (ဗိုလ်စောနောင်)၊ သခင် ထွန်းလွင် (ဗိုလ်ဗလ) တို့သည် သင်္ဘောနှင့်ပင် ဂျပန် နိုင်ငံသို့ ထွက်ခွါ သွားကြ၏။

သခင် အောင်သန်း (ဗိုလ်စကြာ) ကိုဆောင်း (ဗိုလ်ထိန်ဝင်း) နှင့် သခင်

သန်းတင်တို့သည် ယိုးဒယားမှ ဖြတ်၍ ဂျပန်နိုင်ငံသို့ စောစောကပင် ကြိုတင်ရောက်နေကြပြီ ဖြစ်လေသည်။

အထက်ပါ ရဲဘော် သုံးကျိပ်တို့သည် ဂျပန် နိုင်ငံ တိုက္ကျိမြို့မှ တဖန် လေယာဉ်ပျံဖြင့် ဟိုင်နန်ကျွန်းသို့ စစ်ပညာ သင်ကြားရန် ထွက်ခွါ သွားကြ၏။ သခင်ထွန်းအုပ် တဦးတည်းသာလျှင် အုပ်ချုပ်မှု ပညာဆည်းပူးရန် အတွက် တိုက္ကျိမြို့တွင် နေရစ်ခဲ့၏။ ရဲဘော် ၂၉ ဦးတို့သည် ဟိုင်နန်ကျွန်းတွင် ၆ လခန့်နေ၍ စစ်ပညာသင်ကြားပြီး နောက် ဖော်မိုဆာခေါ် တိုင်ဝမ်ကျွန်းတွင် ဆက်လက်၍ စစ်ပညာကို သင်ကြားပြန်သည်။ ထိုသို့ သင်ကြားရာ၌ ဂျပန်စစ်အာဏာပိုင်တို့က စစ်တပ်အုပ်ချုပ်ရေး ပညာ၊ လမ်းပန်း အဆောက် အဦဖျက်ဆီးခြင်း အစရှိသည်တို့ ပါဝင်သော အတွင်း သူပုန်ထနည်းပညာ၊ စစ်လက်နက်ကြီးများကို အသုံးပြု၍ တိုက်ခိုက်နည်း ပညာ စသည်တို့ကို အဓိက ထား၍ သင်ကြား ရလေသည်။ သွားရောက် ကြသော ရဲဘော် ၂၉ ဦးတို့သည် ထိုပညာသုံးရပ်အနက် အစုခွဲ၍ သင်ကြား ခဲ့ကြ၏။ အချို့သော ရဲဘော်များမှာမူကား အားလုံးသောပညာရပ်များကို လိုက်လံ သင်ကြား ခဲ့ကြလေသည်။

တခုတည်းသော ရည်ရွယ်ချက် ရှိသည့် ဗမာ့ လွတ်လပ်ရေး အတွက် အသက်ဆံဖျား စွန့်စားသွားရောက် ကြသည့် ရဲဘော်သုံးကျိပ်တို့သည် မိမိတို့သင်ကြားလိုသော ဘာသာရပ်များကို အဆင်းရဲ အပင်ပန်း ခံ၍ လေ့လာခဲ့ကြ၏။ နေ့စဉ်မပြတ် လက်နက် အမျိုးမျိုး စွဲကိုင်၍ တကယ့်စစ်မြေပြင်တွင် တိုက်ရသကဲ့သို့ပင် အပြင်းအထန် လေ့ကျင့်ကြရလေသည်။ ၅ မိုင် တိုက်ပဲ့၊ ၁၀ မိုင်တိုက်ပဲ့၊ ၁၅ မိုင်တိုက်ပဲ့ စသည်ဖြင့် တဆင့်ထက် တဆင့် တိုး၍ တိုး၍ အပင်ပန်း ခံနိုင်ရန် နေ့ပမ္ဓော်ငှာ မိုးရွာမည်ဟု လေ့ကျင့် ခဲ့ကြရလေသည်။ ထိုကဲ့သို့ သင်ကြားနေသည့် အချိန်ကာလအတွင်းမှာပင် ဂျပန်သည် အရှေ့အာရှ စစ်ပွဲကြီးကို ဆင်နွှဲတော့မည် ဖြစ်သဖြင့် မြန်မာ နိုင်ငံ၌ အတွင်းတော်လှန်ရေး လုပ်ငန်းကြီးများကို ဆင်နွှဲရန် ရဲဘော် အချို့ကို ယိုးဒယား နိုင်ငံ၊ ဗန်ကောက်မြို့သို့ ကြိုတင်၍ စေလွှတ်ခဲ့ရလေသည်။ ဗန်ကောက်မြို့ကို ရောက်ရှိ လာကြသော ရဲဘော်များသည် ယိုးဒယားနိုင်ငံတွင် ရှိကြသည့် မြန်မာများကို စုရုံးပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို စတင် တည်ထောင် ခဲ့ကြ၏။ ထိုစဉ် အခါက ထိုဗမာ့ လွတ်လပ်ရေး တပ်မတော်ကြီးကို ကြီးမှူးအုပ်ချုပ်သူမှာ ဂျပန်ဗိုလ်မှူးကြီး မစ္စတာဆူကီး ဖြစ်လေသည်။ သူ့ကို မိနာမီဟူ၍လည်း ခေါ်၏။ ရဲဘော် သုံးကျိပ်တို့သည် မိမိတို့အား ကြီးမှူး၍ စစ်ပညာ သင်ကြား ပေးခဲ့သူ ဗိုလ်မှူးကြီး မိနာမီအား ဗိုလ်မိုးကြီးဟူသော အမည်ကို ပေးခဲ့ကြလေသည်။ ထိုသို့ ပေးသော အကြောင်းရင်းမှာ လွတ်လပ်ရေး တိုက်ပွဲ

ဆင်နွှဲရာတွင် မြန်မာနိုင်ငံ တမျိုးသားလုံး၏ စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်မှုကို ရရှိလိုသည့် အတိုင်း စံနည်း။ တဘောင်၊ အတိတ်များ အရ "ထီးရိုးကို မိုးကြိုးပစ်လတ္တံ့" ဆိုသည့် အတိုင်း ပါးနပ်လိမ်မာစွာ စီမံခဲ့ခြင်း ဖြစ်ပေသည်။ ထိုကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဗိုလ်မိုးကြိုးက ဦးစီးသည်ဟူသော သတင်း ပြန့်လွင့်လာသည်နှင့် တပြိုင်နက် မြန်မာ လူမျိုးတို့၏ စိတ်ဓာတ်တွင် ထီးရိုးတည်းဟူသော ဗြိတိသျှ အစိုးရကို ရိုက်ချိုးဖြိုခွင်းမည့် မိုးကြိုး ရောက်လာလေပြီဟု သက်ဝင် ယုံကြည် နိုင်ရန် အတွက် စိတ်ဓာတ်စစ်ဆင်မှုကို ဆင်နွှဲခြင်းပင် ဖြစ်၏။

ထိုကဲ့သို့ ဂျပန် ဗိုလ်မှူး မိနာမီကို ဗိုလ်မိုးကြိုးဟူသော အမည် ပြောင်းလဲရုံသာမက သူသည် မြန်မာ မင်းမျိုး မင်းနွယ်ထဲက ဖြစ်ကြောင်း ဟူသော တိုးတိုးသတင်းတရပ်ကိုလည်း ဖြန့်လိုက်သဖြင့် နိုင်ငံရေး ပရိယာယ်စစ်ဆင်မှုများမှာ များစွာ အောင်မြင်ခဲ့သည်ကို တွေ့ရလေသည်။ ဗန်ကောက်မြို့တွင် ပြန်လည် စုရုံးပြီးနောက် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်တပ်မတော်များနှင့် အတူ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းသို့ စစ်လေးကြောင်း ဖြန့်၍ အောက်ပါအတိုင်း ချီတက် တိုက်ခိုက် ကြ၏။

(၁) **ကော့သောင်ခေါ် ဝိတိုရိယစစ်ကြောင်း**
(၂) **ထားဝယ်စစ်ကြောင်း**
(၃) **မြဝတီစစ်ကြောင်း**
(၄) **ဖာပွန်စစ်ကြောင်း**

အထက်ပါ စစ်ကြောင်းများ အထိုင်း အလွန်တရာ မြင့်မား ထူထပ်သော တောတောင်ကြီးများကို ဖြတ်သန်းလျှောက် မြန်မာ နိုင်ငံအတွင်းသို့ ချီတက်လာကြသော သတင်းသည် ရုတ်တရက် ချက်ခြင်းပင် မြန်မာ နိုင်ငံတဝှန်းလုံးသို့ ပျံ့နှံ့ သွားခဲ့လေသည်။ ဗြိတိသျှ အစိုးရတပ်များသည် အချို့ နေရာများတွင် ခုခံတိုက်ခိုက်၍ အချို့နေရာများတွင် ရင်ဆိုင် တိုက်ခိုက်ခြင်း လုံးဝမပြုတော့ဘဲ ဖရိုဖရဲ ဆုတ်ခွာသွားသည်ကိုသာ မြင်ရ၏။ ရဲဘော်သုံးကျိပ်နှင့်တကွ ဗမာ့လွတ်လပ်ရေး တပ်မတော်သားများသည် ဂျပန် စစ်တပ်ကြီးများနှင့် အတူ အတားအဆီးမရှိ ပြင်းထန်သော ခုခံမှုမတွေ့ရဘဲ အောင်ပွဲများကို ထပ်တလဲလဲ ခံယူပြီးနောက် မြန်မာ နိုင်ငံအတွင်းသို့ ရောက်ရှိလာသည့် အခါ ထပ်မံ၍ စစ်သားများကို စုဆောင်းကြပြန်၏။ လွတ်လပ်ရေး စိတ်ဓာတ် ပြင်းပြလျက် ရှိသော မြန်မာ လူငယ်လူရွယ် အမြောက်အမြားပင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသို့ ဝင်ရောက် အမှုထမ်း ကြလေသည်။ ထိုသို့ဝင်ရောက်အမှုထမ်းကြရာ၌ လခမည်မျှရရှိမည်ဟူ၍လည်းမမေးမြန်းဘဲ

နယ်ခွါကို မောင်းထုတ်၍ ဆုံးရှုံးပြီးသော ဗမာ့လွတ်လပ်ရေးကြီးကို ပြန်လည် ရယူရန်ဟူသော ပြင်းပြသော အာသာဆန္ဒဖြင့်သာ ဝင်ရောက် လာကြခြင်း ဖြစ်လေသည်။

ယိုးဒယားနိုင်ငံမှ စုဆောင်းရရှိခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဗိုလ် စစ်သား စုစုပေါင်းမှာ ၃,၇၇၆ ယောက် ဖြစ်၍ မြန်မာမြေပေါ် တွင် တိုက်ပွဲများ၌ ကျဆုံးသူပေါင်းမှာ ၆၄၂ ယောက်ဖြစ်၍ ဒဏ်ရာအနာတရ ရရှိသူ လူမမာပေါင်း ၃၀၀ ခန့် ရှိလေသည်။ မြန်မာနိုင်ငံတဝှန်းကို ဂျပန်က သိမ်းပိုက်လိုက်သော အချိန်တွင် ဗမာ့ လွတ်လပ်ရေး တပ်မတော် စစ်ဗိုလ် စစ်သား စုစုပေါင်းမှာ နှစ်သောင်းကျော် သုံးသောင်း နီးပါးခန့် ရှိ၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အောင်ပွဲများရရှိ၍ ဗြိတိသျှ အစိုးရသည် မြန်မာ နိုင်ငံမှ ဆုတ်ခွါ ထွက်ပြေးပြီးနောက် ယိုးဒယားမှ လိုက်ပါ လာသူ တပ်မတော်သား အချို့တို့သည် ယိုးဒယားသို့ ပြန်လည် သွားကြ လေသည်။ တရာခန့်မှာမူကား မြန်မာနိုင်ငံ၌ပင် အိုးအိမ် ထူထောင်၍ နေရစ်ခဲ့ကြသည်ဟု သိရှိရ၏။

စစ် နှင့် မြန်မာနိုင်ငံ

ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် အတူ မြန်မာ နိုင်ငံကို ဝင်ရောက် တိုက်ခိုက်ကြသော ဂျပန်စစ်တပ်များသည် လေးလကျော်ကျော် ကာလအတွင်း၌ မြန်မာ နိုင်ငံတဝှန်းလုံးကို သိမ်းပိုက်နိုင် ခဲ့ကြလေသည်။ အထက်တွင် ဖော်ပြခဲ့သော အကြောင်းများကြောင့် ဂျပန်သည် ထိုကဲ့သို့ပင် လျင်မြန်စွာ အောင်ပွဲများ ရရှိခြင်းသည် စစ်အင်အား ကြီးမားခြင်းကြောင့်သာ မဟုတ်၊ ဗမာ့ လွတ်လပ်ရေး တပ်မတော်နှင့် မြန်မာ နိုင်ငံလူထုကြီးတရပ်လုံးကပါ ဗြိတိသျှတို့ စိုးမိုးသည်ကို မခံလိုကြ၍ တကယ့်လွတ်လပ်ရေးကို ရရှိ ကြတော့မည်ဟူသော မျှော်လင့် ချက်ဖြင့် ကူညီ ဆောင်ရွက်ကြခြင်းကြောင့်သာလျှင် ထိုကဲ့သို့ လျင်မြန်စွာ သိမ်းပိုက်နိုင်ကြခြင်း ဖြစ်၏။

မြန်မာနိုင်ငံ အပါအဝင် ယိုးဒယား၊အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်၊မလေး၊စင်္ကာပူ၊ အင်ဒိုနီးရှား အစရှိသော နိုင်ငံများကို ဂျပန်တို့က တိုက်ခိုက်သော စစ်ပွဲကြီးကို အရှေ့အာရှ စစ်ပွဲကြီးဟူ၍ ခေါ် ဝေါ် ကြလေသည်။ မြန်မာ နိုင်ငံနှင့် အရှေ့အာရှ စစ်ပွဲကြီး အကြောင်းကို မရေးသားမီ တရုပ်မြန်မာ လမ်းမကြီး အကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေသည်။

ဂျပန်သည် အရှေ့ အာရှ စစ်ပွဲကြီးကို မစတင်မီကပင်လျှင် တရုပ်ပြည်မကြီးကို တိုက်ခိုက်လျက် ရှိခဲ့လေ၏။ ထိုသို့ တိုက်ခိုက်လျက် ရှိရာ တရုပ်ပြည်၏ အရေးကြီးသော မြို့ကြီးအများပင် ဂျပန်၏ လက်တွင်းသို့ကျရောက်ခဲ့၏။ ထိုမြို့ကြီးများထဲတွင် ရှန်ဟဲအစရှိသော ဆိပ်ကမ်းမြို့ကြီးများလည်း ပါဝင်ရာ ချန်ကေရှိတ် အုပ်ချုပ်သော တရုပ်ပြည်သည် ဂျပန်ကို ခုခံနိုင်ရန် အတွက် လက်နက်အင်အား ပစ္စည်းအင်အားများကိုဆက်လက်၍ ရရှိနိုင်ရန် အနောက်ဖက်မှဝင်လမ်းကြီးတခုကို စတင်ကြံစည်ခဲ့ကြလေသည်။ ဗြိတိသျှ အစိုးရ၏ သဘောတူချက်ဖြင့် လာရှိးမြို့မှ ကွန်မင်မြို့အထိ မူလရှိပြီးသော လမ်းဟောင်းကြီးကို မြန်လည် ပြုပြင်၍ ခေတ်မီသော လမ်းသစ်ကြီးတခုကို စတင်ဖောက်လုပ်ခဲ့လေသည်။ တရုပ်ပြည်ဖက်မှလည်း ၁၉၃၇ ခု ဒီဇင်ဘာလမှ ၁၉၃၈ ခုမေလ အထိ တရုပ်အလုပ်သမား များသည် ဆာကွန်မြို့မှ တရုပ်မြန်မာ နယ်စပ် ဝမ်ထိန်မြို့အထိ လမ်းသစ်ကြီးကို ဖောက်လုပ်ကြ၏။ ထိုသို့ ဖောက်လုပ်ပြီးသည်နှင့် တပြိုင်နက် ကွန်မင်မြို့မှ လာရှိးမြို့ အထိ မိုင် ၇၅၀ တလျှောက်လုံးတွင် ထရပ်ကားကြီးများ မောင်းနှင် သွားလာ နိုင်လေသည်။

ချန်ကေရှိတ် အုပ်ချုပ်သော တရုပ်အစိုးရ၏ ရည်ရွယ်ချက်မှာ သူတို့ အလိုရှိသော ပစ္စည်း အပျိုးမျိုးကို ရန်ကုန်မြို့မှ တဆင့် လာရှိး မြို့သို့ ဖြစ်စေ၊ မန်းမော်မြို့သို့ ဖြစ်စေ တင်ပို့၍ ထိုနေရာများမှတဖန် တရုပ်မြန်မာလမ်းမကြီးအတိုင်း တရုပ်ပြည်တွင်းသို့ သွင်းယူရန် ဖြစ်လေသည်။ ထိုကဲ့သို့ စာရုပ် မြန်မာ လမ်းမကြီး ဖောက်လုပ်၍ စစ်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းမှ ဆယ်ယူ တင်ပို့ရန် ကြံစည်ခြင်းကို မြန်မာနိုင်ငံအမျိုးသားများက ကန့်ကွက်ကြသော်လည်း ထိုအခါက ဗြိတိသျှ အစိုးရသည် အရေး မယူခဲ့ပေ။ ၁၉၃၈ ခု နိုဝင်ဘာလအတွင်း၌ ရှမ်းနိုင်ငံမှ လက်နက်ခဲယမ်း မီးကျောက်များ တင်ဆောင်လာသော 'စတင်းဟော' အမည်ရှိ ဗြိတိသျှ သင်္ဘောတစင်းသည် ရှမ်းပြည် အိုဒက်ဆာမြို့မှ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်လာ၏။ နောက် များမကြာမီပင် စစ်လက်နက် ပစ္စည်းများ တင်ဆောင်လာသော သင်္ဘော ငါးစင်းသည် ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံ ရောက်ရှိ လာပြန်၏။ အချို့သော ပစ္စည်းများကို မီးရထားဖြင့် လာရှိးမြို့သို့ ပို့၍ ပစ္စည်းအများကိုမူကား သင်္ဘောဖြင့် မန်းမော်မြို့သို့ တင်ပို့ ခဲ့လေသည်။ ထိုကဲ့သို့ ချန်ကေရှိတ် တရုပ်ပြည် အတွက် တရုပ်မြန်မာ လမ်းမကြီးမှ စစ်ပစ္စည်းများ ဆယ်ယူနေသည့် သတင်းကို ဂျပန်က ကြားသိသော အခါ ဂျပန်သတင်းစာများက ပြင်းထန်စွာ ကန့်ကွက် ရေးသား ခဲ့လေသည်။ ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်ရုံးမှ အရာရှိတဦးကလည်း ထိုလမ်းမကြီးကို ဂျပန်က ဖျက်ဆီးစစ်မည့်အကြောင်းကို သတိပေးခဲ့ဘူးလေသည်။

ထိုသို့ လမ်းမကြီးကို ဖောက်လုပ်ခြင်းဖြင့် တရုပ်အစိုးရအား ဗြိတိသျှအစိုးရက ကူညီရုံသာမက လာရှိး၊ နန်းခမ်း၊ ဗန်းမော်၊ မြစ်ကြီးနားမြို့မျှားဌ်လည်း လေယာဉ်ပျံကွင်းများကို ဆောက်လုပ်ပေးခဲ့လေသည်။ ၁၉၃၉ ခု ဇန္နဝါရီလ ၂၅ ရက်နေ့တွင် ချန်ကေရှိတ် အစိုးရသည် ချုံကင်း၊ ကွန်မင်နှင့် ရန်ကုန်မြို့များသို့ လေယာဉ်ပျံလမ်းဖွင့်လှစ်ပေးပြန်၏။

ထိုကဲ့သို့ ဒုတိယ ကမ္ဘာစစ်ကြီး၏ ရှေ့တော်ပြေး အဖြစ် ဂျပန်က တရုပ်ပြည်မကြီးကို တိုက်ခိုက်လျက် ရှိရာတွင် မြန်မာနိုင်ငံကို ဓားစာခံ ပြုလုပ်၍ တရုပ် မြန်မာလမ်းမကြီး ဖောက်လုပ်ပေးခြင်းကို မြန်မာလူမျိုးများက သာလျင် ကန့်ကွက်သည် မဟုတ်သေး။ ဗြိတိန်ရှိ အမြောအမြင် ရှိကြသော နိုင်ငံရေး အင်အား စုတို့ကလည်း ကန့်ကွက်ခဲ့ရာ ဗြိတိသျှ အစိုးရသည် ၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် တရုပ်မြန်မာလမ်းမကြီးကို သုံးလတိတိပိတ်ထားမည်ဟု ကျေညာခဲ့ရလေသည်။ သို့ရာတွင် ထိုသို့ ပိတ်ထားသည့် သုံးလ၌ကာလ အတောအတွင်း၌ တရုပ် အစိုးရသည်သူတို့ဖက်ရှိ တရုပ်မြန်မာလမ်းမကြီးကို ပိုမိုကောင်းမွန်အောင်ပြင်ဆင်သည်ကို စွတ်ရ၏။

ကျေညာ ထားသည့် သုံးလပြည့်သော ကာလတွင် ဗြိတိသျှ အစိုးရသည် တရုပ် မြန်မာလမ်းမကြီးကို ပြန်လည်ဖွင့်လှစ် လိုက်၏။ ထိုသို့ ဖွင့်လှစ်ပြီးနောက် စစ်ပစ္စည်းများကို ရန်ကုန်မြို့မှ တဆင့် အဆက်မပြတ် တင်ပို့ ခဲ့ကြလေသည်။ ထို့နောက် ဂျပန် လေတပ်က ထိုလမ်းမကြီးပေါ် ရှိ တန်တားအချို့ကို ဗုံးကြဲ တိုက်ခိုက်သည်ဟူသော သတင်းများ ထွက်ပေါ် လာခဲ့ လေသည်။ ထိုသို့ ဗုံးကြဲဖျက်ဆီးသော်လည်း တရုပ်အစိုးရသည် ပျက်စီးသော တန်တားများကို ချက်ခြင်းပြင်ဆင်၍ မော်တော်ကား အသွား အလာကို ပြန်လည် ဖွင့်လှစ်နိုင်ခဲ့၏။ သတင်းတရပ် အဆိုအရ ၁၉၄၁ ခု ဇွန်လ အတွင်း၌ မြန်မာနိုင်ငံအတွင်းမှ နယ်စပ်သို့ တင်ပို့သော စစ်ပစ္စည်း တန်ချိန်မှာ ၁၇,၀၀၀ ခန့် ဖြစ်သည်။

အရှေ့ အာရှ စစ်ပွဲကြီးကို ဂျပန်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် စတင် ဆင်နွှဲခဲ့၏။ ထိုနေ့၌ပင် ပါလ်ဟာဗာရှိ အမေရိကန် ရေတပ်ကို ဂျပန်လေတပ်က ရုစရာ မရှိအောင် ဖျက်ဆီး နိုင်ခဲ့၏။ ထို့နောက် ဂျပန်၏ စစ်ဦးကို အနောက်ဖက်သို့လှည့်ခဲ့ရာ ဗြိတိသျှပိုင် ဟောင်ကောင်ကျွန်းကို ၁၉၄၁ ခု ဒီဇင်ဘာလ ၂၅ ရက်နေ့၌ပင်း၊ စင်္ကာပူကို ၁၉၄၂ ခု ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ပင်း၊ ဂျာဝါးကျွန်း ဘင်ဒွန်းမြို့ကို မတ်လ ၇ ရက်နေ့၌ပင်း၊ ရန်ကုန်မြို့ကို မတ်လ ၈ ရက်နေ့၌ပင်း သိမ်းပိုက်ရယူနိုင်ခဲ့ လေသည်။

မြန်မာနိုင်ငံကို ဂျပန်တပ်များသည် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ အကူအညီနှင့် စတင်တိုက်ခိုက်သည့် အချိန်တွင် မြန်မာနိုင်ငံအတွင်း၌ ဗြိတိသျှ စစ်တပ် ဒိဝီဇံတပ်မကြီး ၂ တပ်သာလျှင် ရှိလေသည်။ ဂျပန်ဝင်ရောက်တိုက်ခိုက်သည့် အခါ၌ ဗြိတိသျှ အစိုးရသည် တရုပ်စစ်သား ငါးသောင်းကျော်တို့ကို မြန်မာနိုင်ငံအတွင်းသို့ သွင်းယူခဲ့ရလေသည်။ ပဌမတွင် မြန်မာနိုင်ငံ ကာကွယ်ရေးကို စက်ပူတွင် ဌာနချုပ်ပြုလုပ်ထားသော ဗြိတိသျှ အရှေ့အာရှစစ်နယ်နိမိတ် အတွင်း၌ သွတ်သွင်းထားခဲ့၍ ၁၉၄၁ ခု ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံကာကွယ်ရေးကို ဂျင်နရယ် ဝေဗယ်ဦးစီးသော အိန္ဒိယ စစ်နယ်နိမိတ်အောက်သို့ ပြန်လည် သွတ်သွင်းလိုက်၏။ ထိုနှစ်မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းရှိ ဗြိတိသျှ စစ်တပ်များကို ကူပက်ရန် အတွက် ဂျင်နရယ် အလက်ဇန္ဒားကို စစ်သေနာပတိ အဖြစ် ခန့်အပ်လိုက်လေသည်။

ရရှိသော မှတ်တမ်းများအရ မြန်မာနိုင်ငံကို ဂျပန်များ တိုက်ခိုက်စဉ်အခါက ခြေလျင် ဒိဝီဇံတပ်မကြီး လေးခုနှင့် သံချပ်ကာ ကားတပ် ၂ ခုပါဝင်သည်ဟု သိရ၏။ ဂျပန်လက်နက်ကိုင် ဦးရေမှာ ခုနစ်သောင်း ငါးထောင်ခန့်ရှိသည်ဟူ၍လည်း ဆိုလေသည်။

၁၉၄၁ ခု ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဂျပန်လေယာဉ်ပျံများသည် ရန်ကုန်မြို့ အနီးအနားဒေသသို့ ရောက်ရှိလာသဖြင့် ပဌမအကြိမ် လေကြောင်း အချက်ပေး ဥဩများ မှတ်ရလေသည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဗုံးကြဲလေယာဉ်ပျံ ၆၀ နှင့် တိုက်လေယာဉ်ပျံ ၃၀ ပါဝင်သော ဂျပန်လေတပ်သည် ရန်ကုန်မြို့ကို ဗုံးကြဲ တိုက်ခိုက်ရာ လူနေစ်ထောင်ခန့် သေကြေ၍ နှစ်ထောင့်ငါးရာခန့် ထိခိုက်ဒဏ်ရာ ရရှိ၏။ ထိုတိုက်ပွဲတွင် ဂျပန်လေယာဉ်ပျံ ၁၁ စင်းပျက်ကျခဲ့သည်ဟု ဗြိတိသျှ စစ်ဖက်က ဆိုလေသည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဗုံးကြဲလေယာဉ်ပျံ ၈၀ နှင့် တိုက်လေယာဉ်ပျံ ၂၀ ပါဝင်သော ဂျပန်လေတပ်က ရန်ကုန်မြို့ကို လာရောက်တိုက်ခိုက်ပြန်ရာ မြို့သူမြို့သား အတော်များများပင် သေကြေပျက်စီးကြပြန်လေသည်။ ထိုတိုက်ပွဲတွင် ဂျပန်လေယာဉ်ပျံ ၂၁ စင်းပျက်ကျသည်ဟု ဗြိတိသျှ စစ်ဖက်က ကျေညာခဲ့၏။

ထိုကဲ့သို့ ရန်ကုန်မြို့ကို ဂျပန်က လေကြောင်းမှ လာရောက်တိုက်ခိုက်သဖြင့် မင်္ဂလာဒုံလေယာဉ်ပျံကွင်းရှိ ဗြိတိသျှ အာရ်အေအာ်ဖ် လေယာဉ်ပျံများကို မကွေးမြို့သို့ ပြောင်းရွှေ့ ထားရှိရလေသည်။ မကွေးလေယာဉ်ပျံကွင်းကိုလည်း မတ်လ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့များတွင် ဂျပန်က လာရောက်ဗုံးကြဲရာ မြေပေါ်တွင်

ဆိုက်ထားသော ဗြိတိသျှ အာရ်အေအာက်ဖ် လေယာဉ်ပျံ အားလုံး လိုလိုပင် ပျက်စီး ရလေသည်။

ဂျပန် စစ်တပ်များသည် မြန်မာလူထု၏ အကူအညီဖြင့် မြန်မာနိုင်ငံ အတွင်းသို့ ဖောက်ထွင်းဝင်ရောက်တိုက်ခိုက်ကြရာ တမြို့ပြီးတမြို့ လျင်မြန်စွာ ကျရောက် ခဲ့ရ၏။ ထိုတိုက်ပွဲများစွာ အနက် ဗမာ့လွတ်လပ်ရေး တပ်မတော်ကလည်း ထူးချွန်စွာ တိုက်ခိုက်ခဲ့ကြသည့် သာဓက အမြောက်အမြားရှိ၏။ပမာအားဖြင့် ဖော်ပြရသော် ၁၉၄၂ ခု မတ်လ ၃၀ ရက်နေ့တွင် ဖြစ်ပွါးသော ရွှေတောင် တိုက်ပွဲတွင် ဗြိတိသျှ လက်ရွေးစဉ် တပ်တပ် ဖြစ်သော "ကွင်းစ်အုံးဟူဆာ" တပ်သည် မရွှမလှ ရှုံးနိမ့်၍ တင့်ကားများနှင့် မော်တော်ကား အမြောက်အမြား ဆုံးရှုံး ခဲ့သည်ဟု ဗြိတိသျှ စစ်မှတ်တမ်းများတွင် ဖော်ပြထားလေသည်။

ဂျပန် စစ်တပ်များသည် ဗမာ့ လွတ်လပ်ရေး တပ်သားများနှင့် အတူ ချင်းတွင်း မြစ်ကို ဆန်တက်ကြပြီးနောက် မေလ ၁ ရက်နေ့တွင် မုံရွာမြို့ကိုသိမ်းပိုက် ခဲ့ကြလေသည်။ မေလ အလယ်လောက်တွင် ဆုတ်ခွါလျက် ရှိသော ဗြိတိသျှ တပ်များသည် ခုခံခြင်း မပြုတော့သဖြင့် အကြီးအကျယ် တိုက်ပွဲများ ပေါ် ပေါက်ခြင်း မရှိတော့ ချေ။ မြန်မာနိုင်ငံ ဘုရင်ခံအဖြစ် ဆောင်ရွက်လျက် ရှိသည့် ဆာ ရယ်ဂျိနယ် ဒေါ် မန်စမစ်သည် ရန်ကုန်မြို့မှ မြောက်ဖက်သို့ ဆုတ်ခွါ လာခဲ့ရာ မေလ ၄ ရက်နေ့တွင် မြစ်ကြီးနားမြို့မှ လေယာဉ်ပျံဖြင့် အိန္ဒိယ နိုင်ငံသို့ ဆုတ်ခွါ သွားရ၏။

အထက်ပါ အတိုင်း ဂျပန် တပ်များသည် ၅ လအတွင်း မြန်မာနိုင်ငံ တခုလုံးကို သိမ်းပိုက် နိုင် ခဲ့ကြ၏။ ဂျပန် စစ်တပ်များ ရွှေသို့ ချီတက် တိုက်ခိုက်လျက် ရှိစဉ် နောက်ပိုင်းတွင် ငြိမ်ဝပ် ပိပြားရေး အတွက် ဗမာ့ လွတ်လပ်ရေး တပ်မတော်က တာဝန်ယူ၍ ငြိမ်းချမ်းရေး အဖွဲ့များကို ဖွဲ့စည်း ခဲ့ကြလေသည်။

ရွှေရည်စိမ် လွတ်လပ်ရေး

ရဲဘော် သုံးကျိပ်တို့သည်ငင်း၊ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ပါဝင် တိုက်ခိုက်ကြသော လူငယ် လူရွယ်တို့တို့သည်ငင်း၊မြန်မာ အမျိုးသား ခပ်များများသည်ငင်း ဂျပန်သည် မြန်မာ့ လွတ်လပ်ရေး အတွက် စိတ်စေတနာ ကောင်းနှင့် လာရောက် ကူညီတိုက်ခိုက်ပေးသည်ဟု ရိုးသားစွာ ယုံကြည် ခဲ့ကြလေသည်။ သို့ရာတွင် ဂျပန်စစ်အာဏာပိုင်တို့သည် မြန်မာတို့အား လုံးဝလွတ်လပ်ရေးပေးရန်လာရောက် ကြသည်မဟုတ်၊ မိမိတို့၏ လက်သုံးကြေးကြေဘံ ဖြစ်သော (အာရှသာဝူညီမှု

စံနစ်) ဟူသော စကားလုံးဖြင့် လှည့်စားလျက် ရှိသည်ကို တွေ့ရပေသည်။ ဗြိတိသျှ၏ အာဏာစက်သည် မြန်မာ နိုင်ငံမှ ပျောက်ကွယ် သွားသည်နှင့် တပြိုင်နက် ဖက်ဆစ် ဂျပန်တို့၏ အာဏာစက်ကို အစားထိုးရန် ကြံစည်ခဲ့သည်မှာ ထင်ရှားစွာ ပေါ် ပေါက် လာတော့၏။

ဂျပန် စစ်တပ်များသည် ရဲဘော် သုံးကျိပ်ခေါင်းဆောင်သော ဗမာ့ လွတ်လပ်ရေး တပ်မတော်နှင့် အတူ တနင်္သာရီနယ်ကို သိမ်းပိုက်ပြီးသောအခါ တပ်မတော် ခေါင်းဆောင်ထို့သည် မြန်မာ့လွတ်လပ်ရေးအတွက် အတည့်အလင်း ကျေညာရန် ဂျပန်အာဏာပိုင်တို့အား တောင်းဆို ခဲ့လေသည်။ သို့ရာတွင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသော အခါကျမှသာလျှင် လွတ်လပ်ရေး ကျေညာပေးပါမည်ဟု ဆိုကြသည်။ သို့ရာတွင် ရန်ကုန်မြို့ကို သိမ်းပိုက် ပြီးသော အခါ အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီးမှ သာလျှင် လွတ်လပ်ရေး ကျေညာ ပါမည်ဟု ဆိုပြန်လေသည်။ ထို့ကြောင့်ပင် အကင်းပါးသော မြန်မာ တို့သည် ဂျပန်၏ ပရိယာယ်ကို ယင်းတို့ ဝင် ရောက်လာသည့် နေ့မှ စ၍ ကောင်းစွာ ရိပ်မိခဲ့ကြ၏။

စင်စစ်အားဖြင့် ဂျပန်တို့သည် 'ကယ်ဆယ်သူ' ဟူသော အရေကို ခြုံထားသည့် အရှင် ဆာင်များသာ ဖြစ်ကြလေသည်။ ဂျပန်၏ တခုတည်းသော ရည်ရွယ်ချက်မှာ သိမ်းပိုက်မိသော နယ်မြေတို့ကို ဖိဖိစီးစီး စိုးမိုးရန် ဖြစ်လေသည်။ ဗမာ့ လွတ်လပ်ရေး တပ်မတော်ကြီးမှာ ဂျပန်တို့၏ တဖြည်းဖြည်း မလိမ့်တပတ် အင်အားလျော့မှုကြောင့် နောက်ဆုံးတွင် ဟန်ပြ စစ်တပ်အနေမျှသာ ကျန်ရှိလေတော့သည်။ သို့သော် ရဲဘော်တို့သည် စိတ်ဓာတ် ပျက်ပြားခြင်း မရှိဘဲ တကယ့်လွတ်လပ်ရေးကို သာ အရယူရန် ဆက်လက်၍ သန်္ဓိဌာန်ချခဲ့ကြ၏။

အထက်မြန်မာပြည်တွင် စစ်ပွဲများ ဆင်နွှဲလျက်ရှိစဉ် ရန်ကုန်မြို့တွင် သခင် ထွန်းအုပ် ဦးစီးလျက် မြန်မာနိုင်ငံ ဗဟိုအစိုးရ ဟူသော အမည်ဖြင့် ရန်ကုန်မြို့ကိုယ့်မင်းကိုယ့်ချင်းလမ်း (ချာချီလမ်း) အမှတ် ၈ တွင် ရုံးဖွင့်လျက် ဆောင်ရွက်သည်ကို တွေ့ရ၏။ ထိုဗဟိုအစိုးရက ကြီးမှူးလျက် နယ်များတွင် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းသည်ကိုလည်း တွေ့ရသည်။ထိုအဖွဲ့များမှာ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့၊ မြို့မ အုပ်ချုပ်ရေး အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့၊ ခရိုင် အုပ်ချုပ်ရေး အဖွဲ့ ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းရှိခဲ့၏။

ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ၄ ယောက်ထက် မနည်း၊ ၈ ယောက်ထက် မများသော အဖွဲ့ဝင်များ ခန့်ထားသည်ဟု ဆိုလေသည်။ မြို့မ အုပ်ချုပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ၆ ယောက်

ထက် မနည်းသော ကော်မီတီ အဖွဲ့ဝင်များ ပါဝင်လေသည်။ မြို့နယ် အုပ်ချုပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အောက်ပါ ဌာနမှူးများ ပါဝင်လေသည်။

(၁) ဘဏ္ဍာရေး၊ (၂) တရားစီရင်ရေး၊ (၃) ကျန်းမာရေး၊ (၄) ပညာရေး၊ (၅) ကာကွယ်ရေး၊ (၆) လမ်းပန်း ဆက်သွယ်ရေး၊ (၇) စစ်သား စုဆောင်းရေး၊ (၈) ရိက္ခာ၊ (၉) ဝါဒဖြန့်ချိရေး၊

ခရိုင် အုပ်ချုပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အောက်ပါဌာနမှူးများပါဝင်သည်ကို တွေ့ရလေသည်၊ (၁) အဲခွန်တော်။ (၂) ကျန်းမာရေး။ (၃) ဘဏ္ဍာရေး၊ (၄) တရားစီရင်ရေး၊ (၅) ပညာရေး၊ (၆) ကာကွယ်ရေး။ (၇) လမ်းပန်းဆက်သွယ်ရေး၊ (၈) စစ်သားစုဆောင်းရေး၊ (၉) ဝါဒဖြန့်ချိရေး၊ (၁၀) သစ်တော၊ (၁၁) ဆည်မြောင်း (ဆည်မြောင်းရှိသော ခရိုင်များ)။

ထိုကဲ့သို့ အုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သည်ကို ဂျပန် စစ်ဖက် ဆိုင်ရာ အာဏာပိုင်များက သဘော မကျကြချေ။ သို့ရာတွင် ငြိမ်ဝပ်ပိပြားရေး အတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဟု ယုံကြည်ကြသည့် အလျောက် ဂျပန် အာဏာပိုင်များကလည်း ထိုအဖွဲ့များတွင် ဝင်ရောက် စွက်ဖက်ခြင်းအလျင်းမပြုခဲ့ကြချေ။

ထိုကိစ္စနှင့် စပ်လျဉ်း၍ ၁၃၀၃ ခု တန်ခူးလဆန်း ၈ ရက်နေ့ (၁၉၄၂ ခု မတ်လ ၂၃ ရက်နေ့) တွင် ဂျပန် စစ်ဗိုလ်မှူး ဗိုလ်မိုးကြိုး၏ လက်မှတ်ဖြင့် ထုတ်ပြန် ကျေညာလိုက်သော အမိန့်ပြန်တမ်း တခုမှာ စိတ်ဝင်စားစရာ ကောင်းပေသည်။ ထို ကျေညာချက် အဆို အရ မြန်မာကိုယ်စားလှယ်များနှင့် ဂျပန် အုပ်ချုပ်ရေး ဆိုင်ရာ ပုဂ္ဂိုလ်များသည် ဆွေးနွေး တိုင်ပင်ကြပြီးနောက် အောက်ပါ အချက်များကို သဘောတူညီကြသည်ဟု ဆိုလေသည်။

(၁) မြန်မာနိုင်ငံမှ ရေနံ၊ သစ်တော၊ သေတ္တာ အစရှိသော သဘာဝ ပစ္စည်းများနှင့် စပ်လျဉ်း၍ ရရှိသည့် အခွန်တော်ဟူသမျှကို ၁၀ နှစ်ကာလ အတွင်း ဂျပန်က ကောက်ယူရေး။

(၂) ဂျပန် ကုန်ပစ္စည်းများနှင့် ယိုးဒယား ကုန်ပစ္စည်းများသည် ၁၅ နှစ် အတွင်း မြန်မာနိုင်ငံအတွင်းသို့ အခွန်အကောက်မရှိဘဲ တင်သွင်းနိုင် စေရမည်။ ထိုကာလအတွင်း အကောက်တော် ဌာနကို ဂျပန်က အုပ်ချုပ်မည်။

(၃) မြန်မာနိုင်ငံအတွင်း၌ ကျဆုံးသော ဂျပန်တဦးအတွက် မြန်မာက လျော်ကြေး ၃,၀၀၀ ပေးရမည်။

(၄) မြန်မာနိုင်ငံမှ ထွက်ခွါသွားကြသော နိုင်ငံခြားသားပိုင် ပစ္စည်းများကို သိမ်းယူမည်။

(၅) မည်သည့် နိုင်ငံခြားသားမျှ မြန်မာ နိုင်ငံ အတွင်းသို့ ကုန်းလမ်းဖြင့် ဖြစ်စေ၊ ရေလမ်းဖြင့် ဖြစ်စေ မဝင်ရောက်စေရ။

(၆) တနှစ်လျှင် မြန်မာလူမျိုး ပညာတော်သင် ၁,၀၀၀ စီ ဂျပန်နိုင်ငံသို့ စေလွှတ်၍ ပညာသင်ကြားစေရမည်။

(၇) မြန်မာနိုင်ငံသည် မည်သည့် နိုင်ငံနှင့်မျှ ကူးသန်းရောင်းဝယ်ရေး စာချုပ် မချုပ်ဆိုရ။

(၈) အာရှ စစ်ပွဲကြီး မပြီးဆုံးသေးသမျှ ကာလပတ်လုံး စစ်ဆင်မှု အတွက် လိုအပ်သော လက်နက် ခဲယမ်းမီးကျောက်များကို ဂျပန်က ထောက်ပံ့မည်။

(၉) အာရှ စစ်ပွဲကြီး မပြီးဆုံးသေးသမျှကာလပတ်လုံး ဂျပန်လက်နက်ကိုင် တပ်သားများကို မြန်မာများက ကျွေးမွေးရမည်။

အထက်ပါ ဗိုလ်မိုးကြိုး၏ ကျေညာချက် ထွက်ပေါ်လာသော အခါ ဂျပန်တို့ လာရောက်ကြသော တကယ့်အကြောင်းရင်းများကို မြန်မာများသည် ပိုမို သိရှိကြလေသည်။ သို့ရာတွင် စစ်ပွဲမှာ မပြီးသေးသဖြင့် မကျေနပ်ချက်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်၍ မပြောခဲ့ကြချေ။

များမကြာမီပင် ဒေါက်တာဘမော် ဦးစီးသော ဗဟိုအုပ်ချုပ်ရေး ကော်မီတီ အဖွဲ့တဖွဲ့ကို ဂျပန်စစ်သေနာပတိချုပ် ဂျင်နရယ်အီဒါးက ဖွဲ့စည်းခဲ့လေသည်။ ထိုအုပ်ချုပ်ရေး အဖွဲ့တွင် ရှေးက နိုင်ငံရေး ခေါင်းဆောင်များ ပါဝင်၍ အထူးသဖြင့် ဒေါက်တာဘမော်၏ မဟာဗမာပါတီနှင့် တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင် အချို့ ပါဝင်သည်ကို တွေ့ရ၏။ ထိုသို့ ဖွဲ့စည်းကြောင်းကို ၁၉၄၂ ခု ဇွန်လ ၄ ရက်နေ့တွင် ဂျပန် စစ်သေနာပတိချုပ် ဂျင်နရယ် အီဒါးက တိုင်းပြည်သို့ ကျေညာခဲ့လေသည်။ ထိုကော်မီတီ၏ လုပ်ငန်းများမှာ ခိုင်ခံ့သည့် ဗဟိုအစိုးရ အဖွဲ့ တဖွဲ့ကို ဖွဲ့စည်းပေးရန်နှင့် ဂျပန် စစ်နိုင်ရေး အတွက် အစွမ်းကုန် အကူအညီ ပေးရန် ဖြစ်လေသည်။ ထို့နောက် ဂျပန် မြန်မာ ဆက်ဆံရေး ပိုမိုခိုင်မြဲစေရန် အတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး အခြေခံ ဥပဒေ တရပ်ကိုလည်း ရေးဆွဲပေးရန် ဖြစ်လေသည်။ ထို ကျေညာချက် ထုတ်သည့် အခမ်း အနားတွင် ဂျင်နရယ် အီဒါးက ဗမာ့လွတ်လပ်ရေး ကော်မီတီအား အုပ်ချုပ်ရေးတွင်ဝင်ရောက်စွက်ဖက်ခြင်းမပြုကြရန် အတည့်အလင်း သတိပေးလေသည်။ ထိုအဖွဲ့တွင် ဒေါက်တာဘမော်၊ သခင်မြ၊ သခင်နု၊ သခင်ဗစိန်၊

သခင်ထွန်းအုပ်၊ ဒေါက်တာ သိမ်းမောင်၊ ဓားမ ဦးဘသိမ်း၊ ဗန္ဓုလ ဦးစိန်၊ ဦးလှဖေ နှင့် ဦးဘဖေတို့ ပါဝင်ကြလေသည်။

အုပ်ချုပ်ရေး

ပဌမပိုင်း

၁၉၄၂ ခု ဩဂုတ်လ တရက်နေ့တွင် ထိုအဖွဲ့ကို မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့ဟု အမည် ပြောင်းလဲလိုက်လေသည်။ ထိုအဖွဲ့က အုပ်ချုပ်ရသော လုပ်ငန်းများမှာ ဂျပန် စစ်သေနာပတိချုပ် ဂျင်နရယ် အီဒါးက သတောအတိုင်း လွှဲအပ်ပေးသော ကိစ္စရပ်များသာ ဖြစ်လေသည်။ ဌာန အသီးအသီးတွင် ဂျပန် အတိုင်ပင်ခံများကို ထားရှိ၍ အချို့သော ဌာနများတွင် ဂျပန် အတိုင်ပင်ခံ ဦးရေမှာ ၅ ဦး ၆ ဦးခန့် ရှိလေသည်။ အမှန်စင်စစ်အားဖြင့် ထိုဂျပန် အတိုင်ပင်ခံများသည်သာလျှင် တကယ့် အရေးပါသူများ ဖြစ်ကြ၏။ ဝင်ငွေ သုံးငွေ သတ်မှတ်ရာ၌သော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် စပ်လျဉ်း၍ သော်၎င်း၊ အရေးကြီးသော ကိစ္စ အားလုံးတို့တွင် ဂျပန် စစ်အုပ်ချုပ်ရေး အာဏာပိုင်များသည် သာလျှင်တကယ့်တန်ခိုးအာဏာများကိုရရှိကြ၍မြန်မာအုပ်ချုပ်ရေး အဖွဲ့ဝင်များမှာ ရုပ်သေးရုပ်များသာ ဖြစ်ကြလေသည်။

၁၉၄၃ ခု မတ်လ ၁၂ ရက်နေ့တွင် ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိမ်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဂျပန် အစိုးရ၏ ဖိတ်ခေါ်ချက် အရ တိုကျိုမြို့သို့ လေယာဉ်ပျံဖြင့် ထွက်ခွါသွားကြ၏။ မတ်လ ၁၈ ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်ရှိကြပြီးနောက် မြန်မာနိုင်ငံ၏ အရေးကိစ္စများကို ဂျပန် အာဏာပိုင်များနှင့် ဆွေးနွေး တိုင်ပင်ကြလေသည်။ ထိုသို့ သွားရောက်သည့် အခိုက်တွင် ဂျပန် ဘုရင်က ယင်းတို့အား ဂျပန် ဘွဲ့တံဆိပ်များဖြင့် ချီးမြှင့်သည်ကို တွေ့ရပေသည်။ ဒေါက်တာဘမော်မှာ The Order of The Rising Sun, First Class with Grand Cordon ဘွဲ့တံဆိပ်ကို ရရှိလေသည်။ သခင်မြနှင့် ဒေါက်တာ သိမ်းမောင် တို့သည် The Order of The Sacred Treasure, Second Class ဘွဲ့တံဆိပ်ကို ရရှိကြ၏။ ဗိုလ်ချုပ်အောင်ဆန်းမှာ The Order of The Rising Sun, Third Class with Middle Cords ဘွဲ့တံဆိပ်ကို ရရှိလေသည်။

၁၉၄၃ ခု မေလ ၈ ရက်နေ့တွင် ဂျပန်စစ်အာဏာပိုင်များသည် မြန်မာ့လွှတ်လပ်ရေး စီစဉ်မှု အဖွဲ့တဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။ ထိုအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ် ၂၆ ဦး ပါဝင်၏။

(၁) ဒေါက်တာဘမော် (ဥက္ကဋ္ဌ)၊ (၂) သခင်မြ၊ (၃) ဗိုလ်ချုပ်အောင်ဆန်း၊ (၄) ဦးထွန်းအောင်၊ (၅) ဒေါက်တာသိမ်းမောင်၊ (၆) ဦးဘဝင်း၊ (၇) သခင်ကိုယ်တော်မှိုင်း၊ (၈) သခင်နု။ (၉) ဗန္ဓုလ ဦးစိန်၊ (၁၀) ဦးလှဖေ၊ (၁၁) သခင် ထွန်းအုပ်၊ (၁၂) သခင်ဗစိန်၊ (၁၃) သခင်ဆန်းထွန်း၊ (၁၄) ဆရာဦးသွင်၊ (၁၅) ဆာမြဘူး၊ (၁၆) ဦးသိမ်းမောင်၊ (၁၇) ဦးချစ်လှိုင်၊ (၁၈) ဒေါက်တာစံဖိုး၊ (၁၉) ဦးဆက်၊ (၂၀) ဦးအေး၊ (၂၁) ဦးထွန်းဖေ၊ (၂၂) ဦးအေးမောင်၊ (၂၃) ဟသံတ ဦးမြ၊ (၂၄) ဦးခင်မောင်ဒွေး၊ (၂၅) ဦးကျော်နှင့် (၂၆) ဦးကျော်ငြိမ်း (အတွင်းရေးမှူး)။

၁၉၄၃ ခု ဩဂုတ်လ တရက်နေ့တွင် လွှတ်လပ်ရေး ကျေညာပြီးလျှင် ထိုနေ့မှ အစပြု၍ မြန်မာနိုင်ငံကို ဒေါက်တာဘမော်က နိုင်ငံတော် အဓိပတိ ဟူသော အမည်ဖြင့် အုပ်ချုပ်လေသည်။

ထိုဂျပန်ခေတ် ဒေါက်တာဘမော်၏ မြန်မာအစိုးရ အဖွဲ့တွင် ပါဝင်သော ဝန်ကြီးများမှာ –

၁။ အဓိပတိနှင့် ဝန်ကြီးချုပ် ဒေါက်တာဘမော်
၂။ ဒုတိယဝန်ကြီးချုပ် သခင်မြ
၃။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း
၄။ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ ဦးသိမ်းမောင်
၅။ နိုင်ငံခြားရေးဝန်ကြီး သခင်နု
၆။ ပြည်ထဲရေးဝန်ကြီး ဦးဘဝင်း
၇။ ကြီးပွါးရေးနှင့် စဒေဖြန့်ချိရေးဝန်ကြီး ဗန္ဓုလ ဦးစိန်
၈။ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးထွန်းအောင်
၉။ တရားဥာနဝန်ကြီး ဦးသိမ်းမောင်
၁၀။ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုလက်မှု ဝန်ကြီး ပျော်ဘွယ် ဦးမြ
၁၁။ မြေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး သခင် သန်းထွန်း
၁၂။ လမ်းပန်းနှင့် ပြန်လည် ထူထောင်ရေးဝန်ကြီး သခင်လွန်းဘော်
၁၃။ လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းဥာနဝန်ကြီး သခင်လေးမောင်
၁၄။ အခွန်တော်ဥာန ဝန်ကြီး ဦးအေး
၁၅။ သစ်တောနှင့် သေတ္တာတွင်း ဥာနဝန်ကြီး ဦးလှဖေ
၁၆။ ပညာ ကျန်းမာနှင့် စည်ပင် သာယာရေးဝန်ကြီး ဦးလှမင်းတို့ ဖြစ်ကြလေသည်။

အစိုးရ အဖွဲ့နှင့် အတူ အတိုင်ပင်ခံ လွှတ်တော် အဖွဲ့တဖွဲ့ကိုလည်း ထိုနှေ့၌ပင် ဖွဲ့စည်းလိုက်လေသည်။ အတိုင်ပင်ခံ လွှတ်တော်တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ကြ၏။

၁။ ဆာ ဦးသုဉ် (ဥက္ကဋ္ဌ)
၂။ ဦးဘလှိုင် (ဒုတိယ ဥက္ကဋ္ဌ)
၃။ သခင် ကိုယ်တော်မှိုင်း
၄။ ဒေါက်တာစံဖိုး
၅။ ဦးချစ်လှိုင်
၆။ ဦးထွန်းဖေ
၇။ ဒေါက်တာဦးဆက်
၈။ ဟင်္သာတ ဦးမြ
၉။ ဦးကျော်
၁၀။ ဦးအေးမောင်
၁၁။ ဦးမောင်မောင်ဖြား
၁၂။ ဦးကြီးမြင့်
၁၃။ ဦးဖိုးစံ
၁၄။ ဦးခင်မောင်ပု
၁၅။ ဒီးဒုတ် ဦးဘချို
၁၆။ မြန်မာ့အလင်း ဦးတင်
၁၇။ ဦးစိန်ဝင်း
၁၈။ ဦးဘသိ
၁၉။ သခင်သာဒင်
၂၀။ ဦးမို့

ထိုလွှတ်လပ်ရေး ကျေညာသည့် နေ့၌ပင် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံနှင့် မဟာမိတ် စာချုပ် တခုကိုလည်း ချုပ်ဆိုလိုက်၏။ ထိုစာချုပ်တွင် တဦးကိုတဦး ရှိသေလေးစားရန်နှင့် မဟာ အရှေ့အာရှတိုက် စစ်ပွဲကြီး အောင်မြင်စွာ တိုက်ခိုက်ဆောင်ရွက် သွားနိုင်ရန် အတွက် တဦးနှင့် တဦး ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်မည်ဟု ဖော်ပြ ထားသည်ကို တွေ့ရလေသည်။

ထိုနှေ့၌ပင် ဒေါက်တာ ဘမော်၏ လက်မှတ်ဖြင့် ဗမာ့လွတ်လပ်ရေး ကျေညာစာတမ်းကြီးကိုလည်း ဖတ်ကြားလေသည်။ ထိုကျေညာစာတမ်းတွင် အင်္ဂလိပ်တို့

အဓမ္မစိုးမိုးချုပ်ချယ်ခဲ့သည်ကို ပြင်းထန်စွာရွတ်ချ၍ ယင်းတို့အား မောင်းနှင်တိုက်ခိုက်ပေးသော ဂျပန်တို့အား မြန်မာတို့က အထူးကျေးဇူးတင်ရှိကြောင်းကို ဖော်ပြထားလေသည်။

ထိုနှေ့၌ပင်လျှင် အဓိပတိခေါင်းဆောင်သော အစိုးရ အဖွဲ့က အင်္ဂလိပ်နှင့် အမေရိကန်တို့အား စစ်ကျေညာလိုက်၏။ ထိုကျေညာချက်တွင် စစ်ကြီးတွင် မြန်မာ လူမျိုးများသည် ဂျပန်တို့နှင့် လက်တွဲ၍ နိုင်အောင် တိုက်မည်ဟု ဖော်ပြထားလေသည်။ လွှတ်လပ်ရေး ကျေညာသည့်နေ့၌ပင်လျှင် ဂျပန် ဝန်ကြီးချုပ် ဂျင်နရယ် တိုဂျိုက သဝဏ်လွှာတစောင် ပေးပို့ခဲ့လေသည်။ ထိုသဝဏ်လွှာတွင် ရှေးရှေးသော အခါများက မည်သည့်ကိုင်း နိုင်ငံမျှ လွှတ်လပ်ရေးကို ချက်ခြင်း မရရှိခဲ့ကြောင်း။ ယခုမူကား ယနေ့မှစ၍ ဗမာနိုင်ငံတော်သူ နိုင်ငံတော်သားများသည် လွှတ်လပ်ရေးကို ရရှိပြီးဖြစ်၍ အလွန်တရာ ကံကောင်း ဝမ်းမြောက်ဖွယ်ရာ ဖြစ်သည်ဟု ဖော်ပြထားလေသည်။

ဂျပန်ဘုရင်ကလည်း မြန်မာနိုင်ငံတော် လွှတ်လပ်ရေးရရှိသည့်အတွက် အလွန်ဝမ်းသာပါသည်ဟု သဝဏ်လွှာတစောင် ပေးပို့ခဲ့လေသည်။ ထိုအခါက မြန်မာနိုင်ငံ၌ ဂျပန် စစ်သေနာပတိချုပ် အဖြစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဂျင်နရယ် ကာဝါတိကလည်း လွှတ်လပ်ရေးကျေညာသော အခမ်းအနား၌ မိန့်ခွန်းစကား ပြောကြားရာ မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့၏ ဓလေ့ထုံးစံနှင့် အင်္ဂလိပ်တို့၏ စိတ်နေ စိတ်ထားတို့ကို လုံးဝ စွန့်ပစ်ကြပါ ဟူ၍ ဩဝါဒပေးသည်ကို တွေ့ရ၏။ လွှတ်လပ်ရေး ကျေညာပြီးသည့်နောက် ဂျပန်၊ ဂျာမန်နှင့် အီတလီ လက်အောက်ခံနိုင်ငံအချို့က လွှတ်လပ်သော မြန်မာနိုင်ငံအား အသိအမှတ်ပြုကြောင်း ကျေညာလေသည်။ ထိုသို့ ကျေညာသော နိုင်ငံများမှာ (၁) ဂျပန်၊ (၂) ဂျာမနီ၊ (၃) ယိုးဒယား၊ (၄) မန်ချူကိုး၊ (၅) တရုပ် (နန်ကင်း)၊ (၆) ကရိုးရှား၊ (၇) ဆလိုဗားကီးယား။ (၈) ဘူဂေးရီးယား တို့ဖြစ်ကြ၏။

ဂျပန် အစိုးရက မစ္စတာ ရင်ဗိုဆာဝါဒါအား မြန်မာ နိုင်ငံအတွက် ဂျပန်သံအမတ်ကြီးအဖြစ် ခန့်အပ်၍ ယင်းသည် ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်၏ ရွှေမှောက်တွင် သံခန့်အပ်လွှာကို ဆက်သလေသည်။ မြန်မာ နိုင်ငံမှလည်း ဒေါက်တာ သိမ်းမောင်ကို ဂျပန်နိုင်ငံ အတွက် သံအမတ်ကြီး အဖြစ် ခန့်ထား စေလွှတ် လိုက်၏။

အဓိပတိ စာင်မြှောက်သော အခမ်း အနားတွင် နိုင်ငံတော် အဓိပတိ သစ္စာ ပူရန် အတွက် အောက်ပါ ဥယျောဇဉ်ကို ဖတ်ကြား လျှောက် ထားရ လေသည်။

ဗမာနိုင်ငံတော် အဓိပတိအရှင်မင်းကြီး။

အရှင်မင်းကြီး။ ။ကျွတ်ပိသော၊ သုက္ခာတော၊ သုပ္ပဋိပန္နော အစရှိသော ဂုဏ်တော်များကို နှလုံးသွင်း၍ ဗုဒ္ဓမြတ်စွာ "သာသနာ" ကို နေရောင် လရောင်ကဲ့သို့ ထွန်းပြောင်တောက်ပအောင် ရွေးရွေးသော သာသနာပြု မင်းကောင်းမင်းမြတ် တို့ကဲ့သို့ ပြုစုတော် မူပါလော။

အရှင်မင်းကြီး။ ။ဗမာ နိုင်ငံတော်သူ နိုင်ငံတော်သားများကို ရင်ဝယ်သား ကဲ့သို့ "ညာတာသနား" တရားသဖြင့် အုပ်ချုပ်တော်မူပါလော။

အရှင်မင်းကြီး။ ။ဗမာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ အကျိုးစီးပွါးကို အရှင်မင်းကြီး အကျိုးစီးပွါးကဲ့သို့ နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ အသက်ကို အရှင်မင်းကြီး အသက်ကဲ့သို့ စောင့်ရှောက်တော် မူပါလော။

အရှင်မင်းကြီး။ ။နိဂုဟ ပဂ္ဂဟတရားကို လက်သုံးထား၍ နှိမ့်ချထိုက်သူကို နှိမ့်ချလျက် ချီးမြှင့်သင့်သူကို ချီးမြှင့်တော်မူပါလော။

အရှင်မင်းကြီး။ ။ကမ္ဘာအစ၊ မဟာ သမ္မတ မင်းကောင်း မင်းမြတ်တို့ ကျင့်တော်မူသော ရာဇဓမ္မ တရား ၁၀ ပါး၊ ရာဇပြကတော့ တရား ၇ ပါး၊ အပရိဟာနိယ တရား ၇ ပါး၊ သင်္ဂဟတရား ၄ ပါးတို့ကို မြဲမြံစွာကျင့်တော် မူပါလော။

အရှင်မင်းကြီး။ ။ဗမာနိုင်ငံတော် လွတ်လပ်ရေး ကျေညာချက်တွင် ပါရှိသော အခြေခံဝါဒနှင့် နိုင်ငံတော် အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေများအရ ဗမာ့ခေတ်သစ်ကို ထူထောင် ဆောင်ရွက် အုပ်ချုပ်တော်မူပါလော။

နိုင်ငံတော်အဓိပတိ၏သစ္စာတော်

ဗမာ နိုင်ငံတော်သူ နိုင်ငံတော်သားတို့ လိုလား တောင့်တ အာသီသ ထားသော အကြောင်း အချက်များ အတိုင်း ကျနုပ်သည် တရားနှင့် အညီ တည်ကြည် ဖြောင့်မတ်စွာ နိုင်ငံတော်ကို အုပ်ချုပ်မည်ဟု လူသိ နတ်ကြား သစ္စာ မူပါသည်။

အုပ်ချုပ်ရေး

ဒုတိယပိုင်း

၁၉၄၃ ခု ဩဂုတ်လ တရက် နေ့တွင် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော် ခေါင်းဆောင်သော အစိုးရ အဖွဲ့ဝင်များသည် လွတ်လပ်ရေး စီစဉ်မှုအဖွဲ့က ရေးဆွဲ

ထားသော အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေအတိုင်း အုပ်ချုပ်ရန် ရှိလေသည်။ သို့ရာတွင် ထိုအုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေသည် စက္ကူပေါ် ဥဿာရှိ၍ လက်တွေ့ လုပ်ငန်း၌ မူကား တိတိကျကျ အကောင်အထည် မဖော်နိုင်ခဲ့ကြောင်းကို အားလုံး ပင် သိရှိကြလေသည်။

ထိုစည်းမျဉ်း ဥပဒေ အရ ဗမာနိုင်ငံတော်သည် လုံးဝ လွတ်လပ်၍ အချုပ်အချာ အာဏာနှင့် ပြည့်စုံသော နိုင်ငံတော် ဖြစ်သည်ဟု ဆိုထားလေသည်။ သို့ရာတွင် လက်တွေ့ လုပ်ငန်း များတွင် နိုင်ငံတော် အဓိပတိသည်လည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည်လည်းကောင်း၊ အတိုင်ပင်ခံ လွှတ်တော်အဖွဲ့ဝင် များသည်လည်းကောင်း ဂျပန် အာဏာပိုင်များက ပေးသော အာဏာများသာ လျှင် ရရှိကြ၏။ ပမာအားဖြင့် ဖော်ပြရလျှင် အကြောင်းကိစ္စတခုခု ပေါ် ပေါက် ပါက မြန်မာနိုင်ငံခြားရေးဝန်ကြီးသည် ရန်ကုန်မြို့ရှိဂျပန်သံအမတ်ထံသို့သွားရောက် ၍ တပည့်ံက သခင်အား ဆက်ဆံသောနည်းမျိုးနှင့် ဆက်ဆံရသည်ကို တွေ့ရလေ သည်။ ထိုနည်းအတူပင် ရန်ကုန်မြို့မှ အပဖြစ်သော မြို့များတွင်လည်း ခရိုင်ဝန်၊ ခရိုင်ရဲဝန်၊နယ်ပိုင်၊မြို့ပိုင်စသည့် အရာရှိများသည် ထိုမြို့များတွင် ထားရှိသော ဂျပန် စစ်ဖက်ဆိုင်ရာ အရာရှိများ၏ ညွှန်ကြားရာကို လိုက်နာကြ ရသည်သာများ လေသည်။

ဗမာ နိုင်ငံတော်ကို စိုးမိုး အုပ်ချုပ်ရန် အတွက် အချုပ်အချာ အာဏာနှင့် ဂုဏ် အဆင့်အတန်းတို့ လုံးဝပြည့်စုံသော နိုင်ငံတော် အဓိပတိရှိရမည်ဟု အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေတွင် ဆိုထားလေသည်။ လွတ်လပ်ရေး ကျေညာသည့် နေ့မှ စ၍ ဂျပန်သည် အာရှ စစ်ပွဲကြီးတွင် အရေးရှုံးနိမ့်၍ လက်နက် ချသည့် နေ့အထိ ဒေါက်တာ ဘမော်သည် နိုင်ငံတော် အဓိပတိအဖြစ် ဆောင်ရွက်ခဲ့ လေသည်။

စည်းမျဉ်း ဥပဒေအရ ဝန်ကြီးချုပ် ကြီးမှူးသော ဝန်ကြီးများ အဖွဲ့ တခုသည် လည်း ရှိ၏။ ဂျပန်ခေတ်တွင် ဝန်ကြီးချုပ်ဟူ၍ သီးခြား ထားရှိခြင်း မပြုနိုင်ဘဲ နိုင်ငံတော် အဓိပတိသည် ဝန်ကြီးချုပ်၏ ရာထူးကိုပါ ပူးတွဲ ဆောင်ရွက်လေသည်။ စည်းမျဉ်း ဥပဒေအရ နိုင်ငံတော် အဓိပတိသည် ဝန်ကြီးချုပ်၏ ထောက်ခံချက် အရ ဝန်ကြီးများကို ခန့်ထား၍ ဝန်ကြီး အဖွဲ့သည် အဖွဲ့လိုက် ဖြစ်စေ တဦးစီ ဖြစ်စေ နိုင်ငံတော်အဓိပတိအား တာဝန်ခံ၍ နိုင်ငံတော်၏ အုပ်ချုပ်ရေးကို ဆောင် ရွက် ရလေသည်။ နိုင်ငံတော် ဝန်ကြီးများသည် နိုင်ငံတော်အဓိပတိ နှစ်ခြိုက် ကျေနပ်သမျှ ကာလပတ်လုံး ရာထူးလက်ရှိ တည်နေသည်ဟူ၍လည်း ဆိုထား ပေသည်။

အများ ပြည်သူအတွက် အရေးကြီးသော ကိစ္စများနှင့် စပ်လျဉ်း၍ အကြံဉာဏ် တောင်းဆို ခဲ့သော် နိုင်ငံတော် အဓိပတိအား အကြံဉာဏ် ပေးရန် အတိုင်ပင်ခံ လွှတ်တော် တခုလည်း ရှိလေသည်။ အောက်ပါ ကိစ္စများတွင်မူကား နိုင်ငံတော် အဓိပတိသည် အတိုင်ပင်ခံ လွှတ်တော်၏ အကြံဉာဏ်ကို မတောင်းဘဲ မနေရဟူ၍ လည်း ဖော်ပြထား၏။

(က) အခွန်တော် ကိစ္စ
(ခ) နှစ်စဉ် ငွေဝင် ငွေထွက် ခန့်မှန်းချက်
(ဂ) နိုင်ငံတော် ချေးငွေများ
(ဃ) သာမန် ဥပဒေပြုခြင်းများ
(င) စစ်ပြေငြိမ်းရေး စာချုပ်များ

အတိုင်ပင်ခံ လွှတ်တော် အမတ်ဦးရေမှာ ၂၀ ထက် မနည်းစေရ၊ ၂၅ ထက် လည်း မများရဟူ၍ ဖော်ပြထား၏။ အတိုင်ပင်ခံ လွှတ်တော်သည် အကြံဉာဏ် ပေးအဖွဲ့သာ ဖြစ်၍ နိုင်ငံတော် အဓိပတိသည် ဝန်ကြီးများ အဖွဲ့နှင့် တိုင်ပင်ပြီး နောက် အတိုင်ပင်ခံ လွှတ်တော် အမတ်များကို ခန့်ထား ရလေသည်။ ဝန်ကြီးများ သည် အတိုင်ပင်ခံ လွှတ်တော် အမတ်များ မဟုတ်သော်လည်း အတိုင်ပင်ခံ လွှတ်တော် အစည်းအဝေးများ၌ ပါဝင်ဆောင်ရွက် နိုင်ခွင့် ရှိ၏။ အတိုင်ပင်ခံ လွှတ်တော်အမတ်များသည် အသက်အနည်းဆုံး ၄၀ ရှိစေရမည်ဟူ၍လည်း ပြဋ္ဌာန်း ထားလေသည်။

ဥပဒေ ပြုရန် တာဝန်သည် နိုင်ငံတော် အဓိပတိ၏ တာဝန် ဖြစ်၏။ သာမန် အားဖြင့် ထိုတာဝန်ကို အဓိပတိသည် ဝန်ကြီးများ အဖွဲ့နှင့် တိုင်ပင်ပြီးနောက် ဆောင်ရွက် ရမည်ဟု ဆိုလေသည်။ ဥပဒေပြု ကိစ္စများတွင် ဝန်ကြီးများ အဖွဲ့က အဓိပတိအား အကြံဉာဏ် ပေးရမည်။ အတိုင်ပင်ခံ လွှတ်တော်၏ ထင်မြင်ချက် များကို ရှေးဦးစွာ တောင်းယူ ရလေသည်။ သို့ရာတွင် သာမန် မဟုတ်သော ဥပဒေပြုမှု ကိစ္စများတွင် ဝန်ကြီးများ အဖွဲ့သည် အတိုင်ပင်ခံ လွှတ်တော်ကို မတိုင် ပင်ဘဲ ဆောင်ရွက် နိုင်သည်။

အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေ၌ ဗမာအမျိုးသား တို့၏ အခြေခံ အခွင့်အရေး များကိုလည်း ဖော်ပြထား၍ မည်သည့် ဗမာအမျိုးသားမှ ကိုယ်ရေး လွှတ်လပ်မှု၌ အတား အဆီး အနှောင့်အယှက် မရှိစေရ၊ ဥပဒေအရ မဟုတ်လျှင် ကိုယ်ရေး လွှတ်လပ်မှု မဆုံးရှုံးစေရဟု ဖော်ပြထားလေသည်။ ထိုမျှသာ မကသေး၊ ဥပဒေ အရ မဟုတ်လျှင် မည်သည့်ဗမာအမျိုးသားမျှ မိမိပိုင် စည်းစိမ်ဥစ္စာကို မဆုံးရှုံး

စေရဟူ၍လည်း ဆိုထား၏။ သို့ရာတွင် လက်တွေ့ ဆောင်ရွက်ရာ၌မူကား ဂျပန် စစ် အာဏာပိုင် များသည် မိမိတို့ သဘောအတိုင်း ဖမ်းဆီးလိုသူတို့ကို ဖမ်း ဆီးချုပ်နှောင်၍ မိမိတို့ သဘော အတိုင်း ရိုက်နှက် ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း စသည်တို့ကိုလည်း အနှံ့အပြား ကျူးလွန် ခဲ့သည်မှာ အထူးဖော်ပြရန် လိုမည် မဟုတ်ပေ။

အခြေခံ အခွင့်အရေးများတွင် ဗမာ အမျိုးသား တို့သည် မိမိတို့ ယုံကြည် သော ဘာသာ အယူဝါဒ အတိုင်း ကိုးကွယ်ကျင့်ဆောင်နိုင် စေရမည်။ မိမိ၏ သဘောကို လွတ်လပ်စွာ ထုတ်ဖော်ပြီး ပြောဆို နိုင်စေရမည်။ အကြမ်း မဖက် လက်နက်မပါဘဲ စုရုံးစည်းဝေး နိုင်စေရမည်။ အသင်းအပင်း အစည်းအရုံး အဖွဲ့ အစည်းများ ဖွဲ့စည်းနိုင်စေရမည် ဟူ၍လည်း ဖော်ပြထားပေသည်။

ထရားဌာနနှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေတွင် တည်လျက် ရှိသော ဗမာနိုင်ငံတော်၏ တရား လွှတ်တော်သည် ဆက်လက် တည်မြဲ ရမည်ဟု ဆိုထား လေသည်။ ထိုတရားလွှတ်တော်၌ တရားဝန်ကြီးချုပ် တဦးနှင့် နိုင်ငံတော် အဓိပတိက လိုအပ်သည် ထင်သလောက် ခန့်ထားသော တရားဝန်ကြီးများ ပါဝင်ရ မည်ဟု ဆိုလေသည်။ တရားစီရင်ခြင်းနှင့် တရားရုံးများဖွဲ့စည်းခြင်းတို့ကိုလည်း ပြဋ္ဌာန်းသ၍ လက်ထက်က လိုက်နာ ကျင့်သုံးခဲ့သော ဥပဒေများ အတိုင်း ဖြစ်ရမည်ဟု ဆိုလေသည်။

ဂျပန်ခေတ်တွင် ထူးခြား မှတ်သားဖွယ်ရာ ကောင်းသော အမြတ်ရရှိမှု တခု သည် မြန်မာဘာသာအရေးပါလာခြင်း ဖြစ်၏။ ဗြိတိသျှ လက်ထက်က အင်္ဂလိပ် ဘာသာသည် ရုံးသုံး ဘာသာ ဖြစ်ခဲ့သဖြင့် ရုံးများ၌သာမက အရေးကြီးသော မူခင်း ကိစ္စမျိုးကို ဆောင်ရွက်ရာ၌ အင်္ဂလိပ် ဘာသာကိုသာလျှင် အသုံးပြုခဲ့ရလေ သည်။ သို့ရာတွင် ဂျပန်ခေတ်၌ မြန်မာဘာသာကို ရုံးသုံး ဘာသာအဖြစ် သတ်မှတ် ထားလိုက်ရာ ရှေးအခါက ဆောင်ရွက်၍ မဖြစ်နိုင်ဟု မှားယွင်းစွာ ယူဆထားကြ သော အခက်အခဲမှာ ဂျပန်ခေတ်၌ အောင်မြင်စွာ လုပ်ကိုင် ဆောင်ရွက် နိုင်သည် ကို တွေ့ရလေ၏။ မြန်မာ ဘာသာကို ရုံးသုံး ဘာသာပြုလုပ်လိုက်သဖြင့် တရားရုံး များ၊ အစိုးရရုံးများ၊ စာသင်ကျောင်းများ အစရှိသည်တို့၌ မြန်မာစာကိုသာလျှင် အသုံး ပြုခဲ့ကြရာ ယခု လွှတ်လပ်ရေးရပြီးသည့်ခေတ်အတွက် ထိရောက်သော အခြေ ခံ ကုတ်မြစ်များကို ဂျပန်ခေတ်ကပင် ချပေး နိုင်ခဲ့သည်ဟု ယူဆနိုင်ပေသည်။

နိုင်ငံတော် ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ရာထူးဝန် အဖွဲ့ တခုကို ဖွဲ့စည်းခဲ့လေ သည်။ ထိုအဖွဲ့သည် နိုင်ငံတော် အဓိပတိအား တာဝန်ခံ၍ နိုင်ငံတော် အဓိပတိ

သည် အဖွဲ့ဝင်ဦးရေ ရာထူးသက်တမ်းနှင့် အမှုထမ်း စည်းကမ်းတို့ကို သတ်မှတ်ရ လေသည်။

နိုင်ငံတော် အဓိပတိက ခန့်ထားသော စာရင်းစစ် အရာရှိချုပ် တဦး ရှိ၏။ နိုင်ငံတော် အစိုးရ၏ ငွေစာရင်းများနှင့် သက်ဆိုင်သော စာရင်းစစ်အရာရှိချုပ်၏ အစီရင်ခံစာများကို အဓိပတိထံသို့ တင်သွင်းရ၍ အဓိပတိက တဖန် ထိုအစီရင်ခံစာ များကို ဝန်ကြီးများအဖွဲ့နှင့် အတိုင်ပင်ခံ လွှတ်တော်တို့သို့ တင်ပြ ရလေသည်။

အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေအရ နိုင်ငံတော် အဓိပတိသည် လက်နက်ကိုင် ဗမာစစ်တပ်အားလုံး၏ စစ်သေနာပတိချုပ် ဖြစ်လေသည်။ ထို့အပြင် နိုင်ငံတော် အဓိပတိသို့ တိုက်ရိုက်တာဝန်ခံရသော စစ်ဌာနဝန်ကြီး တဦးလည်း ရှိ၏။ နိုင်ငံ တော် အဓိပတိသည် စစ်ဌာနဝန်ကြီး၏ ထောက်ခံချက်အရ လက်နက်ကိုင် ဗမာ စစ်တပ်များတွင် အရာရှိ ဗိုလ်အဆင့်အတန်းတင် အမိန့်တော်အားလုံးကို အပ်နှင်းရ လေသည်။ စစ်သေနာပတိချုပ်အား ဗဟိုစစ်အဖွဲ့ချုပ်ကြီးက စစ်ဖက် ဆိုင်ရာ ကိစ္စအဝဝတွင် အကြံဉာဏ် ပေးရမည်ဟု ဆိုထားလေသည်။

စစ်အခြေ အနေ အခွင့်သာ ခဲ့သော် လွှတ်လပ်ရေးကို စတင် တည်ထောင်သည် မှစ၍ တနှစ်ထက် နောက်မကျစေဘဲ အုပ်ချုပ် စီမံရေး အဖွဲ့တခုကို ဆင့်ခေါ် ရမည် ဟူ၍လည်း ဆိုထားလေသည်။ အခွင့်မသင့် ခဲ့သော် မည်သည့် နည်းနှင့် မဆို စစ်ပြီးငြိမ်းသည်မှ စ၍ တနှစ်ထက် နောက်မကျစေဘဲ ဆင့်ခေါ် ရမည်ဟု ဖော်ပြ ထား၏။ သို့ရာတွင် ထိုကဲ့သို့ ရည်မှန်း ထားသော အုပ်ချုပ်မှု စီမံရေး အဖွဲ့ကို ဖွဲ့စည်း ခြင်း မပြုနိုင်ခဲ့ပေ။

လွှတ်လပ်ရေး ကျေညာသည့် နေ့က ပြဋ္ဌာန်း အတည် ပြုလိုက်သော အုပ်ချုပ် ရေးစည်းမျဉ်း ဥပဒေအကျဉ်းချုပ်တွင် အထက်ပါ အချက်များ ပါရှိလေသည်။ ထိုစည်းမျဉ်း ဥပဒေကို ဝန်ကြီးများ အဖွဲ့၏ သဘော တူညီချက်နှင့် အတိုင်ပင်ခံ လွှတ်တော်၌ လေးပုံ သုံးပုံ အမတ်ဦးရေ တက်ရောက်သော အထူး အစည်းအဝေး တွင် သုံးပုံ နှစ်ပုံသော မဲဆန္ဒအရ သဘောတူညီချက်ဖြင့် ပြင်ဆင် နိုင်သည် ဟူ၍ လည်း ဖော်ပြထားလေသည်။

အထက်တွင် ဆိုခဲ့သည့် အတိုင်း အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေမှာ ဖြစ်ပေါ် လျက်ရှိသော စစ်အခြေအနေကြောင့် အတော်အတန် ကျေနပ်ဖွယ်ရာ ကောင်း သည်ဟု ဆိုနိုင် သော်လည်း လက်တွေ့ဆောင်ရွက်ရာ၌ မူကား ဂျပန်စစ်အာဏာပိုင် များသည် သာလျှင် မိမိတို့ သဘောအတိုင်းချုတ်ချယ်၍ အတင်းအကြပ် ဖက်ဆစ် နည်းများဖြင့် အုပ်ချုပ်သည်ကို တွေ့ရလေသည်။

ဂျပန်ပေးသော ရွှေရည်စိမ် လွှတ်လပ်ရေးကို သော်၎င်း၊ ဂျပန်စစ်ဗိုလ် စစ်သား တို့၏ မောက်မာသော အပြုအမူတို့ကိုသော်၎င်း စက်ဆုပ် ခ်ဉ်ရှာလာကြသော မြန်မာ အမျိုးသားတို့သည် တတ်နိုင်သော နည်းများဖြင့် မကျေနပ်မှုကို ပြသခဲ့ ကြရာ ဂျပန်အာဏာပိုင်များသည် မိမိတို့၏ လုပ်ငန်း အောင်မြင် စေရန် အတွက် ဝါဒ ဖြန့်ခြိုရေး လက်နက်ကို အကြီးအကျယ် အသုံး ပြုခဲ့ကြလေသည်။ ယင်းတို့၏ ဝါဒ ဖြန့်ခြိုရေး ယန္တရားကို အကြမ်းအားဖြင့် ဖော်ပြရလျှင် အောက်ပါ အတိုင်း ဖြစ်၏။ အင်္ဂလိပ်၊ အမေရိကန် မုန်းတီးရေး စိတ်ဓာတ်များ ပေါ်ပေါက် လာစေအောင် နည်းအမျိုးမျိုးဖြင့် ဖန်တီး ပေးခြင်း၊ ထိုသို့ ဖန်တီးရာ၌ စာသင်ကျောင်း များတွင် အင်္ဂလိပ် ဘာသာ သင်ကြားရေးကို ရပ်စဲ၍ ဂျပန်ဘာသာ အစားထိုးရန် နည်း အမျိုးမျိုးနှင့် ကြိုးစားခဲ့ကြ၏။ ဗမာ အစိုးရက ထုတ်ဝေသော 'ဗမာ့ခေတ်' သတင်း စာမှ၎င်း၊ ဂျပန် စစ်ဖက်ဌာနမှ ထုတ်ဝေသော 'ဂရိတ်တားအေရှ' ခေါ် အင်္ဂလိပ် သတင်းစာမှ ၎င်း ဝါဒဖြန့်လုပ်ငန်းကို အပြင်းအထန် ဆောင်ရွက်ခဲ့ လေသည်။

နိုင်ငံပြင်ပမှ အသံလွှင့် ချက်များကို ပြည်သူ လူထု နားမထောင် နိုင်ကြစေရန် အတွက် ရေဒီယိုများကို ဂျပန်အရာရှိများထံ အပ်နှံစေ၍ လှိုင်းတိုကြိုးများ ဖြတ် တောက်ပစ်ကြလေသည်။ များစွာသော ရေဒီယို ပိုင်ရှင်များမှာ မိမိတို့ အပ်နှံလိုက် သောရေဒီယိုများကို ပြန်လည် မရရှိကြဘဲ အနည်းငယ်မျှသော ရေဒီယိုပိုင်ရှင်တို့ သည် လှိုင်းတို မပါသော ရေဒီယိုများကိုသာလျှင် ပြန်လည် ရရှိကြ၏။ ဂျပန်စစ် အာဏာပိုင်တို့၏ ရည်ရွယ်ချက်မှာ မြန်မာ နိုင်ငံအတွင်း၌ ရေဒီယိုမှ နေ၍ ဂျပန် ဦးစီးသော ရေဒီယို အသံလွှင့်ဌာန တခုတည်းကိုသာလျှင် နားထောင်ကြစေလို ခြင်းဖြစ်၏။ အသံလွှင့်ဌာနကို အုပ်ချုပ်ရန် အတွက် ၁၉၄၃ ခု ဇန္နဝါရီလ အတွင်း၌ တိုကျိုမြို့အသံလွှင့် ဌာနမှ မတ်ဆူအူချီဆိုသူကို ခေါ်ယူ၍ မြန်မာနိုင်ငံ အသံလွှင့် ဌာနမင်းကြီးအဖြစ် ခန့်အပ်ခဲ့လေသည်။

မှတ်တမ်းများအရ ရန်ကုန်မြို့၌ ဂျပန် အသံလွှင့်ဌာနကို ၁၉၄၂ ခု အောက်တို ဘာလ ၂၆ ရက်နေ့တွင် ဂျပန်စစ်ဖက် ဆိုင်ရာက စတင် ဖွင့်လှစ်၍ တနေ့လျှင် မြန်မာ ဘာသာဖြင့် တနာရီသာ အသံလွှင့် လေသည်။ အစတွင် ဂျပန်အမျိုးသား သီချင်း ဖြင့် လွှင့်၍ အဆုံးတွင်လည်း ဂျပန်အမျိုးသား သီချင်းနှင့်ပင် ပိတ်လိုက်လေသည်။ ၁၉၄၂ ခုဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဂျပန်စစ်ဖက်ဆိုင်ရာမှ အမိန့်တရပ်ကို ထုတ် ပြန်ကျေညာခဲ့ရာ ထိုအမိန့်အရ မည်သူမဆို နိုင်ငံခြား အသံလွှင့်သတင်းများကို နားမထောင်ရ၊ နားထောင်ခဲ့လျှင် ကြီးလေးသောအပြစ်ဒဏ်ပေးမည် ဟူ၍ ဖော်ပြ ပါရှိ၏။

၁၉၄၃ ခု ဇူလိုင်လ ၄ ရက်နေ့တွင် ဂျပန် နန်းရင်းဝန် ဂျင်နရယ် တိုဂျိုသည် တိုကျိုမြို့တွင် အရေးကြီးသော ကျေညာချက်တရပ်ကို ထုတ်ပြန်ကျေညာလိုက်၏။ ထိုကျေညာချက်မှာအခြားမဟုတ်၊ မြန်မာ နိုင်ငံတွင် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်၏ အစိုးရအဖွဲ့သို့ ကျိုင်းတုံနှင့် မိုင်းပွန်နယ် ၂ နယ်မပါသော ရှမ်းပြည်နယ်များကို ပေးအပ် လိုက်ပြီ ဟူသော သတင်းပင် ဖြစ်လေသည်။ ကျိုင်းတုံနှင့် မိုင်းပွန် နယ်တို့သည် ရှမ်းပြည်နယ်များ ဖြစ်ကြ၍ မြန်မာပြည်မနှင့် ပူးပေါင်းလျှင် ယင်းတို့ ၂ နယ်ကို ပါ ထည့်သွင်းရန် ဖြစ်သော်လည်း ဂျပန် အစိုးရသည် ယိုးဒယားအား လက်ဆောင်ပေးသည့် အနေမျိုးဖြင့် ထိုနယ် ၂ နယ်ကို ယိုးဒယားအား ပေးလိုက်၏။ ထိုသတင်းကို ကြားသိကြရသော မြန်မာ အမျိုးသား များသည် ဆွေဆွေခုန်မျှ မခံမရပ်နိုင် ဖြစ်ကြသော်လည်း ခေါင်းပေါ်တွင် ခေးမိုးထားသော အုပ်ချုပ်ရေး ဖြစ်သဖြင့် မည်သို့မျှ မကန့်ကွက် နိုင်ကြဘဲ နှုတ်ပိတ်၍သာ နေကြရလေသည်။ ၁၉၄၃ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ အစိုးရ အိမ်တော်၌ ကျင်းပသော အခမ်းအနား တခု၌ ဂျပန် သံအမတ်ကြီး ရင်ဗိုဆာဝါဒါနှင့် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်တို့သည် စာချုပ်တခုကို လက်မှတ် ရေးထိုး၍ မြန်မာပြည်မသို့ ကျိုင်းတုံနှင့် မိုင်းပွန်၊ ကရင်နီနယ်များ (ကယားနယ်) နှင့် ဝနယ်များမှ အပ ရှမ်းပြည်နယ်များကို ပူးပေါင်း လိုက်သည့် အကြောင်းကို ကျေညာလေသည်။

စီးပွါးရေး အခြေအနေ

ဂျပန် အုပ်ချုပ်ရေး ကြောရှည်လာလေလေ မြန်မာလူထု၏ ဆင်းရဲဒုက္ခမှာလည်း ပိုမို၍ ကြီးကျယ် လာလေလေ ဖြစ်၏။ ဂျပန် စစ်အာဏာပိုင်များသည် ကျေးထောက်နောက်ခံ အာမခံ မထားရှိသော ငွေစက္ကူ အမြောက်အမြားကို အကန့်အသတ်မရှိ ပုံနှိပ် ထုတ်ဝေ ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ဖြန့်ချိခဲ့လေသည်။ ထို တန်ဖိုးမရှိသော ငွေစက္ကူများနှင့်ပင် ဂျပန်တို့သည် ဆန်စပါး ကောက်ပဲ သီးနှံ အစရှိသည်တို့ကို ဝယ်ယူ၍ မြန်မာ့ စီးပွါးရေးကို ဖျက်ဆီး ခဲ့ကြလေသည်။

အစိုးရ အမှုထမ်းအရာထမ်းတို့၏ အခြေအနေမှာလည်း ပြောမပြ နိုင်လောက်အောင် ဆိုးရွားသည်ကို တွေ့ရ၏။ တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူများ ထုတ်ဝေသည့်ခေတ်တွင် အစိုးရအရာရှိများ ရရှိကြသည့် အောက်ပါ စာရင်းကို ကြည့်ခြင်းအားဖြင့် အခြေအနေ မည်မျှဆိုးရွားကြောင်းကို သိသာနိုင်ပေသည်။

ရာထူး	လစာ
အတွင်းဝန်	၈၀၀
ခရိုင်ဝန်	၈၀၀
ညွှန်ကြားရေးဝန်	၄၀၀ မှ ၆၀၀
ခရိုင်ရဲဝန်	၅၀၀
သစ်တောအရေးပိုင်	၂၅၀ မှ ၃၀၀
နယ်ပိုင်ဝန်ထောက်	၂၅၀ မှ ၃၀၀
ယစ်မျိုးဝန်	၃၀၀
မြို့ပိုင်	၂၀၀

၁၉၄၃ ခု ဖေဖော်ဝါရီလ အတွင်း၌ ရှားပါး စရိတ် ရရှိကြ၏။ လခ ၅၀ အောက် ရရှိသော အမှုထမ်းများသည် ရှားပါး စရိတ် ၁၀ ရရှိ၍ လခ ၅၀ နှင့် ၁၀၀ အတွင်း ရှားပါး စရိတ်မှာ ၁၅ ကျပ် ဖြစ်လေသည်။

လွတ်လပ်ရေး ကျေညာသည့် ၁၉၄၃ ခု ဩဂုတ်လ အတွင်း၌ ရန်ကုန်မြို့တွင် ကုန်များ၏ဈေးမှာ စစ်မဖြစ်ခင်ကထက် အဆပေါင်းများစွာတက်လျက်ရှိကြောင်းကို အောက်ဖော်ပြပါ စာရင်းအရ သိသာနိုင်ပေသည်။

ကုန်ပစ္စည်း	ပိဿာတရာဈေး (၁၉၄၃ ခု)	ပိဿာ တရာဈေး (၁၉၄၁) ခု
ပဲ	၃၀၀	၃၀
ကြက်သွန်	၄၀၀	၁၀
ငြုတ်	၂၆၀	၄၅
အာလူး	၂၅၀	၂၅
ဆား	၅၀	၁၅
ဆီ	၁,၀၀၀	၂၅
ထန်းလျက်	၁၉၀	၃၀
လက်ဖက်ခြောက်	၃၂၀	၂၅
ဓနံဆီ	၆၄ (၄ ဂါလန်)	၃၀-၈ (၄ ဂါလန်)

အထက်ပါ စာရင်းကို ကြည့်ခြင်း အားဖြင့် ထိုအခါက လူထု၏ စီးပွါးရေး အခြေအနေမှာ မပြောပြ နိုင်လောက်အောင် ဆိုးရွားသည်ကို သိသာနိုင်ပေသည်။ ဂျပန် အစိုးရက ဖွဲ့စည်းထားသော မြန်မာ အစိုးရသည် နှစ်စဉ် ငွေဝင် ငွေထွက် ဗတ်ဂျက် စာရင်းတခုကို ရေးဆွဲခဲ့လေသည်။ ရှာဖွေရရှိသော မှတ်တမ်းများအရ ၁၉၄၃ ခု ဩဂုတ်လ တရက်နေ့မှ ၁၉၄၄ ခု မတ်လ ၃၁ ရက်နေ့အထိ ရရှိမည့် ဝင်ငွေ ခန့်မှန်းခြေမှာ ငွေပေါင်း ၄၀,၃၄,၀၀၀ ဖြစ်၍ ထိုကာလအတွင်း ကုန်ကျရန်ခန့်မှန်းသည့် အသုံး စရိတ်မှာ ငွေပေါင်း ၁၇၇,၁၀၇,၀၀၀ ဖြစ်လေသည်။ ထို့ကြောင့် ထို ဂ လ မျှသော ကာလ အတွက် လိုငွေမှာ ငွေပေါင်း ၁၃၇,၇၆၅,၀၀၀ ဖြစ်၏။ ထို လိုငွေကို ရရှိအောင် မည်သို့ ဆောင်ရွက် မည်ဟူ၍ကား ဖော်ပြထားခြင်း မရှိပေ။

နိုင်ငံခြား ထွက်ကုန် ဝင်ကုန်နှင့် စပ်လျဉ်း၍လည်း ဂျပန်ကုမ္ပဏီကြီးများကသာ လျှင် လက်ဝါးကြီး အုပ်သည်ကို တွေ့ရ၏။ ဂျပန်ခေတ်က မြန်မာ နိုင်ငံအတွင်းသို့ ဂျပန်ကုန်များ ရောက်ရှိ လာသည်ဟူ၍ မကြားသိရဘဲ မြန်မာ နိုင်ငံမှ သာလျှင် ဆန်စပါး၊ ကျွန်းသစ်၊ ပဲ ပြောင်း အစရှိသော ကောက်ပဲသီးနှံ များကို ပြင်ပသို့ ထုတ်ယူ သွားသည်ကို တွေ့ရပေသည်။ ထိုမျှသာ မကသေး၊ ဂျပန် အာဏာပိုင်တို့သည် မြန်မာ နိုင်ငံအတွင်းမှ သံတို သံစမ်းများ မော်တော်ကား အကောင်းနှင့် အပျက်များ၊ ဝါဂွမ်း၊ စားပွဲ၊ ကုလားထိုင်စသော အိမ်ထောင် ပရိဘောဂများ၊ ဇွန်း၊ ခက်ရင်း၊ ပန်းကန်များ၊ ရေခဲ သေတ္တာ၊ ရေဒီယို အစရှိသည့် အသုံးအဆောင် ပစ္စည်းများကိုလည်း ရနိုင်သမျှ သယ်ယူ သွားကြသည်ကို တွေ့ရ၏။ ငွေပေးချေဝယ်ယူရသော ပစ္စည်းများကို သူတို့အကန့်အသတ် မရှိ ပုံနှိပ်ယူဆောင် လာသော ဂျပန် ငွေစက္ကူ များဖြင့် ဝယ်ယူ၍ အခြို့ပစ္စည်းများကို မူကား အခကြေးငွေ မပေးဘဲ ယူဆောင် သွားသည်ကိုလည်း တွေ့ခဲ့ရလေသည်။

ဂျပန်ခေတ် အတွင်းက မြန်မာနိုင်ငံမှ ဆန်တန်ချိန် မည်မျှ ပြင်ပသို့ ထုတ်သွား သည်ဟူသော အမှတ်အသားများ မတွေ့ရသော်လည်း ၁၉၄၂ ခုနှစ် အတွင်း မြန်မာ နိုင်ငံမှ ဆန်တန်ချိန် တသိန်းခွဲနှင့် နှစ်သိန်းအတွင်း ထုတ်ယူသွားသည်ဟု မှတ်တမ်း တခုက ဆိုလေသည်။ ၁၉၄၃ ခု ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျပန်အသံလွှင့်ဌာနမှ ကျေညာချက် တရပ်အဆိုအရ စပါးစေ့ကို ဂ၂ ကျပ်မှ ၁၀၂ အထိ နှိပ်နှိပ်ဘားမား ဆန်စပါး ယူနီယံမှ စေ့ကိုးမြွှင့်လိုက်ကြောင်း သိရ၏။

၁၁။ ဖဆပလ ပေါ်ပေါက်လာခြင်း

ဂျပန်ခေတ်ကမျိုးစေ့

ဂျပန် အုပ်ချုပ်ရေးသည် တိုင်းပြည် လူထုက လက်မခံ နိုင်လောက်အောင် ရက်စက် ကြမ်းကြုတ်သည်ကို တွေ့မြင် ကြရသော အခါ ခေါင်းဆောင် အချို့တို့ လျှို့ဝှက်စွာ စုဝေးတိုင်ပင် ကြ၍ 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး' ဟူသော အမည်ဖြင့် လျှို့ဝှက်စွာ ဖွဲ့စည်း ကြလေသည်။ ထိုခေါင်းဆောင်များသည် ၁၉၄၄ခု ဩဂုတ်လအတွင်း၌ ပဌမအကြိမ် စည်းဝေးတိုင်ပင်ကြပြီးနောက် ဂျပန်တော်လှန် ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး အတွက် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးကြလေသည်။

ဖ ဆ ပ လ အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းရာတွင် အောက်ပါ အဖွဲ့များမှ ကိုယ်စား လှယ်များ ပါဝင်ကြ၏။

(၁) ဗမာ့တပ်မတော်
(၂) ဆိုရှယ်လစ် ပါတီ (ထိုစဉ်အခါက ဆိုရှယ်လစ် ပါတီကို ပြည်သူ့အရေး တော်ပုံ ပါတီဟူ၍ ခေါ်သည်။)
(၃) ကွန်မြူနစ်ပါတီ

ထိုသို့ စတင် ဖွဲ့စည်းပြီးနောက် များမကြာမီ အောက်ပါ အဖွဲ့များလည်း ဝင်ရောက် လာကြလေသည်။

(၁) ရခိုင် အမျိုးသား အစည်းအရုံး
(၂) ကရင်ဗဟို အဖွဲ့ချုပ်
(၃) အလွှေအာရှ လူငယ်များ အစည်းအရုံး
(၄) မျိုးချစ်အဖွဲ့မှ ခေါင်းဆောင်အချို့
(၅) မဟာဗမာ အဖွဲ့မှ ခေါင်းဆောင်အချို့

အမည်အတိုင်းပင် ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်သည် မူလက အဓိကရည်ရွယ်ချက် ၂ ခုတည်းသာလျှင် သတ်မှတ် ထားရှိလေသည်။ ယင်းတို့မှာ (၁) ဖက်ဆစ်ဝါဒကို မြန်မာနိုင်ငံတွင်သာမက ဖက်ဆစ်၏ မူရင်းဒေသ များ၌ ပင်လျှင် အမြစ်ပါ ပြုတ်အောင် တိုက်ခိုက်ရန်နှင့်၊ (၂) မြန်မာ တမျိုးလုံး

မြောက်မှန်း တမ်းတလာခဲ့ကြသည့် လွတ်လပ်ရေးကြီးကို ရရှိအောင် မနားမနေ ကြိုးပမ်းမှုပင် ဖြစ်လေဆည်။

ဖဆပလ အဖွဲ့ချုပ်ကြီးသည် အခြေခံ ကျယ်ပြန့်လာသည့် အလျောက် တိကျ ပြတ်သားသော ရည်ရွယ်ချက်များ သတ်မှတ်ရန် လိုအပ်သည့်အလျောက် ခေါင်း ဆောင်ကြီးများသည် ကျပန်၏ ဓားအောက်၌ပင် တိတ်တဆိတ် ဆွေးနွေးတိုင်ပင် ကြပြီးနောက် အောက်ပါ ရည်ရွယ်ချက်များကို သတ်မှတ်ပြီးလျှင် တိုင်းပြည်သို့ လျှို့ဝှက်စွာ ဖြန့်ချိခဲ့လေသည်။

ဖဆပလ အဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်များ

၁။ ရှေးဦးပဌမ ဖက်ဆစ်ကျပန်များကို ကျူပင်ခုတ် ကျူငုတ်မကျန် တိုက်ခိုက် မောင်းထုတ်ပစ်ရမည်။

၂။ အောက်ပါ အချက်များကို အခြေခံပြုကာ လွတ်လပ်သော မြန်မာနိုင်ငံ အတွက် အုပ်ချုပ်ရေး စည်းမျဉ်းများကို တိုင်းသူပြည်သားထို့၏ အကူအညီဖြင့် ရေးဆွဲရမည်။

(က) ကျပန်တို့ ပေးသော လွတ်လပ်ရေးမျိုး မဟုတ်ဘဲ တကယ့် ကိုယ်ပိုင် လွတ်လပ်ရေးကို အသိအမှတ်ပြုစေရန်။

(ခ) လွတ်လပ်စွာ စဉ်းစားကြံဆရေးကို လုံးဝခွင့်ပြုရန်။

(ဂ) လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ထင်မြင်ချက် ပေးခွင့်နှင့် လွတ်လပ်စွာ စည်းရုံးခွင့် တို့ကို ရရှိ စေရန်။

(ဃ) ကျပန်တို့၏ ခွင့်ပြုချက်မရဘဲနှင့် လူထုဆန္ဒမပြနိုင်ခြင်း၊ အစည်းအဝေး များ မလုပ်နိုင်ခြင်းကြောင့် ငါတို့၏ အလုပ်သမားအဖွဲ့များ ကျောင်း သား သမဂ္ဂများမှာ ပြိုပျက်သွားရုံမကဘဲ တဦးနှင့် တဦး တွေ့ဆုံ နိုင် ခွင့်ပင် မရခဲ့ချေ။ ကျပန်တို့ပေးသော လွတ်လပ်ရေးကား နာမည်သာ ရှိ၏။ တကယ့် အနှစ်သာရနှင့် ပြည့်စုံသော လွတ်လပ်ရေး မဟုတ်။ ထို့ကြောင့် ရှေ့တွင် ငါတို့သည် လွတ်လပ်စွာ အသင်းအဖွဲ့များ၊ ဖွဲ့စည်း နိုင်ပြီး လွတ်လပ်စွာ တဦးနှင့် တဦး တဖွဲ့နှင့်တဖွဲ့ တွေ့ဆုံဆွေးနွေးခွင့် ရစေရမည်။

(င) စိတ်၏ လွတ်လပ်ရေး ရရှိစေပြီး နိုင်ငံတော် အစိုးရသည် ဘာသာရေး

ပြဿနာများနှင့် စပ်လျဉ်း၍ ကျပန်တို့ ပြုမူသကဲ့သို့ ဘာသာရေး ဘန်း ပြု၍ လူထုကို အသုံးမပြုရန်။

(စ) ဗုဒ္ဓဘာသာ စေတီပုထိုး၊ ခရစ်ယန်တို့၏ ဘုရားရှိခိုးကျောင်းများနှင့် မုတ်စလင်တို့၏ ဗလီကျောင်းများကို အနှောင့်အယှက် အဖျက်အဆီး မပြုရန်။

(ဆ) မတရားသဖြင့် ဖမ်းဆီး ချုပ်နှောင်ထားခြင်းများ မရှိစေရန်။

(ဇ) စီးပွါးရေးနှင့် ပေါင်းသင်း ဆက်ဆံရေး လွတ်လပ်မှုများ ရှိစေရန်နှင့် တရားသဖြင့် ဖြစ်စေရန်။

(ဈ) အလုပ်ပေးရေး၌ ကျားမ-မရွေး လူမျိုးမရွေး ဘာသာမရွေး မျှမျှ တတ ရှိစေပြီး သွေးခွဲမှုများ မရှိစေရန်။

(ည) လူတိုင်း လူတိုင်း အလုပ် လုပ်နိုင်ခွင့် ရှိစေရမည်။ အလုပ်ကျွမ်းကျင် သည် ဖြစ်စေ၊ မကျွမ်းကျင်သည် ဖြစ်စေ အလုပ်သမား များအား ထိုက်လျောက်သည့် နေရာများ၌ အလုပ် ခန့်ထားပြီး အလုပ် တည်မြဲ မှုလည်း ရှိစေရမည်။

(ဋ) တအိမ်ထောင်အတွက် အိမ်ဆောက်လုပ်ရန် သစ်ဝါးကို အခမဲ့ ရရှိစေ ရမည်။ လိုင်စင်မယူစေဘဲ တအိမ်ထောင် အတွက် ငါးရှာစားနိုင်ခွင့် ရှိစေရမည်။

(ဌ) အစိုးရ အမှုထမ်း ဖြစ်စေ ကုမ္ပဏီ အလုပ် သမားဖြစ်စေ နေထိုင် စား သောက်ရေး အတွက် ရရှိပြီး အလုပ်ချိန် ကန့်သတ်ရာတွင် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေဘဲ တရားသဖြင့် ဖြစ်စေရမည်။

(ဍ) လူမျိုး ဘာသာ ကျားမ - မရွေး - ဟူသာရေးတွင် လူတိုင်း ညီမျှသော အခွင့်အရေး ရရှိစေရမည်။

(ဎ) လူတမျိုး ယဉ်ကျေးမှုကို လွတ်လပ်စွာ တည်ဆောက်မှု ရှိစေရမည်။

(ဏ) ကရင်၊ ရှမ်း၊ ပလောင်၊ တောင်သူ၊ ချင်း၊ကချင်၊တရုပ်နှင့် အိန္ဒိယတိုင်း သားစသည့် လူနည်းစုတို့၏ စီးပွါးရေး ပေါင်းသင်း ဆက်ဆံရေးနှင့် နိုင်ငံရေး ကြိုးပမ်းမှုများတွင် နိုင်ငံတော် အစိုးရသည် လုံလောက် သော စောင့်ရှောက်မှုများကို ပေးရမည်။

၃။ နိုင်ငံတော် အစိုးရ လက်အောက်တွင် အမှုထမ်းသူ မှန်သမျှ ပင်စင် လျော် ကြေးနှင့် ထောက်ပံ့ကြေးများ ရရှိခွင့် ရှိစေရမည်။

၄။ လူမျိုး အများအပြား ရှိရာ ယဉ်ကျေးမှု မပြည့်စုံသေးသော လူမျိုးများအား

နိုင်ငံတော် အစိုးရက ယဉ်ကျေးမှု အဆင့် အတန်း ရှိလာစေရန် ကူညီ စောင့်မ ရမည်။

၅။ တိုးတက်မှု ရှိစေမည့်ပညာရပ်များကို နိုင်ငံတော် အနှံ့ အပြားတွင် သင်ကြား စေရမည်။ ဂျပန်များ သင်ပေးသော ပညာ များမှာ မြန်မာ ကလေး သူငယ် များအား သူလျှိုများသာဖြစ်စေပြီး မိမိတို့၏ တိုင်းရင်း ဘာသာစကား များ ကို မေ့ပျောက် သွားစေ လေသည်။

၆။ ကျောင်းသား များအား အထက်တန်း ပညာရပ်များ၊ လောကဓာတ်နှင့် သုတေသန ရှာဖွေစုဆောင်းရေး ပညာရပ်များကို သင်ကြား နိုင်စေရန် နိုင်ငံတော် အစိုးရက အထောက်အပံ့ အကူအညီ ပေးရမည်။

၇။ တိုးတက်သည့် ခေတ်မှီ စိုက်ပျိုးရေး ပညာရပ်များကိုလည်း သင်ပေး နိုင်စေရ မည်။

၈။ အခွန်တော် ကောက်ခံရာ၌ တရားမျှတစွာ ရှိစေရမည်။

၉။ ကုန်စည်၊ ပစ္စည်း လုပ်ကိုင်မှုနှင့် အလုပ်သမားများ အတွက် ခေတ်မှီ စံနစ် များကို အသုံး ပြုရမည်။

၁၀။ အုပ်ချုပ်ရေးတွင် တံဆိုးလက်ဆောင် စားခြင်း လာဘ်ပေး လာဘ်ယူ ပြုလုပ် ခြင်းများ မရှိစေဘဲ လူထုအကြိုက် အုပ်ချုပ် သွားရန် အစိုးရက ပြုပြင် ပေးရ မည်။

၁၁။ တိုင်းပြည်နှင့် အမျိုးအား သစ္စာဖောက်သော သူတို့၏ ပစ္စည်း ဥစ္စာများကို အစိုးရက သိမ်းယူစေရမည်။

၁၂။ တရား ဌာနကိုလည်း ပြန်လည် ပြုပြင်ပြီး ဆင်းရဲသားတို့အား တရားမျှတစွာ ဖြစ်စေ ရမည့်ပြင် အကျဉ်းထောင် များကိုလည်း ပြန်လည် ပြုပြင် ရမည်။

အထက်ပါ အချက်များကို ပြုပြင်ပြောင်းလဲခြင်း မရှိသမျှ ကာလပတ်လုံး အမျိုးသား တိုးတက်မှုနှင့် လမ်းမှန်သော တရားများ ရှိမည် မဟုတ်ချေ။ ထိုပြင် မြန်မာ နိုင်ငံ၌ ဂျပန်အရိုင်းအစိုင်းများ ရှိနေသရွေ့ ကာလပတ်လုံး အထက် ဖော်ပြ ပါ အချက်များကို ငါတို့လိုလား သလော် ပြုလုပ်ဆောင်ရွက် နိုင်မည်မဟုတ်ဘဲ ပြည်တွင်း၌ အစဉ် မငြိမ်မသက်ဖြစ်နေပြီး အကောင်းမရှိ အဆိုးသာရှိနေချေမည်။ လူမျိုး၏ အခွင့်အရေး တိုးတက်မှုများ ဆောင်ရွက်ရန် နည်းလမ်း မရှိခဲ့သဖြင့် ငါတို့သည် မိစ္ဆာ ဂျပန်တို့ကို ပြည်တွင်းမှ တောထုတ် ပစ်ရပေလိမ့်မည်။ မိစ္ဆာများ ကို အောင်မြင်စွာ တောထုတ် နိုင်စေရန် အောက်ပါ အတိုင်း ပြုလုပ် ဆောင်ရွက် ကြလော့။

တော်လှန်ရေး အစီအစဉ်

(၁) ဂျပန်တို့၏ ရေလမ်း၊ ကြည်းလမ်း အဆက်အသွယ်များကို ဖြတ်တောက် ဖျက်ဆီးပြီး မီးရှို့ ပစ်ရမည်။

(၂) ချေးတပ်၊ သွေးတပ် ဆွဲရာ၌ လူမျိုးသည် သူတို့အား အကူအညီ မပေး ဘဲ ရှောင်ရှား နေကာ လူစုပြီး တော်လှန် ကြရမည်။

(၃) လှေ၊ လှည်း နွား အစရှိသည့် ယာဉ်များကို သိုဝှက်ထား ကြရမည်။

(၄) ဂျပန် ကိုယ်စားလှယ်များနှင့် နိုင်ငံ သစ္စာဖောက် များအား သုတ်သင် ပစ်ရမည်။

(၅) ဗမာ့ တပမတော်သည် ပြောက်ကျား စံနစ် သုံးကာ ဂျပန်တို့အား တော်လှန် တိုက်ခိုက် ရမည်။

(၆) တော်လှန် ရာ၌ အခြေအနေအရ သတင်းမှန်တို့ကို ဖ ဆ ပ လ အဖွဲ့သို့ လာရောက် ပေးပို့ပြီး သတင်းမှား များကို ရန်သူနားသို့ ရောက်စေရန် ကြိုးပမ်း ဆောင်ရွက် ကြရမည်။

(၇) မြို့၊နယ်၊ရွာများတွင် ဖဆပလ အဖွဲ့ခွဲများထူထောင်ကြပြီးမပြောက်ကျား တပ်များနှင့် အလုပ်သမား သမဂ္ဂများကို ထူထောင် ဖွဲ့စည်းကြရမည်။

(၈) ပါတီ အချင်းချင်း လူမျိုး အချင်းချင်း ဝိဝါဒ ကွဲပြားခြင်း မရှိစေရ၊ တဦးနှင့် တဦး ပူးပေါင်း ဆောင်ရွက် သွားကြရမည်။

ဂျပန်ဟု ဆိုရာ၌ ငါတို့သည် ဖက်ဆစ် ဂျပန်များကိုသာ ရန်သူ အမှတ် ထားကာ တိုက်ခိုက်ပစ်ကြရမည်။ ဖက်ဆစ် ဂျပန်များသည် ငါတို့ မြန်မာ လူမျိုး များနှင့် အာရှတိုက်ရှိ အခြား လူမျိုး များကိုသာ နှိပ်စက် ညှဉ်းပန်း ပြုနေသည် မဟုတ်၊ သူတို့တိုင်းပြည်၌ ရှိသော ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင် ဂျပန် အမျိုးသား များကိုလည်း နှိပ်စက် ညှဉ်းပန်းလျက် ရှိလေသည်။ ဤသို့ နိုင်လိုမင်းထက်နှိပ်စက် ညှဉ်းပန်းပြုလုပ်ခြင်းမှာ ဖက်ဆစ်ဂျပန် စစ်ဗိုလ်မျက်နှာကြီးများနှင့် ဖက်ဆစ် ဂျပန် ဓနရှင်ကြီးများဖြစ်သော မစ်စူအို၊ မစ်စူဘူရှိ၊ စူမိနိုတို့နှင့် မြန်မာနိုင်ငံရှိ နာမည်ကြီး အမ်ကေကေ အစရှိသည့် ကုမ္ပဏီပိုင်ရှင်ကြီး များ၏ အကျိုး အတွက်သာ ဖြစ်ချေသည်။ ဂျပန်နိုင်ငံတွင် ဂျပန်လူမျိုး အချို့သည် ဖက်ဆစ်ဝါဒကို မလို လားကြဘဲ ဖက်ဆစ်ဂျပန်များနှင့် တဖက်တလမ်းရှိနေရကား ထိုသူတို့၏ မကျေနပ် မှုများကို တနည်းအားဖြင့် ပပျောက် လှုံ့စင်သွားစေခြင်းငှါ ဖက်ဆစ်ဂျပန်တို့သည် အခြား နိုင်ငံများနှင့် စစ် စတင်တိုက်ခိုက်ကြလေသည်။ တနည်းအားဖြင့်လည်း

နိုင်ငံခြားများတွင် သူတို့၏ စီးပွါးရေး နယ်ချဲ့လိုသော ဆန္ဒဖြင့် စစ်တိုက်ခဲ့ ကြလေသည်။ သို့ဖြင့် အပေါ်ယံ ရှေ့မှုန်ကြဲ အထဲက နောက်ချေးခံ ဖြစ်သော ဖက်ဆစ်ဝါဒကို ဖြန့်ကာ ဂျပန် အမျိုးသားအားလုံး တို့အား စစ်တလင်း ထဲသို့ သိမ်းသွင်း ခဲ့လေသည်။ စစ်တိုက်၍ နိုင်ခဲ့ပြန်လျှင်လည်း စစ်ရှုံး နိုင်ငံများတွင် ဂျပန်စစ်သား များသည် အထက်စစ်ဗိုလ်ကြီးများ၏ သဘော တော်ကျ တိုင်းသူ ပြည်သားတို့အား မတရားသဖြင့် နှိပ်စက်ညှဉ်းပန်း ကြလေသည်။

ဂျပန် လူမျိုးများတွင် သာမန် ဂျပန် လူမျိုးတို့မှာ လူကောင်းများ ဖြစ်ကြလေသည်။ ဖက်ဆစ် ဂျပန်စစ်သားများသည်သာလျှင် လူဆိုး သူဆိုးများ ဖြစ်ကြလေသည်။ ထို့ကြောင့် စစ်ဦးစီးအဖြစ်ဖြင့် ဆောင်ရွက် နေသော ဖက်ဆစ် ဂျပန်များ အရေးနိမ့် စစ်ရှုံး သွားခဲ့မှသာလျှင် အတိုက်အခံ ဖြစ်သော ဖက်ဆစ် ဆန့်ကျင်ရေး ဂျပန်များ တက်လာရန် လမ်းရှိလေသည်။

သို့ဖြစ်လေရာ ငါတို့သည် ဖ ဆ ပ လ အဖွဲ့ကြီးက ညွှန်ကြားသည့် အတိုင်း တော်လှန်ရေး လုပ်ငန်းများကို ဆောင်ရွက် သွားကြပြီး တော်လှန်ရေးတွင်သာမန် ဂျပန် စစ်သုံ့ပန်း များကို ညှဉ်းဆဲသတ်ဖြတ်ခြင်း မပြုဘဲ ကောင်းမွန်စွာ စောင့်ရှောက် ထားပြီး စစ်ဌာနချုပ်သို့သော်၎င်း၊အဖွဲ့ချုပ်သို့သော်၎င်း ပို့ကြရမည်။

ဂျပန် နိုင်ငံနှင့် တရုပ် နိုင်ငံတို့တွင် အချို့ ဂျပန်စစ်သားများသည် မဟာမိတ် တပ်များနှင့် ပူးပေါင်းကာ ဖက်ဆစ် ဂျပန်တပ်များကို ပြိုင်ဆိုင် တိုက်ခိုက်လျက် ရှိကြပြီး အချို့ နေရာများတွင် မဟာမိတ်တို့၏ ဝါဒဖြန့်ခြင်းဖြင့်သော်၎င်း၊ဖက်ဆစ် ဝါဒကို မနှစ်မြို့၍ သော်၎င်း ဂျပန်စစ်သားမြောက်များစွာ စစ်ထဲမှ ထွက်သွား ကြလေသည်။ ဂျပန်စစ်သား တယောက်ကိုတွေ့လျှင် သုတ်သင် ပစ်လိုက်မည့် အစား ငါတို့ ဌာနချုပ်သို့ သွေးဆောင် ခေါ်ခဲ့ကြလော့။ ဂျပန် တယောက် နှစ် ယောက်ကို သုတ်သင်လိုက်ခြင်းဖြင့် စစ်နိုင်သည်ဟူမဆိုနိုင်ချေ။ စစ်တိုက်ရာတွင် သွေးကြောသဖွယ်ဖြစ်သည့် တန်တားများနှင့် ဆက်သွယ်ရေး အချက် အချာများ လက်နက် ခဲယမ်းမီးကျောက် သိုမှီးရာ နေရာများကို ဖျက်ဆီးနိုင်မှ သာလျှင် ဂျပန်တို့ အရေးနိမ့်သွားပြီး မြန်မာနိုင်ငံတွင်းမှထွက်သွား ကြပေလိမ့်မည်။

အောင်လံတော်

ဖ ဆ ပ လ အဖွဲ့ချုပ်၏ အောင်လံတော်မှာ အနီရောင်ခံလျက် လက်ဝဲဖက် အထက်ထောင့်တွင် ကြယ်ဖြူတပွင့် ရှိသည်။ အနီရောင်၏ သဘောမှာ (၁) ရဲရင့်ခြင်း

(၂) လူထုစုရုံးခြင်းနှင့် (၃) ကမ္ဘာပေါ်ရှိ လူမျိုးတို့၏ ပူးပေါင်း သွေးစည်းခြင်း ဖြစ်လေသည်။ ထို့ပြင် အနီရောင်မှာ လူတို့၏ စိတ်ဓာတ်ကို ထုတ်ဖော်သည်။ ကြယ်ဖြူ၏ သဘောမှာကား လွတ်လပ်ရေးနှင့် တိုးတက်ရေး ရရှိရန် လူတို့အား ရှေ့ဆောင်သည့် သောက်ရှူးကြယ်ပင် ဖြစ်လေသည်။

ရဲဘော်တို့

လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အလိုရှိက သင်တို့သည် ဖက်ဆစ်ဂျပန် မိစ္ဆာကောင်များကို တောဏုတ် ပစ်ကြလော့။
လူထုအစိုးရကို တည်ထောင်လော့။
ဖက်ဆစ်ဝါဒကို ချေမှုန်းပစ်လော့။
ဒီမိုကရေစီ ဝါဒလက်ကိုင်ထားသော မဟာမိတ် တပ်များနှင့် ပူးပေါင်း ဆောင်ရွက်ကြလော့။

ဦးစီးအဖွဲ့
မြန်မာပြည် အမျိုးသားတပ်ဦး
ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်

အထက်ပါ အတိုင်း ရည်ရွယ်ချက်များ သတ်မှတ်ပြီးလျှင် ဖက်ဆစ်ဂျပန်အား ဖ ဆ ပ လ အဖွဲ့ချုပ်မှ ဦးစီး၍ တော်လှန်ရေးကို ဆောင်ရွက်ခဲ့ကြလေသည်။

တော်လှန်ရေး

တော်လှန်ရေး လုပ်ငန်းကြီးအတွက် မြန်မာ နိုင်ငံတွင်းရှိ တော်လှန်ရေး အင်အားစုတို့သည် အထူးလျှို့ဝှက်စွာ စီမံ ခဲ့ကြရလေသည်။ တော်လှန်ရေး ရဲဘော် အချို့သည် ဂျပန်ဝင်စကပင် တိတ်တဆိတ် အိန္ဒိယနိုင်ငံသို့ ထွက်ခွါ သွားကြ၍ မဟာမိတ် စစ်အာဏာပိုင်များနှင့် ဆက်သွယ် ခဲ့ကြလေသည်။ထို့နောက် ၁၉၄၃ ခုနှစ်တွင် ရဲဘော်အချို့သည် ထပ်မံ၍ ထွက်ခွါ သွားကြပြန်၏။ ဖ ဆ ပ လ အဖွဲ့ကို ပြန်စည်းလုံးကြပြီးနောက် ၁၉၄၄ ခုနှစ်တွင် ထိုအဖွဲ့ကြီးသည် အိန္ဒိယနိုင်ငံရှိ ရဲဘော် များမှတဆင့် မဟာမိတ် စစ်ဖက်ဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်သည်ကို တွေ့ရလေသည်။ စစ်ကြီးအတွင်းက ဖ ဆ ပ လ ကို ကိုယ်စားပြု၍ ဖက်ဆစ် ဂျပန်

တော်လှန်ရေး အတွက် အိန္ဒိယနိုင်ငံ၌ လျှို့ဝှက်ဆောင်ရွက်ခဲ့သော ရဲဘော်များမှာ ၇၀ ကျော်မျှရှိလေသည်။ ထိုရဲဘော်များသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက် ကြသည်။ ပြည်တွင်းရှိ တော်လှန်ရေး အင်အားစုများအား လက်နက်ခဲယမ်းမီးကျောက်များ ချပေးခြင်း၊ အဝတ်အစား အသုံးအဆောင်များ ချပေးခြင်း၊ လေထီးဖြင့် ဆင်း၍ ပြည်တွင်း တော်လှန်ရေး အင်အားစုတို့အား ကူညီခြင်း စသည့် လုပ်ငန်းများကို ၁၉၄၄ ခုနှစ်ကုန်ခါနီးအချိန်နှင့် ၁၉၄၅ ခုနှစ်အစတွင် တွေ့ရလေသည်။

ဖက်ဆစ် ဂျပန်တော်လှန်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ တိုင်းရင်းသား တော်လှန်ရေး သမားများ၏ မှတ်တမ်း များကို အကိုးအကား ပြုခြင်းထက် အလွှာတောင် အာရှ စစ်ဆင်မှု အတွက် အင်္ဂလိပ်တို့၏ စစ်သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ် လော့ဒ်မောင့်ဗက်တန်၏ အစီရင်ခံစာကို ကိုးကားခြင်းသည် ပိုမိုး၍ လေးနက်လိမ့်မည်ဟု ယူဆသဖြင့် လော့ဒ်မောင့်ဗက်တန်က လန်ဒန်မြို့ရှိ မဟာမိတ် စစ်ဦးစီးအဖွဲ့သို့ အစီရင်ခံစာတွင် ဖော်ပြ ထားသည့် အချက်အလက်များကို ကောက်နုတ်၍ ဖော်ပြပေအံ့။

"ဖ ဆ ပ လ ခေါင်းဆောင် များသည် ကျွန်ုပ်တို့၏ ထောက်လှမ်းရေးတပ်အမှတ် ၁၃၄ နှင့် ၁၉၄၃ ခု ဒီဇင်ဘာလမှ စ၍ တိတ်တဆိတ် ဆက်သွယ်ခဲ့သည်။ ထိုအချိန်မှ စ၍ ဖ ဆ ပ လ ကိုယ်စားလှယ်များသည် ကျွန်ုပ်တို့နှင့် မပြတ် အဆက်အသွယ်ပြုပြီးနောက် ဖက်ဆစ်ဂျပန်တော်လှန်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ စကား ကမ်းလှမ်း ချက်များကို ကျွန်ုပ်တို့က ကြည်ဖြူစွာ လက်ခံသင့်သည်ဟု သဘောရ ပါသည်။ ထိုကဲ့သို့ ကျွန်ုပ်တို့ တပ်များကို ကူညီ၍ ဖက်ဆစ်ဂျပန်များကို တော်လှန်ရန် စကား ကမ်းလှမ်း လာသော မြန်မာ နိုင်ငံတွင်းရှိ တော်လှန်ရေး အင်အားစုများကို လက်နက်များ ထုတ်ပေးရန် ကျွန်ုပ်အမိန့် ချမှတ်လိုက် ပါသည်။ ဘီ ဒီ အေ ခေါ် ဗမာ့ကာကွယ်ရေး တပ်မတော်၌ လက်ရှိ လက်နက်အပြည့် အစုံနှင့် တော်လှန် ပုန်ကန်ရန် အနည်းဆုံး ရဲဘော် ငါးထောင်ခန့် ရှိသည်ဟု ကျွန်ုပ်ခန့်မှန်းပါသည်။ ထိုဖက်ဆစ် တော်လှန်ရေး လုပ်ငန်း အောင်မြင်နိုင်ရန် အတွက် ကျွန်ုပ်တို့၏ တပ်သားများသည် အစွမ်းကုန် အကူအညီ ပေးရမည်ဟူ၍လည်း ကျွန်ုပ် ညွှန်ကြားချက်များ ထုတ်ဆင့်ပြီး ပါပြီ။ ကျွန်ုပ်၏ ညွှန်ကြားချက်များကို လည်း မဟာမိတ် စစ်ဦးစီးဌာနချုပ်က စစ်ဝန်ကြီးအဖွဲ့သို့ တင်ပြပြီးနောက် သဘော တူညီချက် ရရှိပြီး ပါပြီ။ ကျွန်ုပ်၏ လက်နက်ကိုင် တပ်များကို ကြိုးကြပ်ကွပ်ကဲ လျက်ရှိသော တာဝန်ခံ စစ်ဗိုလ်များအား ညွှန်ကြားလိုက်သည်မှာ ဗိုလ်ချုပ်

အောင်ဆန်းက ဖြစ်စေ အခြားတော်လှန်ရေး ခေါင်းဆောင်များကဖြစ်စေ မြန်မာနိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် စကား ကမ်းလှမ်း လာခဲ့လျှင် ကျွန်ုပ်တို့သည် နိုင်ငံရေးပြဿနာများကို ဆွေးနွေးရန် ဆန္ဒမရှိသေးကြောင်း ကို ထုတ်ဖော် ပြောပြကြရမည်။

"ဖက်ဆစ် ဂျပန် တော်လှန်ရေးအတွက် ဦးစီး ခေါင်းဆောင် ပြုလုပ်လျက် ရှိသူ ဗိုလ်ချုပ်အောင်ဆန်းသည် ယခင်က ဗြိတိသျှ ဘုရင်မင်းမြတ်၏ အစိုးရအား သစ္စာဖောက်လျက် ဂျပန်တို့နှင့် ပူပေါင်း ဆောင်ရွက်ခဲ့သော်လည်း သူ၏ ဆောင်ရွက်ချက် များသည် မိမိ၏ နိုင်ငံကောင်းစားရေးအတွက် ရိုးသားသော ထင်မြင်ယူဆချက်ဖြင့် တည့်တည့် မတ်မတ် ဆောင်ရွက်ခြင်းမျှသာ ဖြစ်ခဲ့သည်ဟု ကျွန်ုပ် ယူဆသည်။ သူ၏ နိုင်ငံကောင်းစားရေးသည် ဂျပန်၏ အကူအညီဖြင့်သာ ပြီးစီးအောင်မြင် နိုင်လိမ့်မည်ဟူ၍ သူနှင့် သူ၏ရဲဘော်များသည် ရိုးသားစွာ ယုံကြည်ခဲ့ကြ၏။ သူ၏ ယူဆချက်မှားယွင်းကြောင်းကို ယခု သူတို့၏ လက်ကမ်း ချက်ဖြင့် သိသာနိုင်ပေသည်။ ထို့ကြောင့် သူတို့က ကျွန်ုပ်တို့အား ကူညီ၍ ဖက်ဆစ်ဂျပန်များအား တော်လှန်ရန် စကား ကမ်းလှမ်းလာခြင်းကို ကျွန်ုပ်တို့က အစွမ်းကုန် အကူအညီ ပေးရမည်။ ထိုကဲ့သို့ ကူညီခြင်းသည် အီတလီ နိုင်ငံတွင် မျိုးချစ် တော်လှန်ရေး သမားများအား မဟာမိတ်များက ကူညီသည့် နည်းအတိုင်းပင် ဖြစ်ပေသည်။

"ကျွန်ုပ်တို့နှင့် မြန်မာနိုင်ငံအတွင်းရှိ ဖ ဆ ပ လ ခေါင်းဆောင်သော တော်လှန်ရေးအင်အား စုတို့၏ ဆက်ဆံမှုသည် ဗြိတိသျှ အစိုးရ၏ ဂုဏ်သတင်း ကိုလည်း ပျံသင်းစေနိုင်သည်။ ကျွန်ုပ်တို့ ဆင်နွှဲလျက် ရှိသော ယခု စစ်ပွဲကြီး၏ အဓိပ္ပါယ်ကိုလည်း ကမ္ဘာက ပိုမိုရှင်းလင်းစွာ သိနိုင် ပေလိမ့်မည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်ခြင်းသည် မြန်မာလူမျိုးတို့အား ဂလဲ့စားချေရန် မဟုတ်၊ နှိပ်စက်ရန် မဟုတ် ဟူသော ရည်ရွယ်ချက်ကို ထင်ရှားစွာ ပြသကြရမည်။ ထိုသို့ တော်လှန်ရေး အင်အားစု များအား ထုတ်ဝေပေးသည့် လက်နက် ခဲယမ်းမီးကျောက်များကို ဆောင်ရွက်သည့် ကိစ္စများ ပြီးစီးသည့် အခါ ပြန်လည် သိမ်းယူကြရန်ကိုလည်း ကျွန်ုပ်၏ မြို့ပြဆိုင်ရာ အရာရှိများအား ညွှန်ကြားပြီး ပါပြီ။

"ကျွန်ုပ်၏ တပ်များသည် ရန်ကုန်မြို့ကို ပြန်လည် သိမ်းယူပြီးသောအခါ ကျွန်ုပ် လက်အောက်ရှိ မြို့ပြဆိုင်ရာ အရာရှိ အချို့တို့က ဖ ဆ ပ လ အဖွဲ့ကြီးကို မတရားအသင်းအဖြစ် ကျေညာရန် ကျွန်ုပ်အား တိုက်တွန်းကြသည်။ သူတို့၏ အကြောင်းပြချက်မှာ ဗိုလ်ချုပ် အောင်ဆန်းအား ဆက်လက်၍ အသုံးပြုရန် မလို

တော့သဖြင့် သူ၏ ယခင်က ကျူးလွန်ခဲ့သော ပြစ်မှုများ အတွက် သူ့အား စစ်ရုဇဝတ်ကောင် အဖြစ် ဖမ်းဆီးစစ်ဆေးရန် သင့်သည်ဟု အကြောင်းပြ အကြံပေးကြပါသည်။

"ထိုအကြံပေးချက်ကို လက်ခံရန် ကျွန်ုပ်၌ လုံးဝဆန္ဒမရှိပါ။ ထိုအကြံပေးချက်ကို လက်ခံလျှင် ကျွန်ုပ်တို့ ဆင်နွှဲလျက်ရှိသော တိုက်ပွဲကြီးအပြင် မြန်မာ နိုင်ငံအတွင်း တိုက်ပွဲကလေး တခုကိုပါ ဆင်နွှဲရ ပေဦးမည်။ ထိုမျှသာ မကသေး ကျွန်ုပ်တို့၏ စစ်ပွဲကြီးမှာလည်း မပြီးစီးသေးပေ။ မြန်မာနိုင်ငံ တခုလုံးကို သိမ်းပိုက်ပြီးသည့်တိုင်အောင် ဆက်လက်၍ တိုက်ခိုက် ရမည့် စစ်ပွဲများ ရှိပေသေးသည်။

"ထိုသို့ ကျွန်ုပ် ယူဆသဖြင့် ၁၉၄၅ ခု မေလ ၁၅ ရက်နေ့တွင် လန်ဒန်မြို့ရှိ မဟာမိတ် စစ်ဦးစီး အဖွဲ့သို့ ကျွန်ုပ်သံကြိုးရိုက်၍ ညွှန်ကြားချက်များ တောင်းဆိုခဲ့လေသည်။ ကျွန်ုပ်၏အကြံ ပေးချက်မှာ ဘီအင်အေခေါ် ဗမာ့ အမျိုးသား တပ်မတော်သည် စံနစ်တကျ ဖွဲ့စည်းထားသော လက်နက်ကိုင်အင်အားစု ဖြစ်သဖြင့် ဗြိတိသျှ စစ်တပ်များကို ဖွဲ့စည်းသကဲ့သို့ ဆက်လက်၍ စံနစ်တကျ ဖွဲ့စည်းရန် လိုအပ်ကြောင်း။ ထိုသို့ ဖွဲ့စည်းပြီးနောက် မဟာမိတ်စစ်တပ်များ၏ တစိတ်တဒေသအဖြစ် အသိအမှတ် ပြုသင့်ကြောင်း။ လစာ အစရှိသည့် ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ရသင့်ကြောင်း။ ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့အမျိုးသား တပ်မတော်တွင် ပါဝင်ခြင်း မပြုဘဲ သီခြား လက်နက်ကိုင်၍ ရှုပ်ပွေ နေကြသူများကို မူကား ဥပဒေကျူးလွန်သည့် ဓားပြလူဆိုးများသာ ဖြစ်ကြောင်းကို ကျေညာရန် သင့်ကြောင်းကို ကျွန်ုပ်အကြံပေး ခဲ့လေသည်။

"ထိုသို့ အကြံပေး ချက်ကို မဟာမိတ် စစ်ဦးစီး ဌာနချုပ်က သဘောတူ လက်ခံလိုက်လေသည်။ ထိုကဲ့သို့ ထားရှိသောဝါဒကို တကယ်လက်တွေ့ ဆောင်ရွက် ရာတွင် အခက်အခဲများရှိမည်ကို ကောင်းစွာ သိပါ၏။ သို့ရာတွင် ဖက်ဆစ် ဂျပန်များကို တွန်းလှန်တိုက်ခိုက်ရာ၌ ကျွန်ုပ်တို့ အတွက် ဇွဲကောင်း၍ သတ္တိရှိသော လူငယ်လူရွယ်တသောင်းခန့် ရရှိခြင်းသည် များစွာ တန်ဖိုး ရှိလှပါသည်။

"၁၉၄၅ ခု မေလ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်တို့၏ စစ်ဌာနချုပ်သို့ လာရောက်၍ ဗိုလ်ချုပ် ဆလင်း[၁] နှင့် တွေ့ဆုံလေသည်။ ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ် အောင်ဆန်းသည် ဖ ဆ ပ လ က ဖွဲ့စည်းထားသော မြန်မာနိုင်ငံ၏ယာယီအစိုးရကိုယ်စားလှယ်အဖြစ်နှင့် လာရောက်ခြင်းဖြစ်ကြောင်း။ ထိုအစိုးရအဖွဲ့တွင်သူသည် စစ်ဖက်ဆိုင်ရာဝန်ကြီးဖြစ်ကြောင်း။ ဗြိတိသျှ ဗိုလ်ချုပ်

၁။ General Slim

တဦးနှင့် တွေ့ဆုံရာတွင် တန်းတူ မဟာမိတ် တဦးနှင့် တွေ့ဆုံခြင်းမျှသာ ဖြစ်ကြောင်း၊ လက်အောက်ငယ်သားအဖြစ် လာရောက်ခြင်း မဟုတ်ကြောင်း ပြောပြလေသည်။ထို့အပြင် မြန်မာအမျိုးသား တပ်မတော်၏နောင်ရေးနှင့် စပ်လျဉ်း၍ သူတဦးတည်းက ထင်မြင်ချက် မပေးနိုင်ကြောင်း၊ ဖ ဆ ပ လအဖွဲ့ကြီးနှင့် တိုင်ပင်ပြီးမှသာလျှင် ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဖြစ်စေ စစ်ဆင်ရေးနှင့် ဖြစ်စေ ဖ ဆ ပ လ အဖွဲ့ကြီးကသာလျှင် အပြီးသတ်ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်း။ ထိုအဖွဲ့ကြီး၏ ဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်း ၁၉၄၄ ခု ဩဂုတ်လအတွင်းကပင် ကျေညာထားပြီး ဖြစ်ကြောင်း ရှင်းလင်း ပြောပြလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောပြချက် အရ ဖ ဆ ပ လ အဖွဲ့ကြီးသည် ဖက်ဆစ်ဂျပန်များကို မြန်မာ နိုင်ငံအတွင်းမှ မောင်းနှင်ထုတ်ရာ၌ မဟာမိတ်စစ်တပ်များကို အစွမ်းကုန် အကူအညီပေးရန်နှင့် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် ကိုက်ညီသော အုပ်ချုပ်ရေးအခြေခံစည်းမျဉ်း ဥပဒေတခုကို ပြဋ္ဌာန်း အတည် ပြုရန်ဖြစ်သည်ဟူ၍လည်း ပြောပြလေသည်။လိုအပ်ပါက ဗမာ့အမျိုးသားတပ်မတော်သည် မဟာမိတ် တပ်များနှင့်အတူ မြန်မာနိုင်ငံ နယ်နိမိတ်မှ ကျော်လွန်၍ပင် ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်ပါမည်ဟု ကတိ ပြုလေသည်။

"ထိုကဲ့သို့ ဗိုလ်ချုပ် အောင်ဆန်း၏ ထုတ်ဖော် ပြောဆိုချက်များကို ကျွန်ုပ်သည် ဗြိတိသျှ စစ်ဦးစီးအဖွဲ့သို့ ချက်ခြင်းပင် အစီရင်ခံ လိုက်လေသည်။ ကျွန်ုပ်၏အကြံပေးချက်မှာ ဖ ဆ ပ လ အဖွဲ့ကြီးသည် ဂျပန်ကိုတော်လှန်နေသော အင်အားစုမျှသာ မဟုတ်၊ အမျိုးသား တပ်ဦးကြီးတခုအဖြစ် တည်ရှိနေကြောင်း၊ မျိုးချစ်စိတ်ထက်သန်၍ ထထ ကြွကြွ ဆောင်ရွက် နိုင်သူ ခေါင်းဆောင် အများပါဝင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အတွက် ဘုရင်ခံ ဆာရယ်ဂျိန်ယ် ဒေါ် မန် စမစ်က အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည့်အခါ ဖ ဆ ပလ မှ ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းသင့်ကြောင်း ကျွန်ုပ်ကအကြံပေးခဲ့ပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံဌာပင် ရှိနေသေးသော မြန်မာ နိုင်ငံဘုရင်ခံဆာရယ်ဂျိန်ယ်ဒေါ် မန် စမစ်သည် ထိုကိစ္စကို မစဉ်းစားနိုင်သေးကြောင်း ကျွန်ုပ်ထံသို့ သံကြိုးဖြင့် အကြောင်း ပြန်ခဲ့လေသည်။

"၁၉၄၅ ခု ဇွန်လ ၁၁ ရက်နေ့တွင် ကျွန်ုပ်တို့၏ လက်ထောက် ဗိုလ်ချုပ်စတော့ဖုတ်[၂] ထံမှသံကြိုးတစောင်ရရှိလေသည်။ ထိုသံကြိုးတွင်လည်း သူသည် ဗိုလ်ချုပ် အောင်ဆန်းနှင့် တွေ့ဆုံကြောင်း။ ဗိုလ်ချုပ်အောင်ဆန်းသည် အထူးပင် သဘောထားကြီးစွာနှင့် ဆက်လက်ကူညီရန် ကတိပေးသဖြင့် ဗြိတိသျှ စစ်ဌာနအများသို့

၂။ Stopford

ဗိုလ်ချုပ် အောင်ဆန်းကို လှည့်လည် ပြသပြီးလျှင် ဗမာ့အမျိုးသား တပ်မတော်နှင့်စပ်လျဉ်း၍ အလွန်ရင်းနှီးစွာ ဆွေးနွေး ခဲ့ရကြောင်း ဖော်ပြထားသည်ကို တွေ့ရလေသည်။

အထက်ပါ မှတ်ချက် များမှာ စစ်အတွင်းက အရှေ့တောင် အာရှ ဒေသအတွက် မဟာမိတ် တပ်များ၏ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဗက်တန်၏ အစီရင်ခံစာ များမှ ကောက်နုတ်ချက်များဖြစ်လေသည်။ ထိုမှတ်ချက် များကို ထောက်၍ ဖ ဆ ပ လ အဖွဲ့ကြီးသည် ဂျပန်ကိုတော်လှန်ရာ၌ မဟာမိတ် တပ်များ၏ အကူအညီ ကို မည်ကဲ့သို့ ရယူခဲ့သည်၊ တော်လှန်ရေး အင်အား စုကြီးမှုသာ မဟုတ်၊ အမျိုး သားတပ်ပေါင်းစုကြီးလည်း ဖြစ်သည်ဟု မဟာမိတ် တပ်ပေါင်းစု စစ်သေနာပတိ ချုပ်က အသိအမှတ် ပြုထားရသည်မှာ ထင်ရှား လှပေသည်။

ဖ ဆ ပ လ က ဦးစီး၍ ရခိုင်ပြည်တွင် ၁၉၄၄ ခုနှစ် အတွင်း၌ပင် ဂျပန်အား စတင်တော်လှန်ခဲ့လေသည်။၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် မိတ္ထီလာနှင့် မန္တလေး ခရိုင်၌ရင်း၊ မတ်လတွင် မြစ်ဝကျွန်းပေါ်၊ ဒေသ၊ သာယာဝတီ၊ ပြည်၊ သရက်၊ ပဲခူး၊ သထုံ၊ ပျဉ်းမနား၊ တောင်ငူ၊ တနင်္သာရီ စသည်ဖြင့် နယ်များခဲ့ကာ မြန်မာ နိုင်ငံ အနှံ့အပြား၌ ဂျပန်ကို ကော်လှန် ခဲ့ကြလေသည်။ သို့ရာတွင် ထိုသို့ တော်လှန်ရာ၌ နေရာဒေသအလိုက် အခြေအနေကို ကြည့်၍ ပြောက်ကျား တော်လှန်ခဲ့ခြင်းဖြစ်ရာ တကယ်စံနစ် တကျ ဖက်ဆစ် တော်လှန်ရေး အစပြုသည့်နေ့ကား ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့ပင် ဖြစ်လေသည်။ တော်လှန်ရာတွင် ဗမာ့တပ်မတော်သား မက အရပ်သားများပင် ပြောက်ကျား တပ်များ ဖွဲ့စည်းကာ ပြည်လုံးကျွတ် စစ်ပွဲ များကို ဆင်နွှဲကြလေသည်။

ထိုကဲ့သို့ ဖ ဆ ပ လ က ခေါင်းဆောင်၍ ဖက်ဆစ် တော်လှန်ရေးကြီးကို ဆင်နွှဲ ခဲ့ရာ အလွန်ပင် ထိရောက်အောင်မြင် လှပေသည်ဟု မဟာမိတ် စစ်အာဏာပိုင်တို့က ဝန်ခံကြလေသည်။ ခန့်မှန်းခြေ တရပ် အဆိုအရ ပြည်တွင်းတော်လှန်ရေး အင်အား စုများ၏ လက်ချက်ဖြင့် ဂျပန် နှစ်သောင်းခန့် သေကြေပျက်စီးသည်ဟု သိရလေ သည်။

ထိုသို့ ဖက်ဆစ် တော်လှန်ရေး လုပ်ငန်းကြီးကို ဆင်နွှဲလျက် ရှိစဉ် ဖ ဆ ပ လ အဖွဲ့ ချုပ်၏ ဝါဒနှင့် လင်္ကာတလော စီစဉ်ချက်များကို တိုင်းပြည်သို့ လျှို့ဝှက်စွာ ကျေညာခဲ့ပြန်လေသည်။ ထိုကျေညာချက်မှာ အောက်ပါ အတိုင်း ဖြစ်၏။

၎။ ဖ ဆ ပ လ အဖွဲ့ချုပ်၏ဝါဒနှင့် လင်္ကာတလောစီစဉ်ချက်

ဗမာပြည်အမျိုးသားတပ်ဦး

ဖ ဆ ပ လ အဖွဲ့ကြီးမှ ထုတ်ပြန်လိုက်သော ကျေညာချက်ကို ပိုမိုရှင်းလင်းစေရန် အလို့ငှါသော်၎င်း၊ လင်္ကာတလောအခြေအနေ အတွက်နှင့် ရွှေအဖို့သော်၎င်း၊ အဖွဲ့ ကြီး၏ ဦးစီးဦးကိုင် အဖွဲ့က အောက်ပါ ကျေညာချက်များကို ထပ်မံ ဖြည့်စွက် လိုက်ကြောင်း။

ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီး၏ အပြီးတိုင် ဆုံးဖြတ်ချက်မှာ ကိုယ်ပိုင်အုပ် ချုပ်ရေး ရရှိရန်ပင် ဖြစ်ကြောင်း။ သေချာဂနစ္စာ ထုတ်ပြန်ရမည် ဆိုသော် မြန်မာ ပြည်တွင် အမျိုးသား အစိုးရဖွဲ့ပြီး မြန်မာနိုင်ငံ အုပ်ချုပ်ရေး၊ ရေးဆွဲမည့် အလွှယ် ရောက်သူ ယောကျ်ားတိုင်း၊ မိန်းမတိုင်းက ရွေးကောက်တင်မြှောက်သည့် တိုင်း ပြည်ပြု လွှတ်တော်ကြီးကို တည်ထောင်ရန် ဖြစ်ကြောင်း။

မြန်မာလူမျိုးတို့၏ နိုင်ငံရေး အယူဝါဒများ အပြင် ကိုယ်တွေ့ ခံစားလိုက်ရ သဖြင့် ဖက်ဆစ်ဝါဒကို ချေမှုန်းရန် သန္နိဋ္ဌာန် ချခဲ့သည့်အလျောက် မြန်မာလူမျိုး တို့သည် လူတို့၏ ငြိမ်းချမ်းရေး၊ တိုးတက်ရေးတို့နှင့် ပြိုးသော လွှတ်လပ်ရေးကို ရယူ ရန် ယခု ပေါ်ပေါက်လျက်ရှိသော ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌ ဤ ဖ ဆ ပ လ အဖွဲ့ကြီးကို ဗမာ့တပ်မတော်နှင့်ပြောက်ကျားတပ်များကို အခြေခံပြုပြီး ဖွဲ့စည်းကာ မဟာမိတ် တပ်များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း။

ထို့ကြောင့် ငါတို့သည် ငါတို့၏ ဝတ္တရားရှိသည့် အတိုင်း ဖက်ဆစ်ဂျပန်တို့ကို အဆုံးတိုင် တိုက်ခိုက်သွားကြရမည် ဖြစ်ကြောင်း၊ ငါတို့၏ တပ်မတော်ရှိ တပ်များ မှာ အမြဲတမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မြန်မာပြည်တွင်း၌ ဖြစ်စေ၊ ပြင်ပ၌ ဖြစ်စေ၊ ဖက်ဆစ် ဂျပန်များကို အဆုံးတိုင်အောင် တိုက်ခိုက် သုတ်သင်သွား ကြရမည်။ ငါတို့တပ်များသည် မဟာမိတ်တပ်များနှင့် ပူးပေါင်းတိုက်ခိုက် သွားကြ ရမည်။စစ်မြေပြင်ဆို မလိုက်ရဘဲ ကျန်ရစ်ခဲ့သော လက်နက်ကိုင် တပ်များမှာမူကား ပြည်တွင်း ငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်ရေးတွင် မဟာမိတ် စစ်အုပ်ချုပ်ရေး တပ် များနှင့်အတူ ပူးပေါင်းဆောင်ရွက် စူညီရမည် ဖြစ်ကြောင်း။

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် မြန်မာပြည်ကို ပြန်လည် ထူထောင်ရေးနှင့်

သည်။ ထိုကျည်ဝချက်ကိုလည်း လန်ဒန်မြို့ ဘီ ဘီ စီ အသံလွှင့်ဌာနမှ တဆင့် ပြန်လည်၍ အသံလွှင့်ခဲ့၏။ ထိုအချိန်တွင် ဂျပန်သည် စစ်ရှုံးပြီးဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း၌ ဂျပန်စစ်သား အများက်အများ ကျန်ရှိနေသေးရာ ဖက်ဆစ် ဂျပန် အကြွင်းအကျန်များကို ဆက်လက်၍ရှင်းလင်းရန် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက ဦးစီး၍ ဆောင်ရွက်ရ ပြန်လေသည်။

ဖ ဆ ပ လ အဖွဲ့ချုပ် အမှုဆောင် အဖွဲ့၌ ပဌမတွင် ပုဂ္ဂိုလ် ၉ ဦးပါဝင်၍ များမကြာမီ ၁၆ ဦးအထိ တိုးချဲ့လိုက်လေသည်။ ထို့နောက် အမျိုးသား တပ်ဦးကြီး ဖြစ်လာစေရန် အတွက် အမှုဆောင် လူကြီး ဦးရေကို ၃၆ ဦး အထိ တိုးချဲ့လိုက်ပြန်၏။

မြန်မာနိုင်ငံ နေရာ အနှံ့အပြားတွင် ဂျပန်ဖက်ဆစ်၏ ဘေးရန် ကင်းရှင်းသွားသော အခါ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၌ ပဌမဦးဆုံး ရင်ဆိုင်ရသော ပြဿနာမှာ မျိုးချစ် ဗမာ့တပ်မတော် ကိစ္စပင် ဖြစ်လေသည်။ တော်လှန်ရေးပြီးဆုံးသည့်နောက် မျိုးချစ် ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များအား အမြဲတမ်း စစ်တပ် အနေနှင့် သိမ်းသွင်းရန် ကိစ္စသည် အရေးတကြီး ပေါ်ပေါက်လာခဲ့လေသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ဖ ဆ ပ လ အဖွဲ့ချုပ်သည် ပဌမ၌ ဗြိတိသျှ စစ်ဖက်ဆိုင်ရာ တို့နှင့် ဆွေးနွေးခဲ့သော်လည်း တိကျပြတ်သားသော ကတိများကို မရရှိခဲ့ချေ။ ထို့ကြောင့် မျိုးချစ် ဗမာ့တပ်မတော် ကိစ္စနှင့် အခြားအရေးကြီးသော ကိစ္စများကို ဆွေးနွေး တိုင်ပင်ရန် အတွက် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ အခြား နိုင်ငံရေး ခေါင်းဆောင် များကိုပါ ဖိတ်ခေါ်လျက် ၁၉၄၅ ခု ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့ အထိ အစည်းအဝေးတရပ်ကို ကျင်းပခဲ့လေသည်။ ထိုအစည်းအဝေး တွင် ပြည်တွင်းရေးကိစ္စ၊ မျိုးချစ် ဗမာ့တပ်မတော်ကိစ္စ၊ မြန်မာနိုင်ငံ၏ အနာဂတ် ကိစ္စ၊ အမျိုးသား ညီညွတ်ရေး ကိစ္စများနှင့် စပ်လျဉ်းသော ပြဿနာများကို လေး လေးနက်နက် ဆွေးနွေးခဲ့ကြ၏။

နေသူရိန် ညီလာခံကြီး

ထို့နောက် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖ ဆ ပ လ က ကြီးမှူး၍ ရန်ကုန်မြို့ နေသူရိန် ရုံးကြီးတွင် လူထုညီလာခံကြီးတရပ်ကို ကျင်းပရာ ထိုညီလာခံကြီးသည် တိုင်းသူ ပြည်သားတို့၏ ပြင်းပြသော နိုင်ငံရေး စိတ်ဓာတ်ကို ထင်ရှားစွာ ထုတ်ဖော် ပြသသော မှတ်တိုင်ကြီး တခု ဖြစ်ခဲ့လေသည်။ ထိုနေသူရိန်ညီလာခံကြီးတွင် လူထု-

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ပြုလုပ်ရာ၌ မဟာမိတ် အာဏာပိုင်များနှင့် အားတက်သရော ပူးပေါင်း ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း။ ပူးပေါင်း ဆောင်ရွက်သွားမည်လည်း ဖြစ်ကြောင်း။ ပူးပေါင်းဆောင်ရွက်ရာ၌ အထူးသဖြင့် တိုင်းပြည်တွင် အစားအစာပေါများ ဖွံ့ဖြိုးစေရန် ကြိုးစား အားထုတ် သွားမည် ဖြစ်ကြောင်း။ သို့မှသာလျှင် မြန်မာလူမျိုးများ အတွက် ရိက္ခာလုံလေ့ာက်ခြင်း ရှိမည်သာမကဘဲ ရိက္ခာအတွက် အခက်အခဲ ကြုံတွေ့နေသော အိန္ဒိယပြည်နှင့် အခြားနိုင်ငံများသို့လည်း စားနပ်ရိက္ခာများ ပို့နိုင်မည် ဖြစ်ကြောင်း။ တိုင်းပြည်ပြုလုပ်တော်ကြီးနှင့် တကွ အမျိုးသား အစိုးရ မဖွဲ့ရသေးမီ အမျိုးသား ပြန်လည် တည်ဆောက်ရေးနှင့် တကမ္ဘာလုံးရှိ ဖက်ဆစ် ဂျပန် ဆန့်ကျင်ရေး လုပ်ငန်းများ ပြုလုပ် ဆောင်ရွက်ရာ၌ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ထမြောက်အောင်မြင်ပြီး ဒီမိုကရေစီ ဝါဒကို လက်ကိုင်ထားသော အမျိုးသား အစိုးရအဖွဲ့ ပေါ်ပေါက်လာ မည်ဟု ဤအဖွဲ့ကြီးက ယုံကြည်ကြောင်း။

အချုပ်အားဖြင့်ဆိုသော် အထက်ဖော်ပြပါတို့သည် ဖ ဆ ပ လ အဖွဲ့ကြီး၏ ပေါ်လစီ ဝါဒများဖြစ်ကြောင်း။ ဤဝါဒကို လက်ကိုင်ထားပြီး ပြုလုပ် ဆောင်ရွက် သဖြင့် မဟာမိတ်တပ်များကလည်း အဖွဲ့ကြီးအား ကတ်အားသရွေ့ အကူအညီ ပေးကာ အရွှေဖက်ကမ္ဘာ တဝှန်း၌ ငြိမ်းချမ်းသာယာဝပြောမှုကို ရစေရန် အတူ တကွ ပူးပေါင်း ဆောင်ရွက်သွားနိုင်ကြမည်ဟု မျှော်လင့်ယုံကြည်ကြောင်း။

ထိုသို့ မြန်မာနိုင်ငံ အတွင်း၌ တော်လှန်ရေးများ ဆင်နွှဲလျက် ရှိစဉ် ဖ ဆ ပ လ အဖွဲ့ချုပ်သည် အိန္ဒိယနိုင်ငံရှိ ယင်း၏ ကိုယ်စားလှယ်များနှင့် ဆက်သွယ်၍ ဗြိတိသျှ တို့အားလုပ်ငန်းစဉ်များကို အကြောင်းကြားခဲ့လေသည်။ ဂျပန်များ အရေးရှုံးနိမ့်၍ ရန်ကုန်မြို့ကျဆုံးသောအခါတွင် မျိုးချစ် ဗမာ့တပ်မတော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ ၁၄ နံပတ် စစ်တပ် ဗိုလ်ချုပ် ဂျင်နရယ်ဆလင်းတို့ တွေ့ဆုံကာ မြန်မာနိုင်ငံ အတွင်းရှိ ကြွင်းကျန်လျက်ရှိသော ဂျပန်များကို ရှင်းလင်းရန် လုပ်ငန်း စဉ်များနှင့် စပ်လျဉ်း၍ သဘောတူညီကာ တောကြို အုံကြွားမကျန် ဂျပန်များကို ရှင်းလင်းခဲ့ကြ၏။ တော်လှန်ရေးအစမှ အဆုံးထိ ဗမာ့တပ်မတော်နှင့်ပြောက်ကျား တို့၏ လက်ချက်ကြောင့် မြန်မာနိုင်ငံ အတွင်းရှိ ဂျပန် အကျအဆုံးမှာ ၅၂ ရာခိုင် နှုန်း အထိရှိသည်ဟု မဟာမိတ်တို့က အတည့်အလင်း ဝန်ခံကြလေသည်။

ရန်ကုန်မြို့ကို မဟာမိတ် တပ်များက ပြန်လည် သိမ်းပိုက်သော အခါ မျိုးချစ် ဗမာ့တပ်မတော်၏ ဗိုလ်ချုပ်ကြီး နေဝင်းက မြန်မာလူမျိုးတို့၏ လိုလားချက်များ နှင့် တော်လှန်ရေး ဆောင်ရွက်ချက်များကို ကမ္ဘာသို့ အသံလွှင့် ကျေညာခဲ့လေ

နေသည့် အခိုက် အတန့်တွင် အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးနိုင်ခွင့် ရသော စံနစ် ဖြင့် ကိုယ်စားလှယ် အမတ်များ ရွေးကောက် တင်မြှောက်ရန် ရွေးကောက်ပွဲများ အတွက် ကြိုတင်၍ ပြင်ဆင်ရဦးမည် ဖြစ်၏။ ဤလုပ်ငန်းစဉ်များအားဖြင့်သာလျှင် ပြည်သူ လူထုကြီးက လိုလားသော အုပ်ချုပ်ရေးမျိုးကို ပေးစွမ်းနိုင်မည်ကိုလည်း နေသူရိန် ညီလာခံကြီးက တညီတညွတ်တည်း ဆုံးဖြတ်လိုက်လေသည်။

ထိုအခါတွင် စစ်တောင်း စစ်မျက်နှာတွင်၎င်း၊ တောင်ဂူ၊ မော်ချီလမ်း တလျှောက်တွင်၎င်း၊ ပဲခူးနှင့်ဝေါနယ်တွင်၎င်း၊ ဂျပန်တို့နှင့်သဲသဲမဲမဲတိုက်ခိုက်နေကြဆဲ ဖြစ်သော မျိုးချစ် မြန်မာ တပ်ဖွဲ့များ၏ နောင်ရေးကိုလည်း ညီလာခံတွင် အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ မျိုးချစ် မြန်မာ တပ်ဖွဲ့များအား နိုင်ငံဝန်ကို ကြေပြွန်စွာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သည့် အတွက် ရာထူး အဆင့်အတန်းများ ပေးအပ်၍ ထိုတပ်ဖွဲ့များကို အသိအမှတ်ပြုရန် အဆိုများကိုလည်း ညီလာခံတွင် တင်သွင်း ဆုံးဖြတ်ခဲ့လေသည်။ ထို့ပြင် စစ်မြေပြင်တွင် ကျဆုံးကြသော ရဲဘော်တို့အား ဝမ်းနည်း ကြေကွဲစွာဖြင့် အလေးပြုကြ၏။ အရွှေအာရှတောင်ပိုင်း စစ်ဌာနချုပ်နှင့် မြန်မာနိုင်ငံ မျိုးချစ် တပ်ဖွဲ့များမှ ရွေးကောက် တင်မြှောက်သော လူများ ပါဝင်သည့် စုံစမ်းရေး အဖွဲ့တဖွဲ့ကို ဖွဲ့စည်းပေးရန်လည်း ဗြိတိသျှအာဏာပိုင်တို့အား တိုက်တွန်းသည့် အဆိုတရပ်ကိုလည်း ဆုံးဖြတ်ချက်ချလေသည်။ ထိုစုံစမ်းရေးအဖွဲ့ သည် တပ်ဖွဲ့များ၏ ဖွဲ့စည်းရေးကို အသေးစိတ် ဆွေးနွေးအကြံပေးရန်ပင် ဖြစ်လေသည်။

နေသူရိန် ညီလာခံကြီးက အထက်ပါ အဆိုကို တင်သွင်း ဆုံးဖြတ်ရာ၌ အောက်ပါ စည်းကမ်းများကို ကျင့်သုံးရန်လည်း တောင်းဆိုခဲ့လေသည်။ ထိုစည်းကမ်းများမှာ အခြားမဟုတ်။ မျိုးချစ် မြန်မာ တပ်ဖွဲ့ဝင်များ အနက် ကိုယ်လက်ကြံ့ခိုင်၍ စစ်မှုထမ်းလိုသော ဆန္ဒရှိသူ တပ်ဖွဲ့ဝင်အားလုံးတို့အား မြန်မာ နိုင်ငံကြည်းကြောင်း တပ်ဖွဲ့များ အတွင်းသို့ ပါဝင်ရန် သင့်တော်ပြီဟု ယူဆသည့် အတွက် ကြည်းကြောင်း တပ်ဖွဲ့များတွင် မြန်မာ အရာရှိများနှင့် အရာခံဗိုလ်များကို အမြန်ဆုံးနှင့် အပြည့်စုံဆုံး ခန့်ထားရန် စုံစမ်းရေး ကော်မရှင် အဖွဲ့က အပြီးသတ် ဆုံးဖြတ်မီ ကာလအတွင်း မျိုးချစ် မြန်မာ တပ်ဖွဲ့များကို မူလအတိုင်းပင် အဖွဲ့ အစည်း မပျက်စေဘဲ ယာယီ ထားရှိရန် ဟူသော စည်းကမ်းချက်များကိုလည်း တညီတညွတ်တည်း သတ်မှတ်ခဲ့ကြလေသည်။

ထိုကဲ့သို့ နေသူရိန် လူထုညီလာခံကြီးသည် အဆိုပါ ဆုံးဖြတ်ချက်များကို တညီတညွတ်တည်း သောင်းသောင်းဖျဖျ ထောက်ခံ ဆုံးဖြတ်ခဲ့ကြသည်။ ပင်လယ်

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိ အဖြစ် ဆောင်ရွက်၍ သူ၏ မိန့်ခွန်းတွင် ဖ ဆ ပ လ အဖွဲ့ကြီးနှင့် မျိုးချစ်ဗမာ့တပ်မတော်တို့သည် တော့်လှန်ရေးတွင် မည်ကဲ့သို့ ဆောင်ရွက်လာခဲ့ပုံ၊ မြန်မာ လူထုကြီး၏ နိုင်ငံရေး ရည်မှန်းချက် မည်ကဲ့သို့ရှိပုံ၊ ကမ္ဘာ့ပြဿနာနှင့် ဗမာ့ ပြဿနာတို့သည် မည်ကဲ့သို့ ဆက်စပ်လျက်ရှိပုံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရေးကြီးပုံတို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ မိန့်ကြားသွားလေသည်။

အဆိုပါ ညီလာခံကြီးသည် ဗမာ့လွတ်လပ်ရေး ခရီးကြမ်းကြီးတွင် အလှုန် ထင်ရှားသော အမှတ် အသားကြီး အဖြစ်ဖြင့် တွင်ရစ်ပေတော့မည်။ ထိုညီလာခံကြီးက ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးနှင့် တကွ ထိုအဖွဲ့ချုပ်ကြီး၏ လုပ်ငန်းဆောင်တာများကို သဘောတူ အသိအမှတ်ပြုကြောင်း၊ တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ချက် ချမှတ်လိုက်ကြ၏။ ထိုညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးချစ် ပုဂ္ဂိုလ် အားလုံးတို့နှင့် အမျိုးသားစိတ် ရှိသည့် နိုင်ငံရေး ပါတီ အားလုံးတို့အား ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးတွင် ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ရှိရှိသမျှသော နိုင်ငံရေး အင်အားစုတို့ကို တစုတပေါင်းတည်း စုပေါင်းကာ အမျိုးသား တပ်ပေါင်းစုကြီး အဖြစ် သို့ ဆောက်ရှိရန် စိတ်အား ထက်သန်စွာ နှိုးဆော်ခဲ့လေသည်။

ထို့နောက် ဖက်ဆစ်နိုင်ငံရေး အယူဝါဒများကို ရှုတ်ချသောအဆိုများ၊ လူမျိုးတိုင်း မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ခွင့်ရှိသည်ဟု ထုတ်ဖော်ကျေညာလိုက်သော အတ္တလန္တိတ် စာချုပ်ကို ထောက်ခံသော အဆိုများနှင့် တကွ မြန်မာနိုင်ငံသည် လုံးဝ အချုပ် အချာ အာဏာပိုင် နိုင်ငံ ဖြစ်ရမည်ဟူသော ထပ်တလဲလဲ တောင်းဆိုခဲ့ဘူးသည့် လွတ်လပ်ရေး တောင်းဆိုချက်အဆိုများကို နေသူရိန်ညီလာခံကြီးတွင် တင်သွင်းဆုံးဖြတ်ခဲ့လေသည်။ ထိုမျှသာမကသေး၊ တိုက်ပွဲများ ပြီးဆုံးသွားပြီ ဖြစ်သောကြောင့် အုပ်ချုပ်မှု အတွက် လက်နက်ကိုင် အစောင့်အရှောက်များ မလိုတော့ပြီ ဖြစ်သည့် အတိုင်း စစ်ဖက် အုပ်ချုပ်ရေးကို အမြန်ဆုံးရပ်သိမ်းပြီးလျှင် နိုင်ငံကို မြို့ပြအုပ်ချုပ်ရေး အဖြစ် ပြန်လည်. အုပ်ချုပ်ရန်လည်း ဗြိတိသျှ အစိုးရအား တိုက်တွန်း နှိုးဆော်ခဲ့လေသည်။

ထိုအချိန်တွင် ဥပဒေပြု လွှတ်တော် တရပ်ကိုလည်း ရွေးကောက် တင်မြှောက်ခြင်း မပြုနိုင်သေးချေ။ ထို့ကြောင့် ဥပဒေပြု လွှတ်တော်ကို တာဝန်ခံရသော အစိုးရ အဖွဲ့ကိုလည်း ဖွဲ့စည်း၍ မဖြစ်နိုင်သေးချေ။ ထို့ကြောင့် ယာယီသဘော အားဖြင့် စပ်ကူး မတ်ကူးကာလတွင် နိုင်ငံကို အုပ်ချုပ်ရန် အတွက် "အမျိုးသား အစိုးရ" တဖွဲ့ကို ဖွဲ့စည်းရန် လိုလားအပ်ပေသည်။ ထိုသို့ ဖွဲ့စည်း၍ ယာယီ အုပ်ချုပ်

(၁၀) ဦးဘဖေ
(၁၁) စောဘဦးကြီး

၁၉၄၅ ခု စက်တင်ဘာလ ၆ ရက်နေ့နှင့် ၇ ရက်နေ့များတွင် မဟာမိတ် စစ်သေနာပတိချုပ် လော့ဒ်မောင့်ဗက်တန်နှင့် မြန်မာနိုင်ငံကိုယ်စားလှယ်များသည် ဆွေးနွေးကြပြီးနောက် အောက်ပါ သဘောတူညီချက်များ ပါဝင်သော ကန်ဒီစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြလေသည်။

(က) မျိုးချစ် ဗမာ့ တပ်မတော်ကို တကဲ့တပြားစီ ဖျက်သိမ်း၍ တဦးစီ စစ်တပ် အတွင်းသို့ သိမ်းသွင်းရန်ဟူသော ဗြိတိသျှအစိုးရ၏ မူလရည်ရွယ်ချက်ကို ရပ်ဆိုင်းထားမည်။

(ခ) ဗမာ့ တပ်မတော်အား မြန်မာနိုင်ငံ စစ်တပ် အတွင်းသို့ ပူးပေါင်းလိုက်ရန် သဘော တူသည်။

(ဂ) ဗမာ့ တပ်မတော် အတွင်း၌ ဆက်လက် အမှုထမ်းရွက်လိုသူ ကျန်းမာရေးနှင့် ပြည့်စုံသည့် တပ်သား ၅,၂၀၀ နှင့် အရံ ၃,၀၀၀ ကို လက်ခံရန် သဘောတူသည်။

(ဃ) တပ်မတော် ဗိုလ် ၂၀၀ နှင့် အရံဗိုလ် ၂၀၀ ကို လက်ခံရန် သဘောတူသည်။

(င) တပ်မတော် သားများနှင့် သက်ဆိုင်သော ကိစ္စ အဝဝကို စုံစမ်းရန် အတွက် မဟာမိတ် ကိုယ်စားလှယ်၊ တပ်မတော် ကိုယ်စားလှယ်တို့ ပူးတွဲကာ အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက် ရန် သဘောတူသည်။

(စ) တပ်မတော် သားများသည် လစာ၊ ခွင့်ရက်၊ ဆေးဝါး ကုသခွင့်စသော ရသင့် ရထိုက်သည့် အခွင့် အရေးများကိုလည်း ရရှိစေရန် သဘောတူသည်။

ဤကား ဖ ဆ ပ လ အဖွဲ့ကြီး၏ ပဌမအရေးကြီးဆုံးသော အောင်ပန်းကြီး ဖြစ်၏။ ဖ ဆ ပ လ ကို ဂျပန်လက်အောက်တွင် တိတ်တိတ်ပုန်း ဖွဲ့စည်းစဉ်က ဗမာ့ တပ်မတော်သည် အဖွဲ့ချုပ်နှင့် ဆက်သွယ်ကာ အဖွဲ့ဝင်အင်အားကြီး တခု အနေနှင့် ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲ ခဲ့လေသည်။ သို့သော်လည်း တော်လှန်ရေးပြီးဆုံးသော အခါ တပ်မတော်ကို အသစ်ပြန်လည် ဖွဲ့စည်းရာတွင် နိုင်ငံရေးနှင့် သက်ဆိုင်ရန် မလိုတော့ပြီ ဖြစ်သောကြောင့် တပ်မတော်သည် နိုင်ငံရေး တပ်ပေါင်းစုကြီး ဖြစ်သော ဖ ဆ ပ လ အဖွဲ့ချုပ်မှ နုတ်ထွက် လိုက်၏။

တပ်မတော်ကို အသစ် တဖန် ပြန်လည်ဖွဲ့စည်းသော အခါတွင် စစ်တပ်၌ ဆက်

ပြည်တော်ဆာခံရီး

လှိုင်းလုံးကြီးများ တလုံးပြီး တလုံး လိမ့်၍ လာတိုက်သကဲ့သို့ ထောင်သောင်းမက မြားမြောင်လှသော လူထုကြီး၏ တက်ကြွသော စိတ်ဓာတ် အဟုန်သည်လည်း နိုင်ငံ အဝှန်းတွင် တက်ကြွရှိ လာခဲ့၏။ ထိုနေ့သူရိန် ညီလာခံကြီးမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံရှိ မြို့နယ် အသီးသီးတို့တွင် လူထုအစည်းအဝေးကြီးများကျင်းပကြပြီး တခဲနက် ထောက်ခံခဲ့ကြ၏။ ထိုစဉ် အခါက မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ပျဉ်းမန်း၊ တောင်ငူ၊ ပဲခူး၊ ဆာယာဝတီ၊ ဟသ်ာတ အစရှိသော မြို့များတွင် လူထု အစည်း အဝေးကြီးများကို သောင်းသောင်းဖျဖျ ကျင်းပနိုင်ခဲ့လေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်နှင့် ဆက်သွယ်ထားသော အဖွဲ့အသီးအသီးကလည်း နေသူရိန် ဆုံးဖြတ်ချက်များကို ဧသာင်းသောင်းဖျဖျ ထောက်ခံ အားပေးခဲ့ကြလေသည်။

ကန်ဒီကွန်ဖရင့်

ဖ ဆ ပ လ ၏ ခေါင်းဆောင်မှုဖြင့် မြန်မာနိုင်ငံလူထု၏ နိုင်ငံရေး စိတ်ဓာတ်များ မည်မျှ ပြင်းထန်နေကြောင်းကို ဗြိတိသျှ အာဏာပိုင်တို့ သိရှိကြသောအခါ ထိုစဉ် အခါက မဟာမိတ် စစ်ဌာနချုပ် ပြုလုပ်ထားသော သီဟိုဠ်ကျွန်း၊ ကန်ဒီမြို့သို့ ဗမာ့ တပ်မတော် ကိစ္စနှင့် စပ်လျဉ်း၍ မဟာမိတ် သေနာပတိချုပ်လော့ဒ်မောင့်ဗက်တန်နှင့် တိုင်ပင် ဆွေးနွေးရန် မြန်မာနိုင်ငံ ခေါင်းဆောင်များကို ဖိတ်ခေါ် ခဲ့လေသည်။ ထိုသို့ ဖိတ်ခေါ်ချက် အရ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးမှ ၁၉၄၅ ခု စက်တင်ဘာလ ၄ ရက်နေ့တွင် အောက်ပါ ပုဂ္ဂိုလ်ကြီးများ ပါဝင်သော ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ကန်ဒီမြို့သို့ စေလွှတ်လိုက်၏။ ယင်းတို့မှာ –

(၁) ဗိုလ်ချုပ်အောင်ဆန်း
(၂) ဗိုလ်နေဝင်း
(၃) ဗိုလ်လက်ျာ
(၄) ဦးညိုထွန်း
(၅) ဗိုလ်ဇေယျ
(၆) ဗိုလ်ကျော်ဇော
(၇) ဗိုလ်မောင်မောင်
(၈) ဗိုလ်ဇော်မင်း
(၉) သခင်သန်းထွန်း

လက် အမှုမထမ်းလိုသဖြင့် နုတ်ထွက်ကြသူများ၊ ကျန်းမာရေး မပြည့်စုံသဖြင့် တပ်တွင်းသို့ ဝင်ခွင့် မပြုသူများ အစ ရှိသော ရဲဘော်ဟောင်းများကို စုနှစ်တကျ နေရာချထားရေးအတွက် ဖ ဆ ပ လ အဖွဲ့ချုပ်ကစီစဉ်ပြီးလျှင်ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ပြည်သူ့ ရဲဘော် တပ်ဖွဲ့ကို ဖွဲ့စည်းလိုက် လေသည်။ ပြည်သူ့ ရဲဘော်တပ်ဖွဲ့ ရဲဘော်ဟောင်းများကို နေရာတကျ ဖြစ်စေရန် စောင့်ရှောက်၍ နိုင်ငံရေး သဘော မသက်ဝင်သော တိုင်းပြည် လုတ်လပ်ရေး ကိစ္စ၊ ကောင်းစားရေးကိစ္စ မှန်သမျှကို ဆောင်ရွက် ကြလေသည်။ သီဟိုဠ်ကျန်း ကန့်မြို့တွင် ကျင်းပသော အစည်းအဝေးကြီးမှ မြန်မာကိုယ်စားလှယ် များသည် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိ လာကြသော အခါ မြန်မာနိုင်ငံ ဘုရင်ခံထံသို့ သူတို့၏ လိုလားချက်များကို စာဖြင့် ရေးသား၍ ပေးပို့လိုက်ကြ၏။ ထိုနောက် ၁၉၄၅ ခု အောက်တိုဘာလ အတွင်း ကျင်းပသော ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်လိုက်သည့် လုတ်ငြိမ်းချမ်းသာခွင့်ပြဿနာ၊ စစ်လျော်ကြေးပြဿနာ၊ လူဝင် လူထွက် ပြဿနာ၊ စစ်တရားခံ ပြဿနာ၊ စစ်အုပ်ချုပ်ရေး ရပ်သိမ်းရန် ပြဿနာ စသည့် အရေးကြီးသော ဆုံးဖြတ်ချက် များကိုလည်း ဖြိတိသျှ အာဏာပိုင်များထံသို့ တင်ပို့ လိုက်လေသည်။

ထိုကဲ့သို့ ဖ ဆ ပ လ အဖွဲ့ကြီး၏ မနားမနေ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင် ရှိနေသော ဖြိတိသျှ စစ်အုပ်ချုပ်ရေးကို ၁၉၄၅ ခု အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရပ်စဲလိုက်ရလေသည်။ ဤကား ဖ ဆ ပ လ အဖွဲ့ကြီး၏ ဒုတိယအောင်ပန်းကြီး ဖြစ်လေသည်။ တိုင်းပြည် လူထု၏ ထောက်ခံမှုသည်လည်း ရှေးကထက် ပိုမိုကြီးမားလာသည်ကို တွေ့ရလေသည်။

စစ်အုပ်ချုပ်ရေး ရပ်စဲလိုက်သဖြင့် ဂျပန်များ ဝင်ဆောက် တိုက်ခိုက်စဉ်က မြန်မာ နိုင်ငံမှ ဆုတ်ခွါ ထွက်ပြေးသွားရသော ဖြိတိသျှ ဘုရင်ခံ ဆာရယ်ဂျိုနယ် ဒေါ်မန်စမစ်သည် ၁၉၄၅ ခု အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာလေသည်။ နောက်တနေ့တွင် ရန်ကုန်မြို့တော်ခန်းမကြီး၌ကျင်းပသော ညွှေ့ခံပွဲကြီးတွင် ဆာဒေါ်မန်စမစ်သည် မြန်မာနိုင်ငံရေးနှင့် ဖြိတိသျှသဘောထားများ ပါဝင်သော မိန့်ခွန်းကြီးတရပ်ကို ပြောကြား ခဲ့လေ၏။ ထိုမိန့်ခွန်းနှင့် စပ်လျဉ်း၍ မသဲကွဲသောအချက်များ ခေတ် နောက်ပြန် ဆွဲသော အချက်များ၊ မြန်မာလူထု၏ နိုင်ငံရေး ရည်မှန်းချက်များနှင့် ကွဲလွဲသော အချက်များ အများအပြား ပါရှိသည် ဖြစ်ရာ ဖ ဆ ပ လ အဖွဲ့ချုပ်က ဘုရင်ခံ၏ မိန့်ခွန်းဝေဘန်ချက် စာတမ်းကြီး တရပ်ကို တိုင်းပြည်သို့ ထုတ်ပြန် ကျေညာ ခဲ့လေသည်။

ဖ ဆ ပ လ နှင့် နိုင်ငံရေးအာဏာ

အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဘုရင်ခံ၏ ဖိတ်ခေါ်ချက် အရ ဖ ဆ ပ လ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်တို့သည် ဘုရင်ခံ၏ အိမ်တော်သို့ သွားရောက်ကြ၍ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အမှုဆောင်အဖွဲ့တဖွဲ့ ဖွဲ့စည်းရေးကို စတင် ဆွေးနွေးကြလေသည်။ ထိုဆွေးနွေးပွဲတွင် ဘုရင်ခံက အမှုဆောင် အဖွဲ့ဝန်ကြီး ၁၅ ဦးခန့်ထားလိုကြောင်း၊ ၄ ဦးကိုမူ မိမိကခန့်ထားရန် လျာထားပြီးပုဂ္ဂိုလ်များရှိပြီး ဖြစ်ကြောင်း၊ ကျန် ၁၁ ဦးနေရာတွင် ဝန်ကြီးများခန့်ထားရေး၌ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက ခန့်ထားရန် ပုဂ္ဂိုလ်စာရင်းကို တင်သွင်းပါမည့် အကြောင်း ပြောကြား လေသည်။ ထိုသို့ ဘုရင်ခံက လက်ကမ်းလိုက်ခြင်းမှာ ဖ ဆ ပ လ အဖွဲ့ကြီး၏ တကယ့် အင်အားကို ဖြိတိသျှ အစိုးရတို့က ကောင်းစွာ သိရှိခြင်းကြောင့်ပင် ဖြစ်ပေသည်။ ထိုသို့ကမ်းလိုက်သော လက်ကို ဖ ဆ ပ လ သည် လက်ခံလိုက်ပြီးနောက် ဘုရင်ခံ အလိုရှိသည့် အတိုင်းပင် အမှုဆောင် ဝန်ကြီး ၁၁ ဦး၏ အမည်များကို တင်သွင်းလိုက်လေသည်။ တင်သွင်း လိုက်သော ပုဂ္ဂိုလ် စာရင်းမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(၁) ဗိုလ်ချုပ် အောင်ဆန်း
(၂) ဦးဘဖေ
(၃) ဦးဘအုန်း
(၄) ဦးအေး
(၅) ဦးရာဇတ်
(၆) ပျော်ဘွယ် ဦးမြ
(၇) သခင်မြ
(၈) ဦးသိန်းဖေ
(၉) ဦးညီထွန်း
(၁၀) မန်းဘခိုင်
(၁၁) စောဘဦးကြီး

ထိုစာရင်းကို တင်သွင်း လိုက်ရာ ဘုရင်ခံသည် ထိုအတိုင်း လက်မခံလိုဘဲ ပြင်ဆင်ရန် စကား ကမ်းလှမ်း လာလေသည်။ ထို့ကြောင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် ထိုကိစ္စကို လေးလေး နက်နက် ဆွေးနွေးပြီးနောက် တင်သွင်းသော စာရင်းများကို ၁၉၄၅ ခု အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြန်လည် ရပ်သိမ်း လိုက်ရ၏။ ထိုသို့ ရပ်သိမ်းလိုက်သည်နှင့်တပြိုင်နက် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဘုရင်ခံ၏ အမှု

ဆောင်အဖွဲ့တွင် လူထုကိုယ်စားလှယ်များ မဟုတ်သော ပုဂ္ဂိုလ်များ ဝင်ရောက်၍ ရာထူး လက်ခံကြလေတော့သည်။ ဘုရင်ခံ၏ သဘော အတိုင်း ရွေးချယ်ခန့်ထား သော အမှုဆောင် ဝန်ကြီးများ အနက် ဖ ဆ ပ လ မှ တင်သွင်းသော မူလစာရင်း တွင်ပါရှိသည့် ဦးဘအုန်းနှင့် ဦးအေးတို့ ၂ ဦးပါရှိသည်မှာ မှတ်သားဖွယ် ဖြစ်လေ သည်။

လူထု၏ ဆန္ဒနှင့် ဆန့်ကျင်၍ လူထုထောက်ခံမှုနှင့် ကင်းကွာသော မည်သည့် အစိုးရမဆို အရှုံးနှင့်သာ တွေ့ရမည်မှာ ဓမ္မတာ ဖြစ်သည်။ ထို့ကြောင့်အမည်မျှသာ ရှိသော အမှုဆောင် ဝန်ကြီးအဖွဲ့အကူအညီဖြင့် အုပ်ချုပ်သော ဘုရင်ခံ၏ အုပ်ချုပ် ရေးမှာ ကျော်လွန်ရန် မတတ်နိုင်သော လူထု၏ ဆန္ဒဒီလိုင်းများနှင့်သာ တိုး၍ နေရလေသည်။ သို့အားဖြင့် အစိုးရအဖွဲ့နှင့်လူထုသည် သူနိုင်ငါနိုင် အားပြိုင်လျက် လာကြရာ စစ်ပြီးခေတ် မြန်မာနိုင်ငံတွင်လူထုကတဖက်၊ ရှေးက ကိုလိုနီစိတ်ထား များ မကုန်သေးသော နယ်ခြံစံနစ်ဆိုးကြီးက တဖက် အပြင်းအထန် အားပြိုင် လျက်ရှိသော လွန်ပွဲကြီးကို မြန်မာနိုင်ငံ၌ တွေ့ကြရလေသည်။ လူထုတရပ်လုံးသည် လည်း ဖ ဆ ပ လ ၏ ဆောင်ရွက်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲကြီးကို ဆက်လက်၍ ဆင်နွှဲ ကြပြန်လေသတည်း။

ရှေးက ဖ ဆ ပ လ တွင် မပါခဲ့ဘူးသော နိုင်ငံရေး အသင်းအဖွဲ့များနှင့် လူအများသည် ဖ ဆ ပ လ အလံတော်အောက်သို့ တစုတဝေးကြီး လာရောက် စုရုံး ကြလေသည်။ နိုင်ငံသမိုင်း တလျှောက်၌ တခါမျှ မကြုံဘူးသော ပြည်သူ့ ညီညွတ်မှုဖြင့် သွေးစည်း လာခဲ့ ကြလေသည်။ ဘုရင်ခံသည် အုပ်ချုပ်ရာ၌ စစ် အတွင်း ကာလ၌ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့တွင် ရေးဆွဲခဲ့သော ဆင်းမလား စီမံ ကိန်းကြီးကို လက်ကိုင်ပြု၍ အုပ်ချုပ်ခဲ့လေသည်။ ထိုဆင်းမလား စီမံကိန်းမှာ ၁၉၃၇ ခုနှစ်တွင် ဗြိတိသျှ ပါလီမန်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ ၁၃၉ အရ ဘုရင်ခံတဦးတည်းက ကြိုက်သလို စီမံအုပ်ချုပ်နိုင်သော အခွင့်အာဏာများကို ယူ၍ အုပ်ချုပ်ရန် ဖြစ်၏။ ထိုဆင်းမလား စီမံကိန်းအရ ဘုရင်ခံတဦးတည်းက သုံးနှစ်ကျော်ကျော် ဆက်လက်၍ အုပ်စိုးမည်ဟူ၍ အတည့် အလင်း ကျေညာထားလေသည်။ ရှေးအခါက ဧဝ ဌာနအုပ်ချုပ်ရေးဟု ခေါ်သော ဂျပန်မရောက်မီက အုပ်ချုပ်ရေးမျိုးကို ၁၉၄၈ ခု ဇန္နဝါရီလ ကျရောက်မှ သာလျှင် အကောင်အထည် ဖော်နိုင်မည်ဟူ၍လည်း ဆိုလေသည်။ ထို့ကြောင့် လုံးဝ လွတ် လပ်ရေးကို တောင့်တလျက်ရှိကြသော မြန်မာနိုင်ငံလူထု၏ ဆန္ဒနှင့် ဂျပန်မရောက် မီက အုပ်ချုပ်ရေးမျိုးကိုပင်လျှင် သုံးနှစ်ကြာမျှ ပြန်လည် ပေးအပ် နိုင်မည်ဟူသော

ဗြိတိသျှ နယ်ခြံစံနစ်၏ ရည်မှန်းချက်တို့မှာ ကွာခြင်တိုင်း ကွာလျက် ရှိလေတော့ သည်။

ဗြိတိသျှ အစိုးရသည် ထိုကဲ့သို့ မြန်မာလူထု၏ ပြင်းပြသော လွတ်လပ်ရေးဆန္ဒ ကို လုံးဝဂရုမပြုဘဲ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့တွင် ရေးဆွဲခဲ့သော ခေတ်နောက်ပြန် ဆွဲသည့် စီမံကိန်းကြီးဖြင့် မြန်မာနိုင်ငံတွင် ဇွတ်တိုး၍ အုပ်ချုပ် လေ၏။ ယင်းတို့၏ အကြောင်းပြချက်ကို အောက်ပါ ကျေညာချက်ကို ကြည့်ခြင်းအားဖြင့် ကောင်းစွာ သိနိုင်ပေသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

စ။ မြန်မာနိုင်ငံတော်အတွက် စစ်ပြီး ဖြိတိသျှစီမံကိန်း

ဖြိတိသျှအစိုးရ၏ ကျေညာချက်

၁။ အသျှင်ကောရှင် ဘုရင်မင်းမြတ်၏ အစိုးရမင်းတို့က အတည်တကျ စဉ်းစား ဆုံးဖြတ်ထားသော စီမံကိန်းမှာ မြန်မာနိုင်ငံတော် တွင် လုံးဝကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိမှုကို အားပေးရန် ဖြစ်ကြောင်းနှင့် မကြာခဏပင် ထုတ်ပြန်ကျေညာ ခဲ့လေသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြန်မာ နိုင်ငံတော်သည် ဖြိတိသျှ စီးပွါးရေးဖက် ပြည်ထောင်စုကြီး အတွင်း၌ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေးတာဝန် ဝတ်တရားများကို ခံယူ နိုင်ရည် ရှိသော အခြေ သို့ ရောက်သည်အထိ နိုင်ငံရေး ဖက်တွင် တိုးတက် လာပြီးနောက် ဒိုမီနီယံ နိုင်ငံတော်များ၏ အဆင့်အတန်း၊ ဂရိတ် ဗြိတိန်နိုင်ငံတော်၏အဆင့်အတန်းနှင့် တန်းတူ ဖြစ်သော အဆင့်အတန်းကို ရရှိစေရန် ဖြစ်လေသည်။ ဤအတိုင်းပင် တသမတ်တည်း ရည်ရွယ်ထားခဲ့၍ ယခုလည်း ဤအတိုင်းပင် ဖြစ်လေသည်။

၂။ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိမှုအတွက် မြန်မာ နိုင်ငံတော်၏ တိုးတက်ရေးမှာ ဂျပန်တို့ ဝင်ရောက် တိုက်ခိုက်ခြင်း၊ ရန်သူတို့ ကြောရှည်စွာ သိမ်းပိုက်ထားခြင်း၊ တိုင်းပြည် အတွင်း၌ တိုက်ပွဲများ ဖြစ်ပွါးခြင်းတို့ကြောင့် ပြတ်လပ်ဆုတ်ဆိုင်း သွားရလေသည်။ ထိုအချိန်ကာလအတွင်း၌ ပစ္စည်း ဥစ္စာကြီး ကျယ်စွာ ပျက်စီး ဆုံးရှုံးရခြင်းမျှသာ မကဘဲ စီးပွါးရေးနှင့် လူမှုလူရေး အခြေအမြစ်များပါ အကြီးအကျယ် ပျက်ပြား နစ်နာခြင်း ခံခဲ့ရလေသည်။ နိုင်ငံရေး အဆောက်အဦဆိုသည်မှာ အဆိုပါအုတ်မြစ်အခြေခံများ ပေါ်၌ တည်ရမြဲ ဖြစ်၍ ဤအုတ်မြစ် အခြေခံများသည် တဖန် ပြန်၍ တည်မြဲသည်အထိ ဂျပန်တို့ ဝင်ရောက်မလာမီ အလျင်က ပြုလုပ်ခဲ့သော နိုင်ငံရေး စီစဉ်အုပ်ချုပ်ပုံများ အလေ့အလာများကို ပြန်၍ ထားရှိနိုင်မည် မဟုတ်သေချေ။

ဥဒါဟရဏ် ဆိုရသော် ရန်သူတို့ သိမ်းပိုက်ထားသည့် အချိန် ကာလ အတောအတွင်း၌ တိုင်းသူ ပြည်သားတို့မှာ တဖျင့်တပါး လှုံ့ပါးရှေ့ ယှား၍ အလုပ်အကိုင် အနေအထိုင်များ ပျက်ပြားသွားခဲ့သောကြောင့် မဲဆန္ဒပေးခွင့် ရသူတို့၏ စာရင်းကို လုံးဝဥဿုံ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲကျင်းပရန်

အစီအစဉ်များ မပြုလုပ်သေးမီ မဲဆန္ဒပေးခွင့် ရရှိမှုကို အသစ်တဖန် ပြန်၍ သတ်မှတ်ခြင်းကို ပြုလုပ် ရပေလိမ့်မည်။ ထို့ပြင် လမ်းပန်း ဆက်သွယ်ရေးများ လုံလောက်စွာ ပြန်လည်ထူထောင်၍ မပြီးမခြင်း နိုင်ငံတော် တဝှန်းလုံး တွင် ရွေးကောက်ပွဲကျင်းပနိုင်လိမ့်မည် မဟုတ်ချေ။ ခိုင်မြဲသော အခြေ အနေ တည်ရှိစေရန် ပြန်လည် ထူထောင်သည့် ကိစ္စတွင် အဆောက်အဦများ ပြန်လည်ဘည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းသူပြည်သားတို့ ၏ အသက်သေးခဲဖြစ်သော လယ်ယာကိုင်းကျွန်းလုပ်ငန်းနှင့် အခြား အရေးကြီး သည့်စက်မှုလက်မှုလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးစသည့် အလွန်ကြီး လေးသောအလုပ်တာဝန်ကြီးကို ရွက်ဆောင် ကြရပေလိမ့်မည်။ ဤကိစ္စများ မပြီးမြောက်သေးသမျှတွင် ဒီမိုကရေစီ စံနစ်အရ အုပ်ချုပ်ရေး အတွက် လိုအပ်သော အချက်များအတိုင်း လိုက်လျော ဆောင်ရွက် နိုင်သော အခြေ အနေများ ရှိလိမ့်မည် မဟုတ်ချေ။ စစ်ဖက်ဆိုင်ရာ အာဏာပိုင်တို့က စစ်ရေး စစ်ရာ အလိုက် အခွင့်သာသဖြင့် အုပ်ချုပ်ရေးကို လွှဲပြောင်းပေးအပ်သည်နှင့် တပြိုင်နက် အဆိုပါ အရေးကြီးသော လုပ်ငန်းတာဝန်များကို မြို့ဖက်ဆိုင်ရာ အစိုးရက ခံယူဆောင်ရွက် ရလိမ့်မည်။ မြန်မာနိုင်ငံတော်မှာ ယခုကဲ့သို့ ပျက်စီး ယိုယွင်းနေသည့် အခြေတွင် လုပ်ငန်းတာဝန်များ အတွက် ဘဏ္ဍာတော် အင်အား ရှိနိုင်လိမ့်မည် မဟုတ်သောကြောင့် အသျှင်ကောရှင်မင်းမြတ်၏ အစိုးရက မြန်မာနိုင်ငံတော်ကို အကူအညီ ပေးရပေလိမ့်မည်။ သို့ရာတွင် မြန်မာလူမျိုး အသီးအသီးတို့က အားတက်သရော ပူးပေါင်း ဆောင်ရွက်ရန် လိုလိမ့်မည် ဖြစ်ရာ ဤသို့သော အကူအညီကို ပိုမို ပြည့်စုံစွာ ပေးသလောက် မြန်မာ နိုင်ငံတော်သည် ပြတ်လပ်ရပ်တန့်နေခဲ့သော နိုင်ငံအုပ်ချုပ်ရေး တိုးတက်မှုကို လျင်မြန်စွာ ဆက်လက် ဆောင်ရွက် သွားနိုင်ပေလိမ့်မည်။

၃။ ရွေးဦး အရေးကြီးသော နိုင်ငံရေး အစီအစဉ် (ရွေးကောက်ပွဲ ကျင်းပရေးကို ဆိုလိုသည်) ပြုလုပ် နိုင်လောက်အောင် အဆိုပါ အုတ်မြစ်အခြေခံများကို ပြန်လည် တည်ဆောက်၍ မပြီးသေးမီ အတွင်း မြန်မာ အစိုးရကို ၁၉၄၁ ခုနှစ် ကအတိုင်း ပြန်၍ တည်ထောင်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် အုပ်ချုပ်ရေး အက်ဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ နိုင်ငံတော်အုပ်ချုပ်ရေးကို မဆောင်ရွက်နိုင်သေး သမျှ ကာလပတ်လုံး ထိုအက်ဥပဒေပုဒ်မ ၁၃၉ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များ အတိုင်း ဆက်လက် ဆောင်ရွက် သွားရန် ဖြစ်သည်။ ထိုပုဒ်မနှင့် စပ်လျဉ်း၍

PDF CREATOR - NYEYADHAMMA@GMAIL.COM

ရောက်၍ ဘုရင်ခံမင်းကြီးနှင့် အမှုဆောင် ကောင်စီက ထောက်ခံချက်ပေးလျှင် စပ်ကြား အချိန်တွင် တည်ထောင်သည့် အဖွဲ့ အဖြစ်ဖြင့် ဥပဒေပြုအဖွဲ့ကလေး အဖွဲ့ ဖွဲ့စည်း ထားနိုင်လေသည်။ ဤအဖွဲ့များ အတွက် ဖွဲ့စည်းမှုနှင့် အခွင့် အာဏာများ၊ ထို့ပြင် အဖွဲ့အချင်းချင်း ဆက်ဆံမှု ကိစ္စများကို ပါလီမန် လွှတ်တော်သို့ တင်သွင်းပြီးနောက် ကောင်စီအစည်းအဝေးတွင် ထုတ်ပြန်တော် မူသော အမိန့်များဖြင့် သတ်မှတ် ပေးလိမ့်မည်။

၇။ ထိုသို့ ကောင်စီ အစည်းအဝေးတွင် ထုတ်ပြန်တော်မူသော အမိန့်များ အရ စမ်းသပ် စီမံသော စံနစ်များ၏ လက်ငင်းအဖို့ ရည်ရွယ်ချက်မှာ ပုဒ်မ ၁၃၉ က သတ်မှတ်သည့် စည်းကမ်းချက်များကို လျော့ပါးပေးရန် ဖြစ်လိမ့်မည်။ သို့သော် အဆိုပါ ပုဒ်မ အရ ဆောင်ရွက်ခြင်းကို ရပ်တန့်စေရန် အချိန်တန် သောအခါ ထိုစမ်းသပ်စီမံချက်များလည်း အလျောက်ဘာသာပင် ရပ်စဲသွားလိမ့်မည်။ ရွေးကောက်ပွဲကျင်းပနိုင်၍ ပုဒ်မ ၁၃၉ အရ ဆောင်ရွက်ခြင်းကို ရပ်ထန့်စေနိုင်လောက်အောင် အခြေအနေများ ပြန်လည် ကောင်းမွန်လာသည့် အခါ (မြန်မာလူမျိုးများ နှစ်သက် သဘောကျသဖြင့် ယာယီ ပြဋ္ဌာန်းချက်များ ထည့်သွင်း ပြင်ဆင်ထားခြင်း မရှိခဲ့ပါမူ) နိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ပြန်၍အတည် ဖြစ်လာလိမ့်မည်။ ထိုအချိန်တွင် ရွေးကောက်ပွဲကြီး ကျင်းပနိုင်၍ ဂျပန်တို့ မြန်မာနိုင်ငံထဲသို့ဝင်ရောက်မလာမီကအတိုင်း မှုခင်းကိစ္စများကို ဆောင်ရွက်နိုင်သည့်အခွင့်အာဏာ ပြည့်စုံစွာရှိသော ဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းနိုင်လိမ့်မည်။

၈။ ၁၉၃၅ ခုနှစ် အက်ဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် အညီ အုပ်ချုပ်ရေးကို ပြန်လည် တည်ဆောက်ပြီးသော အခါ နိုင်ငံတော် အခြေအနေ ကောင်းမွန် သင့်လျော်လာသည်နှင့် တပြိုင်နက်၊ နိုင်ငံအုပ်ချုပ်တိုးတက်မှု ဒုတိယ စခန်းသို့ ရောက်ပေလိမ့်မည်။ ထိုစခန်းတွင် လုံးဝကိုယ်ပိုင်အုပ်ချုပ်မှု ရရှိရေးအတွက် ရှေးဦးလုပ်ဆောင်ဖွယ်ရာ ရှိသည်များကို ပြုလုပ်ကြရလိမ့်မည်။ ထိုအဓိကာအတွင်းမှာပင် ပဌမရွေးကောက်ပွဲကြီး မကျင်းပနိုင်သေးမီ ရှိသင့် ရှိအပ်သော နိုင်ငံတော် စီးပွါးရေး အခြေအနေ ပြန်လည် ကောင်းမွန်မှု အတွက် စီမံချက်များကို ရှေ့သို့ တိုးတက်ဆောင်ရွက် သွား၍ ဘဏ္ဍာတော် အခြေအနေသည် ကိုယ်ရေး ကိုယ်တက်တာ ခိုင်ခံ့ လုံခြုံသော အခြေအနေသို့ ရောက်သည်အထိ တိုးတက် သွားပေလိမ့်မည်။

၁၉၄၂ ခုနှစ်တွင် ထုတ်ပြန်သော ကျေညာချက်၏ တည်ဆဲမူမှာ ရှေ့လာမည့် ဒီဇင်ဘာလ ၉ ရက်နေ့မှ နောက်ထပ် သုံးနှစ် ဆက်လက်ထားရှိခွင့် ရအောင် ပြုလုပ်ရန် ကြံရွယ် ထားလေသည်။ ဤသို့ သုံးနှစ်မျှသာ ဆက်လက်ထားရှိရာ ပါလီမန် လွှတ်တော်ကို ခွင့်တောင်းခြင်းမှာ အကယ်၍ သုံးနှစ် မပြည့်မီ ရွေးကောက်ပွဲကြီး မကျင်းပနိုင်သေးသည်တိုင်အောင် သုံးနှစ် ပြည့်သော အခါမူကား ကျင်းပနိုင်၍ သာမန်တိုင်းပြည် အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေ အရ အစိုးရ တည်ထောင်နိုင်မည့် အခြေအနေသို့ ရောက်ရှိ လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပြုလုပ်ခြင်း ဖြစ်လေသည်။ ဤသို့ ကနဦးအချိန် ကာလတွင် အုပ်ချုပ်ရေးကို ကြီးကြပ်ထားရန် လိုပင် လိုငြားသော်လည်း အသျှင်ကောရှင် ဘုရင်မင်းမြတ်၏ အစိုးရက အုပ်ချုပ်မှုအရေးအရာ အားလုံးကို ဘုရင်ခံတဦးတည်းက သိမ်းယူ ချုပ်ကိုင် ထားခြင်းကို လိုလားခြင်း မရှိဘဲ ဘုရင်ခံ မင်းကြီးမှာ ထိုအရေးအရာ များကို ဆောင်ရွက်ရာ၌ မြန်မာ လူမျိုးတို့၏ အကူအညီနှင့် အကြံဉာဏ်ကို ရယူရန် အုပ်ချုပ်မှုနှင့် ဥပဒေပြုလုပ်မှုတို့တွင်လည်း မြန်မာခေါင်းဆောင် ကိုယ်စားလှယ် လူကြီးများနှင့် နီးနှောတိုင်ပင် နိုင်အောင် အခွင့်အရေးများ သေချာစွာ ရရှိထား စေရန် လိုလားလေသည်။ ထို့ကြောင့် ပုဒ်မ ၁၃၉ ကခွင့်ပြုသော အုပ်ချုပ်နည်းကို ယခု အတိုင်းကဲ့သို့ ကြပ်ကြပ် တည်းတည်း မဖြစ်အောင် ပြုပြင်ပေးနိုင်ရေးအတွက် ကောင်စီ အစည်းအဝေး၌ ထုတ်ပြန်တော်မူသော အမိန့်များဖြင့် အခွင့် အာဏာရရှိရန် ကြံရွယ်လေသည်။ ဤသို့ရယူရန် ကြံရွယ် ထားသည့် အခွင့်အာဏာများအရ အခွင့်သာသည်နှင့်တပြိုင်နက် အမှုဆောင်ကောင်စီ အဖွဲ့ တဖွဲ့ကို ဖွဲ့စည်းထားရန် ရည်ရွယ်လေသည်။ ထိုအဖွဲ့မှာ ကနဦး၌ အစိုးရ အရာရှိများသာ ပါဝင်သော အဖွဲ့ငယ်ကလေး ဖြစ်နေ၍ နောက်ဘင် အခွင့် သာသလောက် အစိုးရ အရာရှိ မဟုတ်သော မြန်မာ လူကြီးများကို ထည့်သွင်းတိုးချဲ့သွားနိုင်မည့် အခြေ ရှိလေသည်။ ဤသို့သော ကောင်စီအဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြင့် စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို ဘုရင်ခံမင်းကြီးက လက်ရှိ ယူထားလျက် မြန်မာလူမျိုးများက သာမန် တိုင်းပြည်အုပ်ချုပ်မှု နည်း စံနစ်များကို ပြန်လည် မထူထောင်ရသေးမီ အတွင်း နိုင်ငံတော် စီးပွါးရေး ပြန်လည် ထူထောင်မှုအတွက် အုပ်ချုပ်ရေး လုပ်ငန်းတွင် ပါဝင်ရွက်ဆောင်ခွင့် ရနိုင်လေသည်။ ကောင်စီ အစည်းအဝေးတွင် ထုတ်ပြန်သော အမိန့်တော်က ပေးအပ်သော အခွင့်အာဏာဖြင့်လည်း သင့်လျော်သည့် အခြေသို့

၆။ အသျှင် ကေရာဇ် ဘုရင်မင်းမြတ်၏ ရည်ရွယ်ချက် အချုပ်မှာ မြန်မာပြည်သူ ပြည်သားများ၏ ကိုယ်စားလှယ်များသည် အရပ်ရပ် အဖွဲ့အသင်း ဂိုဏ်းဂဏ အချင်းချင်း လုံလောက်အောင် သဘော ညီညွတ်ကြပြီးနောက် ဗြိတိသျှ အုပ်ချုပ်ရေး စံနစ်မျှသာ မကဘဲ ဒီမိုကရေစီဝါဒအရ အုပ်ချုပ်သော တိုင်း ပြည်များရှိ အုပ်ချုပ်ရေး စည်းမျဉ်းအမျိုးမျိုး တို့ကို ထည့်သွင်း စဉ်းစား၍ မြန်မာနိုင်ငံအတွက် အသင့်အတော်ဆုံး ဖြစ်သည်ဟု မိမိတို့ကိုယ်တိုင် သဘော ရသော နိုင်ငံတော်အုပ်ချုပ်မှု စည်းမျဉ်း ဥပဒေကို စီမံရေးဆွဲကြစေ ရန် ဖြစ်သည်။ ထိုစည်းမျဉ်း ဥပဒေအရ မည်သို့ မည်ပုံ စီစဉ်အုပ်ချုပ်သင့် သည်ဟူသော အချက်မှာမူကား မြန်မာ ကိုယ်စားလှယ် လူကြီးများနှင့် ဆွေးနွေး သဘောတူ ပြုလုပ်ရမည့် ကိစ္စဖြစ်လေသည်။ ထို့နှင့် တပြိုင်တည်း လည်း မြန်မာ နိုင်ငံတော်တွင် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးကို တည်ထောင် ထားပြီးသည့်နောက် အသျှင်ကေရာဇ် ဘုရင်မင်းမြတ်၏ အစိုးရက ဆက် လက်ဘာဝန်ခံယူရမည့် ကိစ္စများနှင့် စပ်လျဉ်း၍ ထိုအစိုးရနှင့် သဘောတူ စာချုပ်များ ပြုလုပ်ရန် ဆွေးနွေး ရလိမ့်မည်။

၇။ စည်းကမ်း ကကျ ခန့်အပ်သော မြန်မာ ကိုယ်စားလှယ် လူကြီးမျှားက အရပ် ရပ် အုပ်ချုပ်နည်းများကို ဆင်ခြင် သုံးသပ်ပြီးနောက် မြန်မာနိုင်ငံတော်နှင့် အသင့်တော်ဆုံး ဖြစ်သော အုပ်ချုပ်နည်းကို သဘောတူညီကြ၍ ထိုသို့ သဘောတူညီ လျှာထားသော အုပ်ချုပ်နည်းကို ပါလီမန် လွှတ်တော်က အတည်ပြုနိုင်အောင် မြန်မာနိုင်ငံက လုံလောက်စွာ ထောက်ခံခြင်း ရှိ ကြောင်း ထင်ရှားသည့်အခါ အသျှင်ကေရာဇ် ဘုရင်မင်းမြတ်၏ အစိုးရသည် မိမိတို့ ဆက်လက်ခံယူရမည့် တာဝန်များကို ဆောင်ရွက် နိုင်စေရန် တ ကြောင်း၊ အသျှင်ကေရာဇ် ဘုရင်မင်းမြတ်၏ အစိုးရက ထုတ်ပေး ချေးငှါးရ သော ငွေတော် အကျန်များအတွက် စိတ်ချနိုင်စေရန် တကြောင်း၊ မြန်မာ နိုင်ငံကိုယ်စားလှယ် လူကြီးများနှင့် ဆွေးနွေးလိမ့်မည်။ ဤသို့ ပြုလုပ်ရသည် မှာ လိုအပ်သော အုပ်ချုပ်ရေး အစီအစဉ်များတည်ရှိ၍ အခြား အစီအစဉ် များ ပြီးစီး ပြည့်စုံသည့်အခါ မြန်မာပြည် နိုင်ငံရင်း၌ ဗြိတိသျှ စီးပွါးဖက် နိုင်ငံတော်ကြီးတွင် အပါအဝင် ဖြစ်သော လုံးဝကိုယ်ပိုင် အုပ်ချုပ်ရေး တည်ထောင်ထားရှိနိုင်စေရန် ဖြစ်လေသည်။ မြန်မာ နိုင်ငံတော် အလယ်ပိုင်း ဒေသများတွင် နေထိုင်ကြသော မြန်မာလူမျိုးတို့နှင့် ဘာသာ စကား၊ ဓလေ့ ထုံးစံ၊ နိုင်ငံရေး တိုးတက်မှု အဆင့်အတန်း မတူကြသူတို့ နေထိုင်သည့် ရှမ်း

ပြည်နယ်မြေများနှင့် နိုင်ငံတော် အစုနှစ်အဖျား လူမျိုးစုတို့ နေထိုင်သော တောတောင် ဒေသများ ပါဝင်သည့် စာရင်းပါ နယ်မြေများကို မူကား ထိုလူမျိုးများက မိမိတို့ နေထိုင်သော ရပ်ကွက် ဒေသများကို မြန်မာ နိုင်ငံ ရင်းနှင့် သင့်လျော်သော နည်းဖြင့် ပေါင်းစပ် လိုပါသည်ဟု မိမိတို့၊ ဆန္ဒကို ထုတ်ဖော် ပြောဆိုသည့် အခါနှိန်သို့ မရောက်သေးမီ အတောအတွင်း၌ ဘုရင်ခံ မင်းကြီးက အထူး စီမံအုပ်ချုပ် ထားလိမ့်မည် ဖြစ်ကြောင်း။

အထက်တွင် အပြည့်အစုံ ဖော်ပြထားသော စီမံကိန်းမှာ ဗြိတိသျှတို့နှင့် တပါ တည်း ပါလာသော ဆင်းမလား စီမံကိန်းခေါ် စက္ကူဖြူ စီမံကိန်းကြီး ဖြစ်၏။ ထိုစက္ကူဖြူ စီမံကိန်းကြီး အတိုင်း ဗြိတိသျှ အစိုးရသည် မြန်မာ နိုင်ငံကို ၁၉၄၈ ခု ဇန်နဝါရီလ အထိ ဆက်လက်၍ အုပ်ချုပ်သွားရန် ရည်ရွယ်ခဲ့လေသည်။ ထိုစက္ကူဖြူ စီမံကိန်း အတိုင်း မအုပ်ချုပ်မီ အတောအတွင်း ဗြိတိသျှ အာဏာပိုင် များသည် မြန်မာ နိုင်ငံ၌ စစ်အုပ်ချုပ်ရေးဖြင့် စတင်အုပ်ချုပ်ရာ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးနှင့် တက္ခ တိုင်းပြည် လူထုကပါ ထိုစစ်အုပ်ချုပ်ရေးကို မလိုလားသဖြင့် အပြင်းအထန် ကန့်ကွက်ခဲ့ကြလေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပသော ခေါင်း ဆောင်ကြီးများ၏ အစည်းအဝေးများကို ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ၎င်း၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်၎င်း၊ ဩဂုတ်လ ၁၅ ရက်နေ့တွင်၎င်း ကျင်းပပြီး နောက် ဗြိတိသျှ စစ်အုပ်ချုပ်ရေးကို အမြန်ဆုံး ရပ်စဲချပ်သိမ်းရန် တောင်းဆိုခဲ့လေ သည်။ ဤကဲ့သို့ တတိုင်းပြည်လုံးက ပြင်းထန်စွာ အရေးယူ တောင်းဆိုသော ကြောင့် ၁၉၄၅ ခု အောက်တိုဘာလ ၁၅ ရက်နေ့တွင် မဟာမိတ်တို့၏ စစ်အုပ်ချုပ် ရေး လုံးဝရပ်စဲသွားပြီးနောက် အဆိုပါ စက္ကူဖြူစီမံကိန်းကြီးကို အကောင်အထည် ဖော်ရန် ကြိုးစားကြပြန်၏။

ပြည်သူ့တပ်ဦး ဖ ဆ ပ လ

စစ်အုပ်ချုပ်ရေးနှင့်တပါတည်း ရောက်ရှိလာသော ချုတ်ချယ်မှု အမျိုးမျိုးကို လည်း တိုက်ဖျက်ရန် လိုလေသေးသည်။ ထိုစဉ် အခါက ဗြိတိသျှ အာဏာပိုင်တို့ သည် နိုင်ငံရေးသမား အမြောက်အမြားကို ရာဇဝတ်မှုမျှားနှင့် ဖမ်းဆီး တရားစွဲ ဆိုခြင်း၊ ကြိုးမိန့် ပေးခြင်း၊ အကျဉ်းချထားခြင်း စသည်တို့ကို ပြုလုပ် ခဲ့လေသည်။ ဗြိတိသျှ အစိုးရသည် မြန်မာ နိုင်ငံသို့ ပြန်လည် ရောက်ရှိလာလျှင် လာခြင်း လတ် တလော ဥပဒေအမြောက်အမြားကို လက်ကိုင်ထားလျက် တိုင်းပြည်ကို တင်းကြပ်

စွာ အုပ်ချုပ် ကြပေလသည်။ နယ်ပယ် အသီးအသီးတွင် ကာကွယ်ရေး ဥပဒေများ ထုတ်ပြန်ကာ ချုတ်ချယ်မှုအမျိုးမျိုးရှိနေသဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်မှအဖမ်းအဆီး အချုတ်အချယ်ခံနေကြရသော သူများနှင့် တရားစွဲခံနေကြရသော သူများအား ကာကွယ်ရန်အတွက် ကာကွယ်ရေး ကောင်စီထံ တခုကို ဖွဲ့စည်းဆောင်ရွက် ခဲ့လေသည်။

အိန္ဒိယ နိုင်ငံတွင် ထိုစဉ်အခါက အိုင်အင်အေ ခေါ် အိန္ဒိယ အမျိုးသား တပ်သားဟောင်းများကို ဖမ်းဆီး တရားစွဲဆိုလျက် ရှိသဖြင့် အိန္ဒိယတပြည်လုံးက လူထုနည်းဖြင့် ကန့်ကွက်သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း လူထုနည်းဖြင့် ပြင်းထန်စွာ ကန့်ကွက် အရေးဆိုစေရန် ဖ ဆ ပ လ အဖွဲ့ချုပ်မှ စိုင်းပြင်း ဆောင်ရွက်ခဲ့သဖြင့် အရေးယူခြင်း ခံခဲ့ရသော နိုင်ငံရေး သမားများသည် လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိခဲ့ ပေသည်။

ထိုမျှသာမကသေး၊ စစ်ဒဏ်ကြောင့် အိုးအိမ်ပစ်လျက် ခိုကိုးရာမဲ့ ဖြစ်နေကြရ ရှာသော စစ်ဘေး ဒုက္ခသည်များ ပြဿနာသည်လည်း အလွန် အရေးကြီးကြောင်းကို ဖ ဆ ပ လ အဖွဲ့သည် ကောင်စွာ သတိပြုမိ၏။ ထိုကြောင့် ၁၉၄၅ ခု သြဂုတ်လ ၆ ရက်နေ့တွင် စစ်ဘေး ဒုက္ခသည် ထောက်ပံ့ရေး အဖွဲ့တဖွဲ့ကို ဖ ဆ ပ လ က ဖွဲ့စည်း၍ အောက်ပါ ကိစ္စများကို အောင်မြင်စွာ ဆောင်ရွက် ခဲ့လေသည်။

(၁) ရန်ကုန်မြို့သို့ ရောက်ရှိလာသော စစ်ဘေး ဒုက္ခသည် အပေါင်းတို့အား နေရာ ချထားပေးခြင်း၊ နေရပ်သို့ ပြန်လိုသူများအား ခရီးစရိတ် ထုတ်ပေးခြင်း၊ ရန်ကုန်တွင် နေထိုင်စဉ် ကျေးမွေး စောင့်ရှောက်ခြင်းများ ပြုခဲ့သည်။

(၂) ထောက်ပံ့ရေးအဖွဲ့ဝင် လူကြီးများသည် ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ သနပ်ပင် စသော မြို့နယ်များရှိ စစ်ဘေး ဒုက္ခသည်များအား လုံခြုံ၊ အင်္ကျီ၊ စောင်၊ ဘောင်းဘီ၊ ပန်းကန်စသည်တို့ကို သွားရောက် လှူဒါန်း ခဲ့လေသည်။

(၃) တနင်္သာရီတိုင်း သံဖြူဇရပ်မှ ပြန်လည် ရောက်ရှိ လာကြသော စစ်ဘေး ဒုက္ခသည်များအား ရန်ကုန်မြို့တွင် နေရာချထားရေး စခန်းများစီစဉ်၍ နေရာချထားပြီးနောက် ကောင်းစွာ ကျေးမွေး စောင့်ရှောက်ပြီးလျှင် ယင်းတို့၏ နေရင်းဒေသအသီးအသီးသို့ ပြန်လည် ပို့ပေးခဲ့လေသည်။

(၄) စစ်တောင်း ကမ်းခြေတလျှောက်တွင် ခိုလှုံ လျက် ရှိကြသော စစ်ဘေး ဒုက္ခသည်များ အားလည်း ထောက်ပံ့ လှူဒါန်းခဲ့၏။

(၅) ဖ ဆ ပ လ အဖွဲ့ချုပ် ရန်ပုံငွေမှ လုပ်ကိုင် မစားနိုင်လောက်အောင် ဒဏ်ရာ ရသော တပ်မတော် ရဲဘော်များနှင့် တော်လှန်ရေးတွင် ကျဆုံးသော ရဲဘော်များ၏ သားမယား ဆွေမျိုးတို့အား ထောက်ပံ့လှူဒါန်းရန် အတွက် ပြည်သူ့ ရဲဘော် တပ်ဖွဲ့ ဌာနချုပ်သို့ ပေးလှူခဲ့၏။

အထက်ပါ ဆောင်ရွက် ချက်များမှာ စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် ဖ ဆ ပ လ အဖွဲ့ချုပ်မှ ဆောင်ရွက်ခဲ့သော နိုင်ငံရေးမှအပ လုပ်ငန်း အချို့ ဖြစ်ပေသည်။

စစ်အုပ်ချုပ်ရေး ရပ်သိမ်းပြီးနောက် မြန်မာ နိုင်ငံသို့ ပြန်လည် ရောက်ရှိ၍ အုပ်ချုပ်လျက် ရှိသော ဘုရင်ခံ ဆာ ရယ်ဂျိနယ် ဒေါ်မန်စမစ်သည် ပြည်သူ လူထု ကိုယ်စားပြုသော ဖ ဆ ပ လ အဖွဲ့ကြီးနှင့် သဘောကွဲလွဲသည်ထက် ကွဲလွဲ လာလေရာ ဖ ဆ ပ လ ခေါင်းဆောင်များသည် နိုင်ငံအနှံ့ အပြားသို့လှည့်လည်၍ လူထု တရားပွဲများကို ကျင်းပပြီးနောက် ဖ ဆ ပ လ ၏ နိုင်ငံရေး ဝါဒနှင့် နိုင်ငံရေး လမ်းစဉ်တို့ကို ရှင်းလင်း ဟောပြော ခဲ့လေသည်။ နိုင်ငံရေး အသင်းအဖွဲ့များနှင့် လူထု ကရပ်လုံးလိုလိုပင် ဖ ဆ ပ လ အလံတော်အောက်သို့ တစုတဝေးတည်း လာရောက် စုရုံးကြလေသည်။ ထိုအခါသည်ကား နိုင်ငံသမိုင်း တလျှောက်တွင် တခါမျှ မကြုံ ဘူးသေးသော ညီညွတ်ပူဖြိုင့် လူထုသည် သွေးစည်းကြ၏။ ၁၉၄၅ ခု နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဖ ဆ ပ လ မှ ဦးစီးသော ပြည်လုံးကျွတ် ညီလာခံကြီးကို ရွှေတိဂုံ ခြေတော်ရင်း၌ ကျင်းပ၍ လူထု၏ ဆန္ဒကို တညီတညွတ်တည်း ပြသကြလေသည်။

၁၉၄၆ ခု ဇွန်လ ၂၆ ရက်နေ့တွင် ဖ ဆ ပ လ မှ ကြီးမှူးကျင်းပသော ဗြိတိသျှ စက္ကူဖြူ အုပ်ချုပ်ရေး ကန့်ကွက်ပွဲကြီးတွင် ပရိသတ် တသိန်းကျော် တက်ရောက် ကြလေသည်။ ဘုရင်ခံနှင့် ဘုရင်ခံ၏ လက်ကိုင်ပုဒ်မ ၁၃၉ အာဏာတို့မှာ ခေတ် နောက်ပြန် ဆွဲသော စံနစ်ဟောင်းကြီး ဖြစ်သဖြင့် လူထုက လက်မခံနိုင်ကြပေ။ ဆင်းမလား စီမံကိန်းဟု ခေါ်သော စက္ကူဖြူစာတမ်းကြီးနှင့် မြန်မာ နိုင်ငံတမျိုး သားလုံးသည် ၃ နှစ်ကြာမျှနေရဦးမည်ဟု စီမံထားချက်ကို ကန့်ကွက်သည့်အနေ ဖြင့် ပြင်းထန်စွာ လှုပ်ရှားအရေးဆိုကြ လေသည်။ ၁၉၄၆ ခု စက်တင်ဘာလ အတွင်း၌ ပြည်လုံးကျွတ်သပိတ် အရေးတော်ပုံကြီး ပေါ်ပေါက် လာ၏။ ထိုကဲ့သို့ လူထု၏ စည်းရုံးရေးဆန္ဒပြမှုများတွင် လခစား၊ စာရေး စာချို၊ ရဲအဖွဲ့စသည်တို့ပင် လျှင် ပါဝင် ဆင်နွှဲ လာကြ၏။

နိုင်ငံသမိုင်းတွင် မကြုံဘူးသေးသော အဖြစ် အပျက်ကြီး တခုသည် ပေါ်ပေါက် လျက် လာလေသည်။ ပုလိပ်အဖွဲ့ကြီး တဖွဲ့လုံးသည် သပိတ် လက်နက်ကို စွဲကိုင်၍ ချုတ်ချယ်မှုအမျိုးမျိုးကို တွန်းလှန်ပြီးလျှင် ဖ ဆ ပ လ အဖွဲ့ကြီးနှင့်အတူ ပြင်းထန်

စာ အရေးဆိုကြ၏။ ထိုပုလိပ်သပိတ်ကြီး၏ အစ်ကို တောင်းဆိုချက်ကြီးမှ မြန်မာနိုင်ငံကို လုံးဝ လွတ်လပ်ရေး ပေးရန်နှင့် နေသူရဲန်လူထု အစည်းအဝေးကြီးက ဆုံးဖြတ်သည့် အတိုင်း လူထုကိုယ်စားလှယ်များ ပါသော ယာယီ အစိုးရအဖွဲ့ ဖွဲ့စည်းရန်ပင် ဖြစ်လေသည်။

ဤတောင်းဆိုချက်မှာ များစွာ စိတ်ဝင်စားဖွယ်ရာ ကောင်း၏။ အဘယ်ကြောင့် ဆိုသော် ပုလိပ်အဖွဲ့သည် လုပ်ခ ပို၍ ရရေး၊ အလုပ်ချိန်လျော့ပေါ့ရေး စသော မိမိတို့ လုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များကြောင့် သပိတ်မှောက်ရခြင်း မဟုတ်ဘဲ အမျိုးသားရေး အတွက် ဖ ဆ ပ လ အဖွဲ့ကြီးက ခေါင်းဆောင် ဆင်နွှဲလျက်ရှိသော နိုင်ငံရေး တိုက်ပွဲကြီးထဲသို့ ခြေစုံပစ်၍ ဝင်ရောက်လာကြခြင်း ဖြစ်လေသည်။ များမကြာမီပင် အစိုးရအမှုထမ်း သမဂ္ဂပေါင်းစုံ အဖွဲ့ချုပ်ကြီးကလည်း ပုလိပ်အဖွဲ့ နည်းတူ သပိတ်မှောက်လိုက် ပြန်၏။ စာတိုက် အလုပ်သမား များလည်း အလုပ်ရပ်စဲကြ၏။ မီးရထား အလုပ်သမား များကလည်း ထိုနည်းအတူပင် နိုင်ငံရေးလွတ်လပ်မှုအတွက် စည်းလုံးစွာ အရေးဆိုကြလေသည်။ ထို့နောက် စက်ရုံ အလုပ်သမား တို့ကလည်း အလုပ် ရပ်စဲ၍ ဆန္ဒ ပြကြ၏။ ဤကဲ့သို့သော နည်းများဖြင့် တနိုင်ငံလုံးရှိ လုပ်ငန်း ဟူသမျှသည် ရပ်စဲစပြုလာပြီးလျှင် ဖြိုတိသျှ အာဏာပိုင်တို့ ဆင်းမလားမြို့တွင် ဖန်တီး ရေးဆွဲ လာခဲ့သော အုပ်ချုပ်ရေး စက်ယန္တရားဟောင်းကြီးသည် ပျက်ပြားမည်ကဲ့သို့ ဖြစ်လာ လေသည်။

မြန်မာ နိုင်ငံတွင် အထက်ပါအတိုင်း နိုင်ငံရေး လှုပ်ရှားမှုများ ပြင်းထန်လျက် လာလေရာ ဖြိတိသျှအစိုးရသည် ဘုရင်ခံ ဆာရယ်ဂျီနယ်ဒေါ် မန်စမစ်အား ပြန်ခေါ်ရ၍ ယင်း၏နေရာတွင် မေဂျာ ဂျင်နရယ် ဆာဟူးဗတ်ရန်ဆိုသူအား လွှတ်လိုက်၏။ ဆာရန်သည် ဗိုလ်ချုပ် အောင်ဆန်း၏ ရဲဘက်တော်တဦးဖြစ်၍ ဗိုလ်ချုပ်အား အလွန်တရာ လေးစားသူလည်း ဖြစ်ပေသည်။ ရန်ကုန်မြို့သို့ ရောက်လာလျှင် ရောက်လာခြင်းပင် ဆာရန်သည် မှတ်သားဖွယ်ရာ စကားများကို မြွက်ဟ ပြောကြားလေသည်။ ထိုစကားမှာ အခြားမဟုတ်၊ သူ၏လာခြင်းသည် ကတ္တီပါအိတ်စုပ်ထားသော သံလက်သီးကို ဝှေ့ရမ်း၍ စစ်သား၏ လာခြင်းဖြင့် လာသည်၊ မဟုတ်ဘဲ မြန်မာပြည်သူ ပြည်သားတို့၏ မိတ်ဆွေ တဦးအဖြစ် ကူညီရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်ဟု ပြောဆို သောစကားများပင် ဖြစ်လေသည်။

ထိုအချိန် အခါတွင် အိန္ဒိယနိုင်ငံ၌လည်း လော့ဒ်လူဝိစ် မောင့်ဗက်တန်သည် အိန္ဒိယ လူထုကြီး တရပ်လုံး၏ လိုအင် ဆန္ဒ အတိုင်း ဖြည့်စွမ်း နိုင်ရန် ဆောင်ရွက်လျက် ရှိသည့် နည်းတူ မြန်မာနိုင်ငံတွင် ဆာဟူးဗတ်ရန်က ဆောင်ရွက်သည့်

အရိပ်အရောင်များကို တွေ့မြင်ရလေသည်။ သူ၏ ဆောင်ရွက်ပုံမှာ အခက်အခဲများကို ကြိုးစား ဖြေရှင်း၍ ဖ ဆ ပ လ ခေါင်းဆောင်လျက် ရှိသော ပြည်သူ လူထု၏ ဆန္ဒအတိုင်း တိုင်းပြည်ကို အမြန်ဆုံး ပျိုးထောင်ပေးရန် စေတနာ ထားသည်ကို မြန်မာ နိုင်ငံခေါင်းဆောင်များ သိရှိ ကြလေသည်။

ဆာဟူးဗတ်ရန်သည် စစ်ဗိုလ် တဦးပင် ဖြစ်သော်လည်း နိုင်ငံရေးသမားများလက်လျော့ ထားရသော အခက်အခဲများကို ပြေလည်အောင် ဖြေရှင်း နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင်လည်း စစ်သေနာပတိချုပ်ဖြစ်သော လော့ဒ်မောင့်ဗက်တန်သည် ထိုနည်းအတူပင် ဖြေရှင်းနိုင်သည်ကို တွေ့ရပေသည်။

ထို့ပြင် စစ်သားများသည် အများအားဖြင့် ပရိယာယ် မထားတတ်ကြပေ။ လက်စဲ့ နိုင်ငံရေး ဝါဒဖြန့်ရန်လည်း ဆန္ဒ မရှိကြ။ လူထုနှင့် ဆက်ဆံရာတွင်လည်း နိုင်ငံအကြိုက် ဗန်းပြသည့် ပရိယာယ်များကိုလည်း မသုံးတတ်ကြ။ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည်လည်း နိုင်ငံရေး ပရိယာယ်သမားများ မဟုတ်ကြ။ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကပင်လျှင် မိမိသည် နိုင်ငံရေး ပရိယာယ်သမား မဟုတ်ကြောင်းကို အကြိမ်ကြိမ် ထုတ်ဖော် ပြောဆိုခဲ့ဘူးသည်။ မြန်မာနိုင်ငံလူထုသည် အမှေ့တိုင်းသားများပီပီ ရိုးရိုးနှင့် ဘင်းဘင်း ပြောတတ်ကြသည့်အတိုင်း ပရိယာယ် မသုံးဘဲ လွတ်လပ်ရေးကို ပြန်၍ တောင်းကြခြင်း ဖြစ်သည်။

ရာထူးလက်ခံခြင်း

စစ်သား ဘုရင်ခံသစ် ဆာဟူးဗတ်ရန်သည် ချက်ခြင်းလိုလိုပင် လူထု၏ အတွင်းသဘောကို နားလည်လာ၏။ မြန်မာနိုင်ငံ လူထု၏ နစ်နာချက်များကိုလည်း သဘောပေါက်သွား၏။ ထို့ကြောင့် သူသည် ရှိနေသော အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် လမ်းများကို ကြိုးစား ရှာဖွေလေတော့သည်။ သူသည် ချက်ခြင်းလိုလိုပင် ဗိုလ်ချုပ် အောင်ဆန်းနှင့် လှုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်ကြီးများအား အမှုဆောင် ဝန်ကြီး အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်လိုက်၏။ ဤအကြိမ်တွင်မူကား ရှေးယခင် အခါကကဲ့သို့ အခက်အခဲမရှိဘဲ လူထုကြိုက် အမှုဆောင် ဝန်ကြီး အဖွဲ့သစ်ကို ၁၉၄၆ ခု စက်တင်ဘာလ အတွင်း၌ပင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့လေသည်။ ဘုရင်ခံ၏ အမှုဆောင် ဝန်ကြီးများ အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်လေသည်။

ရေးအတွက် စတင် ဆောင်ရွက်လေသည်။ သို့ရာတွင် ရာထူး ရရှိရေးသည် ပန်းတိုင် မဟုတ်၊ ပန်းတိုင်သို့ သွားရာ လမ်းစဉ်တခုမျှသာ ဖြစ်သည်ဟု သဘောပိုက်ကြပြီး လျှင် ဝန်ကြီးအဖွဲ့သစ်သည် လုတ်လပ်ရေး တည်းဟူသော အဓိက ပန်းတိုင်ကြီးကို မျက်ခြည်ပြတ် မခံဘဲ ဆက်လက်၍ ကြိုးပမ်းကြသည်။ အမှုဆောင် ဝန်ကြီးအဖွဲ့သည် သင်္ဘာစိတ်ထား၍ နားလည်မှုရှိသော ဘုရင်ခံနှင့် တွဲဖက်လုပ်ကိုင်ရသော ကြောင့် လုပ်ကိုင်သမျှမှာ အရာထင် အကျိုးပေးခဲ့သည်။ သို့ဖြစ်သောကြောင့် ပုဒ်မ ၁၃၉ အရ ဘုရင်ခံ တဦးတည်း အာဏာပိုင် အုပ်ချုပ်မှုမှာ တဖြည်းဖြည်းနှင့် ကွယ်ပ လာရပြီးလျှင် လွှတ်တော် စံနစ် အုပ်ချုပ်ရေး ဟူ၍ တိုးတက်ကောင်းမွန် လာသော အုပ်ချုပ်ရေးစံနစ်သစ်သို့ ခြေလှမ်းနိုင်ခဲ့ကြလေသည်။

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက ထုတ်ပြန်ကျေညာထားသော လမ်းစဉ်မှာ အကယ်၍ အနုနည်းများဖြင့် ပြီးစီးနိုင်မည်ဆိုလျှင် လက်ရုံးအင်အားဖြင့် လှုပ်ရှား ထကြသော အကြမ်းနည်းများကို မသုံး ဟူသော လမ်းစဉ်ပင်ဖြစ်၏။ အကယ်၍ အနုနည်းများဖြင့် မအောင်မြင်မှသာလျှင် အကြမ်းနည်းကို သုံးရန် ဟူ၍လည်း သန္နိဋ္ဌာန် ချထားပြီး ဖြစ်လေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည်လည်း ဤအချက်ကို ထပ်တလဲလဲ ပြောခဲ့၏။ ထိုကဲ့သို့ လူထု၏ ဆန္ဒကို ထပ်တလဲလဲ တင်ပြလျက်ရှိသဖြင့် ဖြတိသျှ အစိုးရသည် အရေးမယူဘဲ မနေနိုင်တော့ပေ။ ထို့ကြောင့် ၁၉၄၆ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့၌ ဖြတိသျှ နန်းရင်းဝန် မစ္စတာ ကလီမင်ရစ်ချတ်- အက်တလီကိုယ်တိုင်က ဖြတိသျှ အောက်လွှတ်တော်၌ မြန်မာနိုင်ငံသို့ အာဏာများ လွှဲပြောင်းပေးရေး ကိစ္စများကို ဖြတိသျှ အစိုးရ အဖွဲ့နှင့်စေ့စပ် နှီးနှော၍ အသေးစိတ် ဆွေးနွေး ဆုံးဖြတ်ရန်အတွက် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တော် အဖွဲ့ တဖွဲ့ကို လန်ဒန်မြို့သို့ ဖိတ်ခေါ်ရန် ကြံရွယ်ချက်ရှိပါကြောင်း ဟူ၍ ထုတ်ဖော် ကျေညာခဲ့လေသည်။ ထိုသို့ပြောကြားရာတွင် ဖြတိသျှ နန်းရင်းဝန်သည် အခြား အရေးကြီးသော အချက်တရပ်ကိုလည်း ထည့်သွင်း၍ ပြောဆိုခဲ့၏။ ထိုအချက်မှာ အခြားမဟုတ် မြန်မာနိုင်ငံသည် ဖြတိသျှ ဓနသဟာယ အတွင်း၌ နေလိုသည်ဖြစ်စေ၊ သို့တည်းမဟုတ် ဓနသဟာယ ပြင်ပ၌ လွှတ်လပ်စွာ နေလိုသည် ဖြစ်စေ မြန်မာတို့၏ ဆန္ဒအတိုင်း ဆုံးဖြတ်နိုင်ခွင့် ရှိပါသည်ဟူ၍ ထုတ်ဖော် ကျေညာခြင်းပင် ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ အတွင်း၌ အင်္ဂလန် နိုင်ငံသို့ ထွက်ခွါ၍ သွားလေသည်။ ရန်ကုန်မြို့မှ ထွက်ခွါမသွားမီ ဗိုလ်ချုပ် အောင်ဆန်းက "ကျုပ်တော့ အကောင်း

(၁) ဗိုလ်ချုပ်အောင်ဆန်း (ဒုတိယ ဥက္ကဋ္ဌနှင့် ကာကွယ်ရေး၊ ပြည်ပ ဆက်သွယ်ရေး ဝန်ကြီး)
(၂) သခင်မြ (ပြည်ထဲရေးနှင့် တရားဥပဒေ)
(၃) ဦးတင်ထွဋ်ဝ (ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန)
(၄) ဗျော်ဘွယ် ဦးမြ (စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွါးရေး)
(၅) ဦးဘဖေ (ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး)
(၆) မန်းဘခိုင် (စက်မှုလက်မှုနှင့် အလုပ်သမားဌာန)
(၇) ဦးစော (ပညာရေးနှင့် အမျိုးသားစီမံကိန်း)
(၈) ဆာမောင်ကြီး (ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး)
(၉) ဦးအောင်ဇံဝေ (လူမှုဝန်ထမ်း)
(၁၀) သခင်ဗစိန် (သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး)
(၁၁) စောဘဦးကြီး (ပြန်ကြားရေး)

မှတ်ချက်။ ။၁၉၄၆ ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် အစိုးရသစ် ဖွဲ့စည်းစဉ်က ဦးသိန်းဖေ (တက်ဘုန်းကြီး) သည် စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွါးရေး ဝန်ကြီး ဖြစ်ပါသည်။ သို့ရာတွင် အောက်တိုဘာလ ၂၂ ရက်နေ့တွင် သူသည် ရာထူးမှ နုတ်ထွက်သွားသဖြင့် ဗျော်ဘွယ် ဦးမြအား သူ့နေရာတွင် ခန့်ထားလိုက်၏။ အထက်ပါ ဝန်ကြီးများ အဖွဲ့တွင် ဦးစောနှင့် သခင်ဗစိန်တို့မှလွဲ၍ ကျန်ဝန်ကြီးများသည် ဖ ဆ ပ လ အဖွဲ့ဝင်များ ဖြစ်ကြ၏။

လူထုကလည်း ဤအစီအစဉ်ကို ယာယီအစီအစဉ်တရပ်အနေဖြင့် လက်ခံကြလေသည်။ တိုင်းပြည်တွင် ပေါ်ပေါက်လျက်ရှိသော သပိတ် အရေးတော်ပုံများလည်း ပြီးဆုံး၍ ဌာနအသီးအသီးတွင် ပိုနေမြဲ ကျားနေမြဲ အခြေသို့ ပြန်၍ ရောက်ရှိလာ၏။ အလွန်ကြီးမားသော နိုင်ငံရေး အခက်အခဲကြီးတခုသည် ပြေပျောက်၍ သွား၏။ တင်းမာလျက်ရှိသော နိုင်ငံရေး အခြေအနေမှာလည်း ပြေပြစ်သွား၏။ အကြီးအကျယ် နိုင်ငံဆူပူ လှုပ်ရှားမှုများ ဖြစ်လာမည်လော ဟု သောကရောက်လျက်ရှိသော လူထုကြီးသည်လည်း ဤအခါတွင်မှ သက်ပြင်းချကာ ပြုံးနိုင် ရယ်နိုင်ကြလေသည်။ နေသူရိန်ညီလာခံကြီးမှ တောင်းဆိုခဲ့သော အချက်ကြီးတချက်ကိုကား ရရှိခဲ့လေပြီ။ ထိုတောင်းဆိုချက်ကြီးအတိုင်း လူထု ကိုယ်စားလှယ်များ ပါဝင်သော အမှုဆောင် ဝန်ကြီးအဖွဲ့က ပြီးမြောက် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့လေပြီ။

အမှုဆောင် ဝန်ကြီး အဖွဲ့သစ်သည် ဘုရင်ခံနှင့် တွဲဖက်၍ လူထုကောင်းစား

ဆုံး ဖြစ်ပါစေလို့ မျော်လင့်ပါတယ်။ ဒါပေမဲ့ အဆိုးဆုံး ဖြစ်မယ် ဆိုယင်လဲ ကျုပ်က တော့ အဆင်သင့်ပါဘဲ” ဟု တိုင်းပြည် လူထုအား မှာကြားသွားလေသည်။

ဗိုလ်ချုပ် အောင်ဆန်း၊ သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဘဖေ၊ သခင်ဗစိန်နှင့် ဦးစောတို့ ပါဝင်သော ကိုယ်စားလှယ် အဖွဲ့သည် လန်ဒန်မြို့သို့ ရောက်ရှိပြီးလျှင် ဖြိတိသျှ နန်းရင်းဝန် မစ္စတာ အက်တလီ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗီဗင် အစ ရှိသည်တို့ ပါဝင်သော ဖြိတိသျှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခြင်းပြုကာ ၁၉၄၇ ခု ဇန္နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း–အက်တလီစာချုပ်ကို လက်မှတ်ရေး ထိုး ပြီးစီးခဲ့လေသည်။ အင်္ဂလန် နိုင်ငံသို့ ခေါင်းဆောင်ကြီးများ သွားရောက် အရေးဆိုနေသည့် အချိန်အတွင်း၌လည်း မြန်မာနိုင်ငံ၌ လွတ်လပ်ရေး အကောင် အထည် ပေါ် ပေါက်လာစေရန် ရည်သန်၍ ဖ ဆ ပ လ အလံတော်အောက်ရှိ လူထု အစည်းအရုံးတို့သည် ပြင်ဆင်မှု အမျိုးမျိုးတို့ကို ပြင်ဆင်ခဲ့ကြလေသည်။

ဇန္နဝါရီလ ကုန်ဆုံး ကျော်လွန်သော အခါတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ် စားလှယ်တော် အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်၍ ရောက်ရှိလာကြ၏။ ရောက်ရှိလာ သောအခါတွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် ထင်ရှား ထယ်ဝါ သော မှတ်တိုင်ကြီး ဖြစ်လာမည့် စိတ်ကျေနပ်ဖွယ် သဘောတူညီချက်များကို ဆွေးနွေးပွဲများ အပြီးတွင် ရခဲ့ပြီဟု တိုင်းပြည်သို့ ဖွင့်ဟ ကျေညာ လိုက်လေသည်။ ဗိုလ်ချုပ် အောင်ဆန်းက “ကျုပ်တော့ ဒီစာချုပ်ဟာ ကျုပ်တို့နဲ့ လုံးဝလွတ်လပ်ရေး ပန်းတိုင် အရောက် တနှစ်အတွင်းမှာ ပို့ပေးနိုင်မယ်လို့ ယုံကြည်တဲ့ အတွက် ယခု သဘောတူညီချက်ကို လူထုက လက်ခံဘို့ ကျုပ်ထောက်ခံ ပါတယ်” ဟု ကျေညာ လိုက်၏။ နိုင်ငံလူထုကလည်း သောင်းသောင်း ဖျဖျ ဝမ်းသာအားရ ဩဘာပေးကြ လေတော့သည်။ လွတ်လပ်ရေး ရရန်ကား တနှစ်တည်းသာ စောင့်ကြရတော့မည်။

အထက်ပါ အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ နိုင်ငံ ကိုယ်စားလှယ် အဖွဲ့နှင့် ဖြိတိသျှ နန်းရင်းဝန် မစ္စတာ အက်တလီ ခေါင်းဆောင် သော ဖြိတိသျှကိုယ်စားလှယ် အဖွဲ့တို့ ၂ ဦး ၂ ဖက်သဘောတူညီ၍ ချုပ်ဆိုသော စာချုပ်သည် မြန်မာနိုင်ငံ တမျိုးသားလုံး မျော်မှန်းသည့် လုံးဝ လွတ်လပ်ရေး ပန်းတိုင်သို့ တနှစ်အတွင်း ပေးပို့ နိုင်လိမ့်မည်ဟု မြန်မာနိုင်ငံ လူထုကြီးက ကောင်း စွာ ယုံကြည်ကြလေသည်။သို့ရာတွင် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ အတွင်းက ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးမှထုတ်ပယ်ခြင်းခံရသော ကွန်မျူနစ်ပါတီသည် အဆိုပါ အောင်ဆန်း-အက်တလီ စာချုပ်ကြီးကို အပြင်းအထန် ဝေဖန် ကြလေသည်။ ယင်းတို့၏ ဝေဖန် ချက်တွင် အကြောင်း ပြချက်များမှာ ဖ ဆ ပ လ သည် ဖြိတိသျှနယ်ချဲ့၏လက်ကိုင်

ကုတ်ဖြစ်သွားပြီဟူ၍ စွပ်စွဲခြင်း၊ ဖ ဆ ပ လ သည် ချမှတ်ထားသော နိုင်ငံရေး လမ်း စဉ်မှ သွေဖီလျက် ဂရောင်ချောက်ခြားဖြစ်သွားပြီဟု စွပ်စွဲခြင်းသာမက လူထု၏ ခေါင်းဆောင် ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကိုပါ ပက်ပက် စက်စက် ဆဲရေး တိုင်းထွာသည်ကို တွေ့မြင် ကြရလေသည်။

ကွန်မျူနစ်ပါတီ ပေါ် လစ်ဗျူရိုအဖွဲ့ဝင် ခေါင်းဆောင်တဦး ဖြစ်သော သခင် သန်းဖေက အမျိုးသား အရေးကို တာဝန်မဲ့ပြုခဲ့သော ဗိုလ်ချုပ် အောင်ဆန်း အတွက်ဘီလူးစည်းလူစည်းကွဲသွားပြီ’ဟူ၍အတည့်အလင်းရေးသားပြောဆိုသည်။ ကိုမျှသာ မကသေး၊ ဗမာပြည် ကွန်မျူနစ်ပါတီသည် လက်နက်ကိုင် တော်လှန်ရန် အပြင်းအထန် ကြိုတင်စီစဉ်ကြသည်ကိုလည်း တွေ့ရပေသည်။ ကွန်မျူနစ်ပါတီ ခေါင်းဆောင်တို့သည် လူထုတရားပွဲများ ကျင်းပ၍ ငါတို့ပါတီသည် မှောက်မှား သည့် အယူဝါဒတို့ကို ဆေးကြော သုတ်သင်ပြီး တော်လှန်ရေး လမ်းစဉ်ကို လိုက်ကာ နယ်ချဲ့သမားတို့၏ အလိုတော်ရိ ဩဇာခံများကို အတင်းဖြိုချရမည်၊ ပြည်သူ လူထု က တောခို အာဏာသိမ်းရေး အတွက် အပြင်းအထန် ပြင်ဆင် ကြရမည်’ ဟူသော စစ်ကြေးကြော်သံများကို ကျယ်လောင်စွာ ဟစ်အော် ကြလေသည်။

ဆ။ ။အောင်ဆန်း-အက်တလီ စာချုပ်

စာချုပ်၏ သဘော

အောင်ဆန်း အက်တလီ စာချုပ်ဟု ခေါ်စမှတ် ပြုခြင်းခံရသော ဗြိတိသျှ မြန်မာ စာချုပ် မူရင်းကို နောက်ဆက်တွဲတွင် ဖော်ပြထား ပါသည်။ ထိုစာချုပ်နှင့် စပ်လျဉ်း၍ အရေးကြီးသော အချက်အလက်များကို အောက်တွင် ဖော်ပြပေအံ့။

(၁) မြန်မာ နိုင်ငံတော်သူ နိုင်ငံတော်သား တို့သည် မိမိတို့ နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆုံးဖြတ်နိုင်စီမံ့သောငှါ ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြု အဖွဲ့အစား တိုင်းပြုပြည်ပြု လွှတ်တော်ကို ရွေးကောက်တင်မြှောက် စေရမည်။

(၂) လူမျိုး သီးခြား မထားရှိသော လူစု၊ ကရင် အမျိုးသား လူစု၊ အင်္ဂလိပ် မြန်မာ ကပြား လူစုများ အတွက် ရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပ လိမ့်မည်။

(၃) ခေတ်ပြောင်းချိန် ကာလ အတွင်း မြန်မာ နိုင်ငံတော် အစိုးရသည် ယခုအတိုင်းကဲ့သို့ပင် ၁၉၃၅ ခုနှစ် အက်ဥပဒေ အပိုဒ် ၁၃၉ အရ အပ်နှင်းထားသော လူထုအာဏာ များနှင့် ၁၉၄၅ ခုနှစ် ယာယီ စီမံချက် အက်ဥပဒေနှင့် တကွ အမိန့်ဟူသမျှအတိုင်း ခေတ္တ ဆောင်ရွက်သွား လိမ့်မည်။

(၄) တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခြင်းများ ပြီးဆုံးသည်နှင့် တပြိုင်နက် အမတ် ဦးရေ ၁၀၀ ပါဝင်သော ဥပဒေပြု ကောင်စီ တခုကို ခန့်အပ် လိမ့်မည်။

(၅) ဘုရင်ခံ မင်းကြီး၏ အမှုဆောင် ကောင်စီသည် မြန်မာ နိုင်ငံတော်၏ ကြားဖြတ်အစိုးရ ဖြစ်လိမ့်မည်။ အမှုဆောင် ကောင်စီကို ဒိုမီနီယံ အစိုးရများအား ရင်းနှီးစွာ တိုင်ပင်နှီးနှော အလေး ဂရုပြုဘိ သကဲ့သို့ ပြုမူလိမ့်မည့်အပြင် အမှုဆောင်ကောင်စီသည် နိုင်ငံအုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်ရာ၌ အများဆုံးသော လွတ်လပ်ခွင့်ကို ရရှိလိမ့်မည်။

(၆) ဤသို့ ဖွဲ့စည်းထားသည့် အစိုးရသည် ကိုယ်ပိုင် ဘဏ္ဍာရေး အုပ်ချုပ်မှုကို ရရှိစေ ရမည်။

(၇) ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဆိုင်ရာ ကိစ္စများကို အမှုဆောင် ကောင်စီတွင် တင်သွင်း စဉ်းစား လိမ့်မည်။

(၈) လန်ဒန်မြို့တော်တွင် မြန်မာ အစိုးရကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ရန် မြန်မာနိုင်ငံတော် အတွက် မဟာမင်းကြီး တပါး ခန့်ထားစေ လိမ့်မည်။

(၉) ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ်ဖြင့် ပါဝင်ရန် မြန်မာ နိုင်ငံတော်က လျောက်ထားပါက ဗြိတိသျှ အစိုးရက လုံးဝ ထောက်ခံ ချက်ပေး လိမ့်မည်။

(၁၀) မြန်မာ နိုင်ငံတော် စစ်သည်တော်အားလုံး တို့မှာ မြန်မာ နိုင်ငံတော် အစိုးရ၏ အုပ်ချုပ်မှု လက်အောက်သို့ ချက်ခြင်း ရောက်ရှိ လိမ့်မည်။

(၁၁) မြန်မာ နိုင်ငံတော် ကာကွယ်ရေး တပ်များ ဖွဲ့စည်းခြင်းတွင် ကူညီ ထောက်ပံ့ရန် ပြဿနာသည် နှစ်ဦးသော အစိုးရတို့ ဆွေးနွေးရန် ကိစ္စ ဖြစ်ပေလိမ့်မည်။

(၁၂) အုပ်ချုပ်ရေးသစ် ဖြစ်ထွန်း သက်ရောက် လာသည့် နောက်၊ မြန်မာ နိုင်ငံတော်ရှိ ဗြိတိသျှ တပ်များကို ဆက်လက်ထားရှိရန် သို့မဟုတ် မည်သို့ အသုံးပြုရန် ပြဿနာကို ဗြိတိသျှနှင့် မြန်မာ နိုင်ငံတော် အစိုးရတို့ ညှိနှိုင်း တိုင်ပင်၍ ဆောင်ရွက် မည်။

(၁၃) နယ်ခြား ဒေသများနှင့် မြန်မာပြည်မတို့ ပေါင်းစည်း ဆက်ဆံနိုင်မှာဖန် ဗြိတိသျှ အစိုးရနှင့် မြန်မာ ကိုယ်စားလှယ်တော်များ ၂ ဦး ၂ ရက် သဘောတူ ဆွေးနွေးပြီးသော ရည်ရွယ်ချက် ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိ လူမျိုးသည် ၂ ဦး ၂ ဖက်လက်ခံနိုင်သော နည်းဖြင့်မြန်မာနိုင်ငံတော်အစိုးရတို့နှင့်ရင်းနှီးစွာ ပေါင်းသင်း တွဲဖက်ရာသည်။

(၁၄) ပင်လုံ အစည်းအဝေး သို့မဟုတ် လူထုကွန်ဖရင့် အစည်းအဝေးပြီး ဆုံးသည့် အခါတွင် ဗြိတိသျှ အစိုးရနှင့် မြန်မာ နိုင်ငံတော်အစိုးရ တို့သည် နယ်ခြား သားများ ထုတ်ဖော် ပြောဆိုထင်မြင်ချက်များနှင့် လိုက်လျောညီစွာ ဖြည့်စွမ်းရန် အကောင်းဆုံးသော နည်းစနစ်ကို ချမှတ် လိမ့်မည်။

(၁၅) နယ်ခြား ဒေသ တိုင်းရင်းသားများနှင့် ပေါင်းစည်း ဆက်ဆံ နိုင်ရန် အကောင်းဆုံးသော နည်းစံနစ်ကို ရှာဖွေရန် အတွက် စုံစမ်းရေး ကော်မီတီ တခုကို ချက်ခြင်း တည်ထောင်ရန် ဖြစ်သည်။

အထက်ပါ အချက်များ အပြင် အခြား အရေးကြီးသော အချက်များ ပါရှိသည့် အောင်ဆန်း-အက်တလီ စာချုပ်ကို ၁၉၄၇ ခု ဇန္နဝါရီလ ၂၇ ရက်နေ့တွင် နှစ်ဦး နှစ်ဖက် ခေါင်းဆောင်ကြီးများသည် လက်မှတ်ရေးထိုး ကြလေသည်။ ထိုသို့ လက်မှတ်ရေးထိုး ရာတွင် မြန်မာနိုင်ငံကြီးမှ တက်ရောက်သော ကိုယ်စားလှယ်များ တွင် အပါအဝင် ဖြစ်သည့် ဦးစောနှင့် သခင်ဗစိန်တို့သည် လက်မှတ် ရေးထိုးခြင်း မပြုကြချေ။

စာချုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်

အောင်ဆန်း-အက်တလီ စာချုပ်ခေါ် မြန်မာ ဗြိတိသျှ စာချုပ်နှင့် စပ်လျဉ်း၍ ဖ ဆ ပ လ ကို မလိုလားသော အင်အားစုတို့သည် အမျိုးမျိုး အဖုံဖုံ လည်ဆယ်၍ ဝေဖန် ခဲ့ကြသည်။ အထူးသဖြင့် ကွန်မျူနစ်များက ထိုစာချုပ်သည် လွတ်လပ်ရေး ကို လမ်းခင်းပေးနိုင်မည့် စာချုပ် မဟုတ်ဟု ဟစ်အော်ကြွေးကြော် ကြသည်။ ထိုကဲ့သို့ ဖ ဆ ပ လ နှင့်တကွ ဗိုလ်ချုပ်အောင်ဆန်းကို လူထု၏အမြင်၌ ထင်ယောင်ထင်မှား ဖြစ်စေရန် လည်ဆယ်၍ လုပ်ဇာတ် ခင်းကြခြင်းကို ရှင်းရန် အတွက် ဖ ဆ ပ လ မှ ကြီးမှူးလျက် ၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ လူထု အစည်းအဝေးကြီး တရပ်ကို ကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်းသည် တနှစ် အတွင်း လွတ်လပ်ရေး ရစေမည်' ဟူသော ကြွေးကြော်သံ ဆောင်ပုဒ်ဖြင့် လူထု ရှင်းလင်းပွဲ မိန့်ခွန်းကြီး တရပ်ကို မိန့်ကြား ခဲ့၏။ တိုင်းပြည် လူထု ပြန်လည် သတိရနိုင်စေရန် အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ကောက်နုတ်၍ အကျဉ်းချုပ် ဖော်ပြ ပေအံ့။

ဗိုလ်သွားသော ကိစ္စနှင့် စပ်လျဉ်း၍ မလိုသော သူများက ဟိုပြော ဒီပြော ပြောနေကြကြောင်း။ အုပ်စိုးလျက် ရှိသော လူမျိုးခြား အစိုးရကို မယုံကြည်ခြင်း သည် အံ့သြစရာ မရှိကြောင်း။ စစ်မဖြစ်မီက ဆိုလျှင် အင်္ဂလိပ် အစိုးရကို ဆဲလေ တိုင်းပြည်က ကြိုက်လေ ဖြစ်ကြောင်း။ ဤအစွဲအလမ်းကလေးများသည် ယခုထက် တိုင် ရှိနေသေးကြောင်း။ ထို့ကြောင့် မိမိနှင့် တကွ ခေါင်းဆောင်ကြီးများ ဗိုလ်တ သ သွားရောက်၍ ဆွေးနွေးခြင်းသည် အပိုပင် ဖြစ်သည်ဟု ပြောဆိုနေကြကြောင်း၊

စာချုပ် ချုပ်လိုက်သည့် အတွက်လည်း ယင်းတို့သည် အင်္ဂလိပ် လူဖြစ်သွားပြီဟု စွပ်စွဲ ကြကြောင်း။

ထိုနောက် ဆက်လက်၍ဗိုလ်ချုပ်အောင်ဆန်းကပြောပြသည်မှာ ခေါင်းဆောင် လုပ်သူသည် နောက်လိုက်များထက် အမြင် ကျယ် ရမည် ဖြစ်ကြောင်း။ တိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြောဟုတ်နိုးနိုး ပေါင်ချာချာ လုပ်သူသည် ခေါင်းဆောင်မဟုတ် နိုင်ကြောင်း၊ခေါင်းဆောင်လုပ်သူသည် မိမိယုံကြည်သောကိစ္စကို တိုင်းသူပြည်သား များအား ပြောရဲရမည် ဖြစ်ကြောင်း။ လုပ်ငန်းကို အချိန်အခါလိုက်၍ ချွင်ချိုင် လုပ် ကိုင်ရကြောင်း။ မိမိတို့၏ ယခုဆောင်ရွက်ချက်များသည် မှန်သည်ဆိုသည့်အချက် ကို ရာဇဝင်က ဆုံးဖြတ်လိမ့်မည် ဖြစ်ကြောင်း။

ဗိုလတ်က ပြန်လာတာ လွတ်လပ်ရေး ရခဲ့သလားလို့ မေးယင်၊ မရခဲ့ဘူးဟူ၍ ဖြေရမည် ဖြစ်ကြောင်း။ ယခု သွားရောက်ခြင်း သည်လည်း အမှန် စင်စစ် လွတ်လပ် ရေး တောင်းရန်သွားခြင်း မဟုတ်ကြောင်း။ လွတ်လပ်ရေး ဆိုသည်မှာ တောင်း၍ မရနိုင်ကြောင်း။ ပြည်သူ လူထုက သဘောကျ ရွေးကောက် တင်မြှောက်သော တိုင်းပြည်ပြုလွတ်တော် ဖွဲ့စည်းရန်ကိုသာ အဓိက အရေးဆို ခဲ့ကြောင်း။ ပြည်သူ လူထုကသာ လွတ်လပ်ရေးကို ကျေညာ နိုင်ကြောင်း။ အရမ်းအော်ဟစ် နေ၍ အင်္ဂလိပ်က ထွက်သွားမှာ မဟုတ်ကြောင်း။ ထွက်သွားအောင် လုပ်မှ ထွက်သွား မည် ဖြစ်ကြောင်း။ ယခု မိမိတို့ ဗိုလတ်သို့သွားရောက်ခြင်း မှာလည်း မြန်မာ နိုင်ငံက အင်္ဂလိပ်များထွက်သွားစေရန် နည်းတနည်းကို ရရှိဘို့အတွက်ပင် ဖြစ်ကြောင်း။

ဒုတိယ ကမ္ဘာ စစ်ကြီး အပြီးတွင် နယ်ချဲ့ သမားသည် အလွန် အားနည်း လာ ခဲ့ကြောင်း။ လက်အောက်ခံ နိုင်ငံတော်လည်း ထကြွ နိုးကြား လာကြပြီး အင်အား တောင့်တင်း လာကြကြောင်း။ ထိုကဲ့သို့ ရရှိသော အင်အားဖြင့် ဗိုလတ်တွင် အရေး ဆိုခဲ့ကြကြောင်း။ ယခုအခါ မြန်မာ နိုင်ငံသည် လွတ်လပ်ရေး တကယ်လိုချင်လျှင် တကယ် ရနိုင်သော အခြေအနေတွင် ရှိကြောင်း။ ဗြိတိသျှ ဓနသဟာယ အုပ်စုထဲ မှာ နေလိုက နေ၍ မနေလိုက ခဲ့ထွက် နိုင်သည့် အခွင့်အရေးကိုပင် ရရှိခဲ့ကြောင်း။ ဤကိစ္စကို တိုင်းပြည်ပြု လွတ်တော်က ဆုံးဖြတ်ဖို့ပင် ရှိကြောင်း။ ပြည်သူ လူထု သည် အင်အား တောင့်တင်း၍ စည်းစည်း လုံးလုံး ရှိလျှင် မိမိတို့ လိုချင်သည်ကို ရနိုင်ကြောင်း။

ဗြိတိသျှ အစိုးရ၏ မူလရည်ရွယ်ချက်မှာ မြန်မာ နိုင်ငံကို အတော မသတ် ဆက်လက် အုပ်ချုပ်ရန်ပင် ဖြစ်ကြောင်း။ ပဌမဆုံး ၁၉၄၅ ခုနှစ်တွင် ဘုရင်ခံသည် စက္ကူဖြူ စာတမ်းနှင့် ရောက်ရှိလာကြောင်း။ ထိုစက္ကူဖြူ စီမံကိန်းအရ ၁၉၄၈

ဗိုလ်တော်သို့ သွားရောက်ခဲ့ရာတွင် တောင်းဆိုသည့် အချက်များ တရာမှာ တရာကော် မရခဲ့ကြောင်း။ သို့ရာတွင် လိုချင်သလောက်နီးနီး အားလုံးကို ရရှိခဲ့ကြောင်း။ ရွှေကို လုပ်လိုသော လုပ်ငန်းစဉ်အရ လွတ်လပ်ရေး စခန်းသို့ သွားရာလမ်းတွင် လျင်မြန် အေးချမ်းစွာ သွားနိုင် လိမ့်မည်ဟု မိမိယူဆကြောင်း။ လွတ်လပ်ရေး စခန်းသို့ ရောက်ရန် ကြာရှည်စွာ စောင့်ဆိုင်းရန် လိုမည် မဟုတ်ကြောင်း။ တနှစ်လောက်သာ စောင့်ရန် လိုတော့ကြောင်း။ ထိုကဲ့သို့ လွတ်လပ်ရေးကို တနှစ်အတွင်း ရရှိရန် အတွက် ပြည်ထောင်စု လူထု၏ စည်းလုံးညီညွတ်မှု အင်အား ပေါ် တွင်ဟည်ကြောင်း။ တနှစ်အတွင်း လွတ်လပ်ရေး ရနိုင်မည် မရနိုင်မည် ဟူသော အချက်ကို ချင့်ချိန်နိုင်ရန် အတွက် ဖ ဆ ပ လ အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များကို ပြန်လည်၍ စစ်ဆေးရန် လိုအပ်ကြောင်း။ တဆင့်ထက် တဆင့် မည်ကဲ့သို့ တိုးတက်လာကြောင်း၊ မည်ကဲ့သို့ ဣန္ဒြေရှာနှင့် လုပ်ကိုင် လာခဲ့ကြောင်း စသည်တို့ကို ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကြီးမှစ၍ ယခုအထိ ကြည့်ကြစေလိုကြောင်း။ ထိုကြောင့် ဖ ဆ ပ လ အဖွဲ့ချုပ်၏ညွှန်ကြား ပြသရာသို့ တသွေမတိမ်း လိုက်နာကြလျှင် တနှစ်အတွင်း လွတ်လပ်ရေး ရရှိစေမည်ဟု ကတိပေးကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်၍ ပြောပြ လေသည်။

နိဂုံးချုပ်တွင် ဗိုလ်ချုပ်က ပြောပြသည်မှာ လွတ်လပ်ရေး တိုက်ပွဲသည် မပြီးသေးကြောင်း။ တနှစ်အတွင်း လွတ်လပ်ရေး ရရှိရန် အတွက် ပြည်သူ လူထုက ဆက်လက်၍ တောင့်ထားရန် လိုအပ်ကြောင်း။ လွတ်လပ်ရေး ရပြီးသည့် တိုင် အောင် တောင့်ထားဖို့ လိုအပ်ကြောင်း။ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် အခြားပါတီများက သဘောကျသည့်မကျသည်ကိုဂရုမပြုဘဲ တိုင်းသူပြည်သားများ စည်းလုံးညီညွတ်မှုကိုသာ လိုလားကြောင်း။ ပြည်သူ လူထုကသာ ညီညီညွတ်ညွတ် စည်းလုံးစွာ ဖ ဆ ပ လ ကို ဆက်လက်၍ ထောက်ခံမည် ဆိုပါက တနှစ်အတွင်း လွတ်လပ်ရေး ရရှိအောင် ဆောင်ရွက်မည် ဖြစ်ကြောင်း မိမိက ကတိပြုပါကြောင်း ဟူ၍ မိန့်ကြား သွားလေသည်။

တိုင်းပြည်ပြုလွတ်တော်

အထက်တွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ရှင်းလင်းချက် အရ တိုင်းပြည် လူထုသည် ဖ ဆ ပ လ ကို ဆက်လက်ထောက်ခံကြ၍ လွတ်လပ်ရေးပန်းတိုင်အတွက် အရေးအကြီးဆုံး ဖြစ်သော တိုင်းပြည်ပြု လွတ်တော် ကျင်းပရေး

နှစ်ကျမှ စစ်မဖြစ်မီက ရှိခဲ့သော ဧဝ ဌာန အုပ်ချုပ်ရေးကို ပြန်လည် ပေးအပ်မည်ဟု ရည်ရွယ် ထားခဲ့ကြောင်း။ ဖ ဆပလ အဖွဲ့ကြီးက ထိုစီမံချက်ကို အပြင်းအထန် ကန့်ကွက်ကြောင်း။ ပြည်သူ လူထုက တိုက်ရိုက်ရွေးကောက် တင်မြှောက်သော အာဏာရ တိုင်းပြည်ပြု လွှတ်တော်ကိုသာ တောင်း ဆိုခဲ့ကြောင်း။ ထိုတိုင်းပြည်ပြု လွတ်တော် တွင်လည်း နိုင်ငံခြားသားများ မပါစေရဟု အရေး ဆိုခဲ့ကြောင်း။ ထိုကဲ့သို့ ဖွဲ့စည်း ရမည့် တိုင်းပြည်ပြုလွှတ်တော်ကမှ တဆင့် လွတ်လပ်ရေးကို ရယူနိုင်မည် ဖြစ်ကြောင်း။ ထိုကြောင့် လွတ်လပ်ရေး၏ ရှေ့တော်ပြေး ဖြစ်သော တိုင်းပြည်ပြု လွှတ်တော် ဖွဲ့စည်းရန် ကိစ္စသည် အောင်မြင် ခဲ့ကြောင်း။

တိုင်းပြည်ပြု လွှတ်တော် ဖွဲ့စည်းရေးတွင် တနည်းအားဖြင့် မြန်မာ နိုင်ငံက အိန္ဒိယ နိုင်ငံထက်ပင် သာသေးကြောင်း။ အိန္ဒိယ နိုင်ငံတွင် နိုင်ငံခြားသား မပါဘူးဆိုတောင်၊ အနည်းအကျဉ်း ပါသေးကြောင်း။ မြန်မာနိုင်ငံအတွက်မှာမူ နိုင်ငံခြားသား တဦးတယောက်မျှ မပါဘဲ ပြည်ထောင်စုသား သက်သက် ပါဝင်သော တိုင်းပြည်ပြု လွှတ်တော် ဖွဲ့စည်းရန် သဘောတူညီမှု ရရှိခဲ့ ကြကြောင်း။

ထိုမျှသာ မကသေးစာချုပ်တွင် မပါသော်လည်း ကြားဖြတ်အမျိုးသားအစိုးရ ဖွဲ့စည်းရန် အခွင့်အရေး ရခဲ့ကြောင်း။ ဥပမာ အားဖြင့် ဖော်ဖြရလျှင် ကာကွယ်ရေး နှင့် နိုင်ငံခြား ဆက်သွယ်ရေး ကိစ္စများကို မိမိတို့ ရရှိခဲ့ကြောင်း။ တိုင်းရင်းသား စစ်တပ်များကို ကိုယ်တိုင် ဖွဲ့စည်းနိုင်ပြီ၊ ကိုယ်တိုင်အုပ်ချုပ်နိုင်ပြီ ဖြစ်ကြောင်း။ နိုင်ငံခြား စစ်တပ်များ ရှိနေပြန်လျှင်လည်း မိမိတို့၏ လက်အောက်သို့ သွင်းပေးရန် သဘောတူညီချက် ရရှိခဲ့ ကြကြောင်း။ နိုင်ငံခြားသို့ သံတမန်များ စေလွှတ်ခွင့်ကိုပင် ရရှိခဲ့ကြောင်း။ မြန်မာနိုင်ငံက သံအမတ်များ ရွေးချယ်စေလွှတ်ရာတွင် ဗြိတိသျှအစိုးရနှင့် လုံးဝမဆိုင်တော့ကြောင်း။ မိမိတို့တိုင်းပြည်နှင့်လွတ်လပ်သော တိုင်းပြည် နှစ်ဦးစေ့စပ်ပြီး သဘောတူညီချက်ရသည့် အတိုင်း စေလွှတ်နိုင်ကြောင်း။ ထိုကိစ္စတွင် ဗြိတိသျှအစိုးရက မည်သို့မျှ ချုပ်ချယ်ရန် မရှိကြောင်း။

ပြည်တွင်း အုပ်ချုပ်ရေးဘွင်လည်း လုံးဝ အာဏာပိုင်ကြောင်း။ မည်သည့် နိုင်ငံရေး ပါတီမဆို တရားသဖြင့် ဥပဒေ စည်းမျဉ်းအတွင်း၌ ဆောင်ရွက်လျှင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်များ ရရှိမည်ဖြစ်ကြောင်း။ ထိုသို့ ရရှိသော လွတ်လပ်ခွင့်ကို အလွဲသုံးစား ပြုလုပ်လျှင် မူကား နှိမ်ရမည်ဖြစ်ကြောင်း။ ယခု အခါ ဖ ဆ ပ လ အဖွဲ့သည် ဘုရင်ခံက ခန့်ထားချက်အရ အစိုးရအဖွဲ့တွင် ပါဝင်နေသော်လည်း တိုင်းပြည်လူထုက မလိုလားကြောင်း ထင်ထင် ရှားရှား ပြနိုင်လျှင် နုတ်ထွက်ပေးမည် ဖြစ်ကြောင်း။

တိုင်းပြည်ပြု လွှတ်တော်တွင် ဘဏ္ဍာရေး ဝန်ကြီးအဖြစ် ဆောင်ရွက်လျက် ရှိသော သခင်မြက ယာယီ သဘာပတိအဖြစ်ဖြင့် လွှတ်တော်ကို ဖွင့်လှစ်ကာ လွှတ်တော် မိန့်ခွန်းကို မိန့်ကြား၏။ ၁၉၄၇ ခု ဇွန်လ ၁၁ ရက်နေ့တွင် နိုင်ငံခေါင်းဆောင် သခင်နု (ဦးနု)အား အများသဘောတူသဘာပတိအဖြစ် ရွေးကောက်တင်မြှောက် လိုက်ကြလေသည်။ တိုင်းပြည်ပြု လွှတ်တော်က ရေးဆွဲ အထာညွှတ်ရမည်ဖြစ်သော အုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်သူလူထု၏ ဆန္ဒနှင့်ကိုက်ညီနိုင်သမျှကိုက်ညီရန် အတွက် တဖက်တွင်လည်း ကြိုတင်၍ ဖ ဆ ပ လ အဖွဲ့ကြီးသည် ပဏာမ ပြင်ဆင်မှု ညီလာခံကြီးကို ၁၉၄၇ ခု မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဘလီဟော အဆောက် အဦကြီးတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့လေသည်။ ဖ ဆ ပ လ ပဏာမညီလာခံကြီးက စဉ်းစား ဆုံးဖြတ်လိုက်သော အဆိုများသည် တိုင်းပြည်ပြု လွှတ်တော်အတွက် ကြီးစွာသော အထောက်အပံ့ ဖြစ်စေခဲ့၏။

ထိုပဏာမ ညီလာခံကြီးတွင် မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား) စသော တိုင်းရင်းသား ပေါင်းစုံ ကိုယ်စားလှယ်များ တက်ရောက်ကြရာ ယင်းတို့၏ ဆုံးဖြတ်ချက်များသည် တိုင်းပြည် လူထု၏ တခုတည်းသော ဆန္ဒဖြစ်သည်ကို ကမ္ဘာသို့ ထင်ရှားစွာ ပြသနိုင်ခဲ့ ကြလေသည်။ ထို့ကြောင့် လွှတ်လပ်ရေး၏ ပဌမအဆင့် ဖြစ်သော တိုင်းပြည်ပြု လွှတ်တော်၏ လုပ်ငန်းများကို ကောင်းစွာ နှင်းလည်နိုင်ရန် အတွက် မေလ ၁၉ ရက်နေ့တွင် ကျင်းပသော ဖ ဆ ပ လ ပဏာမညီလာခံကြီး၏ ဆုံးဖြတ်ချက်များကို ဖော်ပြရန် လိုအပ်ပေသည်။

ပဏာမ ညီလာခံကြီး

ထိုပဏာမ ညီလာခံကြီးတွင် ဖ ဆ ပ လ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နိုင်ငံတော်အုပ်ချုပ်ရေး ကောင်စီအဖွဲ့ ဒုတိယ ချယ်ယာမင် ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက် လေသည်။ ထိုညီလာခံကြီးသို့ နယ် ဖ ဆ ပ လ များမှ အဖွဲ့ဝင်များ၊ အမှုဆောင် ကောင်စီအဖွဲ့ဝင်များနှင့် ဖ ဆ ပ လ တိုင်းပြည်ပြု လွှတ်တော်အဖွဲ့ဝင်များလည်း ဂျူဘလီဟောကြီးတွင် ပြည့်လျှံနေအောင် တက်ရောက်ကြလေသည်။ ထိုညီလာခံကြီးတွင် ဂျပန်ကို တော်လှန်ခဲ့သော တော်လှန်ရေး ရာဇဝင် သရုပ်ဖော်ကားကြီးများကို ရှုမခန်းမှ ပြသထားသည် မှာလည်း မှတ်သားဖွယ်ရာ ဖြစ်သည်။ ကိုယ်စားလှယ်တို့သည်ငင်း၊ ဆပ်ကော်မီတီ အဖွဲ့ဝင်တို့သည်ငင်း၊

အတွက် အားသွန်ကြိုးပမ်းကြ၏။ အောင်ဆန်း အက်တလီ စာချုပ်အရ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများကို ၁၉၄၇ ခု ဧပြီလ အတွင်း၌ တပြည်လုံးတွင် ကျင်းပခဲ့ရာ မွန်၊မြန်မာ၊ရခိုင်တည်းဟူသော မြေပြင်သားများသာ မက ရှမ်း၊ချင်း၊ ကရင်၊ ကချင်၊ ကရင်နီ (ကယား) စသော တောင်ပေါ် သားများသည် ၎င်း၊မြန်မာ အင်္ဂလိပ် အမျိုးသား များသည်၎င်း၊ ဖ ဆ ပ လ အလံတော်အောက်မှဝင်ရောက် အရွေးခံခဲ့ကြလေသည်။ ၁၉၄၆ ခု အောက်တိုဘာလအတွင်း၌ ဖ ဆ ပ လ မှ ထုတ်ပယ်ပစ်လိုက်သော ကွန်မျူနစ်ပါတီ (ဗမာပြည်)သည်သာလျှင် ဖ ဆ ပ လ နှင့် ယှဉ်ပြိုင်၍ အရွေးခံ ခဲ့၏။ ထိုရွေးကောက်ပွဲကြီးတွင် ပြည်သူလူထု၏ မကြုံဘူးသော ထောက်ခံမဲပေးမှုကြောင့် ဖ ဆ ပ လ အဖွဲ့ကြီးမှ ၅၅-၃ ရာခိုင်နှုန်းရွေးကောက်တင်မြှောက်ခြင်း ခံရကာ အောင်မြင်စွာ ပြီးဆုံး သွားလေသည်။

၁၉၄၇ ခု ဧပြီလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲ စာရင်းများကို ကျေညာရာ လူမျိုးအလိုက် အောက်ပါ စာရင်းအတိုင်း တိုင်းပြည်ပြု လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်း ခံရသည်ဟု ဖော်ပြ ထားလေသည်။

လူမျိုး	အရေအတွက်
အထွေထွေ(သီးခြား လူမျိုးစုမဟုတ်)	၁၀၂
အင်္ဂလိပ်မြန်မာ	၄
ကရင်	၂၄
ရှမ်း	၂၃
ကချင်	၇
ချင်း	၇
ကရင်နီ(ကယား)	၂
အခြားတောင်တန်းသားများ	၆
စုစုပေါင်း	၂၅၅

အထက်ဘွင် ဖော်ပြ ထားသော တိုင်းပြည်ပြု လွှတ်တော်ကို ၁၉၄၇ ခု ဇွန်လ ၁၀ ရက်နေ့တွင် အခမ်းအနားနှင့် ဖွင့်လှစ်ခဲ့လေသည်။ ထိုသို့ ရာဇဝင်တွင်မည့်

၇။ သံလွင်ခရိုင်
၈။ ကံပက်လက်ခရိုင်ခွဲ
၉။ ရခိုင်တောင်တန်း နယ်ပယ်များဟူ၍ ခေါ်ဝေါ်သော ဒေသများ

(ခ) ကိုးခမ်းနှင့် မောင်းပိုင်တို့ အပါအဝင် ဖြစ်သော ရှမ်းပြည်ထောင်စု
(ဂ) ကရင်နီပြည်နယ်များ
(ဃ) ကချင်တောင်ထန်းနယ်မြေများ
(င) ကံပက်လက် ခရိုင်ခွဲ မပါသော ချင်းတောင်တန်း ခရိုင်

၃။ အောက်ပါ အင်္ဂါလက္ခဏာ အားလုံးနှင့် သော်၎င်း၊ အချို့နှင့်သော်၎င်း ပြည့်စုံ၍ (ခ) (ဂ) (ဃ) (င) တို့၌ ဖော်ပြထားသော နယ်မြေများသည် ဤတိုင်းပြည်ပြု လွှတ်တော်က ဆုံးဖြတ် သတ်မှတ်၍ နောင်အခါ နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထိုသို့ ဆုံးဖြတ် သတ်မှတ်သောတရား ဥပဒေနှင့် အညီ "ပြည်ထောင်စု ပြည်နယ်" အဆင့်အတန်းကို ဖြစ်စေ၊ "ကိုယ်ပိုင် အုပ်ချုပ်ရ ပြည်နယ်" အဆင့်အတန်း ကို ဖြစ်စေ၊ "လူမျိုးစု ပြည်နယ်" အဆင့်အတန်းကို ဖြစ်စေ ရရှိရမည်။

အင်္ဂါလက္ခဏာများကား

၁။ ပထဝီ အနေအထားအရ နယ်နိမိတ် အထင်အရှား ရှိခြင်း
၂။ မြန်မာစကားနှင့် မတူသော ဘာသာ စကား တမျိုးတည်း ရှိခြင်း
၃။ ယဉ်ကျေးမှု တမျိုးတည်း ရှိခြင်း
၄။ ရာဇဝင် အစဉ် အလာတမျိုးတည်း ရှိသော လူစုရှိခြင်း
၅။ စီးပွါးရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွါးရေးလုံလောက်မှုတို့ ရှိသော လူစုရှိခြင်း
၆။ လူဦးရေ အတော်အတန် ရှိခြင်း
၇။ သီးခြား ပြည်ထောင်စု "အဖွဲ့ဝင်တခု" အဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင် ရှားချက်အတိုင်း နေလိုသော ဆန္ဒပြင်းပြစွာ ရှိခြင်းတို့ ဖြစ်လေသည်။

၄။ (ဤနေရာမှစ၍ အောက်တွင် "ပြည်ထောင်စု ဥပဒေပြု အဖွဲ့" ဟု ခေါ်ဆိုအပ်သော) ဗဟို ဥပဒေပြု အဖွဲ့၏ စီရင်ပိုင်ခွင့် အာဏာသည် ပြည်ထောင်စု နိုင်ငံတဝှန်းလုံး၌ တည်ရမည်။

လူထုကော်မီတီ အဖွဲ့ဝင်တို့သည်ဌင်း ကျရောက်သော တာဝန်များကို ၃ နှစ်နှင့် ၃ ည တိုင်တိုင် အပြင်းအထန် အလုပ်လုပ် ကြလေသည်။ ၁၉၄၇ ခုနှစ် မေလ ၂၃ ရက်နေ့သို့ ရောက်သောအခါ ညီလာခံကြီးမှာ နိုင်ငံရေးလမ်းစဉ်များကို တိုင်းပြည် လူထုရှေ့မှောက်သို့ ပြတ်သားစွာ ချမှတ်ပေးနိုင်ခဲ့လေသည်။ သစ်လွင်၍ လွတ်လပ် သော မြန်မာနိုင်ငံတော် တခု ဖြစ်ပေါ်လာစေရန် လူထု၏ အလိုဆန္ဒနှင့် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ၏ သဘောများကို စုပေါင်းထည့်သွင်း ထားသော အချက်ပေါင်း ၁၄ ချက် ပါဝင်သည့် ဆုံးဖြတ်ချက်ကြီး တခုကို တညီတညွတ်တည်း အင်တိုက် အားတိုက် ဆုံးဖြတ်ချမှတ် နိုင်ခဲ့ ကြလေသည်။ ထိုနောက် ထိုညီလာခံ ကြီးကပင်လျှင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအကြမ်းမူ တခုကို ရေးဆွဲနိုင်ခဲ့ကြ လေသည်။ ထိုဥပဒေကြမ်းကို တိုင်းပြည်ပြု လွှတ်တော်ကြီးမှ မွမ်းမံချယ်လှယ်လိုက် သည့်နောက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ သဘောတူ လက်ခံခဲ့သော နိုင်ငံ တော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ စည်းမျဉ်း ဥပဒေကြီး ဖြစ်ပေါ်လာလေ သည်။

၁၉၄၇ ခုနှစ် မေလအတွင်း၌ ရန်ကုန်မြို့ ဂျူဘလီဟော ခန်းမကြီး၌ ကျင်းပ သော ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံသဘင်ကြီးကွင် တင်သွင်း ဆုံးဖြတ်ခဲ့ သော အဆို ၁၄ ချက်ကို အောက်တွင် အကျဉ်းချုံး၍ ဖော်ပြ လိုက်ပါသည်။

၁။ မြန်မာ နိုင်ငံတော်ကို လွတ်လပ်သော အချုပ်အချာ အာဏာပိုင် သမ္မတ နိုင်ငံအဖြစ်ဖြင့် ကျေညာရန် ဤပဏာမ ပြင်ဆင်မှု ညီလာခံသဘင်က လေး နက်ခိုင်မာစွာ ဆုံးဖြတ်ပြဋ္ဌာန်း လိုက်သည်။

၂။ တိုင်းပြည်ပြုလွှတ်တော်က ရေးဆွဲအပ်သော နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေတွင် အဆိုပါ လွတ်လပ်သော အချုပ်အချာအာဏာပိုင် သမ္မတမြန်မာ နိုင်ငံတော်သည် အောက်ပါ နယ်မြေများ ပါဝင်သော ပြည်ထောင်စု နိုင်ငံ ဖြစ်ရမည်။

(က) ယခုအထိ ဗြိတိသျှ မြန်မာပြည်အတွင်းတွင် ပါဝင်နေသော
၁။ မြန်မာပြည် ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာ ပြည်မ
၂။ ဟုမ္မလင်း ခရိုင်ခွဲ
၃။ ဆင်ကလိုင် ခမ်းတီ
၄။ သောင်သွတ်
၅။ ဆောမရနယ်ပယ်
၆။ နာဂတောင်တန်းများ

၅။ ဤလွှတ်လပ်သော အချုပ် အချာ အာဏာပိုင် သမ္မတနိုင်ငံသည် ၎င်း၊ ပြည်ထောင်စု အဖွဲ့ဝင်များသည်၎င်း၊ ပြည်ထောင်စု အစိုးရဌာန-များသည်၎င်း၊ အသီးအသီး တို့သည် မိမိတို့၏ အမိန့်အာဏာနှင့် အာဏာ အားလုံးကို တိုင်းသူ ပြည်သားတို့ထံမှ ခံယူ သုံးစွဲရမည်။

၆။ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွါးရေး တရားမျှတမှု၊နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်း တူညီမှု၊အခွင့်အလမ်းတူညီမှု၊ တရားဥပဒေမျက်မှောက်တွင် တူညီမှုတို့ဖြင့် တရားဥပဒေကိုင်း၊လောကဝတ်တရားတို့ကိုင်း ထောက်၍ လွှတ်လပ်စွာ စွေးကြေးနိုင်မှု၊လွှတ်လပ်စွာ ဖွင့်ဟရေးသား ဖော်ပြနိုင်မှု၊လွှတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွှတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွှတ်လပ်စွာ ဘုရားကျောင်းကန် သွားလာ ဝတ်ပြုနိုင်မှု၊ လွှတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွှတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွှတ်လပ်စွာ ပြုမူ ဆောင်ရွက်နိုင်မှုတို့ကို ပြည်သူ ပြည်သားအားလုံးတို့ ရရှိခံစား နိုင်အောင် အာမခံချက် ရှိရမည်။

၇။ တိုင်းရင်းသား လူနည်းစုများ၏ အခွင့် အရေး ပြဿနာများ ဖြစ်သော....

၁။ လူတို့၏ အခွင့်အရေး

၂။ လူမျိုး၏ စရိုက် ထုံးစံဓလေ့ စသည်တို့နှင့် ဆိုင်သော သို့မဟုတ် ယဉ်ကျေးမှုနှင့် ဆိုင်သော အခွင့်အရေးများ

၃။ ကိုယ်ပိုင် ယဉ်ကျေးမှု ပြဋ္ဌာန်းနိုင်ခွင့်ကို မထိခိုက် စေဘဲ လွှတ်လပ်စွာ ပေါင်းသင်း ဆက်ဆံ နိုင်သော အခွင့်အရေး

၄။ ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေပါဝင်နိုင်ရေး၊ ထိုအခွင့် အရေးတို့ကို လူမျိုးအားဖြင့်၎င်း၊ ဘာသာစကားအားဖြင့်၎င်း၊ ယဉ်ကျေးမှု အားဖြင့်၎င်း၊ ဆုဇဝင် အစဉ်အလာအားဖြင့်၎င်း လူများစုနှင့် ကွဲပြားခြားနားသော သူများလည်းဖြစ်၍ သက်ဆိုင်ရာ ပြည်ထောင်စု အဖွဲ့ဝင် တခုတွင် လူဦးရေ ဆယ်ပုံ တပုံထက် မနည်း ရှိသည့် သူများလည်း ဖြစ်သော ပြည်သူတစုသည် ခံစားနိုင်သည်ဟု အာမခံချက် ရှိရမည်။

၈။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် "ပြည်ထောင်စု ပြည်နယ်"၊ "ကိုယ်ပိုင် အုပ်ချုပ်ရေး ပြည်နယ်"၊ "လူမျိုးစု ပြည်နယ်တို့အား ပိုင်းခြား ခွဲဝေ လွှဲအပ်ထားသော အာဏာများမှတပါး လွှတ်လပ်သောအချုပ်အချာအာဏာပိုင်သမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေပြု အာဏာကိုလည်း၊ အုပ်ချုပ်မှုအာဏာကိုလည်း၊ တရားစီရင်မှု အာဏာကိုလည်း စိုးပိုင်ရမည်။

၉။ ပြည်ထောင်စု နိုင်ငံတော် အတွင်းရှိ ပြည်သူအားလုံးတို့၏ အထွတ်အမြတ် ဖြစ်ထိုက်သောနိုင်ငံတော်၏အကြီးအမှူးဖြစ်သည့် နိုင်ငံတော်သမ္မတနှင့်တကွ ပြည်သူ့ လွှတ်တော် လူမျိုးစု လွှတ်တော် နှစ်ရပ်ပါသော ပြည်ထောင်စု မဟာလွှတ်တော်သည် ပြည်ထောင်စု ဥပဒေပြု အာဏာကို စိုးပိုင်ရမည်။

နိုင်ငံတော်သမ္မတအား ပြည်ထောင်စု မဟာလွှတ်တော်က ရွေးကောက် တင်မြှောက်ရမည်။ ပြည်သူ့ လွှတ်တော်အမတ်များကို လျှို့ဝှက်သော မဲဆန္ဒပေးစံနစ်ဖြင့် အရွယ်ရောက်သူတိုင်းက ရွေးကောက် တင်မြှောက်ရမည်။ လူမျိုးစု လွှတ်တော်တွင် "ပြည်ထောင်စုပြည်နယ်"မှ၎င်း၊ "ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်"မှ၎င်း၊ "လူမျိုးစုပြည်နယ်"မှ၎င်း၊ "တိုင်းရင်းသား လူနည်းစု"မှ၎င်း ပြည်ထောင်စုအဖွဲ့ဝင်တခု အဖြစ်ဖြင့် စုရုံးဖွဲ့စည်းအပ်သော ကျန်နယ်မြေများမှ၎င်း၊ကိုယ်စားလှယ် အမတ်များ ပါဝင်ရမည်။

၁၀။ တရားဥပဒေနှင့် "ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ" အခြေခံ ဥပဒေတို့က ပြဋ္ဌာန်းသတ်မှတ်သော စည်းကမ်းချက်များကို ထောက်၍ ပြည်သူတို့တွင် မိမိတို့၏ ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ် အမတ်ကို အမတ်အဖြစ် မှ ပြန်ထုတ်စေနိုင်သော ပြန်ထုတ်စေ အခွင့်အရေးရှိရမည်။

၁၁။ "ပြည်ထောင်စု အစိုးရ"ဟူ၍ ခေါ်ဆိုအပ်သည့် ပြည်ထောင်စု နိုင်ငံတော်၏ အချုပ်အချာ အုပ်ချုပ်မှုအာဏာ တည်ရှိရာဖြစ်သော အစိုးရအဖွဲ့သည် ပြည်သူ့ လွှတ်တော်အား တာဝန်ခံရမည်။

၁၂။ နိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကသော်၎င်း၊ တရားဥပဒေကသော်၎င်း တည်ထောင်ထားသော တရားရုံးများသည် တရားစီရင်ခြင်း စီရင်ဖွယ်တို့ကို ဆောင်ရွက်ရမည်။ထိုတရားရုံးများကား တရားလွှတ်တော်ချုပ်နှင့် တကွထိုတရား လွှတ်တော်ချုပ်၏ လက်အောက်ခံ တရားရုံးများ ဖြစ်သည်။ တရားသူကြီးများသည် လွှတ်လပ်စွာ တရားစီရင် ဆုံးဖြတ်ရမည်။ နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တရားဥပဒေတို့ကိုသာ ထောက်ထားရမည်။

၁၃။ လွှတ်လပ်သော အချုပ်အချာ အာဏာပိုင် သမ္မတ မြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်း တစည်းတည်း တည်ရှိ ခိုင်ခံ့နေသည်ဟူသော ဂုဏ်သိက္ခာကို၎င်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အချာ စိုးမိုး အုပ်ချုပ်နိုင်သော အခွင့် အရေးများကိုလည်း၊ တရားမျှတမှုနှင့်တကွ တိုင်းကြီး ပြည်ကြီးများ၏ ဥပဒေတို့နှင့် လျော်ညီစွာ တည်မြဲအောင် ထိန်းသိမ်းရမည်။

၁၄။ ကျွန်ုပ်တို့ ချစ်မြတ်နိုးသော နိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့် ရသင့်ရထိုက်သည်လည်းဖြစ်၍ ဂုဏ်ကျက်သရေနှင့်လည်းပြည့်စုံသော အဆင့်အတန်းကို ရရှိ၍ လူသတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွါးကို တိုးတက်စေရန် မိမိ၌ တာဝန်ရှိသည့်အလျောက် အစွမ်းကုန် အားထုတ်ဆောင်ရွက်ပြီးလျှင် ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် လောကဝတ်တရားတို့ကို ထောက်ကာ အနိုင်နိုင်ငံတို့နှင့် ချစ်ကြည် ငြိမ်းချမ်းစွာ ပူးပေါင်း ဆောင်ရွက်မည်ဟု ခိုင်မြဲသောအဓိဋ္ဌာန်ကို ပြုထားလေသည်။

အထက်တွင် ဖော်ပြခဲ့သော ၁၉၄၇ ခု မေလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့ အထိ ရန်ကုန်မြို့ ဂျူဘလီဟော ခန်းမကြီး၌ ကျင်းပသည့် ဖ ဆ ပ လ ပဏာမ ပြင်ဆင်မှု ညီလာခံ သဘင်ကြီးတွင် တင်သွင်းဆုံးဖြတ်ခဲ့သော အဆို ၁၄ ချက်ကို တိုင်းပြည် လူထုကလည်း သောင်းသောင်းဖျဖျ ထောက်ခံ ကြသည်ကို တွေ့ရလေသည်။ ထိုညီလာခံကြီး၏ ဆုံးဖြတ်ချက် များသည် အုပ်ချုပ်မှု အခြေခံ ဥပဒေ၏ ရွှေတော်ပြေးဖြစ်၍ မည်မျှ အရေးကြီးကြောင်းကို နောက်လာမည့် အခန်းများတွင် ဆက်လက် ဖော်ပြပေအံ့။

လုပ်ကြံမှုကြီး

မြန်မာနိုင်ငံ၏လွတ်လပ်ရေးစာချုပ်ဟုခေါ် ဆိုကြသော နု – အက်တလီစာချုပ် ခေါ် ဗြိတိသျှ မြန်မာ စာချုပ် အကြောင်းကို မရေးသားမီ ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ပေါ် ပေါက်ခဲ့သော လုပ်ကြံမှုကြီး အကြောင်းကို ဖော်ပြရန် လိုအပ်ပေလိမ့်မည်။ ဖက်ဆစ်ဂျပန်များကို တော်လှန်ရာတွင် ခေါင်းဆောင်မှု ပေးခြင်းဖြင့်ငင်း၊ မျိုးချစ် ဗမာ့ တပ်မတော်သားများကို အမြဲတမ်း တပ်မတော်တွင်း ဆိမ်းသွင်းရန် အောင်မြင်စွာ အရေးဆိုရှင်ငင်း၊ ဗြိတိသျှ၏ စက္ကူဖြူ ဆင်းမလား စီမံကိန်းကို တိုက်ဖျက်ရာ၌ငင်း၊ လွတ်လပ်ရေး မရမီ ကြားဖြတ် ကာလ အတွင်း၌ လူထုခေါင်းဆောင် အစစ်အမှန်များ ပါဝင်သော ကြားဖြတ်အစိုးရ အဖွဲ့တဖွဲ့ကို ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ရာ၌ငင်း၊ နိုင်ငံသမိုင်းတွင် မှတ်တမ်း တင်ရမည့် ဖ ဆ ပ လ အဖွဲ့ကြီး သည် လူထု ထောက်ခံမှုကို ရရှိ စေသော်လည်း တိုင်းပြည်ကို သစ္စာဖောက်၍ ဖ ဆ ပ လ ကို ပြိုကွဲစေရန် တကိုယ်ကောင်းကြံသော မြန်မာ နိုင်ငံရေး အင်အားစုများ ရှိနေသေးသည်ကိုလည်း မမေ့အပ်ပေ။ ထိုအင်အားစုများ အနက် ဗြိတိသျှ လက်ထက်က ဝန်ကြီးချုပ်ဟောင်း ဂဠုန်ဦးစောသည် အထင်ရှားဆုံးသော ပုဂ္ဂိုလ်

ဖြစ်ပေသည်။ ဦးစောသည် မြန်မာနိုင်ငံ လွတ်လပ်ရေး၏ ရန်သူဖြစ်သော နိုင်ငံခြား လူရွှပ်လူပွေ အချို့နှင့် တိတ်တဆိတ် ပူးပေါင်းကြံစည်ပြီးနောက် မြန်မာနိုင်ငံခေါင်းဆောင်ကြီးများကို အစတုံး သုတ်သင်ရန် အလွန်လျှို့ဝှက်စွာ ကြံစည်ခဲ့လေသည်။ ထိုကြံစည်ချက် အရ ရရှိခဲ့သော လက်နက်များကို သူ၏ လူယုံအချို့အား ဖြန့်ချိဝေငှပြီးနောက် ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်ကြံမှုကြီးကို ပက်ပက်စက်စက် ဆောင်ရွက်ခဲ့လေသည်။

ထိုနေ့တွင် လူထု၏ ယုံကြည် ကိုးစားခြင်းခံရသော အတိုင်ပင်ခံဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ မန်းဘခိုင်၊ ဦးဘချို၊ မစ္စတာရာဇတ် နှင့် ဦးဘဝင်းတို့သည် အရေးကြီးသော နိုင်ငံရေး ကိစ္စများကို ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်း၌ စုဝေးတိုင်ပင်လျက် ရှိကြစဉ် ရက်စက် ယုတ်မာလှသော ဦးစော၏ သူသတ် သမားတို့သည် ရုတ်တရက် အခန်းတံခွန်းသို့ဝင်ရောက်လာကြ၍ ထိုခေါင်းဆောင်ကြီးများအား မလျှမလှ ပက်ပက်စက်စက် သတ်ဖြတ်လိုက်ကြလေသည်။ ထိုခေါင်းဆောင်ကြီးများနှင့်အတူ ဆွေးနွေးလျက် ရှိသော ပဋိညာဉ်ခံ အရာရှိတဦးဖြစ်သူ ဦးအုန်းမောင်သည်လည်း သူသတ်သမားတို့၏ လက်ချက်ဖြင့်ပင် ကွယ်လွန်အနိစ္စ ရောက်ရလေသည်။ ထို့ပြင် ပညာရေးဝန်ကြီး အပါးတော်မြ ကိုထွေးသည်လည်း သူသတ်သမားတို့၏ လက်ချက်ဖြင့် အသက်ထွက်ရရှာလေသည်။

အာဇာနည်တို့အား လုပ်ကြံမှု သတင်းကြီးသည် ချက်ခြင်း ပျံ့နှံ့လျက် သွားခဲ့ရာ ရန်ကုန်မြို့ရှိသာမက မြန်မာနိုင်ငံ တနိုင်ငံလုံးသည် များစွာ တုန်လှုပ်ချောက်ချား သွားခဲ့လေသည်။ သို့ရာတွင် တဗိုလ်ကျ တဗိုလ်စက် ဟူသော စံနစ် အတိုင်း ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေရာသို့ တိုင်းပြည်ပြု လွှတ်တော် ဥက္ကဋ္ဌ သခင်နုသည် တက်ရောက်လျက် အမှုဆောင် ကောင်စီ အဖွဲ့ကို တဖန်ပြန်လည်၍ ခေါင်းဆောင်လေသည်။ တိုင်းပြည် လူထုသည်လည်း ဗိုလ်ချုပ်အောင်ဆန်း၏နောက်တွင် မားမားရပ်လျက်ရှိခဲ့ကြသည့်အတိုင်း ခေါင်းဆောင်ကြီး သခင်နု၏ နောက်တွင်လည်း ဆက်လက်၍မားမား ရပ်ကြ၏။

ဝန်ကြီးချုပ် သခင်နု၏ အသံလွှင့် မိန့်ခွန်း

တိုင်းပြည်ပြု လွှတ်တော် ဥက္ကဋ္ဌကြီး သခင်နုသည် တဗိုလ်ကျ တဗိုလ်တက် ဟူသော စကား အတိုင်း ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ နေရာကို ဇူလိုင်လ ၁၉ ရက်နေ့ ညနေကပင်လျှင် လက်ခံ၍ဆောင်ရွက်ခဲ့၏။ ကျဆုံးလေပြီး

မတွေနဲ့ ဗိုလ်ချုပ်ရဲ့ အရှိန်ကြောင့် ဗမာတွေနဲ့ ပိုမိုရင်းနှီး စည်းလုံးလာခဲ့ကြပါတယ်။ ကရင်တွေဆိုလျှင်လဲ ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနဲ့ ကြည်ညို ယုံကြည်တာက အစပြုပြီး ဗမာတွေနဲ့ ပိုမို ရင်းနှီး သွေးစည်းခဲ့ကြပါတယ်။ ဗမာလူထု ဆိုတာကတော့ အထူးပြောစရာ မလိုဘူး။ လူထုနဲ့ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့ လူထုဆိုတာ ခွဲမရအောင်ပင် ဖြစ်ခဲ့ရပါတယ်။ အမှန် စင်စစ် အဲဒီလို ရှင်ခွဲ ခွဲလို့မရလို့ သေကွဲ ကွဲအောင် ဒီလူယုတ် မာတွေ ဗိုလ်ချုပ်ကို သေကြောင်း ကြံကြတာပါဘဲ။ အဲဒီလောက် အထိ ဗိုလ်ချုပ်ရဲ့ အရှိန်ကိုခိုပြီး တနိုင်ငံလုံး စည်းရုံးခဲ့ပါတယ်။ နှစ်ပေါင်း ၂,၀၀၀ ကျော်ရှိတဲ့ ဗမာ့ ရာဇဝင် တခုလုံးကို လှန်လှော ရှာဖွေလိုက်လျှင် ဗမာတွေ ဒီလို စည်းလုံးခဲ့တာမျိုး ဟာ (၁) ဘုရင် အနော်ရထာမင်းစောလက်ထက်မှာတကြိမ်၊ (၂) ဘုရင့်နောင်လက် ထက်မှာ တကြိမ်၊ (၃) အလောင်းဘုရားလက်ထက်မှာ တကြိမ်၊ (၄) ဘုရင် ဆင် ဖြူရှင် လက်ထက်မှာ တကြိမ်။ ဒီလေးကြိမ်ဘဲ ရှိခဲ့ဘူးပါတယ်။

ရဲဘော် သခင်မြ ဆိုလျှင်လဲ ရိုးသားတယ်၊ တည်ကြည်တယ်၊ ဖြောင့်မတ်တယ်၊ သဘောကောင်းတယ် အစရှိတဲ့ ဂုဏ်ပုဒ်တွေကိုတော့ တိုင်းပြည်အသိပါဘဲ။ ဒါပေမဲ့ လူရင်းတွေလောက်သာ သိပြီး တိုင်းပြည်က ကောင်းကောင်း မသိသေးတဲ့ အချက် တွေလဲ ရှိပါသေးတယ်။ ကျွန်တော်တို့ အထဲမှာဖြင့် ပေါ်လာတဲ့ ‘ဂိစ္ဆပိုင်းကို ခပ်အေးအေး စဉ်းစား ဝေဖန် ဆုံးဖြတ်တဲ့ လူဟာ သခင်မြပါဘဲ။ ဗိုလ်ချုပ်တို့ ကျွန်တော်တို့ ရှုံးရှုံး ရှားရှား ဖြစ်ပေမဲ့ သခင်မြဟာ ဘယ်တော့မှ ရှုံးရှုံးရှားရှား မဖြစ်ဘူး။ အဲဒီတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက် တခုခုကို လုပ်စရာရှိလျှင် သခင်မြက ခေါင်းညိတ်လိုက်မှ ဒီဆုံးဖြတ်ချက်ဟာ ချမှတ်လို့ ပြီးတယ်။ သခင်မြက ဒီလို ခေါင်းညိတ်လိုက်မှဘဲ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အကျွံ တွေ မပါ၊ အတိမ်း အစောင်း မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ ကိုယ်တိုင်ကလဲ ယုံကြည် ယူဆ တယ်။ သခင်မြဟာ ပုံပန်း သဏ္ဌာန်အားဖြင့် ခပ်အေးအေး ခပ်နုနုပင် ဖြစ် ပေတဲ့ဘယ့်လောက်ကြမ်းတဲ့ ဆုံးဖြတ်ချက်ကိုဘဲ ချချ သခင်မြ မလိုက်နာနိုင်တာ မရှိဘူး။

ဦးဘချို့ကတော့ ကျွန်တော် ကောလိပ်ကျောင်းမှာ ပညာ သင်ကြားနေတဲ့ အချိန်ကတည်းကစပြီး ဆရာသမားအရင်းအဖြစ်နဲ့ကိုးကွယ်ခဲ့ပါတယ်။ ကျွန်တော်ကို အကြောင်းပြုပြီး ဗိုလ်ချုပ် အစရှိတဲ့ ကျွန်တော်တို့ရဲ့ ရဲဘော် တစုဟာလဲ ဦးဘချို့ကို ဆရာ သမား အဖြစ်နဲ့ဘဲ အမှတ်ထားကြပြီး ဆရာလို့ဘဲ ရိုရိုသေသေ ခင်ခင်မင်မင် ခေါ်ကြပါတယ်။ ဆရာချို့ ကျန်းမာရေး ချို့တဲ့ပြီး အတော်ဘဲ အင်အားချည့်နဲ့ နေပေတဲ့လဲ ကျွန်တော်တို့ တပည့်တွေအပေါ်မှာ သံယောဇဉ်ငြိပြီး ကျွန်တော်တို့

သော ခေါင်းဆောင်ကြီးများ၏ နေရာစွင်လည်း ဖ ဆ ပ လ ခေါင်းဆောင်ကြီးတို့ သည် ဆက်လက်၍ တာဝန်ယူလိုက်ကြလေသည်။ ဤကဲ့သို့ အစိုးရမရှိသော နေ့ ဟူ၍ မရှိဘဲ တိုင်းပြည်၏ တာဇန်ကို ခေါင်းဆောင်ကြီးများသည် ဆက်လက်၍ ထမ်းရွက် နိုင်ကြရာ တိုင်းပြည် လူထုသည် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီး များကို နှမြောတသလျက်နှင့်ပင် သက်ပြင်းချနိုင်ကြလေသည်။ ရှေးက ဗိုလ်ချုပ် အောင်ဆန်းခေါ်မှတ်ခဲ့သော လမ်းစဉ်အတိုင်းပင် သခင်နု ခေါင်းဆောင်သော အစိုးရ အဖွဲ့သစ်သည် တည့်တည့်မတ်မတ် ဆောင်ရွက် နိုင်လိမ့်မည်ဟူ၍လည်း ယုံကြည် ကြလေသည်။

ဝန်ကြီးချုပ် သခင်နုသည် အလွန်ကြီးမားလှသော နိုင်ငံရေး တာဝန်ကြီးကို ထမ်းဆောင်ရသည့် တတိယမြောက်သော ဇူလိုင်လ ၂၂ ရက်နေ့တွင် ကျဆုံးလေ ပြီးသော ခေါင်းဆောင်ကြီးများကို ခြီးကျူးအလေးပြုပြီးနောက် တိုင်းပြည်လူထု ၏စည်းလုံးညီညွတ်မှုအတွက် နိုင်ငံတော်အသံလွှင့်ဌာနမှ တိုင်းပြည်သို့ အသံလွှင့် ကျေညာခဲ့၏။ ထိုအသံလွှင့် မိန့်ခွန်းကို အောက်တွင် အပြည့်အစုံ ပြန်လည် ဖော်ပြ လိုက်ပါသည်။

“ကျွန်ုပ်တို့ရဲ့ဗိုလ်ချုပ်နဲ့ ရဲဘော်ကြီးများဖြစ်ကြတဲ့ သခင်မြ၊ ဦးဘချို့၊ မန်းဘခိုင်၊ မိုင်းပွန် စော်ဘွားကြီး၊ ဆရာကြီး ဦးရာဇတ်၊ ဦးဘဝင်းတို့ဟာ ရန်သူရဲ့ လက်ချက်နဲ့ ကျဆုံးကြရပြီ ဆိုတာကို တိုင်းပြည်က အသိဖြစ်ပြီး။ကျွန်တော်လဲ ဒီအကြောင်းနဲ့ ပတ်သက်ပြီး တိုင်းပြည်ကို အသံလွှင့်ဖို့ သင့်တာ အတော်ကြာသွားပြီ။ ဒါပေမဲ့ စိတ်တွေက နောက်ကျိကျိ ဖြစ်နေတာနဲ့ စကားရှည်ရှည်တယ်ပြီး မပြောချင်လို့ ယခုထက်တိုင် အချိန်ကြာသွားရခြင်း ဖြစ်ပါတယ်။

ဗမာ့လွတ်လပ်ရေးတိုက်ပွဲဟာ အကြိတ်အနယ်ဖြစ်နေတဲ့အချိန်အခါမှာမှတာတိုင်း တပြည်လုံးရဲ့လက်ရုံးကြီးတွေ ကျဆုံးသွားရတာကို လွတ်လပ်ရေးလိုချင်သူအပေါင်း ကတော့ အင်မတန်မှဘဲ နှမြောတသ ယူကြုံးမရ ဖြစ်ကြမှာဘဲ။ ဖြစ်မယ် ဆိုယင်လဲ ဖြစ်ထိုက်ပါပေတယ်။

ဗိုလ်ချုပ်အကြောင်းဆိုလျှင် တတိုင်းတပြည်လုံး ကောင်းကောင်း သိတာဘဲ။ ကျွန်တော်ထပ်ပြီး ဖော်ပြနေစရာ မလိုသလောက် ပါဘဲ။ ဒါပေမဲ့ နဲနဲတော့ ကျွန် တော် ပြောချင်သေးတယ်။ ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့ စေတနာ၊ တည်ကြည်တဲ့ သမာဓိ တွေကို အားကိုးနဲ့ ကျွန်တော်တို့ရဲ့ တသက်မှာဖြင့် တခါမှ မကြုံဘူးအောင် တတိုင်း တပြည်လုံးဟာ ထူးထူးကဲကဲကြီး စည်းလုံးညီညွတ်လာပါတယ်။

ရှမ်း၊ ချင်း၊ ကချင် အစရှိတဲ့ တောင်ပေါ်သားများ ဆိုလျှင်လဲ အခြား အရှိန်

ဝန်ကြီး နေရာမှာ ခန့်ထားဖို့ ဗိုလ်ချုပ်နဲ့ ကျွန်တော် မေမြို့မှာ တွေ့တုန်းက ကျွန်တော်ကဘဲ အကြံပေးခဲ့တယ်။

အဲဒီ အရည် အခြင်းတွေနဲ့ ပြည့်စုံတဲ့ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးတွေ ယခုတော့ဖြင့် ကြက်ဥကြက်ကလေးများလို ရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးသွားကြရရှာပြီ။ ကျွန်တော်တို့ တတွေ စိတ်တွေကိုသာ ချုပ်တည်း ထားရတယ်။ အသဲတွေကတော့ ဆာဆာဘိုကို တုန်နေတာပါဘဲ။ စိတ်ကို အတင်း ချုပ်တည်း ရတာတော့ တခြားကြောင့် မဟုတ်ပါဘူး။ ပန်းတိုင်နားကို ရောက်လုနီးနေအောင် ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးများ ချသွားတဲ့ လမ်းစဉ်ကြီး အတိုင်း ဗမာနိုင်ငံကြီးကို ပန်းတိုင်ကြီးသို့ ရောက်အောင် ပို့ပေးစေချင်တယ် ဆိုလျှင် ကျုပ်တို့ တတွေ စိတ်ကို ချုပ်တည်း ကြရမှာဘဲ။ အဲဒီ ပန်းတိုင်ကြီးကို မျက်ခြည် မပြတ်ဘဲ ချီတက်ချင်ကြတယ် ဆိုလျှင် ကျုပ်တို့တတွေ စိတ်ကို ချုပ်တည်း ကြရမှာဘဲ။ အဲဒီပန်းတိုင် ကြီးကို အာရုံထဲစွဲပြီး ချီတက်ကြချင်တယ် ဆိုလျှင် ကျုပ်တို့တတွေ စိတ်တွေကို ချုပ်တည်း ကြရမှာဘဲ။

ဗိုလ်ချုပ် အပေါ်မှာ ကျုပ်တို့ မေတ္တာ ရှိတယ်ဆိုလျှင် ဗိုလ်ချုပ် အပေါ်မှာ ကျုပ်ကို့ဘတွေ သစ္စာရှိကြဘယ်ဆိုလျှင် ဗိုလ်ချုပ်ကိုယ်တိုင် အပြီး မသတ်သွားနိုင်တဲ့ လုပ်ငန်းကြီးကို ကျုပ်တို့တတွေ အင်တိုက် အားတိုက် အပြီးသတ် လုပ်ပေးကြရ ပေလိမ့်မယ်။ ကျုပ်တို့ တတွေ ဗိုလ်ချုပ်နဲ့ တကွ ကျဆုံးကြတဲ့ ရဲဘော်ကြီးများအပေါ်မှာ သစ္စာရှိကြဖို့ဟာ ဒီနည်းလမ်း အပြင် အခြား နည်းလမ်းမရှိတော့ဘူး။

ကျွန်တော်နှင့် တကွ ယခု အသစ် ဖွဲ့စည်းလိုက်တဲ့ ဖ ဆ ပ လ အလုပ် အမှုဆောင်အဖွဲ့ဝင်များဟာ သစ္စာရှိသော ရဲဘော်များ ပီပီ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နှင့် ကျုပ်တို့ရဲ့ ရဲဘော်ကြီးများ လက်စသတ်မသွား နိုင်ရှာသော လုပ်ငန်းကြီးကို လက်စသတ်အောင် ဆုံးခန်းတိုင်ရောက်အောင် အစွမ်းကုန် အင်တိုက်အားတိုက် ကြိုးပမ်းကြရန် သစ္စာအဓိဋ္ဌာန် ပြုကြပြီး ကုန်ပြီ။ တိုင်းပြည်နှင့် လူထုကသာ ဗိုလ်ချုပ်နှင့် တကွ ကျဆုံးသော ရဲဘော်ကြီးများ အသက်ရှိစဉ်ကကဲ့သို့ ဥမကဲ့ သိုက်မပျက် အောင် ကြိုးစားကြပါကုန်။ လူတ်လပ်ရေး တခုကိုသာ အားသွန်၍ မဲလျက်ရှိသော ကျွန်ုပ်တို့အား အာရုံ ထွေပြားခြင်း မရှိရလေအောင် လူမျိုးရေး အဓိကရုဏ်းများ စည်းမဲ့ ကမ်းမဲ့ ဆူပူ သောင်းကျန်းမှုများကို အထူးဂရုပြု၍ တားမြစ် ကြပါကုန်။

ကျွန်ုပ်တို့၏ သွေးချင်း သားချင်း ဖြစ်ကြကုန်သော ရှမ်း၊ ချင်း၊ ကချင်၊ကရင် အစရှိသည်တို့အားလည်း ကျွန်ုပ်တို့သည် ဗိုလ်ချုပ်၏ သစ္စာရှိသော ရဲဘော်များ

ကြိုးပမ်းမှုတွေတိုင်းမှာပင် တနည်းမဟုတ် တနည်းနဲ့ပါလာခဲ့ပါတယ်။ ဆရာချို့ကို အားအကိုးရဆုံး ကိစ္စကတော့ တခြားဟာ မဟုတ်ပါဘူး။ ဗမာနိုင်ငံရေးမှာ ကွက်ကျော်တွေ ကလိန်ခြုံတွေကို ရှင်းပြတဲ့ နေရာမှာဖြင့် သူမတူအောင် ရှင်းလဲ ရှင်းပါတယ်။ အားကိုးရလောက်အောင်လဲ မှန်ပါပေတယ်။

မန်းဘခိုင်ကတော့ ကရင် အမျိုးသားတွေထဲမှာ ဗိုလ်ချုပ်နှင့် တကွ ကျွန်တော်တို့ အယုံအကြည်ဆုံး အားအကိုးရဆုံး ကရင်ခေါင်းဆောင်ကြီး တဦးဖြစ်ပါတယ်။ လွတ်လပ်ရေး ရပြီးလို့ ဖ ဆ ပ လ သာအစိုးရဖွဲ့နိုင်လျှင်မန်းဘခိုင်ကို ဒုတိယနှန်းရင်း ဝန်ခန့်မယ်ဆိုတာ ဖ ဆ ပ လ အလုပ်အမှုဆောင် အစည်းအဝေးတိုင်းမှာ လိုလိုဘဲ ဗိုလ်ချုပ်ဟာ မကြာခဏ ထုတ်ဖော်ပြီး ပြောခဲ့ဘူးတယ်။ ဗိုလ်ချုပ်ဟာ စေတနာ မရှိဘဲ ဘယ်သူကိုမျှ 'လောကွတ်' ပြောတဲ့ လူစား မဟုတ်ဘူး ဆိုတာ တနိုင်ငံလုံး အသိဘဲ။ အဲဒီတော့ မန်းဘခိုင်ကိုဘယ်လောက်ကြည်ညိုလို့ ဘယ်လောက် စေတနာထားလို့ ဘယ်လောက် အားကိုးလို့ ဒီစကားကို ခဏခဏ ထုတ်ဖော် ပြောတယ် ဆိုတာ အပုံကြီး ရှင်းပါတယ်။ မန်းဘခိုင်ဟာ ပြောစရာရှိလျှင်လဲ ဘွင်းဘွင်း သမားဆိုတော့ ဘွင်းဘွင်း ကြိုက်တဲ့ ဗိုလ်ချုပ်နဲ့ သိပ်တဲ့တာပေါ့။ ကရင် ဗမာရဲ့ နောင်ရေးကိုလဲ အမြင်ကျယ်ကျယ် ထားပြီးတော့ ကောင်းမယ် မှန်မယ် ထင်တာကို ဘယ်သူကိုမှ အားနာခြင်း၊ ကြောက်လန့်ခြင်း၊ ကိုယ်ကျိုးငဲ့ခြင်းမရှိဘဲ တည့်တည့် မတ်မတ် ဆောင်ရွက်လေ့ ရှိပါတယ်။

မိုင်းပွန် စော်ဘွားကြီးဆိုတာလဲ ကျွန်တော်နဲ့ ဆိုလျှင် ဂျပန် လက်ထက် ကတည်းက အလွန်ဘဲ ခင်မင် ရင်းနှီးခဲ့ ပါတယ်။ ရှမ်း၊ ဗမာ ညီညွတ် သွေးစည်းရေးကို အထူး စိတ်ဝင်စားရုံသာမက မဖြစ်မြောက် ဖြစ်မြောက်အောင်လည်း လူပန်း စိတ်ပန်းခံကာ ကြိုးစားခဲ့သူ တဦး ဖြစ်ပါတယ်။ စော်ဘွားကြီးရဲ့ စိတ်ထားကောင်းခြင်း၊ တည်ကြည် ဖြောင့်မတ်ခြင်း ဘို့ကြောင့် ရှမ်းလူထုရဲ့ အကြည်အညိုကိုလဲ အများဆုံး ခံယူရသူတဦး ဖြစ်ပါတယ်။

ဆရာကြီးရာဇတ်ကတော့ မန္တလေးက နိုင်ငံရေး၊တော်လှန်ရေးတို့မှာ စွန်းလွန်း တမာလုပ်ခဲ့တဲ့ လူငယ်လူရွယ်တွေမှန်သမျှ သူ့တပည့်တွေသာ များတာဘဲ။ ဖ ဆ ပ လ ပေါ်မှာ သစ္စာအရှိဆုံး ပဂ္ဂိုလ်တွေထဲမှာ ဆရာကြီး ရာဇတ်လဲ တဦးအပါ အဝင်ဘဲ။

ဦးဘဝင်းကတော့ကျွန်တော်နဲ့ကောလိပ်ကျောင်းမှာနေစဉ်ကတည်းကကျောင်းနေဖက် ဖြစ်တယ်။ နိုင်ငံရေးမှာ လုပ်သက် တယ်ပြီး မကြာလှသေးပေတဲ့ သူ့ရဲ့ အရည် အခြင်း၊ သူ့ရဲ့ ရိုးသား ဖြောင့်မတ်တဲ့ ဂုဏ်တွေကြောင့် သူလုပ်သွားခဲ့တဲ့

တိုင်းပြည်ပြု လွှတ်တော်မှ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အတွက် အခြေခံ ဥပဒေကို ရေးဆွဲပြီးနောက် ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ ဗိုလ်မှူးအောင်၊ မန်းဝင်း မောင်၊ ဦးအေးမောင်၊ မိုးမိတ်စော်ဘွားကြီး၊ ဦးဝမ်းကိုဟောနှင့် လဘမ်းကရောင်တို့ ပါဝင်သော မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ တဖွဲ့ကို အင်္ဂလန်သို့ စေလွှတ် ခဲ့လေသည်။ ထို့နောက် ၁၉၄၇ ခု အောက်တိုဘာလအတွင်းတွင် ခေါင်းဆောင်ကြီး သခင်နု၊ ဗိုလ်လဏ္ဍာနှင့် ဗိုလ်ထွန်းလင်းတို့သည် အင်္ဂလန်သို့ လိုက်သွားပြီးနောက် အောက်တိုဘာလ ၁၇ ရက်နေ့တွင် နု – အက်တလီ စာချုပ်ခေါ် အင်္ဂလိပ် မြန်မာ လွှတ်လပ်ရေး သဘောတူ စာချုပ်ကို ချုပ်ဆိုခဲ့လေသည်။ ထိုစာချုပ် အရ ပြည် ထောင်စု မြန်မာနိုင်ငံတော်ကို ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် လုံးဝ လွှတ်လပ် သော အချုပ်အချာ အာဏာပိုင် နိုင်ငံတော်အဖြစ် အသိအမှတ် ပြု၍ ဗြိတိသျှ အစိုးရက အာဏာလွှဲပြောင်းပေးရန် သဘောတူညီ ကြလေသည်။

ဤကဲ့သို့လျှင် ကမ္ဘာ့သမိုင်းတွင် မကြုံဘူးအောင် ထူးကဲစွာ ဖြစ်ပေါ် လာရခြင်း နှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို သတိပြုရန် လိုပေသည်။ ထိုအချက် များသည် လွှတ်လပ်ရေး အတွက်သာ အရေးကြီးသည် မဟုတ်၊ လွှတ်လပ်ရေး တည်မြဲမှု၊ ပိုင်းပြည်နှင့် လူမျိုး ဘုံပိုးတက် ကြီးပွါးမှုများတွင်လည်း သဒ္ဓါစာ ဖြစ်စေနိုင် လေသည်။ ဗြိတိသျှ အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို လွှတ်လပ်ရေး ပေးအပ်ရာ၌ အကြောင်း အမျိုးမျိုးတို့သည် လွှဲ ဆော်လျက် ရှိခဲ့ လေသည်။ ပဌမ အကြောင်းရင်းမှာ ကမ္ဘာ့အခြေအနေ ပြောင်းလဲမှုကြီးပင် ဖြစ်၏။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသော အခါ အင်အားကြီးများသော နိုင်ငံ များက အင်အားသေးငယ်သော နိုင်ငံကလေးများအား အဓမ္မ သိမ်းပိုက်အုပ်ချုပ် သော ကိုလိုနီစံနစ်ဆိုးကြီးသည် လျင်မြန်စွာ ပြိုကွဲလျက်ရှိသည်ကို တွေ့ရပေသည်။ ထိုစံနစ်ဆိုးကြီး၏ စက်ကွင်းတွင်ဝင်ရောက်လျက် အလူး အလဲ ခံခဲ့ရသော မြန်မာ နိုင်ငံသည်လည်း ထိုကမ္ဘာ့ ပြောင်းလဲမှုကြီးတွင် ပါဝင်၍ ဖ ဆ ပ လ ခေါင်းဆောင် မှု လူထုတရပ်လုံး၏ အင်္ဂတိုက် အားတိုက် ကြိုးပမ်းမှု၊ ဗြိတိသျှ လေဘာအစိုးရ၏ အမြော်အမြင်ကြီးမှုကြောင့် မြန်မာနိုင်ငံတော်သည် ကိုလိုနီစံနစ်ဆိုးကြီးမှ လွှတ် မြောက်၍ လုံးဝအချုပ်အချာအာဏာပိုင် နိုင်ငံ အဖြစ်သို့ရောက်ရှိ လာပေသည်။

ဒုတိယ အချက်မှာ မြန်မာနိုင်ငံ အပေါ်တွင် လွှမ်းမိုးလျက် ရှိသော ဗြိတိသျှ နိုင်ငံ၏ အခြေအနေမှာ ပြည်တွင်း စီးပွါးရေး ကျပ်တည်းမှုနှင့် ပြည်ပကိုလိုနီ နိုင်ငံ များ၏ ထကြွတော်လှုန်ရေး အခက်အခဲ နှစ်ဦးအကြားတွင် ကြုံတွေ့လျက် ရှိရလေ သည်။ ထိုမှ တပါး ဗြိတိသျှ လေဘာအစိုးရသည် –

ပီသစွာ ရှမ်း၊ ချင်း၊ ကချင်၊ ကရင် အစရှိသည်တို့နှင့် ပတ်သက်၍ ဗိုလ်ချုပ် ကိုယ် တိုင် ထင်ရှားစွာ ပြခဲ့ဘူးသော စေတနာတို့ကို အနည်းငယ်မျှ တိမ်းပါး ချွတ် ချော်ခြင်းမရှိဘဲ အကောင်အထည် ဖြစ်အောင် အားသွန်၍ ပြုလုပ်မည့်အကြောင်း ကျွန်ုပ်တို့ ထုပ်မံ ကတိပြုပါစေတယ်။ အဆွေတော် သွေးချင်း သားချင်းတို့ကလည်း ဗိုလ်ချုပ်ရှိစဉ်အခါကကဲ့သို့ပင် လွှတ်လပ်ရေး လုပ်ငန်းကြီးကို စည်းစည်း လုံးလုံး နှင့် ဝိုင်းဝန်း ဆောင်ရွက် ကြပါကုန်။ နွားကဲ့လျှင် ကျားကိုက်ဟူသော စကားပုံကဲ့ သို့ ကျွန်တော်တို့ တတွေ့ ကဲ့လျှင် ကျေကုန် ကြလိမ့်မည်ဖြစ်ရာ အကျေခံရှုသည့် ဘဝသို့ မရောက်ဘဲ ကျွန်တော်တို့အားလုံး ချစ်မြတ်နိုး ကြကုန်သော လွှတ်လပ်ရေး ပန်းတိုင်ကြီးသို့ အလျင် အမြန် ရောက်ကြရလေအောင် စည်းစည်း လုံးလုံး ညီညီ ညွတ်ညွတ်နှင့် ဆက်လက် ချီတက် ကြပါစို့”။

လွှတ်လပ်ရေးအတွက် ပြင်ဆင်ခြင်း

သခင်နုခေါင်းဆောင်သော ဖ ဆ ပ လ ခေါင်းဆောင်ကြီးများသည် ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော လမ်းစဉ်အတိုင်းပင် လွှတ်လပ်ရေး ပန်းတိုင်သို့ ပြည်သူလူထုကြီးအား ဆက်လက်၍ ခေါင်းဆောင်ခဲ့ လေသည်။ တိုင်းပြည်ပြု လွှတ်တော်၏ အဓိက လုပ်ငန်းဖြစ်သော ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကြီးကိုလည်း သဘာပတိ ညောင်ရွှေစော်ဘွားကြီး စပ်ရွှေဆိုက်က ခေါင်းဆောင်လျက် ရေးဆွဲလျက် ရှိကြ၏။ တိုင်းပြည် ကိုယ်စား လှယ်များ အားလုံးက လက်ခံနိုင်သော အခြေခံ ဥပဒေကြီးကို ၁၉၄၇ ခု စက်တင်ဘာ လ ၂၄ ရက်နေ့တွင် အပြီးသတ် ရေးဆွဲ နိုင်ခဲ့ကြ၏။

ထိုအချိန်တွင် ဗြိတိန်၌ လေဘာပါတီက နိုင်ငံရေးအာဏာရလျက် ရှိရာ ဗြိတိသျှ နှန်းရင်းဝန် လေဘာခေါင်းဆောင်ကြီး မစ္စတာ ကလီမင်ရိုချတ် အက်တလီသည် အစိုးရအဖွဲ့ဝင် အိန္ဒိယနှင့် မြန်မာ နိုင်ငံဆိုင်ရာ ဝန်ကြီး လော့ဒ်လစ်စတိုဝယ်လ်ကို မြန်မာ နိုင်ငံသို့ စေလွှတ် ခဲ့၏။ ထိုသို့ စေလွှတ်ခြင်း အကြောင်းရင်းမှာ မြန်မာ နိုင်ငံသို့ အာဏာလွှဲပြောင်း ပေးရေး အစီအစဉ်များကို ဖ ဆ ပ လ ခေါင်းဆောင် ကြီးများနှင့် ဆွေးနွေးရန် ဖြစ်လေသည်။ လော့ဒ်လစ်စတိုဝယ်လ် ခေါင်းဆောင် သော အဖွဲ့သည် မြန်မာနိုင်ငံသို့ စက်တင်ဘာလအတွင်း၌ပင် ရောက်ရှိ လာပြီး နောက် ဘုရင်ခံနှင့်ဂင်း၊ ဖ ဆ ပ လ ခေါင်းဆောင်များနှင့်ဂင်း ဆွေးနွေး တိုင်ပင်ပြီး လျှင် ဗြိတိသျှ အစိုးရကို အကြံပေးရန် အင်္ဂလန်သို့ ပြန်လည်သွားလေသည်။

(က) သူတို့၏ နည်းအရ သူတို့၏ တိုင်းပြည်တွင် ဆိုရှယ်လစ် ကုန်ထုတ် စီးပွါးရေးစနစ်ကို ထူထောင် လိုခြင်း။

(ခ) ကမ္ဘာ့ နယ်ချဲ့ စံနစ်ကြီး ပြိုကွဲပျက်ပြားရ နလန်မထူနိုင်မည့် အဖြစ်ကို မြင်ခြင်း။

(ဂ) မြန်မာ နိုင်ငံ၏ ပြည်ဘွင်း အခြေအနေအရ အသာတကြည်ဖြင့် လွှတ်လပ်ရေးကို မရနိုင်လျှင် လက်နက်စွဲကိုင်၍ တော်လှန်မည်ကို အတပ်သိခြင်း။

(ဃ) မြန်မာ နိုင်ငံတွင် တော်လှန်ပုန်ကန်မှုများ ဖြစ်ပေါ် လာလျှင် ကျန်ကိုလိုနိုင်ငံများသို့ကူးစက်ပျံနှံ့ ရုံမက ဗြိတိသျှနိုင်ငံတွင်း အခြေအနေသည်လည်း ပိုမိုဆိုးရွားလာမည်ကို နားလည်ခြင်း။

အထက်ပါ အချက်များကြောင့် ဗြိတိသျှ လေဘာ အစိုးရသည် မြန်မာ နိုင်ငံအား လွှတ်လပ်ရေး မပေးဘဲ မနေနိုင်သောအခြေအနေသို့ ရောက်ရှိလာလေသည်။

တတိယ အရေးကြီးဆုံး အချက်မှာမူကား မြန်မာနိုင်ငံ၏ ပြည်တွင်း အခြေအနေပင် ဖြစ်လေသည်။

(က) မြန်မာ နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးလျက် ရှိသော ဖ ဆ ပ လ အဖွဲ့ချုပ်၏ တိုက်ပဲ့ ပရိယာယ် မှန်ကန်မှု။

(ခ) အဟုန်ကြီးမားစွာ တက်ကြွလျက် ရှိသော လူထုအုံကြွမှု။

(ဂ) နိုင်ငံသမိုင်းတွင် မကြုံဘူးသော တိုင်းရင်းသားများ စည်းလုံးမှု။

(ဃ) ဖ ဆ ပ လ အဖွဲ့ချုပ်သည် အနုနည်းဖြင့်သာလျှင် လွှတ်လပ်ရေးကို အရေးဆိုနေသည်မဟုတ်၊ ထိုအနုနည်းဖြင့် မအောင်မြင်လျှင် အကြမ်းနည်းဖက်ရန် အဆင်သင့် ရှိကြောင်း ကို ဗြိတိသျှ အစိုးရသည် ကောင်းစွာ သိရှိခြင်း။

(င) ဗြိတိသျှ လက်အောက် ခေတ်တလျှောက်လုံးတွင် မြန်မာ လူမျိုးတို့သည် အနုနည်း အကြမ်းနည်းများဖြင့် လွှတ်လပ်ရေး အတွက် မကြာခဏ တော်လှန် ပုန်ကန်ခဲ့ခြင်း။

အထက်ပါ အချက်များကြောင့် ရှေးက အကြိမ်ပေါင်း များစွာ တိုက်ခိုက်ခဲ့ကြရသော တိုက်ပွဲများ၏ အရှိန်ဖြင့်လည်း ယခုကဲ့သို့ ပြည်သူ လူထု၏ မြော်မှန်းရာဖြစ်သော လွှတ်လပ်ရေး ပန်းတိုင်သို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်လေသည်။ နောက်ဆုံး လွှတ်လပ်ရေးနှင့် စပ်လျဉ်း၍ မမေ့နိုင် မမေ့ထိုက်သော ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ် အောင်ဆန်းပင် ဖြစ်လေသည်။ သူ၏ အလွန် ထူးခြားသော အရည်အချင်း၊ ခေါင်း

ဆောင်မှုနှင့် တိကျသော လုပ်ငန်းစဉ် များပင်လျှင် ထိုလွှတ်လပ်ရေးတည်း ဟူသော အကျိုး တရားဖြစ်ပေါ် စေရန်မှာ ကမ္ဘာကြေသော်လည်း ဥဒါန်း မကြေနိုင်သည့် မွှတ်တိုင်ကြီး တခု ဖြစ်လေသည်။

အရေးကြီးသော အချိန်ကာလသည် တဖြည်းဖြည်း လွှန်မြောက်ခဲ့ပြီးနောက် တိုင်းပြည်သည်လည်း မူလ အခြေအနေသို့ ပြန်လည် ရောက်ရှိ လာခဲ့ရာ အထက်တွင် ဖော်ပြခဲ့သော ဖ ဆ ပ လ ပဏာမညီလာခံကြီး ကျင်းပရေး၊ တိုင်းပြု ပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရေး၊ ဗြိတိသျှနှင့် မြန်မာတို့၏ နှစ်ဦး သဘောတူ လွှတ်လပ်ရေး စာချုပ် ချုပ်ဆိုရေး အစရှိသည့် လုပ်ငန်းကြီးများကို တဆင့်ပြီး တဆင့် အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ကြလေသည်။

နု – အက်တလီ စာချုပ်

နု – အက်တလီ စာချုပ်ခေါ် ဗြိတိသျှ မြန်မာလွှတ်လပ်ရေး စာချုပ်မူရင်းကို နောက်ဆက်တွဲ အဖြစ် ဖော်ပြ လိုက်ပါသည်။ ထိုစာချုပ်သည် လွှတ်လပ်ရေး ပန်းတိုင်သို့ တိတိကျကျ ပို့ဆောင်ပေး နိုင်မည့် စာချုပ် ဖြစ်ကြောင်းကို ဖ ဆ ပ လအဖွဲ့ကြီးနှင့် တကွ တိုင်းပြည် လူထုကပါ နှစ်နှစ် ကာကာ ယုံကြည်ကြသော်လည်း ၁၉၄၈ ခု အောက်တိုဘာလ အတွင်းက ဖ ဆ ပ လ မှ ပယ်ထုတ်ခြင်း ခံရသော သခင် သန်းထွန်း ခေါင်းဆောင်သည့် ကွန်မျူနစ်များကမူကား ထိုစာချုပ်ကို အိုးမဲသုတ်၍ မဟုဘ်မတရား ကလိမ်ဆင်၍ ရှုတ်ချခဲ့ကြလေသည်။ ကွန်မျူနစ်တို့ မနှစ်သက်သော အချက်များမှာ အချုပ်အားဖြင့် အောက်ပါ အတိုင်း ဖြစ်လေသည်။

(က) မြန်မာ နိုင်ငံအတွင်းရှိ နိုင်ငံခြားသား ပစ္စည်းများကို နိုင်ငံတော်က သိမ်းယူရာတွင် သင့်လျော်သော လျော်ကြေး ပေး၍ သိမ်းယူမည်ဟူသော အချက်ကို သူတို့သည် သဘောမတူနိုင်။ နိုင်ငံခြားသား ပစ္စည်း များကို လျော်ကြေးမပေးဘဲ အတင်းအဓမ္မ သိမ်းယူ ရမည်ဟု သူတို့က လက်သီးလက်မောင်း တန်း၍ ကြွေးကြော်ကြ၏။

(ခ) မြန်မာ နိုင်ငံက ပေးရန် ရှိသော ကြွေးမြီများကို အခါအားလျော်စွာ ဆက်လက်၍ ဆွေးနွေးဆောင်ရွက် ရမည်ဆိုသော စာချုပ်ပါ အပိုဒ်ကိုလည်း ကွန်မျူနစ်တို့သည် သဘောမတူဟု ဟစ်အော်ကြ၏။ သူတို့၏ ဆန္ဒမှာ ကြွေးမြီဟူသမျှကို မည်သည့် နည်းနှင့်မျှ မပေးနိုင်ဟု မြန်မာနိုင်ငံက တင်းတင်း မာမာ အရေးဆို ရမည်ဟု ဆိုလေသည်။

ဝန် ဗိုလ်ခင်မောင်ကလေး ဥရောပတိုက်ကို ကိုယ်တိုင်သွားကြည့်ခဲ့တယ်။ မာရှယ်တီးတိုး ခေါင်းဆောင်တဲ့ ယူဂိုစလေးဗီးယားပြည်နှင့် ချက်ကိုစလိုဗားကီးယားပြည်ကို ကျွန်တော်တို့ ကိုယ်တိုင် ၁၅ ရက်လောက် လှည့်စုံစမ်းဆွေးနွေးခဲ့တယ်။ ယူဂိုစလေးဗီးယားပြည်မှာ ဖ ဆ ပ လ အဖွဲ့နှင့်တူတဲ့လူထုကအားပေးနေတဲ့ အမျိုးသားအစည်းအရုံးကြီး တခုရှိတယ်။ အဲဒီ အမျိုးသား အစည်းအရုံးကြီးကို ကွန်မျူနစ်ပါတီက ခေါင်းဆောင် နေတယ်။ ကွန်မျူနစ်ပါတီကလဲလို့ တခြား ဘယ်လက်ျာဂိုဏ်းသားပါတီမှ မရှိဘူး။ သမ္မတမာရှယ်တီးတိုးကလဲ ကွန်မျူနစ်၊ ဝန်ကြီးတွေအားလုံးကလဲ ကွန်မျူနစ်၊ တိုင်းပြည်ရှိ လူများစုကလဲ ကွန်မျူနစ်တိုင်းပြည်၊ အနေအထား ကလဲ ရှုရှားပြည်နှင့် နယ်ချင်းဆက်နေတယ်။ အရေး အကြောင်းရှိလို့ အမေရိကန်နှင့် ဖြစ်စေ၊ အင်္ဂလိပ်နှင့်ဖြစ်စေ စစ်ဖြစ်မည်ဆိုလျှင် ရုရှားပြည်မှ စစ်ကူ ၂၄ နာရီအတွင်း မှာ ရောက်လာနိုင်တယ်။ အဲဒီ တိုင်းပြည်မှာ စောစောက လက်ဝါးကြီး အုပ်နေတဲ့ ပြင်သစ်ခနရှင်၊ပြင်သစ် အမေရိကန် ခနရှင်၊ ဂျာမန် ခနရှင်တွေရဲ့ ပစ္စည်းကို အစိုးရပိုင်အဖြစ်နဲ့ ၁၉၄၄ ခု နိုဝင်ဘာလ ၂၁ ရက်နေ့တွင် သိမ်းယူတဲ့အခါ လျော်ကြေးပေးရတယ်။ လျော်ကြေး ပေးဖို့ အသေးစိတ် ဆွေးနွေးနေတာ ယခုထက်ထိ မပြီးသေးဘူး။

ချက်ကိုစလိုဗားကီးယားပြည်ကို ကြည့်ပါဦး။ ချက်ကိုစလိုဗားကီးယားပြည်ဟာ ရုရှားပြည်နှင့် နယ်ချင်း ဆက်နေတယ်။ ယူဂိုဒယားပြည်နှင့် ဗမာပြည်လိုဘဲ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်ပြီး နီးကပ် နေတယ်။ ထိုတိုင်းပြည်တွင် ကွန်မျူနစ် ပါတီ ဆိုရှယ်လစ်ပါတီ၊ ဒီမိုကရက်ပါတီ၊ နေရှင်နယ်ဆိုရှယ်လစ်ပါတီ ဆိုတဲ့ ၄ ပါတီစုပေါင်း၍ လက်ဝဲဂိုဏ်းသား အစိုးရအုပ်ချုပ်နေတယ်။ အရေးကြီးတဲ့ ပြည်ထဲရေး၊ ဘဏ္ဍာရေး၊ စီးပွါးရေး ဆိုတဲ့ ဌာနဝန်ကြီးတွေလဲ ကွန်မျူနစ် နန်းရင်းဝန် ဂေါ်ဝေါလ်ဆိုတာကလဲကွန်မျူနစ်၊ အဲဒီ အစိုးရက ရုရှားပြည်ကို လိုလားတဲ့ အစိုးရ၊ ဝါဒကလဲ လက်ဝဲဝါဒဖြစ်တယ်။ နိုင်ငံခြားသား ပစ္စည်းတွေကို လျော်ကြေး မပေးလို့ အင်္ဂလိပ် တိုင်းပြည်၊ အမေရိကန် တိုင်းပြည်တို့နှင့် စစ်ဖြစ်မည်ဆိုလျှင် ရုရှားပြည်က စစ်အကူအညီ ၂၄ နာရီအတွင်း ရောက်လာ နိုင်တယ်။ ဒါပေမဲ့ ၁၉၄၅ ခု အောက်တိုဘာလ ၂၄ ရက်နေ့မှာ စက်ရုံကြီးတွေ သေတ္တာတွင်းတွေ ဘဏ်တွေကို အစိုးရပိုင် အဖြစ်နဲ့ သိမ်းတဲ့ အခါ လျော်ကြေးပေးပါမယ် ဆိုပြီး သိမ်းရတယ်။ လျော်ကြေး မည်မျှ ပေးရမယ်ဆိုတဲ့ အသေးစိတ်ကို တော့ ခုထက်ထိ အစိုးရအချင်းချင်း အရေးဆိုနေကြတယ်။

ဒီတိုင်းပြည် နှစ်ပြည်မှာ ရှိနေတဲ့ဝန်ကြီးတွေ၊ နိုင်ငံရေး ခေါင်းဆောင်တွေ

ထိုကဲ့သို့ ကွန်မျူနစ်တို့သည် တမင်သက်သက် အရှဲ့တိုက်၍ ကြွေးကြော်ချက်များကို တိုင်းပြည်လူထုက ယုန်ထင် ကြောင်ထင် ဖြစ်စရာ အကြောင်း ရှိသော ကြောင့် ဖ ဆ ပ လ အဖွဲ့ကြီးက ရှင်းလင်းချက်များကို ထုတ်ပြန် ကျေညာခဲ့ရလေသည်။ ထိုထုတ်ပြန်ကျေညာချက် များကို အလုံးစုံ ဖော်ပြရလျှင် အလွန် ရှည်လျားမည် ဖြစ်သောကြောင့် နု – အက်တလီ စာချုပ်နှင့် စပ်လျဉ်း၍ ဖ ဆ ပ လ ခေါင်းဆောင်ကြီး တဦး ဖြစ်သော ထိုစဉ်အခါက ပြည်ထဲရေးနှင့် တရားဥပဒေ ဝန်ကြီးဦးကျော်ငြိမ်း၏ အသံလွှင့် ရှင်းလင်းချက်ကို အောက်ပါ အတိုင်း ဖော်ပြလိုက်ရပေသည်။

ရှင်းလင်းချက်

"အင်္ဂလိပ် ဗမာစာချုပ်နှင့် ပတ်သက်ပြီး အတိုက်အခံ ဂိုဏ်းသားတွေက မဟုတ်မမှန်တဲ့ အကြောင်းတွေ ပြ၍ ဝေဖန်ကြတယ်။ ဒီစာချုပ် အရ နိုင်ငံရေး အားဖြင့် သာ လွတ်လပ်ရေး ရတယ်၊ စီးပွါးရေးအားဖြင့် လွတ်လပ်ရေး မရဘူးလို့ ကွန်မျူနစ်တွေက ပြောနေကြတယ်။ ဒါဟာ လုံးဝမဟုတ်ဘူးလို့ ကျွန်တော် အတည့်အလင်း ပြောရဲတယ်။ အင်္ဂလိပ်တိုင်းပြည်၊ အမေရိကန် တိုင်းပြည်၊ ရုရှားတိုင်းပြည်၊ အဲဒီ လွတ်လပ်တဲ့ တိုင်းပြည်တွေဟာ စီးပွါးရေးအားဖြင့် သူတို့ တိုင်းပြည်မှာ ဘာလုပ်နိုင်သလဲ၊ အဲဒီ လုပ်နိုင်တာ ကျွန်တော်တို့ တိုင်းပြည်မှာ ကျွန်တော်တို့ လုပ်နိုင်တယ်။ ဗမာပြည်မှာ ရှိနေတဲ့ အင်္ဂလိပ်ပိုင် ပစ္စည်းတွေကို အစိုးရပိုင် အဖြစ်နဲ့ သိမ်းယူတဲ့အခါ ဗမာ အစိုးရက လျော်ကြေး ပေးဘို့ သဘောတူခဲ့တယ်။ အဲဒီလို သဘောတူရမလား ဆိုပြီး ကွန်မျူနစ်တွေက အပြစ်တင် နေကြတယ်။ ဖက်ဆစ် ဂျာမန်တွေ၊ မဟာမိတ် စစ်တပ်များ၊ ရုရှား စစ်တပ်များရဲ့ အကူအညီနဲ့မောင်းထုတ်ပြီး လွတ်လပ်တဲ့ လက်ဝဲ နိုင်ငံဖြစ်လာကြတဲ့ ချက်ကိုစလိုဗားကီးယားပြည်၊ ယူဂိုစလေးဗီးယားပြည်တွေမှာ နိုင်ငံခြားသား ပစ္စည်းတွေကို လျော်ကြေး မပေးဘဲ သိမ်းတယ်ဆိုပြီး စံနမူနာတင်ပြီး ကွန်မျူနစ်တွေက ပြောကြသေးတယ်။ ဒါဟာ လုံးလုံး မဟုတ်ဘူး။ ဒီလို သူတို့ ပြောခြင်းအားဖြင့် သူတို့ဟာ လိမ်ပြောတာလျှင်လဲ ဖြစ်ရမယ်။ သို့မဟုတ် အလွန် ဗဟုသုတ နည်းတာလျှင်လဲ ဖြစ်ရမယ်။ နိုင်ငံခြားသား ပိုင် ပစ္စည်းတွေကို အစိုးရပိုင် အဖြစ် သိမ်းတဲ့အခါမှာ လျော်ကြေး မပေးဘဲ နေလို့ ရလျှင် ကျွန်တော် ရှင်းရှင်း ပြောမယ်၊ ကျွန်တော်တို့က မပေးချင်ဘူး။

ဒါကြောင့် လဲဘဲဒီလိုနည်းလမ်းတွေ ရှာချင်လို့ ကျွန်တော်နှင့် နိုင်ငံရေးအတွင်း

အစိုးရနဲ့ စစ်ဖြစ်မလောက် ဖြစ်တယ်။ ကံအားလျော်စွာ ကမ္ဘာစစ်ကြီး ဖြစ်တော့ မက်ဆီကိုပြည်ဟာ ဂျာမနီဖက် ပါသွားမှာစိုးလို့ အမေရိကန်အစိုးရက ၁၉၄၁ ခုနှစ်မှာ အနည်းငယ်လျော့ပေးတယ်။ ဒါတောင် မက်ဆီကိုပြည်က သင့်တင့်တဲ့ လျော်ကြေး ပေးပါ့မယ်လို့ နောက်ဆုံး ကတိပေးရတယ်။ အဲဒီ ကတိတည်မြဲပါ့မယ်ဆိုတဲ့ အာမခံ သဘောနဲ့ စတော်ငွေ ဒေါ်လာ ၉ သန်း ချက်ခြင်းပေးရတယ်။ လျော်ကြေး ဘယ်လောက်ပေးရမယ်ဆိုဘာ နှစ်ဖက်အစိုးရ ကိုယ်စားလှယ်ပါတဲ့ ခုံအဖွဲ့ကို လွှဲထိုက်ရတယ်။

တိုတို ပြောရလျှင် စစ်ရှုံးတဲ့ တိုင်းပြည်ပိုင် ပစ္စည်းကလဲလို့ ဘယ်နိုင်ငံခြားသားပိုင် ပစ္စည်းတွေမှ လျော်ကြေး မပေးဘဲ သိမ်းတဲ့ ထုံးတမ်းစဉ်လာ မရှိဘူး။ ကျုပ်တို့ အစိုးရမှာ သိမ်းနိုင်တဲ့ ပါဝါမရှိလို့ မဟုတ်ပါဘူး။ ရှိပါတယ်။ ကျုပ်တို့တိုင်းပြည်မှာ ကျုပ်တို့ ဘာစာဖြစ်ဖြစ် လုပ်နိုင်တယ်။ လုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာကတော့ ကမ္ဘာ့ထုံးတမ်း စဉ်လာအရ ဆောင်ရွက် ရပါတယ်။ ဗမာပြည်မှာရှိနေတဲ့ နိုင်ငံခြားသား သံအမတ်တွေကိုတောင် ကျုပ်တို့ ဖမ်းချင်လျှင် ဖမ်းနိုင်တဲ့ အာဏာ ရှိတယ်။ သို့သော် အကြောင်းမရှိဘဲ ဒီနေ့နိုင်ငံခြားသား သံအမတ်တွေ ဖမ်းလို့ နောက်တနေ့ အဲဒီ နိုင်ငံခြား တိုင်းပြည်တွေနဲ့ စကားများမယ်၊ စစ်ဖြစ်မယ် ဆိုတာက တမျိုးဘဲ။

ရှင်းရှင်း ပြောရလျှင် တိုင်းပြည်တွေကလဲဘဲ ရုရှား ပြည်နဲ့ နယ်နိမိတ်ချင်း စပ်နေတယ်။ ရုရှားအစိုးရနဲ့လဲ အလွန် သင့်မြတ်တယ်။ အကယ်၍ အင်္ဂလိပ် အမေရိကန်တို့နှင့် စစ်ဖြစ်မယ်ဆိုလျှင်လဲ ရုရှား ပြည်က စစ်အကူအညီ ရနိုင်တဲ့ ကွန်မျူနစ်အစိုးရတက်နေတဲ့ ယူဂိုစလေးဗီးယားပြည်၊ ထို့နောက် ကွန်မျူနစ်၊ ဆိုရှယ်လစ်နှင့် အခြား လက်ဝဲဂိုဏ်းပေါင်းဖြိုး အစိုးရဖွဲ့ထားတဲ့ ချက်ကို စလိုဗားကီးယားပြည်တို့က တောင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် ဓနရှင်တွေရဲ့ စက်ရုံကြီးတွေကို သိမ်းတဲ့ နေရာမှာ လျော်ကြေး မပေးဘဲ မသိမ်းရဲလျှင် နောက်လိုက် အနည်းငယ်မျှသာ ရှိတဲ့ ကုလားပြည်က ကုလား ကွန်မျူနစ်ပါတီ ခေါင်းဆောင်၊ ဗမာ ကွန်မျူနစ် ပါတီတွေ ပြောနေကြတဲ့ ဂျီရှိတို့လောက်ကို အားကိုးပြီး အင်္ဂလိပ်ပိုင် ပစ္စည်းတွေကို ကျွန်တော်တို့ အလကား မသိမ်း ရဲဘူး။ သိမ်းလျှင် ကမ္ဘာ့ကုလသမဂ္ဂ အသင်းကြီးကလဲ ခံမှာ မဟုတ်ဘူး။ ကမ္ဘာ့ရာဇဝင်မှာ ထုံးတမ်း အစဉ်အလာက တခါမှ မရှိဘူးဘူး။ ကွန်မျူနစ် တိုင်းပြည်တွေမှာတောင် ကွန်မျူနစ်ခေါင်းဆောင်တွေ မလုပ်ရဲတဲ့ ကိစ္စတွေ ကျွန်တော်တို့ အစိုးရက မလုပ်လို့ ကွန်မျူနစ်တွေက အပြစ်တင်တာဟာ မှန်သလား၊ မမှန်ဘူးလား ဆိုတာ တိုင်းပြည် လူထုက စဉ်းစားကြည့်ကြပေတော့။

အချို့နဲ့ ကျွန်တော်ဘို့ ကိုယ်တိုင် ဆွေးနွေး ခဲ့တယ်။ ဘာကြောင့် လျော်ကြေးပေး ရသလဲဟု မေးတဲ့ အခါ အဓိပ္ပါယ် ရှိသော မျက်နှာနှင့် ပြုံးရယ်ပြီး အခြေအနေ မပေးလျှင် မဖြစ်လို့ ပေးရတယ်လို့ ပြန်ပြောတယ်။ ကမ္ဘာစစ်ကြီး အပြီး တွင်မှ လုံးကွန်မျူနစ်၊ ဆိုရှယ်လစ်များက စံနမူနာ အဖြစ် လိုလားကိုးစားတဲ့ ဒီတိုင်းပြည် နှစ်ပြည်မှာတောင် နိုင်ငံခြားသားပိုင် ပစ္စည်း တွေကို အစိုးရပိုင် လုပ်တဲ့အခါမှ လျော်ကြေး ပေးရတယ်။ ဒီအကြောင်းကို မသိဘဲနဲ့၊ သို့မဟုတ် မသိချင်ယောင် ဆောင်ပြီတော့ ကွန်မျူနစ်တွေက ဒီတိုင်းပြည် နှစ်ပြည်မှာ လျော်ကြေး မပေးဘဲ သိမ်းတယ်လို့ တရားဟောနေကြတယ်။ ကွန်မျူနစ် တွေက သတ္တိရှိလျှင် နိုင်ငံခြား သတင်းထောက်တွေကို သူတို့ပြောတဲ့အတိုင်း သတင်းပေးစေချင်တယ်။ ဒါမှတစ်ပါး နိုင်ငံက ကွန်မျူနစ်တွေက ဗမာပြည် ရှိတဲ့ ကွန်မျူနစ်တွေဟာ ဗဟုသုတ တယ်နည်း ပါကလား။ ဒါမှ မဟုတ် ညစ်ပတ်ပါကလား ဆိုတာ သိမယ်။ ဒီဘိုင်းပြည် နှစ်ပြည် သာလျှင် မဟုတ်ဘူး။ ဆိုရှယ်လစ် ဝါဒကို ကျင့်သုံးတဲ့ ဘယ်ဘိုင်းပြည်မှာ မဆို တိုင်းပြည် တပြည်က စစ်အနိုင်ရလို့ ရှုံးတဲ့တိုင်းပြည်ရဲ့ ပစ္စည်းတွေကို သိမ်းတာကလဲ လို့ သာမန် အခါ နိုင်ငံခြားသား ပစ္စည်းဘေ့ကို သိမ်းရိုးထုံးစံ မရှိဘူး။ သိမ်းလျှင် လဲအသိမ်းခံရတဲ့ တိုင်းပြည်ကမခံဘူး။ ချက်ကိုစလိုဗားကီးယားပြည်နှင့် ယူဂိုစလေး ဗီးယားပြည်မှာ ဂျာမန်ပိုင် ပစ္စည်းတွေကိုတော့ အလကားသိမ်းတာ မှန်ပါတယ်။ ဖက်ဆစ်ဂျာမန်တွေက စစ်အဘွင်းမှာ ဒီနှစ်ပြည်ကို အုပ်ချုပ်ထားပြီးတော့ ဂျာမန် စစ်ရှုံးတဲ့အခါမှာ ဂျာမန်သူဌေးဘေ့ပိုင်တဲ့ ပစ္စည်းတွေ၊ ဖက်ဆစ် ဂျာမန် စစ်တပ် တွေကို အားပေးကူညီဘဲ့ တိုင်းရင်းသား သစ္စာဖောက်တွေပိုင်တဲ့ ပစ္စည်းတွေကို လျော်ကြေးမပေးဘဲ သိမ်းတယ်။

ဒါတွင် မကဘူး။ ချက်ကိုစလိုဗားကီးယားပြည်မှာ ဆိုလျှင် စစ်ကြီး အပြီး မှာ တိုင်းပြည်မှာ ရှိဘဲ့ ဟစ်တလာတပည့် ဂျာမန်လူမျိုး တသန်းကျော်ကို ဂျာမန် ပြည်သို့ ပြန်မောင်း ထုတ်ပစ်လိုက်တယ်။ ဒါကတော့ မထူးဆန်းဘူး။ တရုပ် ကလဲ စစ်ရှုံးတဲ့ ဂျပန်ပိုင်ပစ္စည်းသိမ်းတာဘဲ။ အဲသည်လိုတော့ ကျွန်တော်တို့လဲ လုပ်နိုင် ပါတယ်။ ကျွန်တော်တို့နဲ့ စစ်ဖြစ်နေတဲ့တနေရာမှာ စစ်ရှုံးဘဲ့ ဂျပန်ပိုင် တိုက်သုံး လေးလုံး ရန်ကုန်မှာ ရှိတယ်။ အဲဒါတွေ ကျွန်တော်ဘို့ သိမ်းနိုင်ပါတယ်။ လျော်ကြေးမပေးဘဲနဲ့ သိမ်းဖို့ကြိုးစားတဲ့ နမူနာတခုရှိတယ်။ ၁၉၃၈ ခုနှစ်တုန်းက မက်ဆီကိုပြည်မှာ သမ္မတ ကာဒင်နာ ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်ဝါဒအစိုးရ တက်လာတယ်။ အဲဒီအစိုးရက အမေရိကန် လူမျိုးတွေပိုင်တဲ့ ဒေါ်လာသန်းပေါင်း နှစ်ရာ ကျော်တန်တဲ့ ရေနံဘွင်းတွေကို လျော်ကြေး မပေးဘဲ သိမ်းတယ်။ အမေရိကန်

ကြေးမြီကိစ္စ

ဗမာပြည်မှာ တင်ရှိနေတဲ့ အကြွေး၊ ယခုနှစ် စာရင်းတွက်ကြည့်တဲ့ အခါ ကုဋေ ၁၀၇.၈ ရှိပါတယ်။ ရွက်တရက်ကြည့်လိုက်လျှင် ဒီအကြွေးတွေဟာ ကြောက်စရာ လန့်စရာတွေဘဲ။ ဒါပေမဲ့ သေသေချာချာ စဉ်းစားယင် စိုးရိမ်စရာ ဘာမှမရှိပါဘူး။ အကြွေးဟာ လူပေါ်မှာတင်တင်၊ တိုင်းပြည်ပေါ်မှာတင်တင် မကောင်းဘူး။ ဒါပေမဲ့ အလုပ်ကြီး အကိုင်ကြီး လုပ်တဲ့လူတွေ ကုမ္ပဏီတွေထဲမှာ အကြွေးကင်းတာမရှိသလိုဘဲ ဘယ်တိုင်းပြည်မှာ ကြည့်ကြည့် ဘယ်အစိုးရမဆို အကြွေးကင်းတဲ့ အစိုးရမရှိဘူး။ အကြွေးများတာနဲ့ နည်းတာဘဲ ကွာတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ဆက်မပြောခင် ကျွန်တော်တို့ လက်ရှိ အကြွေးတွေ ဘယ်လို ရလာတယ်ဆိုတာကို သိဖို့လိုတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ၁၉၃၇ ခုနှစ်မှာ ဗမာပြည်ကို ကုလားပြည်မှ ခွဲသည့်အခါ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ကျွန်တော်တို့ အမေခွဲရတာ ဒီတုန်းက ကုလားဗဟို အစိုးရငွေနှင့် ဆောက်ထားတဲ့ ဗမာပြည်မှာရှိတဲ့ မီးရထား၊ စာတိုက်၊ ကြေးနန်း အစရှိတဲ့ ပစ္စည်းတွေ ရလိုက်တဲ့ အတွက် ၃၉ ကုဋေ၊ ပင်စင်အတွက် ငါးကုဋေကုန်ကျတယ်။ ပြီးတော့ ကုလားအစိုးရရဲ့ အထွေထွေအတွက် တင်ရှိတဲ့ အကြွေးတွေရဲ့ ၇.၅ ရာခိုင်နှုန်းကို ခွဲယူရတာဂ ၁၂.၀၅ ကုဋေကျတယ်။ အဲဒီလို အကြွေးတွေခွဲတုန်းက ဗမာပြည် အစိုးရနဲ့ကုလားပြည်အစိုးရ အတော်ကလေး အငြင်းအခုံ ဖြစ်ကြတယ်။ နှစ်ဖက် အစိုးရက တင်တဲ့ ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ပေးတယ်။ ထိုခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ထိုအချိန်အခါမှာ ရှိတဲ့ ဝန်ကြီးအဖွဲ့က လက်ခံခဲ့တယ်။ ဒီအကြွေးတွေကို နှစ်စဉ် ဗမာပြည် အစိုးရက အရင်းရော အတိုးပါ အလီလီပြန်ဆပ်နေတယ်။ ကမ္ဘာစစ်ကြီးဖြစ်တဲ့ အတွက် စစ်ကြီးအတောအတွင်း မဆပ်နိုင်လို့ အတိုးတက်နေတဲ့ ငွေက ကုဋေ ၈.၄၂ ကျနေတယ်။ ပေါင်းလိုက်ရင် ကုလားပြည် အစိုးရကို ပေးရန် အကြွေးငွေ ၆၂ ကုဋေ နီးနီးရှိနေတယ်။

စစ်ကြီးအတွင်းမှာ ကုလားပြည်ရဲ့ တပ်ဦးအဖြစ်နဲ့ ဗမာပြည်က ဂျပန်စစ်ရှင်ကို ခုခံတိုက်ခိုက်ရသဖြင့် ဗမာပြည် နစ်နာပျက်စီးရသောကြောင့် ကုလားပြည် အစိုးရရဲ့ အကြွေးတွေကို လျော့သလောက်လျော့ရန် ဗမာပြည် အစိုးရက ကုလားပြည် အစိုးရနဲ့ အရေးဆိုနေတယ်။ နောက်တခါ ယခုလွတ်လပ်ရေးရလို့ အင်္ဂလိပ် အစိုးရနဲ့ အမေခွဲတဲ့အခါ အင်္ဂလိပ် အစိုးရ ဗမာပြည်သို့ စစ်အပြီး ပြန်ရောက်လာက တည်းက အစိုးရအမှုထမ်းတွေ၏ လခ၊ တိုင်းပြည် ပြန်လည်ပြုပြင်တဲ့ အတွက် ကုန်

ကျသည့် စရိတ်ငွေ၊ အထူးသဖြင့် မီးရထား လမ်းပြင်ရန် ဝယ်ရသည့် မီးရထား ခေါင်းတွဲ၊ ပစ္စည်းကရိယာ လမ်းပန်း ဆက်သွယ်ရေးအတွက် ဝယ်ရသည့် မော်တော်ကား ကရိယာ၊ လူတွေ သုံးဆောင်ရန် အတွက် အထည်အလိပ် ပစ္စည်းရာချင်း၊ အထွေထွေပေါင်း ၅၇.၁၃ ကုဋေ ကုန်ကျတယ်။ သည်ငွေတွေဟာ စစ်လျော်ကြေးတွေ မဟုတ်ဘူးဆိုတာ ရှင်းရှင်းသိဖို့ လိုတယ်။ ဒါပေမဲ့ စစ်မြေပြင် နှစ်ခါဖြစ် ပြီး တိုင်းပြည်မှာ မွဲနေသည့် အတွက် ဒီကြွေးတွေကို လျော့ပါပြော၍ အင်္ဂလိပ် အစိုးရက ကုဋေ ၂၀ လျော့ပေးတယ်။ ဒါကြောင့် အကြွေးကုဋေ ၃၇ ကုဋေကျန်တယ်။ ကုလားပြည်ကို ပေးရန်ရှိသည့် အကြွေးနှင့် အင်္ဂလိပ် အစိုးရကို ပေးရန် ရှိသည့် အကြွေးပေါင်းလျှင် ၁၀၇.၈ ကုဋေကျတယ်။

ကြွေးဆိုတာ လူပေါ်မှာ တင်တင် တိုင်းပြည်ပေါ်မှာတင်တင်၊ မရှိလျှင် အကောင်းဆုံးဘဲ။ အဲဒါဘာမှ ငြင်းစရာ မရှိဘူး။ ဒါပေမဲ့ အကြွေးကင်းတဲ့အစိုးရ ကမ္ဘာပေါ်မှာ ဘယ်မှာမှ မရှိဘူး ဆိုတာ သတိထားဖို့လိုတယ်။ ကျွန်တော်တို့အစိုးရ အကြွေးတွေ ရွက်တရက် ကြည့်လျှင် ကြောက်စရာကောင်းတယ်။ သို့သော် တခြားတိုင်းပြည် အစိုးရအကြွေးနဲ့ နှိုင်းယှဉ် ကြည့်လျှင် သူတို့လဲ ဒီလိုပါဘဲလားလို့ သိရလိမ့်မယ်။ ပဌမတိုင်းပြည် ကြီးတွေရဲ့ အကြွေးကို ကြည့်ကြစို့။ ကမ္ဘာပေါ်မှာ တချိန်တုန်းက အချမ်းသာဆုံးဆိုတဲ့ အင်္ဂလိပ် တိုင်းပြည်ရဲ့ အစိုးရဟာ ၁၉၄၃ ခုနှစ်မှာ အကြွေး ရှေ့ဒင်္ဂါး ၁,၅၀၂ ကုဋေကျော် (ဗမာငွေ ၂၂,၃၅၃ ကုဋေကျော်) ရှိတယ်။ ပြင်သစ်ပြည်မှာ အကြွေးဗမာငွေ ၉,၀၄၈ ကုဋေကျော် ရှိတယ်။ တရုပ်ပြည်မှာ ၆၁၃ ကုဋေကျော်ရှိတယ်။ ဒါတွင်လား ကမ္ဘာပေါ်မှာငွေလိုတဲ့တိုင်းပြည်တွေကို ငွေထုတ်ချေးနေတဲ့ အချမ်းသာဆုံးဆိုတဲ့ အမေရိကန် အစိုးရရဲ့ အကြွေးကို ခင်ဗျားတို့သိရဲ့လား။ အမေရိကန်ဒေါ်လာနဲ့ ၁၀,၁၀၀ (ဗမာငွေနဲ့ ၇၀,၃၅၀ ကုဋေ) ရှိတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းဖြစ်တဲ့ ကုလားပြည် အစိုးရမှာ ၁၉၄၂ ခုနှစ်က အကြွေး ၁,၂၄၇ ကုဋေရှိတယ်။ ကမ္ဘာပေါ်မှာ ကွန်မျူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီက စံနမူနာအဖြစ် ကိုးစားနေတဲ့ ရုရှားပြည်မှာ စစ်မဖြစ်မီ ၁၉၃၃ ခုနှစ်က အကြွေး အမေရိကန်ဒေါ်လာ ကုဋေ ၂၀၀ ကျော် (ဗမာငွေ ကုဋေ ၇၁၀ ကျော်) ရှိတယ်။ အခုစစ်ပြီးမှ ဒီအကြွေးတွေ အများကြီးတက်သွားတယ်။ ရုရှားကိုယ်တိုင် အမေရိကန်ပြည်နဲ့ အင်္ဂလိပ်ပြည်ကို စစ်အတောအတွင်းက ချေးယူထားတဲ့ အကြွေးကို ပေးစရာရှိနေသေးတယ်။

ဒီတိုင်းပြည်တွေက တိုင်းပြည်ကြီးလို့ ထားပါအုံး။ တိုင်းပြည်ကလေးတွေမှာလဲ အကြွေး မနဲပါဘူး။ ဩစတေးရီးယားပြည်မှာ ၁၉၄၃ ခုနှစ်က အကြွေး ဗမာငွေ

အမျိုးသားကြေးမြီစာရင်း

တိုင်းပြည် (၁)	နှစ် (၂)	အမျိုးသားငွေ (ကုဋေ) (၃)	အမေရိကန်ဒေါ်လာ (ကုဋေ) (၄)	ပမာဏ (ကုဋေ) (၅)
အမေရိကန်	၁၉၄၄	၂၀၁၀၀၀ ၃	၂၀၁၀၀၀ ၃	၇၀၃၅၁၀ ၀၅
အင်္ဂလိပ်	၁၉၄၃	၁၅၀၂၂၀ ၀	၆၃၀၆၀ ၆	၂၂၃၅၃၀ ၁၀
ရုရှား	၁၉၄၃ စစ်မဖြစ်မီ	၁၀၀၀၀ ၉	၂၀၀၀ ၁၈	၇၀၀၀ ၆၃
တရုပ်	၁၉၄၂	၃၃၀၀၀ ၀	၁၇၅၀ ၃၃	၆၁၃၀ ၆၆
ပြင်သစ်	၁၉၄၃	၁၂၅၅၀၀၀	၂၆၁၃၀ ၂၉	၉၁၄၀၀ ၂၀၇
ကုလားပြည်	၁၉၄၂	၁၂၄၇၀ ၁၄	၃၂၃၀ ၄၂	၁၂၄၇၀ ၁၄
အီတလီပြည်	၁၉၄၃	၄၀၅၀၂၀ ၃	၂၀၅၇၀ ၆၄	၇၂၀၁၀ ၂၄
ယိုးဒယားပြည်	၁၉၄၁	၀၀ ၉၅	၂၀ ၉၂	၁၀၀ ၂၂
တူရကီ	၁၉၄၃	၁၃၀၀	၁၀၀၀ ၆၀	၃၅၂၀ ၃၀
ယူဂိုစလေးဗီးယား (ကွန်မျူနစ်အစိုးရ)	၁၉၄၂	၃၀၅၃၀ ၃	၆၀၀ ၃၉	၂၃၉၀ ၃၆၅
အိုင်ယာလန်ပြည်	၁၉၄၃	၇၀ ၇၃	၂၉၀ ၉၀	၁၀၇၀ ၉၃
ဩစတေးလီးယား	၁၉၄၃	၁၁၀၀ ၇	၃၅၅၀ ၉	၁၂၄၅၀ ၆၅
ချက်ကိုစလိုဗားကီးယားပြည်	၁၉၃၀ စစ်မဖြစ်မီ	၄၇၀၉၀ ၄	၁၆၃၀ ၂၉	၅၇၁၀ ၅၁၅
ဘူလ်ဂေးရီးယား (ကွန်မျူနစ်အစိုးရ)	၁၉၄၂	၄၀၀၀	၄၉၀ ၄	၁၇၂၀ ၉၀
နယူးဇီလန်	၁၉၄၃	၄၆၀ ၃၀	၁၅၀ ၃၆	၅၂၆၀ ၂၆

ဤကား နု-အက်တလီ စာချုပ်နှင့် စပ်လျဉ်း၍ ကွန်မျူနစ်များ၏ ဝေဖန်ပြစ်တင်ချက်များကို ဝန်ကြီး ဦးကျော်ငြိမ်းက ရှင်းလင်းချေပရာ၌ ဖော်ပြအပ်သော နိုင်ငံခြားအစိုးရတို့၏ ကြေးမြီ စာရင်း ဖြစ်လေသည်။

၁,၂၄၅ ကုဋေကျော် ရှိတယ်၊ အိုင်ယာလန်မှာ ပမာဏ ၁၀၅ ကုဋေကျော်ရှိတယ်။ တူရကီမှာ ၃၂၅ ကုဋေ ကျော်ရှိတယ်။ နယူး ဇီလန်မှာ ၅၂၆ ကုဋေကျော်ရှိတယ်။ စစ်အတွင်းမှာ အများကြီး တက်သွားပြီ။ မာရှယ် တီးတိုးတို့ အုပ်ချုပ်တဲ့ ယူဂို စလေးဗီးယားပြည်မှာ ၁၉၄၂ ခုနှစ်က ပမာဏ ၂၃၉ ကုဋေကျော် ကြေးရှိတယ်။ ၁၉၃၀ ခုနှစ် စစ်မဖြစ်မီက ချက်ကိုစလိုဗားကီးယားပြည်မှာလဲ အကြွေးတွေ ၅၇၁ ကုဋေကျော် ရှိတယ်။ ယခု တက်သွားပြီ။ ဒီကြွေးစာရင်းတွေကို အစုံအလင် ကျွန်တော် ဇယားနဲ့ အောက်မှာ ပြထားပါတယ်။ ဒီကြွေးစာရင်းတွေကို အသေးစိတ် သိချင်လျှင် ၁၉၄၇ ခုနှစ်ထုတ် (အင်ဆိုက်ကလိုပီးဒီးယာ ဘရိတင်နိုက) စာအုပ်မှာ ရှာကြည့် ကြပါ။ ဒီတိုင်းပြည် တချို့ရဲ့ ကြွေးစာရင်းကိုသာ ကျွန်တော် ညွှန်ပြထားပါတယ်။ တခြား တိုင်းပြည်တိုင်း တိုင်းပြည်တိုင်းမှာရှိတဲ့ ကြွေးတွေ၊ အဲဒီ စာအုပ်မှာအသေးစိတ် ပါပါတယ်။

သည်ကြွေး စာရင်း တွေကို ဖတ်ကြည့်လျှင် ဘယ်ဘိုင်းပြည်မှာမှ ကြွေးမကင်းဘူး။ ရုရှား ပြည် အစရှိတဲ့ ကွန်မျူနစ်အစိုးရတွေမှာလဲဘဲ ကြွေးမကင်းဘူးဆိုတာ ထင်ရှား ပါလိမ့်မယ်။ ကျွန်တော် ထပ်ပြော ဦးမယ်။ ကြွေးတွေဟာ တပြားမှ မရှိလျှင် အကောင်းဆုံးဘဲ၊ သို့သော် မလွဲသာ မရှောင်သာလို့ တင်လာတဲ့ ကြွေးတွေကို ဘာမှ ကြောက်စရာ လန့်စရာ မရှိပါဘူး။ ကျွန်မော်တို့ဟာ ဗိုင်းပြည်ဟာ ဆန်၊ စပါး၊ ကျွန်းသစ်၊ သေတ္တာ၊ ရေနံ အစရှိတဲ့ ကုန်ပစ္စည်း တွေ ကြွယ်ဝချမ်းသာတဲ့ တိုင်းပြည်ပါ။ တိုင်းပြည်မှာ ရှိနေတဲ့ တိုင်းရင်းသား အသီးအသီး ညီညီညွတ်ညွတ် နှင့် ဆိုရှယ်လစ် စီးပွါးရေး စံနစ်အတိုင်း ဆောင်ရွက် သွားလျှင် နှစ်အနည်းငယ် အတွင်း ကြွေနိုင်တယ် ဆိုတာ ကျွန်တော် အတည့် အလင်း ပြောရဲပါတယ်။

ဥပမာ တခုဘဲ ပေးမယ်။ စစ်မဖြစ်ခင်က နိုင်ငံခြားကို ပမာပြည်က ဆန်တန်ချိန် သုံးသန်းခွဲ တင်ပို့ ရောင်းချ ရတယ်။ ဒီနှစ်ကျွဲ နွားရှားတာက တကြောင်း၊ ဓားပြ လူဆိုး ပြောက်ကျားတွေက ရွာတွေမှာ ဓားပြတိုက်၊ မိုက်ကြေးခွဲတာကြောင့် တကြောင်း၊ အဲဒီ အကြောင်းတွေကြောင့် ဆန်စပါး တန်ချိန် တသန်းခွဲသာ ရောင်းချနိုင်တယ်။ကျွန်တော်တို့အစိုးရက ဆင်းရဲသားတွေကို အလျှင်စားဖာ အစိုးရကြီးတွေ လက်ထက်က တခါမှ မပေးနိုင်တဲ့ စပါးဈေး ၃၀၀ ဈေးရအောင် ဆင်းရဲသား လယ်သမားတွေအတွက် ဆောင်ရွက်ပေးနိုင်တဲ့အပြင် ဆန်ပေါ်မှာ အမြတ်ငွေ ကုဋေ ၂၀ ရမယ်။ တိုင်းပြည်မှာ ဆိုးသွမ်းနေတဲ့ ဓားပြ၊ လူဆိုး၊ ပြောက်ကျားတွေကို တိုင်းပြည် လူထုက အစိုးရအား ကူညီပြီး နှိမ်နင်းနိုင်မယ်။ မနှစ်က ကွန်မျူနစ်တချို့ စက်ပိုင်ရှင် သူဌေးတွေနဲ့ ပေါင်းပြီး ဆန်စပါး လုတာမျိုးကို မဖြစ်အောင်

ရင်း၊လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြဿနာ အရပ်ရပ် တို့ကို ဖြေရှင်းခြင်းငှါအတွက်သော်၎င်း အလွန် အရေးကြီးသဖြင့် အောက်တွင် အကျဉ်းချုံး၍ ဖော်ပြလိုက်ပါသည်။

ဆုံးဖြတ်အတည်ပြုသော အဆိုများ

အဆိုအမှတ် (၁)

အင်္ဂလိပ်ဗမာ လွတ်လပ်ရေးစာချုပ်

နိုင်ငံသမိုင်းတွင် မကြုံခဲ့ဘူးသော တိုင်းရင်းသားအချင်းချင်း စည်းရုံးလှုပ်ရှားမှုဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် တိကျမှန်ကန်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်အတိုင်း အဆုံးသတ်နိုင်သောကြောင့် ၁၉၄၇ ခု နှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ဖြိတ်သျှလက်အောက်ခံ ကိုလိုနီနိုင်ငံဘဝမှ လုံးဝလွတ်မြောက် ပေတော့မည်။

ထို့ကြောင့် လွတ်လပ်သော ဗမာပြည်သစ်၏ နိုင်ငံသမိုင်း အခန်းသစ် တခုကို ဤအင်္ဂလိပ် ဗမာ စာချုပ်သည် စတင်ဖန်တီးတော့မည်ဟု ပြတ်သားစွာ ယုံကြည်သည့်အတိုင်း ဤညီလာခံသဘင်ကြီးက လေးနက်စွာ ထောက်ခံ လိုက်သည်။

အဆိုအမှတ် (၂)

နိုင်ငံတကာ့ရေးရာအဆို

လွတ်လပ်ရေးသည် လူဘို့၏ သဘာဝ အမွေအနှစ် ဖြစ်သည့် အားလျော်စွာ နိုင်ငံ အသီးအသီး လူမျိုး အသီးအသီးတို့သည် လွတ်လပ်ရမည်သာ ဖြစ်သည်။ သို့ နိုင်ငံတိုင်း ခံစားခွင့် ရှိသော လွတ်လပ်ရေးကို မရရှိမခံစား ရသေးသဖြင့် ဖိနှိပ်ချုပ်ချယ်လှုပ်မိုးအုပ်ချုပ်မှုကို တော်လှန်တိုက်ခိုက်နေသည့် လက်အောက်ခံ နိုင်ငံများကို တတ်စွမ်းသမျှ အကူအညီ ပေးရန် ဤညီလာခံကြီးက ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၃)

ပြန်လည်ထူထောင်ရေးအဆို

ငါတို့ ဗမာနိုင်ငံသည် ကမ္ဘာ့ တိုးတက်နေသော နိုင်ငံများနှင့် ယင်ပေါင်တန်း လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူး ရတော့မည် ဖြစ်ရာ စစ်ကြီးအတွင်း ပြိုကွဲ

တားမြစ် နိုင်မယ်ဆိုလျှင် စစ်မဖြစ်ခင်က ထွက်တဲ့ စပါးတန်ချိန် သုံးသန်းခွဲ ကျန်တော်တို့ ထွက်မယ်။ တန်ချိန် သုံးသန်းခွဲ ထွက်လျှင် ဆန်အပေါ်ကချည်း အမြတ်ငွေ ၄၆ ကုဋေကျော်ရမယ်။ တနှစ်လျှင် ၄၆ ကုဋေနှုန်းနှင့် ၂ နှစ်ကျော်ကျော် ဆပ်ရလျှင် တင်နေတဲ့ အကြွေးတွေ ကုဋေ ၁၀၇-ဂကို အေးအေးကလေးနဲ့ ဆပ်နိုင်မယ်။

သို့သော် ၂ နှစ်ကျော်ကျော် ဆိုတာ စကား အဖြစ်သာ ပြောရတယ်။ တိုင်းပြည်ပြန်လည် ထူထောင်ရေး အတွက် ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည်တို့ အတွက် သုံးစရာတွေရှိနေသေးတယ်။ တဖက်ကလဲ ခိုးသားဓားပြကင်းလျှင် တကမ္ဘာလုံးမှာ ရှားနေတဲ့ ကျွန်းသစ်၊ ရေနံ၊ ဒေတ်သေတ္တုတွေ ရောင်းတဲ့အတွက်ကိုလဲ သတိထားဘို့ လိုပါတယ်။ ဗမာပြည်မှာ ရှိနေတဲ့ သစ်တောတွေ နိုင်ငံခြား သူဌေးကြီးတွေအား လိုင်စင် ပြန်မပေးဘဲ အစိုးရက ကိုယ်တိုင် ထုတ်လုပ် ရောင်းချဖို့ စီစဉ် နေတယ်။ အခုနိုင်ငံခြား သစ်ကုမ္ပဏီကြီးတွေ ရနေတဲ့ အမြတ်ငွေတွေ အစိုးရက ရတော့မယ်။ အစိုးရ၏ ကိုယ်ပိုင် အဖြစ်ဖြင့် တည်ဆောက်မဲ့ စက်ရုံကြီးတွေ ရှိသေးတယ်။ အဲဒီ ကလဲတဲ့ ဗမာပြည်ဟာ နှစ်အနည်းငယ် အတွင်းမှာ ကမ္ဘာပေါ်ရှိ ကြွယ်ဝချမ်းသာတဲ့ တခြားတိုင်းပြည်တွေနှင့် ယင်ပေါင်ချင်း ယှဉ်နိုင်မယ်။ စည်ပင်သာယာ ဝပြောတဲ့ တိုင်းပြည် ဖြစ်လာမှာ မုချဘဲဟု ကျွန်တော် အာမည့်အာလင်း ပြောရဲတယ်။ လွတ်လပ်တဲ့ တိုင်းပြည်မှာ လွတ်လပ်တဲ့ လူမျိုးတွေ အဖြစ်နဲ့ လွတ်လပ်တဲ့ လူမျိုးတွေရဲ့ တာဝန်ကို ညီညီညာညာနှင့် ကြိုးစား ဆောင်ရွက်သွားကြဖို့သာ အရေးကြီးပါတယ်။”

လွတ်လပ်ရေးနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း

ဖ ဆ ပ လ အဖွဲ့ကြီးသည် နု-အက်တလီ စာချုပ်မှ ပေါက်ဖွားလာမည့် နိုင်ငံတော် လွတ်လပ်ရေးကြီးအကောင်အထည် ဖော်နိုင်ရေးအတွက် လူထု၏ အကူအညီဖြင့် ဆက်လက်၍ အားသွန်ကြိုးပမ်းလျက် ရှိသည်ကို တွေ့ရလေသည်။ ၁၉၄၇ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကြီးကို ရန်ကုန်မြို့ မြို့မကျောင်းရှေ့ မြင်းပြိုင်ကွင်းဟောင်း အတွင်း၌ ကျင်းပ လေသည်။ ထိုညီလာခံကို ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ နေ့စဉ် ကျင်းပ၍ အရေးကြီးသော အဆို ၁၄ ချက်ကို အများသဘောတူ သတ်မှတ် ပြဋ္ဌာန်း လိုက်ကြလေသည်။ ထိုအဆိုများမှာ ဖ ဆ ပ လ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍သော်

ပျက်စီးခဲ့သော ယဉ်ကျေးမှု အဆောက် အအုံ၊ ကျန်းမာရေး အဆောက်အအုံ၊ စီးပွါးရေး အဆောက် အအုံ အစရှိသည်တို့ကို အမြန်ဆုံး ပြန်လည်ထူထောင်ရပေတော့မည်။

ဤသို့ အဖက်ဖက်တွင် ပြန်လည်ထူထောင်ရေး ပြဿနာများကို ရင်ဆိုင်ရာ၌ အခက်အခဲ အမျိုးမျိုးကို ကျော်လွှန် နိုင်ရမည် ဖြစ်သဖြင့် စိတ်ဓာတ်သစ်များ မွေးမြူခြင်း၊ ဖြုန်းတီးမှုများကို လုံးဝဖြတ်တောက်ခြင်း၊ အသုံးကို လျော့ပေါ့ခြိုးခြံခြင်း စသည်တို့ကို အပြင်းအထန် ပြုလုပ်ကြရန် အရေး တကြီး လိုပေသည်။

စစ်ပြီး ကမ္ဘာကြီးတွင် နိုင်ငံတကာ ၌ တမျိုးသားလုံး၏ လုပ်အားနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကိုအုံကြွ၍ အဟုန်ပြင်းထန်စေလျက် မဆုတ်မနစ်သော လုံ့လဝီရိယနှင့်အောင်မြင်ရမည်ဟု သန္နိဋ္ဌာန် ချကာ ပြန်လည်ထူထောင်ရေး စစ်မြေပြင်သို့ ချီတက်ကြရန် ဤညီလာခံသဘင်ကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

အဆိုအမှတ် (၄)

ပြည်ထောင်စုတိုင်းရင်းသား ညီညွတ်ရေးအဆို

ငါတို့ တိုင်းရင်းသား များသည် စည်းလုံး ညီညွတ်မှု အင်အား စုကြီးဖြင့် လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူး နိုင်ခဲ့ပြီ ဖြစ်သော်လည်း ငါတို့ ပြည်ထောင်စု နိုင်ငံတော်ကြီးကို ယဉ်ကျေးမှုအရရင်း၊ ပညာရေးအရရင်း၊ ကျန်းမာရေးအရရင်း၊ စီးပွါးရေးအရရင်း အဖက်ဖက်တွင် ပြန်လည်ထူထောင်မြှင့်တင်ရန်လုပ်ငန်းကြီးများ ရှိနေသေးသည်ဖြစ်၍ ငါတို့သည် ဆတက်ထမ်းပိုးတို့၍ သွေးစည်း ညီညွတ်သော အင်အားစုကြီးနှင့်သာလျှင် ထမြောက် အောင်မြင်စွာ စွမ်းဆောင်နိုင်မည်ဟုလုံးဝ ယုံကြည်သည့်အတိုင်း ပြည်ထောင်စု ဗမာနိုင်ငံတော်အတွင်းရှိ ငါတို့ တိုင်းရင်းသား အားလုံးသည် သွေးစည်းညီညွတ်ရေးကို ပိုမိုခိုင်ခံ့စေလျက် တည်မြဲအောင် အစွမ်းကုန် အားထုတ်ကြရန် ဤညီလာခံသဘင်ကြီးက လေးနက်စွာ ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၅)

စီးပွါးရေးစီမံကိန်းနှင့် စက်မှုလက်မှုထူထောင်ရေးအဆို

ဖ ဆ ပ လ အဖွဲ့ချုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးလိုလားသည့် အတိုင်း ငြိမ်းချမ်းရေး ရရှိရန် လူအားလုံးအဖို့လောက်ငရေး အတွက် ကုန်ပစ္စည်း ထုတ်လုပ်

ခြင်းကို စီမံကိန်းအရ စံနစ်တကျ ထုတ်လုပ် ဖြန့်ဖြူးရန် အပြင်းအထန် စီမံစိုင်းပြင်းရမည်ဟု လေးနက်စွာ ယူဆကြောင်း။

ထိုကြောင့် မြန်မာ နိုင်ငံအတွင်းရှိ လယ်ယာများကို သိမ်းယူလျက် လယ်ယာလုပ်ကိုင်သူတို့အား လုပ်ကိုင်ခွင့် ပေးပြီးလျှင် ခေတ်မှီ စက်ယန္တရား များဖြင့် စီမံကိန်း အရ ဆောင်ရွက်စေရန်၎င်း၊ မြန်မာနိုင်ငံ အတွင်းရှိ သစ်တောများကို သိမ်းယူလျက် သစ်တော အလုပ်သမားများကို လုပ်ကိုင်ခွင့် ပေးလျက် ခေတ်မှီ စက်ကရိယာ များဖြင့် သစ်လုပ်ငန်းကို စီမံကိန်း အရ ဆောင်ရွက်စေရန်၎င်း၊ မြေတွင်းမြေပြင် ပစ္စည်းထုတ်လုပ်ရေး၊ ရေအား၊လေအား၊ကုန်းကြောင်း၊လေကြောင်း၊ ရေကြောင်း၊ သယ်ယူ ပို့ဆောင်ရေးနှင့် လူသုံးပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်း ဟူသမျှကို ပြည်သူပိုင်ပြုလုပ်၍ ခေတ်မှီစက်ရုံအလုပ်ရုံများ ဆောက်လုပ်၍ စီမံကိန်း များအရ လုပ်ဆောင်ရန် လိုကြောင်း။

အထက်တွင် ဖော်ပြခဲ့သည့် စီးပွါးရေး စက်မှု လက်မှု ထူထောင်ရေး အတွက် ဖ ဆ ပ လ အစိုးရအဖွဲ့သည် ၂ နှစ်စီမံကိန်းကို အသင့် ရေးဆွဲထားပြီး ရှိလေသည်။ ငါးနှစ် စီမံကိန်းကိုလည်း ရေးဆွဲဆဲရှိနေသည်။

ဤစီမံကိန်း များကို ရှုပ်လုံးဖော်ရန် အတွက် ဖ ဆ ပ လ အစိုးရအဖွဲ့နှင့် တကွ လူထုကြီး၏ လုပ်အားများကို အစွမ်းကုန် ညှစ်ထုတ်ဆောင်ရွက် ကြရန် စက်မှုလက်မှု ထူထောင်ရန် ဤညီလာခံသဘင်ကြီးက လေးနက်စွာ ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၆)

တောင်သူလယ်သမားများအရေး အဆို

၁။ ။မြေယာစံနစ်

ဗမာပြည်ဘုင်းရှိ လယ်မြေ-ယာမြေ မှန်သမျှ တို့သည် ပုဂ္ဂလိကပိုင် ပစ္စည်းများ မဖြစ်စေရ။ ပြည်သူပိုင် ပစ္စည်းသာ လျှင် ဖြစ်စေရမည်။

ထိုမြေယာ စံနစ်အရ အောက်ပါ အဓိက လုပ်ငန်းစဉ်များကို အပြင်းအထန် လုပ်ဆောင် သွားရမည် ဖြစ်ကြောင်း။

(က) မြေယာ အမြောက် အများကို နှစ်ရှည် ဂရုံများ အဖြစ် ပေးကမ်းထားသည်ကို ဖျက်သိမ်းပစ်၍ ပြန်လည် သိမ်းယူရန်။

(ခ) လယ်ယာ မလုပ်သူများ ပိုင်ဆိုင်သော လယ်ယာမြေများကို သင့်လျော်သော နည်းဖြင့် သိမ်းယူရန်။

(ည) လယ်ယာ အလုပ် သမား သူရင်းငှါးတို့၏ လူစဉ်မှီ လူတန်းစေ့အခကြေး ငွေ ရရှိရေး အတွက် ဆောင်ရွက်ရန်။

(ဋ) လယ်ယာ ဆည်မြောင်း တာဝတမံများကို ပြုပြင် တည်ဆောက်ရန်။

(ဌ) လယ်ယာ ထွန်ရန် ကျွဲ နွား မလုံလောက်သည့် ဒေသများနှင့် လယ် ထွန်စက်နှင့် ထွန်ယက် လုပ်ကိုင် နိုင်သည့် ဒေသများတွင် လယ်ထွန် စက် ဌာနများ ဖွင့်လှစ်၍ အနှံ့ အပြား ခွါထွင် ထွန်ယက်ရန်။

(ဍ) လယ်ယာတို့ကို ခေတ်မှီ စက်ကရိယာ များနှင့် ထွန်ယက်ခြင်းကို စတင် ဆောင်ရွက်ရန်။

(ဎ) လယ်ယာတို့ကို စက်ကရိယာဖြင့် လုပ်ကိုင်သည့် လုပ်ငန်း အတွက် ဗမာ နိုင်ငံ ရာသီဥတု လယ်ယာ အခြေအနေနှင့် သင့်လျော်သည့် စူးစမ်း ရှာဖွေရေး အတွက် သုတေသန ဌာနများဖွင့်လှစ်ရန်။

ဗမာ နိုင်ငံလုံး ဆိုင်ရာ တောင်သူ လယ်သမား အစည်းအရုံးသည် ဖ ဆ ပ လ အလံတော် အောက်ရှိ တခုတည်းသော အစည်းအရုံးကြီး ဖြစ်သည့် အတိုင်း ဖ ဆ ပ လ အဖွဲ့ချုပ်၏ အင်အားစုများ အနက် အင်အားတခု ဖြစ်သည် အားလျော် စွာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဘဝတူ တောင်သူ လယ်သမား လူထုကြီးကို တိုးခွဲ စည်းရုံးသွားရန် ဤညီလာခံ သဘောကြီးက ဆုံးဖြတ်ပေးပြောင်း။

အဆိုအမှတ် (၇)

ကာကွယ်ရေး အဆို

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မိမိတိုင်းပြည် လွတ်လပ်ရန် ဖြစ်ပေါ် လာသော အခွင့်အရေးကို အရယူ၍ စည်းရုံးခဲ့သော အလွန် ပြင်းထန်သည့် လူထု အုံကြွတော်လှန် ပုန်ကန်မှုကြီး နှစ်ရပ်စလုံးကြောင့် ဖြစ်ပေါ် လာသော အခြေအနေကို တိကျ မှန်ကန်သော လုပ်ငန်းစဉ်ဖြင့် စံနစ်တကျ ချုပ်လုံး ဖောက်ကာ ကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေးကို အရယူ နိုင်ခဲ့ပေပြီ။

အနာဂတ် လွတ်လပ်သော ပြည်ထောင်စု သမ္မတ ဗမာနိုင်ငံတော်သည် ကိုယ့် ကြမ္မာကိုယ် လွတ်လပ်စွာ ဖန်တီး လိုကြသည့်ပြင် တခြားတိုင်းပြည် တခုခု၏ တိုက်ရိုက်သော်၎င်း၊သွယ်ဝိုက်၍ သော်၎င်း ချယ်လှယ်လွှမ်းမိုးမှုကို လက်မခံနိုင်ပေ။ ထို့ကြောင့် ဗမာပြည်ထောင်စု သမ္မတ နိုင်ငံတော်သည် ကိုယ့်တိုင်းပြည် ကိုယ် ကာ ကွယ်နိုင်ရန်စစ်အင်အား တောင့်တင်းသော နိုင်ငံတခု အဖြစ် ရောက်ရှိလာအောင်

(ဂ) သီးစား ချထားသော လယ်ယာအားလုံးကို သင့်လျော်သော နည်းဖြင့် သိမ်းယူရန်။

အထက်တွင် ဖော်ပြ ပါရှိသည့် နည်းလမ်း အရ သိမ်းယူပြီးသော လယ်ယာမျာ းကို လယ်မဲ့ ယာမဲ့ တောင်သူ လယ်သမား သူရင်းငှါးများအား ခွဲဝေပေးရန်။

အချိန်တိုလုပ်ကိုင်သွားရန် လုပ်ငန်းများ

အောက်ပါ လုပ်ငန်းများကို အမြန်ဆုံး စတင် လုပ်ကိုင်သွားရန် သတ်မှတ် သည်။

(၁) စီးပွါးရေး

(က) တောင်သူ လယ်သမားများ အပေါ်တွင် တင်ရှိနေသော ကြွေးမြီ ဟောင်းများ လျော့ပစ်ရေး လုပ်ငန်းကို အပြင်း အထန် လုပ်ဆောင် ရန်။

(ခ) အတိုးကြီးစား ခေါင်းပုံဖြတ်မှု မှန်သမျှကို ပြင်းပြင်း ထန်ထန် တိုက် ဖျက်ရန်။

(ဂ) တောင်သူ လယ်သမားများကို ရိုက္ခာသိုမှီးရေးနှင့် ငွေကြေး စုဆောင်း ရေးများအတွက် အပြင်း အထန် လှုံ့ ဆော်ဆောင်ရွက်ရန်။

(ဃ) တောင်သူလယ်သမားများ၏ ငွေရေး ကြေးရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းများကို အမြန်ဆုံး စတင်တည်ထောင်ရန်။

(င) စိုက်ပျိုးရေး သမဝါယမ လုပ်ငန်းများ အတွက် စီမံကိန်းများဖြင့် တိုး တက်ချဲ့ထွင်လုပ်ကိုင်ရန်။

(စ) သီးစားများ၏ ပြဿနာ များကို ဖြေရှင်းရန်။

(ဆ) သင့်လျော်သော ဒေသများ၌ စုပေါင်း ထွန်ယက်ရေး စံပြအဖွဲ့များ စတင် တီထွင်ရန်။

(ဇ) ကောက်ပဲ သီးနှံရောင်းချရေး လုပ်ငန်းကြီးကို တောင်သူ လယ်သမား များ၏ လုပ်ငန်း တခု အဖြစ် လုပ်ကိုင်သွားရန်။

(စျ) တောင်သူ ‘လယ်သမားတို့၏ သုံးကုန် ပစ္စည်း မှန်သမျှကို တောင်သူ လယ်သမားတို့၏ လက်သို့ တိုက်ရိုက် ပေးပို့ရေးအတွက် ဆောင်ရွက် ရန်။

ဖန်တီး ရပေမည်။ ထိုသို့ ဖန်တီးရေးအတွက်–

၁။ ဗမာပြည်ထောင်စုသည် လူဦးရေ နည်းပါးသောကြောင့် တိုင်းရင်းသားများသည် လူမျိုးစု အလိုက် အချိုးကျ တာဝန်ယူ၍ တိုင်းပြည် ကာကွယ်ရေးအတွက် အင်အား စုပေါင်းတာဝန် ယူကြရန်။

၂။ လူဦးရေ နည်းပါးသဖြင့် ၎င်း၊ ဘဏ္ဍာရေး အခြေအနေ အင်အား နည်းပါးသဖြင့်၎င်း ဗမာပြည်ထောင်စု အခြေအနေနှင့် အသင့်လျော်ဆုံး အကောင်းဆုံး ဖြစ်သော

(က) ဗမာပြည်ထောင်စု တပ်မတော်ကို ပြည်သူ့ တပ်မတော်အဖြစ် တည်ဆောက်ရန်။

(ခ) အမြဲတမ်း တပ်အင်အားကို လုံလောက်ရုံထား၍ အရံအင်အားစု တိုးချဲ့ရန်။

(ဂ) စစ်ပညာ မူလတန်းကို တိုင်းရင်းသားတိုင်း မသင်မနေရ ပညာ အဖြစ် ရောက်ရှိအောင် စီစဉ်ရန်။

(ဃ) ပြည်သူ့တပ်မတော်တွင် တိုင်းပြည်ကို အသက်ပေး၍ ဆောင်ရွက်ကြသော တပ်မတော် အင်အားစုများသည် (ကုန်းတပ်၊ ရေတပ်၊ လေတပ်) မျှတသော အကျိုး ခံစားခွင့်ကို ရရှိအောင် စီစဉ် ပေးရန်။

၌ ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကြီးက လေးလေးနက်နက် ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၇)

လွတ်လပ်ရေးတိုက်ပွဲတွင်ကျဆုံးသူများနှင့် အလုပ်မလုပ်နိုင်အောင် ဒဏ်ရာရသူများအား လျော်ကြေးပေးရေးအဆို

ပြည်ထောင်စု အစိုးရသည် ဗမာလူထု၏ အစိုးရ ဖြစ်သည့် အလျောက် ဗမာလူထု၏ကိုယ်စား တော်လှန် ပုန်ကန်ရေး တိုက်ပွဲတွင် ကျဆုံးလေပြီးသော ရဲဘော်တို့၏ မှီခိုနေသူ သား၊ သမီး ၊ ဇနီး မိဖများနှင့် အလုပ် မလုပ်နိုင်အောင် ဒဏ်ရာရရှိသော ရဲဘော်များကို လွတ်လပ်သော တိုင်းပြည်များ၏ အစိုးရများက လျော်ကြေးပေးသည့် စံနစ်များကို စံထား၍ ဗမာပြည် ထောင်စု အစိုးရ၏ ဘဏ္ဍာရေး အခြေအနေနှင့် ထောက်ချင့်ကာ အမြန်ဆုံး လျော်ကြေး ခြီးမြှင့်ထောက်ပံ့ရန် ၌ ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကြီးက ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၉)

အလုပ်သမားအရေး အဆို

နှစ်ပေါင်း တရာကျော်မျှ မလွတ်လပ်သော ကျွန်ဗမာပြည်တွင် အဆင်းရဲဆုံးပန်းဆုံး အညှဉ်းဆဲ အနှိပ်စက်ခံရဆုံး လူ့အခွင့်အရေး ဟူသမျှ ဆုံးရှုံး လက်လွှတ်ခံရသော အလုပ်သမား လူထုကြီးသည် ဗမာ့ လွတ်လပ်ရေး တိုက်ပွဲ ဟူသမျှတွင် တပ်ဦးမှ နေ၍ အသက်စည်းစိမ် အိုးအိမ်တို့ကို စွန့်လွှတ်ကာ အရေ အတွက် အများဆုံး နစ်နာဆုံးရှုံးပါဝင်တိုက်ခဲ့ရသော မျော်မှန်းချက်သည် နိုင်ငံရေးအားဖြင့် တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရုံမျှ အဓိပ္ပါယ် မပြည့်ဝဆည့် သာမန် လွတ်လပ်ရေးမျှကိုသာ ရည်ရွယ်ခဲ့သည် မဟုတ်၊ အလုပ်သမား။ လယ်သမားသွေးစုတ် ညှဉ်းပန်းခံလူတန်းစား ဆင်းရဲသား လူထုကြီး အားလုံးအတွက် သက်သက် ဖြစ်ပေကြောင်း။

လွတ်လပ်သော ဗမာ နိုင်ငံတော် အတွင်း တိုင်းပြည် ပြန်လည် ထူထောင်ရေးသည် အဓိကလုပ်ငန်းဖြစ်သည်နှင့် အမျှ ထိုလေးလံလှသော ဝန်ထုပ်ဝန်ပိုးကို အလုပ်သမားတို့သာလျှင် နှစ်ဆတိုး၍ အစွမ်းကုန် လုပ်အားကို ထုတ်နုတ်သုံးစွဲကြိုးပမ်းရမည်သာ ဖြစ်ရာ အလုပ်သမား လူတန်းစားတို့၏ နေထိုင်စားသောက်ရေးနှင့်၊ လူနေမှု အဆင့်အတန်း တိုးတက် ကောင်းမွန် လာရေးတို့ကို စိမံဆောင်ရွက် လိုပေကြောင်း။

(က) ထိုသို့ လူနေမှု အဆင့်အတန်း တိုးတက် ကောင်းမွန်စေရန်မှာ အရင်း အနှီးကို အကြောင်းပြု၍ အမြတ် ရမှုတခုတည်း အတွက် သွေးစုတ် ခေါင်းပုံဖြတ် စံနစ်ဆိုးတို့၏ တည်ရာ မှီရာ ဖြစ်သော အရင်းရှင်စီးပွါးရေး အဆောက် အအုံ ဟူသမျှ ပြည်သူပိုင် ဖြစ်မှသာလျှင် ပြီးမြောက်အောင်မြင် နိုင်မည်ဖြစ်သဖြင့် ဗမာနိုင်ငံတော် အစိုးရအဖွဲ့က အချိန်အခါ အလျောက် သင့်လျော်သော နည်းမျိုးစုံဖြင့် ပြည်သူပိုင် အဖြစ် သိမ်းယူရန်။

(ခ) စစ်မြေပြင် နှစ်ကြိမ် တိုင်တိုင် ဖြစ်ခဲ့ရသော ဗမာပြည်တွင် စီးပွါးရေး အဆောက်အအုံ ပျက်စီးခဲ့ရ၍ငင်း၊ နိုင်ငံခြား အရင်းရှင်တို့၏ လေးကန်စွာ ပြန်လည် ထူထောင်ရေးကို ဆုတ်ဆိုင်း လုပ်ကိုင်ခဲ့၍ငင်း၊ ကြောက်မက်ဖွယ် အလုပ်လက်မဲ့ ပြဿနာနှင့် ရင်ဆိုင် တွေ့နေရသဖြင့်

အဆိုအမှတ် (၁၀)

လာဘ်ပေးလာဘ်ယူနှင့် အာဏာအလွဲသုံးစားပြုမှု ပပျောက်ရေးအဆို

အစိုးရအမှုထမ်းများကဂင်း၊ နိုင်ငံရေးသမားများကဂင်း၊ လူထုကဂင်း၊ လာဘ်ပေး လာဘ်ယူမှုနှင့် အာဏာအလွဲသုံးစား ပြုမှုတို့ကို လုံးဝရှောင်ကြဉ်ကြရန် ဤညီလာခံကြီးက လေးနက်စွာ တိုက်တွန်း မေတ္တာ ရပ်ခံကြောင်း။

အဆိုအမှတ် (၁၁)

ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်ဖျက်ဆီးသော အင်အားစုများကို ရှုံ့ချရေးအဆို

နိုင်ငံသမိုင်း သဘောအရ ယခု ရောက်ရှိနေသော ကာလ အပိုင်းအခြားသည် ပြောင်းကူးချိန် ဖြစ်ပေသည်။ ဤပြောင်းကူးချိန်တွင် အဖြစ်အပျက်တို့သည် လျှပ်ပြက်သည့် အလား လျင်မြန်တတ်ပေသည်။ အလွန် သိမ်မွေနူးညံ့သော ဤပြောင်းကူးချိန်တွင် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု၏ ကြပ်တည်းခက်ခဲသော ရာဇဝင်သမိုင်းတာဝန်ကို ကျေပြန်အောင် ထမ်းဆောင်နေခိုက် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး တော်မှန်တည်ဖြောင့်သော တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ပျက်စီးဆုံးပါးစေမည့် ကြိုးပမ်းအားထုတ်မှုမျိုးကို လက်ခံလျက်ရှိသည့် ပြည်ဘင်း ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်ဖျက်ဆီးနေသော အင်အားစုများသည် ပြည်ထောင်စု သမ္မတမဟာနိုင်ငံတော်၏ ရရှိပြီး ရရှိဆဲအောင်မြင်မှုတို့ကို ဖျက်ဆီးဖြို့ခဲ့ရာ ရောက်သည်ဟု ယူဆသဖြင့် တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ပျက်စီးဆုံးပါးစေမည့် ကြိုးပမ်းအားထုတ်မှုမျိုးကို လက်ခံလျက်ရှိသည့် ပြည်တွင်း ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက် ဖျက်ဆီးနေသော ထို အင်အားစုတို့ကို ဤ ဖ ဆ ပ လ ပြည်လုံးကျတ် ညီလာခံကြီးက ပြင်းပြင်း ထန်ထန် ရှုံ့ချကြောင်း။

အဆိုအမှတ် (၁၂)

အမျိုးသမီးအဆို

(က) ကမ္ဘာ့အမျိုးသမီးများ၏ တိုးတက်လျက်ရှိသည့် ကျန်းမာ သန်စွမ်း

ထိုအလုပ် လက်မဲ့ ပြဿနာကို အဆောတလျင် ဖြေရှင်း နိုင်ရန်သာမက ဗမာပြည်တွင် အရေးတကြီး လိုနေသော ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လုပ်ငန်းအလိုက် ပညာသင် ဌာနများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြား ပညာတော်သင်များ အထူး ပို့မိုစေလွှတ်ခြင်း၊ ပြည်တွင်း လုံလောက်မှုအတွက် စက်မှု လုပ်ငန်း သစ်များ တီထွင်ခြင်း၊ နိုင်ငံခြားမှ အလုပ်သမား သစ်များကို သွတ်သွင်းခြင်းမှ ကြပ်မတ် ပိတ်ဆို့ တားဆီးရန်။

(ဂ) အလုပ် သမားတို့၏ ဘဝအခြေအနေနှင့် တိုက်ရိုက် ဆက်သွယ် သက်ဆိုင်နေသော အမှု ကိစ္စများအတွက် လုပ်ခကြေးငွေ သတ်မှတ်ရေး အဖွဲ့တခု ဖွဲ့စည်းပေးရန် အလုပ်ချိန် ရက်သတ္တတပတ်လျှင် အများဆုံး ၄၄ နာရီ သတ်မှတ်ပေးရန်။

(ဃ) ကျန်းမာရေး အစောင့်အရှောက် အကာအကွယ် များကို ကြပ်မတ် စီစဉ်ပေးရန်၊ အလုပ်သမားတို့၏ ရှေ့ရေး လုံခြုံမှု စီမံကိန်းများကို အမြန်ဆုံး စတင် စီမံပေးရန်။ အလုပ်ဌာနတိုင်းတွင် အုပ်ချုပ်သူနှင့် အလုပ် သမားကိုယ်စားလှယ် အညီအမျှ ပါဝင်သော တွဲဖက်ခုံများ ဖွဲ့စည်း ပေးရန်။ လုပ်ငန်းအမျိုးအစား အလိုက် အသေးစိတ်အလုပ် သမား ကာကွယ်ရေး ဥပဒေများနှင့် စောင့်ရှောက်ပေးရန်၊ အလုပ် သမားတို့အား အကာအကွယ် အတားအဆီးမရှိ စည်းကမ်းမဲ့ ငှါးရမ်း စေခိုင်းခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်နေသော ကံထရိုက်စနစ်များကို ဖျက်သိမ်း၍ စံနစ်တကျ စည်းရုံးဖွဲ့စည်း ထားသော အလုပ်သမား အစည်းအရုံးကြီးများမှ သက်ဆိုင်ရာ အလုပ်သမား အားလုံးအတွက် အကျိုး သက်ရောက် စေနိုင်မည့် လုပ်ငန်းအစီအစဉ်များဖြင့် ဆောင်ရွက် လုပ်ကိုင်သော အလုပ်သမား သမဝါယမ စံနစ်သစ်များကို သွတ်သွင်း အစားထိုးရန်။

(င) လွှတ်လပ်စွာ စည်းရုံးခွင့်နှင့် လွှတ်လပ်စွာ ဆန္ဒပြခွင့်ဟူသော အလုပ် သမား အခွင့်အရေးများကို ငြိစွန်း ထိပါးစေခြင်းမှ ကင်း၍ အလုပ် သမားတို့အဖို့ အကျိုး ကျေးဇူးများစေမည့် စံနစ်တကျ စည်းရုံးရေး လုပ်ငန်း ကိစ္စများကို နိုင်ငံတော် အစိုးရက အားပေးကူညီရန် ဤ ပြည်လုံးကျတ် ဖ ဆ ပ လ ညီလာခံ သဘင်ကြီးက လေးလေး နက်နက် တောင်းဆိုကြောင်း။

ရေးနှင့် ဗဟုသုတပြည့်စုံရေးကို ယင်ပေါင်တန်း လိုက်နိုင်ရန် အတွက် ဗမာနိုင်ငံ အရပ်ရပ်တွင် သီးသန့် ကစားကွင်းများ၊ စာကြည့်တိုက်များ ဖွင့်လှစ် ပေးခြင်း။

(ခ) ကမ္ဘာတွင် မွေးဖွားသည့် ကလေးဦးရေ အသေအပျောက် အများဆုံး ဟု ကျော်ကြားနေသည့် ဗမာပြည်၏ နို့စို့ရွယ် ကလေး သူငယ်များ နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ဆေးရုံ၊ ဆေးခန်းများ လုံလောက်စွာ ထားရှိပေးခြင်းနှင့် ကလေး စောင့်ရှောက်ရေး ဌာန များကို ဖွင့်လှစ် ပေးရန် လိုလားအပ်ပါကြောင်း။

(ဂ) လွတ်လပ်မည့် ဗမာပြည်သစ်၌ ပြန်လည် ထူထောင်ရေးနှင့် တိုးတက်မှု ကို အဖက်ဖက်မှ အကူအညီ ပေးစွမ်းနိုင်သော အိမ်ထောင် ထိန်း သိမ်းရေး ပညာနှင့် အမျိုးသမီးများနှင့် သက်ဆိုင်သည့် သူနာပြု၊ ရက်ကန်း၊ စက်ချုပ်၊ ပန်းထိုး အစရှိသည့် အိမ်တွင်းလက်မှု ဟူသာရပ် များ သင်ကြား ပေးနိုင်သည့် ကျောင်းများ ဖွင့်လှစ်ပေးရန်။

(ဃ) လွတ်လပ်သည့် ဗမာ နိုင်ငံတွင် အမျိုးသမီးများ၏ သန့်ရှင်း စင်ကြယ် ရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးကို အထောက် အထား ပြုစေ မည့် အမျိုးသမီး အလုပ်လက်မဲ့ ပပျောက်ရေးနှင့် ကယ်ဆယ်ရေး အဖွဲ့များ ဖွဲ့စည်းပေးပြီးလျှင် အမျိုးသမီး လက်ထပ်ရေး ဥပဒေတွင် အမျိုးသမီးများ အတွက် လုံလောက်သည့် အကာအကွယ် ဖြစ်စေမည့် ဥပဒေရပ်များကို ထည့်သွင်း ပြဋ္ဌာန်းပေးရန် ဤ ဖ ဆ ပ ထ ပြည် လုံးကျွတ် ညီလာခံကြီးက လေးလေးနက်နက် တောင်းဆိုကြောင်း။

အဆိုအမှတ် (၁၃)

ဖ ဆ ပ လ စည်းရုံးရေးအဆို

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် အစိတ်စိတ် အမြှာမြှာ ကွဲလျက်ရှိသော ဗမာ ပြည်ကြီးကို နိုင်ငံသမိုင်းအားဖြင့် ရခဲလှစွာသော စည်းရုံးမှုဖြင့် ဖ ဆ ပ လ အလံ တော်အောက်တွင် ပစ္စည်းမဲ့ အလုပ်သမား လယ်သမားနှင့် တော်လှန်သော လူလတ် တန်းစားများကိုလည်း၊ နယ်ချဲ့စနစ် ဖက်ဆစ်စနစ်တို့ကို ဆန့်ကျင်သော မျိုးချစ် အင်အားစုတို့ကိုလည်း၊ လူမျိုးအလိုက် တွဲထားလျက် ရှိသော တိုင်းရင်းသား လူမျိုးစု များကိုလည်း စုရုံးစေခဲ့ နိုင်ပေပြီ။

ဤကဲ့သို့ စုရုံး ပေါင်းစည်းမှုကြောင့် ရရှိသော အင်အားစု အဟုန်သည်ပင်လျှင် နယ်ချဲ့ အရင်းရှင်စနစ်၏ လွှမ်းမိုးမှုကို ဗမာပြည်ထောင်စု မြေပြင်ပေါ်မှ ပျောက် ကွယ်သွားအောင် ဖန်တီးနိုင်မည် ဖြစ်သည့် အပြင် ဤအင်အားစု အရပ်ရပ်တို့ကို စုပေါင်းလျက် တိုက်ခိုက်နိုင်ခဲ့ခြင်းကြောင့်ပင် ဗမာပြည်သူပြည်သားတို့ နှစ်ရှည်လ များ ချွေး၊ သွေး စသည့် အသက်တို့ဖြင့် ကြိုးပမ်းခဲ့ရသည့် တကယ့်လိုလားချက် အ စစ်ဖြစ်သော လွတ်လပ်ရေး ပန်းတိုင်သို့ ရောက်ခဲ့ ကြရပြီ။

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၏ တာဝန်သည် လွတ်လပ်ရေး ရပြီးဖြစ်သောကြောင့် တာဝန် ပြီးဆုံးပြီလော။ "မပြီးသေး"။ ဤရရှိသော ဗမာ့လွတ်လပ်ရေးကပင် လျှင် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးအား အလွန် အလွန် ကြီးလေးသော တာဝန်ကြီး ၂ ခုကို ပေးအပ်ခဲ့ လေသည်။ ထိုကြီးလေးသော တာဝန်ကြီး ၂ ခုကား (၁) ပြည် ထောင်စု သမ္မတ ဗမာနိုင်ငံတော်၏ လွတ်လပ်ရေးတည်တံ့ရန်နှင့် (၂) လွတ်လပ် သော ပြည်ထောင်စု သမ္မတ ဗမာနိုင်ငံတွင် လူတမ်းစေ့ နေနိုင်ရေးကို ဖန်တီးရန်တို့ ဖြစ်သည်။

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် ဈိုနက်နဲကြီးလေးသည့် ဗမာ့ လွတ်လပ်ရေး တာဝန်သစ်၊ ပြဿနာသစ်တိုက်ပွဲသစ်များကို တိုက်ခိုက်နိုင်ရန် ခွန်သစ်အားသစ်တို့ နှင့် ခွန်တိုက် အားတိုက် အဖက်ဖက်မှာ တပ်ဖြန့်၍ အသင့်ပြင်ပြီး ရှိကြရမည်။ ထိုသို့ တပ်ဖြန့်၍ တိုက်ခိုက်နိုင်ရန်....

(၁) ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး ပိုမိုတောင့်တင်း ခိုင်မာရေးအတွက် တပ်တွင်း စင်ကြယ်ရေးကို မထောက်မညာ အပြင်းအထန် ဆောင်ရွက် ရှင်းလင်း ပစ်ရန်နှင့်

(၂) တပ်အင်အားသစ် တိုးချဲ့ရေးအတွက် ဒီမိုကရေစီသစ် အင်အားစုများ ကို ဒီမိုကရေစီ စံနစ်အရ သိမ်းသွင်းစည်းရုံး တိုးချဲ့သွားရန်တို့ကို ဤ ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကြီးက ဆုံးဖြတ်ကြောင်း။

အဆိုအမှတ် (၁၄)

ပညာရေးအဆို

ဗမာနိုင်ငံတွင် ယခင်က ထားရှိခဲ့သော ပညာရေး စံနစ်သည် ဗမာနိုင်ငံ၏ ကောင်းကျိုး ချမ်းသာ အတွက် ခရီးမရောက် နိုင်ခဲ့သည့်အပြင် စစ်ကြီးကို အ ကြောင်းပြု၍ ထိုညံ့ဖျင်းသော ပညာရေး စက်ယန္တရားပင်လျှင် ရပ်ဆိုင်းသည့်

အခြေသို့ ရောက်ရှိ ခဲ့ရလေသည်။ လွတ်လပ်သည့် ဗမာပြည်ထောင်စု၏ ပြန်လည် ထူထောင်ရေး လုပ်ငန်းရပ်များတွင် ပညာရေးစက်ယန္တရားပင်လျှင် ရပ်ဆိုင်းသည့် အခြေသို့ ရောက်ရှိ ခဲ့ရလေသည်။ လွတ်လပ်သည့် ဗမာပြည်ထောင်စု၏ ပြန်လည် ထူထောင်ရေး လုပ်ငန်းရပ်များတွင် ပညာရေးကို အရေးတကြီး ထား၍ စီမံအပ် သဖြင့် အောက်ပါ အခြေခံသဘောများ ပါဝင်သည့် ပညာသင်ကြားရေး စံနစ်တခု ကို အမြန်ရေးဆွဲရန် ဤညီလာခံသဘင်ကြီးက တိုက်ဘွန်းကြောင်း။

(၁) မူလတန်း ပညာကို အခမဲ့ မသင်မနေရတိုက်တွန်းကြောင်း ရည်မှန်း၍ သင့်လျော်သော ခရိုင်တခုတွင် အမြန်စတင်၍ ဆောင်ရွက်ခြင်း။

(၂) ကျောင်းတချိုး တစားတည်း ထားရှိ၍ ပညာသင်ကြားရေး ကိစ္စကို အစိုးရ လက်အောက်တွင် ထားရှိ၍ တိုက်ရိုက် အုပ်ချုပ်ခြင်း။

(၃) အသက်မွေး ဝမ်းကျောင်း ပညာနှင့် စက်မှု လက်မှု ပညာရပ်များကို ထိရောက်စွာ အရေးယူ သင်ကြားပေးခြင်း။

(၄) ပညာရေး စံနစ်သစ်အရ မလုပ်ကိုင်မီ လက်ရှိ အခြေအနေကို ထောက် ရှု၍ ယခု အစိုးရလက်အောက်တွင် ဖွင့်လှစ် ထားသော ကျောင်းများ အတွက်

(က) အဆောက်အအုံ
(ခ) ပရိဘောဂ
(ဂ) ကျောင်းဆရာနှင့်
(ဃ) အသေးသုံး စရိတ်များကို လုံလောက်အောင် ပေးရန်

(၅) ကျောင်းဆရာများ၏ အရည်အချင်းနှင့် ယင်းတို့၏ လစာငွေများကို တိုးမြှင့် ပေးရန်။ ဤညီလာခံ သဘင်ကြီးက တောင်းဆိုကြောင်း။

အထက်ပါ အဆို ၁၄ ရပ်ကို ဖ ဆ ပ လ အဖွဲ့ကြီးသည် ၁၉၄၇ ခု ဒီဇင်ဘာလ အတွင်း၌ လွတ်လပ်ရေး၏ ရွှေတောင်ပြေး အဓိဋ္ဌာန်များ အဖြစ် တိကျ ပြတ်သားစွာ ချမှတ် နိုင်ခဲ့ကြလေသည်။ ထိုသို့ တညီဘည့်ဘတည်း ချမှတ်ခဲ့ကြသော အဆိုများ ကို အကောင် အထည် ဖော်ရန် မည်သို့ ကြိုးစားလျက် ရှိသည်။ မည်ကဲ့သို့ အောင် မြင်လျက် ရှိသည်ဘို့ကို နောက်အခန်းများတွင် ဆက်လက်၍ ဖော်ပြပေအံ့။

၈။ ။ရှေ့တော်ပြေးလုပ်ငန်းများ

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံသည် လုံးဝအချုပ် အချာ အာဏာပိုင် သမတနိုင်ငံဖြစ်လာပြီဟူ၍ ကမ္ဘာသို့ ကျေညာလိုက်၏။ ထို နေ့မှစ၍ နှစ်ပေါင်းများစွာ ဆုံးရှုံးခဲ့ပြီးသော လွတ်လပ်ရေးကြီးကို ပြည်ထောင်စု သားများသည် ပြန်လည်ရရှိခဲ့ကြ၏။ သစ်လွင်သောစိတ်ဓာတ်နှင့် အနာဂတ်အ တွက် မျှော်လင့်ခြင်းကြီးစွာဖြင့် လူထုလုပ်ငန်းများကို စတင် ဆောင်ရွက်ကြလေ သည်။ သို့ရာတွင် ဖ ဆ ပ လ အဖွဲ့ကြီးသည် လွတ်လပ်ရေးရသည့်အခါမှသာလျှင် လူထုလုပ်ငန်းများကို စတင် ပျိုးထောင်ခဲ့သည် မဟုတ်၊ လွတ်လပ်ရေး အတွက် ကြိုးပမ်းခဲ့စဉ်အခါကပင် လူထု၏စားဝတ်နေ ပြဿနာများကို အစွမ်းကုန်ဖြေရှင်းရန် ကြိုးစားခဲ့သည်ကို တွေ့နိုင်ပေသည်။

လွတ်လပ်ရေးအတွက်ကြိုးပမ်းလျက်ရှိစဉ်ကာလ၌ပင် ဖ ဆ ပ လ သည် အထိုက် အလျောက် နိုင်ငံရေးအာဏာများကို ရရှိခဲ့လေသည်။ ၁၉၄၆ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးလျက် အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့၏။ ထိုနေ့မှစ၍လွတ်လပ်ရေးရရှိသည့်နေ့အထိ ၁၅ လအတွင်း၌ ဖ ဆ ပ လ သည် လွတ် လပ်ရေးအတွက် ကြိုးပမ်းရုံမျှသာမက တဖက်တွင်လည်း လူထုလုပ်ငန်းများကို တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့သေးသည်။ ဤအခန်းတွင် လွတ်လပ်ရေး မရမီကာလ အတွင်း ဖ ဆ ပ လ၏ အရေးကြီးသော ရှေ့ပြေးလုပ်ငန်းများကို အကျဉ်းချုံး၍ ဖော်ပြပေအံ့။

ပြန်လည်ထူထောင်ရေး

မြန်မာနိုင်ငံတွင် ပုလိပ်သပိတ်ကြီးများ၊ အစိုးရအမှုထမ်းသပိတ်ကြီးများပေါ် ပေါက်၍ တိုင်းပြည်တဝှန်းတွင် အခြေအနေသည် အလွန်ဆိုးရွားလျက်ရှိလေရာ ဤကမောက်ကမတိုင်းပြည်ကြီးကို အုပ်ချုပ်ရန် ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဖ ဆ ပ လ အဖွဲ့ကြီးက ၁၉၄၆ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် လက်ခံလျက်

(၁) နေရေးထိုင်ရေးစရိတ်လျော့ပေါ့ရန်၊ ထိုစရိတ်များကို နဂိုအခြေသို့ပြန်ရောက်အောင် စီမံပေးရန်။
(၂) အလုပ်လက်မဲ့ဖြစ်နေသူ လူဦးရေလျော့သွားအောင်၊ ထို့ပြင် အလုပ်လက်မဲ့လုံးဝပျောက်သွားအောင် ပြုပြင်ပေးရန်။
(၃) လမ်းပန်းအဆက်အသွယ်များကို ပြန်လည်ထူထောင်၍ တိုးချဲ့ပေးရန်။
(၄) အိုးအိမ်ထူထောင်နိုင်အောင် စီစဉ်ပေးရန်။
(၅) ပညာရေးပြန်လည်ထူထောင်ရန်။
(၆) ပြည်သူလူအများ ကျန်းမာရေးအတွက်စီစဉ်ပေးရန်။
(၇) နိုင်ငံအုပ်ချုပ်ရေးကို စေတနာ ကောင်းစွာနှင့် သန့်ရှင်းကျေပြန်စွာ ထမ်းရွက်ခြင်းရှိအောင် ဆောင်ရွက်ပေးရန်။
(၈) နိုင်ငံငြိမ်းချမ်းသာယာလာအောင် ရွက်ဆောင်ပေးရန် အစရှိသည်တို့ ဖြစ်၏။

ဤစီမံကိန်းများမှာ ရုတ်ခြည်းဖြစ်မြောက်နိုင်သောစီမံကိန်းများ၊ အချိန်ကာလအနည်းငယ်ကြာမြင့်မှ ဖြစ်မြောက်နိုင်သော စီမံကိန်းများဟူ၍ နှစ်မျိုးနှစ်စားရှိရာ ထိုနှစ်မျိုးစလုံးကိုပင် ဒုန်တဲ့၍ စတင်ဆောင်ရွက်ခဲ့လေသည်။

မြန်မာနိုင်ငံကို နိုင်ငံခြားသားအစိုးရများ အုပ်စိုးစဉ်အခါက မိမိတို့အကျိုးဖြစ်ထွန်းမှုကိုသာ ရည်ရွယ်ခဲ့၏။ တိုင်းသူပြည်သားများအတွက် ဆောင်ရွက်ပေးသည်မှာလည်း ထိုနိုင်ငံခြားသားတို့၏ အကျိုးဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းကိုသာ ရည်သန်သဖြင့် တိုင်းသူပြည်သားတို့မှာ ပေးကားပေး၏ မရ၊ ကျေးကားကျေး၏ မဝ ဆိုဘိသကဲ့သို့ ဖြစ်နေခဲ့လေသည်။ မြန်မာနိုင်ငံစည်ပင်ဝပြောရေးမှာ ဆန်ရေစပါးပေါ်တွင် တည်ရှိနေသည် ဖြစ်သော်လည်း ဟိုခေတ် ဟိုအခါများက မြန်မာနိုင်ငံကြွယ်ဝချမ်းသာသလောက် တိုင်းတပါးသားများချမ်းသာကြွယ်ဝလျက်တိုင်းရင်းသား မြန်မာလူမျိုးအများမှာ အငတ်ငတ် အပြတ်ပြတ်၊ ဝတ်ရမဲ့စားရမဲ့၊ အိုးမဲ့အိမ်မဲ့နှင့် နေခဲ့ကြရလေသည်။ ဤအခြေအနေမျိုးမှ လွတ်ကင်းချမ်းသာခွင့်ရရန် ဖဆပလ အစိုးရက ထို ၁၅ လအတွင်းတွင် စပါးဆန်ရေ အရေးကိစ္စနှင့် ဆောင်ရွက်ချက်အခြို့ကို အကျဉ်းအားဖြင့် ဖော်ပြပေအံ့။

ရှေးအခါက မြန်မာနိုင်ငံ၏အဓိကဖြစ်သောဆန်စပါးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာလူမျိုးတို့ သိနားလည်ကြရသည်မှာ တဆင့်စကား တဆင့်ကြားသော စကားများပင်ဖြစ်၏။ မြန်မာနိုင်ငံမှတိုင်းတပါးသို့သွားရောက်၍ကိုယ်တွေ့စီစစ်ရှာဖွေစုံစမ်းလေ့လာခြင်းအမှုဘို့ကိုမပြုခဲ့ပေ။ ယခုအခါမှာထိုကဲ့သို့မဟုတ်၊ မြန်မာနိုင်ငံ

အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့လေသည်။ ထိုအချိန်မှစ၍ လုံးဝလွတ်လပ်သော တိုင်းပြည်အဖြစ် ကျေညာခြင်းမပြုမီ အခိုက်အတန့်ကာလမှာ ၁၅ လမျှဖြစ်၏။ ထို ၁၅ လ အတွင်း ဖဆပလ အစိုးရအဖွဲ့သည် နိုင်ငံသူ နိုင်ငံသားများ အကျိုးကျေးဇူးဖြစ်ထွန်းရေးအတွက် လူထု၏ အကူအညီဖြင့် မည်သို့ဆောင်ရွက်ခဲ့သည်၊ မည်မျှထမြောက် အောင်မြင်သည်တို့ကို ဆန်းစစ်ကြည့်ရှုရန် သင့်ပေသည်။

ဇာတ်ဟောင်းကြီးကို ပြန်ပြောင်း၍ကြည့်လျှင် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံစေတီတော်ကြီး၌ ဖဆပလ အဖွဲ့ချုပ် ပဌမပြည်လုံးကျွတ်ညီလာခံသဘင်တွင် ဆုံးဖြတ်ချက် ပြုလုပ်ခဲ့သော ပြဋ္ဌာန်းချက်များ အပေါ်တွင် မူတည်၍ ဖဆပလ အစိုးရတို့က ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရပေလိမ့်မည်။ ထိုပြဋ္ဌာန်းချက်တို့မှာ ဖော်ပြခဲ့ပြီးသည့် အတိုင်း နိုင်ငံရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွါးရေး၊ လယ်ယာစိုက်ပျိုးရေး၊ တောင်သူလယ်သမားများ အရေး၊ စက်မှုလက်မှုလုပ်ငန်းများအရေး၊ အလုပ်သမားများအရေး အစရှိသည်တို့ဖြစ်လေသည်။

ပဌမဦးစွာ ဖဆပလ အစိုးရအဖွဲ့က မြန်မာနိုင်ငံကို တနှစ်အတွင်းလုံးဝလွတ်လပ်ရေး ပေးပါမည်ဟု ကတိပြုရန် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲဖြစ်ပါစေမည်ဟု အတိအလင်းကျေညာရန်၊ လက်ရှိဝန်ကြီးအဖွဲ့ကို လုံးဝအာဏာနှင့် ပြည့်စုံသော အမျိုးသား အစိုးရအဖွဲ့ဖြစ်အောင် စီမံပေးရန်၊ ထိုသို့မှ မရလျှင် ဖဆပလ သည် အစိုးရအဖွဲ့မှနုတ်ထွက်၍ လူထုတိုက်ပွဲများဆင်နွှဲမည်ဟု ဗြိတိသျှတို့ထံသို့ ရာဇသံပေးခဲ့လေသည်။ ဤသည်ကိုအကြောင်းပြု၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် လန်ဒန်မြို့တော်တွင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခြင်း၊ ၁၉၄၇ ခု အောက်တိုဘာလ ၁၇ ရက်နေ့တွင် နု-အက်တလီစာချုပ် ချုပ်ဆိုခြင်းများ ပြုလုပ်လိုက်သည့်အပြင် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝကိုယ်ပိုင်လွတ်လပ်ရေးရရှိသော ပြည်ထောင်စုဆမွတနိုင်ငံအဖြစ် ရောက်ရှိလာခဲ့လေသည်။

စစ်ကြီးနှစ်ကြိမ်တိုင်တိုင်မျှဖြစ်ပွါးသည့် ဘေးဒဏ်ကိုခံစားခဲ့ရ၍ ပြာအတိကျရှိသော မြန်မာနိုင်ငံကြီးကို ပြန်လည် ထူထောင်ရန်နှင့် နိုင်ငံသစ်စီမံဖန်တီးရေး အရေးကိစ္စကိုလည်းဖဆပလအစိုးရအဖွဲ့သည်ဖင့်နှဲခြင်းမရှိ မဆိုင်းမတွ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့၏။ ၁၉၄၇ ခု ဇွန်လ ၆ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်း "ဆော်ရန်တိုဗီလာ" အဆောက်အအုံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကြီးမှူး၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းကွန်ဖရင့်ကြီးတရပ် ကျင်းပလျက်ရှစ်ရပ်သော ပြဿနာကြီးများနှင့် သက်ဆိုင်သော စီမံကိန်းများကို ရေးဆွဲခဲ့လေသည်။ ထိုပြဿနာတို့မှာ–

သို့ရာတွင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော ပရိုဂျက်စီမံကိန်းကို ဖ ဆ ပ လ အစိုးရက ၁၉၄၇ ခု နိုဝင်ဘာလ ၁၅ ရက်နေ့က ဖျက်သိမ်းလိုက်ပြီးလျှင် ယင်းနေရာတွင် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကို တည်ထောင်လိုက်ခဲ့လေသည်။

လယ်ယာကိုင်းကျန်းလုပ်ကိုင်သူများ သက်သာချောင်ချိရေးအတွက် ရည်မှန်းလျက် အစိုးရတို့ကအတည်ပြုသောဥပဒေများ၊အမိန့်များ အများအပြားပင်ရှိ၏။ ယင်းတို့မှာ လယ်ယာလုပ်ငန်းအားနည်းနေသည်ကို အားတက်ဖွံ့ဖြိုးလာစေရန် အမတော်ကြေးထုတ်ပေးခြင်း၊ ဆုတော်ငွေခြီးမြှင့်ခြင်း၊ သီးထောက်ခန့်နှုန်းများကို သတ်မှတ်ပေးခြင်း၊ မြေခွန်ယာခွန်တို့ကိုလျော့တန်သည့်နေရာတွင်လျော့ပေးခြင်း၊ ကြေးမြီရွှေ့ဆိုင်းပေးခြင်း၊ အတိုးနှုန်းထား သတ်မှတ်ပေးခြင်း အစရှိသည်တို့ဖြစ်လေသည်။

တောင်သူလယ်သမားများအတွက်

လယ်ယာကိုင်းကျန်း လုပ်ကိုင်သူတို့နှင့် တိုက်ရိုက်ဆက်သွယ်နေသော ထို ၁၅ လအတွင်း အတည်ပြုခဲ့သောတချက်လွှတ်အမိန့်များ၊ ဥပဒေများအနက် အရေးကြီးသည်တို့ကို ဖော်ပြရမည်ဆိုလျှင် –

(၁) သီးစားခကန့်သတ်ရေးဥပဒေ
(၂) အတိုးနှုန်းထားကန့်သတ်ရေးဥပဒေ
(၃) ကြေးမြီလျော့ပစ်ရေးဥပဒေ
(၄) လယ်သီးစားချထားရေးဥပဒေ
(၅) ကျွဲနွားသတ်ဖြတ်မှုပိတ်ပင်ရေးဥပဒေ
(၆) ဆန်စပါးပင်ထောင်ရောင်းဝယ်ခြင်းကို ကန့်သတ်သောဥပဒေများ ဖြစ်ကြလေသည်။

၁၉၄၇ ခု မေလအတွင်း အတည်ပြုသော လယ်ယာကိုင်းကျန်းလုပ်ကိုင်ရေး ကြေးမြီလျော့ပစ်ရေးဥပဒေမှာ မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေးမှ ကင်းလွတ်သော ၁၉၄၅ ခု အောက်တိုဘာလ ၁၆ ရက်နေ့အထိ လယ်ယာလုပ်ကိုင်ရေးနှင့်စပ်လျဉ်း၍ အစိုးရအားပေးဆပ်ရန်ရှိနေသော ကြေးမြီများပေးဆောင်ခြင်းကို ရပ်ဆိုင်းထားရန် ဥပဒေဖြစ်၏။ သို့ရာတွင် အစိုးရမဟုတ်သော အခြားမြီရှင်တို့က မိမိတို့ရသင့်ရထိုက်သောကြေးမြီများကို ဆိုင်ရာအရေးပိုင်များထံတွင် မှတ်ပုံတင်သွင်းနိုင်ရန်လည်း စီမံခဲ့လေသည်။

တော်အစိုးရက ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာပြဿနာများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများသို့ ကိုယ်စားလှယ်များစေလွှတ်ခြင်း၊ အသင်းသားအဖြစ်ဖြင့်ပါဝင်နိုင်ရန်ဆောင်ရွက်ပေးခြင်း၊ ရွေးချယ်ထားသောပုဂ္ဂိုလ်များကိုစေလွှတ်၍ နိုင်ငံခြားများတွင် စားရေရိက္ခာပြဿနာကိုလေ့လာစေခြင်း၊ ရောင်းရေးဝယ်ရေးကိစ္စများကို စုံစမ်းစေခြင်းစသည်တို့ကို စတင်ပြုလုပ်ခဲ့လေသည်။

ပမာဆိုရသော် နိုင်ငံပေါင်းစုံ အရေးပေါ် စားရေရိက္ခာ ကောင်စီအဖွဲ့ကြီး တခုရှိရာ ထိုကောင်စီအဖွဲ့၏ အရွှေအာရှတောင်ပိုင်း ဆန်စပါးကော်မီတီအစည်းအဝေးများကို စက်ပူမြို့၌ကျင်းပခဲ့၏။ ထိုကော်မီတီ၏ တတိယအကြိမ်မြောက် အစည်းအဝေးပွဲကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တို့မှာ မဲဆန္ဒပေးနိုင်သောအဖွဲ့ဝင်အဖြစ်ဖြင့် တက်ရောက်ခဲ့၍ နောက်တကြိမ် အစည်းအဝေးများကျင်းပတိုင်းလည်း တက်ရောက်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဧပြီလ အတွင်းက အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်ကြီး၌ နိုင်ငံပေါင်းစုံ အရေးပေါ် စားရေရိက္ခာကောင်စီအဖွဲ့ ဆန်စပါးကော်မီတီအစည်းအဝေးတရပ် ကျင်းပရာသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တဦး စေလွှတ်ခဲ့လေသည်။

၁၉၄၇ ခုနှစ် မေလ ၂ ရက်နေ့မှ ၂၃ ရက်နေ့တိုင်တိုင် ဟော်လန်နိုင်ငံ ဟိဂ်မြို့တွင်ကျင်းပခဲ့သော နိုင်ငံပေါင်းစုံလယ်ယာကိုင်းကျန်းစိုက်ပျိုးသူများအဖွဲ့ ကွန်ဖရင့် အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များပါဝင်ဆင်နွှဲခဲ့ကြ၏။

၁၉၄၇ ခု ဩဂုတ်လ ၂၅ ရက်နေ့ကစ၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသောစားရေရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ကွန်ဖရင့် အစည်းအဝေးတွင် လည်း မြန်မာနိုင်ငံအတွက်ကိုယ်စားလှယ်တဦးသည်. မြန်မာနိုင်ငံအခွင့်အရေးများကို စောင့်ရှောက်ကာကွယ်ရန် အကျိုးအကြောင်းထောက်လှမ်းစုံစမ်းသူအဖြစ်ဖြင့်တက်ရောက်ခဲ့၏။

အိန္ဒိယတောင်ပိုင်း တရုတ်ကိုနယ် တြိဗင်ဒရမ်မြို့တွင် ၁၉၄၇ ခု မေလ ၁၅ ရက်နေ့မှစ၍ ဇွန်လဆန်းအထိ ကျင်းပခဲ့သော ကမ္ဘာ့ပေါ်ရှိဆန်စပါးစားသောက်သုံးစွဲသောတိုင်းပြည်များပါဝင်သည့် ဆန်စပါးအကြောင်း စူးစမ်းလေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံမှကိုယ်စားလှယ်များ တက်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံကို တဖန်ပြန်၍ မသိမ်းမီ ဆန်စပါးသစ်တောအစရှိသော လုပ်ငန်းများနှင့်သက်ဆိုင်သော အစီအစဉ်များကို ပရိုဂျက်စီမံကိန်းများအဖြစ်ဖြင့် အင်္ဂလိပ်အစိုးရတို့က ရေးဆွဲပြီးနောက် ဤမမျှတသော စီမံကိန်းတို့ကို အသုံးပြုခဲ့လေသည်။

၁၉၄၇ ခု စက်တင်ဘာလ ၁၅ ရက်နေ့ကအတည်ပြုလိုက်သော ကျွဲနွားသတ်ဖြတ်မှုပိတ်ပင်ရေး အက်ဥပဒေမှာ ၁၉၄၆ ခု နိုဝင်ဘာလက အစိုးရ ထုတ်ပြန်သောအမိန့်ကို ဥပဒေသဘောအဖြစ်ပြုလုပ်လိုက်ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံလယ်ယာချောင်းမြောင်းလုပ်ကိုင်သူတို့ မှီခိုအားထားရာမှာ ကျွဲနွားများသာဖြစ်ရာ၊ ဂျပန်ခေတ်ကလည်းကိုထင်း-နွားကိုဗာင်းပြုလုပ်ခြင်းခံခဲ့ရသဖြင့် ကျွဲနွားဦးရေနည်းပါးနေသည့်အတွက် လယ်ယာလုပ်ကိုင်ရေးတွင် များစွာအနှောင့်အယှက် ဖြစ်ခဲ့၏။ ဤအမိန့်မှာ တပြည်လုံးကန့်ခြိုက်သဘောကျရုံမက ယင်း အမိန့်ကိုလေးစားကြသည်ကိုလည်းတွေ့ရ၏။

မြန်မာနိုင်ငံတွင် လယ်ယာလုပ်ကိုင်နိုင်သော မြေကေပေါင်းမှာ ၁၂ သန်းကျော် ရှိသည့်အနက် ၆ သန်းခန့်မှာ လယ်ယာလုပ်ငန်းမလုပ်ကိုင်သူတို့လက်ထဲတွင်ရောက်ရှိနေ၏။ ကျန် ၆ သန်းမှာ လယ်သမားများလက်တွင်ရှိနေသည်ဟု ဆိုရလင့်ကစား ယင်းလယ်သမားတို့မှာ နေ့စဉ်ရက်ဆက် တမိုးမှတမိုးကြေးကင်းသည်ဟူ၍မရှိပေ။ ယင်းသည့်အတွက် မြန်မာနိုင်ငံ၏သွေးကြောသဖွယ်ဖြစ်သောလယ်ယာလုပ်ကိုင်သူတို့မှာ လူစဉ်မှီသောဘဝ၊ လူတန်းစေ့သောဘဝသို့ မရောက်နိုင်ခဲ့ပေ။ ဖ ဆ ပ လ အစိုးရသည် ၁၅ လအတွင်း ဤအခြေအနေကို ပြုပြင်ပြောင်းလဲခဲ့၏။ ဤကဲ့သို့ ပြုလုပ်ရာတွင် အရေးကြီးသောအချက်တို့မှာ –

(၁) စစ်မဖြစ်မီက ဆပ်ရန်ရှိသည့် လယ်သမား အမတော်ကြွေးနှင့် သမဝါယမစိုက်ပျိုးရေးဌာနက ချေးထားသောကြွေးတို့ကို လျော့ပစ်လိုက်၏။ ယင်းဥပဒေအရ လယ်သမားများအပေါ်တွင် တင်ရှိနေသောကြွေးများကိုစစ်ဆေး၍ မူလချေးသောငွေရင်းကို စစ်ကြည့်ပြီးနောက် လယ်သမားက မြို့ရွာကိုအတိုးအနေနှင့် ပေးသည်ဖြစ်စေ၊ အရင်းအနှေးနှင့်ပေးသည်ဖြစ်စေ၊ ပေးပြီးသောငွေသည် ချေးရင်းငွေ၏ နှစ်ပြန်သော်ငင်း၊ နှစ်ပြန်ထက်ပိုခဲ့လျှင်သော်ငင်း လယ်သမားကပြန်၍ဆပ်ရန်မလိုတော့ချေ။

(၂) ထိုပြင် ချေးငွေရင်းနှစ်ဆပြည့်အောင် မဆပ်ရသေးဘဲနှင့် လယ်သမားများ၏ကြွေးကို လျော့ပစ်ရန် ပြုလုပ်ထားသည့် နည်းစံနစ်လည်း ထားရှိခဲ့လေသည်။ ဥပမာပြရလျှင် ငွေရင်း ၁၀၀ ရှိခဲ့လျှင် တလသုံးကျပ်တိုးနှင့်တွက်ပါက တနှစ်အတွက်အတိုးမှာ ၃၆ ကျပ်ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အစိုးရက ထိုအခါကငွေ ၁၀၀ ကျပ်လျှင် တနှစ်အတွက် ၆ ကျပ် ၄ ပဲသာလျှင်ယူရမည်ဟု သတ်မှတ်ထားလိုက်သဖြင့် ငွေ ၃၆ ကျပ်အတိုးပေးပြီးသူတဦးမှာ အရင်းငွေထဲသို့ ၃၀ မတ်တင်းဝင်သွားပြီဟု မှတ်ယူရမည်ဖြစ်ရာ အရင်းထဲမှ လျော့ပစ်ရ၏။ ကျန်သောအရင်း

ကိုလည်း နောက်ငါးနှစ်အတွင်း ဆပ်ပေးရန်မလိုသေးကြောင်း။ ဆပ်ပေးရန်အချိန်ကာလကို ၁၉၅၁ ခု ဒီဇင်ဘာလ ၃၁ ရက်အလွန်ဟု သတ်မှတ်ထားရာ ထိုငါးနှစ်အတွင်းလည်းအတိုးမရှိဖြစ်ခဲ့လေသည်။

(၃) လယ်သမားများ ကြွေးမြီဆင်းရဲဒုက္ခမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် အစိုးရကတောင်သူလယ်သမားများအတွက် ပဋမငွေ ၄ ကုဋေမတည်၍ ဘဏ်ဖွင့်ပေးရန်လည်း ရည်ရွယ်ခဲ့လေသည်။ ရန်ကုန်မှာဗဟိုထားပြီး နယ်များတွင်ဘဏ်ခွဲများဖွင့်လှစ်ရန်စီမံခဲ့ရာလယ်သမားတိုင်းအစုငွေထည့်ရန်လည်းရည်ရွယ်ခဲ့ကြောင်း။ အစုငွေထည့်ဝင်ခြင်းအားဖြင့် ကျေးဇူးခံစားခွင့်ရှိမည်မှာ အစု၏ အဆနှစ်ဆယ်ကို ချေးယူနိုင်ပေလိမ့်မည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှိဝင်ဘာလ ၁၄ ရက်နေ့က လယ်ယာစိုက်ပျိုးရေးဝန်ကြီး သခင်တင်က သတင်းစာဆရာများကို ရှင်းလင်းဟောပြောချက်မှာ များစွာအလျဉ်းသင့်သဖြင့် ကောက်နုတ်ချက်ကို ဖော်ပြလိုက်ပါသည်။

"ငွေ ၅၀ ရှိလျှင် လုပ်ထားတဲ့ဥပဒေမူက အစုရဲ့အဆနှစ်ဆယ်ချေးနိုင်မယ်ဆိုတော့ ငွေ ၁၀၀၀ ချေးနိုင်ပါတယ်။ ဒီငွေကိုမြို့အုပ်ထံသွားထုတ်နေဖို့ မလိုဘူး။ အစည်းအဝေးကျင်းပပြီး အသင်းသားတွေ့ရှေ့မှာ ထုတ်ပေးနိုင်ပါတယ်။ ၂ နှစ်ကြာသွားလို့ အစုငွေ ၁၀၀၀ ဖြစ်လာပြီး တိုးလာတဲ့အတိုးပါ အဆနှစ်ဆယ် ထုတ်နိုင်ရမယ် ဆိုတော့ ငွေ ၂၀၀၀ ထုတ်နိုင်လာရမယ်။ နောက် ၁၅ ဆ၊ နောက် ၁၀ ဆ၊ နောက် ပိမိအစုနှင့်ညီမျှတဲ့ငွေကိုထုတ်နိုင်တဲ့အထိ ရောက်အောင်ပို့ပေးမယ်။ ၁၉၅၁-၅၂ ခုနှစ်မှာ စပါးပေးမလိုတော့တဲ့အခြေကိုရောက်သွားမယ်။ အမတော်ကြွေးလဲ မျော်ဖို့မလိုတော့ဘူး၊ ပင်ထောင်ရောင်းဖို့လဲ မလိုတော့ဘူး၊ လယ်သမားရဲ့ကြွေးတင်ခံနေရတဲ့ဘဝကို ၅၁-၅၂ ခုနှစ်မှာ အပြတ်ဖြတ်မယ်။"

(၄) ထို့နောက် အတည်ပြုလိုက်သော ဥပဒေ တရပ်မှာ လယ်သမားများသည် လယ်သီးစားအဖြစ်ဖြင့် လယ်ခွန်တော်၏ နှစ်ဆသာလျှင် ပေးရမည်ဆိုသော ဥပဒေဖြစ်လေသည်။ ဥပမာ လယ်ခွန်တော်ငွေ ၁၀ သာလျှင်ဆောင်ရသော လယ်မြေအတွက် သီးစားခမှာငွေ ၂၀ သာလျှင်ပေးဆောင်ရမည်ဖြစ်ကြောင်း။ ယင်းမှာ ငွေသားသက်သက်ကိုသာလျှင်ဆိုလိုသည်မဟုတ်၊လယ်ခွန်တော်နှုန်းထားနှစ်ဆနှင့်ညီမျှသော စပါးကို ပေးလိုကပေးနိုင်၏။

၁၉၄၇ ခုနှစ်အတွင်း ရေလွှမ်းမိုးခြင်းဘေးဒုက္ခကို မြန်မာနိုင်ငံကတွေ့ကြုံခဲ့ရ၏။ မိုးဥတုအတွင်းမြန်မာနိုင်ငံ၌ ရေဘေးကိစ္စနှင့်ရင်ဆိုင်တွေ့ဆုံရတတ်သည်ကို သတိမူသော ဖ ဆ ပ လ အစိုးရကထိုနှစ်တပေါင်းလကစ၍ရေဘေးကာကွယ်ရန်အစီအစဉ်

များပြုလုပ်ခဲ့လေသည်။ ဥပမာဆိုရလျှင် မန္တလေးရေကာတာမှာ အချို့အချို့သော နေရာတို့တွင် စိတ်မချရသဖြင့် ထိုနှစ်တပေါင်းလလောက်ကပင်လျှင် လိုအပ်ရာ ပြုပြင်ပေးရန်အတွက် အစိုးရကငွေ ၂၀,၀၀၀ ခန့်မျှ ထုတ်ပေးခဲ့ကြောင်း။ ထိုပြင် လည်းအမြဲတမ်းတည်တံ့ခိုင်မြဲနိုင်ရန်အတွက် ပြုပြင်ရန် ၁၉၄၇ ခုနှစ်ဆုံးတွင် စတင် ဆောင်ရွက်ရန်အတွက် ငွေ နှစ်သိန်းခန့် သတ်မှတ်ထားရန် စဉ်းစားခဲ့လေသည်။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဩဂုတ်လအတွင်းများက ရောဝတီမြစ်ရေလျှံတက်ရာ နှစ်ပေါင်း ၂၀၀ ခန့်မျှ မတွေ့မကြုံဘူးသော အခြေအနေဆိုက်ရောက်လာခဲ့လေသည်။ ရေဘေးဒုက္ခတွေ့ကြုံရသော အရပ်ဒေသတို့မှာ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ရမည်းသင်း၊ တောင်ငူ၊ အောက်ချင်းတွင်း၊ အထက်ချင်းတွင်းတို့ဖြစ်လေသည်။ မန္တလေး၊ စစ်ကိုင်းနှင့်မုံရွာတို့တွင် ရေကာတာများ စိုးရိမ်မကင်းဖွယ်ရာသော အခြေအနေသို့ ဆိုက်ရောက်ခဲ့၏။ ဖ ဆ ပ လ အစိုးရက အလေးတမူ အရေးယူလျက် သက်ဆိုင်ရာဝန်ကြီးများကိုယ်တိုင် ဆိုင်ရာဌာနအရာရှိများနှင့်အတူ ရေလွှမ်းမိုးမည့် ဘေးအန္တရာယ်ဆိုက်ရောက်မည်ဖြစ်သော နေရာရပ်ကွက်များသို့ ကိုယ်တိုင်ကိုယ် ကျွှေ့ရောက် စစ်ဆေးကြည့်ရှုလျက် ထိုက်သင့်စွာ အချိန်မနှောင်းမီ စီမံပေးခဲ့ခြင်း များကြောင့် ယင်းအန္တရာယ် ကွယ်ပျောက်ခဲ့ရလေသည်။ ဤသို့မှမပြုလုပ်ခဲ့ပါလျှင် ရေဘေးဒုက္ခကြောင့် ဆန်စပါးပျက်စီးသဖြင့် မြန်မာနိုင်ငံ၏ဝင်ငွေချို့တဲ့မည်မှာမလွဲ မကင်းနိုင်ပေ။ ရေဘေးကိစ္စအတွက် လယ်သမားများ သက်သာ ချောင်ချိရေး ရရှိရန်အလို့ငှါ ဖ ဆ ပ လ အစိုးရသည် အမတော်ငွေ ၁၆ သိန်း ထပ်မံစိုက်ထုတ် ပေးလိုက်၏။ ထို့နောက် ရေလွှမ်းမိုး၍ ပျက်စီးသောစပါးခင်းများကို ပြန်လည်စိုက်ပျိုးရန်နှင့် ပျက်စီးသော လယ်မြေ တကေကို တဖန် ပြန်လည်စိုက်ပျိုးသည့်အတွက် စပါးပေါ်ချိန်တွင် တကေလျှင် ဆငွေ ၁၀ ပေးရန်လည်း အရေးယူ ဆောင်ရွက်ခဲ့ လေသည်။

၁၉၄၇ ခုနှစ်အတွင်း မြစ်ရေအကြီးအကျယ်လျှံတက်ခဲ့ရာ ဩဂုတ်လ ၁၈ ရက် နေ့တွင် ဟင်္သာတမြို့ရေချိန်မှာ ၄၆.၈၅ လက်မဖြစ်လေသည်။ ၁၉၃၉ ခုနှစ်တွင် ဤကဲ့သို့ရေကြီးသည့်အခါက ယင်းရေချိန်မှာ ၄၆.၁၅ မျှသာလျှင်ဖြစ်ခဲ့၏။ ရောဝတီ အရှေ့ဖက် ကမ်းခြေတလျှောက် ဟင်္သာတမြို့တောင်ဖက် ငါးမိုင်ခန့်မျှ ရှည်လျားသော ရေကာတာမှာ ကျိုးပျက်သွား၍ သာယာဝတီ၊ဟင်္သာတ၊မအူပင်နှင့်အင်းစိန်စီရင်စု များတွင် မြစ်မခ လှိုင်မြစ်ဝှမ်းများ၌ မကြုံတွေ့ဘူးအောင် ရေလျှံတက်ခဲ့လေသည်။ မန္တလေးတွင် ရောဝတီမြစ်သည် ဩဂုတ်လအတွင်း ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တနေ့လျှင် တပေခန့်မျှတက်ရာ အမြင့်ဆုံးတက်သည်မှာ ၁၉၀၅ ခုနှစ်ကထက် ၆

လက်မပိုမိုခဲ့၏။ သို့ရာတွင် ကောက်ပဲသီးနှံ အပျက်အစီးမှာ ၁၉၄၇ ခုနှစ်အတွင်း လောက်မှ ရေကြီးခြင်းမရှိခဲ့သော ၁၉၃၉ ခုနှစ်ထက် ထက်ဝက်မျှနည်းပါးသည် မှာ နိုင်ငံရေးအာဏာကို ပဏာမရယူထားသော ဖ ဆ ပ လ အစိုးရအဖွဲ့၏ ခြီးကျူးဖွယ်ရာ ဆောင်ရွက်ချက်များကြောင့်ဖြစ်လေသည်။

ရေဘေးကိစ္စနှင့် စပ်လျဉ်း၍ အထူးမှတ်သားဖွယ်ရာကောင်းသော အချက် တရပ်မှာ တာတမံဖို့သည့်ကိစ္စတွင် ရှေးအခါနှင့်မတူ ရပ်သူရွာသားအပေါင်းတို့သည် စေတနာဝန်ထမ်းအဖြစ်ဖြင့် ဖ ဆ ပ လအစိုးရအားကူညီဆောင်ရွက်ပေးခြင်းပင်ဖြစ်၏။ ရှေးအခါက အစိုးရပစ္စည်း၊ တိုင်းသူပြည်သားပစ္စည်း၊ အစိုးရအလုပ်၊ အရပ်သားအလုပ်၊ အစိုးရဝန်ထမ်း၊ ရပ်သူရွာသား ဝတ္တရားဟူ၍ ခွဲခြားခြင်း ရှိခဲ့သော်လည်း ယခုအရေးကိစ္စတွင် ထိုသို့ကဲ့ပြားခြင်း၊ ခြားနားခြင်းမရှိသည်မှာလူထုက မိမိဘို့သည်အစိုးရ၊ အစိုးရသည်မိမိတို့ဖြစ်သည်ဟူသော နားလည်မှု ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်၏။ ဤကားပြည်တော်သာအတွက် လူထု၏စိတ်ဓာတ် မည်မျှထက်ဆန်ကြောင်းကို ပဌမဆုံးသိရှိအကဲခတ်ရခြင်းဖြစ်ပေသည်။

နိုင်ငံခြားများတွင် ဆန်ရေစပါးရှားပါးခြင်းကြောင့် မြန်မာ့ဆန်ကို အဆမတန် အဖိုးငွေနှင့် မှောင်ခိုစျေးများတွင် ရောင်းချလျက်ရှိရာ မြန်မာနိုင်ငံမှ ဆန်စပါးများကို တိတ်တိတ်ပုန်းခိုးယူ၍ နိုင်ငံခြားများတွင် ရောင်းချလိုသူတို့က ဆန်စပါးများ ဝယ်ယူလျက် ပင်လယ်ဆိပ်ကမ်းရှိရာအရပ်ဒေသများသို့ ပို့ဆောင်ကြလေသည်။ ထိုမှတဖန် ဆိုင်ရာနိုင်ငံသို့ တိတ်တဆိတ်ပို့ဆောင် တင်သွင်းခဲ့ကြ၏။ ယင်းကဲ့သို့ ပို့ဆောင်နေသည့်အတွက် မြန်မာနိုင်ငံမှာ မည်မျှနစ်နာသည်ကို ဖော်ပြရမည်ဆိုလျှင် စိုက်ပျိုးရေးဝန်ကြီးသခင်တင်၏ မိန့်ကြားချက်အရ ၁၉၄၇ ခုနှစ် အောက်တိုဘာလတလယတည်း အတွင်းတွင်ထိုကိစ္စအတွက်သိန်းပေါင်း ၄၀ ဖိုးလောက် မျှ နစ်နာခဲ့၏။ ဤသို့သော မသမာမှုတို့ကို ဖ ဆ ပ လ အစိုးရက ထိထိရောက်ရောက်ပိတ်ပင် တားမြစ်လျက် ဆန်စပါးခိုးထုတ်ရေးပြစ်မှု ကျူးလွန်သူများအား ဒေါ်ငဇော် သော်ဂင်း၊ ဒေဒဇော်သော်ဂင်း သို့မဟုတ် ထိုဒဏ်နှစ်မျိုးလုံးသော်ဂင်းပေးရန် ဥပဒေ ထုတ်ထားခဲ့လေသည်။

ထိုအချိန်အခါတွင် ကွန်မျူနစ်တို့က ခေါင်းဆောင်၍ မင်းမဲ့တိုင်းပြည်ဖန်တီး ရန်အတွက် ဆန်စပါးများကို အဖွဲ့အစည်းဖွဲ့စည်း၍ အတင်းအဓမ္မလုယူမှုမျှား ကျူးလွန်ခဲ့လေသည်။ ဆန်လုသည့်ကိစ္စမှာ ကိုယ့်ဝမ်းရေးအတွက်ဟု မလျော်ကန်သော အကြောင်းပြချက်ရှိသော်လည်း သူခိုးကို ဓားရိုးကမ်းဆိုသကဲ့သို့ ခနရှင်အကျိုး စီးပွါးဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကို ကူညီအားပေးခြင်းမျှသာဖြစ်သည်ကို တွေ့

ရလေသည်။ လူ၍ရသောဆန်စပါးတို့ကို ခနရှင်တို့က စျေးပေါပေါနှင့်ဝယ်ယူ၍ အမြတ်အစွန်းကြီးစွာဖြင့် တဖန်ပြန်လည်ရောင်းချခဲ့သည်ကို တွေ့ရသဖြင့် ဆန်လုရေးကိစ္စများတွင် လိုလားအပ်သော ဆင်းရဲသားလူထု လုပ်ငန်းများမဟုတ်ခဲ့ပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုကဲ့သို့ တရားလက်လွတ် ပြုမူခြင်းများကို ပြင်းထန်စွာ ရှုတ်ချခဲ့လေသည်။ ဖ ဆ ပ လ အစိုးရသည် ၁၉၄၇ ခုနှစ် ဇူလိုင်လအတွင်းတွင် ဆန်စပါးလုယက်မှုများကိုစုံစမ်းရေးကော်မရှင်တခုဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခြင်း ပြုစေ၍ ယင်းကော်မရှင်၏ ထောက်ခံချက်တို့ကို တရားမရုံးတော်မှချမှတ်လိုက်သော ဒီဂရီများနည်းတူ ဇာရီပြုလုပ်နိုင်ကြောင်းဥပဒေသတ်မှတ်ခဲ့လေသည်။

ဆန်စပါး လုပ်ငန်းနှင့် စပ်လျဉ်း၍ အားတက်ဖွယ်ရာ ကောင်းသော အချက်ကြီး တရပ်မှာလယ်မြေများကို တနှစ်ထက် တနှစ် တိုးတက်လုပ်ကိုင် နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ကျွဲနွား ရှားပါးလျက် လိုအပ်သော ပစ္စည်းများ ချို့တဲ့လျက်နှင့်ပင် စစ်မဖြစ်မီက လုပ်ကိုင်ခဲ့သော ရေယာလောက် နီးနီး တိုးတက်၍ လုပ်ကိုင် နိုင်သည်ကို တွေ့ရှိရလေသည်။ အောက်ပါ ဇယားကို ကြည့်လေ။

နှစ်	စပါးစိုက်သော ကေ
၁၉၄၀-၄၁ ခု	၁၂ သန်းခွဲ
၁၉၄၅-၄၆ ခု	၆ သန်းခွဲ
၁၉၄၆-၄၇ ခု	၇ သန်း ၈သိန်း
၁၉၄၇-၄၈ ခု	၉ သန်း နီးပါး

အထက်ပါ ဇယားကို ကြည့်လျှင် ၁၉၄၇ ခုနှစ်အတွင်း၌ စစ်မဖြစ်မီ ခေတ်ကောင်းစဉ်က စိုက်ပျိုး ခဲ့သော ဆန်စပါး လုပ်သည့် ကေ ၇၂ ရာနှုန်း လုပ်ကိုင်ပြီးစီးသည်ကို တွေ့နိုင်ပေသည်။ ဖ ဆ ပ လ အစိုးရ၏စီမံဆောင်ရွက်မှုကြောင့် ဆန်စပါးတွင်သာမက နှမ်း၊ မြေပဲ စသည့် ကောက်ပဲသီးနှံများကိုလည်း တိုးတက်၍ လုပ်ကိုင် ခဲ့၏။

နိုင်ငံတော် ဆန် စပါး ရောင်းဝယ်ရေး အဖွဲ့က ၁၉၄၇ ခုနှစ်အတွင်း အစိုးရအတွက် အမြတ်ငွေ ၇ ကုဋေခွဲ ရရှိစေခဲ့၍ လာလတ္တံ့သော လုတ်လပ်ရေး အတွက် မင်္ဂလာ ရှိသော စီးပွါးရေး ရှေ့ပြေးအတိတ်နိမိတ်ကြီး တခု ဖြစ်ခဲ့လေသည်။

ထိုကဲ့သို့ ဆင်းရဲသား လယ်သမားများအား နလန်ထူနိုင်ရန်မျှမက လူတန်းစေ့ နေထိုင်နိုင်သော အခြေသို့ ရောက်ရှိရန် ၁၅ လအတွင်း ဖ ဆ ပ လ အစိုးရ၏ ဆောင်

ရွာချက် အခွျိုတို့ကို ဖော်ပြပြီးနောက် လယ်ယာကိုင်းကျွန်း လုပ်ကိုင်ရေး အတွက် အကူအညီ ဖြစ်သော လုပ်ငန်းတို့တွင် မည်သို့ ဆောင်ရွက် နေသည်ကို အနည်းငယ် ဖော်ပြပါအံ့။

အခြားလုပ်ငန်းများ

မိုးခေါင်ရေရှားသော ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထိလာ၊ ရမည်းသင်း၊ မြင်းခြံ၊ မင်းဘူး စသော စီရင်စုများတွင် ဆန်စပါး ကောက်ပဲ သီးနှံ စိုက်ပျိုးရန်အတွက် ရေရရှိရန် ဆည်မြောင်းများကို တူးဖော် ထားလေသည်။ တိုဆည်မြောင်းများမှ ရေပေးသွင်းသော မြေရေယာမှာ ကေပေါင်း ဂ သိန်းခွဲ ကျော်မျှ ရှိခဲ့၏။ ထိုပြင်လည်း ဟသ်တ၊ မအူပင်၊ ပဲခူး၊ ရမည်းသင်းနှင့် ဖျာပုံ စီရင်စုများတွင် ရေဘေး ကာကွယ်ရန် အတွက် တာတမံကြီးများ ဖွဲ့လုပ်ထားရာ ယင်းတို့က ဟကာအကွယ် ပေးသော မြေရေယာ အကျယ်အဝန်းမှာ ကေပေါင်း ၁၃ သိန်း ကျော်ခန့်မျှဖြစ်လေသည်။ စစ်ကြီး အတောအတွင်းက ဆည်မြောင်းများ တာတမံများကို ကောင်းစွာ ထိန်းသိမ်းခြင်း မရှိသည့် အတွက် ပျက်စီးနေသည်ကို ပြင်ဆင်၍ နောက်ထပ် ပျက်စီးခြင်း မရှိအောင် ဖ ဆ ပ လ အစိုးရတို့သည် အစွမ်းကုန် ဆောင်ရွက်ခြင်းဖြင့် လယ်သမားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက် ပေးခဲ့လေသည်။

လယ်ယာ ကိုင်းကျွန်း လုပ်ကိုင်ရေးနှင့် စပ်လျဉ်း၍ အကျုံးဝင်နေသော ဌာနတခုမှာ သမဝါယမ လုပ်ငန်းဌာနပင် ဖြစ်ရာ ထိုဌာန အတွက် ဖ ဆ ပ လ အစိုးရက ဆောင်ရွက် ပေးခဲ့သော အရေးကြီးသော လုပ်ငန်း တရပ်မှာ ၁၉၄၇-၄၈ ခုနှစ် အတွင်း ဆားချက်သမား သမဝါယမ အသင်းများသို့ ချေးငှါးရန် အတွက် ငွေ ၅ သိန်း ထုတ်ပေး လိုက်ခြင်း၊ ထို့ပြင်လည်း သမဝါယမလုပ်ငန်း အခြေတကျ ရှိစေရန် အတွက်လည်း ဖ ဆ ပ လ အစိုးရက အထူး ဝိရိယစိုက်ထုတ်၍အသစ်တဖန် ပြုပြင် စီမံခဲ့လေသည်။ တံငါသည် သမဝါယမ အဖွဲ့များကို အားပေးခြင်း၊ ကျွဲ နွား ဝယ်ယူရန် ကိစ္စအတွက် ကူညီခြင်း အစရှိသည်တို့ အပြင် အရေးအကြီးဆုံးသော အချက်မှာ ကွန်ကိုးခေါ် စားသုံးသူ သမဝါယမအသင်းများ တည်ထောင်ပေးခြင်း ဖြစ်လေသည်။ ၁၉၄၇ ခု ဒီဇင်ဘာလ အထိ စားသုံးသူ သမဝါယမ အသင်းပေါင်း ၃,၁၄၀ သင်းကို အစိုးရ သမဝါယမ ဌာနက ဖွဲ့စည်း အသိအမှတ် ပြုခဲ့လေသည်။

ပြန်လည် ဆက်လက်လုပ်ကိုင် စေရန်ဖြစ်၏။ ထိုစာချုပ်ကို ဖ ဆ ပ လ အစိုးရသည် ၁၉၄၇ ခု မေလ ၃၁ ရက်နေ့တွင် ဖျက်သိမ်းလိုက်၏။

မြန်မာ နိုင်ငံတွင် လုပ်ငန်းကြီးများကို နိုင်ငံတော်ပိုင် (၀၁) ပြည်သူပိုင် ပြုလုပ်ရန် ဖ ဆ ပ လ အစိုးရ၏ ဝါဒကို ကျေညာပြီး ဖြစ်သည့် အတိုင်း သစ်တောကြီးများကိုလည်း နိုင်ငံတော်ပိုင် ပြုလုပ်ရန် စည်းမျဉ်းများကို ရေးဆဲလျက် ရှိခဲ့လေသည်။ ၁၉၄၇ ခု ဇွန်လ တရက်နေ့မှ စ၍ သစ်တောများကို နိုင်ငံတော်ပိုင် ပြုလုပ်မည့် အကြောင်းကိုလည်း တိုင်းပြည်သို့ ၁၉၄၇ ခုနှစ်ကပင် ကြိုတင် ကျေညာခဲ့လေသည်။

ယောတွင်းနှင့် သရက်မြို့ ခရိုင်တွင် ရပ်သူ ရွာသားများ သက်သာ ချောင်ချိစေရန် အတွက် ရှားချက်ရန် လိုင်စင်များကို အခမဲ့ ထုတ်ပေး ခဲ့ လေသည်။

သစ်တော လုပ်ငန်းတွင် ဆင်ဦးရေနည်း ပါးသဖြင့် နှောင့်နှေး ကြန့်ကြာခြင်း ဖြစ်နေခဲ့ရာ အချို့ ရပ်ကွက်ဒေသတို့၌ ဆင်ဖမ်းသော အလုပ်ကို အားပေး ခဲ့သဖြင့် ဆင်ပေါင်း အတော်များစွာ ရရှိ၏။ ထိုဆင်များကို သင်ကြားပေးပြီးနောက် သစ်တော လုပ်ငန်းများတွင် ခိုင်းစေခဲ့ လေသည်။

ထင်းဝါးများကိုလည်း ရွာသူ ရွာသား များ အခမဲ့ ခုတ်ယူခွင့်ကို ဆက်လက်၍ ဖ ဆ ပ လ အစိုးရက ခွင့်ပြုထား ခဲ့လေသည်။

မြန်မာ နိုင်ငံမှ ထွက်သော ဓာတ်သေတ္တုတို့တွင် အရေးအကြီးဆုံးမှာ သံဖြူ၊ ဝူလ်ဖရမ်၊ ဘော် ခဲမဖြူတို့ဖြစ်ရာ သေတ္တုလုပ်ငန်းများကို ၁၅ လအတွင်း တိုးတက် လုပ်ကိုင် နိုင်ရန် ဖ ဆ ပ လ အစိုးရက ကူညီအားပေးခြင်း ပြုခဲ့လေသည်။ ဌေးရင်း အမြောက် အမြားစိုက်ထုတ်၍ သေတ္တုလုပ်ငန်းကို မလုပ် မကိုင်နိုင်ကြသူများလုပ်ကိုင်နိုင်ရန် အတွက် သေတ္တုတွင်း ဥပဒေစည်းကမ်းများကို ပြင်ဆင်လိုက်၏။ ဤပြင်ဆင်ချက်အရ မည်သူမဆို သီးသန့်ထားသော ရပ်ကွက်များ၌သေတ္တုတူးဖော်ခြင်း လုပ်ငန်းများကို အသေးအဖွဲ့ အလုပ်အကိုင်အနေနှင့်လုပ်ကိုင်နိုင်ခဲ့လေသည်။ ရှေးအခါက ဤသို့ အသေးအဖွဲ့ လုပ်ကိုင်သူတို့မှာ သေတ္တုတွင်း လိုင်စင် ရရှိသူများနှင့် ဆက်သွယ်၍သာ လုပ်ကိုင် နိုင်ခဲ့ ကြ၏။

မြန်မာ တိုင်းရင်းသားများ အစုရှယ်ယာပါဝင်သော ရေနံကုမ္ပဏီ တခု တည်ထောင် နိုင်ရန် အတွက်လည်း ရေနံလုပ်ငန်း ဘုတ်အဖွဲ့ တဖွဲ့ တည်ထောင်၍ ထိုအဖွဲ့သုံးစွဲရန် အတွက် အစိုးရက ငွေသိန်းပေါင်း ၅၀ ထုတ်ပေး ခဲ့လေသည်။ ထိုကုမ္ပဏီသည် ရေနံတွင်း အသစ်များ တူးဖော်ခြင်း၊ ရေနံရောင်းချခြင်း၊ လက်ယက်တွင်းများမှ ရရှိသော ရေနံချက်ခြင်း စသည့် အလုပ် အကိုင်တို့ကို လုပ်ကိုင်နိုင်ခဲ့၏။

ထိုအသင်း များသို့ လူအများ မသုံးမဖြစ်သော ဆန်၊ ဆီ၊ ထင်း အစရှိသည်တို့ကို ပေးအပ်၍ သတ်မှတ် ထားသော စျေးနှုန်းအတိုင်း ပြန်လည် ဝေ၍ ရောင်းချခြင်း ပြုလေသည်။ ဤအသင်းများ ပေါ်ပေါက် လာသည့် အတွက် အဆမတန် ချေးတက်ခြင်း ဘေးအန္တရာယ်ကို ကာကွယ် မိရုံမျှမက တိုင်းသူပြည်သားတို့၏ နေရေးထိုင်ရေး များတွင် များစွာ ချောင်ချို သက်သာခြင်း ဖြစ်လာစေခဲ့ လေသည်။ သမဝါယမလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆက်လက်ဖော်ပြ ရမည် ဆိုသော် စစ်မဖြစ်မီ အတွင်းက ငွေစု ငွေချေး ရောင်းဝယ်ရေးအသင်းပေါင်း ၁,၆၀၀ ခန့်ရှိရာ ၁၉၄၇ ခုနှစ် အတွင်း ပြန်လည် ထူထောင်၍ ရသော အသင်းပေါင်းမှာ ၆၀၀ ကျော် ဖြစ်လေသည်။

အိမ်တွင်း လက်မှုလုပ်ငန်းများဌာနက အမရပူရမြို့တွင် ရက်ကန်းကျောင်း ပြန်လည် ဖွင့်လှစ်ထားလျက် စစ်တွေ၊ ပြည်၊ တောင်တွင်းကြီး၊ မုဒုံ၊ ပုသိမ် အစရှိသော နေရာများတွင်လည်း ရက်ကန်းကျောင်းများ ဖွင့်လှစ်၍ ရက်ကန်းပညာ အတတ်များကို သင်ကြား ပေးခဲ့လေသည်။ထို့ဌာနက ရက်ကန်း သမားများ အတွက် ချည်ခင်များ၊ဆိုးဆေးများကို ရက်ကန်းလုပ်ကိုင်သူများအား တဆင့်ရောင်းချခဲ့၏။ ရက်ကန်းသမားများအား ချေးငှါးရန် အတွက် အစိုးရက ငွေ ၆ သိန်းထုတ်ပေးလိုက်၍ ပုသိမ်မြို့ ထီးလုပ်ငန်း လုပ်ကိုင်ရန် အတွက်လည်း အားပေး ကူညီခဲ့လေသည်။ ပုဂံမြို့ရှိ ယွန်းထည်ကျောင်းတွင်လည်း ဝင်ရောက် သင်ကြားသူ ပိုမိုများပြားစေရန် ထောက်ပံ့ကြေးနှုန်းထားကို မြှင့်တင်လိုက်၏။

မြန်မာ နိုင်ငံသည် အခြား အခြားသော ဆန်စပါး ထွက်သော နိုင်ငံများထက် ပိုမို၍ ဆန်စပါး တင်ပို့ ရောင်းချနိုင်သော စွမ်းရည် သတ္တိရှိသည့် နည်းတူ ကျွန်းသစ်ကိုလည်း ကမ္ဘာပေါ်တွင် အများဆုံး တင်ပို့ရောင်း ချသော နိုင်ငံဖြစ်လေသည်။ ဗြိတိသျှ အစိုးရတို့က အရင်းရှင် မျက်နှာဖြူ ကုန်သည်ကြီးများ အကျိုးကိုထောက်၍ သစ်ခွန်တော်ကို လျှော့နှိုင်သမျှ လျှော့ထားခဲ့သော်လည်း စစ်မဖြစ်မီ မြန်မာနိုင်ငံတော် အခွန်တော်ဝင်ငွေ အစုစု ၁၀၀ လျှင် ဂို မှာ သစ်တောမှ ရရှိသော အခွန်တော် ဖြစ်လေသည်။ သစ်တောများမှာ ဆန်စပါးနောက် မြန်မာ နိုင်ငံ၏ ဒုတိယ ခွန်အားဟူ၍ ဆိုရပေလိမ့်မည်။

လွန်ခဲ့သော စစ်ကြီး အတွင်းက မြန်မာ နိုင်ငံကို အုပ်ချုပ်သော အစိုးရသည် ဆင်းမလားမြို့တွင်ရှိနေစဉ် ကာလက မြန်မာ နိုင်ငံတွင် သစ်လုပ်ငန်း ကုန်သည်ကြီး ငါး ဦးနှင့်စာချုပ်တခု ချုပ်ဆိုခဲ့လေသည်။ ထိုစာချုပ် အလိုအားဖြင့် ထိုကုမ္ပဏီကြီး ငါးခုသည် စစ်မဖြစ်မီက ယင်းတို့အား အငှါးချထားသော သစ်တောကြီး များကို

သောက်ကုန် စျေးကြီးမြင့်နေခြင်းမှာ ပစ္စည်းများကို တနေရာမှ တနေရာသို့ ပို့ဆောင်ရာတွင် ဆက်သွယ်ရေး အတွက် လမ်းမရှိ၊ လမ်းမကောင်းသည့် အခက်အခဲများကြောင့် ဖြစ်လေသည်။

မီးရထား လမ်းများ၊ မော်တော်ကား လမ်းများ ပျက်စီး ယိုယွင်းနေသည်ကို အဆောတလျင် ပြင်ဆင်ရာတွင် သံတန်တားများ ပြင်ရန် ကရိယာ တန်းဆာပလာများလိုသလော်က် မရမရှိခြင်း၊အချိန်မှီ မရောက်မရှိခြင်း ၁၉၄၇ ခုနှစ်အတွင်း ရေကြီးခြင်း၊ ဓားပြများ သောင်းကျန်း နေကြခြင်းတို့အတွက် နှောင့်နှေး ကြန့်ကြာခြင်း ဖြစ်ခဲ့ ရလေသည်။သို့ရာတွင် ဖ ဆ ပ လ အစိုးရသည် မီးရထားလမ်းကို ပြင်ဆင် လိုက်သည်မှာ ၁၉၄၇ ခုနှစ်အတွင်း မီးရထားလမ်း မိုင်ပေါင်း နှစ်ထောင်နီးပါးခန့်မျှအသုံးပြုနိုင်ခဲ့၏။ ဓာတ်မီးအားပေးရေး အလုပ်ကိုလည်း အစိုးရက ထောက်ပံ့ ကူညီခဲ့ရာ ၁၉၄၇ ခုနှစ်အတွင်း များစွာသော မြို့များတွင် ဓာတ်မီးကို အသုံးပြု နိုင်ခဲ့ကြ၏။

လမ်းပန်း ဆောက်လုပ်ရေး ပြည်သူ ဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှေးအခါက စရိတ်စက ကုန်ကျ သလောက် အကျိုး မရှိဟူသော အပြစ်တင်စကား ပြောဆိုခဲ့ ကြလေသည်။ ထိုသို့ မဖြစ်စေရန် ရည်သန်လျက် အစိုးရ လမ်းပန်းအဆောက်အအုံ ဆိုင်ရာ စုံစမ်းရေးကော်မီတီသုံးရပ် ဖွဲ့စည်းခဲ့လေသည်။ ယင်းတို့မှာ အထက် မြန်မာပြည် အောက်မြန်မာပြည်နှင့် နယ်ခြား ဒေသများအတွက် ဖြစ်၍ ယင်းတို့တာဝန်မှာ ခန့်မှန်းခြေ စာရင်းများကို စစ်ဆေးခြင်း၊ ကံထရိုက်များ လုပ်ကိုင်သော အလုပ်သည် သတ်မှတ် ထားသော အချက်များနှင့် ကိုက်ညီ မကိုက်ညီ အစရှိသည်တို့ စုံစမ်းရန် ဖြစ်လေသည်။

ထို့ပြင်လမ်းများ ရေကာတာများ ပြင်ရာတွင် ရပ်ရွာတိုင်းတွင် ဖ ဆ ပ လက ဦးစီးခေါင်းဆောင်လျက် လူထုက စိတ်အား တက်စွာဖြင့် ကူညီအားပေးသည်ကို အကြောင်းပြု၍ ဤသို့ အကူအညီမျိုးကို ဆက်လက် ရရှိနိုင်စေရန် ခရိုင် လမ်းပန်း အဆောက်အအုံဆိုင်ရာ အကြံပေး ကော်မီတီများ ဖွဲ့စည်းရန်လည်း စီမံခဲ့ လေသည်။ ထိုသို့ စီမံခြင်းမှာ လမ်းပန်း အဆောက်အအုံများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကြီးမှာ စရိတ်စကလိုသည်ထက် ပိုမို ကုန်ကျခြင်း မဖြစ်စေရန်နှင့် နှောင့်နှေးဖင့်နှဲခြင်း မရှိစေရန် ဖြစ်၏။

ပညာရေးဌာနက အခြားဌာနများနည်းတူ အခက်အခဲများနှင့် တွေ့ဆုံရသော်လည်း ၁၅ လအတွင်း ကျောင်းဟောင်းများကို အသစ် ပြန်လည် ထူထောင်လျက် ကျောင်းသစ်များစွာကို ဖွင့်လှစ် နိုင်ခဲ့လေသည်။ ကျောင်းသုံး စာအုပ်များ၊

ထို့ပြင်လည်း လက်ယက် ရေနံတွင်း များကို လုပ်ငန်းအသစ် တဖန်ထူထောင် နိုင်ရန် ရေနံချောင်း တွင်းစားများအား အမတော်ကြေး အဖြစ်ဖြင့် ၎ ၂ သိန်း ချေးငှါး ခဲ့လေသည်။

အထက်ချင်းတွင်း ကလေးဝနယ် အတွင်းတွင် ကျောက်မီးသွေးများ တူးဖော်နိုင်မည် ဖြစ်ခြင်းကြောင့် ထိုသို့တူးဖော်ပါက အကျိုးကျေးဇူးဖြစ်ထွန်း လောက်အောင်ရရှိမည်မရရှိမည်ကိုလည်း ထို ၁၅ လကာလအတွင်း၌ စစ်ဆေး ခဲ့လေသည်။

မြန်မာ နိုင်ငံ အကောက်တော် ဌာန ဝင်ငွေမှာ အစိုးရဘဏ္ဍာရေးနှစ် အတွင်း ၁၉၄၈ ခုနှစ် ဇန္နဝါရီလအထိ ၇ ကုဋေနှင့် ၁၈ သိန်းခန့်မျှ ရရှိခဲ့၏။

ဖ ဆ ပ လ အစိုးရသည် ဇိမ်ခံကုန်ပစ္စည်းများ နိုင်ငံခြားမှတင်ပို့ယူဆောင်ခြင်းကိုချုတ်ချယ်သောဥပဒေတရပ်ပြုလုပ်ခဲ့သဖြင့်ထိုကုန်စည်မျိုးမှရရှိသောအကောက်တော်ဝင်ငွေမှာ လျော့ပေါ့နည်းပါးသွား သော်လည်း အစုစု အကောက်ငွေမှာ မှန်းခြေထက် ပို၍ နေပေသည်။ ဤဥပဒေကို စီစဉ်ရာ၌ တိုင်းပြည်အပြင်အပဆို့ ငွေအမြောက်အမြား ထွက်သွားသည်ကို ကာကွယ်ရမှု့ မက တိုင်းသူ ပြည်သားများ လက်တွင်း၌ ငွေပို ငွေလျှံ များ ရှိနေစေနိုင်သည်။ မြန်မာနိုင်ငံ အတွင်းသို့ နိုင်ငံခြားမှ ကုန်းလမ်း ခရီးဖြင့် ကုန်ပစ္စည်းများ တင်ပို့ ယူဆောင်ခြင်း အတွက် အကောက်ရုံးများ တည်ထောင်ဖွင့်လှစ်ထားရာ ၁၉၄၇ ခု နှစ်အတွင်းက ထိုရုံးများမှ ကောက်ခံရရှိသော အကောက်တော်ခွန်များမှာလစဉ် တသိန်းခွဲခန့်မျှ ရှိ၏။

မည်သည့် တိုင်းပြည်တွင် မဆို မြေပေါ် မြေအောက် သဘာဝ ဝတ္ထု ပစ္စည်း မည်ရွေ့ မည်မျှပင် ပေါများစေကာမူ ထိုပစ္စည်းများကို တနေရာမှ တနေရာသို့ လွှဲပြောင်းခြင်း မပြုနိုင်ပါက ထိုတိုင်းပြည်၏ စီးပွါးရေးမှာ တိုးတက်ခြင်း မရှိနိုင်ပေ။ ရှေးအခါက ရေလမ်းကို အများ အပြား အသုံးပြုခဲ့ပြီးနောက် မီးရထားများ ပေါ်ပေါက်သည့် အခါတွင် မီးရထားလမ်းများ၊ ယခုခေတ် အခါတွင် မော်တော်ကားလမ်းများဟူ၍ သုံးမျိုးစလုံးကိုပင် အသုံးပြုကြလေသည်။ စစ်မဖြစ်မီက မီးရထားလမ်းများမှာ မိုင်ပေါင်း ၂,၆၆၇ ဖြစ်၍ မော်တော်ကားလမ်းမှာ မိုင်ပေါင်း ၆,၀၁၁၊ ရာသီဥတုအလိုက် မော်တော်ကားများသွံးလာနိုင်သော လမ်း မိုင်ပေါင်း ၅,၆၁၁၊ လှည်းလမ်းကြောင်း မိုင်ပေါင်း ၄,၇၀၄ နှင့် ကုန်တင်လားများ သွားနိုင်သောလမ်းမှာ မိုင်ပေါင်း ဂ,၃၁၉ ဖြစ်ခဲ့ လေသည်။

စစ်ကြီး ဖြစ်ပွါးသည်တွင် သံတန်တား အမြောက်အမြားပင် ကျိုးပဲ့၍ လမ်းအများပင် ပျက်စီး ခဲ့ရာ ပြည်တွင်းကူးသန်း ရောင်းဝယ်ရေး၊ ပြည်ပ ကူးသန်း ရောင်းဝယ်ရေးတို့မှာ များစွာ ထိခိုက် နစ်နာခဲ့ပေသည်။ မြန်မာ နိုင်ငံအတွင်း စားကုန်

လက်ရောက် သင်ကြားတတ်မြောက် လုပ်ကိုင်ခဲ့သူ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အား အဖွဲ့မှူးအဖြစ်ဖြင့် ခန့်ထား ခဲ့လေသည်။

၁၅ လအတွင်း တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး အတွက်လည်း ဖ ဆ ပ လ အစိုးရသည် ထိထိ ရောက်ရောက် ဆောင်ရွက် နိုင်ခဲ့ကြောင်းကို ရာဇဝတ်မှုကြီးများ စာရင်းကို ထောက်၍သိသာနိုင်လေသည်။ ဖ ဆ ပ လ အဖွဲ့က ရာထူးမယူမီ ၁၉၄၆ ခုဩဂုတ်လက မြန်မာနိုင်ငံတွင် အရေးကြီးသော ရာဇဝတ်မှုကြီးများ ၁,၃၅၈ ရှိခဲ့၍ ၁၉၄၇ ခု နိုဝင်ဘာလဦးမှကား ၅၀၃ မှသာလျှင် ရှိပေတော့သည်။ စစ်ကြီး ပြီးဆုံးသည့်နောက် လက်နက်ပုန်းများ အနှံ့အပြားရှိခဲ့ရာ ဖ ဆ ပ လ အစိုးရ၏ တင်းတင်းမာမာအရေးယူ ဆောင်ရွက်ချက်ကြောင့် အရေးကြီးသော ခေတ်မီ လက်နက်ကောင်းကြီး ၁၃,၀၀၀ ကျော်ကျော်ကို ၁၉၄၇ ခု ဒီဇင်ဘာလ မတိုင်မီ သိမ်းယူ ရရှိ နိုင်ခဲ့ပေသည်။

တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး သာလျှင်မက အမှုထမ်း အရာထမ်း အားလုံး လိုလိုပင် တိုင်းရင်းသားများချည်းသာ ဖြစ်ကြ၍ အတွင်းဝန်ကြီးများ၊ခရိုင်မင်းကြီးများ၊ ခရိုင်ဝန်များ အားလုံး လိုလိုပင် တိုင်းရင်းသားများသာလျှင် ဖြစ်ကြလေသည်။

စာပို့တိုက် လုပ်ငန်း၊ ကြေးနန်းတိုက် လုပ်ငန်း၊ မြို့ဖက် ဆိုင်ရာ လေကြောင်းဆက်သွယ်ရေး အလုပ်သမားများ ဌာန လုပ်ငန်းများတွင်လည်း အဟောင်း အသစ် တဖန် ပြန်ထူရာ၌၎င်း၊ အသစ်အဆန်း တီထွင်ရာ၌၎င်း ဖ ဆ ပ လ အစိုးရသည် အင်တိုက် အားတိုက် ဆောင်ရွက်ခဲ့လေသည်။ လှည်းကျိုးကို ဝင်၍ ထမ်းရသည့် ပမာ လေ့ပျက်ကို စီးရသည့်အလား ဆောင်ရွက် ရသော အစိုးရအလုပ်မှာ လွယ်ကူလှသည်မဟုတ်၊လုံးဝကိုယ်ပိုင် လွတ်လပ်ရေး ရသောတိုင်းပြည်ကြီးကို ပိုင်ပိုင် နိုင်နိုင် စီးနင်း အုပ်ချုပ် ရသည်မှာလည်း ပြောရန်ကား လွယ်ကူ၏၊ ဆောင်ရွက်ရန်ကား ခဲယဉ်း၏။သို့သော် ဖ ဆ ပ လ အစိုးရမှာ တိုင်းပြည်နှင့်တကွ တိုင်းသူပြည်သားတို့၏ အခြေအနေကို အဝေးမှ ကြည့်၍ စီမံလျက် အမိန့် ချမှတ်သော အစိုးရအဖွဲ့မျိုး မဟုတ်၊ အတွင်းသိ အစင်းသိဖြစ်၍ ကိုယ်တိုင်ပင် လူထုဖြစ်သည့် အလျောက် လူထု သဘောထား လိုလားချက်ကို သိသဖြင့် လူထု ကောင်းစားရေးသည် တိုင်းပြည် ကောင်းစားရေး ဖြစ်သည်ကို ယုံကြည်လျက် လွတ်လပ်ရေး မရမီ ၁၅ လမျှသော ကာလအတွင်း၌ပင် လူထု လုပ်ငန်း အမြောက်အမြားကို အထက်တွင် အကျဉ်း ချုံး၍ ဖော်ပြခဲ့သည့် အတိုင်း ထူးချွန်စွာ ဆောင်ရွက် ခဲ့လေသည်။

ကျောင်းသုံး ကရိယာများကို အစိုးရက မှာယူ၍ ပညာဝန်များထံမှ တဆင့် ပေးခဲ့လေသည်။ ရှေးအခါက ပဌမပြန် စာမေးပွဲကိစ္စများကို စာမေးပွဲ စစ်ဆေးရေးဌာနခဲ့က စီမံခဲ့သည်ဖြစ်ရာပါဠိဘာသာ သင်ကြားရေးမှာတိုးတက်ဖွံ့ဖြိုးသင့်သလောက် တိုးတက်ခြင်းမရှိဖြစ်ခဲ့သည်။သို့ရာတွင် ယခု ဖ ဆ ပ လ အစိုးရသည် ပါဠိဘာသာ သင်ကြားရေး ဘုတ်အဖွဲ့ အတွက် သီးခြားရုံးတခု ဖွင့်လှစ် ခဲ့လေသည်။ ကျောင်းများ၊ တက္ကသိုလ်များတွင် ပညာရပ်များ အမျိုးမျိုးတို့ကို မြန်မာ ဘာသာဖြင့် သင်ကြားရန် ရည်ရွယ် ထားရာ မြန်မာ ဘာသာဖြင့် ရေးသားသော ကျောင်းသုံးစာအုပ်များ အများပင်လိုအပ်သဖြင့် ဖ ဆ ပ လ အစိုးရကငွေသုံးသိန်း အရင်းစိုက်ထုတ်ပေးလျက် ငွေ ၇ သိန်းကို ချေးငွေ အဖြစ် အသုံးပြုရန် ၁၉၄၇ ခုနှစ်အတွင်း ဘာသာပြန် စာပေအသင်းကို တည်ထောင် ရာတွင် အားပေး ကူညီခဲ့လေသည်။ ထိုအသင်းက ထုတ်ဝေသော စာအုပ်များကို အကြွေးချေသော သဘောဖြင့် ပေးအပ်ရန် ဖြစ်လေသည်။ ပညာအရပ်ရပ်တို့ကို မိမိတို့ ဘာသာ စကားဖြင့် သင်ယူလေ့လာသည်မှာ နိုင်ငံခြား ဘာသာစကားမှ တဆင့် သင်ယူရသည်ထက် ပိုမိုခရီးတွင်ခြင်းကြောင့် ဤလုပ်ငန်းကြီးမှာ မြန်မာနိုင်ငံတွင် ခေတ်မီ ပညာရေး အတွက် အလွန်အရေးရောက်မည် ဖြစ်လေသည်။

ဘာသာပြန် စာပေအသင်းကြီးကိုသာမက လျှပ်စစ် ဓာတ်အားပေးရေး အဖွဲ့သို့ ထောက်ပံ့ငွေ ၁၅ သိန်း၊ စက္ကူလုပ်ငန်းနှင့် လောကဓာတ်ပညာလုပ်ငန်းအဖွဲ့သို့ ထောက်ပံ့ငွေ ၂၅ သိန်း၊ အထည်ရက်လုပ်ရေး အဖွဲ့သို့ ထောက်ပံ့ငွေ ၂၅ သိန်း၊ သကြားစက်ရုံကြီးအတွက် ထောက်ပံ့ငွေ ၂၅ သိန်း၊ ဓာတ်သေတ္တုများ ထုတ်လုပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေ ၁၅ သိန်း၊ နိုင်ငံတော်ပိုင် ရေနံလုပ်ငန်း အဖွဲ့ အတွက် ထောက်ပံ့ငွေ သိန်း ၅၀၊ အိုလံပစ် အားကစား အသင်းကြီးသို့ ထောက်ပံ့ငွေ တသိန်း အစရှိသဖြင့် ဖ ဆ ပ လ အစိုးရသည် တိုင်းပြည် ပြန်လည် ထူထောင်ရေး အတွက် လွှတ်လပ်ရေး မရမီ ၁၅ လအတွင်း အစွမ်းကုန် အားပေးလျက် ရှိခဲ့ပေသည်။

ဆေးဝါးကုသရေး ကျန်းမာရေး ဌာနများတွင်လည်း အဆောက်အအုံများ ပြန်လည် ဆောက်လုပ်ရေး၊ဆေးရုံသံကရိယာများ၊ ဆေးဝါးများ ချိုင့်သည်တို့ကို ဖြည့်စွက် ပေးရေး စသည်တို့ အတွက် ဆောင်ရွက်လျက် ရှိခဲ့၏။ ကိုယ်လက်ကျန်းမာသန့်စင်ရေး လုပ်ငန်းများကို တိုးတက် လုပ်ကိုင်နိုင်ရန် အတွက် အစိုးရက တသိန်း ထုတ်ပေး ခဲ့လေသည်။ မိန်းမများနှင့် ကလေးများ ကာကွယ်စောင့်ရှောက်ရေးအတွက် အဖွဲ့တဖွဲ့ သီးသန့် ဖွဲ့စည်းလျက် ဤအရေးကိစ္စများကို ကိုယ်ထိ

PDF CREATOR - NYEYADHAMMA@GMAIL.COM

၈။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

နောက်ကြောင်းပြန်ရသော်

အခန်း (၁) တွင် ဖော်ပြခဲ့သည့် အတိုင်း အမျိုးသားတပ်ဦးဖြစ်သော ဖ ဆ ပ လ အဖွဲ့ကြီးသည် ဖက်ဆစ်ဂျပန်ကို တော်လှန် ခဲ့ပုံ၊ ဗြိတိသျှတို့၏ ဆင်းမလားစီမံကိန်း ကိုဖျက်၍ လွတ်လပ်ရေး အတွက် လမ်းခင်းပေးခဲ့ပုံ၊ အောင်ဆန်း-အက်တလီ စာ ချုပ်မှ တိုင်းပြည်ပြု လွှတ်တော် ပေါ် ပေါက်လာပုံ၊တိုင်းပြည်ပြု လွှတ်တော်မှ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ရေးဆွဲခဲ့ပုံ စသည့်ရာဇဝင်ကြောင်းတို့ကို ကောင်းစွာ သတိပြုမိကြ ပေလိမ့်မည်။ ထိုကဲ့သို့ ပြည်သူ လူထု၏ ကိုယ်စားပြုသော တိုင်းပြည်ပြုလွှတ်တော်က ရေးဆွဲခဲ့သော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ၁၉၄၇ ခု စက်တင်ဘာလ ၂၄ ရက်နေ့တွင် သောင်းသောင်း ဖျဖျ လက်ခံ အတည်ပြုလိုက်ကြ လေသည်။

လွှတ်လပ်ရေးနှင့် ယှဉ်တွဲ၍ တိုင်းပြည်၏ မီးရှူးတန်ဆောင် ဖြစ်သော အဆိုပါ အုပ်ချုပ်ပုံ အခြေခံ ဥပဒေသည် အလွန်တရာ အရေးကြီးသဖြင့် ပေါ် ပေါက် လာပုံကို အကျဉ်းချုံး၍ ဖော်ပြပေအံ့။

၁၉၄၆ ခု ဒီဇင်ဘာလအတွင်းတွင် ဗြိတိသျှအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသောအဖွဲ့ကို ဗြိတိန်နိုင်ငံသို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်ရေးရာ ကိစ္စများကို ဆွေးနွေးခဲ့လေသည်။ ထိုသို့ဆွေးနွေးချက်များမှ အောင်ဆန်း-အက်တလီစာချုပ်ကြီးပေါ် ပေါက်လာခဲ့၏။ ထိုစာချုပ်အရ တောင်တန်းသားများအပါ အဝင်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏အနာဂတ်အုပ်ချုပ်ရေးအတွက် မိမိတို့အလို အလျောက်မိမိတို့ဆန္ဒအတိုင်း စီမံခန့်ခွဲနိုင်ရန်တိုင်းပြည်ပြုလွှတ်တော်ကိုဖွဲ့စည်းကျင်း ပရန်ဖြစ်လေသည်။

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ချောမောအောင်မြင်စွာ ကျင်းပပြီးစီးလေသည်။ မြန်မာနိုင်ငံ တိုင်းရင်းသားအစစ် များသာလျှင် ရွေးကောက်ခြင်းခံကြ၍ အရွယ်ရောက်သူတိုင်း မဲပေးသော စံနစ်ဖြင့် လူထု၏ဆန္ဒကို ပြသခဲ့ကြ၏။ မြန်မာပြည်မအတွက် အမတ်နေရာ ၂၁၀ ထားရှိ၍ နယ်စပ်ဒေသအတွက် ၄၅ နေရာထားရှိခဲ့လေသည်။ ပြည်မအတွက် သတ်မှတ်ထား

သော နေရာ ၂၁၀ အနက် ကရင်အမျိုးသားများအတွက် ၂၄ နေရာထားရှိ၍ အင်္ဂလိပ် မြန်မာအမျိုးသားများအတွက် ၄ နေရာထားရှိလေသည်။ တနိုင်ငံလုံး အတွက် အမတ်ဦးရေစုစုပေါင်းမှာ ၂၇၅ နေရာဖြစ်လေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၏အသိအမှတ်ပြုခြင်းဖြင့် အောင်မြင်စွာ အရွေးခံကြရသော အမတ်ဦးရေမှာ ၂၄၃ ယောက်ဖြစ်၍ ၉၅.၃ ရာခိုင်နှုန်းရရှိခဲ့၏။

လွှတ်တော်၏ ပဌမ ညီလာခံကို ၁၉၄၇ ခုဇွန်လ ၉ ရက်နေ့တွင် စတင်ကျင်းပ၍ လွှတ်တော်ဥက္ကဋ္ဌကို မရွေးကောက်မီ ထိုအခါဘဏ္ဍာရေးဝန်ကြီးဖြစ်သောသခင်မြက ယာယီသဘာပတိအဖြစ်ဆောင်ရွက်၏။ ၁၉၄၇ ခု ဇွန်လ ၁၁ ရက်နေ့တွင် သခင်ဒုအား ဥက္ကဋ္ဌအဖြစ် လွှတ်တော်အမတ်များအားလုံးက ရွေးကောက်တင်မြှောက်ကြ လေသည်။

၁၉၄၇ ခု ဇွန်လ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အချက် ၇ ချက် ပါဝင်သော (လမ်းညွှန်ပြဋ္ဌာန်းချက်)အဆို တရပ်ကို လွှတ်တော်၌ တင်သွင်း၍မိန့် ခွန်းစကားပြောကြားလေသည်။ ထိုအချက် ၇ ချက်မှာ နောက်ဆုံးလွှတ်တော်က လက်ခံအတည်ပြုမည့် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အခြေခံအုတ်မြစ်ပင်ဖြစ်လေသည်။ ထိုအချက်များမှာ ၁၉၄၇ ခု မေလ ၂၃ ရက် နေ့တွင် ဂျူဗလီဟောဘွဲကျင်းပခဲ့သော ဖ ဆ ပ လ ပဏာမညီလာခံကြီးက ဆုံးဖြတ် ချက်ချမှတ်လိုက်သည့်အချက်အလက်သဘောသွားအတိုင်းပင်ဖြစ်၏။ တနည်းအားဖြင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် ဖ ဆ ပ လ ပ ဏာမညီလာခံကြီးက ကညီ တညွတ်တည်း ချမှတ်လိုက်သော အဆိုများကို တိုင်းပြည်ပြုလွှတ်တော်အား တင်ဖြ လိုက်ခြင်းပင်ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းသော အဆိုကို နယ်စပ် ဒေသအမတ်များနှင့်ကွန်မျူနစ်အမတ်များပါမကျန်လွှတ်တော်တခုလုံးက သောင်း သောင်းဖျဖျ ကျေနပ်နှစ်သက်စွာ ထောက်ခံခဲ့ကြသည်။ ထိုလမ်းညွှန်ပြဋ္ဌာန်းချက် အဆိုကို စာအုပ်၏ နောက်ဆက်တွဲတွင်သီးခြားဖော်ပြထားပါသည်။

အထက်ပါအဆိုကို တညီတညွတ်တည်း ပြဋ္ဌာန်းကြပြီးနောက် ထိုအဆိုအရ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲရန် အမတ် ၂၅ ဦးပါဝင်သော အခြေခံဥပဒေရေးဆွဲရေး ကော်မီတီတရပ်ကို လွှတ်တော်ကခန့်လိုက်လေသည်။ ထိုကော်မီတီကတဖန် အောက်ပါ ဆပ်ကော်မီတီများကိုခန့်အပ်၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ကြလေသည်။

(၁) ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအာဏာခွဲဝေရေးဆိုင်ရာ ဆပ်ကော်မီတီ
(၂) တရားစီရင်မှုဆိုင်ရာဆပ်ကော်မီတီ

(၃) မူလအခွင့်အရေးဆိုင်ရာဆပ်ကော်မီတီ
(၄) လူနည်းစုဆိုင်ရာ ဆပ်ကော်မီတီ
(၅) ကချင်ပြည်နယ်အခြေခံဥပဒေ ဆပ်ကော်မီတီ
(၆) ရှမ်းပြည်နယ် အခြေခံဥပဒေ ဆပ်ကော်မီတီ
(၇) ဘဏ္ဍာရေးယာယီဆပ်ကော်မီတီ စသည်တို့ဖြစ်ကြ၏။

တိုင်းပြည်ပြုလွှတ်တော်သည် အထက်ပါအခြေခံဥပဒေရေးဆွဲရေး ကော်မီတီကိုသာမက စီစစ်ရေးကော်မီတီ၊ ဥပဒေကော်မီတီ၊ လွှတ်တော်ရာထမ်းမှုထမ်းနှင့် ဘဏ္ဍာရေးကော်မီတီ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းနှင့် တံဆိပ်ကော်မီတီများနှင့်တကွ အရံသဘာပတိများကိုလည်း ခန့်အပ်လေသည်။ ထိုကိစ္စများပြီးဆုံးသောအခါ ပဌမညီလာခံကို ဇွန်လ ၁၈ ရက်နေ့တွင် ရုပ်သိမ်းလိုက်၏။ ထို့ရုပ်သိမ်းပြီးနောက်တနေ့တွင်ပင် နိုင်ငံတော်လုပ်ကြံမှုကြီး ပေါ်ပေါက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရလေသည်။

လွှတ်တော်၏ဒုတိယညီလာခံကို ၁၉၄၇ ခု ဇူလိုင်လ ၂၉ ရက်နေ့တွင်ကျင်းပ၏။ လွှတ်တော် ဥက္ကဋ္ဌ သခင်နုသည် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာကို ဆက်ခံသဖြင့် သခင်နု၏နေရာတွင် ဥောင်ဒွေစော်ဘွားကြီး စပ်ဒွေသိုက်အား ဇူလိုင်လ ၃၀ ရက်နေ့တွင် အများသဘောတူ ရွေးကောက်တင်မြှောက်ကြလေသည်။ ထိုလ ၃၁ ရက်နေ့တွင် အခြေခံဥပဒေရေးဆွဲရေး ကော်မီတီက တင်ပြသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်းမူကို လွှတ်တော်ကအတည်ပြုလိုက်လေသည်။ထိုနောက် အခြေခံဥပဒေ အချောကိုင်ကော်မီတီတခုကို ဖွဲ့စည်း၍ ထိုကော်မီတီသည် အခြေခံဥပဒေ အချောကိုလွှတ်တော်၏ တတိယညီလာခံတွင်တင်သွင်းရန်ဖြစ်လေသည်။ဩဂုတ်လ ၁ ရက်နေ့တွင် လွှတ်တော်သည် နိုင်ငံတော်အလံ၊ သီချင်းနှင့်တံဆိပ်တော် ကော်မီတီကတင်ပြသော ကြားဖြတ်အစီရင်ခံစာကို ဆွေးနွေး အတည်ပြုလိုက်ကြသည်။ ထိုနောက် ဒုတိယညီလာခံကို ၁၉၄၇ ခု ဩဂုတ်လ ၁၆ ရက်နေ့တွင် ရုပ်သိမ်းလိုက်၏။

လွှတ်တော် တတိယညီလာခံကို ၁၉၄၇ ခု စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ကျင်းပလေသည်။ ထိုညီလာခံ၏ ထူးခြားသောအချက်မှာ ယခု ကယားပြည်ဟုခေါ်တွင်သော လွှတ်လပ်သော ကရင်နီပြည်နယ်များမှ ကိုယ်စားလှယ်အမတ်များ တိုင်းပြည်ပြုလွှတ်တော်သို့ ပါဝင်တက်ရောက်လာခြင်းပင်ဖြစ်၏။ ထိုတတိယညီလာခံတွင် အချောကိုင် ကော်မီတီက အချောရေးဆွဲ တင်ပြသော အခြေခံဥပဒေကို သခင်နုက တင်ပြအဆိုသွင်းလေသည်။ လွှတ်တော်က ထိုအခြေခံဥပဒေကို တပိုဒ်စီ

စဉ်းစားဆွေးနွေး၍ ၁၉၄၇ ခုစက်တင်ဘာလ ၂၄ ရက်နေ့တွင် သောင်းသောင်းဖျဖျ လက်ခံအတည်ပြုလိုက်ကြလေသည်။ ဥပဒေကြမ်းမူကို အချောကိုင်စဉ်က အိန္ဒိယတိုင်းပြည်ပြုလွှတ်တော် ဥပဒေအကြံပေး အရာရှိဖြစ်သော ဆာဗီအင်ရောင်းသည် အချောကိုင်ကော်မီတီကိုကူညီခဲ့၏။

တတိယညီလာခံကို မရုပ်သိမ်းမီ တိုင်းပြည်ပြုလွှတ်တော်က လွှတ်တော်ဥက္ကဋ္ဌ ဥောင်ဒွေစော်ဘွားကြီး စပ်ဒွေသိုက်အား ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော် ယာယီသမ္မတအဖြစ်ခန့်အပ်ကြလေသည်။ ထို့ပြင်သခင်နုကိုလည်း နိုင်ငံတော် ယာယီဝန်ကြီးချုပ်အဖြစ်ဖြင့်ငင်း၊ မြန်မာနိုင်ငံသို့ ဗြိတိသျှနိုင်ငံကအာဏာလွှဲပြောင်းပေးရာမှ ဖြစ်ပေါ်လာအပ်သော နိုင်ငံတော်စာချုပ်များနှင့်စပ်လျဉ်း၍ အရေးအခွင့်အာဏာပိုင်အဖြစ်ဖြင့်ငင်း ခန့်အပ်ကြလေသည်။

တိုင်းပြည်ပြုလွှတ်တော်ကြီး၏ အောင်မြင်မှုသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ ဂုဏ်ယူအားတက်ဖွယ်ပင်ဖြစ်လေသည်။ လွှတ်တော်ပဌမညီလာခံကို ၁၉၄၇ ခုဇွန်လ ၉ ရက်နေ့တွင် စတင်ကျင်းပ၍ တတိယအကြိမ် နောက်ဆုံးညီလာခံကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရုပ်သိမ်းနိုင်သဖြင့် နိုင်ငံတော်၏ အခြေခံဥပဒေကြီးကို သုံးလကျော်လေးလအတွင်း အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့လေသည်။ လွှတ်တော်၏ လုပ်ငန်းတွင် နယ်စပ်ဒေသဆိုင်ရာ အမတ်များ၏ စိတ်အားထက်သန်စွာကိုယ်ဖိရင်ဖိဆောင်ရွက်ကြခြင်း၊ ထိုနယ်စပ်ဒေသများအပေါ် တွင် လူများစုအမတ်များက သဒ္ဓါကြည်ဖြူစွာစိတ်စေတနာထားရှိကြခြင်းတို့သည်လွှတ်တော်ကြီး၏ မကြုံစဖူးထူးခြားသော ဂုဏ်အရည်အခြင်းများပင်ဖြစ်ကြ၏။ထိုဂုဏ်အရည်အခြင်းများသည်မြန်မာနိုင်ငံတိုင်းရင်းသားအပေါင်းတို့ အနာဂတ်ကာလတွင် သွေးစည်းမှု၊ အညီအညွတ်ဖြစ်မှုတို့၏ ကောင်းမြတ်သော နိမိတ်လက္ခဏာများပင်ဖြစ်ကြလေသည်။

ဤတိုင်းပြည်ပြုလွှတ်တော်ကရေးဆွဲအတည်ပြုလိုက်သောပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် စပ်လျဉ်း၍ ၁၉၄၇ ခု နိုဝင်ဘာလ ၅ ရက်နေ့တွင်ဗိလတ်ပါလီမန်အောက်လွှတ်တော်တွင် မြန်မာနိုင်ငံ လွှတ်လပ်ရေးဥပဒေကြမ်းကို တင်သွင်းရာ၌ ဗြိတိသျှနန်းရင်းဝန် မစ္စတာရီချတ်ကလီမင့်အက်တလီက အောက်ပါအတိုင်းခြီးကျူးပြောဆိုခဲ့၏။

"ကမ္ဘာပေါ်တွင် အနည်းငယ်မျှသော တိုင်းပြည်ပြုလွှတ်တော်တို့သာလျှင် သက်ဆိုင်ရာနိုင်ငံတော်အခြေခံဥပဒေကြမ်းများကိုအချိန်အနည်းငယ်အတွင်း၌ ရေးဆွဲပြီးစီးအောင် စွမ်းဆောင်နိုင်ကြလေသည်။ ဤအနည်းငယ်မျှသောတိုင်းပြည်ပြုလွှတ်တော်တို့တွင် မြန်မာနိုင်ငံတိုင်းပြည်ပြုလွှတ်တော်ပါဝင်လေသည်။ မြန်မာနိုင်ငံ

အခြေခံဥပဒေတွင် မူလအခွင့်အရေးများကို ဖော်ပြထား၍ လူတိုင်းလူတိုင်း သည်ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး၊ လူမျိုးမရွေး နိုင်ငံတော်တရားဥပဒေ၏အရာတွင် အညီအမျှသာဖြစ်သည်ဟု ပြဋ္ဌာန်းထား၏။ ရာထူးခန့်ထားရေး၌၎င်း၊ အလုပ်လုပ်ကိုင်ရာ၌၎င်း၊ ကုန်သွယ်ရောင်းဝယ်ရာ၌၎င်း၊ စီးပွါးရှာရာ၌၎င်း၊ အတတ်ပညာနှင့်အသက်မွေးမှု၌၎င်း နိုင်ငံသားအားလုံးသည် ညီမျှသောအခွင့်အလမ်းကို ရရှိစေရမည်ဟူ၍လည်း သတ်မှတ်ထားရှိလေသည်။ ထို့နောက်တရားဥပဒေအရမဟုတ်လျှင် မည်သည့်နိုင်ငံသားမျှ မိမိ၏လွတ်လပ်မှုကို ရုပ်သိမ်းခြင်းမခံစေရဟူ၍လည်း ပြဋ္ဌာန်းထားလေသည်။

တရားဥပဒေနှင့်ဝင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်ဝင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် မဆန့်ကျင်လျှင်ဝင်း၊ နိုင်ငံသားများသည် (က) လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်၊ (ခ) လွတ်လပ်စွာစုဝေးနိုင်ခွင့်၊ (ဂ) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းနိုင်ခွင့်၊ (ဃ) လွတ်လပ်စွာနေထိုင်၊ လုပ်ကိုင်စီးပွါးရှာနိုင်ခွင့်၊ (င) လွတ်လပ်စွာ ဆက်ဆံနိုင်ခွင့်တို့ကို ရရှိနိုင်မည်ဟုလည်း ဆိုထားလေသည်။ ထိုနောက်သာသနာ ရေးတွင်လည်း လွတ်လပ်စွာယူဆကိုးကွယ် ဆောက်တည်နိုင်ခွင့်လည်းရှိကြသည်။ ပုဒ္ဓဘာသာ သာသနာတော်ကိုမူကား နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့်ဘာသာကြီးဖြစ်သည်ဟု ပြည်ထောင်စု နိုင်ငံတော်က အသိအမှတ်ပြုပေသည်။

ထိုနောက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာအခွင့်အရေးများ၊ စီးပွါးရေးဆိုင်ရာ အခွင့်အရေးများ၊ ရာဇဝတ်မှုဥပဒေဆိုင်ရာ အခွင့်အရေးများ၊ ကာကွယ်နိုင် ရယူနိုင်သော အခွင့်အရေးများကိုလည်း ဖော်ပြထား၏။

တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်တာဝန်ဝတ်တရားများကိုလည်းဖော်ပြရာတွင်နိုင်ငံတော်သည်မြေယာအားလုံး၏ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟုဆို၍ မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူပြီးလျှင် ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေးအတွက် ဖြစ်စေ၊ သမဝါယမ စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ ဝေငှပေးရန်အခွင့်အရေးရှိကြောင်း ဖော်ပြထားလေသည်။ ထိုနောက် မြေယာအမြောက်အမြားပိုင်ဆိုင်နိုင်သောအခွင့် မရှိစေရဟူ၍လည်း ပြဋ္ဌာန်းထားလေသည်။ အလုပ်သမားများအား မိမိတို့အချင်းချင်း ပေါင်းသင်းဖွဲ့စည်းနိုင်ကြစေရန် ကူညီနိုင်သည် ဟူ၍လည်း ဆိုထား၏။ အလုပ်သမားများအား စည်းရုံးခွင့်ပေးရန်၎င်း၊ အလုပ်လုပ်သော အချိန်နာရီတို့ကို ကန့်

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အလွန်တရာထူးကဲ၍ ရှိထိုက်ရှိအပ်သော ဂုဏ်အင်္ဂါအပေါင်းတို့နှင့် ပြည့်စုံကြောင်းကို အခြေခံဥပဒေပါရဂူ ဝတ်လုံတော်ရှ များက ကျွန်ုပ်အားပြောကြားခဲ့ပါသည်။ အခြေခံဥပဒေရှိ သဘောတရားများတွင် ဒီမိုကရေစီသဘောတရားစံနစ်များ ပါဝင်လျက်ရှိပါသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီး များအားလုံးမှာ ဥပဒေပြုလွှတ်တော်တရပ်ရပ်မှ အမတ်များဖြစ်ကြပါသည်။ ပြည် သူ့လွှတ်တော်မှာ လူဦးရေကိုအခြေခံထားကာ တိုက်ရိုက်ရွေးကောက်သောလွှတ် တော်ဖြစ်၍ အခြားလွှတ်တော်မှာ လူမျိုးစုလွှတ်တော်ဖြစ်ပါသည်။ ထိုလူမျိုးစု လွှတ်တော်တွင် လူနည်းစုများ၏ ဩဇာအာဏာ အတော်အတန်ပင်ရှိပါသည်။ အမှန်မှာ ထိုလွှတ်တော်၌လူများစုဖြစ်သော မြန်မာအမျိုးသားအမတ်များ၏ ဦး ရေထက် လူနည်းစုဆိုင်ရာအမတ်များ၏ဦးရေက ပိုနေပါသေးသည်။ ပြည်နယ် အသီးအသီးတွင် မိမိတို့ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာ၊ ဥပဒေပြုမှုအာဏာများရှိကြ သည့်အပြင် အခွန်ထွက်ပင်ရင်းများကိုလည်း ရရှိကြပါသည်။”

[illegible] အခြေခံ ဥပဒေ၏ သတော

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တိုင်းပြည်ပြုလွှတ်တော်က အကြိမ်ကြိမ် စေ့စပ်သေချာစွာဆွေးနွေး၍ အတည်ပြုလိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသည် ဒီမိုကရေစီဝါဒကိုလိုက်နာကျင့်သုံးသော အခြေခံဥပဒေဖြစ်သည်။

မြန်မာနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်တွင်လာ၏။ ထိုနိုင်ငံသည် အချုပ်အချာအာဏာပိုင်သမ္မတနိုင်ငံဖြစ်လာ၏။ ယခင်က မြန်မာနိုင်ငံဘုရင်ခံမှ တဆင့် မြိတိသျှအစိုးရက အုပ်ချုပ်ခဲ့သောနယ်မြေအားလုံးနှင့် ကရင်နီ (ကယား) နယ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပါဝင်လာကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အချာအာဏာသည် နိုင်ငံသားတို့၌တည်၍ ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ အားလုံးကို နိုင်ငံသားတို့ထံမှခံယူ၍ အခြေခံဥပဒေတွင်ဖော်ပြထားသော ကိုယ်စားလှယ်အဖွဲ့ များက သုံးစွဲရမည်ဟုဆိုလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြန်မာပြည်မသာမက ရှမ်းပြည်နယ်၊ ကချင် ပြည်နယ်၊ ကရင်နီပြည်နယ် (ကယားပြည်နယ်) များပါဝင်ရမည်ဟူ၍လည်း ပြဋ္ဌာန်း သတ်မှတ်ထား၏။ ကရင်အမျိုးသားများကလိုလားပါက ကရင်ပြည်နယ်တခုကို ဖန်တီးပေး၍ ပြည်ထောင်စုအတွင်းပါဝင်စေရမည်ဟူ၍လည်း ပြဋ္ဌာန်းထား၏။

သတ်စေရန်၎င်း၊ နှစ်စဉ်အားလပ်ရက်များ ရခွင့်ရှိအောင်စီမံရန်၎င်း၊ နိုင်ငံတော်သည် ဥပဒေပြုပေးခြင်းဖြင့် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးမည်ဟူ၍လည်း ကတိပြုထား၏။ ထို့ပြင်အကြောင်းညီညွတ်လျှင်ညီညွတ်ခြင်း နေ၌ ထိုင်ခင်းနှင့် ထောက်ပံ့မှု အာမခံစံနှုန်တို့အတွက် စီမံချက်များပြုလုပ်မည်ဟူ၍လည်း ဆိုထားလေသည်။

နိုင်ငံတော်၏ ရည်ညွှန်းချက်မူများနှင့် စပ်လျဉ်း၍ အရေးကြီးသော အချက်များကို အောက်တွင်ကောက်နုတ်၍ဖော်ပြလိုက်ပေအံ့။

(၁) နိုင်ငံသားတိုင်းအောက်ပါအခွင့်အရေးများကိုရရှိခံစားနိုင်ရန်နိုင်ငံတော်သည် ဝါဒထားရှိ၍ ထိုဝါဒအတိုင်းဆောင်ရွက်မည်။

(က) အလုပ်လုပ်ပိုင်ခွင့်

(ခ) အိုမင်းမစွမ်း ဖြစ်သော အခါဂင်း၊ နာဖျားမကျန်း ဖြစ်သော အခါဂင်း၊မစွမ်းမသန်ဖြစ်သောအခါဂင်း အထောက်အပံ့ရနိုင်ခွင့်

(ဂ) အားလပ်ခွင့် ရနိုင်ခွင့်

(ဃ) ပညာသင်ကြားနိုင်ခွင့်

(၂) နိုင်ငံတော်သည်ငယ်ရွယ်သူများကို အထူးဂရုပြု၍ ထိုသူတို့၏ပညာသင်ကြားရေးကို အားပေးမည်။

(၃) နိုင်ငံတော်သည်တိုးတက်မှုနောက်ကျသော နိုင်ငံသားစုများ၏ ပညာရေးနှင့် စီးပွါးရေးတို့ကို အထူးဂရုပြု၍အားပေးမည်။

(၄) ပြည်သူ့နေထိုင်ရေး၊ အဆင့်အတန်းမြှင့်တင်ရေးနှင့် ကျန်းမာရေး တိုးတက်မှုတို့သည် နိုင်ငံတော်၏အဓိကတာဝန်ဝတ်တရားများဖြစ်သည်။

(၅) နိုင်ငံတော်သည် အလုပ်သမားများအတွက်သော်၎င်း၊ ကလေးသူငယ်တို့အတွက်သော်၎င်း၊ စီးပွါးရေးခွိုင့်မှုကြောင့် မနေသာသဖြင့် ဝင်ရောက်လုပ်ကိုင်ရခြင်းမရှိစေရန် စီမံပေးမည်။

(၆) နိုင်ငံတော်သည် မီးဖွားရေး၊ ကလေးစောင့်ရှောက်ရေး စသည်တို့တွင် မိခင်နှင့်ကလေးများ၏အကျိုးကို ရှေ့ရှု ဆောင်ရွက်မည်။

(၇) ကျန်းမာရေး ဝန်ထမ်းအဖွဲ့များ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ အထူးဆေးရုံများ၊သူနာပြုရုံများ စသည်တို့ကို တည်ထောင် ကြီးကြပ်အုပ်ချုပ်ပေးမည်။

(၈) နိုင်ငံတော်သည် ကာယဗလပညာ သင်ကြားရေးကို အထူးဂရုပြု၍ ဆောင်ရွက်ပေးမည်။

(၉) ပြည်ထောင်စုနိုင်ငံ၏ စီးပွါးရေးဆိုင်ရာ စီမံကိန်းများကိုပြုလုပ်မည်။

(၁၀) သမဝါယမအစည်းအရုံးမျာ့နှင့် အလားတူ စီးပွါးရေးအစည်းအရုံးများကိုအားပေးမည်။

ဤကား နိုင်ငံတော်၏ရည်ညွှန်းချက်မူများနှင့်စပ်လျဉ်း၍ အရေးကြီးသော အချက်များကို အကျဉ်းချုံး၍ဖော်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။

အုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်သောအခန်း၊ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်၊ ပါလီမန်၏အာဏာများ၊ ပြည်ထောင်စုအစိုးရစသောအခန်းများ၊ တရားစီရင်ရေးအခန်း၊ ရှမ်း၊ ကချင်၊ကရင်၊ ကရင်နီ(ကယား)၊ ချင်းဝိသေသတိုင်းတို့နှင့်သက်ဆိုင်သောအခန်းများစသည်ဖြင့် လွှတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံအတွက် ရွေးဆောင်လမ်းပြ လိုက်နာကြရမည့် ရည်ညွှန်းချက် အဓိဋ္ဌာန်ပြုချက်များကို စုံလင်စွာတွေ့နိုင်ပေသည်။

နောက်အခန်းတွင် နိုင်ငံတော်အစိုးရဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြပေအံ့။

နိုင်ငံတော်အစိုးရ ဖွဲ့စည်းပုံ

နိုင်ငံတော်သမ္မတ။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ ထို့ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ပေါင်းစပ်၍ ကျင်းပသော ညီလာခံမှ လျှို့ဝှက်သော မဲဆန္ဒစံနှုန်းဖြင့် နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်ကြရသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနိုင်ငံတော်ဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်ဖြစ်သည်။ နိုင်ငံတော်၏ အကြီးအကဲဖြစ်သဖြင့်လည်း တိုင်းပြည်လုံး၏ ရိုသေလေးစားကိုင်းရှိုင်းမှုကို ခံယူရသည်။ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်၏။ သမ္မတရာထူးသက်တမ်းအတွင်း အခြားမည်သည့် ရာထူးကိုမျှ လက်ခံဆောင်ရွက်ခွင့်မရှိပေ။ နိုင်ငံတော်သမ္မတသည် ငါးနှစ်သက်တမ်းနှစ်ကြိမ်ထက်ပို၍ ဆက်လက်ဆောင်ရွက်ခွင့်လည်းမရှိပေ။

နိုင်ငံတော်ဝန်ကြီးချုပ်။ ။နိုင်ငံတော် သမ္မတသည် ပြည်သူ့လွှတ်တော်က အမည် တင်သွင်းသော ပုဂ္ဂိုလ်အား ဝန်ကြီးချုပ် ခန့်ထားသည်။ ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့၏ ခေါင်းဆောင်ပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်သည် အဓိက ဖြစ်လေသည်။

ဆန္ဒသည် မိမိနှင့်တကွ ပြည်သူလူထုတရပ်လုံးအတွက် အရေးပါလှသည်။ မိမိမဲ ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်လိုက်သောအမတ်သည် တနယ်လုံးရှိ လူအပေါင်း တို့၏ ကိုယ်စားလှယ်အဖြစ်နှင့် ပါလီမန်တွင် ပြောရေး ဆိုခွင့်နှင့် တကွ မဲဆန္ဒပေး ခွင့်ဥပဒေပြုခွင့်တို့လည်း ရှိသည်။

ပါလီမန် ဆိုင်ရာ လွှတ်တော် ၂ ရပ်လုံး၌ လူတယောက်သည် တချိန်တည်းတွင် အမတ် ဖြစ်နိုင်ခွင့် မရှိပေ။ လွှတ်တော် တခုခုတွင် အမတ်ဖြစ်လာခဲ့သော် အခြား လွှတ်တော်တွင် အမတ် မဖြစ်နိုင်တော့ပေ။

ပါလီမန် ညီလာခံကို နှစ်စဉ် တနှစ်လျှင် အနည်းဆုံး တကြိမ် ကျင်းပရန်လည်း ပြဋ္ဌာန်း ထား၏။

ပြည်သူ့လွှတ်တော်

ပြည်သူ့ လွှတ်တော်တွင် တရားဥပဒေဖြင့် သတ်မှတ် ထားသော မဲဆန္ဒနယ် များမှ ရွေးကောက်တင်မြှောက် လိုက်သော ပြည်သူ့ ကိုယ်စားလှယ် အမတ်များ ပါဝင်ကြသည်။ ပြည်သူ့ လွှတ်တော်တွင် ပါဝင်ကြသော အမတ်များ ဦးရေ စာရင်းကို အမြဲတမ်း မူသေသတ်မှတ်ထား၍ မဖြစ်ပေ။ အချိန်ကာလအား လျော် စွာ တရားဥပဒေဖြင့် သတ်မှတ် သွားရလေသည်။ သို့ရာတွင် လူမျိုးစုလွှတ်တော် အမတ် ဦးရေ၏ နှစ်ဆနီးနီး ဖြစ်နိုင်သမျှ ဖြစ်စေရသည်ဟု ပြဋ္ဌာန်းထားလေ သည်။

ထို့ပြင် ပြည်သူ့ လွှတ်တော် အမတ်များသည် ပြည်သူ လူထုက ရွေးကောက် တင်မြှောက်ထားကြသော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသဖြင့် လူဦးရေ အချိုးကျနှင့် တွက်ဆ၍ ကန့်သတ် ထားချက်ကား ရှိရပေမည်။ ပြည်သူ့ လွှတ် တော် အမတ်ဦးရေသည် လူဦးရေ ၁၀၀,၀၀၀ လျှင် အမတ်တဦးကျနှင့် တွက်၍ ရရှိသော အမတ်ဦးရေထက် မလျော့စေရပေ။ တဖန် လူဦးရေ ၃၀,၀၀၀ လျှင် အ မတ်တဦးကျနှင့်တွက်ရာ ရရှိသော အမတ်ဦးရေထက်လည်း ပိုမနေစေရန် အခြေခံ ဥပဒေက တားမြစ်ထားသည်။

ပါလီမန် ဆိုင်ရာ ပြည်သူ့ လွှတ်တော် အမတ်များကို လူဦးရေ အချိုးကျနှင့် တွက်ချက် ကန့်သတ် ထားသဖြင့် အချိန်ကာလအားလျော်စွာ လူဦးရေ တိုးတက် များပြား လာလျှင် အမတ်ဦးရေလည်း တိုးတက် များပြားလာနိုင်သည်။ ထို့ ကြောင့် ပြည်သူ့ လွှတ်တော် အမတ် ဦးရေကို အမြဲတမ်း မူသေကန့်သတ် ထား၍ မဖြစ်နိုင်ပေ။

နိုင်ငံတော် ဝန်ကြီးချုပ် ဖြစ်လာစေရန် ပြည်သူ့ လွှတ်တော်က နိုင်ငံတော် သမ္မတထံ အမည် တင်သွင်းရသဖြင့် ပြည်သူ့လွှတ်တော် အမတ်များထဲမှ အများ ဆုံး ထောက်ခံ အားပေးခြင်း ခံရသူသာလျှင် ဖြစ်နိုင်သည်။

ဝန်ကြီးချုပ်အား ပြည်သူ့လွှတ်တော် အမတ်များ စုမှ ဆက်လက် ထောက်ခံမှု မရှိသောအခါ အမတ်များစု လိုလားသော ဝန်ကြီးချုပ်သစ် တယောက်ကို ထပ်မံ ရွေးချယ်ရသည်။ နိုင်ငံတော် ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲ ဖြစ် သဖြင့် ပြည်သူလူထုကိုယ်စား ပြုထားသော ပြည်သူ့လွှတ်တော်၏ ထောက်ခံအား ပေးမှုကို အများဆုံး လိုသည်။

နိုင်ငံတော် အစိုးရ၏ အကြီးအမှူး အနေနှင့် ဝန်ကြီးချုပ်အား ပေးအပ်ထား သော အခွင့်အာဏာတို့မှာ များပြား သလောက် တာဝန်လည်း ကြီးလှသည်။ ပြည်သူ့ လွှတ်တော်မှ ဝန်ကြီးချုပ်အမည် တင်သွင်းသော ပုဂ္ဂိုလ်များကို နိုင်ငံ တော် သမ္မတက ဝန်ကြီးများအဖြစ် ခန့်အပ်သည်။ ဝန်ကြီးချုပ်၏ သဘော ထင်ပြင် ချက်ရှိက မည်သည့် ဝန်ကြီးကိုမဆို ရာထူးမှရပ်စေရန် နိုင်ငံတော် သမ္မတထံသို့ အမည်တင်သွင်း နိုင်သည်။

ဝန်ကြီးချုပ် အမှူးပြု၍ ဝန်ကြီးများ အဖွဲ့သည် ပြည်သူ့လွှတ်တော်သို့ စုပေါင်း ၍ တာဝန်ခံ ကြရသည်။

ပြည်ထောင်စုပါလီမန်

ပြည်ထောင်စု ပါလီမန်တွင် နိုင်ငံတော် သမ္မတ၊ ပြည်သူ့ လွှတ်တော်နှင့် လူမျိုး စု လွှတ်တော်တို့ ပါဝင်ကြသည်။ အမှန် စင်စစ်မှာ မြန်မာနိုင်ငံကို ပါလီမန် စံနစ်ဖြင့် ဒီမိုကရေစီ ဝါဒ အတိုင်း အုပ်ချုပ်နေခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတော်၏ ဥပဒေပြုမှု အာဏာသည် တိုင်းပြည် လူထုအား ကိုယ်စား ပြုသော ပါလီမန်၌သာ ရှိသည်။ ဤကဲ့သို့ပင် ဒီမိုကရေစီ နိုင်ငံများတွင် ပါလီမန်၏ အခွင့်အာဏာသည် များပြား ကျယ်ဝန်း လှ၏။ ဒီမိုကရေစီ အုပ်ချုပ်ရေး၏ မူရင်း သဘောမှာ အများဆန္ဒနှင့် ဖွဲ့စည်းတည်ထောင် ထားသော အုပ်ချုပ်ရေးပင် ဖြစ် လေသည်။ ဤသဘောကို သက်ရောက် စေရန် ပါလီမန်တွင် ပါဝင်ကြသော အမတ် များသည် ပြည်သူ့ဆန္ဒဖြင့် တက်ရောက်ကြရသည်။ ထို့ကြောင့် ပါလီမန် အမတ် များ ရွေးကောက်တင်မြှောက်သောအခါတိုင်း မိမိ၏မဲဆန္ဒမှာ မည်မျှအထိ တန်ဖိုး ရှိကြောင်း လူတိုင်း နားလည်ဖို့လိုသည်။ အမှတ်မထင် မိမိ ထည့်လိုက်သော မဲ

ပြည်သူ့လွှတ်တော်အမတ်ရွေးကောက်ပွဲများကို လွှတ်တော်ဖျက်သိမ်းပြီး ရက်ပေါင်း ၆၀ အတွင်း ကျင်းပရသည်။ ထိုရွေးကောက်ပွဲကျင်းပသောအခါတွင် ပြည်ထောင်စုတခုလုံး မဲဆန္ဒပေးခြင်းကို တနေ့တည်းဖြစ်နိုင်အောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ရသည်။ ပြည်သူ့လွှတ်တော်အမတ်များကို တရားမျှတစွာရွေးကောက်တင်မြှောက်ပြီးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပဋမလွှတ်တော်အစည်းအဝေးကို စတင်ကျင်းပရသည်။

ပြည်သူ့လွှတ်တော်၌ လွှတ်တော် အမတ်များအနက် အမတ် ၂ ဦးကို လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်ထားရသည်။ ပြည်သူ့လွှတ်တော်တွင်ဥက္ကဋ္ဌနေရာနှင့် ဒုတိယ ဥက္ကဋ္ဌ နေရာလစ်လပ်ခဲ့လျှင် အခြားအမတ် ၂ ဦးကို ခန့်ထားရလေသည်။

ပြည်သူ့လွှတ်တော်၏ သက်တမ်းမှာ ပဋမလွှတ်တော် အစည်းအဝေးကျင်းပသည့်နေ့မှစ၍ လေးနှစ်တိုင်တိုင်တည်ရှိသည်။ သို့ရာတွင်တိုင်းပြည်၌ ရေးကြီးပွင့်ကျယ်အရေးကိစ္စများနှင့် ကြုံကြိုက်ရင်ဆိုင်ရသောအခါများတွင် ပြည်သူ့လွှတ်တော်သက်ဘမ်းကို လေးနှစ်ထက်ပိုမိုတည်ရှိနိုင်ခွင့် တရားဥပဒေအရ ပြဋ္ဌာန်းထားပြန်သည်။

ပြည်သူ့လွှတ်တော်ကို ဝန်ကြီးချုပ်၏ အကြံပေးချက်အရ နိုင်ငံတော်သမ္မတသည် အခါမရွေးဖျက်သိမ်းနိုင်သည်။

လူမျိုးစုလွှတ်တော်

လူမျိုးစုလွှတ်တော်အတွက် အမတ် ၁၂၅ နေရာရှိရာ မြန်မာပြည်မနှင့်ပြည်နယ်များအသီးအသီးအတွက် အောက်ပါအချိုးကျ ခွဲဝေထားလေသည်။

၁။ ရှမ်းပြည်နယ်ကိုယ်စားလှယ်များ	၂၅ နေရာ
၂။ ကချင်ပြည်နယ်ကိုယ်စားလှယ်များ	၁၂ နေရာ
၃။ ချင်းဝိသေသဘိုင်းကိုယ်စားလှယ်များ	၈ နေရာ
၄။ ကယားပြည်နယ်ကိုယ်စားလှယ်များ	၃ နေရာ
၅။ ကရင်အမျိုးသားကိုယ်စားလှယ်များ	၂၄ နေရာ
၆။ ပြည်ထောင်စုမြန်မာနိုင်ငံရှိကျန်နယ်မြေများ	၅၃ နေရာ
စုစုပေါင်း	၁၂၅ နေရာ။

လူမျိုးစု လွှတ်တော် အမတ်ရွေးကောက်ပွဲကို နောက်ထပ်ရွေးကောက်သော ပြည်သူ့လွှတ်တော်ပဋမအစည်းအဝေးကျင်းပသည့်နေ့မှစ၍ ၁၅ရက်အတွင်းကျင်း

ပပြီးစီးရသည်။ လူမျိုးစုလွှတ်တော်၏ သက်တမ်းမှာ ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့် ဆက်စပ်နေသည်။ ပြည်သူ့လွှတ်တော်ဖျက်သိမ်းပြီးသည်နှင့်တပြိုင်နက် လူမျိုးစုလွှတ်တော်လည်း ဖျက်သိမ်းပြီးဖြစ်ရသည်။

လူမျိုးစုလွှတ်တော်တွင် အမတ်များအနက် အမတ် ၂ ဦးကိုရွေးချယ်ပြီး လူမျိုးစုလွှတ်တော်နာယကနှင့် ဒုတိယနာယက အသီးအသီးခန့်ထားရသည်။ လူမျိုးစုလွှတ်တော်၌ နာယကနှင့် ဒုတိယနာယကနေရာများ လစ်လပ်ခဲ့သော် အခြားလူမျိုးစုလွှတ်တော်အမတ် ၂ ဦးကို ရွေးချယ်၍ခန့်ထားရသည်။

နိုင်ငံတော်ရွေးနေချုပ်

တရားလွှတ်တော် ရွေးနေတဦးဦးကို ဝန်ကြီးချုပ်ကအမည်တင်သွင်းလျှင် နိုင်ငံတော်သမ္မတက ယင်းအားရွေးနေချုပ်အဖြစ် ခန့်ထားသည်။ နိုင်ငံတော်ရွေးနေချုပ်၏ တာဝန်ဝတ်တရားများမှာ ဥပဒေဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အစိုးရအားအကြံဉာဏ်ပေးရန်ဖြစ်သည်။ ထို့ပြင်နိုင်ငံတော်သမ္မတကဆောင်ရွက်ရန်လိုအပ်ထားသော ဥပဒေဆိုင်ရာ အခြားတာဝန်ဝတ်တရားများကိုလည်း ထမ်းဆောင်ရသည်။

နိုင်ငံတော်ရွေးနေချုပ်သည် အခါမရွေးရာထူးမှနုတ်ထွက်နိုင်သည်။ နိုင်ငံတော်သမ္မတက တင်သွင်းရမည်ဖြစ်သော မိမိ၏ရာထူးနုတ်ထွက်လွှာကို ဝန်ကြီးချုပ်ထံသို့ တင်သွင်း၍နုတ်ထွက်နိုင်သည်။

ဝန်ကြီးချုပ်သည် ပြည့်စုံလုံလောက်သောအကြောင်းအချက်ရှိသည်ဟု ထင်မြင်ခဲ့လျှင် နိုင်ငံတော်ရွေးနေချုပ်အား ရာထူးမှရပ်စဲရန်တောင်းဆိုနိုင်သည်။ ထိုတောင်းဆိုချက်ကို ရွေးနေချုပ်ကမလိုက်နာခဲ့သော် ဝန်ကြီးချုပ်ကအကြံပေးလျှင် နိုင်ငံတော်သမ္မတသည် ရွေးနေချုပ်ကို ရာထူးမှရပ်စဲစေနိုင်သည်။

ဝန်ကြီးချုပ်နုတ်ထွက်သောအခါ နိုင်ငံတော်ရွေးနေချုပ်လည်း မိမိရာထူးမှနုတ်ထွက်ရသည်။

နိုင်ငံတော်စာရင်းစစ်ချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ငွေထုတ်ပေးရေး ကိစ္စအားလုံးကို ကြီးကြပ်အုပ်ချုပ်ရန်နှင့် စီမံခန့်ခွဲရသောငွေစာရင်းအားလုံးကို စစ်ဆေးကြည့်ရှုရန် နိုင်ငံတော်တွင် စာရင်းစစ်ချုပ်တယောက်လိုပေသည်။

နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်စလုံးမှ သဘောတူထောက်ခံသောသူအား နိုင်ငံတော်စာရင်းစစ်ချုပ်အဖြစ် ခန့်ထားလေသည်။ စာ

ရင်းစစ်ချုပ်သည် ပါလီမန်အမတ်အဖြစ်နှင့် လွှတ်တော်နှစ်ရပ်လုံးတွင် ဆောင်ရွက်ခွင့်မရှိပေ။ ထို့ပြင် အခြားသောလစာစရိတ်ကြေးငွေရသည့် အလုပ်များကိုလည်း လုပ်ဆောင်ခွင့်မရှိပေ။ နိုင်ငံတော်စာရင်းစစ်ချုပ်သည် ရာထူးမှ ရုပ်စဲသောအခါ၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အခြားသော အစိုးရအမှုထမ်းရာထူးများကို လက်ခံဆောင်ရွက်ခြင်းမပြုရတော့ပေ။ စာရင်းစစ်ချုပ်သည် သတ်မှတ်ထားသောအချိန်ကာလများတွင် ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ - ငွေစာရင်းများဆိုင်ရာ အစီရင်ခံစာများကို ပြည်သူ့လွှတ်တော်သို့တင်ပြရသည်။

ပြည်ထောင်စုတရားစီရင်ရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှန်းလုံး၌ တရားစီရင်ရေး ကိစ္စများကို အခြေခံ ဥပဒေအရ တည်ထောင် ထားသော တရားရုံးများ ရှိသည်။ အခြေခံဥပဒေနှင့်အညီ သို့မဟုတ်ဘရားဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများကသာလျှင် အထက်ဖော်ပြပါ တရားရုံးများတွင် စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည်။

တရားရုံးများတွင် မူလတရားရုံးများနှင့်အယူခံတရားရုံးများဟူ၍ နှစ်မျိုးပါဝင်သည်။မူလတရားရုံးများတွင် လွှတ်တော်ပါဝင်သည်။ တရားဥပဒေအရပြောင်းလဲသတ်မှတ်ခြင်း မပြုသမျှကာလပတ်လုံး တရားလွှတ်တော်တွင် မူလစီရင်ပိုင်ခွင့်နှင့် အယူခံစီရင်ပိုင်ခွင့်တို့ ရှိသည်။ ထိုတရားလွှတ်တော်၌ ဥပဒေကြောင်းနှင့် ဖြစ်စေ၊ အမှုချင်းရာနှင့် ဖြစ်စေ သက်ဆိုင်သော ပြဿနာများကို စီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာလည်း ရှိလေသည်။

အောက်ပါကိစ္စများအတွက်တရားလွှတ်တော်၌သာလျှင် မူလစီရင်ပိုင်ခွင့် အာဏာရှိသည်။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံက အခြားသောနိုင်ငံများနှင့် ချုပ်ဆိုသောစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စများ။

၂။ ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စု အဖွဲ့ဝင်တို့ အငြင်းပွါးခဲ့သော်၎င်း၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်အချင်းချင်း အငြင်းပွါးသောကိစ္စများ။

၃။ တရားဥပဒေဖြင့်သတ်မှတ်ထားသော အခြားကိစ္စများ ရှိသေးလျှင်လည်း ထိုကိစ္စများ။

လက်အောက်ခံတရားရုံးများ၌ မပြီးပြတ်သေးသော အမှုများကို တရားလွှတ်

တော်သို့ပြောင်းရွှေ့ယူသင့်သည်ဟုထင်မြင်ခဲ့လျှင်ပြောင်းရွှေ့ယူနိုင်ခွင့်ရှိသည်။တရားလွှတ်တော်တရားဝန်ကြီးချုပ်သည် တရားလွှတ်တော်၏ အကြီးအမှူးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း၌ရှိသော တရားရုံးများ၏ အဆုံးအဖြတ်ကို မကျေနပ်ပါက တရားလွှတ်တော်ချုပ်တွင် နောက်ဆုံးအပြီးအပြတ်အယူခံဝင်နိုင်သည်။ တရားလွှတ်တော်ချုပ်ကို နိုင်ငံတော်တရားဝန်ကြီးချုပ်က ကြီးကြပ်အုပ်ချုပ်ရလေသည်။ တရားလွှတ်တော်ချုပ်တွင် အခြားသော တရားရုံးများအပြင် တရားလွှတ်တော်၏ စီရင်ဆုံးဖြတ်ချက်များကိုပင် အယူခံစီရင်ပိုင်ခွင့်အာဏာများရှိသည်။ တရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အပြီးအပြတ်ဖြစ်၍ နောက်ထပ်မည်သည့်တရားရုံးတွင်မဆို အယူခံပိုင်ခွင့် မရှိတော့ချေ။

ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏ သဘောတူချက်ဖြင့် နိုင်ငံတော် တရားဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတကိုယ်တိုင် ခန့်အပ်သည်။ ထိုနည်းအတိုင်းပင် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ဆိုင်ရာ တရားဝန်ကြီးအားလုံးကို ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတကခန့်အပ်သည်။ သို့ရာတွင်တရားဝန်ကြီးအားလုံးတို့သည် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ကိုက်ညီရပေမည်။

တရားသူကြီးအားလုံးသည် အခြေခံဥပဒေနှင့် တရားဥပဒေများကိုသာ လိုက်နာ၍ မိမိ၏အလုပ်ဝတ်တရားများတွင် လွှတ်လပ်စွာတရားစီရင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

တရားဝန်ကြီးများသည် မိမိတို့နုတ်ထွက်လျှင်ကို နိုင်ငံတော်သမ္မတထံ တင်သွင်း၍နုတ်ထွက်နိုင်သည်။ ထိုနုတ်ထွက်စာတွင် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရသည်။ တရားဝန်ကြီးများကို အကျင့်စာရိတ္တပျက်ပြားလျှင် ရာထူးမှရပ်စဲနိုင်သည်။ ထို့ပြင် မသန်စွမ်း၍ ဝတ်တရားများကိုမဆောင်ရွက်နိုင်လျှင်လည်း ရာထူးမှ နုတ်ထွက်ခိုင်းနိုင်သည်။ အခြားသော အကြောင်းများကြောင့် တရားဝန်ကြီးများကို ရာထူးမှရပ်စဲထုတ်ပယ်ပိုင်ခွင့်မရှိပေ။

ပြည်နယ်များ

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ကောင်စီတွင် ရှမ်းပြည်နယ်ဆိုင်ရာ အမတ်များအားလုံး ပါဝင်ကြသည်။ လူမျိုးစုလွှတ်တော်အတွက် ရှမ်းပြည်နယ်ဆိုင်ရာ အမတ်များကို ရှမ်းပြည်

နယ်စောင့်ဘူးများသည် မိမိတို့စောင့်ဘူးများထဲမှ ရွေးကောက်တင်မြှောက်ကြရသည်။ သို့ရာတွင် ရှမ်းပြည်နယ်စောင့်ဘူးများသည် ပြည်သူ့လွှတ်တော်တွင် မဲမတ်ဖြစ်နိုင်ခွင့်မရှိပေ။

ရှမ်းပြည်နယ်ကောင်စီတွင် ပါဝင်ကြသောကောင်စီ အမတ်များသည် ပါလီမန် အမတ်အဖြစ်မှ ရပ်စဲသည်နှင့်တပြိုင်နက် ကောင်စီအမတ်အဖြစ်မှလည်း ရပ်စဲပြီးသားဖြစ်သည်။ သို့ရာတွင် မိမိ၏နေရာအတွက် ဆက်ခံ ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင် တာဝန် ဝတ်တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

ပြည်နယ်ကောင်စီတွင် ဥပဒေပြုပိုင်ခွင့်မရှိသောကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုလာသောအခါ ပါလီမန်သို့ထောက်ခံချက် တင်သွင်းနိုင်သည်။ ပြည်နယ်ကောင်စီမှ အတည်ပြုပြီးသောဥပဒေကြမ်းများကို ထုတ်ပြန်ကျေညာပေးရန် နိုင်ငံတော်သမ္မတထံသို့တင်သွင်းရသည်။

ပြည်နယ်ကောင်စီမှ တင်သွင်းသော ဥပဒေကြမ်းသည် အခြေခံဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို ဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတသည် မိမိ သဘောအတိုင်း တရားလွှတ်တော် ချုပ်သို့ ထိုဥပဒေကြမ်းကို လွှဲအပ်နိုင်သည်။

ပြည်နယ်ကောင်စီညီလာခံကို တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပရသည်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီကို အချိန်ကာလအားလျော်စွာ ဆင့်ခေါ်နိုင်ခွင့်ရှိသည်၊ ရုပ်သိမ်းနိုင်ခွင့်လည်းရှိသည်။

ရှမ်းပြည်နယ်အစိုးရ

ရှမ်းပြည်နယ်ကောင်စီနှင့် တိုင်ပင်ညှိနှိုင်း၍ ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်ဆိုင်ရာ ပါလီမန်အမတ်များထဲမှ တဦးဦးကိုရွေးချယ်ကာ နိုင်ငံတော်သမ္မတထံသို့ အမည်တင်သွင်းရသည်။ ထိုအမည်တင်သွင်းသောအမတ်ကို နိုင်ငံတော်သမ္မတက ရှမ်းပြည်နယ်ဝန်ကြီးခန့်အပ်၏။ ခန့်ထားခြင်းခံရသော ရှမ်းပြည်နယ်ဝန်ကြီးသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးများအဖွဲ့ဝင်လည်း ဖြစ်လေသည်။ ထို့ပြင် ရှမ်းပြည်နယ် ဝန်ကြီးသည် ရှမ်းပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်သည်။

ရှမ်းပြည်နယ်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်အုပ်ချုပ်ရေးကိစ္စများအတွက် တာဝန်ယူ၍ဆောင်ရွက်ရသည်။ ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ တာဝန်လွှဲအပ်ထားသော လက်အောက်ခံ အရာရှိများမှတဆင့်ဖြစ်စေ၊ အုပ်ချုပ်မှုအတွက်စီမံခန့်ခွဲရန် အခွင့်အာဏာများရှိသည်။ သို့ရာတွင် ပြည်နယ်ဆိုင်ရာ

ကိစ္စများအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ်ကောင်စီတွင် ကချင်ပြည်နယ်ဆိုင်ရာ ပါလီမန်အမတ်များအားလုံးပါဝင်ကြသည်။ လူမျိုးစုလွှတ်တော်၌ ကချင်ပြည်နယ်အတွက် ၁၂ နေရာ သတ်မှတ်ထားသည့်အနက် ၆ နေရာကို ကချင်အမျိုးသားကိုယ်စားလှယ်အမတ်များပါဝင်ရသည်။ ကျန် ၆ နေရာကို ကချင်ပြည်နယ်မှ ကချင်အမျိုးသားမဟုတ်သော သူများ၏ ကိုယ်စားလှယ်အမတ်များပါဝင်ရသည်။

ကချင်ပြည်နယ်ကောင်စီတွင် ပါဝင်ကြသော ကောင်စီအမတ်များသည် ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသည်နှင့်တပြိုင်နက် ကောင်စီအမတ်အဖြစ်မှလည်း ရပ်စဲပြီးသားဖြစ်သည်။ သို့ရာတွင် မိမိနေရာတွင် ဆက်ခံမည့်သူ ရွေးကောက်ပြီးသည့်တိုင်အောင် အလုပ်ဝတ်တရားများကို ထမ်းဆောင်နိုင်သည်။

ပြည်နယ်ကောင်စီတွင် ဥပဒေကြမ်းတခုခုနှင့်စပ်လျဉ်း၍ အငြင်းဖြစ်ပွါးခဲ့သော် သဘာပတိသည် ကောင်စီဝင်ကချင်အမျိုးသား အမတ်များနှင့် ကချင်အမျိုးသားမဟုတ်သော အမတ်များကို တခြားစီ မဲဆန္ဒပေးခိုင်းရလေသည်။ ပြည်နယ်ကောင်စီတွင် ဥပဒေပြုပိုင်ခွင့်မရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုခဲ့သော် မိမိတို့ထောက်ခံချက်ဖြင့် ပါလီမန်သို့တင်ပြနိုင်သည်။ ပြည်နယ်ကောင်စီမှအတည်ပြုပြီးသော ဥပဒေကြမ်းကို ထုတ်ပြန်ကျေညာရန် နိုင်ငံတော်သမ္မတထံသို့တင်သွင်းရသည်။ ထိုဥပဒေကြမ်းသည် အခြေခံဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို သိသာရန် နိုင်ငံတော်သမ္မတသည် မိမိသဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်သည်။

ပြည်နယ်ကောင်စီ ညီလာခံကို တနှစ်လျှင်အနည်းဆုံး တကြိမ်ကျင်းပရသည်။ ကချင်ပြည်နယ်ဥက္ကဋ္ဌသည် အချိန်ကာလအလျောက် ပြည်နယ်ကောင်စီကို ဆင့်ခေါ်နိုင်သည်၊ ရုပ်သိမ်းနိုင်သည်။

ကချင်ပြည်နယ်အစိုးရ

ဝန်ကြီးချုပ်သည် ကချင်ပြည်နယ်ကောင်စီနှင့်ဆွေးနွေးတိုင်ပင်ပြီးလျှင် ကချင်ပါလီမန်အမတ်များအနက်မှ ကချင် အမျိုးသား အမတ်တဦးဦးကို ရွေးချယ်ကာ နိုင်ငံတော်သမ္မတထံသို့ အမည်တင်သွင်းရသည်။ ထိုအမည်တင်သွင်းခြင်းခံရသော

ကချင်အမတ်ကို နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်သည်။ ကချင်ပြည်နယ်ဝန်ကြီးသည် ပြည်ထောင်စုအစိုးရဝန်ကြီးများအဖွဲ့ဝင် ဖြစ်သည်ပြင် ကချင်ပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်သည်။

ကချင်ပြည်နယ်ဥက္ကဋ္ဌသည် ကချင်ပြည်နယ်အုပ်ချုပ်ရေးအတွက် တာဝန်ယူရွက်ဆောင်ရွက်ရသည်။ ကချင်ပြည်နယ်အတွင်း၌ ကချင်ပြည်နယ်ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ တာဝန်လွှဲအပ်ထားသော လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ အုပ်ချုပ်ရေးအတွက် စီမံခန့်ခွဲရန်အခွင့်အာဏာများရှိသည်။ သို့ရာတွင် ကချင်အမျိုးသားမဟုတ်သူများနေထိုင်ရာဒေသနှင့် စပ်လျဉ်းသည့် ကိစ္စများအားလုံးတွင် ကချင်ပြည်နယ်ဥက္ကဋ္ဌသည် အစိုးရအဖွဲ့ဝင်များအနက် ကချင်အမျိုးသားမဟုတ်သော ကိုယ်စားလှယ်များနှင့်သာ ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရသည်။ ကချင်ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌ ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရသည်။

အခြေခံဥပဒေအခန်း (၁၀)တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုမှခွဲထွက်နိုင်သော အခွင့်အရေးသည် ကချင်ပြည်နယ်နှင့် လုံးဝမသက်ဆိုင်ပေ။

ကရင်ပြည်နယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင် မိုတင်းနေထိုင်ကြကုန်သော ကရင်အမျိုးသားလူမျိုးများစုက လိုလားနှစ်သက်ခဲ့သော် ပြည်ထောင်စုအဖွဲ့ဝင်တရုအဖြစ်နှင့် ကရင်ပြည်နယ်ဖွဲ့စည်းနိုင်ပေသည်။ ကရင်အမျိုးသားများက လိုလားတောင့်တ၍ ဖွဲ့စည်းတည်ထောင်သော ကရင်ပြည်နယ်သစ်သည် ရှမ်းပြည်နယ်၏ အဆင့်အတန်းနှင့် အခွင့်အရေးများနည်းတူ ရရှိလိမ့်မည်။

သံလွင်ခရိုင်နှင့်တကွ နိုင်ငံတော်သမ္မတကခန့်အပ်ထားသော အထူးကော်မရှင်အဖွဲ့၏ဆုံးဖြတ်သတ်မှတ်ထားသည့် ကရင်အမျိုးသားများနေထိုင်ကြသော သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများကို "ကော်သူလေး" ဟုခေါ်တွင်စေမည်။

ကရင်ရေးရာကောင်စီတွင် ပြည်သူ့လွှတ်တော်ရှိ ကရင်အမျိုးသားအမတ်များ အားလုံးပါဝင်သည့်ပြင် လူမျိုးစုလွှတ်တော်မှ ၅ ဦးထက်မများသော ကရင်အမျိုးသား အမတ်များလည်းပါဝင်ရသည်။

ကရင်ရေးရာကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ဝန်ကြီးချုပ်သည် ပါလီမန်ဆိုင်ရာ ကရင်အမျိုးသားအမတ်များအနက် အမတ်တဦးဦးကိုရွေးချယ်ကာ နိုင်ငံတော်သမ္မတထံ အမည်တင်သွင်းရလေသည်။ ထိုအမည် တင်သွင်းခြင်းခံရသောအမတ်

ကို နိုင်ငံတော်သမ္မတက ကရင်ရေးရာဝန်ကြီးအဖြစ်ခန့်အပ်သည်။ ခန့်အပ်ခြင်းခံရသော ကရင်ရေးရာဝန်ကြီးသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးများ အဖွဲ့ဝင်လည်းဖြစ်သည်။

ပြည်ထောင်စုအစိုးရ၏ အာဏာများကို မထိခိုက်စေဘဲ ကရင်ရေးရာဝန်ကြီးသည် ကရင်ရေးရာကောင်စီ၏ အကြံပေးချက်များနှင့် အကူအညီများကိုယူ၍ ပြည်နယ်ဆိုင်ရာကိစ္စများကို စီမံခန့်ခွဲအုပ်ချုပ်ရသည်။

ကရင်ရေးရာကောင်စီတွင် ပါဝင်ကြသောကောင်စီအမတ်များသည် ပါလီမန်အမတ်အဖြစ်မှရပ်စဲသည်နှင့်တပြိုင်နက် ကောင်စီအမတ်အဖြစ်မှလည်း ရပ်စဲပြီးသားဖြစ်သည်။ သို့ရာတွင် မိမိနေရာတွင် ဆက်ခံဆောင်ရွက်မည့်သူ ရွေးကောက်တင်မြှောက်ပြီးသည်တိုင်အောင် အလုပ်ဝတ်တရားများကိုထမ်းဆောင်သွားနိုင်သည်။

ကယားပြည်နယ်

ရှမ်းပြည်နယ်စုတွင်ရှိသည့် ယခင်ကမိုးမြဲနယ်ဟုခေါ်တွင်ခဲ့သော နယ်မြေသည် ယင်းဒေသတွင်နေထိုင်ကြသူလူမျိုးစုကလိုလားခဲ့သော် ကယားပြည်နယ်အတွင်းသို့ ပါဝင်နိုင်သည်။ ပြည်ထောင်စုပါလီမန်မှ အခြားသော ပြဋ္ဌာန်းချက်များ မပြုလုပ်သေးသမျှကာလပတ်လုံး ကန္တာရဝတီဘောလခဲနှင့်ကြယ်ဖိုးကြီးတို့၏ စောဖျာများသည် လူမျိုးစုလွှတ်တော်တွင် ကယားပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်များအဖြစ်ဖြင့် တက်ရောက်ပါဝင်ရသည်။ အကယ်၍ မိုးမြဲနယ်သည် ယင်းဒေသရှိလူအများဆန္ဒအရ ကယားပြည်ထဲတွင်ပါဝင်ပေါင်းစပ်ခဲ့သော် မိုးမြစေဒီဘွားသည်လည်း လူမျိုးစုလွှတ်တော်တွင်ကယားပြည်နယ်ကိုယ်စားလှယ်အနေဖြင့် ပါဝင်ရပေမည်။ သို့ရာတွင်စောဖျာများနှင့် စော်ဘွားများသည် ပြည်သူ့လွှတ်တော်တွင် အမတ်အဖြစ် တက်ရောက်နိုင်ခွင့်မရှိကြပေ။

ကယားပြည်နယ် ကောင်စီတွင် ကယားပြည်နယ်ဆိုင်ရာ ပါလီမန် အမတ်အားလုံးပါဝင်ကြသည်။ ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသော ကောင်စီအမတ်သည် ကောင်စီ၌လည်း အမတ်အဖြစ်မှ ရပ်စဲပြီးသားဖြစ်သည်။ သို့ရာတွင် မိမိနေရာတွင် ဆက်ခံ ဆောင်ရွက်မည့်သူ ရွေးကောက်တင်မြှောက် ပြီးသည့်ဘိုင်အောင် အလုပ်ဝတ်တရားများကိုထမ်းဆောင်သွားနိုင်သည်။ကယားပြည်နယ်ကောင်စီတွင် ဥပဒေပြုပိုင်ခွင့်မရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုခဲ့သော် ပြည်ထောင်စုပါလီမန်သို့ ထောက်ခံချက်တင်သွင်းနိုင်သည်။

ကယားပြည်နယ်ကောင်စီမှ အတည်ပြုပြီးသော ဥပဒေကြမ်းကို ထုတ်ပြန်ကျေ
ညာပေးရန်နိုင်ငံတော်သမ္မတထံသို့တင်သွင်းရသည်။ထိုတင်သွင်းသော ဥပဒေကြမ်း
သည် အခြေခံဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို ဆုံးဖြတ်ရန်အတွက်
နိုင်ငံတော် သမ္မတက မိမိသဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်
သည်။

ပြည်နယ်ကောင်စီညီလာခံကို တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပရသည်။
ကယားပြည်နယ်ဥက္ကဋ္ဌသည် အချိန်ကာလအားလျော်စွာ ပြည်နယ်ကောင်စီကိုဆင့်
ခေါ်နိုင်သည်၊ ဖျက်သိမ်းနိုင်သည်။

ကယားပြည်နယ်အစိုးရ

ကယားပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ဝန်ကြီးချုပ်သည် ကယားပြည်
နယ်ဆိုင်ရာ ပါလီမန်အမတ်များထဲမှ တဦးဦးကိုရွေးချယ်ပြီးလျှင် နိုင်ငံတော်သမ္မတ
ထံသို့ အမည်တင်သွင်းရလေသည်။ နိုင်ငံတော်သမ္မတက ထိုအမည်တင်သွင်းခြင်း
ခံရသောအမတ်အား ကယားပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်သည်။ ထိုကယား
ပြည်နယ်ဝန်ကြီးသည် ပြည်ထောင်စုအစိုးရဝန်ကြီးများအဖွဲ့ဝင်ဖြစ်သည့်ပြင်ကယား
ပြည်နယ်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

ကယားပြည်နယ်ဥက္ကဋ္ဌသည် ကယားပြည်ဆိုင်ရာအုပ်ချုပ်ရေးကိစ္စများအတွက်
တာဝန်ယူ၍ဆောင်ရွက်ရသည်။ ပြည်နယ်ဥက္ကဋ္ဌသည် ကယားပြည်နယ်အတွင်း၌
တိုက်ရိုက်ဖြစ်စေ၊ တာဝန်လွှဲအပ်ထားသော လက်အောက်အရာရှိများမှတဆင့်ဖြစ်
စေ အုပ်ချုပ်မှုအတွက် စီမံခန့်ခွဲရန် အခွင့်အာဏာများရှိသည်။ ပြည်နယ်ဆိုင်ရာ
အုပ်ချုပ်မှု ကိစ္စအားလုံး၌ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့် ညှိနှိုင်း
တိုင်ပင်ရသည်။

ချင်းဝိသေသတိုင်း

ချင်းဝိသေသဘိုင်းတွင် နိုင်ငံတော်သမ္မတသတ်မှတ်ထားသော ချင်းတောင်
ခရိုင်နှင့် ရခိုင်တောင်တန်းနယ်များပါဝင်သည်။

ချင်းရေးရာကောင်စီတွင် ပါလီမန်ဆိုင်ရာ ချင်းအမျိုးသားအမတ်အားလုံးပါ
ဝင်ကြသည်။ ချင်းရေးရာကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် ဝန်ကြီးချုပ်သည်
ပါလီမန်ဆိုင်ရာ ချင်းအမတ်များအနက် တဦးဦးကိုရွေးချယ်၍ နိုင်ငံတော်သမ္မတထံ
အမည်တင်သွင်းရလေသည်။ နိုင်ငံတော်သမ္မတက အမည်တင်သွင်းခြင်းခံရသော

ပါလီမန်အမတ်အား ချင်းရေးရာဝန်ကြီးအဖြစ် ခန့်အပ်သည်။ထိုချင်းရေးရာဝန်ကြီး
သည် ပြည်ထောင်စုအစိုးရဝန်ကြီးများ အဖွဲ့ဝင်လည်းဖြစ်သည်။

ပြည်ထောင်စုအစိုးရ၏ အာဏာများကိုမထိခိုက်စေဘဲ ချင်းရေးရာဝန်ကြီး
သည် ချင်းဝိသေသတိုင်းအုပ်ချုပ်မှုဆိုင်ရာကိစ္စများကို စီမံခန့်ခွဲရလေသည်။ချင်းဝိ
သေသတိုင်း အုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်ရာတွင် ချင်းရေးရာဝန်ကြီးသည်
ချင်းရေးရာကောင်စီမှအကြံဉာဏ်နှင့် အကူအညီများကို ယူသည်။

ချင်းရေးရာ ကောင်စီဝင်အမတ်သည် ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသောအခါ
ကောင်စီအမတ်အဖြစ်မှလည်း ရပ်စဲပြီးသားဖြစ်သည်။ သို့ရာတွင် မိမိနေရာတွင်
ဆက်ခံဆောင်ရွက်မည့်သူ ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင် တာဝန်
ဝတ်တရားများကို ဆက်လက်ထမ်းဆောင်နိုင်သည်။

ည။ ။တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏နောင်ရေး

နိုင်ငံတော်၏ တာဝန်

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏တာဝန်ဝတ်တရားများကို အတိအကျသတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရလေသည်။ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟူ၍ ဖော်ပြထားပြီးနောက်မြေယာပိုင်ဆိုင်ခွင့် စံနစ်များကိုစည်းမျဉ်းတကျဖြစ်စေရန်သော်၎င်း၊လွှဲပြောင်းရန်သော်၎င်း၊ဖျက်သိမ်းရန်သော်၎င်း နိုင်ငံတော်၌အခွင့်အရေးရှိသည်ဟုဖော်ပြထား၏။ ထိုမျှသာမကသေး၊ မည်သည့်မြေယာကို မဆိုနိုင်ငံတော်ကပြန်လည်သိမ်းယူပြီးလျှင်ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေးအတွက်ဖြစ်စေ၊သမဝါယမစိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ ဖြစ်စေ ဝေငှပေးရန် အခွင့်အရေးရှိသည်ဟုလည်း အတိအလင်း ဖော်ပြထားလေသည်။

တောင်သူလယ်သမားများ၏ အကျိုးအတွက် မည်သူတဦးတယောက်ကမျှ မြေယာအမြောက်အများပိုင်ဆိုင်နိုင်ခွင့် မရှိစေရဟူ၍လည်း သတ်မှတ်ထား၏။ ထို့ကြောင့်တဦးတည်းပိုင်ဖြစ်သော မြေယာအများဆုံး မြေကေအရေအတွက်ကို အကြောင်းညီညွတ်လျှင် ညီညွတ်ခြင်း တရားဥပဒေဖြင့် သတ်မှတ်မည်ဟု ဖော်ပြထားလေသည်။

အလုပ်သမားများ၏ဘဝမြှင့်တင်မှုအတွက်လည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားသည်မှာ အလုပ်သမားများသည် မိမိတို့ အချင်းချင်း ပေါင်းသင်းဖွဲ့စည်းနိုင်ကြစေရန် နိုင်ငံတော်သည် တတ်ကျွမ်းသရွေ့ ကူညီမည်ဟု ကျေညာခဲ့၏။ ထိုမျှသာမကသေး၊ အလုပ်သမားများအား စည်းရုံးရန်ကူညီခြင်း၊ အလုပ်လုပ်သောအချိန်နာရီကို ကန့်သတ်ပေးခြင်း၊ နှစ်စဉ်အားလပ်ရက်များရရှိနိုင်ရန်စီမံပေးခြင်း၊ အလုပ်ရုံအခြေအနေကို ကောင်းမွန်လာအောင် ပြင်ပေးခြင်း အစရှိသည်တို့ကို နိုင်ငံတော်သည် ဥပဒေပြုလုပ်၍ကာကွယ်စောင့်ရှောက်ရန်လည်း ပြဋ္ဌာန်းထားလေသည်။ ထိုမျှသာမကသေး၊ အကြောင်းညီညွတ်လျှင်ညီညွတ်ခြင်း အလုပ်သမားများ၏နေခင်းထိုင်ခင်းနှင့်ထောက်ပံ့မှုအာမခံစံနစ်တို့အတွက် စီမံချက်များပြုလုပ်ပေးမည်ဟူ၍လည်း ပြဋ္ဌာန်းထားလေသည်။

ဤကားတောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက်နိုင်ငံတော်၏ တာဝန်ဝတ်တရားများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ အတိအလင်းဖော်ပြထားသော ပြဋ္ဌာန်းချက်များဖြစ်လေသည်။ ထိုပြဋ္ဌာန်းချက်များအတိုင်း အထက်ပါလူဘန်းစားနှစ်ရပ်အတွက် မည်ကဲ့သို့ ဖဆပလ အစိုးရသည် စီမံဆောင်ရွက်ခဲ့သည်ကို ဤအခန်းတွင် အကျဉ်းချုပ်ဖော်ပြပေအံ့။ စီမံဆောင်ရွက်ချက် အကျယ်ကို ပြည်တော်သာစီမံကိန်းများနှင့် သက်ဆိုင်သော အခန်းတွင်သော်၎င်း၊ ဗလငါးတန်နှင့်သက်ဆိုင်သောအခန်းတွင်သော်၎င်း ထပ်မံဖော်ပြပေအံ့။

တောင်သူလယ်သမားများအတွက် စီမံချက်များ

လွှတ်လပ်ရေးမကျေညာမီက ဖဆပလ အစိုးရသည် ရွှေတော်ပြေး လုပ်ငန်းများအဖြစ်တောင်သူလယ်သမားများအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ခဲ့သည်ကို အထက်တွင်အကျဉ်းချုပ်ဖော်ပြခဲ့ပြီးလေပြီ။ လွှတ်လပ်ရေး ရရှိသည်နှင့်တပြိုင်နက် ထိုလုပ်ငန်းများကို ဦးစားပေး၍ဆောင်ရွက်သည်ကို တွေ့ရ၏။ ရှေးကပေါ်ပေါက်လျက်ရှိခဲ့သော (၁) အဆမတန်ကြီးလေးသော သီးစားခပြဿနာ၊ (၂) တောင်သူလယ်သမားများအပေါ်တွင် တင်ရှိနေသော ကြွေးမြီများပြဿနာ၊ (၃) သီးစားချထားရေးပြဿနာ၊ (၄) လယ်ယာမြေများကိုမြေပိုင်ရှင်ကြီးများ ပိုင်ဆိုင်ခြင်းပြဿနာဟူ၍ ပြဿနာကြီးလေးရပ်ရှိခဲ့ရာ ဖဆပလ အစိုးရသည် ထိုပြဿနာကြီးလေးရပ်ကို လွှတ်လပ်ရေးရရှိသည်နှင့်တပြိုင်နက် အစွမ်းကုန် ဖြေရှင်းရန်ကြိုးစားခဲ့ကြလေသည်။

ကြွေးမြီပြဿနာသည် တောင်သူလယ်သမားတို့၏ အကြီးဆုံးသော ပြဿနာကြီးဖြစ်ခဲ့၏။ နှစ်စဉ်တောင်သူလယ်သမား ဆင်းရဲသားတို့၏ ဘိုးဘိုပိုင်ကြွေးမြီမှာ ကုဋေ ၅၀ မှ ၆၀ အထိရှိသည်ဟု စီးပွါးရေးပါရဂူများက ခန့်မှန်းကြ၏။ ထိုကဲ့သို့ အလွန်ကြီးလေးလှသော ဝန်ထုပ်ဝန်ပိုးကြီးကို ဆက်ဆံရွက်ထားကြရသည့် တောင်သူလယ်သမားတို့၏ စီးပွါးရေးအခြေအနေမှာ မည်မျှဆိုးရွားကြောင်းကို ဖော်ပြရန် လိုမည်မဟုတ်ပေ။ တောင်သူလယ်သမားများအပေါ်တွင် တင်ရှိလျက်နေသော ကြွေးမြီပြဿနာ ရပ်သည်အသစ်တည်ထောင်ခါစ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ကြီးလေးသောပြဿနာများအနက် ရှေဆုံးမှအပါအဝင်ဖြစ်ခဲ့လေသည်။ ထိုကြွေးမြီပြဿနာကို ဖြေရှင်းနိုင်သည်နှင့်အမျှ တောင်သူလယ်သမားတို့၏ အဆင့်အတန်းကိုလည်း၊ ပြည်ထောင်စုတခုလုံး၏ စီးပွါးရေးတိုးတက်မှုကိုလည်း မြှင့်တင်ရာ

ရောက်မည်ဟု ဖ ဆ ပ လ အစိုးရသည် လေးနက်စွာယုံကြည်လေသည်။ ထို့ကြောင့် ထိုကြေးမြီပြဿနာကို အမြန်ဆုံးဖြေရှင်းနိုင်ရန် အတွက် ဖ ဆ ပ လ အစိုးရသည် (၁) ငွေတိုးချစားသူတို့ အက်ဥပဒေနှင့် (၂) တောင်သူ လယ်သမားများ၏ ကြေးမြီ သက်သာရေး အက်ဥပဒေနှစ်ရပ်ကို ပြဋ္ဌာန်း အတည် ပြုလိုက်ကြလေသည်။

အဆမတန်ကြီးလေးသော သီးစားခပြဿနာမှာလည်း တောင်သူလယ်သမားများအတွက် အလွန်ကြီးမားသောဝန်ထုပ်ဝန်ပိုးကြီးတခုဖြစ်ခဲ့လေသည်။ မြေပိုင်ရှင်ကြီးစံနစ်အောက်တွင် မြေရှင်တို့သည် မြေနှင့်ရင်းနှီးလျက် တောင်သူလယ်သမား သီးစားတို့သည် အလုပ်အားဖြင့်ရင်းနှီး၍ရသော ကောက်ပဲသီးနှံတို့မှအဆမတန် အလွန်မညှဉ်းပန်းသော သီးစားခများကို တောင်းယူခံစားလျက်ရှိခဲ့လေသည်။ သီးစားခသည် မည်မျှ အဆမတန် များပြားသနည်းဆိုလျှင် လယ်ယာကောင်းမွန်သော ဒေသများတွင် မြေပိုင်ရှင်တို့သည် သီးစားများထံမှ မြေထွက်သီးနှံ၏ထက်ဝက်မျှကို အများအားဖြင့် ရရှိခဲ့ကြလေသည်။ အလယ်အလတ်ဒေသများတွင် ခန့်မှန်းခြေ သုံးပုံတပုံမှ တဝက်မျှလောက်အထိ ယူကြပြီးလျှင် ကျန်ဒေသတို့တွင် သုံးပုံတပုံ ထက်မနည်း အတင်းအဓမ္မတောင်းယူခဲ့ကြလေသည်။ ထိုသို့အဆမတန်များပြားလှသော သီးစားခစံနစ်ကြောင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက တောင်သူလယ်သမားတို့သည် မိမိတို့လုပ်ကိုင်သောမြေများအတွက် တနှစ်လျှင် တကေအတွက် ဒိ မှ ဂို အထိရှုံးခဲ့ကြလေသည်။

မြေပိုင်ရှင်ကြီးစံနစ်ကြောင့် ပေါ် ပေါက်လာသော အဓမ္မသီးစား စံနစ်နှုန်းများကိုသင့်လျော်အောင်ပြန်လည်စီမံရန်လိုအပ်သဖြင့် ဖ ဆ ပ လ အစိုးရသည်သီးစားခစံနစ်နှုန်းအက်ဥပဒေကိုပြဋ္ဌာန်းခဲ့ရလေသည်။ ထိုဥပဒေအရ စပါးစိုက်ပျိုးသော မြေများအတွက် အခွန်တော်နှစ်ဆ သီးစားခပေးရန် ပြဋ္ဌာန်းခဲ့၏။ ထိုကဲ့သို့အခွန်တော်နှစ်ဆသီးစားခနှုန်းကို တီထွင် ပြဋ္ဌာန်းလိုက်သည့်အတွက် တောင်သူလယ်သမားတို့သည် မိမိတို့လုပ်ကိုင်သော မြေအတွက် တကေလျှင်တနှစ်အတွက် ငွေ ဒိ မှ ၄၆ ကျပ်အထိ အမြတ်ထွက်ကြောင်း သိရှိရလေသည်။

သီးစားချထားရေးပြဿနာသည်လည်း တောင်သူလယ်သမားများအတွက် အလွန်တရာစိတ်မချမ်းမြေ့ စရာကောင်းသော ပြဿနာကြီးတရပ် ဖြစ်ခဲ့လေသည်။ အဆင်းရဲအပင်ပန်းခံ၍မြေယာများကို ကြိုးစားလုပ်ကိုင်ကြရသော တောင်သူလယ်သမားများသည် အလွန်ကြီးလေးသော သီးစားခများကို မြေရှင်အားပေးကြရသော်လည်း မိမိထက်ပို၍ သီးစားခပေးနိုင်သူတဦးဦး ပေါ် ပေါက်လာပါမူ မူလသီး

စားသည် မိမိလုပ်နေကျလယ်ယာမြေကို စွန့်လွှတ်ခဲ့ရသည့် အစဉ်အလာကြီး ရှိခဲ့ပေသည်။ မြေပိုင်ရှင်စံနစ်မှ ပေါက်ဖွားလာသော အကျင့်ဆိုးတခုသည် "ရလေလိုလေ အိုတစ္ဆေ" ဟူသောစကားအတိုင်း သီးစားခပို၍ပေးသူကိုသာ လွှဲပြောင်း၍ သီးစားချထားလေ့ရှိရာ တောင်သူလယ်သမားတို့၏ ဘဝသည် နေရာအတည်တကျမရှိဘဲ ခြေသလုံးအိမ်တိုင်ပြု၍ ဝမ်းစာရှာဖွေးရသော ဘဝဆိုးကြီးသာ ဖြစ်ခဲ့လေသည်။ သီးစားလုပ်ကိုင်ရေးစံနစ်သည် တည်တံ့မှုမရှိသမျှကာလပတ်လုံး ယင်းတို့၏ဘဝသည် ပြောမပြနိုင်လောက်အောင် ဆိုးရွားလှသည်ဖြစ်ရာ ဖ ဆ ပ လ အစိုးရသည် ထိုပြဿနာကို အစောဆုံးဖြေရှင်းခဲ့၏။ သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းလိုက်၍ ထိုအက်ဥပဒေအရ မြေရှင်ကိုသီးစားခအဖြစ် အခွန်တော်နှစ်ဆငွေဖြင့် ဖြစ်စေ၊ အသီးအနှံဖြင့်ဖြစ်စေ ပေးဆောင်လျက်ရှိသော သီးစားကိုထုတ်ပယ်ခြင်းမပြုရဟု တားမြစ်လိုက်လေသည်။ ထို့ကြောင့် ဥပဒေပြဋ္ဌာန်းထားသော သီးစားခပေးသူကို မြေရှင်သည်နှင်ထုတ်ခြင်း၊ ပစ်ပယ်ခြင်းစသည်တို့ကို မပြုလုပ်နိုင်တော့ဘဲ ယင်းအားပင် ဆက်လက်၍ သီးစားချထားရလေသည်။ ထို့ကြောင့် မြေခွန်တော်နှစ်ဆ သီးစားခကို ပေးသော တောင်သူလယ်သမားသည် ရှေးအခါကကဲ့သို့ မြေရှင်တဦးထံမှ အခြားတဦးသို့ လွှဲပြောင်းဖူးထောက်နေရန် မလိုတော့ဘဲ အတည်တကျ စိုက်ချလက်ချ မိမိ၏လယ်မြေကို လုပ်ကိုင်နိုင်ပေတော့သည်။

လယ်ယာမြေများကို မြေပိုင်ရှင်ကြီးများပိုင်ဆိုင်ခွင့်ပြဿနာဆည် တောင်သူလယ်သမားအတွက်သာမဟုတ်၊ ပြည်ထောင်စု အတွက်လည်း အကြီးဆုံးသော ပြဿနာတရပ်ဖြစ်သဖြင့် အုပ်ချုပ်ရေးအခြေခံဥပဒေဥပင်နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု အတိအလင်း ဖော်ပြထားရလေသည်။ အောက်မြန်မာပြည်တွင် ထွန်ယက်စိုက်ပျိုးနိုင်သောလယ်ယာမြေကေစုစုပေါင်း ၁၁ သန်းကျော်အနက် ၅ သန်း ၇ သိန်းကျော်ကိုတောင်သူလယ်သမားများကပိုင်လျက် ၅ သန်း၄ သိန်းခန့်ကို တောင်သူလယ်သမားမဟုတ်သူ မြေပိုင်ရှင်များက ပိုင်ဆိုင်ခဲ့လေသည်။ အထက်မြန်မာပြည်တွင် ထွန်ယက်စိုက်ပျိုးနိုင်သော လယ်ယာမြေကေစုစုပေါင်း ၈ သန်းနှစ်သိန်းကျော်အနက် ၇ သန်းတသိန်းကျော်ကို တောင်သူလယ်သမားများကပိုင်၍ ကေတသန်းကျော်ကို တောင်သူလယ်သမားမဟုတ်သူ မြေပိုင်ရှင်များက ပိုင်ဆိုင်ခဲ့လေသည်။ ဖ ဆ ပ လ အစိုးရ၏ရည်ရွယ်ချက်မှာ တောင်သူလယ်သမားမဟုတ်သူ မြေပိုင်ရှင်ကြီးများ ပိုင်ဆိုင်သော လယ်ယာမြေအားလုံးကို နိုင်ငံတော်အစိုးရက သိမ်းယူပြီးနောက် မိမိတို့ကိုယ်တိုင် ကိုယ်ထိလက်ရောက် အတည်အကျ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင် စားသောက်သော

တောင်သူလယ်သမားများကို ဝေငှပေးရန်ဖြစ်လေသည်။ထို့ကြောင့် လွတ်လပ်ရေး ရရှိသော ၁၉၄၈ ခု နှစ်၌ပင် လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်း အတည်ပြုခဲ့၏။ ထိုဥပဒေအရ ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့ကစ၍ တောင်သူလယ်သမားများသည် မြေယာမျာ်းကို ပိုင်ဆိုင်ပါက စပါးစိုက်ပျိုးသော မြေအဲတွက် ဧက ၅၀ အထိ၊ယာအတွက် ဧက ၂၅ အထိ၊ကိုင်းအတွက် ဧက ၁၀ အထိ ကိုယ်တိုင် လုပ်ကိုင်သူတို့အား ပိုင်ဆိုင်ခွင့် ပေးခဲ့လေသည်။

ထိုကဲ့သို့မြေယာများကို နိုင်ငံတော်အစိုးရက သိမ်းယူပြီးလျှင် တောင်သူလယ်သမားအိမ်ထောင်သားစုတစုလျှင် တတုံးထွန်စီဝေငှရန် ကန့်သတ်ထားခဲ့လေသည်။ အကယ်၍ အိမ်ထောင်သားစုတစုလျှင် လယ်ယာလုပ်ကိုင်နိုင်သူ အရွယ်ရောက်ပြီးသူ ၄ ယောက်ထက် ပိုမိုပါက ထိုတောင်သူလယ်သမား အိမ်ထောင်သားစုတို့အား မြေယာနှစ်တုံးထွန် ခွဲဝေပေးနိုင်ရန် ပြဋ္ဌာန်းထားခဲ့လေသည်။

ထိုသို့ ဥပဒေပြဋ္ဌာန်း၍ သိမ်းယူ ဝေငှရန် ရည်ရွယ်သော မြေယာများမှာ (၁) အောက်မြန်မာပြည်တွင် ကေပေါင်း ၅ သန်း ၅ သိန်းနှင့် ဖဿန်း ၂ သိန်း ကြေးတွင် ရှိလျက် (၂) အထက်မြန်မာပြည်တွင် ကေပေါင်း တသန်း ၈ သိန်း နှင့် ၂ သန်း တသိန်းကြေးတွင် ရှိမည်ဟု ခန့်မှန်းခဲ့လေသည်။

ထိုဥပဒေကို ပြဋ္ဌာန်းပြီးသည်နှင့်တပြိုင်နက် အောက်ပါ ခရိုင် မြို့နယ်များ အတွင်းရှိမြေယာများကို သိမ်းယူဝေငှရန် နိုင်ငံတော် သမ္မတသည် ကျေညာခဲ့၏။

(က) ကျောက်ဆည်ခရိုင်
(ခ) အမရပူရမြို့နယ်
(ဂ) သာယာဝတီခရိုင်
(ဃ) ဟင်္သာတ မြို့နယ်
(င) တောင်ငူခရိုင် အတွင်းရှိ ဇေယျဝတီ ဂရန်များ
(စ) တိုက်ကြီးမြို့နယ်
(ဆ) ဟံသာဝတီခရိုင် သံလျင် မြို့နယ်

ထိုကဲ့သို့ လယ်ယာမဲ့ ဖြစ်ကြသော တောင်သူ လယ်သမားများ အတွက် ဖဆပလ အစိုးရသည် ကြီးမားသောစေတနာနှင့် ကူညီရန် ခြေလှမ်းလျက် ရှိစဉ် ၁၉၄၈ ခုနှစ် မတ်လ မကုန်မီ စတင်၍ ပေါ်ပေါက်လာခဲ့သော ရောင်စုံ သူပုန်တို့၏ ဆူပူသောင်းကျန်း ဖျက်ဆီးမှုများကြောင့် မူလရည်ရွယ်ခဲ့သည့် အတိုင်း မဆောင်ရွက်နိုင်ခဲ့သည်မှာ တောင်သူလယ်သမား ဆင်းရဲသားများ အတွက် အထူး နစ်နာသည်ကို ဖော်ပြရန်ပင် မလိုတော့ပေ။ သို့ရာတွင် ၁၉၅၀ ပြည့်နှစ် အတွင်း၌

သောင်းကျန်းသူများသိသိသာသာ ဆုတ်ယုတ်သွားခဲ့ရာ ထိုနှစ် မတ်လအတွင်းမှပင် ဟံသာဝတီခရိုင် သံလျင်မြို့နယ်ရှိ မြေယာအားလုံးကို နိုင်ငံတော်အစိုးရက သိမ်းယူပြီးနောက် လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေး အက်ဥပဒေအရ တောင်သူ လယ်သမားများကို အောင်မြင်စွာ ခွဲဝေ ပေးနိုင်ခဲ့လေသည်။

မြေပိုင်ရှင်ကြီးများ ပိုင်သော လယ်ယာမြေများကို သိမ်းယူရာ၌ မြန်မာ နိုင်ငံတွင် ကွန်မျူနစ်များ ဟစ်အော် ကြေးကြော်သကဲ့သို့ အတင်းအခမဲ့ သိမ်းယူခြင်း မျိုး မဟုတ်ဘဲ အက်ဥပဒေ အရ ကန့်သတ် ထားသော တရားမျှတသည့် လျော်ကြေးများကို ပေး၍ သိမ်းယူရန် လည်း ကျေညာထားခဲ့လေသည်။ လျော်ကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ ပြည်တော်သာ စီမံကိန်းများအခန်းတွင် အသေးစိတ် ဖော်ပြပေအံ့။

အလုပ်သမားများအတွက် စီမံချက်များ

ဖဆပလ အစိုးရသည် အဓိကလုပ်ငန်းကြီးတခုအဖြစ် သတ်မှတ်ထားသော အလုပ်သမားများ၏ ဘဝမြှင့်တင်ရေးအတွက်လည်း လွတ်လပ်ရေး ရရှိသည့်နေ့မှစ၍ အစုံမ်းကုန် ဆောင်ရွက်လျက် ရှိလေသည်။ စစ်မဖြစ်မီကာလက အလုပ်သမားရေးရာနှင့် သက်ဆိုင်သော အောက်ပါ ဥပဒေများ ရှိခဲ့၏။ ယင်းတို့မှာ –

(၁) အလုပ်သမား လျော်ကြေး အက်ဥပဒေ
(၂) ဝါဏိဇ္ဇသမဂ္ဂ အက်ဥပဒေ
(၃) ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေ
(၄) အခကြေးငွေပေးရေး အက်ဥပဒေ
(၅) အလုပ်သင်များ အက်ဥပဒေ
(၆) ကလေးများကို ခိုင်းစေမှု အက်ဥပဒေ
(၇) ဆိပ်ကမ်း အလုပ်သမားများ အက်ဥပဒေ
(၈) စက်ရုံများ အက်ဥပဒေ

ထိုအက်ဥပဒေများအနက် လက်ရှိခေတ် အခြေအနေနှင့် ဆီလျော်ခြင်းမရှိ၍ ခေတ်မမှီသော သတ်မှတ် ပြဋ္ဌာန်းချက်များကို ပြုပြင်ရန်အတွက် အလုပ်သမားရေးရာ အက်ဥပဒေပြင်ဆင်ရေး ကော်မီတီတခုကို အစိုးရသည် ဖွဲ့စည်းခဲ့လေသည်။ ထိုကော်မီတီ၏ ထောက်ခံချက် အရ အောက်ပါ အတိုင်း ဥပဒေသစ်များနှင့် ပြင်ဆင်ချက် ဥပဒေများကို ပြဋ္ဌာန်းခဲ့၏။

(၁) ၁၉၄၉ ခု အနည်းဆုံး အခကြေးငွေ အက်ဥပဒေ
(၂) ၁၉၅၀ ပြည့် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေး အက်ဥပဒေ
(၃) ၁၉၄၈ ခု ဆိပ်ကမ်း အလုပ်သမားများ (စံနစ်တကျအလုပ်နေရာ ချထားရေး) အက်ဥပဒေ
(၄) ၁၉၄၈ခု အလုပ် အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ
(၅) ၁၉၅၁ ခု ရေနံမြေ အလုပ်သမားများနှင့် သက်သာ ချောင်ချိရေး အက်ဥပဒေ
(၆) ၁၉၅၁ ခု အလုပ်ရုံများ အက်ဥပဒေ
(၇) ၁၉၅၁ ခု ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ
(၈) ၁၉၅၁ ခု ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေ

ပြင်ဆင်ချက် အက်ဥပဒေများ

(၁) ၁၉၄၇ ခု ဝါကြီးပဋိပက္ခ ပြင်ဆင်ချက် အက်ဥပဒေ
(၂) ၁၉၄၈ ခု ဝါကြီး ပဋိပက္ခ ပြင်ဆင်ချက် အက်ဥပဒေ
(၃) ၁၉၄၈ ခု သေတ္တာတွင်းများ ပြင်ဆင်ချက် အက်ဥပဒေ
(၄) ၁၉၄၈ ခု အခကြေးငွေ ပေးရေး ပြင်ဆင်ချက် အက်ဥပဒေ
(၅) ၁၉၄၉ ခု ဝါကြီး သမဂ္ဂပြင်ဆင်ချက် အက်ဥပဒေ
(၆) ၁၉၄၉ ခု သေတ္တာတွင်းများ ပြင်ဆင်ချက် အက်ဥပဒေ
(၇) ၁၉၅၀ ပြည့် ဝါကြီး ပဋိပက္ခ ပြင်ဆင်ချက် အက်ဥပဒေ
(၈) ၁၉၅၁ ခု ဝါကြီး ပဋိပက္ခ ပြင်ဆင်ချက် အက်ဥပဒေ
(၉) ၁၉၅၁ ခု အလုပ်သမား လျော်ကြေး ပြင်ဆင်ချက် အက်ဥပဒေ
(၁၀) ၁၉၅၁ ခု ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ပြင်ဆင်ချက် အက်ဥပဒေ
(၁၁) ၁၉၅၁ ခု ဝါကြီးပဋိပက္ခ ဒုတိယ ပြင်ဆင်ချက် အက်ဥပဒေ

အထက်ဘွင် ဖော်ပြခဲ့သော ဥပဒေသစ်များနှင့် ပြင်ဆင်ချက် အက်ဥပဒေများ အပြင် အစိုးရသည် အလုပ်သမားများ အတွက် အောက်ပါ ကိစ္စများကိုလည်း လေးလေးနက်နက် အရေးယူ စဉ်းစားလျက် ရှိ၏။

(၁) အလုပ်သမားများအား နေအိမ်ပေးရေး ပြဿနာ။
(၂) အလုပ်သမားများအား ရက်သတ္တပတ်အလိုက် အခပေးရေး ပြဿနာ။
(၃) ရေနံမြေ အလုပ်သမားများ၏ သက်သာချောင်ချိရေး အတွက် စီမံချက်များ ပြုလုပ်ရန်။

(၄) ဝါကြီး သမဂ္ဂအက်ဥပဒေကို ပြင်ဆင်ရန် ကိစ္စ။
(၅) ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေး အလုပ်သမားများနှင့် စပ်လျဉ်း၍ ဥပဒေ အချက် အလက်များကို ပြင်ဆင်ရန် ကိစ္စများ ဖြစ်လေသည်။

ဝါကြီး ပဋိပက္ခ အက်ဥပဒေနှင့် ယင်းပြင်ဆင်ချက် အက်ဥပဒေများ၏ အကျိုးကျေးဇူးကြောင့် အလုပ်သမား အလုပ်ရှင် ဆက်ဆံရေးမှာ များသော အားဖြင့် ချောမောပြေပြစ်ခဲ့လေသည်။ အလုပ်သမား အလုပ်ရှင် ပဋိပက္ခမှုများမှာ ဝါကြီး ပဋိပက္ခ ပြင်ဆင်ချက် အက်ဥပဒေ အရ ဖွဲ့စည်းထားသော ဖြန်ဖြေရေး ယန္တရား ကြောင့် ပြေငြိမ်းမှု ရရှိခဲ့လေသည်။ ဖြန်ဖြေ၍ မရသော ပဋိပက္ခမှုများကိုလည်း စက်မှု လက်မှုသမာဓိခုံရုံးသို့ အဆုံးအဖြတ် ပေးစေရန် လွှဲအပ်ခြင်း အားဖြင့် သပိတ်မှောက်မှုများကို တားဆီးခဲ့၏။

၁၉၅၁ ခု အလုပ်သမား လျော်ကြေးပြင်ဆင်ချက် အက်ဥပဒေ ထုတ်ပြန်ခြင်း ဖြင့် များစွာသော အလုပ်သမားတို့အား အကျိုးကျေးဇူးခံစားခွင့် ရရှိစေခဲ့လေသည်။ အလုပ်သမား လျော်ကြေးနှုန်းများကိုလည်း ယင်းပြင်ဆင်ချက် အက်ဥပဒေ အရ များစွာ မြှင့်တင်ခဲ့လေသည်။ အလုပ်ရှင်များကလည်း အလုပ်သမား လျော်ကြေးအတွက် အာမခံစံနစ် ထားရှိရန် ထိုအက်ဥပဒေတွင် သတ်မှတ်ချက် ပါရှိလေသည်။

၁၉၅၀ ပြည့်နှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ပေးရေး အက်ဥပဒေ ပြဋ္ဌာန်းခြင်းအားဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ပြီးဖြစ်သော အလုပ်သမား ဆက်သွယ်ရေး ရုံးများ၏ တည်စံ့မှုကို ပိုမို ခိုင်မြဲစေခဲ့လေသည်။ ရန်ကုန်မြို့ အလုပ်သမား ဆက်သွယ်ရေး ရုံးကို လွှဲတ်လပ်ရေး မရမီ ၁၉၄၇ ခု စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့၏။ မန္တလေးမြို့ အလုပ်သမား ဆက်သွယ်ရေး ရုံးကို ၁၉၄၈ ခု ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့လေသည်။ ထိုအလုပ်သမား ဆက်သွယ်ရေး ရုံးများ၏ အဓိက ရည်ရွယ်ချက်များမှာ အလုပ် လက်မဲ့ ဖြစ်၍ အလုပ်ရှာဖွေနေသူ နှင့်အလုပ်သမားအလိုရှိနေသော အလုပ်ရှင်တို့အား စံနစ်တကျ ဆက်သွယ်ပေးခြင်း ဖြစ်လေသည်။ အလုပ်သမား ဆက်သွယ်ရေး ရုံးများ၏ ရှေ့အဖို့ လမ်းစဉ်မှာ မြန်မာနိုင်ငံ တဝှန်းလုံးရှိ အလုပ်သမားများကို စံနစ်တကျ အလုပ်ရှာဖွေပေးရာ၌ အလုပ်လက်မဲ့ ဖြစ်နေသော အလုပ်သမားများကို တမြို့မှတမြို့၊ တနယ်မှ တနယ်သို့ ပြောင်းရွှေ့ပြီးလျှင် အလုပ်ရရှိစေခြင်းနှင့် အလုပ်သမားများတွင် ပိုမိုကျွမ်းကျင် ရစေခြင်းတို့ ဖြစ်လေသည်။

လုပ်ချိန်သည် တနာရီနေ့ တပတ်လျှင် ၄၄ နာရီ ရှိရမည်ဟု ကန့်သတ်ထားရာ ထို စီမံချက်သည် အခြား အိမ်နီးချင်း နိုင်ငံများရှိ အလားတူ ဥပဒေများထက် သာလွန် ကောင်းမွန်သည်ကို တွေ့ရလေသည်။ ရှားပါးစရိတ်ကိုလည်း လစာကော်မရှင်၏ အကြံပေးချက်နှင့် ကိုက်ညီအောင် သတ်မှတ် ထားရှိ၍ ကိုယ်ဝန်ဆောင် မိန်းမ အလုပ်သမားများအား ရက်သတ္တ ၆ ပတ် အထိ လစာမပျက် ခွင့်ပေးရန် မူကို အလုပ်သမားခုံရုံးက သဘောတူညီပြီး ဖြစ်လေသည်။ အချိန်ပို အလုပ်လုပ်ခြင်း အတွက်လည်း ရိုးရိုးနှုန်းထက် နှစ်ဆတိုး၍ပေးလျက် ရှိ၏။ ကုန်တင် ကုန်ချ အလုပ် သမားများအတွက်လည်း နေ့စားမဟုတ်ဘဲ အနည်းဆုံး လစာငွေ သတ်မှတ်ပေးရန် အစိုးရကဆုံးဖြတ်ပြီးဖြစ်လေသည်။အချုပ်ကိုဆိုရလျှင် ၁၉၄၇ ခုနှစ်တွင်ပေါ် ပေါက် ခဲ့သော အလုပ်သမားသပိတ်ကြီးတွင် တောင်းဆိုခဲ့သော အချက်များနှင့် စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်နိုင်သမျှကိစ္စအားလုံးကို အလုပ်သမားများအကျိုးအတွက် ဖ ဆ ပ လ အစိုးရသည် အစွမ်းကုန်ဆောင်ရွက်လျက် ရှိသည်ကို တွေ့နိုင်ပေသည်။

အလုပ်သမားတို့၏ တိုးတက်ရာ တိုးတက်ကြောင်း အတွက် ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရပြီးနောက် လအနည်းငယ် အတွင်း၌ အိုင်အယ်လ် အို၌ ကမ္ဘာ့နိုင်ငံပေါင်းစုံ အလုပ်သမား ရေးရာ အဖွဲ့ကြီး၏ အဖွဲဝင် တဦးအဖြစ် ပါဝင်ခွင့် ရရှိခဲ့လေသည်။ ထိုသို့ အဖွဲဝင်နိုင်ငံ ဖြစ်လာပြီးနောက် ဆွစ်ဇာလန်ပြည် ဂျီနီဗာမြို့တွင် ၁၉၅၀ ပြည့်နှစ် ဇွန်လ အတွင်း ကျင်းပခဲ့သည့် နိုင်ငံပေါင်းစုံ အလုပ် သမားရေးရာ အဖွဲ့ကြီး၏ ၃၃ ကြိမ်မြောက် ညီလာခံသို့ဝင်း၊ ၁၉၅၁ ခု ဇွန်လ အတွင်း ကျင်းပခဲ့သည့် ၃၄ ကြိမ်မြောက် ညီလာခံကြီးသို့ဝင်း၊ နောက်နှစ်များတွင် နှစ်စဉ် ကျင်းပခဲ့သည့် ညီလာခံများသို့ဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ လက်တွဲ တက်ရောက်၍ ဆွေးနွေးခဲ့ကြရလေသည်။

အလုပ်သမားရေးရာတွင် တိုးတက်ခြင်း မရှိသေးသော အာရှနိုင်ငံများအတွက် အိုင်အယ်လ်အို မှ ဦးစီးပြုလုပ်သော အာရှနိုင်ငံများဆိုင်ရာ ကွန်ဖရင့်ကို ၁၉၄၈ ခုနှစ် နယူးဒေလီမြို့နှင့် သီဟိုဠ်ကျွန်း နေရာအီလီယား မြို့များတွင် အာရှတိုက် အလုပ်သမား ကိစ္စများ သက်သက်ဆွေးနွေးရန် ကျင်းပခဲ့ရာ ထိုကွန်ဖရင့်များသို့ လည်း မြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စားလှယ်တော်များသည် တက်ရောက် ဆွေးနွေးခဲ့လေသည်။

၁၉၅၀ ခု ဇွန်လအတွင်း ဂျီနီဗာမြို့တွင် ကျင်းပပြီးစီးခဲ့သော ၃၄ ကြိမ်မြောက် နိုင်ငံပေါင်းစုံ အလုပ်သမားရေးရာ အဖွဲ့၏ ညီလာခံတွင် မြန်မာ နိုင်ငံတော် အစိုးရ

၁၉၄၈ ခု ဆိပ်ကမ်း အလုပ်သမားများ အက်ဥပဒေနှင့် ၁၉၅၁ ခု ဆိပ်ကမ်း အလုပ်သမားများ စီမံကိန်းအရ ကိုယ်စားလှယ် သုံးဦး၊ အလုပ်ရှင် ကိုယ်စားလှယ် သုံးဦးနှင့် အလုပ်သမား ကိုယ်စားလှယ် သုံးဦး ပါဝင်သော ဆိပ်ကမ်း အလုပ်သမား ဘုတ်အဖွဲ့ တရပ်ကို ဖွဲ့စည်းပြီး၍ ၁၉၅၂ ခု ဖေဖော်ဝါရီလ တရက်နေ့မှ စ၍ ဆောင် ရွက်လုပ်ကိုင်လျက် ရှိလေပြီ။ ရည်ရွယ်ချက်မှာ ဆိပ်ကမ်းတွင် လုပ်ကိုင် နေကြသော အလုပ်သမားများအား အလုပ် အကိုင် ပြတ်သတ်ခြင်း မရှိဘဲ တည်ငြိမ်သော ဝင်ငွေ ရရှိစေခြင်းပင် ဖြစ်၏။ ထိုစီမံကိန်း အရ ဆိပ်ကမ်း အလုပ် သမားများ အတွက် အိမ်ယာ ဆောက်လုပ်ရေး၊ ဆေးဝါးပေးကမ်းရေး စသည့် အထောက်အပံ့များကို ပြုလုပ်နိုင်ရန် အတွက် ထွက်ကုန် ဝင်ကုန်များ အပေါ် တွင် အကောက်နှုန်း တဘန် လျှင် နှစ်ပဲကျ ကောက်ခံနေပြီ ဖြစ်သည်။

အလုပ်သမားများ၏ အကျိုးငှါ 'မြန်မာနိုင်ငံ အလုပ်သမား ပြန်တမ်း' ခေါ် စာစောင်ကို ၁၉၄၈ ခု ဇွန်လမှစ၍ အလုပ်သမား ညွှန်ကြားရေးဝန် ဌာနမှ လစဉ် ထုတ်ဝေလျက် ရှိလေသည်။ ထိုစာစောင်တွင် အလုပ်သမားများနှင့် သက်ဆိုင် သော ဗဟုသုတများ၊ အလုပ်သမားများနှင့် သက်ဆိုင်သော စည်းကမ်း ဥပဒေများ အစရှိသည်တို့ကို ပြည့်စုံစွာ ဖော်ပြထားပေသည်။

အလုပ်သမားများ၏ သက်သာချောင်ချိရေး အတွက်လည်း အလုပ်သမား စောင့်ရှောက်ရေး စခန်းများကို ရန်ကုန်မြို့၌ ဖွင့်လှစ်ထားရှိခဲ့လေသည်။ ယခု အခါ အခြားမြို့ကြီးများတွင်လည်း အလုပ်သမား စောင့်ရှောက်ရေး စခန်းများကို ဖွင့်လှစ်လျက် ရှိ၏။ ထိုသို့ ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများနှင့် ယင်းတို့၏ မှီခိုနေထိုင်သူများကို ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အပန်း ဖြေရေး၊ ပညာဗဟုသုတ လိုက်စားရေးကို အားပေးရန်နှင့် အလုပ်သမားများအား ဆူပူလှုံ့ဆော်ရန် သွေးဆောင်၍ ကိုယ်ကျိုးရှာသူတို့၏ ပယောဂမှ ကင်းဝေး စေရန် ဖြစ်လေသည်။ အလုပ်သမား စောင့်ရှောက်ရေး စခန်းများတွင် ဆောင်ရွက် လျက် ရှိသည့် လုပ်ငန်းအချို့မှာ ညကျောင်း၊ စာကြည့်ခန်း၊ အိမ်တွင်း အိမ်ပြင် ကစားခုန်စားမှု အပြင်လူနာများအတွက် အခမဲ့ဆေးခန်း၊ကိုယ်ဝန်ဆောင် မိန်းမနှင့် မိခင်များအား သူနာပြုဆရာမများမှ တဆင့် အကြံဥာဏ် ပေးခြင်းနှင့် ကလေး များအား နို့မှုန့် ဝေငှခြင်း စသည်တို့နှင့် သက်ဆိုင်သော အာမခံစံနစ် အတွက် စီမံကိန်း တခုကိုလည်း ယခု အခါ နိုင်ငံပေါင်းစုံ အလုပ်သမား အဖွဲ့ချုပ်မှ ကျွမ်းကျင် သူတို့၏ အကူအညီဖြင့် ရေးဆွဲလျက် ရှိလေသည်။

လွတ်လပ်ရေး ရသည့်နေ့မှ စ၍ စက်ရုံအလုပ်သမားများ၏ အများဆုံး အလုပ်

ကိုယ်စားလှယ်များ၏ ကြိုးပမ်းချက်ခြင်းကြောင့် ထိုအိုင်အယ်လ်အို အဖွဲ့ချုပ်၏ အုပ်ချုပ်ရေးအဖွဲ့တွင် မြန်မာ နိုင်ငံသည် ဒုတိယတန်း အုပ်ချုပ်ရေး ကော်မီတီ အသင်းသား အဖြစ် ပါဝင် ရွေးချယ်ခြင်း ခံရလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် အလုပ်သမား ရေးရာများနှင့် စပ်လျဉ်း၍ ထူးခြားစွာ ဆောင်ရွက်လျက် ရှိကြောင်းကို အိုင်အယ်လ်အို၏ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အစည်းအရုံးကြီးကပင် ပဌမတန်းအုပ်ချုပ်ရေး ကော်မီတီဝင် အဖြစ် အသိအမှတ် ပြုရကြောင်းကို တွေ့ရပေသည်။

၁၉၅၄ ခု ဇွန်လ ၃ ရက်နေ့မှစ၍ ဇွန်လ ၂၄ ရက်နေ့ အထိ ဆွစ်ဇာလန်ပြည် ဂျီနီဗာမြို့တွင် ကျင်းပသော ၃၇ ကြိမ်မြောက်ကမ္ဘာ့အလုပ်သမားရေးရာ ညီလာခံကြီးတွင် လာမည့်နှစ် အတွက် အမှုဆောင် ကော်မီတီ ရွေးကောက်ပွဲ ကျင်းပရာ မြန်မာနိုင်ငံသည် အဖွဲ့ဝင် ၆၉ နိုင်ငံအနက်မဲအများဆုံးနှင့်ရွေးကောက် တင်မြှောက်ခြင်းခံရလေသည်။ ဤအချက်ကို ထောက်၍ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာ လုပ်ငန်းများသည် တကမ္ဘာလုံး၏ လေးစား ကြည်ညိုခြင်း ခံရကြောင်းကို သိသာပေသည်။

တ။ ။ပြည်ထောင်စုတိုင်းရင်းသားများ

ပြည်တော်သာ ခရီးကို ဖော်ပြရာတွင် ပြည်ထောင်စု တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် အကြောင်းအရာတို့ကို ထည့်သွင်းရန် လိုအပ်ပေသည်။ လွတ်လပ်ရေး ကြိုးပမ်းရာ၌ငင်း၊ လွတ်လပ်ရေးကို တည်မြဲအောင် စောင့်ရှောက်ရာ၌ငင်း ပြည်ထောင်စု တိုင်းရင်းသား အားလုံးပင် တစိတ်တည်း တဝမ်းတည်း ဥမကွဲ သိုက် မပျက် လက်တွဲ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ပေသည်။ မွန်၊ မြန်မာ၊ ရခိုင် တည်းဟူသော ပြည်ထောင်စု တိုင်းရင်းသား လူမျိုးစုသည် ရှမ်း၊ ချင်း၊ ကရင်၊ ကယား စသော တိုင်းရင်းသား လူနည်းစုများနှင့် စိတ်တူ သဘောတူ ပြည်တော်သာ ခရီးတွင် တက်လှမ်းလျက် ရှိကြသည်ကို အထူးသတိပြုရန် လိုပေသည်။ ထို့ကြောင့် ညီတော်နောင်တော်များ ဖြစ်ကြသော ပြည်ထောင်စုသားများအနက် လူနည်းစု ဖြစ်ကြသော ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားစသော တိုင်းရင်းသားများ အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြပေအံ့။

ရှမ်း

ဆင်းသက်လာပုံ။ ။ရှေးနှစ်ပေါင်းများစွာက လူတို့သည် တနေရာတည်းတွင် အခြေစိုက်၍ နေထိုင်လေ့ မရှိကြသေးပေ။ အုပ်စုများ ပြုလုပ်လျက် အစားအသောက် ရှာဖွေ၍ လှယ်ကူသော ဒေသများသို့ လှည့်လည် နေထိုင်ခဲ့ကြသည်။ အုပ်စု တခုနှင့် တခု တွေ့ကြုံ ဆုံစည်းသော အခါများ၌လည်း အင်အားနည်းပါးသော အုပ်စုက ရှောင်ဖယ်ပေးခဲ့ရလေသည်။ ဤသို့ဖြင့် အာရှတိုက် အလယ်ပိုင်းမှ မောင်းဂွတ် လူမျိုးနွယ်တို့သည် တရုပ်ပြည်အနောက်ဖက်ရှိ ယန်စီမြစ်နှင့် ဟိုအံဟိုမြစ်များတလျှောက် တောင်ဖက်သို့ တဖြည်းဖြည်း ရွှေ့လျားလာယင်း မြန်မာပြည်တွင်းသို့ ဝင်ရောက်လာကြ၏။ မောင်းဂွတ် မျိုးနွယ်တို့သည် တောင်ဖက်သို့ တဖြည်းဖြည်း သက်ဆင်းလာယင်း နှစ်ပေါင်းကြာလတ်သော် လူမျိုးစု သုံးကွဲကွဲသွားကြလေသည်။ ထိုသုံးမျိုးမှာ မွန်ခမာ၊ တိဗက်မြန်မာနှင့် တိုင်တရုပ်မျိုးနွယ်တို့ ဖြစ်ကြ

သည်။ တိုင်တရုပ်မျိုးနွယ်တို့အား ယခုခေတ် ရှမ်းပြည်နယ် တလျှောက်တွင်ပင် အခြေစိုက်ကာ နေထိုင်ခဲ့ကြ၏။ ရှမ်းလူမျိုးတို့သည် အဆိုပါ တိုင်တရုပ် မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာကြလေသည်။

နေထိုင်သည့်ဒေသနှင့်လူဦးရေ

ရှမ်းလူမျိုးတို့သည် မြန်မာပြည် မြောက်ပိုင်း တောင်တန်း ဒေသများ၌ အနှံ့အပြား နေထိုင်ကြသည်။ ချင်းတွင်းမြစ်ဝှမ်းအထက်ပိုင်းတွင် ရှိသော သောင်သူတ်နယ် ဇင်းကလိုင်ခန္တီးနယ်နှင့် ဆောမရနယ်တို့တွင်လည်း ရှမ်းလူမျိုးတို့ နေထိုင်ကြသည်။ မြန်မာပြည်မဖြစ်သော တောင်ငူခရိုင်တွင်လည်း နေထိုင်ကြသည်ကို တွေ့ရသည်။

၁၉၄၁ ခုနှစ် သန်ကောင် စာရင်းအရ ရှမ်းလူမျိုး ဦးရေမှာ ၁,၅၆၁,၆၀၀ ယောက် ဖြစ်၏။

အုပ်ချုပ်ရေး

မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးခါစ အချိန်တွင် ရှမ်းပြည်၌ စော်ဘွားများကိုပင် ရှေးထုံးစံ အတိုင်း အုပ်ချုပ်ခွင့် ပေးထားလေသည်။ တနည်းအားဖြင့် မြန်မာပြည်မနှင့် တသီးတခြား တည်ရှိစေခဲ့သည်။

ဗြိတိသျှတို့သည် ၁၀၀၀ ခုနှစ်တွင် ဆာနဒ် အမိန့်ကို လက်ခံရန် စော်ဘွားများအား သွေးဆောင် ဖြားယောင်းကာ ပြဋ္ဌာန်းလိုက်လေသည်။ ဆာနဒ်အမိန့်ကား စော်ဘွားများကို ဗြိတိသျှတို့၏ လက်ပါးစေဘဝသို့ အဆင့်အတန်း ရွှေ့လျော စေခဲ့သော ပြဋ္ဌာန်းချက်ပင် ဖြစ်၏။ ထိုအမိန့် အရ စော်ဘွားများသည် ဗြိတိသျှ အစိုးရက ခန့်ထားသော တောင်တန်းမင်းကြီး၏ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်ပင် ဖြစ်တော့သည်။ အကယ်၍ စော်ဘွားများသည် ဆာနဒ်အမိန့် အတိုင်း မလိုက်နာခဲ့သော် စော်ဘွားရာထူးမှ ထုတ်ပယ်ပစ်နိုင်ကြောင်းကိုလည်း အတိအလင်း ညွှန်ကြားထား၏။ ထို့ကြောင့် နယ်ခြံသမားတို့၏ ချုပ်ချယ်မှုသည် ရှမ်းပြည်နယ်တွင်တဖြည်းဖြည်းတင်းကြပ်လာတော့သည်။ စော်ဘွားများ လိုက်နာ ဆောင်ရွက်ရန် စည်းကမ်းချက်ကြီး ဆယ်ချက်ကိုလည်း ပြဋ္ဌာန်းထားပြန်လေသည်။

၁။ ကန့်သတ်ထားသော ရှိခိုးလက်ဆောင်တော်ငွေများကို နှစ်စဉ်မှန်မှန်ပေးသွင်းရမည်။ တကြိမ်လျှင်ငါးနှစ်အတွက်သာ သတ်မှတ်ထားသော်လည်း

ငါးနှစ်မပြည့်မီသော်ငင်း၊ ငါးနှစ်ထက် ကျော်လွန်သောအခါမှသော်ငင်း မည်သည့်အချိန်အခါမဆို မြန်မာပြည်ဘုရင်ခံမင်းကြီး၏ သဘောအရ တိုးနိုင် လျှော့နိုင်သည်။

၂။ သစ်တော၊ သေတ္တာနှင့်တွင်းထွက်ပစ္စည်းများအား လုံးကို အစိုးရမင်းက ပိုင်ဆိုင်သည်။ ယင်းတို့ကိုအကယ်၍ (သင့်အား) လုပ်ကိုင်ရန် အခွင့်ပေးထားလျှင် သတ်မှတ်ထားသောအခွန်တော်များကို အစိုးရ၏ပြဋ္ဌာန်းချက်အရ (သင်) ဆောင်သွင်းရမည်။ ထိုသစ်တောသေတ္တာများကို လုပ်ကိုင်ရာတွင်လည်း အစိုးရမင်းတို့၏ ဥပဒေအရသာလုပ်ရမည်။ အကယ်၍ (သင့်အား) သေတ္တာတွင်းများတူးဖော်ရန် "ဂရန်"နှင့် "လိုင်စင်" များထုတ်ပေးခဲ့လျှင် ထိုဘူးဖော်ရရှိသော ကျောက်သံပတ္တမြား အစရှိသည့် တွင်းထွက်ပစ္စည်းများအပေါ် တွင် အကောက်တော်များပေးရမည်။

၃။ သက်ဆိုင်ရာနယ်ကို ရပ်ရွာဓလေ့ထုံးစံအရ အုပ်ချုပ်ရေးကိစ္စ အားလုံးကို ရှမ်းပြည်ဆိုင်ရာ အရေးပိုင်၏ အမိန့် ဩဝါဒအတိုင်း (သင်) အုပ်ချုပ်ရမည်။ ပြည်သူတို့၏ အခွင့်အရေးကို အရေးယူအသိအမှတ်ပြုရမည့်အပြင် ထုံးတမ်းစဉ်လာအတိုင်း လုပ်ဆောင်သွားရမည်။ ပြည်သူတို့အား မည်သည့်နည်းနှင့်မျှ ဖိနှိပ်ချုပ်ချယ်ခြင်းကို မပြုရ။ ဖိနှိပ်ချုပ်ချယ်ခြင်းမခံရအောင်လည်း ကာကွယ်ပေးရမည်။

၄။ သက်ဆိုင်ရာနယ်တွင် ငြိမ်ဝပ်ပိပြားရေးကိုလည်း စောင့်ရှောက်ရမည်။ ကူးသန်းရောင်းဝယ်သော လမ်းများကိုလည်း ဖွင့်ထားရမည်။ အကယ်၍ (သင်) အုပ်ချုပ်သောနယ်နိမိတ်အတွင်း သွားလာနေသော ကုန်သည်များအား လုယက်တိုက်ခိုက်ခဲ့လျှင် အရေးပိုင်ကကန့်သတ်ပေးသည့်အတိုင်း (သင်က) လျော်ကြေးပေးရမည်။

၅။ သက်ဆိုင်ရာနယ်အတွင်း ဖြစ်ပျက်နေသော အကြောင်းကိစ္စများကိုအရေးပိုင်အား အမြဲသတင်းပေးရမည်။ ကိုယ်စားလှယ်တယောက်ကို အရေးပိုင်က ထားလိုထျင်ထားခွင့်ရှိရမည်။

၆။ တနယ်နှင့်တနယ် အငြင်းအခုံကိစ္စ တစုံတခုပေါ် ပေါက်ခဲ့သော် ထိုကိစ္စကို အရေးပိုင်ထံသို့' တင်သွင်းပြီး အရေးပိုင်၏ဆုံးဖြတ်ချက်ကို နာခံရမည်။ (သင်၏)နယ်သားများသည် အခြားတနယ်သို့သွားရောက်၍ တိုက်ခိုက်လုယက်မှုများကျူးလွန်ခဲ့သော် အရေးပိုင်က သင့်တော်သည်ဟု ဆုံးဖြတ်ချက်ချသောလျော်ကြေးကို ပေးဆောင်ရမည်။

၇။ အကယ်၍အစိုးရက သက်ဆိုင်ရာနယ်အတွင်း မီးရထားလမ်းများဖောက်
လုပ်လိုလျှင် မူလမြေပေါ်တွင် နေထိုင်သောသူများအား လျော်ကြေးပေး
သည်မှအပ မြေများကို အဖိုးအခမရှိ ပေးရမည်။ အစိုးရကိုလည်း တက်
နိုင်သမျှ အစွမ်းကုန်ကူညီရမည်။

၈။ ဘိန်း၊ အရက်၊ လျော်စာ အစရှိသည်တို့ကို မြန်မာပြည်သို့ ဥပဒေအရယ်၊
မျိုးခွန်များထမ်းဆောင်ပြီးမှ ယူသွင်းရမည်။

၉။ သက်ဆိုင်ရာနယ်အတွင်း တိမ်းရှောင်ခိုအောင်းနေသော ရာဇဝတ်ကောင်
များကို အစိုးရ အရာရှိများက တောင်းဆိုလျှင် ပေးရမည်။ရာဇဝတ်
ကောင်များကို လိုက်လံဖမ်းဆီးသော အစိုးရအရာရှိများကို ကူညီရမည်။

၁၀။ ဥရောပ မြို့တိသျှလူမျိုးတို့အပေါ်တွင် ရာဇဝတ်ကျင့်ထုံးအရ တရားစီရင်
ပိုင်ခွင့်မရှိစေရ။ ထိုလူမျိုးတို့အပေါ်တွင် အကယ်၍ရာဇဝတ်ကြောင်းနှင့်
တရားစွဲဆိုခဲ့သော် ရှမ်းပြည်အရေးပိုင်ထံသို့ လွှဲအပ်ရမည်။

အထက်ပါဆာနဒ်အမိန့်စည်းကမ်းချက်များမှလွဲလျှင် ရှေးထုံးစံအတိုင်း စော်
ဘွားများသည် မိမိတို့နယ်ကို မိမိတို့အုပ်ချုပ်နိုင်ခွင့်ရှိကြသည်။ ရှမ်းပြည်အုပ်ချုပ်
ရေးဆိုင်ရာ အရာရှိများကို မြန်မာပြည်အစိုးရက ခန့်ထားရ၏။ သို့ရာတွင်စော်ဘွား
များလက်အောက်တွင် အမှုထမ်းရသော အရာရှိ အရာခံများကို မိမိတို့သဘောကျ
သူများအား ခန့်ထားနိုင်လေသည်။ စော်ဘွား၏ တာဝန်များကို ဆောင်ရွက်ရန်
ကိုယ်စားလှယ်တော် သို့မဟုတ်အမတ်ချုပ်ကို စော်ဘွားကမိမိသဘောအတိုင်း ခန့်
ထားနိုင်သည်။ ထို့အပြင်စော်ဘွားထံတွင် အမြဲခစားရသောအတွင်းဝန်၊ ဌေတိုက်
ကို ကြည့်ရှုထိန်းသိမ်းစောင့်ရှောက်ရသော ဌေတိုက်ဝန်၊ အခွန်တော်ဌေများကို
ကြည့်ရှုကောက်ခံရသော အခွန်တော်အမတ်များနှင့် တရားစီရင်ရန်တရားသူကြီး
များကို စော်ဘွားကခန့်ထားနိုင်လေသည်။ နယ်ပယ်တွင်းရှိ ပုလိပ်များကိုလည်း
စော်ဘွားကပင်ခန့်ထားနိုင်၏။

အမှုန်စင်စစ် ရှမ်းပြည်နယ်ကို ဘုရင်ခံမင်းကြီးက တိုက်ရိုက်အုပ်ချုပ်ထား၏။
ဘုရင်ခံမင်းကြီးက ခန့်ထားသော တောင်တန်းမင်းကြီး၊ အရေးပိုင်နှင့် ဝန်ထောက်
များရှိလေသည်။ ရှမ်းပြည်နယ်တရားစီရင်မှု၏ နောက်ဆုံးအယူခံဝင်ရာ တရားလွှတ်
တော်ချုပ်သည် ဘုရင်ခံမင်းကြီးပင်ဖြစ်၏။

တရားစီရင်ရာ၌ ပေးအပ်သောအပြစ်ဒဏ်များမှာ (၁) သေဒဏ်၊ (၂) ထောင်
ဒဏ်၊ (၃) ကြိမ်ဒဏ်၊ (၄) ငွေဒဏ်၊ (၅) ပစ္စည်းသိမ်းခြင်းတို့ဖြစ်သည်။ ရှမ်းပြည်

နယ်တရားစီရင်ရေးမှာ ရိုးရိုးနှင့်ရှင်းလှ၏။ မြန်မာပြည်မကဲ့သို့ ဥပဒေပုဒ်မများမှာ
များများစားစားမရှိပေ။ ရှမ်းပြည်နယ်တွင်ဥပဒေပုဒ်မ (၁၀) ခုသာရှိ၏။

ရာဇဝတ်မှုများကို စော်ဘွားကိုယ်တိုင် သို့မဟုတ်စော်ဘွားက ခန့်ထားသော
တရားသူကြီးကသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိလေသည်။ သေဒဏ်ကိုမူ စော်ဘွားကိုယ်
တိုင် သဘောစူမှ အတည်ဖြစ်သည်။ မည်သည့် အပြစ်ပေးခြင်းခံရသော တရားခံ
မဆို စော်ဘွားထံသို့အယူခံဝင်နိုင်သည်။

ပဒေသရာဇ်ကောင်စီ

၁၉၂၂ ခု အောက်တိုဘာလ တရက်နေ့မှစ၍ ရှမ်းပြည်ကို တောင်ပိုင်းနှင့်
မြောက်ပိုင်းခွဲခြားလိုက်လေသည်။ ရှမ်းပြည်နယ်ကိုအုပ်ချုပ်ရန် ပဒေသရာဇ်ကောင်
စီကိုဖွဲ့စည်းထား၏။ထိုကောင်စီတွင်ဘုရင်ခံမင်းကြီးက ခန့်ထားသော ဥရောပတိုက်
သား တောင်တန်းမင်းကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။ ပဒေသရာဇ်ကောင်စီ
တွင် ပါဝင်ကြသော စော်ဘွားများကို ထိုတောင်တန်းမင်းကြီးက ကြိုးကိုင်အုပ်
ချုပ်လေသည်။ စော်ဘွားများသည် ကောင်စီ၌ အုပ်ချုပ်မှုရေးရာများနှင့် စပ်
လျဉ်း၍ ထင်မြင်ချက်များပေးနိုင်ရုံသာ အခွင့်အရေးရှိတော့၏။

နယ်ခြဲတို့၏ သွေးခွဲမှု

နယ်ခြဲစံနှစ်သည် စိုးမိုးအုပ်ချုပ်သောဒေသတွင် စိတ်ဝမ်းကွဲအောင် သွေးခွဲရာ၌
လိမ်မာပါးနပ်လှ၏။ယင်းတို့၏ကြိုးစိုးမှု မြန်မာပြည်၌တာရှည်ရန်မှာ တိုင်းရင်းသား
အချင်းချင်းမည်ညှတ်မှပင် အောင်မြင်ပေမည်။ ထို့ကြောင့် တောင်တန်းဒေသများ
နှင့် မြန်မာပြည်မကို နည်းအမျိုးမျိုး ပရိယာယ်အဖုံဖုံဖြင့် စိတ်ဝမ်း ကွဲပြားစေ
ခဲ့၏။

၁၉၂၀ ပြည့်နှစ်ကျော်လာသောအခါ မြန်မာပြည်မ၌ မျိုးချစ်စိတ်မျှားထက်
သန်လာကြကာ နိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့လေသည်။ လက်ရှိ
အုပ်ချုပ်ရေးစံနစ်ကို မကျေနပ်သဖြင့် ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးကိုတောင်း
ဆိုလျက်ရှိကြ၏။ မြန်မာတို့၏နိုင်ငံရေးအုံကြွမှုများကြောင့် အုပ်ချုပ်ရေးနှင့်စပ်
လျဉ်း၍ ဆွေးနွေးရန် ၁၉၃၀-၃၁ ခုနှစ်တွင် မြို့တိသျှအစိုးရတို့၏ ဖိတ်ကြားချက်
အရ မြန်မာပြည်မှ ပါတီပေါင်းစုံ ကိုယ်စားလှယ်များ ဗီလတ်သို့ ထွက်ခွါသွားကြ
လေသည်။ ထိုမျက်နှာစုံညီ အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် ရှမ်းပြည်နယ်
ကိုယ်စားလှယ်စော်ဘွားအခွျှိလည်း လိုက်ပါသွားကြ၏။

ထိုမျက်နှာစုံညီအစည်းအဝေးကြီးမှ မြန်မာပြည်အား ဧရာ ဌာနအုပ်ချုပ်ရေး ပေးရန် သဘောတူကြ၏။ အုပ်ချုပ်ရေးသစ်အရ ရှမ်းပြည်နယ်သည် မြန်မာပြည် နှင့်ပူးပေါင်းရန် လိုလား၊မလိုလားကိစ္စများကို ဆွေးနွေးသောအခါ၌ကား ဗြိတိသျှ တို့က သွေးထိုးဖြားယောင်းထားမှုကြောင့် ကိုယ်စားလှယ် စော်ဘွားများက မြန် မာပြည်နှင့် မပူးပေါင်းလိုကြောင်းပြောဆိုကြ၏။ ထို့ကြောင့် ၁၉၃၅ ခုနှစ် အက် ဥပဒေအရ မြန်မာပြည်ကို အုပ်ချုပ်ရေး အဆင့်အတန်းတိုးမြှင့်ပေးလိုက်သောအခါ ရှမ်းပြည်နယ်ကို ချန်လှပ်ထားခဲ့လေသည်။ မြန်မာပြည်နှင့် မပူးပေါင်းဘဲ နေခဲ့သ ဖြင့် ရှမ်းပြည်နယ်တွင် တိုးတက်ပြောင်းလဲလာသည်ကိုလည်း မတွေ့ရပေ။ ဘုရင်ခံ မင်းကြီးက တိုက်ရိုက်အုပ်ချုပ်လျက်ရှိပြီးလျှင် မြန်မာပြည်က ရှမ်းပြည်သို့ နှစ်စဉ် ထောက်ပံ့ကြေးငွေများ ပေးနေရသော်လည်း ထိုငွေကြေးကိစ္စနှင့် စပ်လျဉ်း၍ မြန် မာပြည်ဥပဒေပြုလွှတ်တော်တွင် ဆွေးနွေးခွင့်မရကြချေ။

စစ်ပြီးခေတ်

၁၉၄၅ ခုနှစ် ဗြိတိသျှတို့မြန်မာပြည်သို့ ပြန်ဝင်လာသောအခါ ပဒေသရာဇ် ကောင်စီဥက္ကဋ္ဌ တောင်ကန်းမင်းကြီး၏ အလုပ်ဝတ်တရားများကို ရန်ကုန်မြို့ ဌာန ချုပ်ရှိ နယ်ခြားဒေသအုပ်ချုပ်မှု ညွှန်ကြားရေးဝန်၏ အာဏာတွင်းသို့ အပ်နှင်း ပြောင်းလဲလိုက်၏။ရှမ်းပြည်တွင် တောင်တန်းအရေးပိုင် ၂ ဦးခန့်ထားလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ဗြိတိသျှအစိုးရတို့၏ ရည်ရွယ်ချက်မှာ မြန်မာပြည် ကို ၁၉၃၅ ခုနှစ် အက်ဥပဒေကို အခြေခံထား၍ ဘုရင်ခံမင်းကြီး၏ သဘောအတိုင်း အုပ်ချုပ်သွားရန်ပင်ဖြစ်လေသည်။ သို့ရာတွင် ၁၉၄၆ ခုနှစ်၌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖ ဆ ပ လ လူထုကြီးက လုံးဝလွှတ်လပ်ရေးကို မရမနေ အင် တိုက်အားတိုက် နိုင်ငံရေးလှုပ်ရှားမှုများ ပြင်းထန်လာကြသဖြင့် ဗြိတိသျှအစိုးရ သည် အခက်ကြုံရပြန်လေသည်။ မြန်မာပြည်မ၌ နိုင်ငံရေး အုံကြွမှုများ ပိုမိုများ ပြားလာသောအခါ၌ ဗြိတိသျှသည် တောင်တန်းသားများကိုခြေထိုး၍ သွေးခွဲကြ ပြန်သည်။ ယင်းတို့၏ရည်ရွယ်ချက်မှာ အကယ်၍ မြန်မာပြည်ကို လွတ်လပ်ရေးပေး လိုက်ရသည့်တိုင်အောင် ရှမ်းပြည်ကိုကား ချွင်းချန်ထားခဲ့၍ ခြေကုတ်စခန်းအဖြစ် ဆက်လက် တည်ရှိစေလိုပေသည်။ ထို့ကြောင့်လည်း ရှမ်းပြည်၌ မြန်မာပြည်နှင့် မပူးပေါင်းရန် ဗြိတိသျှတို့က အမျိုးမျိုးဝါဒဖြန့်လျက်ရှိခဲ့၏။

၁၉၄၆ ခုနှစ်မှစ၍ မြန်မာပြည်လုံးဝလွှတ်လပ်ရေးကို မနားမနေကြိုးပမ်းလျက် ရှိသော ဗိုလ်ချုပ်အောင်ဆန်းကား တိုင်းရင်းသား စည်းရုံးညီညွတ်ရေးအတွက် ခရီး

ထွက်ခဲ့၏။ ရောက်လေရာအရပ်ဒေသတိုင်းတွင် တိုင်းရင်းသားအချင်းချင်း ညီညွတ် ဖို့အထူးအရေးကြီးကြောင်း ဟောပြောခဲ့လေသည်။ ဗိုလ်ချုပ်သည် ၁၉၄၆ ခု ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ရှမ်းပြည်သို့ရောက်ရှိလာပြီးလျှင် လူထုတရားပွဲများ ကျင်းပ၍ ဟောပြောခဲ့၏။ ရှမ်းပြည်အပေါ် တွင်ထားရှိသော မြန်မာပြည်၏စေတ နာအကြောင်း၊ ဗြိတိသျှနယ်ချဲ့တို့၏ခြေထိုးမှုများကို နားမယောင်ကြစေရန် အ ကြောင်းတို့အပြင် မြန်မာပြည်လုံးဝလွှတ်လပ်ရေးရသောအခါ ရှမ်းပြည်ကိုပါ လွှတ် လပ်စေလိုကြောင်းများကို အကျယ်တဝင့် ဟောပြောခဲ့လေသည်။

မြန်မာပြည်မှ နိုင်ငံရေးလှုပ်ရှားအုံကြွမှုများ ပိုမိုပြင်းထန်လာ၍ ဖ ဆ ပ လ ၏ ဦးဆောင်မှုကို စည်းလုံးညီညွတ်စွာ ထောက်ခံလျက်ရှိကြောင်း သိလာရသောအခါ ဗြိတိသျှတို့သည် မြန်မာပြည်အရေးကို ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင် သော အဖွဲ့ကို ဗိလတ်သို့ ဖိတ်ခေါ် လိုက်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်း ဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ်ဦးလောက်ဘွင် ဗိလတ် သို့ ရောက်ဆွားခဲ့ကြ၏။ မြန်မာပြည်၏ အနာဂတ်အရေးကို ဆွေးနွေးကြရာ၌ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကို လွှတ်လပ်ရေး ပေးသောအခါ ရှမ်းပြည်ကိုပါ လွှတ်လပ်စေချင်ကြောင်း ပြောလေသည်။ ထိုအချိန်တွင် ဗြိတိသျှနန်းရင်းဝန်ကြီး လက်ထဲ၌ နယ်ချဲ့သမားတဦး၏ ပဟောဂဖြင့် ရှမ်းပြည်နယ်မှ ရောက်ရှိလာသော ကြေးနန်းတစောင် ရရှိထားလေသည်။ ထိုကြေးနန်းစာအရ ဗိုလ်ချုပ်အောင်ဆန်း သည် ရှမ်းပြည်နယ်၏ကိုယ်စားလှယ်မဟုတ်ကြောင်း၊ ရှမ်းပြည်နယ်အရေးကို ဆွေး နွေးရန် ရှမ်းစော်ဘွားများကို သီးခြားဖိတ်ခေါ် စေလိုကြောင်းများပါရှိလေသည်။

သို့ရာတွင်မြန်မာပြည်ရှိ ဖ ဆ ပ လ ခေါင်းဆောင်များ၌ ရှမ်းပြည်နယ်လူထု ခေါင်းဆောင်များလည်း ပါဝင်လျက်ရှိရာ ဗိုလ်ချုပ်အောင်ဆန်းတို့ဗိလတ်မှာနေစဉ် မှာပင် ရှမ်းပြည်နယ် လူထုအစည်းအဝေးကြီးတရပ် ကို တောင်ကြီးမြို့တွင် ကျင်းပ ကာ မြန်မာလွှတ်လပ်ရေးရရှိက ရှမ်းပြည်နယ်ပါ လွှတ်လပ်လိုကြောင်း ဆုံးဖြတ် ချက်များကို တညီတညွတ်တည်းချမှတ်ပြီးလျှင် ထိုဆုံးဖြတ်ချက်များကို ဗိလတ်ရှိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ သံကြိုးရိုက်လိုက်လေသည်။ ထိုကြေးနန်းစာကို ဖတ်ရ သောအခါမှ ဗြိတိသျှအစိုးရတို့က မြန်မာပြည်နှင့် ရှမ်းပြည်အရေးကို ရှမ်းပြည် ခေါင်းဆောင်များနှင့် မြန်မာပြည် ခေါင်းဆောင်များ မျက်နှာစုံညီ ဆွေးနွေး ဆုံးဖြတ်ရန်ကို သဘောတူလိုက်လေသည်။ ရှမ်း-မြန်မာခေါင်းဆောင်တို့၏ မျက် နှာစုံညီ အစည်းအဝေးပွဲသည်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပေါက် ဖွားစေခဲ့သော "ပင်လုံညီလာခံကြီး" ပင်ဖြစ်လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့တွင် ရှမ်းပြည်နယ် ဝန်ကြီးတဦးလည်း ပါဝင်ရသည်။ ထိုရှမ်းပြည်နယ်ဝန်ကြီးသည် ရှမ်းပြည်နယ်ကောင်စီ၏ ဥက္ကဋ္ဌလည်း ဖြစ်၏။

ကရင်

မြန်မာနိုင်ငံတော်တွင် နေထိုင်ကြသော လူမျိုးများသည် သမိုင်းအရနှစ်ပေါင်းများစွာက မြောက်အရပ်မှ လိုမ့်ဆင်း ဝင်ရောက်လာသော လူမျိုးများမှဆင်းသက်ပေါက်ဖွားလာကြကြောင်းကို အထက်တွင်ဖော်ပြခဲ့လေပြီ။ မြန်မာပြည်သို့ ရှေးဦးစွာ စတင်ဝင်ရောက်လာကြသူများမှာ မောင်းဂုတ်မျိုးနွယ်များ ဖြစ်ကြလေသည်။ အချို့နိုင်ငံသမိုင်းဆရာတို့၏ ယူဆချက်မှာ ကရင်လူမျိုးများသည် တိုင်တရုပ်လူမျိုးများမှ ဆင်းသက်လာကြသည်ဆို၏။ အချို့ကမူကား တိဗက်မြန်မာလူမျိုးများမှ ဆင်းသက်လာသည်ဟုဆိုလေသည်။

တိုင်တရုပ်လူမျိုးများမှာ မြန်မာပြည်ဘဂဲသို့ နောက်ဆုံးဝင်ရောက်လာကြသူများဖြစ်လေသည်။ မြေသြဇာကောင်းမွန်သော ပြေပြန့်ဒေသပျဉ်းတွင် ရှေးဦးစွာ ဝင်ရောက်လာကြသော တိဗက်-မြန်မာ လူမျိုးများ နေထိုင်ကြသဖြင့် တိုင်တရုပ်လူမျိုးတို့မှာ အရှေ့ဖက် တောင်တန်းဒေသတလျောက်ဘင် စတင်နေထိုင်ကြရလေသည်။ နှစ်ပေါင်း အတန်ကြာသော် တိုင်တရုပ်မျိုးရိုးမှ ဆင်းသက်လာကြသော ကရင်လူမျိုးများသည် လူဦးရေ တဖြည်းဖြည်း တိုးပွါး များပြားလာသည့် အလျောက် အစာရေစာအတွက် ရှာဖွေစားသောက်ကြယင်း တောင်ဖက်သို့ တိုးဝင်လာကြပြန်သည်။

အချို့ကရင်များမှာ ကယားတောင်တန်းဒေသတလျောက်တွင် နေထိုင်ကြသည်။ အချို့ကရင်များမှာလည်း တဖြည်းဖြည်း တောင်ဖက်သို့ဆင်းလာယင်း တနင်္သာရီတောင်တန်းများသို့ပင် ရောက်ဆဲးကြလေသည်။ အချို့ကရင်များက မြေသြဇာပိုမိုကောင်း၍ အစားအသောက်ပေါသော ရောဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ဆင်းသက်လာကြပြီးလျှင် မွန်၊မြန်မာတို့နှင့်ရောနှောနေထိုင်ကြလေသည်။

အချို့ကရင်များလည်း တောင်ဖက်သို့ တိုးဝင်ဆဲးသော အခြားကရင်များနောက်သို့မလိုက်ဘဲ ရှမ်းပြည်တောင်တန်းတွင်ပင် နေထိုင်လျက်ရှိကြ၏။ ထို့ကြောင့် ရှမ်းပြည်နယ်ဘင် ယခုတိုင် ကရင်လူမျိုးများ နေထိုင်လျက် ရှိကြသေးသည်။ သို့သော် ယင်းတို့မှာ လူနည်းစုများသာဖြစ်၏။

ရှမ်းပြည်နယ်တွင် နိုင်ငံရေးလှုပ်ရှားအုံကြွမှုများ မြန်မာပြည်လောက်မရှိသော်လည်း နိုင်ငံရေးခေါင်းဆောင်များ၏ လှုံ့ဆော်ပေးမှုကြောင့် ရှမ်းလူထုမျှား နိုင်ငံရေးအမြင်သစ်များရရှိလာကြကာ နိုးကြားလာကြ၏။ ရှမ်းပြည်နယ်အုပ်ချုပ်ရေးတွင် လည်း စော်ဘွားတဦးတည်း မိမိသဘောအတိုင်း ထင်သလိုအုပ်ချုပ်သည်ထက် ဒီမိုကရေစီစံနစ်အရ လူထုကိုယ်စားလှယ်များပါဝင်သော အဖွဲ့က အုပ်ချုပ်သည်ကို လိုလားလာကြလေသည်။

ရှမ်းပြည်၏ စီးပွါးရေးအခြေအနေမှာ ဖူလုံလှသည်မဟုတ်ပေ။ ရှမ်းပြည်တွင် ထွက်သောဆန်စပါးသည် ရှမ်းပြည်လူထုအတွက် လုံလောက်သည်ဟူ၍ မရှိလှ။ နှစ်စဉ်လိုပင်မြန်မာပြည်မှ ဆန်စပါးကို အားထားနေရလေသည်။ ရှမ်းပြည်၏ပထဝီအနေအထားကြောင့် သွားလာဆက်ဆံ ရောင်းဝယ်မှုခက်ခဲသည့်ပြင် လူဦးရေကလည်းကျဲလှသဖြင့် တိုးတက်ထွန်းကားမှုများကို ထိုအခြေအနေများက ဟန့်တားထားသလိုပင် ဖြစ်နေလေသည်။ ထို့ကြောင့်ရှမ်းပြည်နယ်၏ လွတ်လပ်ရေးနှင့်တိုးတက်ထွန်းကားရေးအတွက် မြန်မာပြည်မနှင့် ပူးပေါင်း ဆောင်ရွက်မှသာ ဖြစ်နိုင်မည်ကို ရှမ်းခေါင်းဆောင်များက သိလာကြလေသည်။

မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း "တောင်တန်းဒေသများမပါသော မြန်မာပြည်လွတ်လပ်ရေးသည် အဓိပ္ပါယ်မရှိ" ဟု ဖွင့်ပြောခဲ့လေသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ရှမ်းစော်ဘွားများ၊ ကချင်ဒူးဝါးများ၊ ချင်းခေါင်းဆောင်များနှင့် တောင်တန်းဒေသလူထုကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးကြီးကျင်းပကာ မြန်မာပြည်နှင့်တောင်တန်းဒေသများ ပူးပေါင်းရန် တညီတညွတ်တည်း ဆုံးဖြတ်ကြပြီးလျှင် ပူးပေါင်းရေး စာချုပ်ကို လက်မှတ်ရေးထိုးကြလေသည်။

ရှမ်းပြည်စော်ဘွားများနှင့်တကွ ရှမ်းလူထုကြီးသည် နိုင်ငံရေးအမြင်သစ်များရရှိလာကာ လူထုကိုယ်စားလှယ်များမပါဝင်သော ပဒေသရာဇ်ကောင်စီကိုအလိုမရှိတော့ကြောင်း တောင်းဆိုလိုက်ကြလေသည်။ ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းလိုက်ပြီးနောက် လူထုကိုယ်စားလှယ်များနှင့် နယ်ရှင်စော်ဘွားများပါဝင်သော ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြ၏။

မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်တွင်လည်း ရှမ်းစော်ဘွားများနှင့် လူထုကိုယ်စားလှယ်များပါဝင်ကြရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းဥပဒေအရ ရှမ်းပြည်နယ်အစိုးရကို ဖွဲ့စည်းလိုက်ကြ၏။

ချင်း ဆက်ဆံရာတွင်ငင်း၊ သုံးစွဲသောစကားမှာ မြန်မာစကားပင်ဖြစ်သည်။ ကရင်မျိုးနွယ်စုတွင် လူများစုဖြစ်ကြသော ပိုးကရင်နှင့်စကောကရင်တို့သည် တဦးနှင့်တဦးဆက်ဆံရာ၌ မြန်မာစကားကိုသာ အသုံးပြုကြ၏။

ဖြိတီသျှနယ်ခဲ့ါတို့ စတင်ဝင်ရောက်လာချိန်တွင် မြေပြန့်ဒေသများတွင် နေထိုင်ကြသော ကရင်တို့သည် မြန်မာနှင့်ရှမ်းများကဲ့သို့ပင် ဗုဒ္ဓဘာသာအယူဝါဒကို သက်ဝင်ယုံကြည်ကြသူများဖြစ်ကြ၏။ ဖြိတီသျှတို့စိုးမိုးအုပ်ချုပ်သည့်အချိန်မှစ၍ ခရစ်ယန် သာသနာပြုလုပ်ငန်းများ စတင်ဆောင်ရွက်လာကြလေသည်။ ခရစ်ယန်သာသနာပြုအဖွဲ့များကို ဖြိတီသျအစိုးရက အကူအညီအထောက်အပံ့များ ပေးလေသည်။ ဗုဒ္ဓဘာသာအယူဝါဒ ထွန်းကားတိုးတက်လျက်ရှိသော မြေပြန့်ဒေသတွင် ခရစ်ယန်သာသနာပြုအဖွဲ့များ ကောင်းစွာမတိုးနိုင်သဖြင့် တောင်တန်းဒေသများဖက်သို့ ခြေဦးလှည့်ခဲ့ကြလေသည်။ သို့ရာတွင်တောင်ပေါ်တွင် နေထိုင်ကြသော ကရင်လူမျိုးများမှာလည်း ဗုဒ္ဓဘာသာအယူဝါဒကို သက်ဝင်ယုံကြည်ကြသူကများသဖြင့် ဖြိတီသျအစိုးရတို့ကိုယ်တိုင် အားပေးထောက်ပံ့ခဲ့သော ခရစ်ယန် သာသနာပြုလုပ်ငန်းမှာလည်း များစွာအရာမရောက်ခဲ့ပေ။ ဤအချက်ကို ၁၉၃၁ ခုနှစ် သန်ကောင်စာရင်းက ထောက်ခံလျက်ရှိသည်။ ထိုအချိန်က ကရင်မျိုးနွယ်စုအားလုံးပေါင်း ၁,၃၆၇,၆၇၃ ယောက် ဖြစ်၏။ ယင်းအနက် ဗုဒ္ဓဘာသာအယူဝါဒကို သက်ဝင်ယုံကြည်သူ ၁,၀၄၉,၆၁၃ ယောက် (၇၅ ရာခိုင်နှုန်း) ဖြစ်၏။ ခရစ်ယန်ဘာသာဝင် ၂၁၇,၃၉၀ ယောက် (၁၅ ရာခိုင်နှုန်း) ဖြစ်၏။ ရိုးရာနတ် ကိုးကွယ်သူ ၉၉,၂၇၀ ယောက် (၁၀ ရာခိုင်နှုန်း) ဖြစ်၏။

မည်သို့ပင်ဖြစ်စေ နယ်ချဲ့စံနစ်၏ သွေးခွဲမှုကြောင့် ဘာသာရေးကို အကြောင်းပြုလျက် ကရင်အမျိုးသားအချင်းချင်းပင် စိတ်ဝမ်းကွဲပြားမှုများ ပေါ်ပေါက်လာလေသည်။ ဥပမာအားဖြင့် ဗုဒ္ဓဘာသာအယူဝါဒကို သက်ဝင်ယုံကြည်ကြသော ကရင်များကို စာမဲကရင်ဟုခေါ်၍ ခရစ်ယန်ဘာသာဝင် ကရင်များကို စာဖြူကရင်ဟု ခေါ်ကာ လူမှုရေးရာပေါင်းသင်းဆက်ဆံမှုများတွင် မျိုးနွယ်တူ အချင်းချင်းများကိုပင် သွေးခွဲပေးလျက်ရှိလေသည်။ ထို့မျှသာမကသေး ထိုစဉ်ကအုပ်ချုပ်လျက်ရှိသော အစိုးရသည် ခရစ်ယန်ဘာသာဝင်များအား ပိုမိုအခွင့်အရေးပေးကာ ခရစ်ယန်ဦးရေ တိုးပွါးလာအောင်လည်း အမျိုးမျိုးဆောင်ရွက်ခဲ့၏။ ခရစ်ယန်ဘာသာဝင်များအတွက် ပညာတတ်မြောက်စေရန် သာသနာပြုကျောင်းများ ဖွင့်လှစ်တည်ထောင်ပေးခဲ့လေသည်။ ထိုကျောင်းများတွင် ခရစ်ယန်ဘာသာကို အဓိကထား၍ သင်ကြားပေး၏။ ဖြိတီသျတို့၏ ယုံကြည်ချက်မှာ မြန်မာပြည်တွင် ခရစ်

မြန်မာပြည်တွင်းသို့ တဖြည်းဖြည်းသက်ဆင်းဝင်ရောက်လာကြသော လူမျိုးနွယ်အသီးအသီးတို့သည် ဟိုမှသည်မှ ကောင်းနိုးရာရာ ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြသော်လည်း ကာလကြာသော် တနေရာတည်း၌ပင် အခြေစိုက်လာကြရလေသည်။ သွားမှု လာမှုလွယ်ကူသော မြေပြန့်ဒေသများတွင် တနေရာနှင့် တနေရာ ကူးလူးဆက်ဆံမှုများရှိလာကြသည်။ ထိုကဲ့သို့ ဆက်ဆံသွားလာမှုများကြောင့် အယူဝါဒ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများသည်လည်း ရောယှက်လာကြပြန်သည်။ မြန်မာတိုင်းရင်းသား အားလုံးတို့၏ ယဉ်ကျေးမှု စာပေနှင့် ထုံးတမ်းစဉ်လာစသည်တို့၏ အခြေခံအုတ်မြစ်သည် ဗုဒ္ဓဘာသာပင်ဖြစ်၏။ မြန်မာပြည်တွင်းသို့ ဗုဒ္ဓဘာသာအယူဝါဒစတင်ရောက်ရှိလာသည့်အချိန်မှစ၍ ယဉ်ကျေးမှုအလင်းရောင်သည် ထွန်းပြောင်လာတော့သည်။ သာသနာပြန့်ပွါးရာ ဒေသတလျှောက်တွင် တစထက် တစ မိမိတို့၏ ရိုးရာစရိုက်နှင့် ကိုးကွယ်မှုထုံးတမ်းစဉ်လာတို့ကို စွန့်ပယ်လာကြလေသည်။ သွားလာဆက်သွယ်မှုခက်ခဲသောဒေသများမှအပ မြန်မာပြည်တွင်းရှိ အရပ်ဒေသများတွင် ဗုဒ္ဓဘာသာအယူဝါဒများသည် တနွေတခြား ပျံ့နှံ့လာလေသည်။

မွန်၊ မြန်မာ၊ ကရင်မျိုးနွယ်စုတို့သည် ကွဲပြားသောမျိုးနွယ်တို့မှ ဆင်းသက်လာကြသည့်အပြင် ရေမြေကွဲပြားသော ဒေသများတွင် စတင်နေထိုင်ကြသည့်အလျောက် ဓလေ့ထုံးစံတို့သည် ကွဲပြားခြားနားခဲ့သည်မှာ မှန်၏။ သို့သော်လူတမျိုးနှင့်တမျိုး ဆက်ဆံရောယှက်ရင်းနှီးလာခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်သဖြင့် ကွဲပြားမှုတို့သည်လည်း တဖြည်းဖြည်းပပျောက် လာကြလေသည်။ ဗုဒ္ဓဘာသာအယူဝါဒထွန်းကားလာမှ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုတို့သည် ဘာသာတခုတည်းကိုသာ အမှီပြု၍ ပေါ်ပေါက်လာရသောကြောင့် ကွဲပြားမှုမရှိနိုင်တော့ပေ။ စာပေပရိယတ္တိမှာလည်း ဗုဒ္ဓဘာသာအယူဝါဒကို အဓိကမှီငြမ်းပြု၍ ထွန်းကားလာခဲ့သည့် အလျောက် စာပေသည်တခုတည်းပင်ဖြစ်သည်။

ဤသို့ဖြင့်မြန်မာပြည်မနှင့် ဆက်စပ်လျက်ရှိသော မြေပြန့်တွင်နေထိုင်ကြသော ကရင်များ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အယူဝါဒတို့သည် မြန်မာများနှင့် ကွဲပြားမှုမရှိသလောက်ပင်ဖြစ်၏။ သို့သော်မြေပြန့်ဒေသများနှင့် အဆက်အသွယ်ကင်းဝေးနေသော တောင်တန်းဒေသများတွင် နေထိုင်ကြသည့် ကရင်မျိုးနွယ်စုအချို့တို့တွင် ဓလေ့ထုံးစံများ အနည်းငယ်ကွဲပြားခြားနားလျက်ပင် ရှိသေးသည်။

မြန်မာပြည်ရှိ တိုင်းရင်းသားများသည် လူမျိုးတစုနှင့်တစု ဆက်ဆံရာတွင်ငင်း၊ လူမျိုးစုတစုတည်းတွင်ပါဝင်သော်လည်း အနေဝေးသဖြင့် စကားကွဲပြားသူ အချင်း

ကြောင့် ဗြိတိသျှတို့က ယင်းတို့အားစစ်တပ်၊ စစ်ပုလိပ်တပ်နှင့် သစ်တောဌာနများတွင် တဖြည်းဖြည်းသွင်း၍ ခိုင်းစေခဲ့ကြသည်။ ကရင်လူမျိုးတို့ကလည်း တာဝန်ဝတ်တရားအတိုင်း အလုပ်များတွင် သစ္စာရှိရှိ ဇွဲကောင်းစောင်းနှင့် ရိုးသားစွာ အမှုထမ်းကြသောကြောင့် နာမည်ကောင်းရကြလေသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွါးမီက ကရင်လူမျိုးတို့သည် စစ်ဖက်နှင့် သစ်တောဖက်ဌာနများတွင် ကျေကျေပြွန်ပြွန်အမှုထမ်းရွက်သည့်အပြင် ကျောင်းဆရာများ၊ တရားဟောဆရာများ၊ ဆေးဆရာဝန်များ၊ သူနာပြုဆရာမများ စသည်ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ပါဝင်ခြင်းနည်းလေသည်။ တောတွင် နေထိုင်ကြသော ကရင်များကား လယ်ယာကိုင်းကျန်းလုပ်ကိုင်ခြင်းနှင့် ယင်းတို့ရိုးရာ အဝတ်အစားများကို ချက်လုပ်ခြင်းဖြင့်သာ လျှင် လိုအပ်သမျှကိုပြည့်စုံအောင် လုပ်ကိုင်နေထိုင်ကြလေသည်။

စစ်ပြီးခေတ်

ဒုတိယကမ္ဘာစစ်ကြီးပြီးလုနီးအချိန် မြန်မာနိုင်ငံမှ ဖက်ဆစ်ဂျပန်များကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ တွန်းလှန်မောင်းထုတ်ခဲ့ရာတွင် ကရင်လူငယ်များကလည်း ဖ ဆ ပ လ အလံတော်အောက်မှ ဝင်ရောက် ဆင်နွှဲခဲ့ကြလေသည်။

စစ်ပြီးခေတ်၌ မြန်မာနိုင်ငံတိုင်းရင်းသားတို့သည် ဗိုလ်ချုပ်အောင်ဆန်း၏သွေးစည်းပူးပေါင်းမှုကြောင့် စည်းလုံးညီညွတ်နေသော တိုင်းရင်းသားများကို ဗြိတိသျှတို့အံ့အားသင့်စွာ ရင်ဆိုင်ကြရ၏။ ဗြိတိသျှတို့က မြန်မာနိုင်ငံတွင် ယင်းတို့၏ စိုးမိုးမှုကြာရှည်အောင် ဆင်းမလားစီမံကိန်းကဲ့သို့သော အစီအစဉ်များပြုလုပ်၍လာခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော တိုင်းရင်းသားခေါင်းဆောင်များပါဝင်သည့် ဖ ဆ ပ လ အဖွဲ့ကြီးက လုံးဝလွတ်လပ်ရေးကို တောင်းဆိုနေသဖြင့် ဗြိတိသျှတို့သည် အခက်ကြုံရလေတော့၏။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို မကြုံစဘူးထူးထူးကဲကဲ စည်းလုံးညီညွတ်နေကြသည်ကို တွေ့ရသဖြင့် နယ်ချဲ့အစိုးရသည်တန်းကြံပြန်၏။ ထိုအကြံမှာ မြန်မာပြည်မနှင့်တောင်တန်းဒေသများကို သွေးခွဲရန်ပင်ဖြစ်လေသည်။ သို့ရာတွင်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "တောင်တန်းဒေသများမပါသော လွတ်လပ်ရေးသည်အဓိပ္ပါယ်မရှိ" ဟု အတိအထင်း ထုတ်ဖော်ပြောခဲ့လေသည်။ ကရင်အမျိုးသားများအပါအဝင် တောင်တန်းဒေသများစည်းရုံးရေးကိုလည်း ဗိုလ်ချုပ်အောင်ဆန်းပင် ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။

ယန် ဘာသာဝင်များ တိုးပွါးလာလေလေ ယင်းတို့၏ စိုးမိုးခြင်း တာရှည်နိုင်လေဆိုသောယူဆချက်ပင်ဖြစ်၏။ ထိုစဉ်ကဗြိတိသျှအစိုးရ၏ သွေးခွဲလိုသော စိတ်ရင်းစေတနာသည် ၁၈၈၈ ခုနှစ်တွင် ထုတ်ဝေသည့် ဒေါ်နယ်မက်ဂီစမီတန်ရေးသော "မြန်မာပြည်ရှိကျေးငှးသစ္စာတော်ကို စောင့်သိရှိသောသောကရင်များ" ဟုခေါ်သောစာအုပ်တွင် ထင်ရှားလေသည်။ ယင်းစာအုပ်၏ စာမျက်နှာ ၂၂၆ တွင် "ဗြိတိသျှအစိုးရက ကရင်များအထဲတွင် ခရစ်ယန်ဘာသာပြန့်ပွါးအောင်အားပေးခြင်း၊ အခွင့်အမိန့်ပေးခြင်းများကိုပြုလုပ်ရာတွင် အစိုးရသည် နိုင်ငံသားတို့၏လွတ်လပ်စွာဘာသာကိုးကွယ်ဆည်းကပ်နိုင်မှုတွင်ဝင်ရောက်နှောင့်ယှက်ရာရောက်သည်မဟုတ် (ဤကဲ့သို့ပြုလုပ်နိုင်ခွင့်ရခြင်းမှာကျွန်ုပ်တို့အတွက်) အလွန်ထူးဆန်းကြုံကြိုက်ခဲသောအခွင့်အရေးတခုဖြစ်၏။ ခရစ်ယန်ဘာသာဝင်အုပ်စိုးသူတို့သည် မိမိတို့လက်အောက်ခံ လူမျိုးတခုအပေါ်တွင် ဤကဲ့သို့တရားသဖြင့် ကြီးမားထိရောက်သော ဘာသာရေးဩဇာကို ရရှိနိုင်ရန် အလွန်ခဲယဉ်း၏။ ကြုံလည်းမကြုံဘူးသေးခေ။"

စာမျက်နှာ ၂၂၇ တွင် "နည်းကုန်လမ်းကုန်ကြိုးပမ်း၍ အစိုးရသည် တောင်ပေါ်ကရင်များကို မြေပြင်များသို့ ခေါ်ယူပြီးလျှင် မြေဩဇာကောင်းသည့်လယ်မြေများပေါ်တွင် အခြေစိုက်ရန် နေရာချထားပေးရမည်။ ပင်ပန်းလှသည့်အလုပ်ခွင်များမှကလေးများကို လက်ရဖမ်း၍ (ခရစ်ယန်သာသနာပြု) ကျောင်းများသို့ပို့ခြင်းဖြင့် မကြာမီစိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်သော လူမျိုးစုတခုကိုရလိမ့်မည်အပြင် ဗြိတိသျှအုပ်စိုးမှုအတွက် ခိုင်ခံ့သော ထာဝရခံတပ်မြေကတုပ်ကြီးတခုကိုလည်း တည်ထောင်ပြီးဖြစ်လိမ့်မည်။"

စာမျက်နှာ ၂၂၇-၂၂၈ တွင် "ကျွန်ုပ်တို့နှင့် အနီးကပ်ဆုံးဖြစ်အောင် ကရင်များကို ချည်နှောင်ထားရန်အကောင်းဆုံးနှင့် အထက်တန်းအကျဆုံးဝါဒမှာ သူတို့အားအင်အားတောင့်တင်း၍ ကြွယ်ဝသောလူမျိုးတခုဖြစ်စေရန် ကျွန်ုပ်တို့ပြုမူပုံနှင့်ပြသရန် ကရင်လူမျိုးယဉ်ကျေးမှုနှင့် အမျိုးသားဘာသာတခု ဖန်တီးနိုင်ရန် လိုသမျှအကူအညီများကို ကျွန်ုပ်တို့ကပေးရန်ဖြစ်၏။ ဤသို့ရည်ရွယ်ချက်အတိုင်းသာ အထမြောက်လျှင် ကျွန်ုပ်တို့သည်အုပ်ချုပ်မှုအောင်ပန်းကြီးကိုသာ ဆွတ်ခူးပန်ဆင်ရမည်သာမက ကျွန်ုပ်တို့အား အပြင်ရန်အတွင်းရန်တို့ကို ခုခံကာကွယ်မည့် ကရင်လူမျိုးတည်းဟူသော သဝိညာဏက မြေကဘုပ်မြို့ရိုးကြီးကို တည်ဆောက်ပြီး ဖြစ်လိမ့်မည်"။

ဗြိတိသျှလက်အောက်တွင် ကရင်လူမျိုးတို့သည် လယ်ယာကိုင်းကျန်းနှင့်ပင် အသက်မွေးကြသူကများ၏။ ယင်းတို့မှာအထက်ကဩဇာပေးမှုကို နာခံတတ်သော

"ကလေး" "ကဘော်" "မြစ်သာ" မြစ်ဝှမ်းတလျှောက်မှ ယခုချင်းတောင်ဒေသများမှာ ချင်းလူမျိုးတို့ ဆင်းသက်လာရသည့် ထင်ရှားသောဒေသကထေးများ ဖြစ်ပေသည်ဟု ဆိုစမှတ်ပြုကြလေသည်။ ယခု မြန်မာနိုင်ငံတော်အနောက်ဖက်ရှိ "တိဒင်" ခေါ် ချင်းများသည် ရှေးယခင်အခါက မြန်မာရှာဇာဂြိုဟ်သို့ ရှေးရှုသွားသူများဖြစ်၏။ အခြားတခုမှာ ကနေဒီတောင်ကို ဖြတ်ကျော်ကာ အနောက်ဖက်သို့ ဆင်း၍ "စီယင်" ထောင်ဝှမ်း ထုတ်လိုင်ရှာအထက် ဇန်ပိတန်နယ်တွင်နေထိုင်ကြ၏။ ထို့နောက် ယင်းတို့သည် 'စုက္ကတေနယ်' 'ဆယ်ဇံရွာ' အနီး 'ကြင်မန္နယ်' သို့ ရွှေ့ပြောင်းကြပြန်၏။ ယင်းမှ အဆင့်ဆင့်ဖြာထွက်ခဲ့သော ချင်းလူမျိုးအဆက်အနွယ်များသည် ယခုရှိကြသော စီယင်၊ စုက္ကတေ၊ ကမ်ဟော၊ ဇိုး၊ သာဒိုးချင်းတို့၏ အမျိုးအနွယ်များဖြစ်သည်ဟုယူဆကြ၏။

အခြားတခုမှာ မြစ်သာမြစ်ဝှမ်းမှ ချင်းတောင်အလယ်ပိုင်းသို့ ရွှေ့ပြောင်းလာကြ၏။ ယင်းတို့သည်ယခုဖလမ်းရှိ ချာညတ်၊ ဇဟူး၊ တာရှုံးနှင့်ဟာကာနယ်ရှိချင်းများ၏ ဘိုးဘေးဘီဘင်များဖြစ်ကြသည်ဟုယုံကြည်ကြ၏။

တိဒင်နယ်တွင်သာဒိုး၊ ကမ်မဟော၊ စီတယ်၊ စုက္ကတေ၊ စီယင်စသောအမျိုးများနေထိုင်ကြ၏။ အထူးအားဖြင့် အာသံနယ်စပ်ဖက်တွင် သာဒိုးချင်းကိုအများအပြားနေထိုင်ကြ၏။ ယင်းတို့ကို ထိုဒေသတွင် ကူကီချင်းဟုခေါ်ကြ၏။

တာရှုံး၊ လုံဗန်၊ လေဇိုး၊ ကွမ်းလီဆိုဝိုင်၊ ယာဟောစသော လူမျိုးတို့မှာ ဖလမ်းနယ်တွင်နေထိုင်ကြ၏။ချင်းတောင်တန်းတောင်ဖက်ဒေသများတွင် စမ်တန်၊ဇိုတန်၊ လောတူ၊ ဝမ်မတူ၊ ဟာကာ၊ ယုတ်ဝ၊ ကလန်ကလန်၊ဘွားနှင့် ကွာယင်လန်စသော အမျိုးများနေထိုင်ကြ၏။

ချင်းလူမျိုးတို့ ပြောဆိုကြသော စကားများမှာ တမျိုးနှင့် တမျိုး ခြားနားသည်က များ၍ တရွာမှ ပြောဆိုသောစကားကို မိုင်အနည်းငယ်မျှဝေးသော အခြား တရွာက နားမလည်ပေ။ များသောအားဖြင့် တိဒင်ဘာသာစကားကို ချင်းတောင် မြောက်ပိုင်းဖက်၌ နားလည်ပြီး လိုင်ဇိုးဘာသာစကားကို အလယ်ပိုင်း၌ နားလည်ကြကာ လိုင်ဘာသာစကားကို ချင်းတောင် တောင်ပိုင်းဖက်၌ နားလည်ကြ၏။

ပခုက္ကူအနောက်ဖက် တောင်တန်းဒေသများတွင် ချင်းပုခေါ်အမျိုးတမျိုး ရှိသေး၏။ယင်းတို့မှာလည်း မင်ငရက်ဇိုင်၊ မကန်းစသည်ဖြင့် ကွဲပြားကြသေး၏။ ယင်းတို့သည်မြန်မာပြည်မြေပြန့်ဒေသစက်တွင် အများအားဖြင့်နေထိုင်ကြ၍ မြန်မာမျိုးနွှေ့ ပိုမိုနီးစပ်၏။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ပိုင်း ရှမ်းပြည် ပင်လုံမြို့တွင် ကျင်းပခဲ့သော ကရင်အမျိုးသားများပါဝင်သည့် ညီလာခံကြီးသည်ကား မြန်မာပြည်မနှင့် တောင်တန်းဒေသများကို ခိုင်မြဲစွာပူးတွဲပေးလိုက်သော မျက်နှာစုံညီ စည်းဝေးပွဲကြီးဖြစ်လေသည်။ ထိုနှစ်စက်တင်ဘာလ ၂၄ ရက်နေ့တွင်လည်း ကရင်အမျိုးသားခေါင်းဆောင်ကြီးများပါဝင်သော တိုင်းပြည်ပြုလုပ်တော်က နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို တည်ဘဏ္ဍာတ်တည်း အတည်ပြုလိုက်ကြရာ ကရင်အမျိုးသားများသည် လည်း အခြားပြည်ထောင်စုသားများနည်းတူ လွတ်လပ်ရေးအုတ်မြစ်ကို ဝိုင်းဝန်းကူညီ၍ချပေးခဲ့သည်မှာ အထူးဖော်ပြရန်ပင် မလိုတော့ပေ။

"ချင်း"

မြန်မာနိုင်ငံတော်၏ အရှေ့မြောက်နှင့် အနောက်မြောက်၏ သဘာဝနယ်နိမိတ်များမှာ မြင့်မားသောတောင်တန်းကြီးများသာဖြစ်ပေသည်။ ထိုတောင်တန်းကြီးများပေါ်၌ နေကြသောတောင်ပေါ်လူမျိုးများ၏ အမည်မှာ များပြားလှသည်မှန်သော်လည်း ဦးရေအများဆုံးနှင့် ထင်ရှားသော လူမျိုးကြီးလေးမျိုးမှာ ကား ရှမ်း၊ ကချင်၊ ကရင်နှင့်ချင်းတို့သာ ဖြစ်ကြပေသည်။ တောင်ပေါ်နေလူဦးရေ၏ ၉၅ ရာခိုင်နှုန်းခန့်မှာ အဆိုပါ ရှမ်းကချင်၊ ကရင်၊ ချင်းတို့သာ ဖြစ်ကြ၏။

ထိုလူမျိုးများထဲမှ ချင်းလူမျိုးများအကြောင်းကိုဖော်ပြရမည်ဆိုလျှင် ချင်းလူမျိုးများသည် တိဗက်မြန်မာ (တိဗက်တိဗာမင်း[1]) အဆက်အနွယ်များပင်ဖြစ်၏။ ရှေးနှစ်ပေါင်းများစွာက တိဗက်ကုန်းပြင်မြင့်မှ ဆင်းသက်လာကြသော "အရှေ့တိဗက်မြန်မာ" အုပ်စုထဲတွင် ချင်းဟုအမည်ခံမည့်လူမျိုးစုတစုလည်း အပါအဝင်ဖြစ်ခဲ့၏။ ရေကြည်ရာမြက်နုရာဆိုသကဲ့သို့ပင် နေထိုင်ခဲ့ကြသော တိဗက်မြန်မာအနွယ်များသည် စွဲမြဲနေထိုင်ကြသောအရပ်ဒေသ၊ ရာသီဥတုနှင့် ရေမြေကိုလိုက်ပြီး တမျိုးနှင့်တမျိုးပြောဆိုကြသည့်စကား၊ အပြုအမူအနေအထိုင်နှင့် ဓလေ့ထုံးစံများကွဲပြားလာရာမှအစ လူမျိုးများလည်း အမည်နာမကွဲပြားခဲ့ရာ ချင်းလူမျိုးမှာလည်း "ချင်း" ဟူသော အမည်ဖြင့် ကြီးမားပေါက်ဖွားလာခြင်းသာဖြစ်ပေသည်။

ချင်းလူမျိုးများသည် မြန်မာပြည်၌ ရှေးကျသောလူမျိုးကြီးတမျိုးဖြစ်၏။ ယင်းတို့သည် "ဆောမရ" တောင်တန်းမှ တောင်ဖက်တလျှောက် (နေဂရေအင္ဂ) မော်တင်စွန်းတိုင်အောင် တောင်တန်းဒေသများ၌တွေ့ရသည်။

---

၁ Tibeto Burman

မြန်မာရာဇဝင် နောက်ကြောင်းတွင် မြန်မာနှင့်ချင်းတို့ အကြီးအကျယ် မှတ်သားလောက်အောင် တိုက်ပွဲကြီးများမဖြစ်ခဲ့ဘူးချေ။

ဗြိတိသျှတို့အထက်မြန်မာပြည်ကို သိမ်းယူပြီးသည့်နောက် ချင်းလူမျိုးတို့သည် တိုင်းတပါးသား နယ်ခဲ့ပြီတိသျှတို့လက်အောက်သို့ အညံ့ခံ၍ ကျွန်ဘဝဖြင့် မနေလိုကြ၍ ဗြိတိသျှ တို့အား တော်လှန် တိုက်ခိုက်ကြသေး၏။ ကလေးမြို့ ခံတပ်ဖို့ပို့က်[1] တိုင်းလမ်းမှ ဖြတ်သွားရသော တောင်ကြား တဝိုက်တွင် သုံးလမျှကြာအောင် ဗြိတိသျှ စစ်တပ်များက တိုက်ခိုက် နှိမ်နင်းခဲ့ရ၏။ ထိုတော်လှန်ရေးတိုက်ပွဲ၌ လူအား လက်နက်အား မမျှသဖြင့် ချင်းလူမျိုးတို့သည် နောက်ဆုံးအရှုံးပေးလိုက်ရသည့်တိုင်အောင် ဇွဲနှင့်သတ္တိကို အားကိုးပြီး ရွှပ်ရွှပ်ချံချံ တိုက်ခိုက်ခဲ့ကြ၏။

သို့စေကာမူ ၁၈၉၂ ခုနှစ်တိုင်အောင် တိုင်းနယ်တွင် နေထိုင်ကြသော မြောက်ပိုင်းချင်းလူမျိုးများကို ဗြိတိသျှတို့လုံးဝတိုက်ခိုက်၍ မနိုင်ကြသေးချေ။ ထိုစဉ်အခါက အလယ်ပိုင်းချင်းလူမျိုးများသည် ကျကျနနထိထိရောက်ရောက် တော်လှန်တိုက်ခိုက်ခြင်း မပြုနိုင်ကြသော်လည်း တောင်ဖက်ပိုင်း ဟာကာနယ် ချင်းလူမျိုးတို့သည်ကား ဂန့်ဂေါတောင်ဂုမ်းမှ ချီတက်လာကြသော ဗြိတိသျှတပ်များကို တင်းတင်းမာမာ ခုခံခဲ့ကြ၏။ နောက်ဆုံး အင်အားချင်းမတူ၍ အားမတန် မာန်လျော့ရကာ ဗြိတိသျှတို့အုပ်ချုပ်ခြင်းကို ကျေနပ်မှုမရှိဘဲလက်ခံကြရ၏။

မြန်မာပြည်သည် ဗြိတိသျှလက်အောက်တွင်ရှိနေစဉ်အခါက ချင်းတောင်နယ်သည်ချင်းချန်ထားသောတောင်တန်းဒေသအနေဖြင့် နေခဲ့ရ၏။ အုပ်ချုပ်ရာ၌ နယ်သုံးနယ်ခွဲခြားလျက် (၁) ကံပက်လက်နယ်၊ (၂)ပလက်ဝနယ်၊ (၃) ဟာကာဖလမ်နှင့်တိဒင်နယ်ဟူ၍နယ်သုံးနယ်ခွဲခြားကာ ဗြိတိသျှအစိုးရကတိုက်ရိုက်အုပ်ချုပ်ခဲ့၏။

ကိုယ်ပိုင်အုပ်ချုပ်ရေးအခွင့်တစုံတရာမျှ တိုင်းရင်းသား ချင်းလူမျိုးစုလက်တွင်းသို့ မအပ်နှင်းခဲ့ချေ။ နိုင်ငံခြားနှင့်ဆက်ဆံမှုကိုအပထား၍ တိုင်းရင်းသားဖြစ်ကြသော ကချင်၊ကရင်၊မြန်မာ၊ရှမ်းတို့နှင့် ရင်းနှီးစွာဆက်ဆံမှုကိုပင် ဟန့်တားခဲ့သည်။ နယ်ခြား ဖြတ်သန်းရေး ဥပဒေများကို ထောက်ရှုကြည့်ခြင်းဖြင့် သိသာနိုင်၏။ အောက်ကျနောက်ကျလူမျိုးစု အနေနှင့်သာ ထားရှိအုပ်စိုးလျက် တိုးတက်ရန်ပြုစုပျိုးထောင်မှုများ ပြုလုပ်ပေးခြင်းမရှိခဲ့ပေ။

အချုပ်အချယ် များပြားလှသော ဗြိတိသျှတို့၏ အုပ်ချုပ်ရေးကို သည်းမခံနိုင်တော့သော ချင်းအမျိုးသားခေါင်းဆောင်တဦးဖြစ်သည့် ဦးဝမ်းသူမောင်သည်

၁ Fort White

ချင်းတောင်နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း တသောင်းသုံးရာ့ခုနစ်ဆယ်ခုနစ်မိုင် (၁၀,၃၇၇) ရှိ၍ လူဦးရေမှာ တသိန်း ရှစ်သောင်း ခြောက်ထောင် (၁,၇၆,၀၀၀) ရှိ၏။ ယင်းအနက် ချင်းလူမျိုးတသိန်းရှစ်သောင်းသုံးထောင်ခုနစ်ရာခြောက်ဆယ့်ရှစ် (၁,၇၃,၇၆၈) ရှိ၍ အခြားလူမျိုး နှစ်ထောင့်နှစ်ရာ သုံးဆယ့်နှစ် (၂,၂၃၂) ရှိပေသည်။

ရခိုင်တောင်တန်းနယ် အကျယ်အဝန်း စတုရန်းမိုင် သုံးထောင်ငါးရာ လေးဆယ့်သုံး (၃,၅၄၃) ရှိ၍ ချင်းလူမျိုးဦးရေမှာ သုံးသောင်းလေးထောင် (၃၄,၀၀၀)ရှိ၏။

ချင်းလူမျိုးတို့မှာ နွားနောက်ကို အလွန်အရေးပေးလေ့ရှိ၏။ နွားနောက်သည် ဆားအလွန်ကြိုက်သဖြင့် ပရိယာယ်အားဖြင့် ဆားကျေးပါက တကြိမ်စားမိသော နွားနောက်သည် ထိုဆားကျေးသောအိမ်သို့ မကြာခဏလာတတ်ပြီး တောတွင်းသို့ ပြန်ဝင်သွားလေ့ရှိ၏။ ဤသို့ဆားကျေးခြင်းအားဖြင့် နွားနောက်အလာများသော အိမ်မှာ အထူးဂုဏ်ကျက်သရေရှိလှပေသည်ဟု ယူဆကြ၏။ ထို့ပြင်နွားနောက်မှာ မိမိတို့ ပူဇော်ပသသည့် နတ်နှင့် သက်ဆိုင်သော သတ္တဝါ ဖြစ်နေပေသောကြောင့် တောထဲ၌တွေ့နေကြစေကာမူ အရမ်းမဲ့ ပစ်ခတ်စားသောက်ခြင်းများမပြုကြရပေ။ ချင်းလူမျိုးတို့တွင်နတ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သောဓလေ့ထုံးစံများမှာ ကျယ်ဝန်းများပြားလှပေသည်။

သို့သော် ပခုက္ကူ၊ သရက်၊ ပြည်နှင့်ဟသံတခရိုင်နယ်များတွင် ချင်းလူမျိုးများမှာ မြန်မာလူမျိုးများနှင့် ရင်းနှီးစွာ ဆက်ဆံကြပြီးလျှင် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၏။ ဗြိတိသျှတို့လက်ထက်ကဆိုလျှင် ချင်းနှင့်မြန်မာများ၏ ဆက်ဆံရေးတွင် အနှောင့်အယှက်ပေးခဲ့၏။ အကယ်၍မြန်မာပြည်မမှ တစုံတယောက်သောသူသည် ချင်းတောင်သို့သွားလိုငြားအံ့။ မိမိသဘောအလျောက်သွားနိုင်ခွင့်မရှိခဲ့ပေ။ ဆိုင်ရာ ဗြိတိသျှအစိုးရအရာရှိကြီးများထံသို့ ခွင့်ပန်ရပြီး ခွင့်ပြုချက် ရမှသာလျှင် သွားနိုင်ပေသည်။ သာသနာပြုရန် သွားလိုသော ဗုဒ္ဓဘာသာ ရဟန်းတော်ပင်ဖြစ်စေကာမူ ဆိုခဲ့သည့်အတိုင်း ဗြိတိသျှတို့ထုတ်ထားသော နယ်ခြားဖြတ်သန်းရေး ဥပဒေ[1]ကို ကြောက်ရွံ့ရသဖြင့် ဆိုင်ရာသို့ ခွင့်ပန်ကြားရ၏။

ခရစ်နှစ် ၁၅၅၁ - ၁၅၈၁ ခုနှစ်အတွင်း တောင်ငူခေတ်ဘုရင့်နောင် လက်ထက်၌ ၎င်း၊ ၁၇၅၂ - ၁၇၆၀ အင်းဝခေတ် အလောင်းဘုရားလက်ထက်၌၎င်း၊ မြန်မာဘုရင်၏ တပ်မတော်ကြီးများတွင် ချင်းလူမျိုး အများအပြား စစ်သည်တော်အဖြစ် အမှုထမ်းရွက်ခဲ့ဘူးကြောင်း အဆိုရှိ၏။

၁ Frontier Crossing Regulation

တောင်တန်းဒေသများရှိ တိုင်းရင်းသားများအပေါ် အမြဲတစေ စေတနာထား ခဲ့သောပြည်ထောင်စုဗဟိုအစိုးရသည် ချင်းဝဲသေသတိုင်းကိုလည်း ပေးသင့်ပေး ထိုက်သော အခွင့်အရေးများထက် သာလွန်စွာပေးအပ်ခဲ့ကြောင်း အောက်ပါ အချက်အလက်များအရ ထင်ရှားစွာသိနိုင်ပေသည်။

ပဌမဦးစွာ လူမျိုးစုလွှတ်တော်ကိုကြည့်ပါက ချင်းဝဲသေသတိုင်းရှိ လူဦးရေ အရေအတွက်နှင့်လိုက်ပြီး ချင်းအမျိုးသားကိုယ်စားလှယ် ရွေးကောက်တင်မြှောက် လျှင် နှစ်ဦးသာတင်မြှောက်ခွင့်ရှိရမည်ဖြစ်၏။ သို့ရာတွင် ထိုကိုယ်စားလှယ် အမတ် နှစ်ဦးအစား အုပ်ချုပ်ပုံအခြေခံဥပဒေတွင် ရှစ်ဦးရွေးချယ်တင်မြှောက်ခွင့် ပြုပြီးဖြစ် လေသည်။ နှစ်ဦးသာရရှိသင့်သောကိစ္စတွင် ရှစ်ဦးအထိစေလွှတ်ရန်ခွင့်ပြုချက်ကို ထောက်ထားခြင်းအားဖြင့် ပြည်ထောင်စုအစိုးရ၏စေတနာမှာ ကောင်းစွာထင်ရှား လေသည်။

အထက်ပါလူမျိုးစုလွှတ်တော်၌သာ တိုင်းရင်းသား ချင်းအမျိုးသားများအား အခွင့်အရေးပေးခဲ့သည်မဟုတ်သေး၊ ပြည်သူ့လွှတ်တော်၌လည်း အခွင့်အရေးများ ပေးခဲ့ပြန်၏။ ပြည်သူ့လွှတ်တော်ဆိုသည်မှာ ပြည်ထောင်စုတခုလုံးအတွက် ဥပဒေ များပြုလုပ်ပြဋ္ဌာန်းရသော အချုပ်အချာဥပဒေပြုဌာနဖြစ်ကြောင်း အထူးဖော်ပြ စရာပင် လိုမည်မဟုတ်ပေ။ ထို ပြည်သူ့လွှတ်တော်သို့ အခြေခံဥပဒေအရ ပြည် ထောင်စုသား ၆၄,၀၀၀ (ခြောက်သောင်းလေးထောင်)မှ ကိုယ်စားလှယ်အမတ် တယောက် ရွေးချယ်စေလွှတ်နိုင်ခွင့်ရှိပေသည်။ ချင်းဝဲသေသတိုင်း၌ရှိသော လူဦး ရေအချိုးကျအတိုင်းသာ ကိုယ်စားလှယ်သို့မဟုတ် ပြည်သူ့လွှတ်တော်အမတ်ရွေး ချယ်စေလွှတ်ရမည်ဆိုလျှင် ချင်းအမျိုးသားပြည်သူ့လွှတ်တော်အမတ်ဦးရေ လေး ဦးသာလျှင် ရွေးချယ်နိုင်ခွင့်ရှိမည်ဖြစ်၏။ သို့စေကာမူ ၁၉၄၈ ခုနှစ် တွင် ပြဋ္ဌာန်း ထားသော ပါလီမန်အမတ် ရွေးကောက်တင်မြှောက်ရေး အက်ဥပဒေအရ ချင်းဝဲ သေသတိုင်းရှိ လူဦးရေအချိုးကျအတိုင်း ကိုယ်စားလှယ်အမတ် လေးဦးသာမဟုတ် စေဘဲ ခြောက်ဦးထိ ရွေးကောက်တင်မြှောက်ခွင့်ရှိစေရန် ခွင့်ပြုထားပြန်လေသည်။ ဤအရေးဥ်လည်းဗဟိုအစိုးရသည် တောင်တန်းသားချင်းအမျိုးသားများ၏လိုအင် ဆန္ဒကိုစေတနာအလျောက်ကျေနပ်စွာလိုက်လျောလျက်ရှိကြောင်းထင်ရှားပေ၏။

ထို့ပြင် ချင်းဝဲသေသတိုင်း၏ ပညာရေးကို ရွေးအခါ ဗြိတိသျှနယ်ခဲ့၏ လက် အောက်၌ရှိစဉ်အခါကနှင့် ပြည်ထောင်စုအတွင်း ချင်းဝဲသေသတိုင်းပါဝင်ပြီးသည့် ကာလတို့၏ခြားနားမှုကိုနှိုင်းရှည့်ကြည့်ပါက သိသိသာသာကြီးကွာခြားလှကြောင်း တွေ့ရပြန်၏။

၁၉၂၉ ခုနှစ်တွင် ချင်းတောင်တန်းသာသနာပြုရေးကိစ္စကိုစခဲ့၏။ ၁၉၃၂ ခုနှစ်တွင် သာသနာပြုအဖွဲ့ကိုဖွဲ့စည်းခဲ့၏။ ပခုက္ကူမြို့ဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာ ချင်းတောင်မှကလေးသူငယ်များကို ပခုက္ကူမြို့သို့ခေါ်ဆောင်ပြီး မြန်မာစာသင်ကြားပေးခြင်း၊ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း စသည်ဖြင့် ယဉ်ကျေးမှုအဆင့်အတန်းကိုတိုးမြှင့်ခဲ့၏။ ၁၉၃၇ ခုနှစ်တွင် ချင်းနှင့် မြန်မာပူးပေါင်းနိုင်ငံစေရန် နိုင်ငံရေးစတင်ဆောင်ရွက်ခဲ့၏။

၁၉၄၇ ခုဖေဖော်ဝါရီလ အတွင်း၌ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးကျင်းပသော ပင်လုံညီလာခံကြီးမှ မြန်မာပြည်နှင့်ရှမ်းပြည် စသော တောင်တန်းနယ်များ ပူးပေါင်းရေးအတွက် မြန်မာခေါင်းဆောင်ကြီးများ နှင့် တောင်တန်းနယ်များမှ ခေါင်းဆောင်ကြီးများတို့ သွေးစည်းမှုကို အောင်မြင် စွာရခဲ့လေသည်။

ထိုကြောင့် ထိုကာလမှစ၍ချင်းနှင့်မြန်မာတို့လည်း တဦးကိုတဦး ချစ်ခင်ယုံ ကြည်စွာဖြင့် သွေးစည်းမှုရခဲ့ကြပေပြီ။

ဗိုလ်ချုပ်၏အလိုအတိုင်း ၁၉၄၇ ခု မတ်လ ၄ ရက် မှ ၅-၆ ရက်နေ့များ၌ကျင်းပ ခဲ့သော ဘီးလင်းမြို့ ချင်း ဗမာ ချစ်ကြည်ရေး အစည်းအဝေးကြီးမှာ ထူးခြားစွာ အောင်မြင်ထမြောက်ခဲ့၏။ဗြိတိသျှနယ်ချဲ့စံနစ် ခြေဖဝါးအောက်မှကျွတ်လွတ်ထွက် မြောက်ရန်အတွက် ချင်း ဗမာ အမျိုးသားများ သွေးစည်းညီညွတ်ကာ ဆောင်ရွက် ကြမည်။ ဗြိတိသျှနယ်ချဲ့သမားတို့က မည်သို့ပင်သွေးခဲ့စေကာမူ ချင်း ဗမာ အမျိုး သားတို့ စိတ်ဝမ်းမကွဲဘဲဆောင်ရွက်ကြမည်။ လွတ်လပ်ပြီးသော မြန်မာနိုင်ငံတော် ကြီးတွင် တာဝန်ခဲ့ဝေလုပ်ကိုင်ကြရာ၌ရင်း၊ အကျိုးခံစားမှုများ၌ရင်း၊ ချင်း ဗမာခွဲ ခြားခြင်းမရှိဘဲ ဆောင်ရွက်သွားကြမည်ဟူသော အဓိကအချက်ကြီးများကို လေး နက်ယုံကြည်စွာ အခိုင်ခံပြုကြ၏။ ထိုသို့ အခိုင်ခံပြုခဲ့သည့်အတိုင်းလည်း ပြည် ထောင်စု မြန်မာနိုင်ငံတော်တွင်းသို့ ပါဝင်ရာ၌ ချင်းတောင်တန်း နယ်ပယ်များကို သီးခြားမထားတော့ဘဲ မြန်မာပြည်မကြီးအတွင်း၌ ဒီစတြိတ်နယ်အနေမျိုးနှင့် နေ ရန် ဆုံးဖြတ်ပါဝင်ခဲ့ကြ၏။

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောပြည် ထောင်စုသမ္မတနိုင်ငံအဖြစ်သို့ရောက်ရှိလာသောအခါ ချင်းတောင်တန်းက "ချင်းဝဲ သေသတိုင်း" အမည်နှင့် ပါဝင်ရပြီး အုပ်ချုပ်ရေး အဆင့်အတန်းများမှာလည်း ဗြိတိသျှ နယ်ချဲ့လက်အောက်မှာကဲ့သို့ မဟုတ်တော့ဘဲ တဟုန်တည်း တိုးမြင့် လာ၏။

ဖက်ဆိုင်ရာတို့တွင် ဆိုခဲ့သည့်ငွေ နှစ်ဆယ့်တသိန်းကို သုံးစွဲခဲ့ခြင်းဖြစ်၏။ ထိုနှစ်ဆယ့်တသိန်းထဲတွင် ကာကွယ်ရေးနှင့် စပ်ဆိုင်သော စစ်တပ်အသုံးစရိတ်များ လုံးဝမပါသေးကြောင်းကို ဆိုလိုခြင်းဖြစ်၏။

ချင်းဝိသေသတိုင်းမှရရှိသောအခွန်တော်ငွေမှာတနှစ်လျှင် တသိန်းသုံးသောင်းငါးထောင်ခန့်မျှသာဖြစ်ပြီး၊ ယင်းချင်းဝိသေသတိုင်းအတွက် ဗဟိုအစိုးရက နှစ်ဆယ့်တသိန်း သုံးပေးထားရသဖြင့် ထိုငွေကိုဗဟိုအစိုးရကပင် စိုက်ထုတ်ရသည်ဖြစ်၏။ အလွယ်နည်းနှင့်တွက်ချက်ကြည့်မည်ဆိုက ချင်းဝိသေသတိုင်းအတွက် ချင်းတောင်ဒေသမှရရှိသဖြင့် သုံးစွဲရသောငွေမှာ တကျပ်ဖြစ်လျှင် ယင်းချင်းဝိသေသတိုင်းအတွက် ပြည်ထောင်စု ဗဟိုအစိုးရမှ သုံးစွဲသော ငွေပေါင်းမှာ တဆယ့်ငါးကျပ်ဖြစ်၏။

ထိုပြည်ထောင်စုကြီးတခုလုံး၏ အခွန်တော်ဝင်ငွေနှင့် ချင်းဝိသေသတိုင်း၏ ဝင်ငွေတို့ကိုနှိုင်းရည့်ပြ ရသော် ၁၉၄၉ ခု-၅၀ ခုနှစ်စာရင်းအရ ပြည်ထောင်စုကြီးတခုလုံးမှကောက်ခံရရှိသောငွေ ၅,၇၅,၀၀၀ အနက် ချင်းဝိသေသတိုင်းမှ ကောက်ခံရရှိသောအခွန်တော်ငွေမှာ ၁၁၀,၀၀၀ သာဖြစ်၏။ အထက်ပါနည်းအတိုင်းအလွယ်နှင့်တွက်ပါလျှင် ပြည်ထောင်စုတခုလုံးမှ ကောက်ခံရရှိသော အခွန်တော်ငွေ ၅၂၃ ဖြစ်က ချင်းဝိသေသတိုင်းမှ ကောက်ခံရရှိသောငွေမှာ ၁ သာလျှင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မှန်ကန်သော ဒီမိုကရေစီစံနစ်ဖြင့် အုပ်ချုပ်သွားသော ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအတွင်း၌ ပါဝင်သော နယ်တခု၏ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့ကို ထိုနယ်မှရသော အခွန်အတုတ် နှုန်းသည် များသည်ကို ပခနမထားဘဲ လိုအပ်လျှင် လိုအပ်သကဲ့သို့ အတတ်နိုင်ဆုံး ပြုစုပျိုးထောင်ပေးခဲ့သည်သာ ဖြစ်တော့၏။

ဗဟိုအစိုးရသည် ထိုသို့ငွေကြေးထောက်ပံ့ခြင်းဖြင့်သာ ချင်းဝိသေသတိုင်းအား ကူညီမစသည်မဟုတ်သေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးကိစ္စတွင်လည်း အခွင့်အရေးများ တိုးချဲ့ပေးခဲ့သည်ဖြစ်၏။

ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၉) အပိုင်း (၅) အပုဒ် ၁၉၇ တွင် အတိအလင်း ပြဋ္ဌာန်းထားသည့်အတိုင်း ချင်းရေးရာ ဝန်ကြီးနှင့် ချင်းရေးရာကောင်စီသည် လုံးဝလွတ်လပ်စွာ ချင်းဝိသေသတိုင်း၏ ပြည်တွင်းကိစ္စအဝဝကို ပိုင်ပိုင်နိုင်နိုင် စီမံခန့်ခွဲ ညွှန်ကြားနိုင်၏။ ချင်းအမျိုးသားအချို့ကိုလည်း ခရိုင်ဝန် အတွင်းဝန်စသော နိုင်ငံတော်ဝန်ထမ်း အထက်တန်း ရာထူးကြီးများ ပေးအပ်မြှောက်စားခဲ့၏။

လူမျိုးစုတစု၏ တိုးတက်ကြီးပွားမှုအခြေခံအုတ်မြစ်မှာ ပညာရေးသာလျှင်ဖြစ်သည်ဆိုသည့်အချက်ကို ပြည်ထောင်စုဗဟိုအစိုးရအဖွဲ့မှ ကောင်းစွာသတိထားမိလေသည်။ ထို့ကြောင့်လည်း ဗဟိုအစိုးရသည် ရှေးဖြတိသျှလက်အောက်တွင် အောက်ကျနောက်ကျနိုင်လှသော ချင်းဝိဆေသတိုင်း၏ ပညာရေးကို အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီနှစ်များက ချင်းဝိသေသတိုင်း တခုလုံး၌ အလယ်တန်းကျောင်း ၃ ကျောင်းမျှသာ ရှိခဲ့ပေသည်။

သို့သော် စစ်ပြီးခေတ်ကျဗဟ်ပိုင်းတွင်ဖြစ်သော ၁၉၄၇ ခုနှစ်တွင် စာသင်ကျောင်းပေါင်း ၉၅ ကျောင်း ချင်းဝိသေသတိုင်း၌ ပေါ်ထွက်ခဲ့၏။ ထိုမှတဖန် ၁၉၄၉ ခုနှစ်၌မူကား ကျောင်းပေါင်း ၁၃၅ ကျောင်းအထိ ဖြစ်လာပေတော့သည်။ ဤသို့ ၂ နှစ်အတွင်း ပြည်ထောင်စု ဗဟိုအစိုးရသည် ချင်းဝိသေသတိုင်းအတွက် ကျောင်းပေါင်း ၄၀ မျှ ဖွင့်လှစ်ခဲ့ရုံမျှနှင့်မကျေနပ်သေးဘဲ အထက်တန်းကျောင်း ၇ ကျောင်းဖွင့်လှစ်ရန်လည်း ခွင့်ပြုအားပေးပြန်သည်။ မြောက်ပိုင်းချင်းတောင်နယ်အတွက် ၄ ကျောင်း၊ တောင်ပိုင်းချင်းတောင်နယ်အတွက် ၃ ကျောင်းဖြစ်၏။ ချင်းဝိသေသတိုင်းတွင်ထားရှိသော ဗဟိုအစိုးရ၏စေတနာကို မြန်မာပြည်မအတွင်းရှိ အထက်ချင်းတွင်းခရိုင်နှင့် အောက်ချင်းတွင်းခရိုင်တို့၌ အထက်တန်းကျောင်းတကျောင်းစီသာလျှင် ခွင့်ပြုထားခြင်းကို ထောက်ရှုလျှင် သိသာလောက်ပေသည်။

ထို့ပြင် ရှေးအခါက ဖြိတိသျှနယ်ချဲ့အစိုးရ၏ လက်အောက်တွင် ကျရောက်ခဲ့ရသော အချိန်မျှား၌ ချင်းတောင်ဒေသတခုလုံးတွင် အထက်တန်းကျောင်းဟူ၍ တကျောင်းတလေမျှမရှိအောင် ရှားပါးရခြင်းနှင့် ယခုလက်ရှိအခြေအနေများကို နှိုင်းစာလျှင် ပြည်ထောင်စုနှင့်ပေါင်းခါမှ တဟုန်ထိုးတိုးတက်လာသော ချင်းဝိသေသတိုင်း၏ ပညာရေးကို မျက်မြင်ကိုယ်စ်တွေ့ပင်သိမြင်နိုင်ပေသည်။

ထိုမှတပါးချင်းဝိသေသတိုင်းအတွက် ကုန်ကျသောငွေနှင့် ချင်းဝိသေသတိုင်းမှ ကောက်ခံရရှိသော အခွန်တော်ငွေများကိုလည်း နှိုင်းရည့်ပြဖို့ရာလိုပေဦးမည်။

ဖြိတိသျှတို့အုပ်ချုပ်စဉ်အခါက ချင်းတောင်ဒေသအတွက်တနှစ်လျှင် (နယ်ခြားစစ်တပ်၏ စရိတ်အပါအဝင်) ငွေပေါင်း တဆယ့်လေးသိန်းကျပ်ခန့် သုံးစွဲသည်ကို တွေ့ရ၏။ ယခုပြည်ထောင်စုဗဟိုအစိုးရမူကားချင်းဝိသေသတိုင်းအတွက်တနှစ်လျှင် (နယ်ခြားစစ်တပ်၏စရိတ် လုံးဝမပါ) ငွေပေါင်း နှစ်ဆယ့်တသိန်းမျှ သုံးစွဲပေသည်။ ဆိုလိုသည်မှာ ပြည်ထောင်စုဗဟိုအစိုးရက ချင်းဝိသေသတိုင်း၏ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသော အုပ်ချုပ်ရေး

ထိုမှန်ခမာလူမျိုးကြီးသည် မြန်မာပြည် အရှေ့ဖက်တောင်တန်းတလျောက်သို့ တဖြည်းဖြည်းရွှေ့ပြောင်းဆင်းသက်လာကြပြီးလျှင် အချို့မှာကယားပြည်တောင်တန်းဒေသများတွင် နေထိုင်၍ အချို့မှာတနင်္သာရီတိုင်းတောင်တန်းဒေသများတွင် နေထိုင်ကြ၏။ အချို့မှာ မြေပြန့်ရောဝတီမြစ်ဝကျွန်းပေါ် ဒေသများသို့ ဆင်းသက်ကာ မွန်မြန်မာတို့နှင့် ရောနှောနေထိုင်ကြ၏။ မြန်မာပြည်မြေပုံကို ကြည့်ရှုလျှင် ကယားပြည်နယ်သည် ယိုးဒယားပြည်၏ အနောက်ဖက် တောင်ဝှေ့ ပျဉ်းမနားခရိုင်များ၏ အရှေ့ဖက်၊ ရှမ်းပြည်၏ တောင်ဖက်ဘွင် တည်ရှိကြောင်းတွေ့မြင်နိုင်လေသည်။ ကယားပြည်နယ်တွင် ကန္တာရဝတီ၊ ဘောလခဲ၊ ကြယ်ဖိုးကြီးဟူသော နယ်သုံးနယ်ပါဝင်၍ ရေယာအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄,၈၂၀ ရှိလျက် လူဦးရေ ရှစ်သောင်းနီးပါးခန့်ရှိလေသည်။ ထိုမှတပါး အခြေခံဥပဒေအပိုဒ် ၁၀၂ အရ ပဒေသရာဇ်ရှမ်းပြည်နယ်စုရှိ မိုးမြဲနယ်ဟု ယခင်ကခေါ်တွင်ခဲ့သော ပြည်နယ်ကို ထိုနယ်မြေ၌ နေထိုင်ကြသူ လူမျိုးစုက အလိုရှိခဲ့သော် ကယားပြည်နယ်အတွင်းသို့ ပြောင်းသွင်းနိုင်ကြောင်းနှင့် ဖော်ပြထားခဲ့လေရာ ထိုနယ်တွင် ၉၈ ရာခိုင်နှုန်းခန့်ရှိလူအပေါင်းတို့သည် များသောအားဖြင့် ကယားလူမျိုးများနှင့် ပဒေါင်းလူမျိုးများဖြစ်ကြသည့်အတိုင်း ကယားပြည်နယ် အတွင်းသို့ ပါဝင်ရန် သဘောတူခဲ့ကြသည်။

ကယားပြည်နယ်ရှိ လူဦးရေအတော်များများပင် ဗုဒ္ဓဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်ကြပေသည်။ ကယားပြည်နယ်အတွင်း ဗုဒ္ဓဘာသာ သာသနာစတင်ထွန်းလင်း တောက်ပလာသော အချိန်သည်ကား ပဉ္စမ သံဂါယနာတင် ဘဝရွှင်မင်းတုန်းမင်းတရားကြီးလက်ထက်အခါက ဖြစ်၏။ ထိုစဉ်အခါက ဦးသီရိအမည်ရှိသော ပုဂ္ဂိုလ်တဦးနှင့်အတူ ရှမ်းပညာရှိအချို့တို့သည် ကယားပြည်နယ် သာသနာပြန့်ပွါးရေးကိစ္စနှင့်စပ်လျဉ်း၍ မင်းတရားကြီးအားလျောက်ထားခဲ့ကြရာ မင်းတုန်းမင်းကြီးကလည်း သဒ္ဓါကြည်ဖြူစွာဖြင့် "ဖောင်တော်ဦး"ဟု ထင်ရှားကျော်ကြားသော ဗုဒ္ဓရုပ်ပွါးတော်ငါးဆူကို သဒ္ဓါရက်ရောစွာ လှူဒါန်းလိုက်ပြီးနောက် ရွှေပေအက္ခရာတင် ပိဋကတ်သုံးပုံကို တဖန် လှူဒါန်းပြန်လေသည်။

ထိုသို့အလှူတော်ကြီးများနှင့် တင်းမတိမ်သေးဘဲ သာသနာပြုလိုသော အာသာဆန္ဒ ထက်သန်တော်မူပြန်သည့်အလျောက် မင်းတုန်းမင်းသည် ရတနာပုံနေပြည်တော်အတွင်း သီတင်းသုံးနေတော်မူသည့် ရှမ်းလူမျိုး ကျမ်းတတ်ပေတတ် ရဟန်းတော်တပါးကိုပါ ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့ပြီးနောက် သာသနာတော်ကို အခွန့်ကြာရှည်အောင် ဆောင်ရွက်စေခြင်းငှါ ကယားပြည်သို့ သာသနာပြု စေလွှတ်တော်မူခဲ့၏။

ဤမျှသာမကသေး၊ ပြည်ထောင်စုကာကွယ်ရေးကိစ္စများ၌လည်း ဗဟိုအစိုးရသည် လူဦးရေအချိုးကျအရ ဟူ၍မကြည့်ဘဲ ဗမာ့တပ်မတော်၌ ချင်းတပ်ရင်း (၅) တပ်ကိုဖွဲ့စည်းပြီး အခြားသော တိုင်းရင်းသားစစ်သည်တော်များနှင့် တန်းတူပါဝင်စေသည်။

ယင်းသို့ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားတို့သည် စေတနာမေတ္တာထက်သန်စွာဖြင့် ကူညီထောက်ပံ့ခြင်းများကို အမှန်အတိုင်းထုတ်ဖော်ပြရခြင်းသည် ညီအစ်ကိုဖြစ်ကြသော တိုင်းရင်းသားအချင်းချင်း ဂုဏ်မာနရောက်စေရန်မဟုတ်၊ တိုင်းရင်းသား လူမျိုးစုတို့ ဂုဏ်သိမ်ညှိုးငယ်မှုကိုလည်း ရည်သန်ခြင်းမရှိ။ တိကျမှန်ကန်သော အဖြစ်ကိုသာ အမြင်မှန်ရရှိကြလျက် အသီးအသီးသော တိုင်းရင်းသားလူမျိုးစုတို့သည် ဘိုးမွေ ဘွားမွေအစစ် ဘုံပစ္စည်းဖြစ်လာသော ပြည်ထောင်စုကြီးတခုလုံး၏ (၁) လွတ်လပ်ရေး ခိုင်မြဲမှု (၂) ငြိမ်းချမ်းသာယာမှုနှင့် (၃) ဒီမိုကရေစီဝါဒထွန်းကားမှုများကိုသာ ရှေးရှု၍ မိမိတို့တတ်စွမ်းနိုင်သည့်ဖက်မှ ထမ်းရွက်နိုင်စေရန်ဟူ၍ တခုတည်းသောရည်သန်ချက် ဖြစ်ပေသည်။

ပြည်ထောင်စုဗဟိုအစိုးရ အတွက်မူကား ချင်းဝိသေသတိုင်းအတွက် ယခုကဲ့သို့ ကြိုးပမ်း ပြုစုရသဖြင့် ဂုဏ်ယူဖို့ဝေးစွ အားရကျေနပ်မှုပင်မပြည့်သေးပါပေ။ ပြည်ထောင်စုကြီး၏ အခြေအနေ တိုးတက်ကောင်းမွန်လာပြီး ဘဏ္ဍာရေးအင်အား တောင့်တင်းလာသည်ထက် တောင့်တင်းလာပါက ယခင်နယ်ခဲ့ ဗြိတိသျှ၏ သွေးခဲမှုကြောင့် ကွဲကွာနေခဲ့ကြရသော ချင်းဝိသေသတိုင်းအတွက် ယခုထက်ပင် ဗဟိုအစိုးရက အားကြိုးမာန်တက် ဆောင်ရွက်ပေးဦးမည်မှာ မလွဲပေ။ တောင်တန်းသားညီအစ်ကိုမျာကလည်း ဖြူစင်သော စေတနာမေတ္တာများ တုန့်ပြန်ထားရှိကာ ပြည်ထောင်စုကြီးအား ကာကွယ်ထိန်းသိမ်းကြမည်မှာလည်း မည်သို့မျှ ယုံမှားနိုင်စရာ အကြောင်းမရှိချေ။

ကယား (ကရင်နီ)

ယခုကယားလူမျိုးဟုခေါ်ဝေါ်ခြင်းခံရသူများကို ယခင်က "ကရင်နီလူမျိုး"ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ကယားလူမျိုးများမှာ မြန်မာပြည်အတွင်းသို့ တရုပ်ပြည်ဖက်မှ အစောဆုံး ရောက်လာခဲ့သော "မွန်ခမာ"လူမျိုးကြီးမှ ဆင်းသက်လာသည့် မွန်ခမာအနွယ်ဝင် လူမျိုးများဖြစ်၏။

သော ရှမ်းပြည်မောက်မယ်နယ်ကို တိုက်ခိုက်လေရာ ဖြိုတိသျှစစ်တပ်က ထိုနယ်သို့ ချီတက်ပြီးလျှင် ကန့်ဘလူတီမြို့စားတပ်များကို တိုက်ခိုက်အောင်မြင်ကြသော်အခါ ကန့်ဘလူတီမြို့စားကို ရာထူးမှချ၍ လူထုဆန္ဒအရတင်မြောက်သော မြို့စား၏သား ကျမိုင်းစောလဝီကို မြို့စားအဖြစ်ဖြိုတိသျှတို့က အသိအမှတ်ပြုကြ၏။

ကယားပြည်နယ်များသည် မည်သည့်အခါကမျှ ဖြိုတိသျှအစိုးရလက်အောက်သို့ ကျရောက်ခြင်းမရှိခဲ့ချေ။ သို့ရာတွင် ဖြိုတိသျှအစိုးရနှင့် စာချုပ်ဃတောဒအား ဖြင့် (ဆာနဒ်) အမိန့်ကို လက်ခံဆက်သွယ်ဆောင်ရွက်ခဲ့ရ၏။ ထို (ဆာနဒ်) စာချုပ်အရ အင်္ဂလိပ်ဘုရင်အား နှစ်စဉ်လက်ဆောင် ပဏ္ဏာတော် ပေးဆောင်ခဲ့ရသည်ဖြင့် စီးပွါးရေးကိစ္စ၊ နယ်ခြားရေးကိစ္စအစရှိသော ကိစ္စများကို ဖြိုတိသျှအစိုးရတို့က ချုပ်ချယ်ထားခဲ့၏။ သို့သော်ပြည်တွင်းငြိမ်ဝပ်ပိပြားရေး ကိစ္စဟူသမျှတို့ကို "စောဖျာ"များက စီရင်အုပ်ချုပ်ခဲ့ရလေသည်။

စစ်ပြီးခေတ်တွင် သွေးစည်းကြခြင်း

စစ်ပြီးခေတ်တွင် ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးစီးဆောင်ရွက်ခဲ့သော ကိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပင်လုံညီလာခံကြီးမှ အရင့်အမာပေါက်ဖွားခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုနှင့် ခေါင်းဆောင်ကြီးတို့သည် ကယားပြည်နယ်၏ ဒေသန္တရအခြေအနေ လူမျိုးရေးစသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကယားပြည်နယ်သည် ပြည်ထောင်စုအတွင်းသို့ ပါဝင်ခြင်းသည်သာ နှစ်ဦးနှစ်ဖက် အကျိုးများနိုင်ကြောင်း တွေ့မြင်သိရှိကြရသည့်အလျောက် ကယားပြည်နယ်အတွင်းသို့ လာရောက်ကာ နည်းပေးလမ်းပြ ညွှန်ကြားပေးခဲ့ကြ၏။

ထိုအခါဦးနယ်ခဲ့သမားတို့၏ ခြေထိုးမှုကြောင့် သဘောကဲလွဲမှုအမျိုးမျိုးပေါ်ပေါက်ခဲ့သော်လည်း ကယားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမှု မာန မနာကြိုးပမ်းမှုတို့ကြောင့် ယခုအခါလွတ်လပ်သောကယားပြည်နယ်အဖြစ် ပြည်ထောင်စုအတွင်းသို့ ပါဝင်ပြီးဖြစ်လေသည်။ ထိုသို့ပါဝင်လိုက်ခြင်းဖြင့် ကယားပြည်နယ်၏နိုင်ငံရေး၊စီးပွါးရေး၊ ပညာရေးစသည့် အရေးတို့သည် တဟုန်ထိုးတိုးတက်ရှိလာခဲ့၏။

ထိုသို့လျှင်ကယားပြည်နယ်သည် ပြည်ထောင်စုအတွင်းသို့ ပါဝင်လိုက်သည်နှင့် တပြိုင်နက် အခြေခံဥပဒေအရ ပါလီမန်အမတ် သုံးဦးကို ရွေးကောက်တင်မြှောက်ခွင့်ရကြ၏။ ထိုပြင်အခြေခံဥပဒေအပိုဒ် ၁၈၉ အရ နိုင်ငံတော်သမ္မတကြီးသည်

ကယားအမျိုးသားတို့သည်လည်း မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံပြီး သာခုအနုမောဒနာခေါ်ကာ သာသနာပြုဆရာတော်သီတင်းသုံးရန် "ဆီရိတော" ဟု ခေါ်တွင်ခဲ့သော လွယ်ကော်မြို့ကြီးတွင် ကျောင်းသစ်မ်းဆောက်လုပ်ကာ ကိုးကွယ်ကြကုန်၏။ ပစ္စည်းလေးပါးဖြင့်လည်း ထောက်ပံ့ကြ၏။ ဆရာတော်ဘုရားကြီးလည်း နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်အမှန်ကို လူအပေါင်းတို့ ကောင်းစွာနားလည်နိုင်စေခြင်းငှါ ကယားဘာသာစကားကို လေ့လာပြီး ဟောကြားဆုံးမ ဩဝါဒပေးလေတော့သည်။ ကယားလူမျိုးတို့လည်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်စ ပြုပေတော့၏။ ထိုသို့ တစတစ သာသနာတော်ပြန့်ပွါးခဲ့ရာ "စောလဖော်" မင်းကြီးလက်ထက်သို့ ကျရောက်သောကာလ၌ သုံးပုံတပုံခန့် ကယားတိုင်းရင်းသူ တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်လာကြကုန်၏။

ကယားစော်ဘွား စောလဝီလက်ထက်သို့ကျရောက်သောအခါဝယ် ဗုဒ္ဓဘာသာတရားအထူးထွန်းကားလာသည့်အလျောက် ကျောင်း၊ ကန်၊ ဇရပ်ပေါများလာသည့်အပြင် လမ်းပန်းဆောက်လုပ်ခြင်း၊ဆည်မြောင်းတူးခြင်း၊ ရေတွင်းရေကန်တူးခြင်း အစရှိသော ဒါနအမျိုးမျိုးတို့သည်လည်း တိုးတက်များပြားလာလေသည်။

ရှေးနှစ်ပေါင်း တထောင်ကျော်ခန့်က ကယားပြည်နယ်ကို ယွန်းလူမျိုးတို့က လွှမ်းမိုးအုပ်ချုပ်ခဲ့ဘူးသည်ဟု နိုင်ငံသမိုင်းများက အဆိုရှိလေသည်။ ထိုယွန်းမင်းဆက်ပြတ်သွားသောအခါမှ ကယားပြည်တွင်းရှိ နယ်အသီးအသီး၌ သြဇာအာဏာရှိသော ပုဂ္ဂိုလ်များက အုပ်ချုပ်ခဲ့ကြသည်ဟူ၏။

ကယားပြည်နယ်အကြီးအကဲတို့သည် မြန်မာဘုရင်များနှင့် မဟာမိတ်ဖြစ်ခဲ့ကြောင်းကို ရာဇဝင်တွင် အထင်အရှားတွေ့မြင်ရသည့်အပြင် မြန်မာဘုရင်များသည် ကယားပြည်နယ် အုပ်ချုပ်ရေး၌ ဝင်ရောက်စွက်ဖက်ခြင်း တစုံတရာမပြုလုပ်ခဲ့ချေ။

မြန်မာပြည်ကိုအင်္ဂလိပ်လွှမ်းမိုးစဉ်အခါက ကယားနယ်ကိုမသိမ်းပိုက်ဘဲ မြန်မာအစိုးရနှင့် ဖြိတိသျှတို့ ပဋိညာဉ်စာချုပ်အတိုင်း ကယားပြည်နယ်ကို လွတ်လပ်ရေးပေးထားခဲ့လေသည်။ ၁၈၈၇ ခုနှစ်သို့ရောက်သောအခါ ကန့်ဘလူတီမြို့စားအား ဖြိတိသျှတို့က ယင်းတို့လက်အောက်သို့ အသာတကြည်နှင့် ဝင်ရောက်လာစေရန် ကြိုးစားကြသော်လည်း မအောင်မြင်ခဲ့ချေ။

၁၈၈၈ ခုနှစ်တွင် ကန့်ဘလူတီမြို့စားသည် ဖြိတိသျှတို့အုပ်စိုးခြင်းကို လက်ခံ

ရင်းသားတို့သည် တမျိုးတည်း သဘောအားဖြင့် မြန်မာလူမျိုးနှင့် ဆက်စပ်လျက်ရှိသည်ကိုတွေ့ရ၏။ စင်စစ်အားဖြင့် ထိုသို့ခြားနားလျက်ရှိသော လူမျိုးအားလုံးသည် အများအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ထောင်ပေါင်းများစွာက တိဗက်ကုန်းပြင်မြင့်ဆီမှ ဆင်းသက်လာကြသော (တိဗက်တိဘားမင်း) တိဗက်မြန်မာများဖြစ်ကြ၏။

ယင်းတိဗက်မြန်မာတို့တွင်လည်း အစုနှစ်စုကွဲခဲ့ကြသေးသည်။ ကချင်လူမျိုးများလည်း ထိုနှစ်စုကွဲသွားရာမှ ချင်း၊ကချင်၊နာဂစသည်ဖြင့် ကွဲလာသောအစုထဲ၌ အပါအဝင်ဖြစ်ပေတော့သည်။

ဂျင်းဖောခေါ် ကချင်လူမျိုးများသည် မြစ်ကြီးနား၊ဗန်းမော်နှင့် ကသာနယ်ရှိတောင်တန်းဒေသများသာမက မြောက်ပိုင်းရှမ်းပြည်နှင့်တောင်ပိုင်းရှမ်းပြည်ကျိုင်းတုံနယ်အထိ ပြန့်ပါးနေထိုင်ကြ၏။

ကချင်လူမျိုးတို့၏ ဓလေ့ထုံးစံအရ တောင်တန်းတနေရာမှတနေရာသို့ ရွှေ့ပြောင်းကာ လယ်ယာကိုင်းကျွန်းစိုက်ပျိုးလုပ်ကိုင်လေ့ရှိကြသည်ကို အကြောင်းပြုပြီး ကာလကြာမြင့်သောအခါ၌ အစုလိုက်အမျိုးလိုက် ဆင်တူရိုးမှား ကွဲပြားလာကြခြင်းဖြစ်၏။

ကချင်လူမျိုးတို့၏ မူလအမည်မှာ ဂျင်းဖောဖြစ်၏။ ကချင်လူမျိုးများအကြောင်းနှင့် စပ်လျဉ်း၍ ရှေးလွန်လေပြီးသော အထက်ထက်က ရာဇဝင်မှတ်တမ်းကျောက်စာများတွင်မှတ်သားထားခြင်းကို မတွေ့ရပေ။ လွန်လေပြီးသောနှစ်ပေါင်းများစွာကပင်မိရိုးဖလာအစဉ်အလာအရ မထင်မရှားထားရှိသော မှတ်တမ်းပုရပိုဒ်များ ပျောက်ဆုံးသွားခဲ့သည်ဟု ဂျင်းဖောလူကြီးများ ပြောကြ၏။

ကချင်လူမျိုးများတွင် ဂျင်းဖောအမျိုးကြီးများအပြင် မရူ၊လရီ၊နန်းဆီစသည်ဖြင့် အမျိုးအမည်များလည်း ရှိသေး၏။ ယင်းတို့ထက် ဂျင်းဖောတို့က လူဦးရေပိုမိုများပြား၏။ ဂျင်းဖောတို့သည် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အလိမ္မာဥာဏ်လည်း ထက်သန်လျက် အတိုက်အခိုက်ဝါသနာထုံကြသည်။ လွှဲလဝီရိယလည်းရှိ၏။ စစ်ဖက်ဌာနများတွင် စစ်သားအဖြစ် ဝင်ရောက်အမှုထမ်းလေ့ရှိကြသဖြင့် စစ်သားကောင်းများဖြစ်လာကြ၏။

ခရစ်နှစ် ၁၅၃၁-၁၅၈၁ ခုနှစ်အတွင်း တောင်ငူဘုရင့်နောင်၏ တပ်မတော်ကြီးတွင် ကချင်စစ်သည်တော်များ ပါဝင်အမှုထမ်းကြောင်း ရာဇဝင်အဆိုရှိ၏။

၁၇၁၂-၁၇၆၀ ခုနှစ်အတွင်း အလောင်းမင်းတရားကြီး၏တပ်မတော်တွင် ကချင်စစ်သည်တော်များ ပါဝင်ခဲ့ကြောင်း အဆိုရှိပြန်၏။

ကယားပြည်နယ်ဆိုင်ရာဝန်ကြီးတဦးကို ခန့်ထားရပြန်သည်။ ထိုကယားပြည်နယ်ဝန်ကြီးသည် ကယားပြည်နယ်ဥက္ကဋ္ဌလည်း ဖြစ်လေသည်။

ကယားပြည်နယ်ဝန်ကြီးသည် ပြည်ထောင်စုတဝှန်းလုံးနှင့် စပ်လျဉ်းသောကိစ္စများကို ဆုံးဖြတ်ရန်အခွင့်အရေးရရှိသည့်အပြင် ကယားပြည်နယ်ရေးရာ မှန်သမျှကိုလည်း ကယားပြည်နယ်ကောင်စီနှင့် တိုင်ပင်၍ ဥပဒေစည်းမျဉ်းများအရ လုပ်ငန်းအရပ်ရပ်တို့ကို ဆောင်ရွက်ရလေသည်။

ရှေးစံနစ်များအရ "စောဖျာ"များသည် မိမိတို့နယ်မှ ကောက်ခံရရှိသော အခွန်တော်ငွေများအနက် ၂၅ ရာခိုင်နှုန်းကို မိမိတို့အတွက်ချန်လှပ်ထားခြင်း၊ ၂၅ ရာခိုင်နှုန်းကို အုပ်ချုပ်ရေး၌သုံးစေခြင်း၊ ၂၅ ရာခိုင်နှုန်းကို ကျန်းမာရေး၊ ပညာရေး၊ မြို့ရွာစည်ပင်ရေးစသည်တို့တွင်သုံးခြင်းနှင့် ကျန် ၂၅ ရာခိုင်နှုန်းကို သီးသန့်ရန်ပုံငွေထားရှိခြင်းစသည်ဖြင့် အသီးအသီးခွဲဝေခန့်ခွဲလျက်ရှိရာ ယခုအခါဝယ် ပြည်ထောင်စုအတွင်းသို့ ပါဝင်လိုက်ခြင်းကြောင့် ဒီမိုကရေစီစံနစ်အတိုင်း ဆောင်ရွက်ရသည့်အားလျော်စွာ နယ်ရှင်စံနစ်ဟောင်းကြီးမှာ အလိုအလျောက် ပပျောက်သွားပြီဖြစ်၏။

ယခုအခါဝယ် မြန်မာပြည်မအတွင်း၌ ပြဋ္ဌာန်းထားသော အက်ဥပဒေ၊ နည်းဥပဒေအရပ်ရပ်တို့ကို ကယားပြည်နယ်အတွင်းသို့ ပြဋ္ဌာန်း အတည်ပြုရန်အရေးယူခဲ့၏။

မိမိတို့ဆိုင်ရာနယ်များတွင် အာဏာပိုင်ဖြစ်ကြသောနယ်ရှင်စောဖျာများသည် အလုံးစုံသောကိုယ်ပိုင်အခွင့်အရေးများကိုစွန့်လွှတ်ကာ ကယားပြည်နယ်တဝှန်းလုံး၏ တိုးတက်ရေးကို ရှေးရှုလျက် ပြည်ထောင်စု အုပ်ချုပ်ပုံအခြေခံဥပဒေအရ ဒီမိုကရေစီစံနစ်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရန် သဘောတူလိုက်ခြင်းမှာ ထိုစောဖျာများ၏ မွန်မြတ်လှသော စိတ်သဘောထားကို ပေါ်လွင်ထင်ရှားစေလေသည်။ ယင်းတို့အား ကယားပြည်နယ်၏သမိုင်းကို ပြုပြင်ပြောင်းလဲပေးသူများဟုအသိအမှတ် ပြုထိုက်လှပေသည်။

ကချင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအချင်းချင်းတို့ ဓလေ့ထုံးစံဘာသာစကားတို့တွင် ခြားနားလျက်ရှိကြသည်မှာ မှန်၏။ သို့ရာတွင်လူမျိုး၏ဇာစ်မြစ်ကို စိစစ်ရှာဖွေသောအခါ ရှမ်း၊ချင်း၊ ကချင်၊ ကရင်၊ ကယားစသော တိုင်း

စစ်ရပ်စဲသည် ဆိုရသော်လည်း ၁၉၁၇ ခုနှစ်အထိ ၂၆ နှစ်တိုင်တိုင်ဖြိတိသျှတို့သည် ကချင်ပြောက်ကျားတို့၏ ဒဏ်ကို အတော်အတန် ခံနေကြရတုန်းပင် ဖြစ်၏။

ကချင်ပြည်နယ်ဆိုင်ရာ ဝန်ကြီးဟောင်း ဆမားဒူးဝါးဆင်ဝါးနောင်၏ ဖခင် (ဆမားဒူးဝါးခွန်ဆိုင်းလီ) သည် ဖြိတိသျှတို့နှင့် ပဌမစတင်တိုက်ခိုက်သည်မှစ၍ သူရဲကောင်းကြီးပီပီ ဦးဆောင်တိုက်ခိုက်ခဲ့သူဖြစ်၏။ စစ်အရေး နိမ့်သော်လည်း ဖြိတိသျှတို့ လက်အောက်တွင် မနေလိုသဖြင့် ပြောက်ကျားဘဏ္ဍင့် မြန်မာပြည်နှင့် တိဗက်နယ်ခြားသို့ရွှေ့ပြောင်းကာနေထိုင်လျက်ရှိရာ ဖြိတိသျှတို့က အသာတကြည် ဆက်သွယ်ခေါ်ငင်ပြီးလျှင် ၁၉၁၀ ပြည့်နှစ်တွင် ပဌမစစ်ပြေငြိမ်းခြင်း သဘောတူလက်မှတ်ထိုးစေ၏။

၁၉၁၄ ခုနှစ်တွင် မြေပုံသတ်မှတ်ရေးကိစ္စ၌ မြန်မာလူကြီးများနှင့် ကချင်လူကြီးများမပါဘဲ ဖြိတိသျှတို့သဘောအတိုင်း သတ်မှတ်သည်ကို မကျေနပ်မှုမှစ၍ စကားများကြပြီးလျှင် ကချင်များသည်သူပုန်ထကြပြန်၏။ နောက်တနှစ်တွင်အသက် ၉၉ နှစ်ရှိသော (ဆမားဒူးဝါးခွန်ဆိုင်းလီ)သည် လူကြီးရောဂါဖြင့် အနိစ္စရောက်၏။ ထိုဒူးဝါးကြီး၏ သားကြီးနှစ်ယောက်က ကြီးမှူးကာ ဆက်လက်တိုက်ခိုက်ကြပြန်ရာ သားအကြီး(ရှိတန်)သည် စစ်ပွဲတွင်ကျဆုံး၍ သားအငယ်တယောက်မှာ အဖမ်းခံရ၏။ သားသူရဲကောင်းများကျဆုံးသွားကြသဖြင့် စိတ်ပျက်အားလျော့လာသောရင်ခွင်ပိုက်သားကလေးနှင့် မိခင်ဒူးဝါးကတော်ကြီးသည် ဖြိတိသျှတပ်ကိုအကြောင်းကြား တွေ့ဆုံစကားဆိုပြီးနောက် စစ်ပြေငြိမ်းခြင်း လက်မှတ် ရေးထိုးလိုက်၏။ နောက်ဆုံး ၁၉၂၆ ခုနှစ်တွင် စစ်ရပ်စဲပြီး ၁၉၂၇ ခုနှစ်တွင် ဟူးကောင်းတောင်ကြားနှင့် ပူတာအိုနယ်တို့၌ အုပ်ချုပ်ရေးစခဲ့၏။

ဖြိတိသျှတို့က မြန်မာပြည်မြောက်ပိုင်း နယ်နိမိတ် သတ်မှတ်မည် ပြုသော အခါ ကချင်ခေါင်းဆောင်များက "ပူတာအို" နယ်သည် ရှေးလွန်လေပြီးသော အခါက မိမိတို့လူမျိုးများ ဆင်းသက်လာရာ မွန်မြတ်သည့် ဌာနဖြစ်၍ ထိုဌာနကို သတ်မှတ်ခြင်းမပြုရန် ကိုပင် တားမြစ်ကြသေးသည်ဟု ပြောစမှတ်ပြုကြလေသည်။

ကချင်ခေါ် ဂျင်းဖောလူမျိုးများ ပြောဆိုသော စကားသဒ္ဒါမှာ မြန်မာစကားသဒ္ဒါနှင့် သဘောချင်းတူပေသည်။

သို့သော်ဂျင်းဖောလူမျိုးများ ရေးမှတ်သောအက္ခရာဖြစ်စေရန် ခရစ်ယန်သာသနာပြုဆရာကြီးများသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်လောက်က ကချင်

ဖြိတိသျှတို့လက်ထက်တွင် ကချင်လူမျိုးအမြောက်အများ စစ်ဖက်၌ဝင်ရောက်အမှုထမ်းခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ အခြားလူမျိုးများနှင့်တန်းတူ ဝင်ရောက်တိုက်ခိုက်နိုင်၍ နာမည်ကျော်ကြားလာ၏။

ယခုလတ်လပ်သော သမ္မတနိုင်ငံတော် ဖြစ်လာသောအခါ၌လည်း ပြည်ထောင်စု၏သစ္စာတော်ကို လေးစားစောင့်သိလျက် နိုင်ငံလူထု၏ကောင်းစားမှု ငြိမ်ဝပ်ပိပြားရေးအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိနေကြ၏။

ကချင်လူမျိုးတို့သည် အစုလိုက် အပြုံလိုက် ယင်းတို့ အမျိုးသား အချင်းချင်း အုပ်ချုပ်သောအစဉ်အလာရှိသော်လည်း ရာဇဝင်နောက်ကြောင်းတွင် သက်ဆိုင်ရာ မြန်မာဘုရင် သို့မဟုတ်ရှမ်းဘုရင်တို့၏အာဏာကိုလေးစားခဲ့ကြ၏။ မြန်မာမျာ်းကလည်း ကချင်များအပေါ်၌ အုပ်ချုပ်လွှမ်းမိုးရန် စိတ်ထားလည်း မရှိခဲ့ကြ၊ အုပ်ချုပ်ခြင်းလည်း မပြုကြချေ။ မြန်မာဘုရင်များထံသို့ လက်ဆောင် ပဏ္ဏာများပေးပို့ခြင်း၊ စစ်သည်တော်များ ပါဝင်အမှုထမ်းခြင်းအားဖြင့် ပူးပေါင်းခဲ့ကြ၏။

အချို့သောကချင်ဒူးဝါးများသည် မြန်မာဘုရင်မင်းမြတ်တို့ထံမှ အမှုထမ်းအရာထမ်းခန့်အပ်လွှာ စာချွန်တော်များရခဲ့ကြ၏။ ကံစီဒူးဝါးသည် မင်းတုန်းမင်းကြီးထံမှ ရာထူးခန့်အပ်သော အမိန့်တော်တံဆိပ်တော်များရရှိခဲ့၏။ ထိုခေတ်ကမင်းတုန်းမင်းတရားကြီးက "ဦးခေါင်" အား ခမ်မတီလောင်(ခန္ဓီးကြီး)တွင် စစ်ဗိုလ်အဖြစ် ခန့်အပ်ခဲ့လေသည်။

အထက်မြန်မာပြည်ကို ဖြိတိသျှတို့သိမ်းပိုက်ပြီးသောအခါ ကချင်ဒူးဝါးအများပင် ဖြိတိသျှတို့၏လက်အောက်သို့မဝင်လိုချ၍ ခုခံတိုက်ခိုက်ရာတွင် အရေးရှုံးနိမ့်သဖြင့် တရုပ်ပြည်ဖက်သို့ တိမ်းရှောင်သွားခဲ့ကြရ၏။

၁၈၇၇ ခုနှစ်ကစ၍ မဲဇာတောင်တန်းတွင် ကချင်များနှင့်ဖြိတိသျှစစ်တပ်တို့ စတင်တိုက်ခိုက်ကြ၏။ ထိုစစ်ပွဲ၌ "ဦးဘိုးစော" စသော မြန်မာအမတ်ကြီးများနှင့် မြန်မာသူရဲကောင်းစစ်ဗိုလ်ကြီးများလည်း ကချင်များဖက်မှ ဝင်ရောက်၍ သဲသဲမဲမဲ တိုက်ခိုက်ကြလေသည်။

လက်နက်အင်အားချင်းမမျှသဖြင့် တနှစ်ခွဲမျှလောက် တိုက်ခိုက်ကြပြီးနောက် မဲဇာနှင့်တကွ နဘား၊ ကသာ၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော် တောင်တန်းများသည် ဖြိတိသျှလက်အောက်သို့ ကျရောက်သွားရ၏။

ထိုနောက်ရောဝတီမြစ် အရှေ့ဖက် ဆထုံးဆမားဖက်တွင် ဆက်လက်တိုက်ခိုက်ကြပြန်ရာ အတော်ပြင်းထန်သော စစ်ပွဲများဖြစ်၍ ၁၈၉၁ ခုနှစ်တွင် စစ်ရပ်စဲသွားလေသည်။

ကချင်လူမျိုး	၄၉,၇၉၄
ရှမ်းလူမျိုး	၃၆,၇၆၅
မြန်မာအစု	၃၃,၅၄၀
အိန္ဒိယ၊ တရုပ်နှင့်အခြား	၁၉,၀၀၀ ဖြစ်ပေသည်။

မြစ်ကြီးနားခရိုင်၌ နယ်မြေစတုရန်းမိုင် ၁၉,၇၆၂ (တြိဂံနယ်မပါ) ရှိရာ စုစုပေါင်း လူဦးရေမှာ ၂၉၇,၀၀၀ ဖြစ်၏။ အပိုင်း (၁) နယ်တွင် လူဦးရေ ၁၀၉,၀၀၀ ဖြစ်၍ အပိုင်း (၂) နယ်၌ကား လူဦးရေ ၁၀၉,၀၀၀ ဖြစ်လေသည်။ လူမျိုးအလိုက် လူဦးရေမှာကား –

ကချင်	၁၅၇,၆၄၂
ရှမ်း	၇၆,၅၀၆
မြန်မာ	၄၀,၂၃၀
အိန္ဒိယ၊ တရုပ်နှင့်အခြား	၂၃,၅၄၃

တို့ဖြစ်ပေသည်။

တောင်တန်းဒေသ သတ်မှတ်ထားသော အပိုင်း (၁) နှင့် (၂) နယ်များအနက် အပိုင်း (၂) နယ်တွင်ရှိသော မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်များမှ ဥပဒေပြုလွှတ်တော်သို့ ကိုယ်စားလှယ်များ စေလွှတ်နိုင်ခဲ့ကြ၏။

စစ်ပြီးခေတ်တွင် သွေးစည်းကြခြင်း

၁၉၄၄-၄၅ ခုနှစ်က ဖြိတိသျှတို့ မြန်မာပြည်သို့ ပြန်လည် ဝင်ရောက်လာကြသောအခါ "ယခုဖြိတိသျှတို့ မြန်မာပြည်သို့ ပြန်လည် ဝင်ရောက်လာခြင်းကား ၁၈၅၅ ခုနှစ်က ဝင်ရောက်လာခြင်းမျိုးမဟုတ်၊ မြန်မာပြည်လွတ်လပ်ရေးပေးရန် ဝင်ရောက်လာခြင်းဖြစ်သည်" ဟူသော ကြွေးကြော်သံကို ကြားကြရသော ကချင်လူမျိုးတို့သည် မိမိတို့ကချင်ပြည်နယ် လွတ်လပ်မှု စိတ်ဓာတ်များ ပြင်းထန်လာကြပြန်၏။ ဂျပန်တို့အား မုန်းထားသည့်အလျောက်လည်း ဂျပန်တို့ကို မြန်မာပြည်မှ မောင်းထုတ်ရာ၌ ကချင်လူမျိုးများက အင်တိုက် အားတိုက် ဝင်ရောက်ကူညီခဲ့ကြ၏။ ကချင်စစ်တပ်သည် မေမြို့ထိအောင် လိုက်ပါ တိုက်ခိုက်ခဲ့ကြလေသည်။

ဖြိတိသျှတို့သည် မြန်မာပြည်ကို လုံးဝပြန်လည် သိမ်းပိုက်ပြီးသောအခါ ကချင်လူမျိုးများအတွက် တစုံတရာတိုးတက်ပြောင်းလဲပေးရန် ဆန္ဒကိုမပြခဲ့ကြပေ။

စကားအသံထွက်ကို အင်္ဂလိပ်အက္ခရာနှင့် တိထွင်စီမံပေးခဲ့ရာ ကချင်စာပေမှာအင်္ဂလိပ် (ရောမ) ဗျည်းအက္ခရာများဖြင့်သာ မွမ်းမံထားသော စာပေတခု အဖြစ်သို့ ရောက်ရှိသွားရပေတော့သည်။

ကချင်လူမျိုးများ၏ နာမည်ကျော်ကြားသော ပွဲသဘင်မှာ "မနောပွဲ" ပင်ဖြစ်၏။ ဒူးဝါကြီး အကြီးအကဲတို့ လက်ထပ်မင်္ဂလာပြုသောအခါမျိုးဌဉ်ငင်း၊ ဒူးဝါးများ၏ ဇနီး သားရတနာဖွားမြင်သောအခါမျိုးဌဉ်ငင်း၊ မိတ်ဆက်မင်္ဂလာပြုသောအခါမျိုးဌဉ်ငင်း ထို "မနောပွဲ" ကိုပြုလုပ်လေ့ရှိသည့်ပြင် တနှစ်အားလုံးစုပေါင်း၍လည်း တခမ်းတနားကျင်းပလေ့ရှိကြ၏။ အမှန်အားဖြင့်ဆိုသော် ကျွဲနွားတို့ကို သတ်ဖြတ်ပြီး ယဇ်နတ်ပူဇော်ပသ၍ ယင်းတို့ထုံးစံအတိုင်းတပျော်တပါးကြီး ကပြသည့် ပွဲသဘင်ကြီးဖြစ်ပေသည်။

လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော် ဖြစ်လာသောအခါ ကချင်ပြည်နယ်ကလည်း ပြည်နယ်တနယ်အဖြစ်ပါဝင်ပူးပေါင်းရသည်ကို အကြောင်းပြုလျက် မြန်မာ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ခရစ်နှစ် ၁၉၄၈ ခု ဇန္နဝါရီလ အတွင်းက မြစ်ကြီးနားမြို့တွင် ပြည်ထောင်စုမိတ်ဆက်မနောပွဲကြီးကိုကျင်းပရာ မနောပွဲတကာတို့တွင် အကြီးကျယ်ဆုံးသော မနောပွဲကြီးဖြစ်ခဲ့၏။

၁၉၂၃ ခုနှစ်တွင် မြန်မာပြည်ကိုဗြိတိသျှရှိုကရေစီအဆင့်အတန်းမှ ဒိုင်အာကီအဆင့်အတန်းသို့ တိုးမြှင့်ပြောင်းလဲပေးလိုက်သောအခါ တောင်တန်းဒေသနယ်များကို သတ်မှတ်ထားသော အပိုင်း (၁) နယ်နှင့် အပိုင်း (၂) နယ်ဟု ခွဲခြားလိုက်ပြီးလျှင် အပိုင်း (၁) တောင်တန်းဒေသများကို မြန်မာပြည် ဥပဒေပြုလွှတ်တော် သက်ဆိုင်ရာ အုပ်ချုပ်ရေးနယ်တွင်းသို့မထည့်သွင်း ခွဲခြားထားပြီးလျှင် ဘုရင်ခံကတိုက်ရိုက်အုပ်ချုပ်၏။ လူနေများသော ဗန်းမော်၊ မြစ်ကြီးနားနှင့် ကသာမြို့များကို သတ်မှတ်ထားသော အပိုင်း (၂) နယ်အဖြစ်သတ်မှတ်ပြီးလျှင် ဥပဒေပြုလွှတ်တော်သက်ဆိုင်ရာ အုပ်ချုပ်ရေးနယ်တွင်းထည့်သွင်းထားခဲ့၏။

ကချင်တောင်တန်းနယ်ရှိ လူဦးရေကို ဖော်ပြရာ၌ နယ်မြေအကျယ်အဝန်း၊ ခရိုင်နယ်မြေအတွင်းရှိ လူဦးရေ၊ အပိုင်း (၁) နယ်တွင် ပါဝင်သော လူဦးရေ၊ အပိုင်း (၂) နယ်တွင်ပါဝင်သော လူဦးရေနှင့် လူမျိုးအလိုက်လူဦးရေစသဖြင့် အောက်ပါအတိုင်း ခွဲခြား၍ ပြပေအံ့။

ဗန်းမော်ခရိုင်၏ နယ်မြေစတုရန်းမိုင်ပေါင်း ၄,၁၄၀ ရှိရာ စုစုပေါင်းလူဦးရေမှာ ၁၂၉,၀၀၀ ဖြစ်၏။ အပိုင်း (၁) နယ်မြေတွင်ပါဝင်သော လူဦးရေမှာ ၅၂,၀၀၀ ဖြစ်၍ အပိုင်း (၂) ၌ကား လူဦးရေ ၇၇,၀၀၀ ဖြစ်၏။ လူမျိုးအလိုက် လူဦးရေမှာကား

ရိုက်မိကြလေသည်။ ဗိုလ်ချုပ်မပြန်မီတရက် (၁၉၄၆ ခုဒီဇင်ဘာလ တရက်နေ့) နံနက်တွင် မြစ်ကြီးနားနှင့် ငါးမိုင်ဝေးသော "မန်ခန်ရွာ" စာသင်ကျောင်းဝင်း အတွင်း မဏ္ဍပ်ကြီး၌ အထူးယုံကြည် အားထားသော မိတ်ဆွေစစ်ဖြစ်ကြောင်း အထိမ်းအမှတ်အဖြစ် နှင့် ကချင်အမျိုးသားတို့၏ ထုံးစံအတိုင်း ဗိုလ်ချုပ်အား ထမင်းပွဲကြီး တည်ခင်းကျွေးမွေးကြ၏။ ဝါးကျည်တောက်နှင့် ခေါင်ရေကို တိုက်ခြင်း၊ ဖက်နှင့် ထမင်းကျွေးခြင်း၊ ခေးလွယ်ဆက်ခြင်း၊ ကောင်းချီးဩဘာပေးခြင်းစသည်ဖြင့် ရင်းနှီးချစ်ခင်မှု ထုံးစံအတိုင်း စီမံဆောင်ရွက်ကြလေသည်။ ထိုထမင်း စားပွဲတွင် ဗိုလ်ချုပ်က ကချင်ဗမာသွေးစည်းရေးနှင့် တကွ တိုင်းရင်း သားများ ညီညွတ်ရေး အရေးကြီးပုံနှင့် တိုင်းရင်းသားများပေါ်၌ ထားရှိသော သူ၏ စေတနာများကို ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း မိန့်ကြားခဲ့လေသည်။ ဗိုလ်ချုပ်၏ မိန့်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်၏။

"ဒူးဝါးကြီးများနှင့် တကွ ကျင်းဖော အမျိုးသား အမျိုးသမီး အပေါင်းတို့-ကျွန်တော်သည် ကျင်းဖော အမျိုးသားများ အား မေတ္တာရှိ၍ သွေးသားရင်း ချာကဲ့သို့ သဘော ထားပါတယ်။ တိုင်းရင်းသား အချင်းချင်းတို့ အပေါ်၌ ရင်းချာသော ညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာအပြောအားဖြင့်သာမဟုတ် အလုပ်သဘော အားဖြင့်လည်း ပြခဲ့ပါပြီ။ (ဥပမာ ကျင်းဖောစစ်တပ် သီးသန့်တည်ရှိလာရခြင်းမှာ ကျွန်တော်၏ ကြိုးစားလုံးပမ်းမှုကြောင့်ပင် ဖြစ်လာရကြောင်း သိစေလိုပါတယ်)။ အရှေ့ အာရှတောင်ပိုင်း မဟာမိတ်တို့၏ စစ်သေနာပတိချုပ် မောင့်ဗက်တန်နှင့် ကျွန်တော်တို့ စာချုပ်လာခဲ့တဲ့အတွက် ဖြစ်လာရတာဘဲ။ စာချုပ်တွင် သူ့ တိုင်းရင်းသား စစ်တပ်နှင့် သူ့ တိုင်းရင်းသားစစ်ဗိုလ်များ ထားရှိရမည်ဟူသော သဘောတူညီချက် ပါရှိပြီးဖြစ်ပါတယ်။ ယခုတိုင်းရင်းသား မဟုတ်သူများက တိုင်းရင်းသား စစ်တပ်များတွင် စစ်ဗိုလ်များအဖြစ် ရှိနေကြသေးသော်လည်း ရုပ်သိမ်းအောင် ကြိုးစားလျက် ရှိနေပါတယ်။ စာချုပ်တွင် ရှိပြီးဖြစ်လို့ မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ အယင်က တိုင်းရင်းသားများ အနှိမ်ခံကြရပါတယ်။ စစ်ဗိုလ်အတတ်တတ်ကြသော်လည်း တန်းတူမပေးကြဘူး။ ဂျမဒါ၊ ဆူဗဒါလောက်သာ ပေးခဲ့ကြတယ်။ ယခုဒီလိုမလုပ်တော့ဘူး။ တန်းတူ အဆင့်အတန်း ရနိုင်ကြတော့မယ်။ ဒါဟာလည်း တိုင်းရင်းသား အားလုံးအပေါ်မှာ ကျွန်တော်၌ စေတနာထားပုံ သက်သေတရပ်ဖြစ်ပါတယ်။

"ထို့အပြင် ကျွန်တော်တို့ အစိုးရအဖွဲ့၏ ပေါ်လီစီကို ထုတ်ပြန်ကျေညာရာမှာလည်း တောင်တန်းနယ်များတွင် သူ့နယ်နှင့်သူ သူ့ဆိုင်ရာတိုင်းရင်းသားများ

၁၉၄၆ ခု နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကွယ်လွန်သူ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေး ဝန်ကြီးအဖြစ်နှင့် မြစ်ကြီးနားမှို့သို့ ရောက်သွားပြီး ကချင်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရခြင်းသည် မှန်မြတ်လှသော အခွင့်ကောင်းကြီးကို ရရှိလိုက်ခြင်းပင် ဖြစ်၏။ တိုင်းရင်းသားကချင် စစ်တပ်ကို စစ်ဆေးကြည့်ရှုရန် ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ကြီးနားမှို့သို့ရောက်ရှိသွားပြီးလျှင် ကချင်ခေါင်းဆောင်များ၊ ဒူးဝါးစော်ဘွားများ၊ စစ်ဗိုလ်ဟောင်းများ စသည့် ကချင်အမျိုးသား ခေါင်းဆောင် ၃၀ ခန့်တို့နှင့် ဆွေးနွေးရ၏။ ထို အစည်းအဝေးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်အမျိုးသား ခေါင်းဆောင်ကြီးများ ပဌမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်သဖြင့်များစွာအရေးပါလေသည်။

ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်ကို လွတ်လပ်သည့် တိုင်းပြည်ဖြစ်အောင် ကြိုးစားနေကြောင်း၊ လွတ်လပ်ရေး ရဖို့ဆိုသည်မှာလည်း အနှေးနှင့် အမြန်သေချာနေကြောင်း၊ ကချင်အမျိုးသားများသည်လည်း မြန်မာများနှင့် သွေးရင်းသားရင်းဖြစ်သည့်အတွက် ဆိုးတူကောင်းဖက် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သို့မှသာလျှင် ခေတ်ကြီးပြောင်းလဲနေသည်နှင့်အမျှ ကချင်အမျိုးသားများ၌လည်း တိုးတက်နိုင်ကြောင်း၊ ကချင်များအား ဗြိတိသျှ အစိုးရက ခဲ့ခြားထားခဲ့သဖြင့် နှစ်ပေါင်း ၆၀ ကျော်ခဲ့စေကာမူ ကချင်များ၌ တိုးတက်မှု ကင်းမဲ့ခဲ့ရကြောင်း၊ မြန်မာပြည်နှင့် ပူးပေါင်းလိုက်လျှင် မြန်မာများနှင့် အတူ ယင်ပေါင်တန်းလိုက်နိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာပြည်နှင့်ပေါင်းလိုက်လျှင် ကချင်များ အပေါ်၌ နယ်ချဲ့ပယောဂများ ဝင်ရောက်နိုင်မည် မဟုတ်ကြောင်း၊ ကချင်နယ်ကို ကချင်များသာ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ မြန်မာများက ကချင်များအပေါ်၌ စိုးမိုးအုပ်ချုပ်မည် မဟုတ်ကြောင်း၊ ကချင် တောင်တန်းနယ်ကို ကချင်များ သဘောကျ အုပ်ချုပ်နိုင်ကြောင်း၊ သို့ရာတွင်တပြည်လုံးနှင့် စပ်ဆိုင်သော ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားရေး စသည်တို့ကိုမူကား ကချင်ဝန်ကြီးများ ပါဝင်သော အစိုးရအဖွဲ့က တိုင်ပင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဘာသာရေး၌လည်း လွတ်လပ်စွာ ကိုယ်ကြိုက်နှစ်သက်ယုံကြည်သော ဘာသာဝါဒကို ကိုးကွယ်နိုင်ကြောင်းတို့ကို ရှင်းလင်းပြောပြရာ အထူးနှစ်သက် သဘောကျကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်အမျိုးသား ခေါင်းဆောင်ကြီးတို့သည် အထက်ပါအတိုင်း ဆွေးနွေးလိုက်ရခြင်းသည် အထူး အဖိုးထိုက်တန်လှ၏။ ထိုအခါမှစ၍ ဗိုလ်ချုပ်အပေါ်၌ ကချင်အမျိုးသားခေါင်းဆောင်တို့သည် ယုံကြည်မှုပန္နက်သံ

ထိုသို့လျှင် ဗိုလ်ချုပ်စေတနာကို ယုံကြည်ထားသော ဂျင်းဖောတို့မှာ ဗိုလ်ချုပ်၏ မိန့်ခွန်းကို ချင်းချက်မရှိ လက်ခံကြပြီး ကချင်မြန်မာသွေးစည်းမှုကြီးသည်အမြစ်တွယ်ခဲ့လေသည်။

၁၉၄၇ ခု ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင်ကျင်းပသော မြန်မာပြည်နှင့် တောင်တန်းနယ်များ အစည်းအဝေးကြီးသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးပြု၍ ဝန်ကြီးများ၊ ဖ ဆ ပ လ အဖွဲ့ဝင်လူကြီးများ၊ ရဲဘော်များ တက်ရောက်ကြသည့်အပြင် ဗိလတ်အစိုးရ ဒုဗိမိနီယန် အတွင်းဝန်ကလေး မစ္စတာဘိုတွန်မလီအမှူးရှိသော ဗြိတိသျှအရာရှိများ၊ ရှမ်းပြည်နယ်ရှင်စော်ဘွားများ စုံလင်စွာနှင့် ကချင်တောင်တန်း ကိုယ်စားလှယ်များ၊ ချင်းတောင်တန်း ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြ၏။

ပင်လုံညီလာခံမှ ပေါက်ဖွားခဲ့သော ပင်လုံစာချုပ်ကြီးအရ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်ရေး မရသေးမီအတွင်း တောင်တန်းဒေသဆိုင်ရာ ဒုတိယအတိုင်ပင်ခံဝန်ကြီးတဦးအဖြစ်နှင့် ကချင်တောင်တန်းဒေသ နိုင်ငံရေး ခေါင်းဆောင်ကြီး "ဆမားဒူးဝါး ဆင်ဝါးနောင်" ကို ခန့်ထားလိုက်၏။

၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သည့် သမ္မတမြန်မာနိုင်ငံတော်ဖြစ်လာသောအခါ နိုင်ငံတော် အုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကချင်တောင်တန်းဒေသဟူ၍ သတ်မှတ်ထားသော အပိုင်း (၁) နှင့် အပိုင်း (၂) တို့ပါ ကချင်ပြည်နယ်ဟုအသိအမှတ်ပြုခြင်းကိုခံရ၏။ အုပ်ချုပ်ပုံအခြေခံဥပဒေအရပြည်ထောင်စုဗဟို အစိုးရအဖွဲ့တွင် ကချင်ပြည်နယ်ဆိုင်ရာ ကချင်အမျိုးသားဝန်ကြီးတဦးလည်း ပါဝင်ရ၏။ ထိုကချင်အမျိုးသားဝန်ကြီးက ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်ရသည်။ အဓိပ္ပါယ်ကား ကချင်ပြည်နယ်ဆိုင်ရာ ဝန်ကြီးသည် ပြည်ထောင်စုတပ်နှင်းလုံးနှင့် ၈ပ်လျဉ်းသော ကိစ္စများကို ဆုံးဖြတ်ရန် အခွင့်အရေးရရှိသည့်ပြင် ကချင်ပြည်နယ်ရေးရာမှန်သမျှကိုလည်း ကချင်ပြည်နယ်ကောင်စီနှင့်တိုင်ပင်၍ ဥပဒေစည်းမျဉ်းများ အရ လုပ်ငန်းအရပ်ရပ်တို့ကို ဆောင်ရွက်သည်ဖြစ်လေသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားများနှင့် ပြည်ထောင်စုစိတ်ဓာတ်

မြန်မာနိုင်ငံတော်၏ မြေပုံတချပ်ကို သေချာစွာ အနားကပ်လျက် လေ့လာခဲ့ပါလျှင် မြောက်ဖက် အရပ်၌ တောင်တန်း တောင်ကလပ်တို့သည် အထပ်ထပ်ဆင့်၍ လူသူတို့ တိုးမပေါက်နိုင်လောက်အောင် ထူထပ်လှသော တောကြီးများနှင့်

ကိုယ်တိုင်အုပ်ချုပ်၍ ဗမာပြည်နှင့်စုပေါင်းညီညွတ်စွာရှိရန် ရည်ရွယ်ချက်ရှိကြောင်း ကိုလည်းကျေညာပြီးဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများ အပေါ်၌ စေတနာ ထားပုံသက်သေတရပ်ဖြစ်ပါတယ်။

"ကျွန်တော်တို့ဗမာပြည် အစိုးရဟာ တောင်တန်းနယ်ဆိုင်ရာတိုင်းရင်းသားတို့၏ ကြီးပွါးရေးတိုးတက်ရေးကို အထူးလိုလားပါတယ်။ ယခုတော့စိတ်တိုင်းကျ လွတ်လပ်ရေး မရသေးတဲ့အတွက် လုပ်ချင်သလောက် မလုပ်နိုင်သေးဘဲ ရှိနေရပါသေးတယ်။ ယခုတောင်တန်းနယ်များကို ဘုရင်ခံတဦးတည်းက တာဝန်ယူဆောင်ရွက်အုပ်ချုပ်နေပါတယ်။ ကျွန်တော်တို့လိုလားချက်က ရှမ်းပြည်၊ကျင်းဖော၊ ချင်းတောင်တန်းများကို ဘုရင်ခံကတာဝန်မယူဘဲ ထိုတောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ကျင်းဖော၊ ချင်းအမျိုးသားများအား တာဝန်ပေးကာဆောင်ရွက်စေရန်ပင်ဖြစ်ပါတယ်။ ဒီကိစ္စအတွက်လည်း အင်္ဂလိပ်အစိုးရထံမှာ တောင်းဆိုထားဆဲရှိပါတယ်။ ယခုလို ဆောင်ရွက်တာဟာပင် ကျွန်တော်တို့က ကျင်းဖောစတဲ့ တိုင်းရင်းသားတွေအပေါ်မှာ စေတနာကောင်းထားကြောင်း၊ ချစ်ခင်ရင်းနှီးတဲ့စိတ်ထားရှိကြောင်း သက်သေများပင်ဖြစ်ပါတယ်။

ကျင်းဖောလူကြီးများကို အထူးပြောလိုပါက အရေးအကြောင်းရှိ၍ အလိုရှိသောကိစ္စများရှိပါက ကျွန်တော်တို့အစိုးရက အစွမ်းကုန်ဆောင်ရွက်ပေးပါ့မယ်။ မဆောင်ရွက်နိုင်တဲ့ကိစ္စများကိုတော့ မတတ်နိုင်ပါ။ ကျင်းဖောခေါင်းဆောင်လူကြီးများရန်ကုန်သို့လာရောက်နိုင်အောင် ကြိုးစားစေချင်ပါတယ်။ အခြေအနေအကျိုးအကြောင်းကို ကောင်းကောင်းသိနိုင်ကြပါလိမ့်မယ်။ ဆောင်ရွက်ပေးစရာရှိလျှင် မြန်မြန်ဆောင်ရွက်ပေးနိုင်ပါတယ်။

အထူးသတိပြုစေလိုတဲ့အချက်တခုမှာ ယခုအခါ ကမ္ဘာပေါ် တွင်အရေးပါအရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တဦးတည်း အပေါင်းအသင်း မရှိဘဲ မနေနိုင်၊ မတည့်တဲ့နိုင်၊နီးစပ်ရာနိုင်ငံများနှင့်ပူးပေါင်းရေးအတွက်ဆောင်ရွက်ကြိုးစားနေကြရတယ်။ဗမာပြည်လည်း နီးစပ်ရာ ပူးပေါင်း ဆောင်ရွက်ရပါမယ်၊ အားရှိအောင် ဖန်တီးရမယ်၊ဗမာတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ကျင်းဖောကတခြား၊ ချင်းကတဖုံ၊ ရှမ်းကတမျိုးဆိုသလို အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမျှအားရှိမှာ မဟုတ်ဘူး။

ဒါကြောင့် တသီးတခြားနေလျှင် ဘေးအန္တရာယ်နှင့် မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှုကို အထူးလိုလားကြစေလိုပါတယ်။"

၏။ တောတောင်ကြီးများခြားနား ကာဆီးနေသဖြင့် တစုနှင့်တစု ကူးလူးဆက်ဆံ မှုများ ကင်းကွာလာကြကာ စင်စစ်အမျိုးအနွယ်များ မကွဲဘဲနှင့် လူမှုရေးရာများ အနည်းနှင့်အများကွဲပြားလာလေသည်။

သို့ရာတွင်တိုင်းရင်းသားတို့သည် ရေမြေ ဒေသခြားနားနေကြ၍ အပေါ်ယံ ကျောမျှကွဲပြားနေသယောင်ရှိသော်လည်းမျိုးနွယ်တူများဖြစ်ကြသည့်အလျောက် အရေးကြီးလျှင် သွေးနီးခဲ့ကြသည်ကို နိုင်ငံသမိုင်းတို့၌ ထင်ရှားစွာတွေ့နိုင်၏။ မြန်မာနိုင်ငံတော်၌ အရေးတစုံတခုကြုံလာခဲ့သော် တိုင်းရင်းသား ညီအစ်ကိုတသိုက်သည် ကျောချင်းကပ်လျက် ရန်သူများကို တင်းတင်းမာမာ ခုခံခဲ့ကြ သည်ကို တွေ့ရလေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်လောက်က ပုဂံပြည့်ရှင် နော်ရထာမင်းစော လက်ထက်တွင် ကိုယ့်အစုနှင့်ကိုယ် နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုများသည် တစည်းတရုံးဖြစ်လာကြကာ ပဌမမြန်မာနိုင်ငံတော်ကြီးဟု ဆိုအပ်သော နိုင်ငံတော်ကြီးကို ထူထောင်ခဲ့ကြလေသည်။ ဒုတိယအကြိမ် ဘုရင့်နောင် လက်ထက်တွင် ထပ်မံစည်းရုံးမိကြ၍ မြန်မာနိုင်ငံတော်ကြီးသည် တအားတက်ကာ တိုးတက်ကြီးပွါးလာပြန်သည်ကို တွေ့ရပြန်၏။ မြန်မာနိုင်ငံတော်သားများ စည်းလုံးညီညွတ်မှုကြောင့် စည်ပင်ဝပြော အားအင်တောင့်တင်းလျက်ရှိသော မြန်မာနိုင်ငံတော်ကြီးကို ထိုစဉ်က ရောက်ရှိလာကြသော တိုင်းခြားသားတို့မှာ အံ့ဩြီးပြောပဲ၍ မကုန်နိုင်အောင်ဖြစ်ကြရလေသည်။ ထို့နောက်ညောင်ရမ်းမင်း ၁၀ ဆက်နောက်ဆုံး မင်းတရားလက်ထက်တွင် အတွင်းအပနစ်ဌာန အဖျက်အဆီးများကြောင့် တိုင်းပြည်ကြီး ဖရိုဖရဲနှင့်ပြိုကွဲတော့မည့်ဆဲဆဲတွင် မြန်မာညီအစ်ကိုတို့သည် အားတင်းလျက် ကျောချင်းကပ်လိုက်ကြပြန်သောကြောင့် တသိုက်တမြို့ဖြစ်လာကြရပြန်လေသည်။

တဖန်အလောင်းမင်းတရားကြီး လက်ထက်တွင် မြန်မာနိုင်ငံတော်ကြီးသည် တိုးတက်ထွန်းကားလာသော်လည်းမင်းတရားကြီးကွယ်လွန်ပြီးနောက် မြန်မာတိုင်းနိုင်ငံကြီးမှာ အပြင်ရန်တို့က မကြာခဏနှောင့်ယှက် လာသောကြောင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရလေသည်။ တချပ်တို့ထိပါးလာသဖြင့် တွန်းလှန်ခဲ့ရသည်။ ယိုးဒယားသို့စစ်ချီခဲ့ရသည်။ ထို့နောက် နယ်ချဲ့ဗြိတိသျှတို့နှင့် သုံးကြိမ်သုံးခါ စစ်ဖြစ်ပြီးနောက် မြန်မာတနိုင်ငံလုံး တပါးသူအောက်သို့ ကျရောက်ခဲ့ရလေသည်။

နယ်ချဲ့ဗြိတိသျှတို့၏လက်အောက်တွင် မြန်မာနိုင်ငံကိုင်းရင်းသားတို့ စည်းလုံးခွင့်မရခဲ့ကြပေ။ နယ်ချဲ့တို့၏ နည်းပရိယာယ်အမျိုးမျိုး သွေးခွဲမှုများကြောင့် တိုင်းရင်းသားတို့သည် တဦးနှင့် တဦး ရှေးပဝေဏီ တောကြီး တောင်ကြီးများ ကာဆီး

လည်း ပြည့်ကြပ်နေသည်ကိုတွေ့ရပေလိမ့်မည်။ ထိုတောတောင် အထပ်ထပ်နှင့် တောင်ကလပ်တို့၏အကြား၌ တောင်စွယ်တောင်ကမ်းတို့မှ တသွင်သွင် စီးကျလျက်ရှိသော ချောင်းကလေးများကို တွေ့ရပေလိမ့်မည်။ ထိုအေးမြလှသည့် စမ်းရေယဉ်ကလေးများသည် တောင်ကွေ့ မြောက်ကွေ့ အရှေ့လိုလိုအနောက်ယောင်ယောင်နှင့် တောတောင် ရှုမြောင်တို့အကြားမှ အကွေ့ကွေ့၊ အလိမ်လိမ်၊ အရစ်ရစ်၊ အပတ်ပတ်ဖြစ်လျက် ရှေ့ဆက်၍ မသွားတတ်သလိုရှိနေသော်လည်း နောက်ဆုံး တောင်ဖက် အရပ်သို့သာ အားယူစီးဆင်းနေကြသည်ကို တွေ့ရပေသည်။

တောင်ဖက်သို့ တဖြည်းဖြည်းဆင်းလာခဲ့သော် မူလက အကဲ့ကွဲအပြားပြားဆင်းလာခဲ့ကြသော် တောင်ကျချောင်းကလေးများသည် တသွယ်နှင့် တသွယ် တွေ့ဆုံပူးယှက်လျက် ချောင်းကြီးများအဖြစ်သို့ရောက်လာကြပြန်၏။ ထိုမှတစခန်း ရှေ့သို့လှမ်းပြန်သော် ချင်းတွင်း၊ နမေခ၊ မေလိခမြစ်များအထိ အဆင့်ဆင့်ပေါင်းယှက်လျက် တောင် အရပ်သို့ စီးဆင်းနေကြပြန်၏။ တောင်ဖက်သို့တဆင့် တိုးရှလာပြန်သော် နမေခနှင့် မေလိခတို့ ပေါင်းယှက်ခြင်းဖြင့် ရောဝတီ မြစ်ကြီးဖြစ်ပေါ်လာ၍ မြန်မာနိုင်ငံအလယ်ပိုင်းလောက်သို့ ရောက်သော အခါ ချင်းတွင်းမြစ်သည် တောင်ဖက်သို့ပင် စီးဆင်းယင်း ရောဝတီမြစ်ကြီးနှင့် ပေါင်းဆုံကာ အလွန်ခမ်းနားကြီးကျယ်စွာ ကမ္ဘာ့မြစ်ကြီးတသွယ် ဖြစ်လာလျက် သမုဒ္ဒရာပင်လယ်သို့ စီးဆင်းခဲ့လေသည်။

မြန်မာနိုင်ငံတိုင်းရင်းသားတို့သည်လည်း ရှေးပဝေဏီအခါက ထိုချောင်းများမြစ်များ စီးဆင်းပေါင်းဆုံကြသကဲ့သို့ပင် အာရျတိုက် ဗဟိုကုန်းမြေမြင့် အရပ်များမှ တဖြည်းဖြည်း တောင်ဖက်သို့ဆင်းလာကြခြင်းပင်ဖြစ်၏။ အချို့တို့သည် တိဗက်ပြည်ဖက်မှဆင်းသက်လာကြကုန်၏။ အချို့တို့ကား တရုပ်ပြည်ဖက်မှ ဆင်းသက်လာကြကုန်၏။ မည်သည့်အရပ်ဒေသများမှ ဆင်းလာခဲ့ကြစေကာမူ မြန်မာနိုင်ငံအတွင်းသို့ သက်ဆင်းဝင်ရောက်ကြသောအခါ ချင်းတွင်း၊ နမေခ၊ မေလိခ၊ ရောဝတီနှင့် ရွှေလီမြစ်ကြီးမြစ်ငယ်တို့ ပေါင်းဆုံ၍ မြစ်မကြီးဖြစ်လာသကဲ့သို့ပင် တိုင်းရင်းသားတို့သည် အချင်းချင်းပေါင်းဆုံဖွဲ့ယှက်လျက် တပြည်တည်းနေ တရေတည်းသောက် ကြပြီးလျှင် မြန်မာနိုင်ငံတော်သားများဟု တမိသားညီအစ်ကိုတစုအဖြစ်သို့ရောက်ရှိလာကြလေသည်။

ဤကဲ့သို့တိုင်းရင်းသားများသည် မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာကြပြီးလျှင် အုပ်စုများဖွဲ့လျက်ရေကြည်ရာမြက်နုရာသို့ လှည့်လည်နေထိုင်ကြယင်း ကာလကြာသော် ရေမြေဒေသအလိုက် တခုနှင့်တခု ဓလေ့ထုံးစံစကားတို့ ခြားနားလာခဲ့ကြ

၁၉၄၆ ခုနှစ်ဦးလောက်တွင် ရှမ်းပြည်ပင်လုံမြို့၌ ပဌမအကြိမ်စည်းဝေးသော စော်ဘွားများညီလာခံ၌ ရှမ်းပြည်စည်းလုံးမှုကြီးကို ရခဲ့လေသည်။ ထိုအစည်းအဝေးသို့ မြန်မာပြည်မှကိုယ်စားလှယ်အဖြစ် ယခုဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်သောအဖွဲ့ တက်ရောက်ခဲ့၏။ ဗြိတိသျှနယ်ချဲ့တို့၏ ဝါဒဖြန့်မှုတို့ကြောင့် တွေဝေနေသော ရှမ်းအမျိုးသားများကို ဦးနုနှင့် မြန်မာခေါင်းဆောင်များသည် ပြတ်ပြတ်သားသားရှင်းလင်းပြောဆိုခဲ့ကြ၏။

ဒုတိယပင်လုံညီလာခံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ်ကျင်းပသောပင်လုံညီလာခံကြီး၌ မြန်မာပြည်မနှင့်တောင်တန်းဒေသများ ပူးပေါင်းရန် ဆုံးဖြတ်လိုက်ကြလေသည်။ ဤကဲ့သို့ တိုင်းရင်းသားညီအစ်ကိုများ ညီညာဖျဖျ စုစည်းမိကြသည်တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး ပေါ်ပေါက်လာခဲ့ဗဲ့သည်။

ပင်လုံညီလာခံကြီးသို့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်များ၊ ရှမ်းအမျိုးသားများ၊ ကချင်အမျိုးသားများနှင့် ချင်းအမျိုးသားများ တက်ရောက်ကြလေသည်။ မြန်မာပြည်မှကိုယ်စားလှယ်များနှင့် တောင်တန်းဒေသ ကိုယ်စားလှယ်များ အချင်းချင်းပူးပေါင်းရန် သဘောတူ စာချုပ်ကို ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရေးထိုးကြလေသည်။ ထိုနေ့သည်ကား ပြည်ထောင်စုဗိမာန်ကြီးကို စတင်အုတ်မြစ်ချသော နေ့ပင်ဖြစ်၏။ ထို့ကြောင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟု နေ့ထူးနေ့မြတ်ကြီးအဖြစ် သတ်မှတ်ခဲ့ရလေသည်။

နယ်ချဲ့ဗြိတိသျှတို့သည် အမျိုးမျိုးအဖုံဖုံ နည်းပေါင်းစုံဖြင့် တိုင်းရင်းသားစည်းလုံးမှုကြီးကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခဲ့သော်လည်း တိုင်းရင်းသား ညီအစ်ကိုတို့သည် မခွဲမခွါစတမ်း ကျောချင်းကပ်မိခဲ့ကြလေပြီ။ ဤအကြိမ်စည်းလုံးမိခဲ့ကြခြင်းသည် ရှေးယခင်စည်းရုံးခဲ့ကြသည့် နည်းမျိုးမဟုတ်တော့ဘဲ ဓာဝစဉ်စည်းလုံးမိခြင်းဖြစ်လေသည်။ တိုင်းရင်းသား အားလုံးတို့သည် စုပေါင်းရပ်တည်ခြင်း၏ အင်အားကို ကောင်းစွာ သဘောပေါက်နားလည်ခဲ့ကြသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်များလည်း ရင့်သန်ခဲ့ကြလေပြီ။

ပင်လုံညီလာခံကြီးတွင် ကိုယ်စားလှယ်တော်များ သဘောတူဆွေးနွေး ဆုံးဖြတ်ချက်များမှာ—

၁။ မြန်မာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်း

ယုက်သန်း၍ ကူးလူးဆက်ဆံမှုနည်းပါးစဉ် အခါကကဲ့သို့ စိတ်နေသဘောထားမှစ၍ ကွဲပြားလာခဲ့ပြန်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ တိုင်းရင်းသားများ သွေးစည်းပုံ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လက်လွှတ်လိုက်ရလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးသောအခါ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကျေညာလိုက်လေသည်။ ထိုကျေညာစာတမ်းအရ မြန်မာနိုင်ငံကို ဗြိတိသျှတို့ပြန်လည်သိမ်းပိုက်ပြီးသောအခါ ၁၉၃၅ ခုနှစ်အက်ဥပဒေမှ အပိုဒ်တခုကို အခြေခံထား၍ ဘုရင်ခံ၏သဘောကျ အုပ်ချုပ်သွားရန်ပင်ဖြစ်သည်။

သို့ရာတွင်စစ်ပြီးခေတ်၌ ဗြိတိသျှတို့သည် ယင်းတို့၏မျော်လင့်ချက်များ ကင်းဝေးခဲ့ရလေသည်။ မြန်မာနိုင်ငံသည် ဗြိတိသျှတို့ ၁၉၄၂ ခုနှစ်က ထွက်ခွါသွားခဲ့စဉ်ကကဲ့သို့ မဟုတ်တော့ဘဲ ဖ ဆ ပ လ အဖွဲ့ကြီး၏ ဦးဆောင်မှုကို ခံယူကာ ထူးထူးခြားခြားညီညွတ်စည်းလုံးနေကြသည်ကို အံ့သြစွာတွေ့မြင်ကြရ၏။ ၁၉၄၆ ခုနှစ်တွင် ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးခေါင်းဆောင်လျက် လူထုကြီးတရပ်လုံးကပါ လုံးဝလွတ်လပ်ရေးကို တောင်းဆိုလိုက်ကြလေသည်။

မြန်မာနိုင်ငံ၌ မကြုံစဘူးထူးကဲစွာ စည်းလုံးနေကြသည်ကို တွေ့လိုက်ရသော ဗြိတိသျှတို့သည် တောင်တန်းဒေသများဖက်သို့ လှည့်၍ သွေးခဲကြည့်ကြပြန်သည်။ ဗြိတိသျှတို့၏ ကြံရွယ်ချက်ကား အကယ်၍ မြန်မာပြည်မကို လွတ်လပ်ရေးပေးလိုက်ရစေကာမူ တောင်တန်းဒေသများကို တတ်နိုင်သလောက် ဆုပ်ကိုင်ထားရန်ပင်ဖြစ်လေသည်။ သို့ရာတွင် ယင်းတို့၏ အကြံကား အခါနှောင်းခဲ့လေပြီ။

ပင်လုံညီလာခံကြီး

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံတွင်း တောင်တန်း ဒေသများ မပါဘဲ ပေးအပ်သော လွတ်လပ်ရေးသည် အဓိပ္ပါယ် မရှိဟု နှလုံးသွင်း ကြလေသည်။ ထို့ကြောင့် တောင်တန်းဒေသများ ညီညွတ်စည်းလုံးရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် ခရီးပြင်းထွက်၍ တိုင်းရင်းသားများကို စည်းလုံးခဲ့လေသည်။

အမျိုးသားတို့၏ လွတ်လပ်ရေးသည် ပိုမိုလျင်မြန်စွာ ရလိမ့်မည်ဟုယုံကြည်ကြောင်း။

၂။ ဒီမိုကရေစီနည်းစံနစ်အရ မြန်မာလူမျိုးတို့ ရရှိခံစားနေသည့် အဆင့်အတန်း အခွင့်အရေးများနှင့် အကျိုးစီးပွါးများကဲ့သို့ ရှမ်း၊ကချင်၊ချင်းတို့လည်း ရရှိခံစားရန်လိုလားကြောင်း။

၃။ ရှမ်း၊ ကချင်နှင့်ချင်း အမှုဆောင်ဝန်ကြီးများသည် မိမိတို့နှင့်သက်ဆိုင်ရာ ပြည်တွင်းရေးကိစ္စအဝဝတို့တွင်မိမိတို့သာထာဝန်ခံ၍ အများနှင့်သက်ဆိုင်ရာကိစ္စများ (ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ မီးရထား၊ဆိပ်ကမ်းခွန်) စသည်တို့ကို မြန်မာများနှင့် ပူးပေါင်း တာဝန်ခံလိုကြောင်း။

၄။ နိုင်ငံတော်တိုင်းရင်းသားတိုင်း ၏ (၀၆)နိုင်ငံတော်သူနိုင်ငံတော်သား ၁၇ သန်းတို့၏ အနာဂတ်ကြီးပွါးရေးနှင့် အုပ်ချုပ်ရေးကို ပြည်ထောင်စုစံနစ်အရသာလျှင် တည်ထောင်ဖန်တီးရန်၊

ပင်လုံညီလာခံကြီးကို လက်မှတ်ရေးထိုးကြသော ကိုယ်စားလှယ်တော်များစာရင်း—

၁။ ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာပြည်ခေါင်းဆောင်
၂။ စောခွန်ပန်းဆိုင်၊ တောင်ပိုင်စော်ဘွား
၃။ စောရွှေသိုက်၊ ညောင်ရွှေစော်ဘွား
၄။ စောဟုန်ဖ၊ မြောက်ပိုင်းသိန္နီစော်ဘွား
၅။ စောနန်း၊ လဲခြားစော်ဘွား
၆။ စောထွန်းအေး၊ သာမဆမ်းစော်ဘွား
၇။ ခွန်ပန်း၊ လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ
၈။ ဦးတင်အေး၊ လူထုကိုယ်စားလှယ်၊ တောင်ကြီး
၉။ ဦးကြာပု၊ လူထုကိုယ်စားလှယ်၊ သီပေါ
၁၀။ စောယစ်ဖ ၎င်း
၁၁။ ဆင်းဝါးနောင်၊ ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၂။ ဇော်ရစ် ၎င်း
၁၃။ ခွန်ထီး၊ လူထုကိုယ်စားလှယ်၊ ပင်လုံ
၁၄။ ဦးထွန်းမြင့်၊ လူထုကိုယ်စားလှယ်၊ မောက်မယ်
၁၅။ ခွန်စော၊ လူထုကိုယ်စားလှယ်၊ ပင်းတယ
၁၆။ ဦးဖြူ၊ကျိုင်းတုံစော်ဘွားကိုယ်စား

၁၇။ တန်ရဒေါင်၊ ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၈။ ဒူးဝါးဇော်လွန်း၊ ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၁၉။ လဘန်းဂရောင်း၊ ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၂၀။ ဦးလှမောင်၊ ချင်းကိုယ်စားလှယ်၊ ဖလမ်း
၂၁။ ဦးသောင်ဇာခုတ်၊ ချင်းကိုယ်စားလှယ်၊ တစ်ဒင်
၂၂။ ဦးဝမ်းကိုဟော၊ ချင်းကိုယ်စားလှယ်၊ ဟတ်ကာ

တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်သော မြန်မာပြည်ထောင်သစ်ကြီး တည်ဆောက်ရာ၌ ပါဝင်ရန် သဘောတူခဲ့ကြပြီးနောက် ၁၉၄၇ ခု စက်တင်္ဘာလ ၂၄ ရက်နေ့တွင် အမျိုးသားအားလုံးသဘောတူပြဋ္ဌာန်း၍ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို အတည်ပြုလိုက်ကြလေသည်။

ဤသို့လျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် အချုပ်အချာ အာဏာပိုင်လွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်သည်သာမက သွေးရင်းသားရင်း ညီအစ်ကိုတစုတို့ "ခွင့်တူညီမျှ" တလုံးတစည်းတည်း စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုကြီးအဖြစ်သို့ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာဖြစ်ပေါ် လာလေသည်။

ထ။ ။ကြွယ်ဝလှသည့် ဗမာပြည်

ဒုတိယ ကမ္ဘာစစ်ကြီး အပြီးတွင် ဖ ဆ ပ လ ခေါင်းဆောင်မှုကြောင့် တိုင်းရင်းသားများသည်လွတ်လပ်ရေးပန်းတိုင်သို့ လက်တွဲချီတက်လာကြပုံကို အထက်တွင် ဖော်ပြခဲ့လေပြီ။ ထိုတိုင်းရင်းသားတို့၏ ချွေး၊ သွေးငွေ့တို့ဖြင့် ဖန်တီးခဲ့သော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့ကြ၏။ လွတ်လပ်ရေးပန်းတိုင်ကိုဖြင့် ရရှိခဲ့ကြလေပြီ။ ပြည်တော်သာ ဆိုရှယ်လစ်ပန်းတိုင်သို့ ထပ်မံ၍ အားသွန် ခဲတက်ကြကုန်အံ့ဟု အားတင်းကြပြန်၏။ပြည်ထောင်စုဆားအားလုံး စုပေါင်းပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြေပေါ် မြေအောက် သဘာဝပစ္စည်းများကြွယ်ဝလှ၏။ ထိုသဘာဝပစ္စည်းများဖြင့်ပင်လျှင် စည်းလုံးညီညွတ်သော ပြည်ထောင်စုသားတို့သည် ဘဝသစ်ဖန်တီးရေးအတွက် အလွန် အားတက်ခဲ့ကြ၏။

လွတ်လပ်ရေးမရမီ ကျင်းပခဲ့သော ၁၃၀၉ ခုနှစ်အမျိုးသားနွေအောင်ပွဲ အခမ်းအနားတွင် ဝန်ကြီးချုပ်သခင်နု (ဦးနု)သည် မိန့်ခွန်းတရပ်ကို ပြောကြားခဲ့ရာ ထိုမိန့်ခွန်းတွင် တိုင်းရင်းသားများသာမက ညီညွတ်သင့်သော နိုင်ငံရေးဂိုဏ်းဂဏများကလည်း ညီညွတ်ပါက အာဏာလွှဲပြောင်းပြီး ငါးနှစ်အတွင်း ဗမာနိုင်ငံကြီးမှာ ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးတော့မည်ဟူ ၍ မိန့်ကြားခဲ့လေသည်။ ထိုဝန်ကြီးချုပ်၏ မိန့်ခွန်းဥပဒေအောက်ပါအင်္ဂါလေးချက်နှင့် ပြည့်စုံသောတိုင်းပြည်မှန်လျှင် ရွှေမိုး၊ငွေမိုးရွာမည်မှာ မလွဲနိုင်ဟု မိန့်ကြားခဲ့၏။ ထိုအင်္ဂါလေးရပ်ကား---

(၁) အချုပ်အချာအာဏာ
(၂) မြေတွင်းမြေပြင်သဘာဝပစ္စည်း
(၃) တိုင်းရင်းသားစည်းလုံးမှု
(၄) မှန်ကန်သောဝါဒ

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် အချုပ်အချာအာဏာလည်း ရရှိခဲ့လေပြီ။ တိုင်းရင်းသားစည်းလုံးမှုကြီးလည်းရရှိခဲ့၏။ အုပ်ချုပ်ပုံအခြေခံဥပဒေအရ လူတစုအတွက်မဟုတ်ဘဲလူထုချမ်းသာရမည်ဆိုသော ဝါဒမှာလည်း မှန်ကန်သောဝါဒ

ဖြစ်ရာ ဒုတိယအချက်ဖြစ်သော (မြေတွင်းမြေပြင်သဘာဝပစ္စည်း)များနှင့် စပ်လျဉ်း၍ ဤအခန်းတွင် အကျဉ်းချုံး၍ဖော်ပြပေအံ့။

စိုက်ပျိုးရေး အင်အား

မြန်မာနိုင်ငံတော်သည် · လယ်ယာဖြင့်အသက်မွေးသော နိုင်ငံဖြစ်ပေသည်။ လူ ၁၀၀ လျှင် ၇၀ ကျော် ၈၀ ခန့်သည် လယ်ယာလုပ်ကိုင်သူ သို့မဟုတ် လယ်ယာအလုပ်နှင့် သက်ဆိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်၏ စီးပွါးရေးသည် လယ်ယာပေါ် ၌အဓိကတည်လျက်ရှိပေသည်။

ဤသို့လယ်ယာသည် မြန်မာနိုင်ငံတော်၏ စီးပွါးရေး အဓိကအင်အား ဖြစ်သည်နှင့်အညီ အခြားအင်အားထက်ပင် လယ်ယာအင်အားသည် အကြီးဆုံး ဖြစ်၍နေပေသည်။

စစ်မဖြစ်မီက အခြေကို ပြန်၍ကြည့်လျှင် အင်အားအခြေအနေကို ပြတ်သားထင်ရှားစွာ သိနိုင်ပေသည်။

မြန်မာနိုင်ငံတော်တွင် စစ်မဖြစ်မီက ဆန်စပါး အသီးအနှံ စိုက်ပျိုးလုပ်ကိုင်ခဲ့သော (နှစ်စဉ် ပျမ်းမျှရ)ကေပေါင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အသီးအနှံ	ကေပေါင်း
စပါး	၁၂,၀၃၄,၀၀၀
နှမ်း	၁,၄၈၈,၀၀၀
မြေပဲ	၆၀၃,၀၀၀
ပြောင်းဆန်	၅၇၆,၀၀၀
ဟင်းသီးဟင်းရွက်	၅၀၆,၀၀၀
သစ်သီးသစ်ဥများ	၄၄၈,၀၀၀
ဝါဂွမ်း	၄၀၄,၀၀၀
ပြောင်းဖူး	၂၀၅,၀၃၀
ကုလားပဲ	၂၀၄,၀၀၀
အထွေထွေအသီးအနှံ	၂၀၄,၀၀၀
ပဲကြီး	၁၅၄,၀၀၀

ပြည်နယ်/တိုင်း	၂၀၁၆–၂၀၁၇		၂၀၁၇–၂၀၁၈		၂၀၁၈–၂၀၁၉	
	ကေပေါင်း	ကမ္ဘာ့နှုန်းနှုန်း	ကေပေါင်း	ကမ္ဘာ့နှုန်းနှုန်း	ကေပေါင်း	ကမ္ဘာ့နှုန်းနှုန်း
စပါး	၁၂,၁၁၇,၄၈၈	၂	၁၂,၄၆၇,၀၀၀	၂	၁၃,၅၆၅,၀၀၀	၂
နှမ်းနှုန်းဝင်းဧရိယာ	၂၀၆,၅၀၁	၁	၂၀၆,၅၀၁	၁	၂၀၆,၅၀၁	၁
နှမ်းနှုန်းဝင်းထွက်ကုန်ပမာဏ	၁၀၆,၅၆၆	၂	၁၀၆,၅၆၆	၂	၁၀၆,၅၆၆	၂
ပဲအမျိုးမျိုး	၅၂၄,၄၀၀	၁၀	၅၂၄,၄၀၀	၁၀	၅၂၄,၄၀၀	၁၀
ပဲတီစိမ်း	၁၀၀,၀၀၀	၁	၁၀၀,၀၀၀	၁	၁၀၀,၀၀၀	၁
ပဲတီခြောက်	၁၀၀,၀၀၀	၁	၁၀၀,၀၀၀	၁	၁၀၀,၀၀၀	၁
ပဲမတီ	၂၄,၄၀၀	၁	၂၄,၄၀၀	၁	၂၄,၄၀၀	၁
ပဲကြီး	၂၀၀,၀၀၀	၁	၂၀၀,၀၀၀	၁	၂၀၀,၀၀၀	၁
ပဲပြား	၂၀၀,၀၀၀	၁	၂၀၀,၀၀၀	၁	၂၀၀,၀၀၀	၁

ကေပေါင်း	အသီးအနှံ
၁၂၄,၀၀၀	ပဲဖြူကလေး
၁၀၆,၀၀၀	ပဲကြား
၉၃,၀၀၀	ငြုတ်
၈၁,၀၀၀	ဆေးရွက်
၃၃,၀၀၀	ကြံ
၃၀,၀၀၀	ဂျုံစပါး
၃၀,၀၀၀	ကွမ်းသီး
၂၂,၀၀၀	ထန်း
၁၇,၃၃၇,၀၀၀	စုစုပေါင်း

ဤစာရင်းကို ကြည့်လျှင် စိုက်ပျိုးသည့် ဧရိယာအားလုံး (ကေပေါင်း ၁၇,၃၃၇,၀၀၀) အနက် ဆန်စပါးမှာ သုံးပုံနှစ်ပုံကျော်(ကေပေါင်း ၁,၂၀,၃၆,၀၀၀) ဖြစ်သဖြင့် စိုက်ပျိုးရေးဌာန ဆန်စပါးသည် အဓိကဖြစ်သည်ကို ကောင်းစွာသိရှိနိုင်ပေသည်။ သို့သော်မြန်မာနိုင်ငံသားတို့အတွက် မရှိမဖြစ်သော အခြားအသီးအနှံများသည်လည်းမနည်းလှသည်ကို တွေ့ရပေလိမ့်မည်။

ထိုသို့စစ်မဖြစ်မီက ကေပေါင်း ၁၇ သန်းခွဲခန့် စိုက်ပျိုးထွက်ရှိသည့် ဆန်စပါးစသော အသီးအနှံတို့မှ နိုင်ငံသူနိုင်ငံသားများ လုံလောက်အောင် (၀မ်းစာ)စား သုံးပြီးသည့်နောက် အပိုအလျှံများကို ထုတ်ရောင်းချခြင်းအားဖြင့် ရရှိခဲ့သော ငွေ(တန်ဖိုး)မှာ အောက်ပါအတိုင်းဖြစ်၏။

ဆန်စပါး	၂၂,၆၉,၃၇,၀၀၀
ပဲအမျိုးမျိုး	၉၇,၄၆၄,၀၀၀
ဝါဂွမ်း(ဝါစေ့၊ ဝါဆီ၊ ဝါဖတ်)	၁,၀၆,၆၇,၀၀၀
မြေပဲ (မြေပဲဆီ၊မြေပဲစေ့၊ မြေပဲဖတ်)	၃၅,၀၉,၀၀၀
သစ်သီးနှင့်ဟင်းသီးဟင်းရွက်	၁,၂၃,၆၅,၀၀၀
ကြက်ပေါင်စေး (အစိမ်း)	၅၆,၁၂,၀၀၀
သားရေ (အစိမ်းအကျက်)	၂၂,၉၇,၀၀၀

ဤသို့လျှင် လယ်ယာစိုက်ပျိုးရေးဖက်မှ နိုင်ငံသူနိုင်ငံသားများ အလုံအလောက် စားသုံးပြီးနောက် အပိုအလျှံအတွက် တန္ဒစ်တန္ဒစ်လျှင် ပျမ်းမျှခြင်းအားဖြင့်

၅၀,၄၇,၉၄,၀၀၀ (ကုဋေငါးဆယ်ကျော်) ဝင်ငွေရှိခဲ့ဘူးပေသည်။ သို့ရာတွင် ထိုသို့ မြတ်စွန်းသောငွေများကို တိုင်းရင်းသားတို့သည် အကျိုးမခံစားခဲ့ရပေ။

၁၉၄၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတော်ကို ဂျပန်တို့ ဝင်ရောက်သိမ်းပိုက်ထားသည့် သုံးနှစ်အတွင်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အထူးပင် ပျက်ပြားယုတ်လျော့သွားလေသည်။ . .

မည်မျှယုတ်လျော့လာခဲ့သည်ကို မြန်မာနိုင်ငံတော်သို့ စစ်မရောက်မီ တနှစ်ဖြစ်သော ၁၉၄၀-၄၁ ခုနှစ်တွင် စပါး ဧကပေါင်း ၁၂,၅၁၀,၄၉၉ ကစိုက်ပျိုးခဲ့ရာစစ်ပြီးစ ပဌမနှစ်ဖြစ်သော ၁၉၄၅-၄၆ ခုနှစ်တွင် ကေပေါင်း ၆,၆၅၀,၈၅၅ ကမျှသာစိုက်ပျိုးရသည်ကိုကြည့်ခြင်းအားဖြင့် ကောင်းစွာသိရှိနိုင်ပေသည်။

ဤမျှယုတ်လျော့အားနည်းသွားရာမှ အစိုးရကလည်း အားပေးနိုင်ငံတော်သားတို့ကလည်း ကြိုးပမ်းလိုက်ကြသောကြောင့် ၁၉၄၆-၄၇ ခုနှစ်နှင့် ၁၉၄၇-၄၈ ခုနှစ်များတွင် စိုက်ပျိုးရေးဖက်က သိသိသာသာကြီး ပြန်လည် ဖြစ်ထွန်းလာလေသည်။ မည်မျှတိုးတက်လာသည်ကို တဖက်ပါစာရင်းကို ကြည့်ခြင်းအားဖြင့် သိသာနိုင်လေသည်။

ဤစာရင်းကို ကြည့်လျှင် စပါးမှာ စစ်ပြီးစနှစ်တွင် ကေပေါင်း တဝက်ခန့်မျှသာ စိုက်ပျိုးရာ (၁၉၄၇-၄၈) ခုနှစ်၌မူကား လေးပုံသုံးပုံခန့်အထိ တိုးတက်လာလေသည်။ နှမ်းလျှင်နှင့်မြေပဲတို့မှာ များစွာမထူးခြားသေးသော်လည်း နှမ်းနှောင်းမှာမူကား စစ်မဖြစ်မီကထက်ပင် တဆခဲ့ကျော်ကျော် တိုးတက်လာသည်ကို တွေ့ရလေသည်။

ဤစာရင်းအရ ဆိုသော် စစ်မဖြစ်မီက အခြေကို ပြန်၍ရောက်ရန်

စပါးကေပေါင်းနောက်ထပ်	၅,၅၃၉,၁၉၉
နှမ်းလျှင်ကေပေါင်းနောက်ထပ်	၂၃၀,၉၉၆
မြေပဲကေပေါင်းနောက်ထပ်	၁၂၀,၅၀၄

တိုး၍လုပ်ကိုင်ကြရန် လိုပေသေးသည်။

ဤကားစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လုတ်လပ်ရေးရသည့်နေ့တွင် ပြည်ထောင်စုသားများနှင့် ပြည်ထောင်စုအစိုးရတို့ရင်ဆိုင်ခဲ့ရသော ပြဿနာကြီးတရပ်ဖြစ်၏။

သစ်တောအင်အား

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်

ပေါင်း ၂၅၃,၀၀၀ ဖြစ်ရာ ယင်းအနက် စတုရန်း မိုင်ပေါင်း ၁၄၅,၀၀၀ မှာ အစိုးရက စီမံအုပ်ချုပ်ထားသော သစ်တောများဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝက်ကျော်ကျော် (၅၇) ရာခိုင်နှုန်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သားတို့ အသင့်ဆွတ်ယူစားသုံးရသော အဖိုးအနှုံထိုက်တန်သည့် ပဒေသာပင်ကြီးပေါက်ရောက်လျက်ရှိသည်ဟု ဆိုနိုင်ပေသည်။

သစ်တောများသည် စင်စစ်အားဖြင့် လူသတ္တဝါတို့၏ အကျိုးအလို့ငှါ ရေမြေကို စောင့်ကြပ်သော ဘူမိပါလဖြစ်ပေသည်။ လူတို့စိုက်ပျိုးလုပ်ကိုင်သော မြေဩဇာဖြင့် ပြည့်စုံသော အပေါ်ယံမြေလွှာကို မိုးရေ-လေတို့တိုက်စားသွားခြင်း မရှိရအောင် သစ်တောများကပင် ကာကွယ်စောင့်ရှောက်ထားပေသည်။ ရွာချချ်မြေသို့ရောက်သော မိုးကိုလည်း ရုတ်တရက် လျှောကျ ခြောက်သွေ့မသွားအောင် သစ်တောများကပင် စောင့်ထိန်းထားပေသည်။ ထို့ကြောင့် သစ်တောများကို စည်းကမ်းမဲ့ခုတ်လှဲဖျက်ဆီးပစ်ကြသော အရပ်များ၌ လူတို့တွင်မရှိမဖြစ်သောသစ်ဝါးများပျောက်ကွယ်ရှားပါးသွားသည့်ပြင်သစ်တောများ၏ အစောင့်အရှောက်ကို မရတော့သဖြင့် မြေသားနည်းပါး ကုန်ခန်းသွားခြင်း၊ မြေဆီ မြေနှစ် ခန်းခြောက်သွားခြင်းတို့ကြောင့် လယ်ယာကိုင်းကျန်း မဖြစ်ထွန်းဘဲ အဆိုပါအရပ်ဒေသများ၌ နေထိုင်ကြသူတို့မှာ ဆင်းရဲတွင်းနက်၍ အတိဒုက္ခကြီးစွာ ရောက်ကြရလေသည်။

သစ်တောများသည် လူသတ္တဝါတို့၏ အသက်သခင်ဖြစ်သော မြေဆီ ဩဇာကို ထိုသို့စောင့်ရှောက်ရုံမျှမကဘဲ လူတို့၌ မရှိလျှင်မဖြစ်သော သစ်ဝါးစသည်တို့ကိုလည်း ထုတ်ပေးလေသည်။ ကောင်းစွာ ကာကွယ်စောင့်ရှောက်ထားသော သစ်တောကြီးများရှိလျှင် ထိုသစ်တောများ အနီးအပါးနေသူတို့၏ အသုံးအဆောင်များအတွက် သစ်ဝါး သက်ကယ်စသည့် အရာဝတ္ထုတို့ကို မရှားမပါး စရိတ်စကမကြီးလေးဘဲ လိုတိုင်းရခြင်း၊ ထိုသစ်တောမှသစ်ကောင်းများကို ထုတ်ယူရောင်းချသဖြင့် တမျိုးသားလုံး အတွက် အကျိုး စီးပွါးဖြစ်ထွန်း၍ နိုင်ငံတော်အစိုးရအတွက် ဘဏ္ဍာတော်ငွေရရှိသဖြင့် ပြည်သူ ပြည်သားတို့အပေါ်၌ ကျရောက်လတ္တံ့သော အခွန်အတုတ်များမှ သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရပေသည်။

အချုပ်ကိုဆိုလျှင် သစ်တောများသည် –

၁။ လူတို့၏ အသက်သခင်ဖြစ်သော မြေဆီဩဇာ၏ အစောင့် အရှောက်ဖြစ်သည်။

ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ ပိတောက်၊ အင်၊ ကညွင်၊ သစ်ကဒူး၊ သစ်ခါး၊ ပျဉ်းမ၊ ကောင်းမှု စသည့် သစ်ကောင်းများ ရှိသည့်အပြင် မီးခြစ်ဃုပ်သော သစ်များလည်း ရှိပေသေးသည်။

မြန်မာနိုင်ငံတော် သစ်တောထွက် ဝတ္ထုပစ္စည်းများတွင် အပါအဝင်ဖြစ်သော ဝါးမှာ မြန်မာနိုင်ငံသစ်တောတိုင်းတွင် ရရှိနိုင် လေသည်။ မြန်မာလူမျိုးတို့အဖို့ တွင် ဝါးသည် မည်မျှလောက် အသုံးဝင်သည်ကို အထူးခွဲခြထွင်ဖော်ပြနေရန်မလိုပေ။

မြန်မာနိုင်ငံတော်တွင် စက္ကူစက်များ တည်ထောင်လုပ်ကိုင်သည့်အခါ ဝါးကို စက္ကူလုပ်ရန် အဖိုးအတန်ဆုံး အကောင်းဆုံးပစ္စည်းတရပ်အဖြစ် အသုံးချနိုင်ပေသည်။ ရခိုင်ပြည်နှင့် တနင်္သာရီတိုင်းရှိ ဝါးတောကြီးများမှ စက္ကူအကြီးအကျယ် လုပ်နိုင်လောက်အောင် ဝါးများကို ရရှိနိုင်ပေလိမ့်မည်။

ရောင်းချရေးအပြင် မိမိတို့အိမ်သုံးအတွက် မရှိမဖြစ် လိုအပ်သောထင်းနှင့်မီးသွေးများကိုလည်း နှစ်စဉ်နှစ်တိုင်း သစ်တောများမှရရှိကြပေသည်။ ရွေးအခါက ထင်း၊ မီးသွေးမျာကို ကြိုးဝိုင်းပြင်ပသစ်တောများမှ ထုတ်ယူရရှိကြလေသည်။ ကြိုးဝိုင်းသစ်တောများမှလည်း မြောက်မြားစွာထုတ်ယူရရှိကြရာ တနှစ်ဈေးပျမ်းမျှခြင်းအားဖြင့် တန်ချိန်ပေါင်း တသန်းကျော်ခန့်မျှ ထွက်ရှိလေသည်။ ကြိုးဝိုင်းပြင်ပသစ်တောများမှ လိုအပ်သောထင်းနှင့် မီးသွေးများကို ထုတ်ယူသုံးစွဲခွင့်ပြုထားသည့်အပြင် မည်သည့်အိမ်ထောင်မဆို တအိမ်ထောင် တနှစ်လျှင် လှည်းငါးစီး တိုက်စာမျှ ထင်းနှင့်မီးသွေးကို ထုတ်ယူခွင့်ပြုထားလေသည်။

ရှားစေးသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ သစ်တောများတွင်ထွက်ရှိလေသည်။ ရှားစေးချက်သမားများအား ရှားစေးချက်ရန်လိုင်စင်များ အတောအတန် ထုတ်ပေးထားရှိလေသည်။ အချို့သစ်တောများကို ရှားစေးထုတ်ယူရန် ကံထရိုက်များထုတ်ပေးထားလေသည်။ ရှားစေးချက်သော လုပ်ငန်းမှာ မြန်မာပြည်အလယ်ပိုင်းတွင် နေထိုင်လျက်ရှိကြသော လူများအတွက် အရေးပါသောလုပ်ငန်းတရပ်ဖြစ်ပေသည်။ ရှားစေးမှာ တနှစ်လျှင် တန်ချိန် ၅,၀၀၀ ခန့်မျှရရှိ၍ ပြည်တွင်းသုံးမှပိုလျှံသော တန်ချိန်များကို ထွက်ကုန်အဖြစ်ဖြင့် နိုင်ငံခြားများသို့ တင်ပို့ရောင်းချရလေသည်။

ချိတ်မှာမြန်မာနိုင်ငံတော် ရှမ်းပြည်မှရရှိလေသည်။ ဓာတ်ပြားများ အရောင်တင်ဆေးနှင့် ပုံတူသွန်းလုပ်ငန်းများတွင် များစွာ အသုံးဝင်သည့်အလျောက် လွန်ခဲ့သည့်အခါများက အိန္ဒိယသို့အတော်အတန်တင်ပို့ရောင်းချခဲ့ရသည်။

အထက်ဖော်ပြပါအရာဝတ္ထုများအပြင် ကြိမ်၊ သားရေဆိုးရန်သစ်ခေါက်များ

၂။ လူတို့တွင်မရှိမဖြစ်သော သစ်၊ ထင်း၊ ဝါး၊ သစ်ဥ၊သစ်ဖုၤဟင်းသီးဟင်းရွက် စသည်တို့ထွက်ရာ ပဒေသာကြီးတရပ်ဖြစ်သည်။

၃။ သစ်တောထွက် သစ်ကောင်းများကို ရောင်းချရသဖြင့် နိုင်ငံသူနိုင်ငံသား တို့မှာ အကျိုးစီးပွါး တိုးတက်လျက် ချမ်းသာကြွယ်ဝသော နိုင်ငံကြီးဖြစ် လာမှုအဘွက် အထောက်အပံ့ကြီးတရပ်ဖြစ်ပေသည်။

၄။ အစိုးရ ဘဏ္ဍာတော်အတွက် သစ်တောမှ အခွန်တော်ငွေများ ရရှိခြင်း ကြောင့် နိုင်ငံသူနိုင်ငံသားတို့မှာ အခွန်တော်သက်သာသည်။

မြန်မာနိုင်ငံသစ်တောများကို ၂ မျိုးခွဲခြား ထားရှိပေသည်။

(၁) ကြိုးဝိုင်းသစ်တောများ

(၂) ကြိုးဝိုင်းပြင်ပသစ်တောများ

ပဌမအမျိုးအစားဖြစ်သော ကြိုးဝိုင်းသစ်တောများမှာ အစိုးရက သီးသန့်၍ သတ်မှတ်ထားသော သစ်တောများဖြစ်ကြသည်။ ယင်းတို့၏ အထူးတလည်မြေဆီ ဩဇာကောင်းမွန်ရေး သစ်တောများ တိုးတက်ဖွံ့ဖြိုးရေးများအတွက် အစိုးရက သီးသန့်၍ထားပေသည်။

ကြိုးဝိုင်းပြင်ပသစ်တောများမှာ အစိုးရကပင် အုပ်ချုပ်သော်လည်း ကြိုးဝိုင်း အဘွင်းရှိ သစ်တောများကို စောင့်ရှောက်သကဲ့သို့ ကြပ်တည်းစွာ မစောင့်ရှောက်ပေ။ ကြိုးဝိုင်းပြင်ပသစ်တောများမှာ များသောအားဖြင့် လူနေများသော ရွာကြီးရွာငယ်များ အနီးအပါးတွင်တည်ရှိကြလေသည်။ ထိုကြိုးဝိုင်း ပြင်ပသစ်တောများမှ ထွက်သောလူဘို့အတွက် မသုံးမဖြစ်သော သစ်၊ ဝါး၊ သက်ကယ်အစရှိသည့် အရာဝတ္ထုများကို လွယ်ကူစွာ သွားရောက်ခုတ်လှဲ၍ ယူနိုင်ခွင့်ကို နိုင်ငံတော်အစိုးရက ခွင့်ပြုထားပေသည်။

မြန်မာနိုင်ငံ သစ်တောများမှ သစ်အမြောက်အမြား ရရှိသည့်အပြင် အမျိုးပေါင်းလည်း များစွာပင်ရှိလေသည်။ ယင်းအမျိုးအစား အားလုံးတွင် ကျွန်း သစ်သည်အဖိုးအထိုက်တန်ဆုံးဖြစ်ပေသည်။ မြန်မာပြည်မှကျွန်းသစ်သည် အိန္ဒိယ၊ ဂျာဗား၊ အင်ဒိုချိုင်းနား၊ ယိုးဒယားအစရှိသော နိုင်ငံများမှ ရရှိသော ကျွန်းသစ်များထက် ပိုမိုလုပခြင်း၊ ပိုမိုခိုင်ခန့်ခြင်းတို့ကြောင့် တကမ္ဘာလုံး ကျော်ကြားသဖြင့် မြန်မာနိုင်ငံမှကျွန်းသစ်ကို အနှံ့အပြားတင်ပို့ရောင်းချရလေသည်။ ထိုသို့ ပို့ရသော သစ်တန်ချိန်မှာ ကျွန်းသစ်ထွက် နိုင်ငံများဖြစ်သော အိန္ဒိယ၊ ဂျာဗား၊ အင်ဒိုချိုင်းနား၊ယိုးဒယားပြည်များမှ တင်ပို့သော သစ်တန်ချိန်ထက် သုံးဆများလေသည်။ ရောင်းဝယ်ရေးတွင် အရေးပါ အရာရောက်သည့် ကျွန်းသစ်မှအပ

ဆိုးဆေးများ၊ ကျွဲကော်၊ ကော်ပြားပြုလုပ်နိုင်သော အင်တုံ၊ ပွဲလျက်၊ ကညင်ဆီ၊ ကြိုးများပြုလုပ်ရန်လျှော်များ၊ ဆေးဖက်ဝင်သော ဥက်သိုက်များ၊ ပျားရည်၊သားရေများလည်း မြန်မာပြည်သစ်တောများမှ အတော်ပင်ရရှိလေသည်။

စစ်မဖြစ်မီက မြန်မာပြည်မှနိုင်ငံခြားသို့ တင်ပို့ရောင်းချရသော သစ်တောထွက်ပစ္စည်းများနှင့် ယင်းပစ္စည်းများ၏ တန်ချိန်များမှာ အောက်ပါအတိုင်းဖြစ်ခဲ့လေသည်။

ကျွန်းသစ်	၄၀၀,၀၀၀ တန်
အသားမာသစ်	၃၀,၀၀၀ တန်
ချိတ်	၃၅,၀၀၀ တန်
ရှားစေး	၁,၁၅၅,၀၀၀ ပိဿာ

နိုင်ငံခြားသို့တင်ပို့ရောင်းချရသော ကျွန်းသစ်မှာ အိန္ဒိယသို့(၇၃) ရာခိုင်နှုန်း၊ ဗြိတိန်သို့ (၁၉) ရာခိုင်နှုန်းနှင့် ကျန်တိုင်းပြည်များသို့ (၈)ရာခိုင်နှုန်းတင်ပို့ခဲ့ရလေသည်။

အသားမာသစ်များ။ ။ယင်းတို့မှာ အိန္ဒိယသို့ (၈၈)ရာခိုင်နှုန်းနှင့် ကျန်နိုင်ငံများသို့ (၁၂) ရာခိုင်နှုန်းတင်ပို့ခဲ့ရလေသည်။

မြန်မာပြည်ထွက်ကျွန်းသစ်များရောင်းဝယ်ရေးမှာ အိန္ဒိယနှင့် ဗြိတိန်ပြည်များတွင် အခြေမြဲလျက်ရှိနှင့်ပေပြီ။ မြန်မာပြည်ကျွန်းသစ်များ၏ အသုံးဝင်ပုံများကို တောင်အာဖရိက၊ အမေရိကန်၊ ဆွီဒင်၊နော်ဝေးနိုင်ငံများကလည်း သိရှိနားလည်လာကြသောကြောင့် စစ်မဖြစ်မီကပင် စ၍ ကျွန်းသစ် ရောင်းဝယ် ဖောက်ကားမှုတွင်ကျယ်ရန် တနိုင်ငံနှင့် တနိုင်ငံ စကားကမ်းလှမ်းပြီးလျှင် တင်ပို့ရောင်းချခဲ့လေသည်။

ထိုကဲ့သို့သစ်တောများမှ ထွက်သော သဘာဝပစ္စည်းများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွါးရေးအင်အားကို မြှင့်တင်ရန်မှာလည်း လွတ်လပ်ရေးရသောနေ့တွင် ကျွန်ုပ်တို့ရင်ဆိုင်ခဲ့ရသော ပြဿနာကြီးတရပ်ဖြစ်ခဲ့၏။

မြေတွင်း သေတ္တုအင်အား

မြန်မာနိုင်ငံတော်၌ မြန်မာနိုင်ငံတော်သားတို့အား အထောက်အပံ့ဖြစ်ရန် မြေပြင်အင်အား၊ မြေတွင်းအင်အားဟူ၍ ၂ ပါးရှိသည်။ မြေပြင်အင်အားဟူသည်မှာ မြေပေါ်၌ ပေါ်ပေါက်သော ဆန် စပါး ပဲ ပြောင်း စသည့်ရိက္ခာအင်အား ကျွန်း

ပျဉ်းကတိုး သစ်ယာ ပိတောက် စသည့် သစ်တောထွက်အဖိုးတန်သစ်ပျဉ်အင်အား၊ ဝါဂွမ်း လျှော် စသည့်ဝတ်ဆင်ရေးအင်အား၊ အမြစ်အခေါက် အသီးအပွင့် စသော ဆေးဖက်ဝင်သည့် ဆေးအင်အား ဤသို့ စသည်ဖြင့် မြေ၏အပြင်၌ ဖြစ်ထွန်းသော အင်အားများ ဖြစ်ပေသည်။မြေတွင်းအင်အားဟူသည်မှာ ရေနံ၊ ကျောက်မီးသွေး၊ သံ၊ ဂျွေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ ကျောက်သံပတ္တမြားစသည့် မြေ၏အတွင်းမှ တူးဖော်ရရှိနိုင်သော အဖိုးတန်မြေဆီမြေနှစ် မြေကြီးသေတ္တုများဖြစ်ပေသည်။ ဤနိုင်ငံ အင်အား နှစ်ပါးအနက် ဤအခန်း၌ မြေတွင်းရှိသေတ္တုအင်အားများကို အကျဉ်းချုပ်ပြဆိုပေအံ့။

မြန်မာနိုင်ငံတော် မြေတွင်း၌ ၁၉၄၈ ခုနှစ်အထိ စုံစမ်းတွေ့ရှိပြီးသော သေတ္တုမျိုးတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျောက်ချဉ် (Alum)
၂။ ပယင်း (Amber)
၃။ ခနောက်စိမ်း (Antimony)
၄။ ကျောက်ဂွမ်း (Asbestos)
၅။ ဗရိုက် (Barytes)
၆။ ဗောက်ဆိုက် (Bauxite)
၇။ ကြွပ် (Bismuth)
၈။ အဆောက်အအုံသုံးပစ္စည်းများ (Building Materials)
၉။ ကရိုမိုက် (Chromite)
၁၀။ ကျောက်မီးသွေး (Coal & Lignite)
၁၁။ ကိုဗော့ (Cobalt)
၁၂။ ကိုလမ်ဗိုက် (Columbite)
၁၃။ ကြေးနီ
၁၄။ ကုရုန်ဒံ (Corumdum)
၁၅။ ကျောက်မျက်ရတနာများ
၁၆။ ဂျွေ
၁၇။ ခဲနက်(ခဲပုပ်) (Graphite)
၁၈။ ဂျစ်ပဆမ် (Gypsum)
၁၉။ သံ
၂၀။ သံဖိုက်ကျောက် (Iron-Pyrites)

၂၁။ ကျောက်စိမ်း
၂၂။ မြေစေး
၂၃။ ခဲနှင့်ဘော်
၂၄။ လစ်ဂနိုက်ကျောက်မီးသွေး (Lignite)
၂၅။ မင်းဂင်းနိုး(စ်) (Manganese)
၂၆။ လခြေး
၂၇။ ပြဒါး
၂၈။ မိုလစ်ဒီနမ် (Molybdenum)
၂၉။ မိုနာဇိုက် (Monazite)
၃၀။ နစ်ကယ်(ဂျာမန်ငွေ) (Nickel)
၃၁။ မြေနီ (Ochre)
၃၂။ ဆီကျောက်လွှာ (Oil Shale)
၃၃။ ရေနံ နှင့်တွင်းထွက်ဓာတ်ငွေ့
၃၄။ ပလက်တီနမ်(ရွှေဖြူ) (Platinum)
၃၅။ ဆား
၃၆။ ယမ်းစိမ်း
၃၇။ ကန့်ကူဆံ (Steatite)
၃၈။ ဆာလဖိတ် (Sulphates)
၃၉။ ဆာလဖိုင် (Sulphides)
၄၀။ ကန်
၄၁။ ခဲမဖြူနှင့်တန်စတန်
၄၂။ သွပ်

အထက်ပါ စာရင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတော်သည် မြေထွက်သေတ္တုမည်မျှ စုံလင်သောဒေသဖြစ်သည်ကို သိရှိနိုင်ပေသည်။အဆိုပါသေတ္တုများကို စံနစ်တကျ သေချာစွာ တူးဖော်လုပ်ကိုင်နိုင်ပါက စက်မှုလက်မှုလုပ်ငန်းဖက်၌ များစွာပြည့်ဝစုံလင်မည်ဖြစ်၍ ရွှေအဖိုရာ မြန်မာနိုင်ငံတော်၌ အခြားနိုင်ငံကြီးများနည်းတူ စက်မှုလက်မှုဖက်က တိုးတက်ကြီးပွါးရန် အင်အား အထောက်အပံ့ မည်မျှရှိသည်ကို သိသာနိုင်ပေသည်။

အဆိုပါသေတ္တုများ အသုံးဝင်ပုံနှင့် ယင်းတို့တည်ရှိသည့် ဒေသများကို အကျဉ်း ချုပ်ပြပေအံ့။

ကျောက်ချဉ်

ဆေးဝါးကုသမှုတွင် အရေးကြီးသောဆေးဖက်တမည်ဖြစ်သည်။ အထည်အဝတ်ပန်းဆိုးဆေးနှင့် စက္ကူလုပ်ငန်းတွင် အထူးအသုံးဝင်သည်။ မီးခံဝတ္ထုပစ္စည်းပြုလုပ်ရေးနှင့် အခြားလက်မှုစက်မှုဖက်တွင်လည်း အသုံးပြုရသည်။ သောက်ရေသုံးရေများကို သန့်ရှင်းစေနိုင်သည်။

သံလွင်ခရိုင်အတွင်းရှိ ယွန်းစလင်းမြစ်နှင့် ထားဝယ်ခရိုင်အတွင်း မြစ်သားမြစ်တို့၌တွေ့ရသည်။ (ယခုအထိမူကား ထိုဒေသများ၌ ကျောက်ချဉ်တူးဖော်ရေးလုပ်ငန်းများကို မလုပ်ကိုင်ရသေးချေ)။

ပယင်း

ပယင်းနှင့်ပုတီး၊ ဆေးတံ၊ စီးကရက်စွပ်တံ၊ ထီးလက်ကိုင်ရိုးစသည့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးပြုလုပ်နိုင်သည်။ပယင်းမှုန့်ကို အဆီထုတ်၍ ပယင်းဆီကို လီနင်မင် အကိုက်အခဲလိမ်းဆေး၊ ရေမွှေးအနံ့ဖော်စပ်ရေးတို့၌ အသုံးချရသည်။

အထက်ချင်းတွင်းခရိုင် ဟူးကောင်းတောင်ကြား မိုင်းကွမ်နယ် (မိုင်းကွမ်နှင့် လာလန်ရွာအကြားရှိ) ပယင်းတွင်းများမှာ အလျား ၈ မိုင်ကျော် ၈ မိုင်ခန့်ရှိလေသည်။ မြေအောက်ပေ ၂၀ မှ ၄၀ အထိ တူးရသည်။ အဆိုပါတွင်းများမှ ထွက်သောပယင်းများသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၀ လောက်ကပင် တရုပ်ရာဇဝင်သမိုင်းများ၌ ထင်ရှားကျော်စောခဲ့လေသည်။ မြန်မာပယင်းမှာ ဥရောပတိုက်ဗေဂလတစ်ပင်လယ်တဝိုက်၌ထွက်သော ပယင်းထက် အသားမာ၍ အလေးချိန်စီးသည့်ပြင် အစိမ်းရောင်လည်းပို၍သန်းလေသည်။ ထို့ကြောင့်ပင်မြန်မာပယင်းကို ဥရောပတိုက်သားများက ဗားမိုက် ဟု အမည်ထူး ပေးထားလေသည်။ ဟူးကောင်းတောင်ကြားအပြင် ပခုက္ကူခရိုင် ရေနံကျပ်မြောက် ၄ မိုင်ကွာရှိ ဆိပ်ခွရွာ၊ ရွှေဘိုစီရင်စုနံသာရွာအနီး သရက်ရိုင်မီးပေါက်ရွာ အနောက်မြောက် တမိုင်ကွာ စစ်ပုံချောင်းတို့၌လည်း တွေ့ရသည်။

ခနောက်စိမ်း

သေတ္တုပြုပြင်ရေးတွင် အသုံးဝင်သော ဓာတ်သေတ္တုတမျိုးဖြစ်သည်။ ပုံသွန်းလိုသောသေတ္တုများကို ခနောက်စိမ်းနှင့်ရောစပ်၍ကျိုလျှင် သေတ္တုမာကျောထက်မြက်လာသည်။ ခဲစာလုံးသွန်းရာ၌ ခဲကိုခနောက်စိမ်းနှင့် စပ်ရသည်။ ဥရောပတိုက်

၁။ Burmite

တွင် ခဲမဖြူကိုခနောက်စိမ်းနှင့်စပ်၍ ရေတံခေါင်း၊ ရေသောက်ဖလားများပြုလုပ်ကြလေသည်။

ခနောက်စိမ်းကို မြန်မာနိုင်ငံတော်အရပ်ရပ်၌ တွေ့ရသည်။ ယခုအထိတွေ့ရသောအရပ်များမှာ ကျိုက္ခမီခရိုင်၊ ရှမ်းပြည်(မိုင်းရှူးနယ်၊ကျိုင်းတုံနယ်၊ မိုင်းကွမ်နယ်၊ ပင်းဘယနယ်၊ သုံးဆယ်နယ်၊ တောင်ပိုင်နယ်) မိတ္ထိလာခရိုင်၊ ထားဝယ်ခရိုင်၊ မြို့ဘ်ခရိုင်၊ သံလွင်ခရိုင်တို့ဘွင်တွေ့ရသည်။ အဆိုပါအရပ်ရပ်တို့အနက် ကျိုက္ခမီခရိုင်သပြုအရပ်တွင်တွေ့ရသောခနောက်စိမ်းတွင်းမှာ အကောင်းဆုံးဖြစ်သည်။ယင်းမြေများမှာ မဘူးဖော်ရသေးဖြစ်ပေသည်။ တနေရာတွင် အလျားပေ ၆၀၀၊အနက်ပေ ၂၀ ရှိ ခနောက်စိမ်းမြေကိုပင် တွေ့ရှိထားသည်။

ကျောက်ဂွမ်း

ကျောက်ဂွမ်းမှာ မြေထွက်သေတ္တုပင်ဖြစ်သော်လည်း ပကတိအားဖြင့် လျှော်ကဲ့သို့အမြွှင်မြွှင်နှင့်တည်ရှိနေပေသည်။ ယင်းသေတ္တုမှာ လျှပ်စစ်ဓာတ်ကို ဆောင်ယူခြင်းနည်းသည့်အပြင် အပူအအေးကိုလည်း တားမြစ်နိုင်သော သတ္တိထူးရှိပေသည်။ ထိုကြောင့် ထိုသေတ္တုကို မီးခံကိစ္စများအတွက် အထူး အသုံးပြုရသည်။ အမြွှင်ရှည်များကို ချည်ကဲ့သို့ လွန်ဆွဲ၍ ကြိုးကျစ်ခြင်း၊ ချပ်ထူလုပ်ခြင်းတို့ဌ် အသုံးပြု၍အမြွှင်တို့များကိုမူကားမီးကာသုတ်ဆေးအဖြစ် ပတ်တီးအဖြစ်သုံးရလေသည်။

ကျောက်ဂွမ်းကိုယခင်ကစစ်ကိုင်းခရိုင်တွင် တွေ့ရဘူးသည်။သို့သော် မည်သည့်အရပ်ဒေသဘွင်တည်ရှိသည်ကို အတိအကျ မစုံစမ်းရသေးဖြစ်သည်။

ဗားရိုက်စ်

ဗားရိုက်စ်ကိုခဲကျောက်များတွင် တွေ့ရသည်။ ခဘတ်ပုံကူး စက္ကူများပြုလုပ်ရာ၌ အသုံးဝင်သည်။

ဘော်တွင်း၊ ကျောက်ကပ်၊ ကျိုက္ခမီခရိုင်(သပြု) ညောင်ရွှေနယ်၊ မောဆုံရွာ၊ ကုန်လုံ၊ မန္တလေးခရိုင်အနီးစခန်း (အနီးစခန်းရှိ တွင်းတတွင်းမှ ဗားရိုက်စ်ခဘတ် တန်ချိန် ၁၆၀ ထုတ်ယူဘူးသည်။)

ဗောက်ဆိုက်

ထိုသေတ္တုမှဒန်ထွက်သည်။ အလွန်အပူပြင်းထန်စွာခံရသော မီးဖိုစက်ကြီးများကို သုတ်လိမ်းရသည်။

ရှမ်းပြည်မြောက်ပိုင်း ဟန်းနင်းအရပ်တွင်တွေ့ရသည်။

ကြွေ

ခဲ၊ ခဲမဖြူစသည့်သေတ္တုမျိုးတွင် ကြွေပ်သေတ္တုစပ်၍ကျိုလျှင် အဆိုပါသေတ္တုများ မာကျောလာသည့်ပြင် မီးရှိန်အနည်းငယ်နှင့် အရည် ပျော်လွယ်စေသည်။ ခဲစာလုံးစသည့် ပစ္စည်းများ ပြုလုပ်ရာ၌ အသုံးဝင်သည်။

ထားဝယ်နှင့် မြိတ်ခရိုင်များ၌ ဝူလ်ဖရန်သေတ္တုတွေ့သည့်မြေတွင် အတန်ငယ်စီတွေ့ရသည်။အထူးအားဖြင့် ကန်ပေါက်၊ မြောက်ချောင်း၊ ကလုံထား၊ထားဝယ်နှင့် ပလောက်တို့တွင်တွေ့ရပေသည်။

အဆောက်အအုံနှင့် လမ်းခင်းကျောက်များ

အဆောက်အအုံနှင့် လမ်းခင်းကျောက်အမျိုးမျိုးတို့ကို အောက်ပါအတိုင်းတွေ့ရသည်။

၁ နှမ်းဖတ်ကျောက် [၂] ။ ။မုပွလင်၊ ထားဝယ်၊ မြိတ်၊ ရှမ်းကုန်းမြင့်အနောက်ဘွန်း၊ စစ်ကိုင်း၊ ကသာ၊ မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနားနှင့် မြန်မာနိုင်ငံတော်အခြားဒေသများစွာတို့တွင် တွေ့ရသည်။

၂ဝံကျောက်။ ။တိုက်တာ အဆောက်အအုံ များနှင့် လမ်းခင်းရန် နှစ်မျိုးအတွက်သုံးရသည်။ ယခုအသုံးပြုနေသည့်ကျောက်မှာအထူးအားဖြင့် မုပွလင်မှရရှိသည်။ မုပွလင်မှလာသော ကျောက်သည် အကောင်းဆုံး ဖြစ်သည်ဟုဆိုသည်။ ပြည်နှင့် ပဲခူးလမ်းတလျှောက် မီးရထားလမ်းနှင့် ပဲခူးရိုးမတောင်ကြားမှလည်း ရရှိနိုင်သည်။

ထုံးကျောက် [၃] ။ ။မြန်မာနိုင်ငံတော် အရှေ့ပိုင်း မော်လမြိုင်မှ ရှမ်းပြည်မြောက်ပိုင်းအထိတွေ့ရသည်။ မြန်မာနိုင်ငံတော်အနောက်ပိုင်းတွင်မူကား အောက်မြန်မာပြည်အပိုင်း၌ အထူးတွေ့ရသည်။ မန္တလေးမြို့မြောက်ဖက်မိုင် ၃၀ ခန့်အကွာတွင်ရှိသော စကျင်တောင်မှ လှပသောစကျင်ကျောက်ဖြူထွက်သည်။

သဲကျောက် [၄] ။ ။ရှမ်းကုန်းမြေမြင့်တွင် တွေ့ရသည်။ တိုက်တာ အဆောက်အအုံအတွက် နှမ်းယော်တွင်းမှထွက်သော သဲကျောက်မှာ အကောင်းဆုံးဖြစ်သည်။ ပခုက္ကူမြို့မြောက်ဖက် ၂၅ မိုင်ကွာ ရေစကြိုမြို့နယ် တောင်ဝူရွာတွင် ခရမ်းရောင်အဝါသွေးရှိသော ကျောက်များ တူးဖော်ရရှိသည်။

၂ Granite & Gneiss ၃ Lime stone ၄ Sand stone

ဗတ်ဆော့လ်ကျောက် [၁] (ချော်နက်)

အောက်ချင်းတွင်းခရိုင် ရှားယဉ်တောင်၊ အုတ်ဖိုတောင်၊ ရွှေဘိုခရိုင် ဝက်ပြုတောင်တို့တွင် တွေ့ရသည်။ ကျောက်ဆည်၊ မန္တလေးနှင့် မိုးကုတ်နယ်များတွင်လည်း တွေ့ရသည်။

ကရိမိုက်

အများအားဖြင့် ငွေရည်သုတ်သည်ဟူ၍ငင်း၊ ဒန်ရည်သုတ်သည်ဟူ၍ငင်း ခေါ်ဆိုနေကြသော ကရိမီယမ်သေတ္တုကို ကရိမိုက်မှချက်ယူရလေသည်။ကရိမီယပ်မှာ အလွန်မာသည်။ အရည်ပျော်ခဲသည်၊ သံလိုက်ဓာတ်လုံးဝမပါ။ သာမန်လေဓာတ်ထိရုံမျှဖြင့် အရောင်အဆင်းပျက်ခြင်း၊ စားသွားခြင်းမရှိ။ အခြားသေတ္တုများနှင့်စပ်၍ ရလွယ်သည်။ အလွန်မာကျောတောင့်တင်းလျက် အရောင်ပျက်ခြင်းမရှိသောကြောင့် သံမဏိနှင့်ရောစပ်ပြီးလျှင် သံချေးမတက်သောသံမဏိအကောင်းစား ပြုလုပ်ရသည်။ သေတ္တုများကို အရည်သုတ်ရာ၌ နစ်ကယ်ဓာတ်ထက်ပင် ကောင်းသည်။ စက်မှုလက်မှ လုပ်ငန်းအတွက် အထူးပင် အရေးကြီးသည်။

သရက်ခရိုင်အတွင်း ကဒိုင်ရွာအနောက်မြောက်၊ ရခိုင်ရိုးမ၊ပခုက္ကူတောင်တန်းနယ်၊လုံးကြီးအနောက်မုံချောင်း၊မြစ်ကြီးနားခရိုင်ကာမိုင်းနယ်၊တောင်မော်မဘုတ်၊ ဗန်းမော်၊ ဝါးရွက်မော်နှင့် စန်ခတို့တွင်တွေ့ရသည်။

ကျောက်မီးသွေး

မြန်မာနိုင်ငံတွင်ကျောက်မီးသွေးကို ယခုအထိပြောပလောက်အောင် တူးဖော်လုပ်ကိုင်ခြင်းမရှိသေးသော်လည်း မြန်မာပြည်ဒေသများစွာတို့တွင် ကျောက်မီးသွေးများ တည်ရှိသည့်ပြင် အချို့အရပ်များ၌ အလွန်ကြီးကျယ်စွာ လုပ်ကိုင်ဖြစ်ထွန်းနိုင်လောက်အောင် ရှိပေသည်။

ကိုဗော့

ကိုဗော့မှာ အလွန်ပျဉ်းတွဲမာကျောရှိ နန်းဆွဲရှိရသော သေတ္တုတမျိုး ဖြစ်သည်။ ယင်းဓာတ်ကို ဓာတ်သက်သက်မသုံးဘဲ အခြားသေတ္တုများနှင့် စပ်၍သုံးရသည်။ ကိုဗော့နှင့် စပ်သော သံမဏိကိုသံလိုက်ပြုလုပ်သည့်ပြင်ဓာတ်ငွေ့နှင့်မောင်း

၅။ Ba salt

နှင့်သော စက်များ၌ အဖုံးအပိတ်ခလုတ်လုပ်ရန် အထူးအသုံးဝင်သည်။ ယင်းဓာတ်နှင့်ဆေးဆောင်စပ်ခြင်း၊ သုတ်ဆေးဖော်ခြင်းများလည်း ပြုလုပ်ရသည်။

ထားဝယ်ခရိုင် မိန်ဇာအနီးတွင်တွေ့ရသည့်ဘော်တွင်း၌ အခြားသေတ္တုများနှင့်ရောရှိ အနည်းငယ်တွေ့ရသည်။

ကိုလမ်ဗိုက်

အလွန်ရှားပါးသော သေတ္တုတမျိုးဖြစ်သည်။ ထားဝယ်စီရင်စုမြောက်ပိုင်းတွင် တွေ့ရသည်။

ကြေးနီ

စက်မှုလက်မှုဖက်တွင် သံမဏိအရေးကြီးသလောက် ကြေးနီသည်လည်း အရေးကြီးပေသည်။ စက်မှုလက်မှုဖက်တွင် ကြေးနီကို အထူးထူး အသုံးချရသည့်ပြင် အထူးအားဖြင့် လျှပ်စစ်ဓာတ်ဖက်တွင် အရေးကြီးလေသည်။ယင်းကိုကျိုက္ခမီခရိုင်၊ ကသာခရိုင်၊ ကျောက်ဆည်ခရိုင်၊ အောက်ချင်းတွင်းခရိုင်၊ မြိတ်ခရိုင်၊ မြစ်ကြီးနားခရိုင်၊ စစ်ကိုင်းခရိုင်၊ သံလွင်ခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်းနှင့် ရမည်းသင်းခရိုင်ဒေသများတွင် တွေ့ရသည်။

ကုရွန်ဒံ

ဓာတ်သေတ္တုများတွင် စိန်သည် အမာဆုံးဖြစ်ရာ စိန်နောက် ကုရွန်ဒံဓာတ်သည် အမာဆုံးဖြစ်သည်။ ယင်းဓာတ်ကို သံစသည့်အခြားသေတ္တုများနှင့် စပ်သည့်အခါ ပတ္တမြား၊ နီလာစသည့်ကျောက်မျက်ရတနာများ ဖြစ်လာလေသည်။ စက်မှုလက်မှုဖက်တွင် ယင်းဓာတ်ကိုစက်များတွင် အသုံးပြုသော ကျောက်ဆေးဖော်ရန်အသုံးပြုရသည်။ ကသာခရိုင် မိုးကုတ်နယ်တွင် အတော်အတန်တွေ့ရသည်။

ကျောက်မျက် ရတနာများ

မြန်မာနိုင်ငံသည် အဖိုးတန်ကျောက်မျက်ရတနာများ အထူးကြွယ်ဝသောနိုင်ငံဖြစ်သည်ဟု ကမ္ဘာတဝှန်းလုံး ကျော်ကြားခဲ့လေသည်။ မိုးကုတ်မြို့တဝိုက်တွင် ကျောက်မျက်ရတနာအမျိုးမျိုးတို့ရှိလေရာ ယင်းတို့မှာ ပတ္တမြား၊ နဂါးသွဲ့[၁]၊စလင်း

၁ Apatite

ပြာ[၂]၊ ခရမ်းကျောက်[၃]၊ စလင်းစိမ်း[၄]၊ ဖဲလစပါ[၅]၊ နီလာညှဉ်[၆]၊ ကျောက်ပြာ[၇]၊ ဖီနာဆိုက်[၈]၊ ဖန်ကျောက်၊ သီဟိုဠ်စိန်တို့ ဖြစ်လေသည်။ မိုးကုတ် အနီးရှိကသဲနှင့် ကျပ်ပင်တွင်းကြီးများမှာ အကြီးဆုံး ပတ္တမြားတွင်းကြီးများ ဖြစ်ကြပြီး ပဌမတန်း ပတ္တမြားထွက်လေသည်။

ဥဿဖယား

အောက်ပါဒေသများမှာ ဥဿဖယား အများဆုံးထွက်သော ဒေသများဖြစ်သည်။

ကရင်နီနယ် နမ့်မုံ
ရှမ်းပြည် မြောက်ပိုင်း
မိုးမိတ်နယ် မိုင်းနင်း
ရှမ်းပြည်မြောက်ပိုင်း
မိုင်းလုံနယ် ညောင်ထောက်နီး

ပတ္တမြား

မိုးကုတ်သေတ္တုတွင်းများအပြင် အခြားဒေသများ၌လည်း ပတ္တမြားကို တွေ့ရသေးရာ ထိုဒေသများမှာ အောက်ပါအတိုင်းဖြစ်သည်။

မန္တလေးခရိုင် စကျင်တောင်တန်း
မြစ်ကြီးနားခရိုင် နားနေဆိပ်
နန်းနွယ်မှ မြောက်ဖက်လေးမိုင်ကွာဒေသ

ရွှေ

ရွှေကိုမြန်မာပြည်အတွင်း အနှံ့အပြားတွေ့ရှိရသည်။

ဗန်းမော်၊အထက်ချင်းတွင်း၊ ကသာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြိတ်ခရိုင်၊ ဟော့(စ)ဘာရှိကျွန်း၊ ရပ်ဆယ်လ်ကျွန်း၊ မြစ်ကြီးနားခရိုင် (ဟူးကောင်းတောင်ကြား) (ဥယူမြစ်ဝှမ်း)၊ ပခုက္ကူခရိုင် မြောက်ဖက်ရှိ ဒေသများ၊ ပြည်ခရိုင်၊ ပူတာအို၊ သံလွင်ခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း၊ရှမ်းပြည်တောင်ပိုင်းစသော ဒေသများတွင် တွေ့ရလေသည်။

---

၂ Aquamarine ၄ Chrysolite ၆ Iolite ၈ Phenacite
၃ Chrysoberyl ၅ Felspar ၇ Lapislazuli

ခဲပုပ်

ခဲပုပ်ကို ခဲနက်ဟူ၍လည်းခေါ်သည်။ နေ့စဉ်ရေးသားအသုံးပြုနေကြသော ခဲတံအတွင်း၌ပါရှိသော ခဲချောင်းကို ထိုခဲပုပ်ဖြင့်ပင် ပြုလုပ်သည်။ ထို့ပြင်ခဲပုပ်ကို ပြုပြင်၍ စက်ဆီနှင့် သေတ္တာအရေကျိုသော လုံများလည်းလုပ်ရသည်။

ခဲပုပ်ကို ဟင်္သာတခရိုင်၊ မင်းဘူးခရိုင်၊ ရခိုင်ရိုးမ၊ မန္တလေးခရိုင်၊ ကသာခရိုင်၊ သပိတ်ကျင်း၊ မိုးကုတ်လမ်းရှိ ဝါးဖြူတောင်အနီး၊ ဝါးဖြူတောင်မြောက်ဖက်ကျောက်ကြီး၊ တောင်ငူခရိုင်တောင်ငူမြို့ အရှေ့မြောက်ဖက် မိုင် ၂၀ ကွာတွင် ရှိသော ကမ်းနီမြစ်အနီး၊ မြစ်ကြီးနားခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင်တွေ့ရှိရသည်။

ကျစ်ပဆမ်

ပျော့ပြောင်းဖြူဖွေးသော ကျောက်တမျိုးဖြစ်သည်။ အခြားဝတ္ထုများနှင့်စပ်ယှက်နေသည့်အခါ နီကြန်းကြန်းအရောင်ရှိသည်။ ပဲရစ်ပလက်စတားခေါ် ပုံသွန်း၍ အင်္ကျီတဖောဲစပ်ရသည်။ စိုက်ပျိုးရေးတွင် မြေပြုပြင်ရန်လည်းသုံးသည်။

သရက်ခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်၊ မကွေးခရိုင်၊ မြင်းခြံခရိုင် များကို ဖြတ်သန်း၍ တည်ရှိသော ပဲခူးတောင်စဉ်တွင်တွေ့ရသည်။

သံ

မြန်မာနိုင်ငံတွင် အမျိုးအစားညှံသည့် ဂဝံကျောက်[၁] သံနှင့် အမျိုးအစားမြင့်သော သံနှစ်မျိုးနှစ်စားကို တွေ့ရှိရရာ ဂဝံကျောက် သံများကို ကျိုက္ခမီခရိုင်၊ ကျောက်ဖြူခရိုင်၊ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်၊ ပဲခူးခရိုင်အနောက်ဖက် နယ်စပ်ရှိတောင်ရိုးပို့ိင်လာနှင့် မော်ဆုံနယ်တို့၌ တွေ့ရပြီး အမျိုးအစားမြင့်သောသံကို နေရာအနှံ့အပြားတွင် တွေ့ရသည်။

သံဒိုက်ကျောက်

သံဒိုက်ကျောက်မှာ ကြေးဝါရောင်ရှိသည်။ မာသည်။ ကျောက်မှ စက်မှုလက်မှုလုပ်ငန်းအတွက်အရေးကြီးသောဆာလ်ဖျူရစ်အက်စစ်နှင့် အိုင်းရွန်းဆာလ်ဖိတ်ဓာတ်များထွက်သည်။ ယင်းကျောက်မျိုးကို ပို့ိင်လာနယ် ရဲပုတ်နှင့်မွေတော်အရပ်များတွင်တွေ့ရသည်။

---

၁ Laterite

ကျောက်စိမ်း

ကျောက်စိမ်းမှာ (၁) ကျောက်စိမ်းအစစ်တမျိုး၊ (၂) ဆိုဒါခေတ်ပါသော ကျောက်စိမ်းတမျိုးဟူ၍ နှစ်မျိုးရှိသည်။ ဒုတိယအမျိုးအစား ကျောက်စိမ်းကို မြစ်ကြီးနားခရိုင် တောမော်၊ မိုင်းမော်၊ဗန်းမော်၊ မမ်းရှမ်းမော်၊ ပန်းတင်မော်၊ ပိမ္မချစ်၊ ကန်စီ၊ လုံးကင်၊ ဟဲ့ခ၊ ဖားကန်၊ ဟောင်ပတို့တွင် တွေ့ရသည်။ ကျောက်စိမ်း နှစ်မျိုးလုံးပင် ကျောက်မျက်ရတနာအဖြစ် အသုံးပြု ကြလေသည်။

မြေစေး

ပခုက္ကူခရိုင်၊ ရွှေဘိုခရိုင်နှင့် သထုံခရိုင်များတွင်တွေ့ရသည်။

ဒွေနှင့် ခဲ

ဒွေနှင့်ခဲကိုတောင်ပိုင်နယ်အတွင်း ဘော်တွင်း သေတ္တုမိုင်းများတွင် အများအပြားတွေ့ရှိရပြီး အောက်ပါဒေသများ၌လည်း တွေ့ရှိရသည်။

ကျိုက္ခမီခရိုင်၊ကသာခရိုင်၊ မြိတ်ခရိုင်၊ မြစ်ကြီးနားခရိုင်၊ ပုတာအို၊ သံလွင်မြစ်၊ ယွန်းဇလင်းမြစ်ဝှမ်း၊ ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ ကျောက်ဆည်ခရိုင်၊ မိတ္ထိလာခရိုင်၊ ရမည်းသင်းခရိုင်များတွင်တွေ့ရသည်။

မင်ဂင်းနီစ်

မင်ဂင်းနိစ်ခေတ်မှာ အလွန်မာဆတ်သည်။ယခုအသုံးပြုလျက်ရှိသော မင်ဂင်းနိစ်မှာ ခေတ်စစ်မဟုတ်ဘဲ တိုး၍မာလျက် သံချေးအတက်နည်းအောင် စီလီကွန် ခေတ်နှင့် ရောစပ်ထားသည်။ သံမဏိနှင့် အခြားလက်မှုလုပ်ငန်းများ အတွက် အထူးအရေးကြီးသည့်ခေတ်တပါးဖြစ်သည်။

မင်ဂင်းနိစ်ကို ကသာခရိုင်မိုးကုတ်၊ ဒယ်အို၊ မြင်းခြံခရိုင်၊ မိတ္ထိလာခရိုင်နယ်စပ် မြိတ်ကျွန်းစုရှိ ဘုရင်ကျွန်းတို့တွင်တွေ့ရသည်။

ပြဒါး

ရှမ်းပြည်နှင့် တနင်္သာရီ ခရိုင်တို့တွင် ရှိသည်ဟုသတင်းရရှိသော်လည်း တူးဖော်ရရှိသော နမူနာကို မတွေ့ရသေးပေ။

လခြေး

လခြေးမှာ ပကတိအားဖြင့် အဖြူ၊ အနီ၊ အဝါ၊ အပြာစသည့်အရောင်အမျိုးမျိုးရှိသည်။ အရောင်ဖြူကို မီးတိုင်ပြောင်း မီးဖိုတံခါးနှင့်လျှပ်စစ်ခေတ်မလိုက်အောင် ကာကွယ်သည့်ကရိယာများ ပြုလုပ်ရသည်။

ကသာခရိုင် သပိတ်ကျင်းအနီး ရင်းရော်နှင့် မြစ်ကြီးနားခရိုင် အင်းတော်မြစ်တို့တွင်တွေ့ရသည်။

မိုလစ်ဒီနမ်

မိုလစ်ဒီနမ်ခေတ်မှ စက်မှုလက်မှု လုပ်ငန်းတွင် အထူး အရေးကြီးသော ခေတ်တပါးဖြစ်ပေသည်။ သံကရိယာတန်းဆာပလာကြီးများပြုလုပ်ရေးအတွက် အထူးကောင်းမွန်သောသံမဏိမျိုးကိုရအောင်ထိုခေတ်နှင့် ရောစပ်ရလေသည်။ ကြေလုပ်ငန်းနှင့်ရာဘာလုပ်ငန်းများတွင်လည်းယင်းခေတ်ကိုအသုံးပြုရလေသည်

ယင်းခေတ်ကို တနင်္သာရီတိုင်းတွင် ခဲမှုန့် ဝူးလ်ဖရန်တို့နှင့်ရောလျက် ထားဝယ်ခရိုင် ဆုံဆင်သေတ္တုမိုင်း၊ မြောက်ပါးကုံးသေတ္တုတွင်း၊ ကတန်းတောင်သေတ္တုတွင်း၊ဝစ်ဒနီးသေတ္တုတွင်း၊ဇင်းဘားသေတ္တုတွင်းများတွင် တွေ့ရသည်။

မိုနာဇိုက်

မိုနာဇိုက်ကို ရှမ်းပြည်တောင်ပိုင်း မောင်းကုံနယ် ဝမ်းဟပလမ်းရွာအနီး စမ်းချောင်း၊ မြိတ်ခရိုင်ရွေတူးနှင့် လမောပြင်ချောင်း၊ ထားဝယ်ခရိုင်ကျန်ချောင်းတို့၌ တွေ့ရလေသည်။

နစ် ကဲလ်

နစ်ကဲလ်သေတ္တုကို ဂျာမန်ရွှေဟူ၍လည်းခေါ်ကြသည်။ အခြားသေတ္တုမျိုးပေါ်တွင် ခေတ်ရေစိမ်၍ အလှတင်ထားသည်ကို ဒွေရည်စိမ်သည်ဟူ၍လည်း ခေါ်ဆိုကြသည်။ အချို့နိုင်ငံများတွင် ယင်းသေတ္တုကို မူးစေ့၊ မတ်စေ့၊ ဒင်္ဂါးစသည့် ပိုက်ဆံပြုလုပ်သုံးစွဲကြသည်။ သို့သော် ယင်းသေတ္တုကား အရောင်တောက်ခြင်း၊ သံချေးမတက်ခြင်း၊ ပျဉ်းတွဲခြင်း၊ အပြားခတ်၍ရခြင်း တို့ကြောင့် စက်မှုလက်မှုတို့တွင် အထူးအရေးကြီးသော သေတ္တုဖြစ်သည်။ ယင်းကိုသံမဏိ၊ ကြေးနီ၊ သွပ် တို့နှင့်ရောစပ်အသုံးပြုရသည်။

မြေနီ

ထင်ရှားရာကိုလိုက်၍ မြေနီဟုအများခေါ်ကြသော်လည်း ထိုမြေမျိုးမှာ ရဲရဲနီသောအရောင်သာမဟုတ်ဘဲ ရောစပ်ပေါင်းဖက်၍ ပါဝင်သော ဓာတ်အမျိုးမျိုးကို လိုက်၍ အဝါရောင်၊ အုန်းခွံရောင်များလည်း ရှိပေသေးသည်။ ယင်းမြေနီကိုကြိတ်၍စစ်လျှင် ဆိုးဆေးများရသည်။

မြေနီကိုတာရှိရီမြေခံသောမြစ်ဝှမ်းများတွင် အနည်းအကျဉ်းတွေ့ရပြီး မြင်းခြံခရိုင်ပန်းဘဲအရပ်၌ပေပေါင်း ၃၀ ခန့်အထူရှိသော မြေနီကျင်းရှိလေသည်။

ဆီကျောက်ဖာ

ရေနံမြေလွှာကို ကျိုက္ခမီခရိုင်ကော့ကရိတ်နယ် မြဝတီရွာ ထိချားရားမြစ်ဝှမ်းမြို့တ်ခရိုင် သိမ်ကွန်းရွာနှင့် ဘုံကွန်းရွာအနီးရှိ ထော်ဖန်းရွာတို့တွင် တွေ့ရှိရသည်။

ရေနံနှင့် ရေနံဇွေ

မြန်မာနိုင်ငံတော်တွင်းထွက်ပစ္စည်းများတွင် ရေနံသည် အဖိုးအတန်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံတော်အလယ်ပိုင်း ရေနံချောင်းရှိ ရေနံတွင်းများမှာ ရေနံကို ရွေးပဝေဏီမှ စ၍ ထုတ်ယူအသုံးပြုခဲ့ကြပေသည်။

ကမ္ဘာ့သမိုင်းကိုကြည့်လျှင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်လောက်က အိန္ဒိယပြည်မှ အနောက် ရောမပြည်သို့ ကုန် ကူးသန်းရောင်းဝယ်ရေး များတွင် ရေနံကုန်များလည်း ပါဝင်ရာ ထိုရေနံမှာ မြန်မာပြည်မှ ရေနံဖြစ်သည်ဟု ပညာရှိများ ယူဆကြသည်ကို တွေ့ရပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံထွက် ရေနံသည် ရွေးပဝေဏီကပင် နိုင်ငံခြားသို့ ရောက်ရှိ ကျော်ကြား နေသည်ဟု ယူဆနိုင်ပေသည်။

ရွေးအထက်ထက်က ရေနံတွင်းများကို တိုင်းရင်းသားနည်းများဖြင့် တူးဖော်လုပ်ကိုင်ခဲ့ကြရာ ၁၈၅၁ ခုနှစ်လောက်ကစ၍ ခေတ်သစ်နည်းများဖြင့် တူးဖော်လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ကြလေသည်။ ၁၉၀၀ ပြည့်နှစ်မတိုင်မီက တနှစ်လျှင် ရေနံဂါလန် ချိန် ၃ သန်းမျှထွက်၍ ၁၉၀၃ ခုနှစ်တွင် ဂါလန်ချိန် ၈၅ သန်းအထိ ထွက်လေသည်။ စစ်မဖြစ်မီကမူကား တနှစ်လျှင်ဂါလန်သန်း ၂၅၀ ကျော်စီ ထွက်ရှိလေသည်။

ရေနံဇွေ

ရေနံဇွေကို အများအားဖြင့် "နဂါးဇွေ"ဟုခေါ်ကြသည်။ ယင်းဓာတ်ဇွေကို မြန်မာနိုင်ငံ၌ ယနေ့အထိ မသုံးရသေးသလောက် ရှိသည်။ အခြားနိုင်ငံများတွင်ကား တွင်းထွက်ဓာတ်ဇွေကို စံနစ်ကျနစွာစီမံ၍ မြို့မီးထွန်းရေး၊အိမ်မီးထွန်းရေး၊ ထင်းအစား အိမ်တွင်းမီးဖိုအတွက် အသုံးပြုရေးတို့အပြင် စက်မှုလက်မှု လုပ်ငန်းများအတွက် ကျောက်မီးသွေး၊ ရေနံများအစား စက်ကြီးများမောင်းရန် အသုံးပြုကြလေသည်။ မြန်မာနိုင်ငံ၌ ဓာတ်ဇွေကို စံနစ်တကျ အသုံးပြုပါမူ နိုင်ငံအင်အား များစွာတိုးတက်လာဖွယ်ရှိသည်။

ပလက်တီနမ် (ရွှေဖြူ)

ပလက်တီနမ်နှင့်ပြုလုပ်သော ပုတီး၊ လက်ကောက်၊ လက်စွပ်စသည့် အဆင်တန်းဆာများမှာ တန်ဖိုးအားဖြင့် ရွှေထက်ပင်အကဲရောက်လေသည်။ သို့သော် ပလက်တီနမ်ကို အလှအပဖက်၌သာမဟုတ်ဘဲ လောကဓာတ်ပညာဖက်၌ လုံလုပ်ခြင်း၊ ဓာတုဗေဒကရိယာတန်းဆာပလာများလုပ်ခြင်း၊ လောကဓာတ်ပညာဆိုင်ရာ အလေးချိန်ခွင်များ ပြုလုပ်ခြင်းတို့အတွက် အထူးပင် အရေးကြီးလေသည်။ ပလက်တီနမ်ပြာကို စက်မှု လက်မှုဖက်၌လည်း သုံးရသည်။

ရွှေဖြူကို အထက်ချင်းတွင်း ခရိုင်၊ အောက်ချင်းတွင်း ခရိုင်၊ ပူတာအို ခရိုင်များအတွင်းရှိ ဒေသများနှင့် မြစ်ကြီးနားခရိုင်၊ ကာမိုင်းနယ်ဥယူမြစ်၊ မြစ်ကြီးနားမြို့မြောက်ဖက်ရှိ ရောဝတီမြစ်ရိုး၊ ကသာခရိုင် ဝန်းသိုနယ်တို့တွင် တွေ့ရလေသည်။

ဆား

ပင်လယ်ရေငန်မှ ချက်လုပ်၍ရသောဆားအပြင် တွင်းထွက်ဆားများကိုလည်း မြန်မာနိုင်ငံအချို့ဒေသများ၌ တွေ့ရှိရပေရာ ထိုဒေသများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စစ်ကိုင်းခရိုင်-ရေခါး၊ရွှေဘိုခရိုင်-ဟန်လင်း၊သခွပ်တော၊ ဆားတောင်၊ရှမ်းပြည်မြောက်ပိုင်း-ဘော်ကြို၊ မြင်းခြံခရိုင်-ဆားကျင်း၊ ယင်းဒေသများအပြင် အထက်ချင်းတွင်း၊ ကသာ၊ ပဲခူး၊ ဟင်္သာတ၊ ပြည်၊ သရက်မြို့ခရိုင်များ၌လည်း အနည်းအကျဉ်း တွေ့ရှိရလေသည်။

ယမ်းစိမ်း

ယမ်းစိမ်းကို ရွှေဘိုခရိုင်ဒေသအမြောက်အမြား တောင်ပိုင်း ရှမ်းပြည် နမ်းတုတ်အနီး ယောက်ဆောက်နယ်၊ ရန်တောင်အနီး ပတ်ဝန်းကျင်နှင့် ရမည်းသင်းခရိုင်ယင်းတော်အနီး ပတ်ဝန်းကျင်ဒေသများတွင် တွေ့ရှိရသည်။

ဆိုဒါ

ဆိုဒါကို မိတ္ထိလာခရိုင် ဝမ်းတွင်းတွင် သဲများနှင့်ရောရှာ တွေ့ရသည်။

ကန့်ကူဆံ

ကန့်ကူကိုစစ်တွေခရိုင်ဒေသအချို့၊ မင်းဘူးခရိုင်ဆင်လမ်းအနီး ပခုက္ကူတောင်တန်းရှိသော ကန်ပက်လက်လမ်းအနီးနှင့် ရမည်းသင်းခရိုင် တောင်ပေါ် သားအရွေ့ဖက် ၂ မိုင်ရှာတွင်ရှိသော ဒေသများ၌ တွေ့ရှိရသည်။

ဆာလဖိတ်ခဲတန်နှင့် ဆာလဖိုဒ်ခဲတ် ဤနှစ်မျိုးမှာ ဆာလ်ဖျူရစ်အက်ဆစ် ခဲတ်နှင့် အခြားခဲတ်များ ရောပေါင်းဖြစ်သော ခဲတ်တမျိုးဖြစ်ပေသည်။ စက်မှုလက်မှုလုပ်ငန်းများ၌ အရေးကြီးသည်။

ဆာလဖိုဒ်ခဲတ်ကို ဘော်တွင်းတောင်ပိုင်းရှမ်းပြည် မော်ဆုံနှင့် ဘော်ဆိုင်တို့တွင် ခဲနှင့် သွပ် ဆာလဖိုဒ်[1] များနှင့် ရောရှာ တွေ့ရပြီး မြောက်ပိုင်း ရှမ်းပြည်တောင်ပိုင်းနယ်ရှိ ဟုံကြွယ်နှင့် မန်းပတ်တို့တွင် သလင်းကျောက်နှင့်ရောရှာ တွေ့ရှိရသည်။

ကန့်

ကန့်ကို ပခုက္ကူခရိုင် ကျင်းမြောက်ဖက်တွင် တွေ့ရှိရသည်။

ခဲမှုန့်နှင့် တန်စတန် (ဝူးဖရန်)

ဝူးဖရန်မှထွက်သော တန်စတန်သေတ္တာမှာ လျှပ်စစ်ဓာတ်မီးလုံးအတွင်း ထည့်သော နန်းကြိုးကလေးများ ပြုလုပ်ရန် အထူးသုံးရလေသည်။

ခဲမှုန့်တန်စတန်ကို ရှမ်းပြည်တောင်ပိုင်း ရင်ကန်းနယ်၊ မော်မိုင်းနယ်၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်၊ ကယားပြည်နယ်၊ သထုံခရိုင်၊ ကျိုက္ခမီခရိုင်၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်များတွင်တွေ့ရှိရ၏။

၁။ Zinec Sulphides

သွပ်

ဘော်တွင်းဒေသတွင်မိုင်းတွင် တွေ့ရှိရသည်။

ဤကား ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြေတွင်းမြေပြင် ပစ္စည်းများ မည်မျှကြွယ်ဝလျက်ရှိသည်ကို အကျဉ်းချုံး၍ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။ ထိုကဲ့သို့ကမ္ဘာပေါ်တွင် ပြိုင်စံရှားလှသော အဖိုးအနှဂ္ဃထိုက်တန်သည့် နိုင်ငံတော်ကြီးသည် ပြည်ထောင်စုသားတို့၏ လက်သို့ တဖန်ပြန်လည်၍ ရောက်ရှိလာခဲ့၏။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊မြန်မာ၊ရခိုင်စသော တိုင်းရင်းသားတို့သည် လွတ်လပ်ရေးတည်းဟူသော ပဌမပန်းတိုင်သို့ ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ရောက်ရှိခဲ့ကြသည်။ ထိုပန်းတိုင်မှဆက်လက်၍ ချီတက်ယင်း ဘဝဆန်တီးရေးအတွက် ပဏာမလုပ်ငန်းများကို ဆက်လက်ဖော်ပြပေအံ့။

၁။ ။လွတ်လပ်ပြီ

PDF CREATOR - NYEYADHAMMA@GMAIL.COM

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးကိုရရှိခဲ့၏။ ဖ ဆ ပ လ အဖွဲ့ချုပ်သည် အစိုးရအဖွဲ့သစ်ကို မဖွဲ့စည်းမီ ဖ ဆ ပ လ ဗဟိုအလုပ်အမှုဆောင် အဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြပေသည်။ ထိုဗဟိုအမှုဆောင်သစ်မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ သခင်နု	ဥက္ကဋ္ဌ
၂။ ဗိုလ်မှူးအောင်	ဒုတိယဥက္ကဋ္ဌ
၃။ ဦးဗဆွေ	အထွေထွေအတွင်းရေးမှူး
၄။ ဦးတင်(မြန်မာ့အလင်း)	ဌေထိန်း

အမှုဆောင်များ

၁။ ဦးကျော်ငြိမ်း	၇။ မန်းဝင်းမောင်
၂။ ဦးမြ(ဟသ်ာတ)	၈။ ဗိုလ်မှူးဖိုးကွန်း
၃။ ဦးဘကျမ်း	၉။ ဗိုလ်စိန်မှန်
၄။ ဗိုလ်လကျိာ	၁၀။ ဗိုလ်ညိုထွန်း
၅။ သခင်တင်	၁၁။ ဦးသန်းမြင့်
၆။ ဦးကိုကိုကြီး	

ညောင်ရွှေစော်ဘွားကြီး စပ်ရွှေသိုက်သည် လွတ်လပ်ရေးကျေညာသည့် ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် တိုင်းပြည်ပြုလုပ်တော် အမတ်များ၏ ရွှေမှောက်တွင် အောက်ပါအတိုင်းလူသိရှင်ကြား သစ္စာဆို၍ လက်မှတ်ရေးထိုးပြီးလျှင် နိုင်ငံတော်ယာယီသမ္မတရာထူးကို ထိုနေ့တွင် သိမ်းပိုက်ထမ်းရွက်လေသည်။

"ကျွန်ုပ်စပ်ရွှေသိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တည်မြဲအောင်ထိန်းသိမ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တကွ တရားဥပဒေတို့နှင့်လျော်ညီစွာ မိမိ၏တာဝန်ဝတ္တရားများကို ယုံကြည်လေး

မြတ် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘေးရန် အန္တရာယ် အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန် ကြိုးစားသော သတိဝီရိယဖြင့် အားထုတ်ပါမည်။ကျွန်ုပ်သည်ပြည်ထောင်စုမြန်မာနိုင်ငံ၏အကျိုးငှါ ပြည်ထောင်စုမြန်မာနိုင်ငံအား ကျွန်ုပ်၏ အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကတိသစ္စာပြုသည်။

နိုင်ငံတော်ယာယီသမ္မတသည် သခင်နုအား ပြည်ထောင်စုယာယီအစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ်ဖြင့် ထိုနေ့တွင်ပင်ခန့်အပ်လိုက်သည်။ ထိုနောက် အောက်ပါပုဂ္ဂိုလ်များအား နိုင်ငံတော်ယာယီသမ္မတသည် ပြည်ထောင်စုယာယီအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်လိုက်လေသည်။

ထိုပြည်ထောင်စု ယာယီအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှာ–

၁။ ဗိုလ်လကျိာ – ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး
၂။ ဦးတင်ထွဋ် – နိုင်ငံခြားရေးဌာနဝန်ကြီး
၃။ ဦးတင် – ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး
၄။ ဦးထွန်းမြင့် – ရှမ်းပြည်နယ်ဝန်ကြီး
၅။ စောစံဖိုးသင် – ကရင်ရေးရာဝန်ကြီး
၆။ ဆမားဒူးဝါးဆင်ဝါးနော်ဇင် – ကချင်ပြည်နယ်ဝန်ကြီး
၇။ စောဝဏ္ဏ – ကရင်နီပြည်နယ်ဝန်ကြီး
၈။ ဦးဝမ်းသူမောင် – ချင်းရေးရာဝန်ကြီး
၉။ ဦးကျော်ငြိမ်း – ပြည်ထဲရေးဌာနဝန်ကြီး
၁၀။ ဦးဘကျမ်း – တရားဌာနဝန်ကြီး
၁၁။ ဦးကိုကိုကြီး – ကူးသန်းရောင်းဝယ်ရေး၊ထောက်ပံ့ရေးနှင့်သယ်ယူပို့ဆောင်ရေးဝန်ကြီး
၁၂။ သခင်တင် – လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနဝန်ကြီး
၁၃။ ဦးမြ(ဟသ်ာတ) – အမျိုးသားစီမံကိန်းနှင့် စက်မှုလက်မှုဌာနဝန်ကြီး
၁၄။ ဗိုလ်ဖိုးကွန်း – ပညာရေး ပြည်သူ့ဝန်ထမ်းနှင့်ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး
၁၅။ မန်းဝင်းမောင် – လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အအုံနှင့် အလုပ်သမားဌာနဝန်ကြီး
၁၆။ ဦးညိုထွန်း – သတင်းနှင့်ပြန်ကြားရေးဌာနဝန်ကြီး
၁၇။ ဗိုလ်စိန်မှန် – ဌာနလက်ကိုင်မရှိဝန်ကြီး

ထိုနောက်များမကြာမီ ဦးထွန်းမြင့်အား နိုင်ငံတော်အစိုးရ စက်မှုလက်မှုနှင့် သေတ္တုတွင်းရေးဆိုင်ရာဝန်ကြီးအဖြစ် ခန့်အပ်လိုက်၍ မိုးမိတ်စော်ဘွားကြီး စော ခွန်ချိုအား ရှမ်းပြည်နယ်ဆိုင်ရာဝန်ကြီးအဖြစ် ခန့်အပ်လိုက်လေသည်။

တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များအတွက်လည်း အောက်ပါ ပုဂ္ဂိုလ်ကြီးများကို ခန့်အပ်လိုက်လေသည်။

နိုင်ငံတော်တရားဝန်ကြီးချုပ် – ဆာဘဦး
လွှတ်တော်ချုပ်တရားဝန်ကြီး – ဦးအေးမောင်
လွှတ်တော်ချုပ်တရားဝန်ကြီး – ဦးကျော်မြင့်
လွှတ်တော်တရားဝန်ကြီးချုပ်အဖြစ် ဦးသိမ်းမောင်ကိုခန့်အပ်၍ လွှတ်တော် တရားဝန်ကြီးများအဖြစ် ဦးထွန်းဖြူ၊ ဦးအုန်းဖေ၊ ဦးသောင်းစိန်၊ ဦးစံမောင်၊ ဦးအောင်သာကျော်၊ ဦးဘိုကြီးတို့အား ခန့်အပ်လေသည်။

နိုင်ငံတော်ရှေ့နေချုပ်အဖြစ် ဦးချန်ထွန်းအားခန့်အပ်၍ နိုင်ငံတော် စာရင်းစစ်ချုပ်အဖြစ် ဦးစံလွင်အားခန့်အပ်လိုက်လေသည်။

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ မွန်းတည့်မီအချိန်မှစ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲမှု တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းမှ ရပ်စဲစေပြီးနောက် တိုင်းပြည်ပြုလွှတ်တော်ကို ယာယီပါလီမန်ဟူ၍ ခေါ်တွင်စေလိုက်၏။

လွှတ်လပ်ရေးအောင်ပွဲ အခမ်းအနား

မြန်မာနိုင်ငံတော်လွှတ်လပ်ရေးအောင်ပွဲ အခမ်းအနားတွင် ပါဝင်ဆင်နွှဲရန် အတွက် နံနက် ၄ နာရီအချိန်တွင် တိုင်းပြည်ပြုလွှတ်တော်မျက်နှာစာရှိ အလံတိုင်၏ ရင်ပြင်မြက်ခင်း၌ နိုင်ငံတော် ယာယီသမ္မတကြီး စောရွှေသိုက်သည် ကိုယ်ရံတော် ဗိုလ်များဖြစ်ကြသော ကာနယ်မြင့်သိန်း၊ ကာနယ်ထင်စီ၊ ထို့ပြင် အတွင်းဝန် ဦးရွှေဘော်၊ အိမ်တော်ဝန် ဦးစံဖေတို့နှင့်အတူ ကြွရောက်လာပြီးသည့်နောက် ယာယီအစိုးရဝန်ကြီးချုပ်၊ ယာယီ ပါလီမန်၊ (တိုင်းပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌ၊ ယာယီအစိုးရ ဝန်ကြီးများနှင့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ်၊ မဟာမင်းကြီးများ၊ နိုင်ငံခြား အထူးသံတမန်များ၊ ဖ ဆ ပ လ အမှုဆောင်လူကြီးများ၊ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) အမတ်များ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အကြီးအကဲများ၊ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) အရာရှိများ၊ တိုင်းမင်းကြီးများ၊ ရာထူးဝန်အဖွဲ့

ဥက္ကဋ္ဌနှင့် ရာထူးဝန်များ၊ အစိုးရဌာနအကြီးအကဲများ၊ အတွင်းဝန်များ၊ ဒေသန္တရ အဖွဲ့ကိုယ်စားလှယ်များ၊ ရွှေနေရွှေရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုန်သည်ကြီး အသင်းဂေးသင်းမှကိုယ်စားလှယ်များ၊ နေပြည်တော် ရာဇဝတ်ထရားသူကြီးများ၊ ကျော်စောကီတို့ရှိသော အခြားဧည့်သည်များ ရောက်ရှိစုရုံးလျက်ရှိကြလေသည်။

လွှတ်တော်၏ မျက်နှာစာ အရွှေဖက်တွင် ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) အမတ်များ၊ လွှတ်တော်ဆင်ဝင်ရွှေတွင် ယာယီအစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဆင်ဝင်အောက်တွင် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများ၊ ဆင်ဝင်၏ဝဲယာတွင် နိုင်ငံခြားကိုယ်စားလှယ်တော်များနှင့် အစိုးရ အရာရှိ ကြီးငယ်များနှင့် လူမျိုးပေါင်းစုံ ကိုယ်စားလှယ် ဧည့်သည်တော်များအား အသီးအသီး နေရာချထား၏။

ထိုအချိန်တွင် စည်တော်ရွှမ်းလျက်ရှိ၏။

လွှတ်တော်မျက်နှာစာ၏ အရွှေဖက်ထောင့်တွင် ဗမာ့တပ်မတော်၊ မျက်နှာစာ ရွှေတွင်ဗမာ့ရေတပ်၊ဗမာ့လေတပ်၊သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ ဗမာနိုင်ငံတော် လက်နက်ကိုင် ပုလိပ်အဖွဲ့များကို အသီးအသီးနေရာချပေးထားလေသည်။

နိုင်ငံတော် ယာယီသမ္မတကြီးသည် အဆောင်အယောင်နှင့် လွှတ်တော်ဆင်ဝင် ရွှေသို့ ထွက်လာသည်တွင် စည်တော်သံ ရပ်စဲသွားလေသည်။

သမ္မတကြီးသည် ပီးအဖြူရောင် ရွှေချည်ထိုးဘောင်းကိုဆင်ယင်လျက် ပီးသို့ ရင်းဖြူနှင့် စကားဝါနုရောင် ရွှေချည်ထိုးပုဆိုး တောင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ခန့်ခန့်ညားညား ဆင်မြန်းထား၏။

ယာယီအစိုးရ ဝန်ကြီးချုပ်သခင်နုမှဘကား ခေါင်းပေါင်းပန်းရောင်၊ မန္တလေး တောင်ရှည်ပန်းရောင်၊ ပီးရင်ဖုံးအင်္ကျီအဖြူကို ဝတ်ဆင်ထားလေသည်။

ရေတပ်၊ ကုန်းတပ်မှစစ်ဗိုလ်ကြီးများက ရွှေဆောင်၍ သမ္မတကြီးသည် ဗမာ့တပ်မတော်၊ ဗမာ့ရေတပ်၊ ဗမာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်နှင့် ဗမာ့လက်နက်ကိုင် ပုလိပ်အဖွဲ့များကို တတပ်ပြီးတတပ် လှည့်လည် ရှုစားလေသည်။ ထိုအချိန်တွင် ကရင်အမျိုးသားတပ်က ဘင်ခရာတီးမှုတ်လေသည်။

ပါလီမန်လွှတ်တော်ရွှေရှိ အလံတိုင်ပေါ်မှ ဗြိတိသျှတို့၏ယူနီယံဂျက်အလံမှာ နံနက်ခင်းအချိန် တသုံ့သုံ့တိုက်ခတ်လျက်ရှိသော ဆောင်းလေအေးကြောင့် တဖျတ်ဖျတ်လှုပ်ရှားလျက်ရှိနေလေသည်။

နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ကြွရောက်လာသော ပရိသတ်အားလုံး ငြိမ်သက်စွာနေကြရန် မီးရောင်ပြ၍ အချက်ပေးလိုက်၏။

အလံတိုင်အရှေ့ ဖက်နှင့် အနောက်ဖက်တွင် အသီးအသီးရပ်နေကြသော ဗာမင်ဟမ်စစ်သင်္ဘောမှအရာရှိနှစ်ဦးနှင့် ဗမာ့ရေတပ်မှ ဗမာ့အမျိုးသားရေတပ်အရာရှိနှစ်ဦးတို့သည် အခါတော်ကြား အမြောက်သံကို နားစွင့်လျက်ရှိကြ၏။

နံနက် ၄ နာရီ မိနစ် ၂၀ ဟိတိအချိန်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော ဗာမင်ဟမ်စစ်သင်္ဘောကြီးမှ အခါတော်ကြား အမြောက်များ ပစ်ဖောက်လိုက်သည်နှင့်တပြိုင်နက် ကရင်ဘင်ခရာအဖွဲ့က ထုံးစံအတိုင်းတီးမှုတ်၍ ဗြိတိသျှရေတပ်ဗိုလ်တဦးက ဗြိတိသျှယူနီယံဂျက်အလံကို တဖြည်းဖြည်းဆွဲချလေသည်။ ထိုအချိန်တွင် အင်္ဂလိပ်ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများ၊ သင်္ဘောဥဩသံများ၊ သေနတ်ဖောက်သံ၊ မီးအိုးဗျောက်အိုးသံများ တမ်ဗူလုံးခြိမ့်ခြိမ့်အုံးမျှ ဆူညံသွားလေသည်။ မီးကျည်မီးပန်းများလည်း ကောင်းကင်တွင် ရွှမည်းအောင် ထိန်လင်းနေပေတော့သည်။

ဗြိတိသျှယူနီယံဂျက်အလံကို ချပြီးသည်နှင့်တပြိုင်နက် ဗမာ့ရေတပ်မှ အရာရှိစောချစ်စိန်၏လက်တွင်းမှ ပြည်ထောင်စု ဗမာ့အလံတော်ကြီးသည် တိုးထွက်လျက် တိုင်ထိပ်သို့ တဖြည်းဖြည်းတက်သွားလေသည်။ ထိုအချိန်တွင် စစ်တီးဝိုင်းမှ အမျိုးသားသီချင်းသံသည် မင်္ဂလာအပေါင်းနှင့် ငြိမ့်ငြိမ့်လေးလေး ပေါ်ထွက်လာလေသည်။ အလံတော်ကြီးသည် တိုင်ထိပ်သို့ရောက်သည်နှင့်တပြိုင်နက် ပုဏ္ဏားတော်များသည်ခရွသင်းများကို တီးမှုတ်ကာ ဆိုင်ရာတပ်ဖွဲ့အသီးအသီးနှင့် မင်းပရိသတ်အပေါင်းတို့သည် အလံတော်ကို အလေးပြုကြ၏။စည်တော်သည်လည်း ရွှမ်းလျက်ရှိ၏။

ထို့နောက် နံနက် ၄ နာရီ မိနစ် ၄၀ အချိန်တွင် အထက်ဖော်ပြပါ ပရိသတ်အပေါင်းတို့သည် အစီအစဉ်အတိုင်း ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ခန်းမကြီးထဲတွင် စုရုံးကြလေသည်။

ပရိသတ်စုံညီ ရောက်ရှိလာပြီးသည့်နောက် ၄ နာရီ ၄၅ မိနစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီး စောရွှေသိုက်သည် နိုင်ငံတော် ဝန်ကြီးချုပ်သခင်နု၊ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌကြီး ပျော်ဘွယ်ဦးမြတို့နှင့် အတူ လွှတ်တော်ခန်းမကြီးသို့ ဝင်လာရာ ပရိသတ်အပေါင်းတို့က မတ်တတ်ရပ်၍ အလေးပြုကြ၏။

လွှတ်တော်ခန်းမကြီးတွင် ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးသော ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံကြီးများမှာလည်း “ငါတို့ ချထားသော လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်လေစွ” ဟူ၍ ကောင်းချီး ထောမနာပြုလျက် ပရိသတ်များအား ကြည့်နေသကဲ့သို့ရှိ၏။ လွှတ်တော်ခန်းမကြီးအတွင်း၌

မြန်မာရွှေပြားကုမ္ပဏီများကဏ္ဍ၊ နိုင်ငံခြားရွှေပြားကုမ္ပဏီများကဏ္ဍ လျှပ်စစ်လက်သက်သို့ တဖျတ်ဖျတ်နှင့် ရိုက်ကူးကြ၏။

သမ္မတကြီးသည် စင်မြင့်ပေါ်တွင် နေရာယူပြီးနောက် သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကျေညာလိုက်သည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်ဖြစ်ကြောင်း ကျေညာလိုက်ရာ တခဲနက်ဩဘာပေးကြလေသည်။

ထို့နောက် လွှတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် အသက်စွန့်လှုတ် သွားကြရှာသော သူတို့အား သတိရသောအထိမ်း အမှတ်ဖြင့် ၂ မိနစ်ငြိမ်သက်နေကြ၏။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုသည် အောင်စေသတည်း အစချီသော လွှတ်လပ်ရေးကျေညာစာတမ်းကို ဖတ်ကြားပြီး ဦးကျော်မြင့်ကလေးတိုင်ပေးသော နိုင်ငံတော်သီချင်းကို စုရုံးရောက်ရှိလာကြသော ပရိသတ် အပေါင်းတို့က သီဆိုကြလေသည်။

နိုင်ငံတော်သီချင်း သီဆိုအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာထူးဆိုင်ရာ ကျမ်းသစ္စာနှင့် လျှို့ဝှက်ရန်ကျမ်းသစ္စာများကို ကျိန်ဆိုလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးချုပ်သခင်နုအား ဌာနဆိုင်ရာ တံဆိပ်တော်ကို အပ်နှင်းလေသည်။

ဝန်ကြီးချုပ်သခင်နုက လွှတ်လပ်ရေးနေ့မိန့်ခွန်းစကားကို မြွက်ကြား၏။

ဝန်ကြီးချုပ် သခင်နု၏ လွှတ်လပ်ရေးနေ့ မိန့်ခွန်း

ဒီနေ့ဟာ ကျွန်တော်တို့ပြည်ထောင်စု ဗမာနိုင်ငံသားများရဲ့ လွှတ်လပ်ရေးနေ့ပါဘဲ။ဒီနေ့ဟာဖြင့် ကျွန်တော်တို့အဖို့မှာ အလွန်တရာထူးတဲ့မြတ်တဲ့ နေ့ထူးနေ့မြတ်ကြီးပါဘဲ။ ဒီလိုနေ့မျိုးမှာဆိုယင် ကျွန်တော်တို့ ဘာတွေကို တွေးတောအောက်မေ့မိမှာလဲ။ကိုယ့်နိုင်ငံအကြောင်းကို ပြန်ပြောင်းအောက်မေ့ဖို့သာရှိတာဘဲ။ ကိုယ့်နိုင်ငံအကြောင်းဆိုလို့တော့ သာယာဝပြော စည်ပင်တဲ့ ကျွန်တော်တို့ရဲ့ ဗမာနိုင်ငံကြီးရဲ့အကြောင်းဘဲဆိုပါတော့။

မြန်မာအစ တကောင်းကဆိုသလို တကောင်းအဘိရာဇာဟာ မြန်မာနိုင်ငံကို လက်မွန်အစ တည်ထောင်ပြီးတဲ့နေ့ကစပြီး ကျွန်တော်တို့ရဲ့ ခေတ်အထိ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီမဟုတ်လား။ အဲဒီလိုကြာမြင့်ခဲ့တဲ့ နှစ်ပေါင်းများစွာ အတောအတွင်းမှာ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးဟာ ရာဇဝင် လမ်းစဉ်တလျှောက်မှာ

တမျိုးပြီးတမျိုး ပြောင်းလဲလာခဲ့တာဘဲ။ ပဌမတကောင်းကို တည်ထောင်လိုက်တယ်။ နောက်သရေခေတ္တရာ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ပြောင်းလဲလာလိုက်တာ နောက်ဆုံး ကုန်းဘောင်ခေတ် ရောက်တော့မှ မြန်မာနိုင်ငံသားတွေဟာ တစုတရုံးပေါင်းစည်းမိပြီး အရှေ့အာရှ တခွင်မှာ အင်ပါယာနိုင်ငံကြီးတခုကိုပင် ထူထောင်နိုင်ခဲ့ပါတယ်။

အဲဒီလို အင်ပါယာနိုင်ငံ ထူထောင်တဲ့ ခေတ်ထဲမှာဘဲ မြန်မာပြည်ကြီးဟာ ဇာတာညှိုးပြီး ကြိုဟ်ဆိုးမွေခဲ့တယ်။ ဗြိတိသျှတို့နှင့် စစ် ၂ ကြိမ်ဖြစ်ပြီး အောက်မြန်မာနိုင်ငံဆုံးရှုံးခဲ့ရတယ်။ နောက်တတိယအကြိမ် စစ်ဖြစ်ပြန်တော့ မြန်မာနိုင်ငံရဲ့ အချုပ်အချာ အာဏာဟာလုံးဝပျက်သုဉ်းပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့တာဘဲ။ ဒါပေမဲ့လဲ လွတ်လပ်ရေးဆုံးခါစကဆိုလျှင် ဆုံးသွားတဲ့လွတ်လပ်ရေးကို အရယူမယ်ဆိုပြီး နိုင်ငံကိုချစ်တဲ့ နိုင်ငံချစ်ပဂ္ဂိုလ်တွေဟာ လွတ်လပ်ရေးအတွက် ရာလိုက် ထောင်လိုက်ချီပြီး သွေးရောမျက်ရည်ရော ဒလဟောသွန်ပြီးစွန့်ခဲ့ကြတယ်။ ဒီလိုစွန့်လာလိုက်ကြတာဟာ အခုကျွန်တော်တို့ခေတ် ဂျပန်ရန်သူကို တော်လှန်တဲ့အချိန်အထိဘဲ။ အားလုံးသိကြတဲ့အတိုင်းဘဲ။ တော်လှန်ရေးဆိုတဲ့လမ်းစဉ်ကြီးမှာဆိုယင် လွတ်လပ်ရေးအတွက်ဟဲ့ဆိုပြီး သွေးချောင်းစီးရတဲ့လူတွေလဲ ဒုနဲ့ဒေးဘဲ။ ကိုယ်လက်အင်္ဂါ ပျက်စီးကြရတဲ့လူတွေလဲ ဒုနဲ့ဒေးဘဲ။ အနှိပ်အစက်အမျိုးမျိုးခံကြရတဲ့လူတွေလဲ ဒုနဲ့ဒေးဘဲ။ ထောင်သွင်းအကျဉ်းခံရတဲ့လူတွေလဲ ဒုနဲ့ဒေးဘဲ။ နောက်ဆုံး လွတ်လပ်ရေးဆိုတဲ့ ယဇ်ပလ္လင်မှာ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါဝန်ကြီးများဟာ သွေးနဲ့ပူဇော်သွားကြရရှာတယ်။

အဲဒီလို ခေတ်အဆက်ဆက်မှာ လွတ်လပ်ရေးအတွက် သေမင်းနဲ့ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်တိုက်ခိုက်ပြီး ကျဆုံးသွားကြတဲ့ ကြီးငယ်မဟူ ကျား-မ မရွေး ပဂ္ဂိုလ်အားလုံးရဲ့ပယောဂကြောင့် ကျွန်တော်တို့တတွေဟာ ဒီနေ့ဒီအချိန်ကစပြီး လွတ်လပ်ရေးဆိုတဲ့ဆုထူးဆုမြတ်ကို ပန်ဆင်နိုင်ကြရတယ်။ ဒီတော့လွတ်လပ်ရေးဟာ ဒီပဂ္ဂိုလ်တွေရဲ့ကျေးဇူးဘဲ။ ဒီနေ့လိုနေ့မျိုးမှာ ဆိုယင် ဒီပဂ္ဂိုလ်တွေရဲ့ကျေးဇူးကို ကျွန်တော်တို့ မတွေးတော၊ မအောက်မေ့ဘဲ မနေနိုင်ဘူး။ တွေးမိရမှာဘဲ။ အောက်မေ့မိရမှာဘဲ။ ဒီနေ့မှာဆိုယင် နေဝန်းမထွက်မီ ရောင်နီပေါ် ခါစကတဲက ဒီပဂ္ဂိုလ်တွေရဲ့ကျေးဇူးကြောင့် မြန်မာပြည်ကြီးဟာ အချုပ်အချာအာဏာပိုင် လွတ်လပ်သော သမ္မတနိုင်ငံဖြစ်လာခဲ့တယ်။ နောင်အနာဂတ်အတွက်မှာ ဆိုယင် ကျွန်တော်တို့မြန်မာနိုင်ငံသား များဟာ ကျွန်တော်တို့ရဲ့အလိုဆန္ဒအတိုင်း ကျွန်တော်တို့ရဲ့ နောင်ရေးကို ကျွန်တော်တို့ ပြုပြင်ဖန်တီး သွားနိုင်ပြီ။

ကျွန်တော်တို့ဟာ အတိတ်ခေတ်က လွတ်လပ်ရေးဆုံးရှုံးခဲ့ပေမဲ့ ဂုဏ်မညှိုးခဲ့ပါဘူး။ နိုင်ငံရေးအရ လွတ်လပ်မှုမခံစားရခင်ကပင် ကျွန်တော်တို့ဟာမိမိတို့ရဲ့ ယဉ်ကျေးမှုနဲ့ မိမိတို့ရဲ့ အစဉ်အလာတရားတို့ကို ဖောက်ဖျက်ခဲ့တဲ့ လူတွေမဟုတ်ပါဘူး။ အခုအခါမှာဆိုယင်ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုတွေ၊အစဉ်အလာတရားတွေကို ကျွန်တော်တို့လူမျိုးရဲ့လူမျိုးဗီဇဥာဏ်နဲ့ တိုးတက်ကြီးပွါးအောင် ဆောင်ရွက်ကြမှာဘဲ။ ဗြိတိသျှတို့ဟာ ကျွန်တော်တို့ကို စိုးမိုးအုပ်ချုပ်ခဲ့ကြပေမဲ့ အခု ကျွန်တော်တို့ဟာ သူတို့ရဲ့လက်ကခဲ့ထွက်နိုင်ခဲ့ကြတယ်။ဒီလိုခဲ့ထွက်ခဲ့ပေတဲ့လဲ ကျွန်တော်တို့နဲ့ ဗြိတိသျှ ၂ ဦး ၂ ဖက်စလုံးဟာ တဦးအပေါ် တဦး ပျက်ဖို့ရန်ညှိုးထားခြင်းမရှိခဲ့ပါဘူး။ အချစ်အကြည်မပျက် ခဲ့ထွက်ခြင်းသာ ဖြစ်ပါတယ်။ ဒီနေ့လွတ်လပ်ရေးရတဲ့ နေ့မှာဆိုယင် ကျွန်တော်တို့တတွေဟာ လွတ်လပ်ရေးကိုသာရတာမဟုတ်ပါဘူး။ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကိုပါ ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆုဇဝင်အတိတ်ခေတ်ကဆိုယင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ အမျိုးသားတွေဟာ အချင်းချင်းတိုက်ခိုက်ရန်မူတာဘဲကြပါတယ်။ဗြိတိသျှလက်အောက်ရောက်ပြန်တော့ သွေးခဲ့စံနစ်ဆိုတဲ့ စံနစ်ဆိုးကြီးပေါ် လာတယ်။ ဒီစံနစ်ဆိုးကြီးပေါ် လာတော့ ကျွန်တော်တို့ရဲ့သွေးထူသားတူ အမျိုးသားတိုင်းရင်းသားတွေဟာ တဦးနဲ့တဦး တဖက်နဲ့တဖက် စိမ်းကားခဲ့ကြရပါတယ်။ အခုဆိုယင် အချင်းချင်း ရန်မူခဲ့တာတွေ အချင်းချင်း စိမ်းကားခဲ့ကြတာတွေဟာ အားလုံး ကုန်ဆုံးပျောက်ပျက်သွားကြပြီး မွန်၊ မြန်မာ၊ ရခိုင်အမျိုးသား၊ ကရင်အမျိုးသား၊ ရှမ်းအမျိုးသား၊ ကချင်အမျိုးသား၊ ချင်းအမျိုးသားဆိုပြီး ကိုယ့်အမျိုးသားအလိုက် ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ်နေကြပေတဲ့လဲ ဒီအမျိုးသားတွေဟာ စုပေါင်းပြီး တနိုင်ငံသား တပြည်ထောင်သားရယ်လို့ ကမ္ဘာမှာ ထင်ထင်ရှားရှားဖြစ်လာတာဟာ အခုမျက်မြင်ဒိဋ္ဌဖြစ်ပြီ။ ဒါတင်မကသေးဘူး။ ကျွန်တော်တို့ အမျိုးသား အားလုံးဟာ အလံတော်တမျိုးတည်းကို လွှင့်ထူပြီး ကျွန်တော်တို့အားလုံး သဘောတူတင်မြှောက်တဲ့ ပြည်ထောင်စုနိုင်ငံတော် အထွတ်အထိပ် သမ္မတကြီးရဲ့ဩဇာ အာဏာကို ညောင်းတော့မယ်ဆိုတဲ့ဟာလဲ မျက်မြင်ဒိဋ္ဌဖြစ်ပြီ။ ဒီနေ့ ကျွန်တော်တို့ရဲ့လက်ထဲကို ရောက်လာတဲ့ လွတ်လပ်ရေးကြီးဟာ အစဉ်ထာဝရ ခိုင်မြဲတည်တံ့ပါစေ။ လွတ်လပ်ရေးနဲ့အတူရရှိလာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြီးဟာလဲ အစဉ်ထာဝရ ခိုင်မြဲတည်တံ့ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။

ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံသားတွေဟာ ဒီနေ့ကစပြီး လွတ်လပ်ရေးထောက်ရပြီ။ ဒါပေမဲ့ ကမ္ဘာ့အခြေအနေက တော့ဖြင့် စစ်ရိပ်စစ်ငွေ့တွေ သန်းနေ

သလိုလိုဘဲ။ ဒီတော့ကျွန်တော်တို့ရတဲ့ လုတ်လပ်ရေးဟာ စစ်ရိပ်စစ်ငွေ့သန်းနေသလိုလိုရှိတဲ့အခါမှာ ရတဲ့လုတ်လပ်ရေးလို့ဆိုရမှာဘဲ။ဒါပေမဲ့ စိတ်ပျက်အားငယ်ဖို့မရှိပါဘူး။ တဖက်က စစ်ရိပ်စစ်ငွေ့သန်းနေသလိုလိုရှိပေမဲ့ တဖက်ကလဲ အားတက်စရာတွေ အများကြီးရှိပါသေးတယ်။ ကျွန်တော်တို့တတွေဟာ အခုကမ္ဘာ့ခေတ်သစ်နဲ့ ကြုံကြိုက်နေပါတယ်။ ခေတ်သစ် သဘောတရားဝါဒတွေနဲ့ ကြုံကြိုက်နေပါတယ်။ ပြည်ထောင်အချင်းချင်း-ရင်းရင်းနှီးနှီး ဆက်ဆံဆောင်ရွက်နေတဲ့စံနစ်နဲ့ ကြုံကြိုက်နေပါတယ်။ လောကဓာတ် သိပ္ပံပညာ၏ တန်ဖိုးအစွမ်းကို စိုးမိုး အသုံးချနိုင်တဲ့ခေတ်နဲ့ကြုံကြိုက်နေပါတယ်။တကယ်လို့သာ ကျွန်တော်တို့လူသားတွေဟာ စစ်မက်ဆိုတဲ့ အကျင့်ဆိုး အလေ့ဆိုးကြီးကို ဖျက်ပစ်နိုင်မယ်ဆိုယင် လောကနိဗ္ဗာန်ကြီး အလိုလိုပေါ် ပေါက်လာမှာ အမှန်ဘဲ။

ဒီနေ့ဟာ မြန်မာပြည်အတွင်း မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ အားလုံး အတွက်ဆိုယင် ရွှင်လှိုမဆုံး အားရလှိုမဆုံး၊ ပျော်လှိုမဆုံးတဲ့ နေ့ထူးကြီးပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ လုတ်လပ်ရေးဆုကြီးကို ရလို့ဘဲ။ ဒီလိုရအောင်လဲ လူမျိုးမရွေး၊ လူတန်းစားမရွေး အသက်စွန့်ပြီး အားထုတ်ကြိုးပမ်းခဲ့ကြလို့ဘဲ။ အချုပ်ကို ဆိုရယင်လူထုကြီးနှိုးကြားလာပြီး လူထုကြီးကိုယ်တိုင် လှုံ့လဲဓိရိယ ထုတ်ခဲ့ကြလို့ဘဲလို့ဆိုချင်ပါတယ်။ဒီနေ့ဟာ ရွှင်ဖို့အားရဖို့ ပျော်ဖို့သက်သက်အတွက်သာ မဟုတ်ပါဘူး။ လေးလေးနက်နက် ဆင်ခြင်စဉ်းစားဖို့လဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့အားလုံးရဲ့ လှုံ့လဲဓိရိယနဲ့ တကယ့်အလုပ်တကယ့်လုပ်ငန်းဟာ ဒီနေ့ကစပြီးလုပ်ကြဖို့လိုပါတယ်။ စစ်ကြောင့် ပြာပုံဘဝကိုရောက်ခဲ့ရတဲ့ အခြေအနေကို ဇွဲကောင်းကောင်းနဲ့ ပြန်လည်ထူထောင်ဖို့လိုပါတယ်။ စက်မှုလက်မှုလုပ်ငန်းတွေကို ပြန်တည်ဆောက်ဖို့လိုပါတယ်။ နိုင်ငံအုပ်ချုပ်ရေး ယန္တရားကြီးကိုပင် ပြင်တန်လျှင် ပြင်ဖို့လိုလိမ့်မယ်။ နိုင်ငံဝန်ထမ်း အလုပ်ဟူသမျှကို အားတိုက်ခွန်တိုက် လုပ်ကြဖို့လိုပါတယ်။ဒီလိုလုပ်နိုင်မှ မြန်မာနိုင်ငံကြီးဟာ တန်ခိုးအာဏာ ဩဇာတိက္ကမနဲ့ပြည့်စုံနိုင်မယ်။ ဒါကြောင့် လူတိုင်း လူတိုင်း ယောကျ်ားမိန်းမမဟူ ငယ်ရွယ်သူပါမကျန် ဒီနေ့မှာ အဓိဋ္ဌာန်ပြုအပ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် ကြိုးစားမယ်။ ပေးသမျှတာဝန်ကို ထမ်းဆောင်မယ်လို့ အဓိဋ္ဌာန်ပြုအပ်ပါတယ်။

နောက်တချက် ကျွန်တော်ပြောလိုတာကတော့ ကျွန်တော်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ်ဖြင့်ငင်း၊ နိုင်ငံတော်၏ အကျိုးကို ရွေ့ဆုံးကနေပြီး ထမ်းရွက်တဲ့အမှုထမ်း အဖြစ်ဖြင့်ငင်း၊ မြန်မာနိုင်ငံတော်၏ ကိုယ်စား ပြည်ထောင်ချင်းချင်းဖြစ်သော အခြားနိုင်ငံများအား မေတ္တာစကားပြောလိုပါတယ်။

ကျွန်တော်တို့ဟာ နိုင်ငံခြားများနှင့် အစဉ်ထာဝရ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေလိုပါတယ်။ ကြည်ကြည်သာသာဆက်ဆံလိုပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံခြားများအား မေတ္တာပို့သဘျက်ရှိပါတယ်။ မွန်မြတ်၍ တိုးတက်ကောင်းမွန်သော ကမ္ဘာ့အိမ်ထောင်ကို ဖန်တီးသော လုပ်ငန်းအရပ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ရန် အားထုတ်ပါမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး လူသတ္တဝါခပ်သိမ်း၏ ငြိမ်းချမ်းရေးကိုလဲ အမြဲလိုလားတောင့်တပါတယ်။ ထို့ငြိမ်းချမ်းရေးဘို့ကို ရရှိအောင်လဲ အားထုတ်ပါမယ်။မလုတ်လပ်သေးတဲ့နိုင်ငံများကိုလဲအထူးမေတ္တာစကားပြောကြားလိုပါတယ်။ ကျွန်တော်တို့ယခုရရှိတဲ့ လုတ်လပ်ရေးမျိုးကို မလုတ်လပ်သေးသော ထိုထိုသော နိုင်ငံများလဲ မကြာချက်ခြင်း ရကြပါစေသောဝ်လို့ ဆုတောင်းပါတယ်။ ယခုအခါ လုတ်လပ်ရေးအတွက် ကြိုးပမ်းရန် မလိုတော့တဲ့ မြန်မာနိုင်ငံဟာ လုတ်လပ်ရေးအတွက်ကြိုးပမ်းနေရသေးတဲ့ နိုင်ငံများအား ကိုယ်ချင်းစာနာ သက်ညှာပါတယ်။ ကမ္ဘာပေါ် ရှိနိုင်ငံအားလုံး လုတ်လပ်ကြပါစေသောဝ်လို့ အထူးလိုလားတောင့်တပြီး ဆုတောင်းပါတယ်။

သစ္စာအဓိဋ္ဌာန် ကိုးချက်

ထိုနေ့၌ပင် ကျင်းပသောလုတ်လပ်ရေး မော်ကွန်းကျောက်တိုင် အုတ်မြစ်ချအခမ်းအနားတွင် ဖဆပလ ဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ကိုးချက်ကို တိုင်ပေး၍ လူထုကြီးက စိတ်အားထက်သန်စွာ လိုက်ဆိုခဲ့ရသည်။

၁။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့အားလုတ်လပ်သော လမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း တသဝေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့၏ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီး၏ ဘစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည်ဤနေ့ဤအချိန်မှစ၍ လုတ်လပ်သော နိုင်ငံတော်သားတို့၏ မွန်မြတ်သောအခွင့်အရေးကို ခံယူသည့်နည်းတူ လုတ်လပ်သောနိုင်ငံတော်သားတို့၏ တာဝန်ဝတ်တရားများကိုလည်း မတိမ်းမငဲ့ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်

"မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးတည်းဟူသော မိမိလိုလားတောင့်တနှစ်သက်အပ်သော ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိသည့် ဤနေ့၌ ကျွန်ုပ်နှင့် ပြိတိန်နိုင်ငံရှိ ဘုရင့်အစိုးရအဖွဲ့ဝင် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များက မြန်မာနိုင်ငံတော်ယာယီအစိုးရနှင့် မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား အပေါင်းတို့ထံသို့ ကျွန်ုပ်တို့၏ ဝမ်းမြောက်ရွှင်လန်းသော နှုတ်ခွန်းဆက် စကားများနှင့် ကောင်းမြတ်သော စေတနာ မေတ္တာဘာဝများကို ပေးပို့ပါကြောင်း။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အာရှတိုက်နှင့် ကမ္ဘာကြီးတခုလုံး၏ ပျော်ရွှင်ငြိမ်းချမ်းရေးအတွက် မိမိတို့ဆိုင်ရာ ဖြည့်တင်းမှုကို ပြုလိမ့်မည်ဟု ကျွန်ုပ်တို့ကယုံကြည်ပါကြောင်း။"

ထို့အပြင်အိန္ဒိယနိုင်ငံတော်ဝန်ကြီးချုပ် ပဏ္ဍာစ်နေရူး၊ ဒုတိယဝန်ကြီးချုပ်ဆာဒါဗာလဘိုင်ပတေး၊ တောင်အာဖရိက ဝန်ကြီးချုပ် ဂျင်နရယ်စမတ်၊ တရုပ်ပြည်လွတ်တော်ဥက္ကဋ္ဌကြီး ချန်ချန်း၊ တရုပ်ပြည်နိုင်ငံခြားရေးဝန်ကြီး ဝမ်းရှင်ချီ၊ ဖြိတိသျှအစိုးရနိုင်ငံခြားရေးဌာနဝန်ကြီး မစ္စတာဗယ်ဗင်၊ အမေရိကန်သမ္မတ မစ္စတာထရူးမင်း၊ ပါကစ္စတန်ဘုရင်ခံချုပ် မစ္စတာဂျင်းနား၊ အင်ဒိုနီးရှား နိုင်ငံတော်သမ္မတ ဒေါက်တာဆိုကာနို၊နယ်သာလင်နိုင်ငံ၊ အီရပ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ ဆောဒီအာရေဗျနိုင်ငံ၊ ထရန်ဂျော်ဒန်နိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ လီဗာနွန်နိုင်ငံအစရှိသော တိုင်းပြည်များကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိခဲ့သည့်အတွက် နှစ်ထောင်းအားရ ဖြစ်ကြောင်း ချစ်ကြည်ရေး သဝဏ်လွှာများ ပေးပို့ခဲ့ကြလေသည်။

• လွတ်လပ်ရေးရရှိသည်နှင့် တပြိုင်နက် အစိုးရအဖွဲ့သစ်သည် တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆောတလျင် စီမံကိန်းများချမှတ် လိုက်လေသည်။ အထူးသဖြင့် မြေယာစံနစ်တော်လှန်ရေး လုပ်ငန်းကြီးများနှင့် သစ်တောများကို ပြည်သူပိုင်ပြုလုပ်ရေး၊ ပြည်ထောင်စုဘဏ်ကြီးဖွင့်လှစ်ရေး၊ အလုပ်သမားလယ်သမားများ၏ ဘဝသစ်ဖန်တီးရေး စသော လုပ်ငန်းများကို နွေညမပြတ် ကြံစည်စိတ်ကူး၍ လုပ်ငန်းစဉ်များချမှတ်လျက်ရှိခဲ့လေသည်။ ၁၉၄၈ ခု ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်ကြီးကို ဌေးရင်း တကူဌေးဖြင့် စတင်ဖွင့်လှစ်ခဲ့၏။ နှစ်ပေါင်းများစွာဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ဖြိတိသျှအစိုးရက ပြန်လည်ပေးအပ်ခဲ့သည့် အထိမ်းအမှတ် သာဓကဘဝအဖြစ် ဖြိတိသျှအစိုးရသည် မြန်မာဘုရင် သီပေါမင်းတရားကြီး၏ သီဟာသနပလ္လင်တော်ကို လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ပေးအပ်ခဲ့လေသည်။ ထိုပလ္လင်တော်ဆက် အခမ်းအနားပွဲကြီးကို ၁၉၄၈ ခု မတ်လ ၁၂ ရက်နေ့တွင် နိုင်ငံ

ဆန်း၏ လှုံ့လှဲညဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းရမည်။

၅။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သားဟူသရွေ့ ကို ကြီးငယ်နီးဝေးမခြား တသွေးတသားတည်းပြု၍ နည်းမျှား နိမ့်မြင့်မရှိစေရ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုမှုခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာလိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤငါတို့၏ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးကျေညာလိုက်သောအခါ ကမ္ဘာတဝှန်းလုံးကပင် ဝမ်းမြောက်ဝမ်းသာ ပတ္ထနာပြုသော နှုတ်ခွန်းဆက် သံကြိုးစာများကို ရရှိခဲ့လေသည်။

ဖြိတိသျှဘုရင်မြတ် ဆဋ္ဌမဂျေ့ဘုရင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးထံသို့ အောက်ပါ သဝဏ်လွှာကို ပေးပို့ခဲ့၏။

"မြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးအသီးတို့၏ အကြား၌ မိမိနေရာကိုယူသည့် ဤရာဇဝင်တွင်အပ်သော နေ့တွင် ပြည်ထောင်စု နိုင်ငံတော်၏ စည်ပင်သာယာဝပြောရေးအတွက် ကျွန်ုပ်၏အထူးထက်သန်သော စေတနာမေတ္တာများ ပို့သလိုက်ပါကြောင်း။ လုံးဝတူညီ၍ လွတ်လပ်သောအခြေသစ်ပေါ် တွင် ကျွန်ုပ်တို့ လူမျိုးနှစ်ဦးအား မိတ်ဆွေအဖြစ်ဆက်သွယ်ထားသော ဂဟေအနှောင်အဖွဲ့ကို အမှန့်ရှည်စွာနှင့် ပိုမိုခိုင်မြဲစွာ ထားရှိနိုင်ပါစေဟု ကျွန်ုပ်က ဆုတောင်းပါကြောင်း။"

ဖြိတိသျှနန်းရင်းဝန်ကြီး မစ္စတာအက်တလီကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အောက်ပါ သဝဏ်လွှာကို ပေးပို့ခဲ့၏။

တော်သမ္မတကြီး၏ အိမ်တော်၌ ကျင်းပ၍ ဗြိတိသျှဘုရင်မင်းမြတ်၏ ကိုယ်စား အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လူဝီမောင့်ဗက်တန်ကိုယ်တိုင် လာရောက်၍ ပေးအပ်ခဲ့လေသည်။

လွတ်လပ်ရေးရလျှင်ရခြင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂ ဝင်နိုင်ငံတနိုင်ငံအဖြစ် ပါဝင်ရန်လျှောက်ထားခဲ့ရာ ၁၉၄၈ ခု၊ မတ်လ ၂၉ ရက်နေ့ အမေရိကန်နိုင်ငံ လိတ်ဇ်ဆပ်ဆက်မြို့တွင်ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအား ကုလသမဂ္ဂသို့ဝင်ခွင့်ပြုလိုက်လေသည်။ဝင်ခွင့်ရရှိရန်ထောက်ခံကြသော နိုင်ငံများမှာ ဗြိတိန်၊ ဆီးရီးယား၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဆိုဗီယက်ရုရှား၊ ဗယ်လ်ဂျီယံ၊ ယူကရိန်းနှင့် တရုပ်နိုင်ငံတို့ဖြစ်ကြ၏။ မြန်မာနိုင်ငံ၏ လျှောက်ထားချက်ကို မည်သည့်နိုင်ငံကမျှ ကန့်ကွက်ခြင်းမပြုသည်မှာ ထူးခြားမှတ်သားဖွယ် ကောင်းလေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ကမ္ဘာပေါ်တွင် အချုပ်အချာ အာဏာပိုင်နိုင်ငံတနိုင်ငံပေါ် ပေါက်၍ လာခဲ့လေသည်။ ထိုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုထောက်၍ဎင်း၊လွတ်လပ်ရေးမရမီက ဆောင်ရွက်ခဲ့သော ရွေတော်ပြေးလုပ်ငန်းများကို ထောက်၍ဎင်း အလွန်တရာ စည်းလုံးညီညွတ်ကြ၍ ပြည်ထောင်စု စိတ်ဓာတ်များ တဖွားဖွားပေါ် ပေါက်လျက်ရှိသော ပြည်ထောင်စုသားများ၏စိတ်အားထက်သန်မှုကို ထောက်၍ဎင်း၊ မြေပေါ်မြေအောက် သဘာဝပစ္စည်းများ သူမတူအောင် ကြွယ်ဝလှသည်ကိုထောက်၍ဎင်း ဤပြည်ထောင်စုနိုင်ငံသည် ရွှေမိုး၊ငွေမိုး ရွာသွန်းဖြိုးနိုင်သည့် ထူးမြတ်သော နိုင်ငံဖြစ်သည်ဟု အားလုံးကပင် ဝမ်းမြောက်ဝမ်းသာ လက်ပန်းပေါက်ခတ်ကြကုန်၏။ သို့ရာတွင် လွတ်လပ်ရေး ရရှိပြီးနောက် သုံးလမျှ မရှိသေးခင် ပြည်ထောင်စုအတွင်း၌ လက်နက်အားကိုး အဓမ္မဝါဒီများ ပေါ် ပေါက်လျက်လာလေရာ လွတ်လပ်ရေးသမိုင်း၏ သွေးစွန်းသော အပိုင်းများကို အတွဲ(၂)တွင် ဆက်လက်၍ ဖော်ပြမည်ဖြစ်သတည်း။

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF စာအုပ်များနှင့် ပတ်သက်၍
စုံစမ်းမေးမြန်းလိုလျှင်
nyeyadhamma@gmail.com သို့
ဆက်သွယ်နိုင်ပါသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာခရီး

ပထမပိုင်း

ဦးသန့်ရေးသည်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာခရီး

ပဌမပိုင်း

ရေးသူ - ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

အမှော်တိုက်ချုပ်အလင်းဆောင်ခွဲ
မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း